သာ၍ဝေးရာသိကိုပါ

သာ၍ဝေးရာဆီကိုပါ

လုံးချင်းဝတ္ထု

တက္ကသိုလ်ဘုန်းနိုင်

E-Books

ပုံနှိပ်မှတ်တမ်း

သာ၍ဝေးရာဆီကိုပါ တက္ကသိုလ်ဘုန်းနိုင်

တတိယအကြိမ်၊ ဇွန်၊ ၂၀၂၃ တန်ဖိုး • ၁၂၅၀၀ကျပ်

ထုတ်ဝေသူ • ကံကော်ဝတ်ရည်

E-Book Creator• Whispers of Words

© တက္ကသိုလ်ဘုန်းနိုင်မူပိုင်ဖြစ်ပါသည် (စာရေးသူခွင့်ပြုချက်မရှိပဲ-ဖြန့်ဝေခြင်း၊ ရောင်းချခြင်း၊ သွယ်ဝိုက်အကျိုးစီးပွားအတွက် အသုံးပြုခြင်း၊ ပုံနှိပ်ထုတ်ဝေခြင်းများ မပြုလုပ်ရ)

1. About Us
2. အခန်း [၁]
3. အခန်း [၂]
4. အခန်း [၃]
5. အခန်း [၄]
6. အခန်း [၅]
7. အခန်း [၆]
8. အခန်း [၇]
9. အခန်း [၈]
10. အခန်း [၉]
11. အခန်း [၁၀]
12. အခန်း [၁၁]
13. အခန်း [၁၂]
14. အခန်း [၁၃]
15. အခန်း [၁၄]
16. အခန်း [၁၅]
17. အခန်း [၁၆]
18. အခန်း [၁၇]
19. အခန်း [၁၈]
20. အခန်း [၁၉]
21. အခန်း [၂၀]
22. အခန်း [၂၁]
23. အခန်း [၂၂]
24. အခန်း [၂၃]
25. အခန်း [၂၄]
26. အခန်း [၂၅-ဇာတ်သိမ်း]

About Us

ကျွန်တော်တို့ အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက **E-BOOKS READER** အသုံးပြုသူများနှင့် **DIGITAL DEVICES** တွေမှာ စာဖတ်သူများအတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ်ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။

တိုးတက်လာသော နည်းပညာများအရ **E-BOOKS READER** အသုံးပြုသူများလည်း များပြားလာပြီဖြစ်သော်လည်း နိုင်ငံတွင်းမှာတော့ **E-BOOKS READER** အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန်အလွန် ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို **DIGITAL** နည်းဖြင့် ဖြန့်ဝေမှု လုံးဝ မရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့်ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်းဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက် လုံး၀(လုံး၀) အသုံးမပြုပါ။

"စာရေးဆရာများနှင့် စာပေထုတ်လုပ်ရေးများသို့ ပန်ကြားချက်"

စာပေထုတ်ဝေသူတို့ နှင့် ဆရာ၊ ဆရာမများအနေဖြင့် မြန်မာနိုင်ငံအတွင်းက **E-BOOKS MARKET** အတွက်ကိုလည်း ဖြည့်ဆည်းပေးနိုင်ရန် အကြံပြုလိုပါသည်။ **E-BOOKS DIGITAL MARKET** ဟာ မြန်မာနိုင်ငံမှာ ကြီးမားစွာရှိနေပါပြီ။ **DIGITAL**

PRODUCT ဖြစ်သည့် အတွက် ဆရာ၊ ဆရာမများအတွက်လည်း ပိုမိုအကျိုးများပါသည်။ ကျွန်ုပ်တို့ ယခုကဲ့သို့ မူပိုင်ခွင့်ချိုးဖောက်နေမှုများကို လည်း လိုအပ်ချက်အရဟု နားလည်ခွင့်လွှတ်ပေးပြီး စာချစ်သူ၊ စာဖတ်သူများဆီသို့ တစ်နည်းနည်းနှင့် ပို့ပေးနေသည်ဟု နားလည်ပေးကြပါရန် ပန်ကြားတောင်းဆိုအပ်ပါသည်။

"စာဖတ်သူများသို့ ပန်ကြားချက်"

စာဖတ်သူများသို့ ပန်ကြားလိုသည်မှာ **E-BOOK** ဖတ်ပြီးလို့ "ကြိုက်နှစ်သက်တယ်" စာရေးသူများအား "အသိမှတ်ပြုသင့်တယ်"လို့ ယူဆပြီး ဖတ်ပြီးသွားလျှင်တောင် လက်လှမ်းမှီပါက မူရင်းစာအုပ်ကို ဝယ်ယူအားပေးကြပါ။ စာအုပ်များဝယ်ယူမှု မရှိလျှင် မိမိကြိုက်သော ဆရာ၊ ဆရာမတို့ နောက်ထပ်နောက်ထပ်သော ဖန်တီးမှုတို့ ပြုလုပ်ရန် ခက်ခဲပါလိမ့်မည်။ ထိုအခါ စာချစ်သူ၊ စာဖတ်သူများနှင့် မြန်မာနိုင်ငံစာပေလောက အတွက် အနာဂတ်ကလေးငယ်များအတွက် များစွာ နစ်နာကြပါလိမ့်မည်။

ကျွန်တော်တို့ အဖွဲ့သားများဆိုလျှင်လည်း **(E-BOOK** ရှိလျှင်) **E-BOOK** များကို အဓိက ဖတ်ကြပါသည်။ ပြီးလျှင် စာရေးဆရာတို့အား "အသိမှတ်ပြုသောအားဖြင့်" တစ်ခုတည်းကို ရည်ရွယ်ပြီး စာအုပ် ဝယ်လိုက်တာတွေ များစွာရှိပါသည်။ ထို့ကြောင့် လက်လှမ်းမှီပါက မိမိကြိုက်နှစ်သက်သော ဆရာ၊ ဆရာမတို့၏ မူရင်းစာအုပ်များကို ဝယ်ယူအားပေးကြဖို့ တိုက်တွန်းပါသည်။

အခကြေးငွေဖြင့် ရောင်းချခြင်း မပြုရ

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

WHISPER of WORDS

အခန်း [၁]

မှောင်လိုက်သည့်မှာ မည်းနေ၏။ ပိန်းပိတ်အောင် မှောင်ပါသည့်လေ။ သည့်အမှောင်မျိုးကို မကြုံဖူးပါလား။ ရှေ့ကို ဘယ်ပုံတိုးရမည်နည်း။ ရှေ့တိုးလေ မှောင်လေ။ အမှောင်က ဆုံးပါတော့မည်လော။ အမှောင်ထဲမှာပင် နေလိုက်ရမည်လော။ အို... မဖြစ်သေး။ ကိုယ်က ပြေးရမည်။ ပြေးနေရသူ။ ပြေး... ပြေး...ပြေး...။ မှောင်ထဲမှာပင် ပြေး။ ဟိုး... အဝေးရောက်သည့်ထိ ပြေး။ ဩော်... ပြေးနိုင်မှ လွတ်မည်။

ဟိုး... အနောက်မှာ။ မှတ်မိသမျှ ဟိုးအနောက်မှာက တံတိုင်းကြီး။ ငြင်းပယ်သော တံတိုင်းကြီး။ ဖီလာဆီးသော တံတိုင်းကြီး။ ရက်စက် ညှိုးမှိုင်းသော တံတိုင်းကြီး။ သည့်တံတိုင်းကြီးကို ကြောက်ပါသည်။ သည့်တံတိုင်းကြီး အတွင်းက အခန်းကျဉ်းလေးကို ပိုကြောက်ပါသည်။

ကိုယ်တယောက်တည်း။ အခန်းကျဉ်းလေးတွင်းမှာ ကိုယ်တယောက်တည်း။ ဩော်... သည့်အခြေကျမှတော့ တယောက်တည်းပေါ့။ မှောင်ထဲက ဖယောင်းတိုင်မီးလေးလို ကိုယ်တယောက်တည်း။ ဖယောင်းတိုင်မီးလေး ငြိမ်းသွားတော့ အမှောင်ပဲပေါ့။ ပိန်းပိတ်အောင် မှောင်သည့် အမှောင်ပဲပေါ့။ ကိုယ့်ဘဝဆိုသည့် ဖယောင်းတိုင်မီးလေး ငြိမ်းသွားလျှင်ကော...။

ပြေး...ပြေး။ ပြေးနိုင်မှ လွတ်မည်။

မှောင်ထဲမှာ ပြေးရတော့ ခလုတ်တိုက်မိလေသလော။ အရှိန်သည် တုံ့ခနဲ တန့်သွားသည်။ ဦးခေါင်းကလည်း တစုံတရာနှင့် တိုက်မိသည်။

ထိတ်လန့်စွာဖြင့် မျက်လုံးများကို ဖွင့်လိုက်သောအခါ အလင်းရောင်တို့ စူးရှစွာ ဝင်လာသည်။

အပြန်အလှန် စကားပြောသံများလည်း ပေါ်လာ၏။

“ဘာဘူတာပါလိမ့်”

“ဒိုက်ပျက်လေ၊ ဟိုမှာ စာရေးထားသားပဲ”

“ဩော်... ဟုတ်ပါရဲ့ ဟသ်ာတနားနီးပြီလား”

“အဝေးကြီး လိုပါသေးတယ်၊ ကြားထဲမှာက ခမောက်စု၊ ယုန်သလင်း၊ နိဗ္ဗာန်၊ နတ်မော်၊ လေးဘူတာတောင် ကျန်သေးတယ်”

"လေးဘူတာတောင် ကျန်သေးသလား၊ သိပါဘူး၊ ကျွန်တော်က ဒီလမ်းမှာ တခါမှ မသွားဘူးသေးဘူး"

ကြည်လင်စွာ နိုးလာခဲ့ပြီဖြစ်သော သူက ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်သည်။

ဪ...ရထားတွဲတခုအပေါ်မှာပါကလား။ စောစောက ဦးခေါင်းနှင့် တိုက်မိသည်မှာ သစ်သားခုံတန်းနောက်မှီ ဖြစ်သည်။ ချိုစောင်းတဖတ်က အနည်းငယ်လေး နာနေသည်။

သူ့လက်တဖက်က နာသောနေရာဆီ ရောက်သွားသည်။ စေးထန်းထန်း အရာတို့ကို စမ်းမိသည်။ ပြန်ရုပ်ယူလိုက်သော လက်ဖျားတွင် သွေးစသွေးနများကို တွေ့ရသည်။

သည်ဒဏ်ရာက ကောင်းကောင်းမကျက်သေးပါလား။ မကျက်သေးဆို အင်း... အဲ...ဘယ်နှရက်ရှိပြီနည်း။

သူသည် မျက်မှောင်ကြုတ်လိုက်မိသည်။ မမှတ်မိ။ ဘယ်လိုကော ရလာသလဲ။ အင်း... အဲဒါလည်း ဒုက္ခ။ ထားတော့။ ယခု လွတ်လာခဲ့ပြီ မဟုတ်လော။ လွတ်လာရင် ပြီးရောပေါ့။ လွတ်အောင်ပြေးခဲ့ရသည်နောက်တော့ ဒဏ်ရာဆိုသည်က ရမည်။ မဆန်း။ ဘာမျှ မဆန်း။

ဘူတာတွင် ရထားက ခဏလေးသာဆိုက်ပြီး ပြန်ထွက်သည်။

ဘူတာလေးက သေးသေး။ ရွာလေးကလည်း သေးသေး။ တက်သူ ဆင်းသူဟူ၍လည်း များများစားစား မရှိ။

ထွက်စဖြစ်သောကြောင့် အရှိန်နှေးသောရထားက တလှုပ်လှုပ် တငြိမ့်ငြိမ့် နိုင်သည်။

သူသည် တွဲတွင်းရှိ ခရီးသည်များကို ကြည့်မိပြန်သည်။

စောစောက စကားပြောနေကြသူနှစ်ဦးက သူ့မျက်နှာချင်းဆိုင်ရှိခုံတွင် တွဲထိုင်နေကြသည်။

ယခုလည်း သူတို့ စကားပြောကြပြန်သည်။

"တွဲက လူချောင်တယ်နော်"

ယင်းမှတ်ချက်ကို ပေးသူက ခေါင်းတုံးဆံထောက်နှင့် အသက်သုံးဆယ်ခန့် ရှိသူတဦး ဖြစ်၏။ မိုးကာဖျင် ဂျာကင်အင်္ကျီကို ဝတ်ထားသည်။ သူ့အနီးတွင် နိုင်ငံခြားလေယာဥ်ကုမ္ပဏီတခု၏ တံဆိပ်အမှတ်အသားပါသော အပြာရောင် လက်ဆွဲသားရေအိတ်တခု ရှိနေသည်။

သူ့စကားပြောအဖော်ကား ပင်ညိုရောင် တိုက်ပုံအင်္ကျီ မန္တမ်းတန္တမ်းကို ဝတ်ထားသည်။ ဘိုကေမှာ နောက်ပါး ဘေးပါးဖြစ်ပြီး ဆံပင်နက်တွင် ဆံပင်ဖြူများ ရောနေ၏။

ထိုသူက စကားပြန်သည်။

“ခါတိုင်းတော့ ဒီလိုင်းလည်း လူကျပ်တာပဲပေါ့ဗျာ၊ အခုတော့ ရထားတွေမှာ စည်းကမ်းတွေ ပြန်ကိုင်နေတယ်၊ ပြီးတော့ ရန်ကုန်မှာက ညမထွက်ရအမိန့် ထုတ်ထားတယ် မဟုတ်လား၊ ညခြောက်နာရီမတိုင်ခင် ရန်ကုန်ဝင်နိုင်အောင် ရထားက အချိန်ပြောင်းပြီး မနက်လေးနာရီ ပုသိမ်ကထွက်တော့ လူချောင်တာပေါ့”

မျက်နှာချင်းဆိုင်မှ တဦးတည်းသော သူ့အတွက်လည်း ပြဿနာတခုက ရှင်းသွား၏။

မှောင်နှင့်မည်းမည်း။ ဟုတ်သည်။ ထွက်လာတော့ မှောင်နှင့်မည်းမည်း။ နံနက်လေးနာရီဆိုတော့ မှောင်နှင့်မည်းမည်း ရှိသေးသည်ပေါ့။

ဘယ်အချိန်က ရထားထွက်လိုက်သည်ကိုပင် သတိမပြုမိ။ အိပ်ပျော်လိုက်လာတော့ အိပ်မက်တွေ ဘာတွေ မက်သည်ပေါ့။ အိပ်မက်တွင်းမှာလည်း မှောင်နှင့်မည်းမည်း။ မှောင်ကြီးထဲတွင် ခရီးသွားရခြင်း။ အင်း…အဟင်း…ဒါပေမယ့် တံတိုင်းကြီးရယ်၊ အခန်းကျဉ်းလေးရယ်၊ အဲဒါတွေက အိပ်မက်မဟုတ်ပါ။ အိပ်မက်ထဲမှာတော့ ပါတယ်လေ။ ဒါပေမယ့် အိပ်မက် မဟုတ်ပါ။ မဟုတ်ပါ။

သူ့လက်က ဦးခေါင်းမှ ဒဏ်ရာဆီ ပြန်ရောက်သွားသည်။ သွေးစိုစိုထိုင်းထိုင်းကို စမ်းမိပြန်၏။

သည်တကြိမ်တော့ ဒဏ်ရာအကြောင်း ဆက်မစဉ်းစားပဲ ခရီးသည်များကို တဦးချင်း လိုက်ကြည့်သည်။

ဘယ်ဘက်ခုံတန်းမှာက လူငယ်နှစ်ဦး။ ဆံပင်များက နီကြောင်ကြောင်နှင့် ကုပ်ကျော်အောင် ရှည်သည်။ ဘောင်းဘီတွေက ကျပ်သည်။ ခြေမျက်စိလောက်ကျတော့ အဝတွေက ကားနေပြန်သည်။ လက်ပတ်နာရီကြီးတွေကတော့ ပြူးတူးပြဲတဲ။ ဒိုင်ခွက်ကလည်း အရောင်စုံပါတကား။

ကျန်ခရီးသည်များကတော့ သူလို ငါလို။ ယောက်ျားတွေရော၊ မိန်းမတွေပါ သူလို ငါလို။ အထုပ်တွေလည်း ပါသည်။ တောင်းတွေလည်း ပါသည်။ ခြင်းတွေလည်း ပါသည်။

မလှမ်းမကမ်းတွင်တော့ အဘိုးကြီးတဦးက ရပ်နေသည်။ အရပ်ကြီးက ရှည်ပြီး ခါးက ကိုင်းနေ၏။ ဖျင်ကြမ်းတိုက်ပုံအောက်မှာ ဘာမျှမရှိ။ ရင်ဘတ်မှ အရိုးတို့ ပေါ်နေသည်။ ဝါးခမောက်အောက်၌ ပေါ်နေသော မျက်နှာက မေးရိုးသည် ခိုင်နေပြီ လေးထောင့်ပုံကျသည်။ သို့ရာတွင် ပါးများက ချိုင့်ဝင်နေပြီး မျက်လုံးများက ဖြူဖြူမွဲမွဲနိုင်လှသည်။

အဘိုးကြီးသည် ခုံတန်းနောက်မှီစောင်းကို ကိုယ်တခြမ်းနှင့် မှီထားသည်။ ခေါင်းပိတ် ဝါးတောင်ဝှေးတခုကိုလည်း လက်နှစ်ဖက်ဖြင့်ကိုင်ကာ အားယူထောက်ထား၏။

လက်ဖျား၌ စေးထန်းထန်းကပ်နေသော သွေးတို့ကို အမှတ်မထင်

လက်မနှင့်ပွတ်ရင်း သူက စဉ်းစားသည်။

အဘိုးကြီးသည် ဘာကြောင့်မထိုင်ပါသနည်း။ အိုကြီးအိုမ သည်အဘိုးကြီးကို ဘယ်သူကမှ ထိုင်မခိုင်းတော့ဘူးလား။

သူက သူထိုင်နေသည်ကို ပြန်ကြည့်မိ၏။

နှစ်ယောက်ထိုင်ခုံတွင် သူတယောက်တည်း။ သည်ထိုင်ခုံပေါ်မှာ စောစောက သူဇိမ်နှင့် ကွေးအိပ်လာဟန်တူသည်။ ယခုလည်း ခြေကို မကွေးတကွေး တင်ထားပြီး ပြတင်းနံရံနှင့် နောက်မှီထောင့်မှာ ကိုယ်ကို အလိုက်သင့် မှေးထားသည်။ တယ်တော့ ဇိမ်မကျလှ။ နေရာကို ဗိုလ်ကျအပိုယူထားသည်နှင့် တူနေ၏။

သူက နေရာကို ပြင်ထိုင်လိုက်သည်။ သူ့ဘေးတွင် လူတယောက်စာ လွတ်သွားသည်။ သူက အဘိုးကြီးကို လှမ်းကြည့်ပြီး အမူအရာဖြင့် ဖိတ်ခေါ်၏။

တုန်ချည့်ချည့်ဖြင့် အဘိုးကြီးက လျှောက်လာပြီး သူ့ဘေးတွင် ဝင်ထိုင်၏။

“သာဓု...သာဓု၊ ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ”

အဘိုးကြီးက ထိုင်အပြီး၌ ဆုပေးသောအခါ ဆံရှည်ကောင်လေးနှစ်ဦးက ပြုံးစိစိဖြင့် လှမ်းကြည့်ကြ၏။

အဘိုးကြီးပေးသောဆုကို သူက စဉ်းစားသည်။

ဘုန်းကြီးပါစေ။ အင်း...အဟင်း...သည်အခြေနှင့် သည်ဘဝမှာ ဘုန်းကြီးဖို့က ဘာဆိုင်သနည်း။ အသက်တော့ ရှည်လိုသည်။ အသက်ရှည်ဖို့သည်သာ ဘဝ၏ တခုတည်းသော ဦးတည်ချက်ဖြစ်ခဲ့ပြီ မဟုတ်ပါလော။ ဘဝဆိုတာကလည်း မှောင်ထဲက ဖယောင်းတိုင်မီးကလေး။ အဲဒီမီးကလေး မငြိမ်းဖို့၊ ဝူးခနဲမှုတ်လိုက်လို့ ငြိမ်းသွားသလို မငြိမ်းဖို့။

သည်တော့...ပြေး။ လွတ်အောင် ပြေး။

အဘိုးကြီးက တိုးတိုးညင်ညင် မေး၏။

“ဘယ်သွားမှာလဲ”

“ခင်ဗျာ”

“ဘယ်ထိအောင်သွားမှာလဲ”

“အဲ...အင်း...ပုသိမ်ကလာတာ”

သူ့အဖြေက အမြီးအမောက်မတည့်။ ဖြေပြီးမှ အမြီးအမောက်မတည့်သည်ကိုလည်း သူသတိပြုမိသည်။ သို့ရာတွင် မတတ်နိုင်။ အခြားဖြေစရာလည်း မရှိပြီ။

အဘိုးကြီးက သူ့ကို တချက်စိုက်ကြည့်သည်။ သို့ရာတွင်

သည့်မျက်လုံးများအတွင်း၌ အထူးတလည် စူးစမ်းမှုကို မတွေ့ရ။ အရာရာကို လျစ်လျူရှုနိုင်သည့် မျက်လုံးမျိုးဖြစ်သည်။ သို့မဟုတ် အရာရာကို လျစ်လျူရှုရန် အလေ့ရနေသော မျက်လုံးမျိုး ဖြစ်ဟန်တူသည်။ သြော်...သည့်အရွယ်ကျမှ အရာရာကို လျစ်လျူရှုနိုင်ပြီပေ့ါ။ နေဝင်ချိန်ရောက်နေသောဘဝမှာ ဘာတွေကကော စိတ်ဝင်စားဖွယ် ရှိပါတော့မည်နည်း။

မျက်လုံးလွှဲသွားပြီးနောက် အဘိုးကြီးသည် ဘာစကားမျှ ထပ်မပြောတော့။ ရထားတွဲကြမ်းပြင်ဆီ စူးစိုက်ကြည့်ရင်း ဦးခေါင်း တုန်တုန်ယင်ယင်နှင့် ဆက်လိုက်ပါလာသည်။

မျက်နှာချင်းဆိုင်မှ လူနှစ်ဦး၏ မျက်လုံးနှစ်စုံသည် သူ့ထံစိုက်လျက်ရှိမှန်း သူ သတိပြုမိသည်။

သူတို့၏ မျက်လုံးများကို ရင်မဆိုင်ဘဲ မျက်နှာလွှဲလျက် သူက အပြင်သို့ ငေးကြည့်လိုက်လာသည်။

သူ့လက်တဖက်က သူ့မေးကို ပြန်စမ်းမိသည်။ အမွေးအမှင်တို့က ကြမ်းတမ်းစူးရှနေသည်။ ဘယ်လောက်များ ရှည်နေကြပြီနည်း မသိ။ သြော်... သူ့ရုပ်သည်လည်း ဘယ်အသွင်ပေါက်နေလေပြီ မသိ။ ရှိစေတော့။ ကောင်းပင် ကောင်းလိမ့်ဦးမည်ထင်သည်။ အင်း...ထင်သည်။

ပြတင်းမှ မြင်ရသော ရှုခင်းက ကျယ်လွင်သည်။ ရိတ်သိမ်းပြီးစ လယ်ကွင်းများမှာ ရိုးပြတ်ဝါဝါတို့ ကျန်နေသည်။ လယ်ကွင်းအများကတော့ မရိတ်သိမ်းရသေး။ မရိတ်သိမ်းသည့်ထားဦး၊ မြစိမ်းရောင်ပင် မပျောက်တတ်သေး။ မြစိမ်းနှင့် ရွှေဝါရောင်သည် ရောယှက်နေသည်။ ရွှေတရိပ်...မြတရိပ်။ လှဲ့လှဲ့ထွန်းထွန်း လှပင် လှသေးတော့သည်။

လယ်ကွင်းတို့မှာ လူတွေလည်း အသင့်အတင့်စည်နေသည်။ ဖုန်တထောင်းထောင်းနှင့် မောင်းသွားသော လှည်းတစီးစ နှစ်စီးစကိုလည်း မကြာခဏ တွေ့ရသည်။ သစ်ပင်ရိပ်အောက်တွင် တလင်းဝိုင်းလေးများကိုလည်း ဟိုတကွက်... သည်တကွက် တွေ့ရ၏။

စပါးရိတ်သူက ရိတ်၊ ကောက်လှိုင်းသယ်သူက သယ်၊ စပါးနယ်သူက နယ်၊ လယ်ကွင်းများတလျှောက်တွင် လူတွေက အလုပ်များနေကြသည်။ ပျော်နေရွှင်နေကြဟန်လည်း တူသည်။ သြော်...အနီးမှာဆိုလျှင် တေးသံများကိုပင် ကြားရလိမ့်မည် ထင်၏။

သူသည် ရထားပေါ်မှ ခုန်ဆင်းချင်စိတ် ပေါက်လာသည်။

ရထားတွဲတွင်းမှာက စိတ်ကျဉ်းကျပ်ဖွယ်ရှိသည်။ ကျယ်ပြောသော လယ်တောဆီမှာဆိုလျှင် အဘယ်မျှ စိတ်လွတ်လပ်မည်နည်း။ သွားချင်ရာသွား၊ လျှောက်ချင်ရာလျှောက်။ အတားအဆီးက ဘယ်မှာရှိမည်နည်း။ ခရီးဆုံး ဆိုသည်ကလည်း ဘယ်ဆီမှာပါနည်း။

သည့်ရထားကတော့ တနေရာတွင် ခရီးဆုံးပြီး ဆိုက်နားလိမ့်မည်။ ဘယ်မှာဆိုက်နားမည်ပါလိမ့်။ သြော်...သြော်...ဟသာတ။ စောစောက ရှေ့မှ

လူနှစ်ယောက် ပြောကြသော စကားတွင်ပါသည်။ ကြားမှာ လေးဘူတာပြီးလျှင် ဟသ်ာတ။ ဟသ်ာတဆိုတော့ မြို့ကြီးပြကြီး။ မြို့ကြီးပြကြီးဆိုတော့ ကြောက်စရာ။ မိမိက မြို့ကြီးပြကြီးဆီ ဘာကြောင့်သွားရမည်နည်း။

ရထားအရှိန်သည် တဖြည်းဖြည်း နှေးသွား၏။ ဘရိတ်များ တကျွီကျွီအော်သံလည်း ထွက်လာ၏။ မကြာမီ ရထားသည် ထိုးရပ်သွား၏။

ရှေ့ခုံတန်းမှ ပင်နီရောင် တိုက်ပုံနှင့်လူက ပြတင်းမှ ခေါင်းထုတ်ကြည့်ပြီး ဆို၏။

"ခမောက်စု"

ဂျာကင်အင်္ကျီနှင့် လူကလည်း လိုက်ကြည့်ပြီးမှ မေး၏။

"ဘူတာလည်း မတွေ့ရပါလား"

"ဘူတာမရောက်သေးဘူး၊ ဘူတာက ဟိုရှေ့နားမှာလေ"

"ဪ...ဟုတ်ပြီ၊ ဟုတ်ပြီ၊ တွေ့ရပြီ၊ အံမယ်...ဟိုဟာ...ကားလမ်းမဟုတ်လား၊ ရေကြည်က ထွက်ကတည်းက ပျောက်သွားတဲ့ကားလမ်း ဒီမှာ လာဆုံတယ်နော်"

ပင်နီအင်္ကျီနှင့်လူက အသာအယာရယ်၏။

"အဲဒါက ရေကြည်ကလာတဲ့လမ်း မဟုတ်ဘူး၊ ဟိုး...နိဗ္ဗာန်ကနေ ခွဲထွက်လာတဲ့လမ်း၊ အိုင်သပြေဘက်ကို သွားတာ၊ လေးမျက်နှာ သွားချင်ရင် ဒီဘက်ကနေ သွားရတယ်"

"ဪ...ဒီလမ်းက လေးမျက်နှာထိ ပေါက်တယ်ပေါ့"

"ဟင့်အင်း...၊ အိုင်သပြေတင်၊ အိုင်သပြေက ဝေန်မြစ် ဒီဘက်ကမ်းမှာ၊ လေးမျက်နှာက မြစ်အထက် ဟိုဘက်ကမ်းမှာ၊ မော်တော်နဲ့ကို ပျင်းလောက်အောင် ဆန်တက်ရသေးတယ်၊ ရောဝတီတိုင်းရဲ့ မဲဇာပေါ့ဗျာ"

"ဘယ်လို...ရောဝတီတိုင်းရဲ့ မဲဇာ ဟုတ်လား"

"ဟုတ်တယ်၊ လေးမျက်နှာမှာ မူလတန်းပြ ဆရာအဖြစ်နဲ့ ကျွန်တော် နှစ်နှစ်လောက် နေဖူးတယ်၊ ဒီတိုင်းမှာတော့ ချောင်အကျဆုံးနဲ့ အစွန်အကျဆုံးမြို့ပေါ့ဗျာ၊ ဟိုဘက်မှာက ရခိုင်ရိုးမကြီးပဲ ကျန်တော့တာ၊ သွားရေးလာရေးကလည်း သိပ်ခက်တယ်၊ အဲဒီရောက်တဲ့ အစိုးရဝန်းထမ်းတွေကတော့ မဲဇာ အပို့ခံရတယ်လို့ ပြောကြတာပဲ"

ရှေ့ထိုင်ခုံမှသူက ယင်းစကားတို့ကို သေချာစွာ နားထောင်နေသည်။

ချောင်အကျဆုံးနဲ့ အစွန်အကျဆုံးမြို့။ သွားရေးလာရေး ခက်သည်။ မဲဇာ။

မဲဇာ...။

သည့်စကားရပ်က သူ့နားတွင် အထပ်ထပ်မြည်လာနေသည်။

ဂျာကင်အင်္ကျီနှင့် လူက မေးသည်။

“ဒါထက်...ရထားက ဘာလို့ရပ်နေတာလဲ”

“သိဘူးလေ”

သို့ရာတွင် တယောက်တပေါက် ပြောကြသံများ ပေါ်လာ၏။

“လက်မှတ်စစ်တာတဲ့၊ လက်မှတ်စစ်တာ”

တွဲတွင်းရှိလူများ လှုပ်လှုပ်ရွရွ ဖြစ်ကုန်သည်။ အချို့က တဦးမျက်နှာတဦး ကြည့်ကြသည်။ အချို့က တွဲပေါ်ကဆင်းပြီး မြေပြင်မှာ ဂွကြန္တြေမပျက် ရပ်နေကြ၏။

သူက တုန်လှုပ်သွား၏။ သူ့လက်တဖက်က အင်္ကျီအိတ်ဆီ မသိမသာ ရောက်သွားသည်။ သူ့နှလုံးခုန်နေသည်ကို သူပြန်စမ်းမိ၏။

သူသည် မယောင်မလည်နှင့် နေရာမှထပြီး တွဲပေါ်က ဆင်းလိုက်၏။

မမျှော်လင့်ဘဲ ခရီးက ဆုံးပြီ။ သည်တော့ ဘယ်ကို သွားမည်နည်း။

ခပ်လှမ်းလှမ်းတွင်ရှိသော ဘူတာရုံဆီ သူက လျှောက်လာခဲ့၏။

ဘူတာသို့ ရောက်ရန် အတန်လျှောက်ရသည်။

ဘူတာဆီရောက်မှ သူက ရပ်လိုက်သည်။

ဘာလုပ်ရမည်နည်း။ ဒီနေရာက စောင့်လျှင် မကြာမီတော့ ရထားကြီး ဝင်လာမည်။ အဲသည်တော့မှ တွဲပေါ်ပြန်တက်။ ပြီးတော့...

အင်း...ပြီးတော့...ဘယ်ကို လိုက်ရမည်နည်း။ ဟသ်ာတကိုလား။ ဟသ်ာတကို ဘာကြောင့်လိုက်မည်နည်း။ ဟသ်ာတဆိုတာက မြို့ကြီးပြကြီး။

သူသည် ရထားဆိုက်ထားရာဆီ ပြန်ကြည့်၏။

လူတအုပ်သည် ရထားဆီမှ ဘူတာဘက် လျှောက်လာနေကြသည်။ လူအုပ်ကြားတွင် လက်မှတ်စစ်အဝတ်အစားကို ဝတ်ထားသူတွေလည်း ပါ၏။ ပြည်သူ့ရဲတွေလည်း ပါ၏။

သူသည် တုန်လှုပ်ခြောက်ခြားသွား၏။

ပြည်သူ့ရဲတွေ...။ ဘုရား...ဘုရား။ ကံကောင်းလို့ပါတကား။

သူသည် မလုံသောစိတ်ဖြင့် ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်သည်။

သေးငယ်သော တောဘူတာရုံလေးရှေ့တွင် ခရီးသည် အနည်းအကျဉ်းရှိသည်။ သို့ရာတွင် မည်သူကမျှ သူ့ကို ဂရုစိုက် မကြည့်ကြ။

အားလုံးသည် ဟိုမှလာနေသော လူအုပ်ဆီ၌သာ အာရုံစိုက်နေကြဟန်တူသည်။ သို့မဟုတ် လမ်းခုလတ်၌ ဆိုက်နားထားသော ရထားကြီး အသက်ဝင်လှုပ်ရှား ဆိုက်ရောက်လာမည်ကို မျှော်နေကြဟန်တူသည်။

သူသည် ဘူတာဝင်းအပြင်သို့ ထွက်လိုက်ပြီး ကုက္ကိုပင်ကြီးတပင်၏ အောက်၌ သွားရပ်သည်။

မလှမ်းမကမ်းမှာက ကားလမ်းဖြစ်သည်။ သည်ကားလမ်းက ဘယ်ဆီပြေးမည်နည်း။ နိဗ္ဗာန်ဘက်ကိုလား၊ အိုင်သပြေဘက်ကိုလား။

ကားလမ်းစောင်းတွင် သံပုံးသဏ္ဌာန် လေးထောင့်ကိုယ်ထည်နှင့် ဘတ်စ်ကားအိုကြီးတစီးက ဆိုက်ထား၏။ သည်ဘတ်စ်ကားကြီးကကော ဘယ်ကိုသွားမည်နည်း။

ဘူတာတွင်းသို့ ရထားကြီး ဝင်လာသံကို ကြားရသည်။ မကြာမီ ခရီးသည်အချို့ ဘူတာမှ ထွက်လာကြသည်။

ဘတ်စ်ကားဆီမှ စပယ်ယာက လူခေါ်သည်။

“အိုင်သပြေကို...အိုင်သပြေကို”

ခရီးသည်တို့က ဘတ်စ်ကားပေါ် တက်ကြ၏။

ဝေခွဲမရသောစိတ်ဖြင့် သူက ဘတ်စ်ကားကြီးကို ငေးကြည့်နေသည်။

အဲသည်ဘတ်စ်ကားကြီးနှင့် အိုင်သပြေ ဆိုသည်ထိ လိုက်သွားရလျှင်ကော။ အိုင်သပြေရောက်တော့ ဘာဆက်လုပ်မည်နည်း။

လေးမျက်နှာ။ လေးမျက်နှာ၊ သည်မြို့၏အမည်က နား၌ ပြန်ပေါ်လာ၏။ အိုင်သပြေကနေ မြစ်ကိုဆန်တက်တော့ လေးမျက်နှာ။ ချောင်ကျသော လေးမျက်နှာ၊ အစွန်းကျသော လေးမျက်နှာ။ မဲဇာ။

နောက်ထပ်ခရီးသည် မပေါ်လာတော့သည့် အဆုံးတွင် ဘတ်စ်ကားကြီးက စတင်ရုန်းကန်လှုပ်ရှားသည်။

သည်တော့မှ သူက ကုက္ကိုပင်ရိပ်မှ အပြေးလေး ထွက်လိုက်ပြီး ဘတ်စ်ကားပေါ် ခုန်တက်လိုက်၏။

ကားလမ်းက ထင်သလောက်မဆိုး။ ကတ္တရာထူထူနှင့် ချောပြောင်နေ၏။ လမ်းက ကျဉ်းသည်သာရှိသည်။ ကားနှစ်စီးဆုံသောအခါ အသည်းယားဖွယ်ရှိသည်။ သို့ရာတွင် ကားချင်း မကြာခဏ မဆုံ။ ကားသွားကားလာ နည်းသည်။

ကားလမ်းသည် ပြန့်ပြောသောမြေပြင်ကို ဖြတ်ပြေးနေသည်။ ဝဲယာတဖက်တချက်တွင် ရိတ်သိမ်းပြီးစ လယ်များကို တွေ့ရ၏။ တောစုတောတန်းလေးများကလည်း မကြာခဏ ပေါ်လာသည်။

နံနက် ကိုးနာရီကျော်ခန့်ရှိပြီ ဖြစ်သောကြောင့် နေသည် အတန်မြင့်လာပြီး နေဝန်းကို ကား၏ အနောက်မှာ တွေ့ရသည်။ သြော်...ကားသည် အနောက်ဘက်ဆီ ယေဘုယျ ဦးတည်မောင်းနေဟန်တကား။

သူက မော်တော်ကားကြီး ဦးတည်မောင်းရာဆီ လှမ်းမျှော်ငေးကြည့်သည်။

ဟိုးအဝေးဆီမှာ တောင်တန်းပြာပြာကို လှမ်းမြင်ရသည်။

ရခိုင်ရိုးမ။ ရခိုင်ရိုးမပင် ဖြစ်ရမည်။ ရခိုင်ရိုးမဟူသည် တောင်တို့ကမြင့်၍ တောတို့က နက်သည်။ သည်လိုပင် သူမှတ်မိသည်။ သို့ရာတွင် သည်ကနေကြည့်တော့ စိမ်းစိမ်းပြာပြာ ဝေဝေရီရီနှင့် အမြင်အငေးချမ်း၍ လှပင်လှလေသေးတော့သည်။

သြော်...သည်ပတ်ဝန်းကျင်ကပင် လှသည့်ထင်၏။ နေမြင့်လာသော်လည်း နှင်း၏အရိပ်အငွေ့များကို ပြာပြာဝေဝေ တွေ့နိုင်သေးသည်။ တိုးဝင်လာနေသော လေတွင် ဆောင်း၏ အအေးဓါတ်က ပါနေသည်။

မကြာခဏ ကားလမ်းနှင့် ကပ်ပါလာသော တောတန်းငယ်တို့၏ သစ်ပင်တို့ထက်ဝယ် နွယ်တက်နေသော သပွတ်ပင်တို့ကို တွေ့ရသည်။ သပွတ်တို့က ပွင့်နေသည်။ ဝါဝါဝင်းဝင်း ပွင့်နေသည်။

သူ့စိတ်က လန်းဆန်းလာသည်။ လွတ်လည်း လွတ်လပ်လာသည်။ ဆူညံရှုပ်ထွေးသော မြို့ကြီးပြကြီးများမှ ဝေးရာဆီ ရှေးရှုနေကြောင်း ခံစားသိလာသည်။

တဖြည်းဖြည်းနှင့် တောင်တန်းပြာကြီးများသည် ရှုခင်းမှ မြုပ်နစ်ပျောက်ကွယ်သွားသည်။ သစ်ပင်တောစုနှင့် အိမ်ခြေရာခြေများကို လှမ်းမြင်ရသည်။

ကားသည် သံဆူးကြိုးဝိုင်းထားသော စစ်တပ်နယ်မြေကြီးတခုကို လက်ယာဘက်၌ထား၍ ကျော်ဖြတ်လာ၏။

သူက မျက်မှောင် မသိမသာတွန့်ပြီး တပ်ဝင်းကြီးကို ကြည့်သည်။

ဆိုင်းဘုတ်တွင် ရေးထားချက်အရ တပ်မကြီး-၈၈ လက်အောက်ခံ တပ်ရင်းတရင်းဖြစ်ကြောင်း သိရသည်။

သူသည် အနည်းငယ် အံ့ဩသွားသည်။ ရင်လည်း အနည်းငယ် ခုန်မိသည်။ ခေါင်သည်ဟု ဆိုသောနေရာတွင် စစ်တပ်ကြီးတခု ရှိနေသည်တကား။

ကားသည် အတန်ကြာ ဆက်သွားပြီးမှ မြို့ငယ်တခုအတွင်း စတင်ဝင်သည်။

မကြာမီ ကားသည် ထိုးရပ်သွား၏။ လမ်းကလည်း ရုတ်တရက် အဆုံးသတ်သွားသည်။ အိုင်သပြေကို ရောက်ပြီတည်း။

ကားလမ်းဆုံးသည် မြစ်ကမ်းပါးကြီးဖြစ်ကြောင်း ချက်ချင်း သူသိသည်။

မြစ်ကမ်းပါးတွင် သွားရပ်သော သူသည် ရှုခင်းကို ရင်သပ်မိတော့မည်တမျှ

ငေးမောအံ့သြမိသည်။

မြစ်သည် သာမန်မြစ်နှင့် မတူ။ ကမ္ဘာမြေပြင်ကို နှစ်ခြမ်းခွဲထားသော ချောက်ကြီးနှင့် တူသည်။

ဟိုးဘက်ကမ်းမှာလည်း ထင်ရှားမြင့်မားသော ကမ်းပါးကြီး။ သည်ဘက်ကမ်းမှာလည်း နက်စောက်မြင့်ခေါင်သော ကမ်းပါးကြီး။

ကမ်းထက်မှနေ၍ မြစ်ရေကို လှမ်းကြည့်ရသည်မှာ တောင်ထိပ်မှနေ၍ တောင်ခြေရှိ မြစ်ငယ်တခုကို ငုံ့ကြည့်ရသည်နှင့် တူလှသည်။

ကမ်းပါးကြီးနှစ်ခုကြား အောက်အနိမ့်ရှိမြစ်သည် ကျဉ်းသယောင် ရှိသည်။ မြစ်ရေသည် ကြည်လင်စိမ်းမြ၍ ငြိမ်သက်သယောင်လည်း ရှိသည်။ မောပန်းနွမ်းနယ်သူကို ဖိတ်ခေါ်နေသယောင်လည်း ရှိ၏။

သူသည် ကားလမ်းကို ပြန်ကြည့်၏။ ကားလမ်းက တုံးတိကြီး ပြတ်နေသည်။ နှုတ်ဆက်သယောင်လည်း ဖြစ်နေသည်။ တစုံတရာသဘောနှင့် ဆက်နွယ်ခဲ့သော သက်ခင်သည် အဆုံးသတ် ငြိမ်းချုပ်သွားသယောင်လည်း ရှိသည်။

သက်ပြင်းရှိုက်လိုက်ပြီး သူက အောက်ဆီသို့ တချိုင့်ကြည့်ပြန်သည်။

ဟိုးအနိမ့်ထဲရှိ ရေစပ်မှာ လှေငယ်လေးများလည်း ရှိသည်။ မော်တော်လေးများလည်း ရှိ၏။

ခရီးသည်အချို့သည် ကွေ့ကောက်သော လမ်းအတိုင်း ချောက်ကမ်းပါးကြီးအောက်ခြေသို့ ဆင်းနေကြသည်။

စိတ်ဒုန်းဒုန်းချပြီး သူပါ လိုက်ဆင်း၏။

'ရွှေဟင်္သာ'ဟု အမည်ရေးထားသော မော်တော် သို့မဟုတ် စက်တပ်ထားသော လှေလေးပေါ်သို့ ခရီးသည်တို့ တက်နေကြသည်။

သူလည်း ဘာမျှမမေးစမ်းတော့ဘဲ မော်တော်လေးပေါ်သို့ တက်လိုက်၏။

သူငယ်တဦးက မော်တော်ကို စက်နှိုးသောအခါ စက်ကို သူက သေသေချာချာ ကြည့်မိ၏။

စက်မှာက 'ကူဗိုတာ'ဟု ရေးထားသည်။

သူက မျက်မှောင်ကြုတ်၍ စဉ်းစားသည်။ ကူဗိုတာ...ကူဗိုတာ။ သည်အမည်ကို ကြားဖူးသည်။ ဘာပါလိမ့်။ ဪ...ရေစုပ်စက်။ ရေစုပ်စက်သည် မော်တော်စက်လည်း ဖြစ်လေသည်တကား။

မော်တော်က စထွက်၏။ သည်တော့မှ ရှေ့နောက်ကို သူကြည့်သည်။

သူခွါခဲ့သော ကမ်းပါးကြီးက အောက်ကနေကြည့်မှ ပိုမြင့်နေသည်။ မှိုင်းမှိုင်းညိုညိုလည်း ရှိသည်။

ဟိုးရှေ့ဆီမှာကား မြစ်ရေက စိမ်းမြကြည်လင်နေသည်။ တဖက်တချက်ရှိ ကမ်းပါးကြီးများက ကမ်းပါးဖြူကြီးများ ဖြစ်ကြသည်။ အချို့နေရာတွင် ကမ်းပါးက ဆင်ခြေလျှောကဲ့သို့ပြေပြီး စိုက်ခင်းများရှိသည်။ ဘာပင်တွေမှန်းတော့ မသိ။ သဲမြေဖြူဖြူမှ မြပင်ပုပုလေးများ။

ခရီးဆုံးကိုတော့ သူ လှမ်းမမြင်။ မဆုံးနိုင်သောမြစ်ရေ၊ မဆုံးနိုင်သော ကမ်းပါးဖြူများ။

သူသည် ထိတ်လန့်သယောင်ဖြစ်ပြီး သူ့ကိုယ်သူ မသိမသာ ပြန်စမ်းကြည့်မိ၏။

အကယ်ပင် ခရီးသွားနေသည်လော။ ဘဝပင် ကူးနေသည်လော။

ဘဝကူးသည် ဆိုသည်မှာ ကမ်းတဖက်မှခွာပြီး အခြားကမ်းတဖက်ဆီ သွားရသည်ဟု ငယ်ငယ်က ကြားဖူးသည်။ သြော်...ကူးသည့်အခါမှာလည်း ကူးတို့လေးနှင့် ကူးရသည်ဆို၏။

မိမိသည် ဘဝကူးနေသည်လော။

သူသည် နောက်သို့ ပြန်ကြည့်ပြန်သည်။

ကမ်းပါးကြီးက ညိုမှိုင်းနေသည်။ အဲသည်ထိပ်မှာက မမြင်ရတော့ပြီဖြစ်သော တုံးတုံးတိတိ ပြတ်နေသောလမ်း။ အဲသည့်ရဲ့နောက် ဟိုမှာဘက် ဟိုး...အဝေးမှာက မှိုင်းညိုသော တံတိုင်းကြီး။ ပြီးတော့ ကြောက်မက်ဖွယ် အခန်းကျဉ်းကလေး။

သူသည် မျက်စိများကို ပိတ်ထားလိုက်၏။

မော်တော်စက်သံက သူ့နားထဲတွင် မှန်မှန်လေး ပေါ်လာနေသည်။

သူ့ရင်ခုန်နှုန်းက မော်တော်စက်သံကဲ့သို့ မှန်ကန်တည်ငြိမ်လာမှ မျက်လုံးများကို သူ ပြန်ဖွင့်လိုက်သည်။

ရှေ့ဆီမှာ ကမ်းပါးဖြူကြီးများက လှမြဲလှနေသည်။ မြင့်မြဲမြင့်နေသည်။ ဝိုက်ကွေ့သောမြစ်သည် လူသူဝေးရာတနေရာရာဆီ ရှေးရှုဝင်သွားသယောင် ရှိသည်။

အဲသည်ဆီမှာတော့ လှပခြင်း၊ အဲသည်ဆီမှာတော့ သာယာခြင်း၊ ပြီးတော့ လွတ်လပ်ခြင်း။

မှန်သည်။ မိမိက ဘဝကူးနေသည်။ လွတ်မြောက်ခြင်းအတွက် ဘဝကူးနေသည်။ ဘဝကူးသည်ဆိုသည်မှာ သည်အဓိပ္ပာယ်အပြင် အခြားဘာဖြစ်နိုင်ပါသနည်း။

❊❊❊❊❊

အခန်း [၂]

မပြေတတ်သေးသော ဒေါသကြောင့် မသင်းနု၏ရင်မှာ မြင့်ချည် နိမ့်ချည် ဖြစ်နေ၏။

တကယ်တော့ ပြီးတာသည် ပြီးလိုက်ဖို့ ကောင်း၏။ ကိစ္စကလည်း ကြီးကျယ်လှသည် မဟုတ်။ စကားရည်လုပွဲ ဟူသည်မှာ သည်လိုပင် တဖက်နှင့်တဖက် ပုတ်ခတ်မြဲ ဖြစ်သည်။ စင်မြင့်ပေါ်တက်ပြီးမှ အရေမထူတော့ မိမိသာ နသေးရာ ကျမည်။ အခေါင်ငြိမ်းတကောင်ကတော့ စပ်ဖြဲဖြဲပင် ရှိနေမည်။ စင်မြင့်ပေါ်တုန်းကလည်း စပ်ဖြဲဖြဲ။ အခေါက်ကျတော့လည်း စပ်ဖြဲဖြဲ။ ယခုနေ ပြန်တွေ့လျှင်လည်း စပ်ဖြဲဖြဲ လုပ်နေဦးမည်။

သူပြောသောစကားတွေထက် သူ့ သည်စပ်ဖြဲဖြဲမျက်နှာက ပိုဒေါသထွက်ဖို့ကောင်းသည်။ သူငယ်ချင်းချင်း သည်လိုလုပ်စရာလား။ သည်လိုကော ပြောစရာလား။

အရေမထူ။ နသည်ဟု အပြောခံရမည်စိုးသောကြောင့် စင်မြင့်ပေါ်တုန်းက မသင်းနုသည် အပြုံးမပျက် ဟန်ဆောင်နေခဲ့ရသည်။ စင်အခေါက်ရောက်ပြန်တော့လည်း ကျောင်းအုပ်ဆရာကြီး၊ ပါတီယူနစ်ဥက္ကဋ္ဌ၊ မြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌ၊ မြို့နယ်လမ်းစဉ်လူငယ်အတွင်းရေးမှူး စသော လူကြီးတွေရှေ့မှာ ဖြစ်သောကြောင့် မသင်းနုသည် ဘာမှမဖြစ်သယောင် ပြုံးပြုံးလေး နေခဲ့ရသည်။ မိမိရင်တွင်း ဘာဖြစ်နေသည်ကိုတော့ ခွေးကောင် အခေါင်ငြိမ်း ရိပ်မိပုံရသည်။ ထို့ကြောင့် စပ်ဖြဲဖြဲနှင့်။ သူ့သွားခေါ်ကြီးပေါ်အခေါင် စပ်ဖြဲဖြဲနှင့်။

ဟိုမှာ အစောင့်လာခဲ့ရသောကြောင့် အိမ်ရောက်မှ ဒေါသက ပိုပြင်းလာသည်။ တော်ပြီ။ နောင်ကို စကားရည်လုပွဲ မပြောပြီ။ စင်မြင့်ပေါ်မှာ လူပုံအလယ် မှာ သည်လို အစော်ကားခံရစတမ်းဆို ဘယ်တော့မှ စကားရည်လုပွဲ မပြောပြီ။

သည်လို ဘောင်လွတ်ပြီး နှံကြစတမ်းဆိုလျှင် စင်မြင့်ပေါ်မှာ မိမိတို့ မိန်းကလေးများသည်

တပန်းရှုံးပြီးသား ဖြစ်နေ၏။ အခေါက်က ပရိသတ်ထဲမှ ကောင်လေးတွေကလည်း ဘက်လိုက်သည်။ ဘယ်လောက် အချက်အလက်ကျကျ မိန်းကလေးပြောလျှင် မထောက်ခံ။ အားမပေး။ သူတို့ယောကျာ်းလေးချင်းကျတော့ ဟုတ်ဟုတ် မဟုတ်ဟုတ် လက်ခုပ်ဝိုင်းတီးပေးသည်။

သည်ကြားထဲ မိမိတို့ အချေဘက်က ရှုံးသေးသည်။ ရှုံးမည်ပေါ့။ ခေါင်းစဉ်ကလည်း အဆိုဘက်မှ တဖက်သတ်စီးနေသည်။ အချိန်အခါက စာဆိုတော်နေ့။ အဆိုက စာပေကောင်းကြောင်းဘက်မှ။ အချေက ရုပ်ရှင်ကောင်းကြောင်းဘက်က။

တာဝန်အရသာ ဝင်ပြောရသည်။ စကတည်းက ကိုယ်ရပ်တည်ရသည့်ဘက်ကို ကိုယ်က မယုံကြည်။ ရုပ်ရှင်အနုပညာကို မယုံကြည်ခြင်း မဟုတ်။ ရုပ်ရှင်အနုပညာသည် တန်ခိုးသြဇာကြီးမားသော လက်နက်ဖြစ်သည်။ သည့်ဟာကိုတော့ ယုံသည်။ မယုံသည်က သည့်ခေါင်းစဉ်မျိုးဖြင့် အနုပညာနစ်ရပ်ကို ယှဉ်ပြိုင်နိုင်းထိုက် မထိုက် ဟူသည်သာ ဖြစ်၏။

မသင်းနသည် ပူနေသောရင်ကို သက်သာစေရန် သက်ပြင်းကို မှုတ်ထုတ်လိုက်၏။

အိမ်၏ နောက်ဖေးဘက် ခြံတွင်းမှာက အရိပ်အာဝါသတို့ကြောင့် အေးနေသည်။ မသင်းန ရပ်နေသော မာလကာ သြဇာပင်အောက်တွင် အရိပ်ကောင်းသောကြောင့် ပိုအေးမြသည်။ ဒန့်သလွန်ပင်တို့၏ နုသောအစိမ်းရောင်ရွက်တို့က အမြင်အေး သည်။ ပွင့်ဖြူလေးတွေက အစိမ်းနရောင် နောက်ခံကြောင့် ပိုမိုသန့်စင်ဖွေးဆွတ်နေ၏။ မသင်းန၏ မျက်လုံးများက ဟိုးအဝေး အနောက်ဘက်ဆီ ရောက်သွား သည်။

ကိုင်းတောကြီးက မျက်စိတဆုံးမျှ ကျယ်သည်။ သည့်နောက်မှာတော့ တောင်စွယ်တောတန်းများ။ အဲသည့်နောက်မှာတော့ ပြာရီဝေမှောင်သော တောင်တန်းများ။

ဆောင်း၏နေက ကျစပြုနေပြီ။ ဆောင်းမှာဆိုတော့ နေ့တာက တိုသည်။ ငါးနာရီကျော်လျှင် နေဝင်မည်။ နေဝင်ချိန်နီးလျှင် ရောင်မျိုးတွေ မတောက်လှစေ၊ တတ်နိုင်သမျှ အရောင်စုံ၍ လှဦးမည်။

မသင်းနသည် မိမိ၏ဆရာတဦး အမိန့်ရှိခဲ့သည်ကို သွားသတိရ၏။ လူတွေကို စိတ်ပျက်လျှင် သဘာဝကိုကြည့်ပါ။ သဘာဝသည် အမြဲတမ်း လှပသော ပန်းချီမျက်နှာတခုခုဖြင့် ပြုံးပြနေတတ်သည်။

ဒေါသပြေစ မသင်းန၏ရင်တွင် ချင်ခြင်းတရပ် ပေါ်လာသည်။ ပန်းချီ၊ စင်မြင့်ပေါ်တက်ပြီး ဒေါသထွက်ရမည့်အစား ဟောသည့်ခြံတွင်းမှာ အေးအေးဆေးဆေး ပန်းချီဆွဲနေရလျှင်..။

အနောက်ပါးမှ ခြေသံ ကြားရ၏။ လှည့်ကြည့်လိုက်သောအခါ အခေါင်ငြိမ်း၏ စပ်ဖြဲဖြဲမျက်နှာကြီးကို တွေ့ရသည်။

မသင်းန၏ရင်မှ ဒေါသပြန်ပေါ်လာသည်။ ပါးနနများတွင်လည်း သွေးရောင်လျှမ်းသွား၏။

အခေါင်ငြိမ်းကတော့ စပ်ဖြဲဖြဲနှင့်ပင် အနီးသို့ ကပ်လာ၏။

“ရွှေမင်းသမီးလေး၊ ဒေါသမပြေသေးဘူး မဟုတ်လား”

“နင် ငါ့ကို ရွှေမင်းသမီးလို့ မခေါ်နဲ့”

“ဟယ် ငါ အစတည်းက ခေါ်တာပဲ မဟုတ်လား”

"နင် အခုခေါ်တာက အဓိပ္ပာယ်တမျိုးပါ။ ငါ သိတယ်" အခေါင်ငြိမ်းသည် သဘောကျဟန်ဖြင့် တဟဲဟဲ ရယ်နေ၏။

"နင့်သွားခေါ်ကြီး ပြဲပြဲမနေနဲ့ နင့်ကို ငါမုန်းတယ်""

"ဒေါ်သကြီးလိုက်တာ၊ တက္ကသိုလ်ကျောင်းတော်သူကြီးကလည်း ...၊ ကျွန်တော်လေး ဟိုက်စကူးကျောင်းသား မလိမ်မိုး မလိမ်မာကို...."

"တော်ပါ၊ နင် ငါ့ထက် အသက်ကြီးပါတယ်"

"ဒါပေမဲ့ ဝါငယ်တယ် မဟုတ်လား၊ နင်က သည်းခံရမှာပေါ့"

"မဟုတ်တာပြောတာ သည်းခံရမလား"

"ငါ ဘာမဟုတ်တာ ပြောလို့လဲ"

"စိတ္တဇဝတ္ထုတွေဖတ်ပြီး စိတ္တဇရောဂါ ရနေသလေး ဘာလေးဆိုတာ"

"စိတ္တဇရောဂါ ရနေတယ်လို့ ငါမပြောပါဘူးဟာ၊ ငါပြောတာက နင်က စာပေကို စင်မြင့်ပေါ်မှာသာ အတိုက်အခံ လုပ်နေတယ်၊ အိမ်ကျတော့ စိတ္တဇဝတ္ထုတွေကို လက်ထဲက မချဘူး၊ ဒါကြောင့် စိတ္တဇဆန်သော အတွေးအခေါ်အမြင် လွှမ်းမိုးနေတယ်၊ အဲဒီလိုပါ၊ စကားရည်လုပွဲမှာ ဒီလောက်တော့ ပြောရတာပေါ့"

"အဲ..ဒါထားပါတော့၊ ဘာဖြစ်လို့ လူကို ရုပ်ရှင် မင်းသမီးနဲ့ တူသလေး၊ ဘွဲ့မရခင် ကျောင်းကထွက်ပြီး ဇာတ်လိုက်မင်းသမီး ထွက်လုပ်ဖို့ကောင်းတယ် ဘာတယ်နဲ့ ဘာလို့ ပါဆင်နယ်လ်အတက်ခ် လုပ်ရသလဲ"

"အဲဒါကတော့ ငါ သွေးပူပူနဲ့ လျှာထဲအာထဲတွေ့တာ စွတ်ပြောမိတာ ပြီးတော့လည်း အဟဲ...နင်က တကယ်တူတာ"

"ဘာတူတာလဲ""

"ရုပ်ရှင်မင်းသမီးနဲ့လေ"

"နင်နော်....."

"ရုပ်ရှင်မင်းသမီးနဲ့ တူတယ်ဆိုလို့ နင်က ဘာနာစရာရှိလို့လဲ"

"ဒီမှာ နင် စကားမလှည့်နဲ့၊ ငါ အနုပညာကို အသင့်အတင့် နားလည် တယ်၊ ရုပ်ရှင်မင်းသမီးကိုလည်း အနုပညာရှင်အနေနဲ့ ငါ လေးစားတယ်၊ ရိုးရိုးဆို ငါ ဘာမှမနာဘူး၊ နင်ပြောပုံက အဓိပ္ပာယ်တမျိုးနဲ့၊ ငါ မသိဘူး မှတ်လား"

"ငါ ရိုးရိုးတကယ်ပြောတာပါဟာ၊ နင်က ရုပ်ကလည်းချောတယ်၊ ပြောပုံဆိုပုံ အမူအရာကလည်းကောင်းတယ်၊ ငါက ဂုဏ်ပြုပြောတာပါ"

"တော်ပါ၊ နင် စကားတတ်တိုင်း လှည့်တာ"

မသင်းနု၏ လေသံမှာ မမာလှတော့။ မျက်နှာလေးတွင်လည်း ပြုံးရိပ် ငွေ့ငွေ့ ပေါ်လာသည်။

"တကယ်ပြောတာပါဟယ်၊ ပြီးတော့ နင်စိတ်ဆိုးသွားမှန်းသိလို့ တောင်းပန်ဖို့ ငါလိုက်လာတာ၊ ငါလည်း ခံရတာပါပဲဟာ၊ နင်ကသာ ဘောင်ထဲက ပြောတာ၊ နင်တို့ဘက်က မလှစိန်က ငါ့တွယ်သွားတာများ ပေါက်ခေါ်တဲ့၊ ငို၍ ရယ်၍ မရ သောမျက်နှာနဲ့ ကိုခကွေးတဲ့၊ သေရောဟာ"

သည်တကြိမ်တော့ မသင်းနုသည် ရယ်၏။ မိမိတို့ဘက်မှ မလှစိန်က လည်း လျှာစောင်း အာစောင်းထက်၏။ စင်မြင့်ပေါ်တွင်မက အခောက်မှာလည်း သဘာဝအတိုင်း လျှာစောင်း အာစောင်းထက်၏။

ရယ်ရင်းက မသင်းနုသည် အခေါင်ငြိမ်းကို ကြည့်သည်။

အခေါင်ငြိမ်းက အသက်ဆယ့်ကိုးနှစ်ခန့်ရှိပြီ။ အသားက ညို၏။ သွားက အနည်းငယ်လေး ခေါသည်။ မျက်လုံးများက ကြည်လင်တောက်ပပြီး မျက်ခုံးကောင်း သည်။ လူချောတယောက်ဟု မခေါ်နိုင်သော်လည်း အရုပ်ဆိုးလွန်းလှသည်မဟုတ်။ ချောမောခြင်းဘက်မှ အားနည်းသည်ကို ရိုးသားတည်ကြည်မှုက ဖြည့်ပေးထားသော မျက်နှာရှိသည်။ ဘိုကေပါးပါးနှင့် ဖြစ်သောကြောင့် ရန်ကုန်တွင်တွေ့ရသော ညှဉ်း သိုးသိုး ဆံရှည်ကိုယ်တော်များထက် ရုပ်သွင်ပိုမိုကြည်လင်သန့်စင်သည်။

အခေါင်ငြိမ်းကလည်း မသင်းနုကို ပြန်ကြည့်သည်။

ချောမောနုနယ်သော မျက်နှာလေးတွင် ဒေါသရိပ်ကို မတွေ့ရတော့။

"ဒါထက် နင် ပန်းချီမဆွဲတော့ဘူးလား၊ နင့်အမေက နင် ခြံထဲမှာဆိုလို့ ပန်းချီများ ဆွဲနေသလားလို့"

"နင် မလာခင်လေးကတင် ပန်းချီဆွဲရမလားလို့ ငါစိတ်ကူးပေါက်သေး တယ်"

"ဆွဲလေ ဘာလို့မဆွဲလဲ၊ နင့်ကို ငါ လာနှောင့်ယှက်မိနေသလား"

"အို...မဆွဲတော့ပါဘူး၊ အချိန်လည်း မရှိတော့ဘူး၊ ပြီးတော့ ပန်းချီဆွဲရမလားလို့ စိတ်ကူးပေါက်တာက ပန်းချီဆွဲချင်လို့ မဟုတ်ဘူး"

"ပန်းချီဆွဲမယ်လို့ စိတ်ကူးပေါက်တာက ပန်းချီဆွဲချင်လို့ မဟုတ်ဘူး၊ နင့်စကားက အဆန်းပဲ"

"မဆန်းပါဘူး၊ သဘာဝလေးတခုပါ"

"ဘယ်လိုသဘာဝလေးလဲ"

"လူနဲ့ပတ်သက်တဲ့ ဒေါသနယ်ကလွတ်အောင် သဘာဝရဲ့ အလှနယ်ဆီ ထွက်ပြေးမလို့"

အခေါင်ငြိမ်းက အဲ်ရယ်၏။

"နင် ဘာရယ်တာလဲ"

"နင့်စကားက စိတ္တဇဆန်လို့၊ စိတ္တဇဆန်တယ်လို့ ငါပြောတော့လည်း နင်မကြိုက်ဘူး"

"စိတ္တဇဆိုတဲ့စကားကို နင် ဘယ်အဓိပ္ပာယ်နဲ့ သုံးတာလဲ၊ စိတ်ဆိုတာကိုကော နင်က ဘယ်လောက်နားလည်လို့လဲ"

"အို... ဟိုဟို...၊ နင်နဲ့ငါ ရန်ထပ်ဖြစ်ဖို့လာတာ မဟုတ်ဘူး၊ ပြီးတော့ နင့်လို တက္ကသိုလ်မှာ စိတ်ပညာယူတဲ့ ကျောင်းသူတဦး မဟုတ်တော့ စိတ်အကြောင်း ငါမပြောတတ်ပါဘူးတဲ့ဟယ်"

"မပြောတတ်ရင် မပြောနဲ့ပေါ့၊ ကိုယ် အနက်အဓိပ္ပာယ် မဖွင့်နိုင်တဲ့ စကားတလုံးကိုလည်း အရမ်းမသုံးနဲ့"

အခေါင်ငြိမ်းသည် စပ်ဖြဲဖြဲတော့ လုပ်မပြ။ ပြုံးစေ့စေ့တော့ လုပ်နေသည်။ မသင်းနုနှင့် အပြိုင်ငြင်းရန် စကားလုံးတွေ သူ့မှာရှိသည်။ သို့ရာတွင် မသင်းနု စိတ်ဆိုးအခေါင် သူ ထပ်မလုပ်ချင်။ သူလာခဲ့သည်မှာလည်း ဆိုးနေသောစိတ်ကို ဖြေရန်သာ ဖြစ်သည်။

"ကောင်းပါပြီဗျာ၊ မသုံးတော့ပါဘူး၊ ဪ...ငါ ဈေးဘက်ရောက်လို့ ကိုစိန်လှိုင့်ဆိုင် ဝင်ခဲ့သေးတယ်၊ နင်မှာထားတဲ့ အဲ...ဟို...နောက်ဆုံးထုတ်တဲ့ စိတ္တဇဝတ္ထု ရောက်ပြီတဲ့၊ ငါယူသွားမယ်ဆိုတာ သူက မယုံသလိုပဲ၊ မပေးလိုက်ဘူး"

မသင်းနု၏ မျက်လုံးများရော မျက်နှာလေးပါ ဝင်းထိန်ကြည်ရွှင်သွား၏။

"စာအုပ်ရောက်ပြီတဲ့..ဟုတ်လား၊ နင် စောစောက ပြောရောပေါ့ဟယ်"

"အခုလည်း နောက်မကျပါဘူး၊ အချိန်ရှိပါသေးတယ်"

မသင်းနုနှင့် အခေါင်ငြိမ်းတို့သည် အိမ်ပေါ်ပြန်တက်ပြီး အိမ်ရှေ့ဘက်သို့ ထွက်လာခဲ့ကြသည်။

လမ်းမပေါ်အရောက်တွင် မသင်းနုက မေး၏။

"နင်ရော ဈေးဘက်လိုက်ဦးမလား"

"ဟင့်အင်း၊ ငါ အိမ်ပြန်တော့မယ်၊ မနက်တည်းက အိမ်မကပ်လို့ အမေ ဆူနေဦးမယ်"

"အေး.. ဒါဖြင့်လည်းသွားတော့၊ နင်လာပြောတာ ကျေးဇူးတင်ပါတယ်"

မသင်းနုသည် လမ်းအတိုင်း တောင်ဘက်သို့ ထွက်လာခဲ့၏။ အခေါင်ငြိမ်းက မြောက်ဘက်သို့ လျှောက်လာသည်။ သုံးလေးအိမ်ကျော်မိ သောအခါ နှုတ်ဆက်သံ ကြားရ၏။

"ဘယ်လိုလဲ၊ လူကိုတောင် မမြင်ဘဲ ဘာတွေ ပီတိကျလာတာလဲ"

အောင်ငြိမ်းက မော့ကြည့်၏။ လမ်းအနောက်ဘက် အိမ်တလုံးရှေ့ သနပ်ခါးပင်ရိပ်မှ မိန်းမပျိုတဦးကို တွေ့ရ၏။

"အာ..လှစိန်""

မလှစိန်မှာလည်း အောင်ငြိမ်းနှင့် ရွယ်တူခန့် ဖြစ်၏။ အသားက ညိုသည်။ ခန္ဓာကိုယ်က ပြည့်ပြည့်ဝဝဖြစ်ပြီး အရပ်ပုသည်။ နှာခေါင်းပြားပြား မျက်လုံးပြူးပြူး နှင့် သွက်လက်ရဲရင့်သော မျက်နှာထားရှိ၏။

"ဘယ်လိုလဲ၊ လူမိတာ နာသွားသလား၊ ဟုတ်လား"

"ဟာ ..လှစိန်၊ နင် ဘာစွပ်စွဲနေတာလဲ""

"စွပ်စွဲတာ မဟုတ်ပေါင်တော်၊ မျက်လုံးနဲ့မြင်ရတာ၊ ရွှေမင်းသမီးလေးကို သွားချော့ခဲ့ပြီးပြီ မဟုတ်လား"

"မဟုတ်တာ ပြောရော့မယ်၊ စိတ်ဆိုးသွားမှန်းသိလို့ သွားတောင်းပန်တာ"

"အေးလေ.. အဲဒါ သွားချော့တာပဲ မဟုတ်လား"

"မနောက်ပါနဲ့ လှစိန်ရာ၊ သူငယ်ချင်းချင်း မျက်နှာမကြည့်ရဲအောင်"

"ဪ...သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်ပေါ့၊ အဟဲ..ဟုတ်လား"

"တော်ပြီ လှစိန်၊ နင့်တော့ ငါကြောက်ပါတယ်၊ အဟုတ်"

အောင်ငြိမ်းက ထွက်ပြေးသည်။ လှစိန်က သဘောကျဟန် ရယ်ကျန်ရစ်၏။

တနေ့လယ်နှင့် တညနေ လျှောက်လိုက်တော့ တမြို့လုံးကုန်အောင်

မြို့...။ အင်း...ဟင်း.. ရွာမဟုတ်တော့ မြို့ပေါ့။ သို့ရာတွင် တမြို့လုံးမှ တလမ်းတည်းရှိသည်။ ထိုတလမ်းမှာလည်း ဆိုက်ကားတစီး သွားသာရုံကျယ် သည်။ ကတ္တရာလမ်းလည်း မဟုတ်။ တာရိုးရှည်တခုသာ ဖြစ်သည်။ တာရိုးပေါ် တွင် တတ်နိုင်သမျှ အမာခံ၍ လမ်းလုပ်ထားသည်။ တာရိုး၏ တဖက်တချက်မှာ က မြေနိမ့်ဖြစ်သည်။ အိမ်တို့က တာရိုးတလျှောက် မြေနိမ့်မှာ ဆောက်ထားလေ သည်။

တာရိုးအတိုင်း သူက လျှောက်လာသည်။ တနေ့လုံး ခရီးချည်းသွား လာခဲ့ရသည့်မို့ သူ့ခြေထောက်များက ညောင်းညာနေကာ တကိုယ်လုံး နွမ်းနယ်နေ သည်။ ဪ...အရေးထဲ ဗိုက်က ဆာလာပြန်ပြီ။

ဆာလည်း ဆာထိုက်ပြီ။ နံနက်ကတည်းမှ ယခုအချိန်အထိ ဘာမျှမစား ရသေး။

ဆာပါသည်ဆိုမှ ဈေးအနီးရောက်လာသည်။ ညှော်နံ့သင်းနံ့များက သူ့ နှာခေါင်းကို ချူဆော့လာ၏။

မတတ်နိုင်။ တနပ်သော ထမင်းကိုတော့ စားရမည်။ ထမင်းတနပ်မှ

မစားရလျှင်တော့ ဘဝမှာ ရှင်သန်ရခြင်းသည် ဘာအဓိပ္ပာယ် ရှိတော့မည်နည်း။ ဘဝမှာကော ဘယ်လိုလုပ်၍ ရှင်သန်နေနိုင်ပါမည်နည်း။

တာရိုးဘေးရှိ ထမင်းဆိုင်ငယ်တခုအနီးသို့ သူ ချဉ်းကပ်လိုက်သည်။ ချီတုံချတုံ ဖြစ်နေသောစိတ်ကြောင့် ချဉ်းကပ်ရုံကပ်သည်။ ဝင်တော့ မထိုင်သေး။ ထမင်းတပွဲကို ဘယ်လောက်များ တောင်းမည်နည်း။

ထမင်းဆိုင်နှင့် ကပ်လျက်က စာအုပ်ဆိုင်လေးတဆိုင် ရှိသည်။ သူ ငြိမ်ရပ်နေစဉ် မိန်းမပျိုလေးတဦးက စာအုပ်ဆိုင်တွင်း ဝင်လာသည်။

အသက်က ဆယ့်ရှစ်နှစ်ခန့် ရှိမည်။ လည်တိုင်လေးက သွယ်၍ရှင်းသည်။ ကိုယ်လေးကလည်း သွယ်သွယ်ကြော့၍ ရှင်းသည်။ အင်္ကျီဖြူ ထဘီဝါ လေးနှင့်ဆိုတော့ ဝါဝင်းတင့်တယ်သည်။ ဪ.. ကလေးမ၏ အသားလေးများကလည်း ဝါဝင်းရွှန်း စိုသည်။

လှ၏။ အင်း...အဲသည်တော့...စိတ်တွင်းမှာ သူ့ကိုယ်သူ ပြုံးမိသည်။ လှတော့ ဘာဖြစ်သနည်း။ လှခြင်းကို မြင်ရ၍ ထမင်းအဆာပြေရင် ကောင်းလေသား။ ယခုတော့ မပြေပါ။ ဝမ်းတွင်းက ကြုတ်ကြုတ်မြည်နေသည်။ စာအုပ်ဆိုင်ရှင်က ကလေးမကို နှုတ်ဆက်သည်။

"ဟော...မသင်းနု၊ စာအုပ်ရောက်နေပြီ၊ အခေါင်ငြိမ်းက မပြောဘူးလား"

"ပြောတယ်၊ သိသိချင်း အခုလာခဲ့တာပဲ"

"လာလာ ထိုင် မသင်းနု၊ ကျွန်တော် စာအုပ် ထုတ်ယူလိုက်ဦးမယ်"

မသင်းနုသည် ခွေးခြေလေးတခုပေါ်တွင် ထိုင်သည်။ မသင်းနု၏ မျက်လုံးလေးများက သူ့ထံရောက်သွားသည်။

ပထမတော့ မသင်းနု၏ ရင်လေးမှာ ဖို၍ ထိတ်သွားသည်။ ရပ်နေပုံက မတုန်မလှုပ်နှင့်။ မျက်လုံးများကလည်း မမှိတ်မသုန်ဘဲ မိမိကို စိုက်ကြည့်နေသည်။ ဆီလည်းမရှိ၊ ဖြီးလိမ်းထားပုံလည်း မရှိသော ခေါင်းမှဆံပင်တို့က သူ့နဖူးပေါ်သို့ ခပ်ရိုင်းရိုင်း ဝဲကျနေသည်။ အသားကတော့ အတန်ဖြူဝင်းသည်။ သို့ရာတွင် မျက်နှာမှာ ကြမ်းတမ်းသော နှုတ်ခမ်းမွေးနှင့် မုတ်ဆိတ်မွေးများ လွှမ်းနေ သည်။

သည်ဟန် သည်အသွင်ကြောင့် ပထမသော် မသင်းနုမှာ ထိတ်လန့်သွား သော်လည်း ခဏခြင်းမှ ခံစားမှုပြောင်းသွား၏။

သူ့အဝတ်အစားများက နွမ်းနယ်လှ၏။ နွမ်းနယ်ရုံမက မလဲသည်မှာ ကြာဟန်ဖြင့် ညှိုညစ်နေသည်။ အထူးသဖြင့်က သူ့မျက်လုံးများ။ သူ့မျက်လုံးများက ပျော့ပျောင်းသည်။ ရီရီဝေဝေ ဆွေးဆွေးမြည့်မြည့်လည်းနိုင်သည်။

မသင်းနုက သူ့ကို ပြန်စူးစိုက်ကြည့်သည်ကို တွေ့ရသောအခါ သူက မျက်နှာလွှဲလိုက်ပြီး ထမင်းဆိုင်တွင်းသို့ ဝင်၏။

ဆိုင်ရှင်အဒေါ်ကြီးက မျက်မှောင်ကြုတ်၍ သူ့ကို ခြေဆုံးခေါင်းဆုံး ကြည့်

သည်။ ထိုင်ပါလည်း မပြော။ ဘာမျှလည်း မမေး။ သူကသာ လေသံပျော့ပျော့နှင့် မေး၏။

"ထမင်းရောင်းပါတယ် နော်"

"အင်း...ထမင်းစားချင်လို့လား"

"ဟုတ်ကဲ့"

"ဒါဖြင့် ထိုင်လေ"

"မထိုင်သေးပါဘူး၊ ထမင်းတခါစားရင် ဘယ်လောက်လဲ""

"နှစ်ကျပ်"

"ဗျာ...ထမင်းချည်းပဲကို နှစ်ကျပ်"

"ထမင်းချည်းတော့ ဘယ်ဟုတ်မလဲ၊ ဟင်းပါပေါ့၊ ဟင်းမပါဘဲ ဘယ်သူ ထမင်းစားမလဲ"

"ကျွန်တော် စားတယ်"

"ဘာပြောတယ်"

"ဟင်းမလိုပါဘူး၊ ထမင်းချည်းပဲ ကျွန်တော် စားမယ်၊ ခင်ဗျား ဘယ်လောက်ယူမလဲ"

အဒေါ်ကြီးသည် အံ့သြဟန်ဖြင့် သူ့ကိုကြည့်သည်။ ခဏဲ့မှ အဒေါ်ကြီး၏ မျက်နှာမှာ ပြုံးယောင်ယောင် ဖြစ်လာသည်။

"ထမင်းချည်းပဲဆို ငါးမူးယူတယ်"

"ငါမူး"

သူသည် တစုံတရာကို တွက်ချက်ဟန် ခေတ္တစဉ်းစားနေသေး၏။

"အေးဗျာ၊ ဒါဖြင့် ထမင်းတပွဲပေးပါ"

ယင်းသို့ မှာလိုက်ပြီး သူသည် ဆိုင်စားပွဲရှိ ခွေးခြေတလုံးတွင် ဝင်ထိုင်၏။ ဆိုင်ချင်းက ကပ်နေသဖြင့် သူတို့ ပြောကြသံကို မသင်းနုမှာ ကြားနေရ သည်။ ဟင်းမပါဘဲ ထမင်းချည်း မှာစားသူအတွက် မသင်းနုမှာ စိတ်မကောင်း။ စာအုပ်ဆိုင်ရှင် ကိုစိန်လှိုင်က ဝတ္ထုစာအုပ်တအုပ်ယူ၍ မသင်းနုထံ ကပ်လာ၏။

"ဝှက်ထားတာ၊ အဝှက်လွန်လို့ ကြာသွားတယ် မသင်းနုရေ၊ ရော့"

"ဘယ်လို ကိုစိန်လှိုင်၊ အဝှက်လွန်လို့"

"စာအုပ်က မှာသလောက်မရတဲ့စာအုပ်မို့ ဈေးကြီးတယ်၊မူလရောင်းဈေး က

တဆယ်ဆိုပေမယ့် ပေါက်စျေးက ဆယ့်သုံးကျပ် ဖြစ်နေတယ်၊ ပုသိမ်က ကိုယ်စားလှယ်ကြီးဆီက တောင်းတောင်းပန်ပန်နဲ့ နှစ်အုပ်ပဲ ကျွန်တော် ရခဲ့တာ၊ သူတို့လည်း လူခင်ချင်းရှိသား တယ်ပေးချင်ပုံ မရဘူး၊ ရောင်းတာထက် ငှားစားတာကကိုက်တော့ ငှားစားကြတယ်လေ၊ အင်း . . ကျွန်တော်လည်း တအုပ်တော့ ငှားစား တယ်၊ ဒီတအုပ်ကတော့ မသင်းနုအတွက်ဆို ကျွန်တော် ဖွက်ထားတာ"

"ကျေးဇူးတင်ပါတယ် ကိုစိန်လှိုင်၊ ဒီလိုဆို ကျွန်မ ဘယ်လောက်ပေးရ မလဲ၊ ဆယ့်သုံးကျပ်လား"

"အို...အို...မဟုတ်တာ၊ မသင်းနုတယောက်ဆီကတော့ ကျွန်တော် အမြတ်မယူပါဘူး၊ ရောင်းစျေးအတိုင်း တဆယ်ပဲပေးပါ၊ တဆယ်ယူရတာတောင် ကျွန်တော် စိတ်မကောင်းပါဘူး"

မသင်းနုက ကိုစိန်လှိုင်၏ မျက်နှာကို ကွက်ခနဲ ကြည့်၏။ ကိုစိန်လှိုင်မှာ အသက်အစိတ်ခန့်သာ ရှိသေးသည်။ လူပျိုလူလွတ်မှန်းလည်း မသင်းနု သိ၏။ မိမိအပေါ် စေတနာ အလွန်ထားမှန်းလည်း သိသည်။

ကိုစိန်လှိုင်၏မျက်နှာက ပကတိရိုးသားဖြူစင်နေသည်။ သည်ကြားထဲက တစုံတရာ ကြည်နူးရွှင်ပျနေသည်ကိုလည်း မဖုံးလွှမ်းထားနိုင်။ မသင်းနုသည် သက်ပြင်းလေး ခိုးရှိုက်ပြီး ပြုံးပြုံးလေး ဆို၏။

"တဆယ်ယူရတာကိုတော့ စိတ်မကောင်းမဖြစ်ပါနဲ့ ကိုစိန်လှိုင်၊ ရော့...ရော့... ကျွန်မအတွက် ဂရုတစိုက် စာအုပ်ချန်ထားတာပဲ ကျေးဇူးတင်လှပါပြီ"

မသင်းနုသည် ကိုစိန်လှိုင်အား ငွေတဆယ် လှမ်းပေးပြီး နေရာမှ ထ၏။ ထမင်းဆိုင်ရှင် အဒေါ်ကြီးက လှမ်းနှုတ်ဆက်သည်။

"မသင်းနုရေ -အဒေါ်တို့ဆိုင်တော့ မဝင်တော့ဘူးလား"

မသင်းနုသည် ထမင်းဆိုင်ဘက်သို့ ကူးလိုက်၏။

"ရောင်းကောင်းရဲ့လား ဒေါ်ဒေါ်"

"အသင့်အတင့်ပဲ၊ ဒါထက် မသင်းနုတို့ ကျောင်းတွေ ပြန်မဖွင့်သေးဘူး လား"

"မဖွင့်သေးဘူး ဒေါ်ဒေါ်"

"ဘယ်တော့ဖွင့်မလဲ""

"အဲဒါလည်း မသိဘူး"

မသင်းနု၏ မျက်လုံးများက ထမင်းစားနေသော သူ့ဆီ ရောက်သွား၏။ သူသည် ရှေ့ရှိ ဆားခွက်တွင်းမှ ဆားကိုယူကာ ထမင်းဖြူကို ဆုပ်၍ ဆုပ်၍ မြိုချစားနေသည်။

မသင်းနု၏ရင်မှာ ကရုဏာတရားက ပေါ်လာ၏။

“ဟာဒီ ငါးကြော်လေး စားသွားပါလား မသင်းနု၊ ပူပူနွေးနွေးလေးရယ်”

မသင်းနု မဖြေရမီ သူ့ထံမှ ထမင်းသီးသံ တဟွတ်ဟွတ် ပေါ်လာသည်။ သူသည် နေရာမှထပြီး ဆိုင်ထောင့်ရှိ သောက်ရေအိုးစင်ဆီ ထသွား၏။ မသင်းနုသည် ပိုက်ဆံအိတ်လေးတွင်းမှ ငွေနှစ်ကျပ်ကို ကပျာကယာနှိုက်ပြီး အဒေါ်ကြီးအား ပေး၏။

“ဘာလုပ်ဖို့လဲ မသင်းနု”

မသင်းနုက လေသံတိုးတိုးလေးဖြင့် ဆို၏။

“သနားပါတယ်၊ သူ့ကို ဟင်းထည့်ပေးလိုက်ပါ ဒေါ်ဒေါ်”

“အို”

“မအိုနေနဲ့ ဒေါ်ဒေါ်၊ ကျွန်မ စာအုပ်ဝယ်တာ သုံးကျပ်တောင် သက်သာလာတယ်၊ ပေးလိုက်နော်”

မိမိ ဘာလုပ်ခဲ့သည်ကို ထိုသူ မသိခင် မသင်းနုသည် ထမင်းဆိုင်တွင်းမှ လျင်မြန်စွာ ထွက်လာခဲ့၏။

သူက လည်ချောင်း၌ တစ်ဆို့နေသည်ကို ရေတခွက်ဖြင့် ရှင်းချသည်။ နောက်တကြိမ် တစ်ဆို့မှုကို ကြိုတင်ကာကွယ်ရန် ရေတခွက်ခပ်ပြီး စားပွဲဆီသို့ ယူလာခဲ့၏။

ရေအားကိုးဖြင့် ဆားထမင်းဆုပ်ကို မျိုနေဆဲ မွှေးကြိုင်သော ကြက်သား ဟင်းတပွဲသည် သူ့ရှေ့သို့ ရောက်လာ၏။

သူက အဒေါ်ကြီးကို မျက်လုံးပြူးကြည့်၏။

“ကျွန်တော် မမှာဘူးဗျ”

“စားမှာသာ စားစမ်းပါ”

“စားဖို့က လွယ်ပါတယ်၊ ပြီးတော့မှ ခက်တာတွေ အကုန်လိုက်လာမှာ”

အဒေါ်ကြီးသည် သူ့အား အဖက်လုပ် ရှင်းမနေဘဲ ဟင်းချိုတခွက်နှင့် ထမင်းလိုက်ပွဲတပွဲကိုပါ ထပ်ချပေး၏။

“ဒီမှာ အဒေါ်၊ ခင်ဗျားက ကျွန်တော့်ကို အလှူပေးနေတာလား”

“ကျုပ်ကပေးတာ မဟုတ်ဘူး၊ အလှူရှင်က ထွက်သွားပြီ”

“ခင်ဗျာ”

“ခုနက ကလေးမကို တွေ့တယ်မဟုတ်လား၊ မောင်ရင့်အတွက် သူက ထမင်းဖိုး ပေးသွားတယ်၊ ဒီမှာ...”

အဒေါ်ကြီးက ငွေနှစ်ကျပ်ကို ထောင်ပြ၏။

"ဪ"

သူက လမ်းပေါ်သို့ လှမ်းကြည့်သည်။ အလှူရှင်မလေးကို မမြင်ရတော့။ ဘာလုပ်ရမည်နည်း။ လုပ်ရမည်ကတော့ ရှင်းနေသည်။ စားလိုက်ရုံပင်။ ဪ... ဟင်းကိုမြင်မှ ထမင်းက ထပ်ဆာလာပြန်ပြီ။

သူသည် ထမင်းကို အားရပါးရ ဆက်စားသည်။ ထမင်း သီးပြန်၏။ စောစောတုန်းကတော့ အာခြောက်၍ သီးသည်။ ယခုတော့ အငမ်းမရစား၍ သီးသည်။ ဒုက္ခ..။

သူသည် ထမင်းလိုက်ပွဲရော၊ ဟင်းရော၊ ဟင်းချိုပါမကျန် ကုန်အောင် စားသောက်ပစ်၏။

စားသောက်လက်ဆေးပြီးမှ သူက မေး၏။

"ကျွန်တော် ဒါဖြင့် ပိုက်ဆံငါးမူးလည်းပေးဖို့ မလိုတော့ဘူးပေါ့"

"မလိုပါဘူး၊ ဘာလဲ၊ မောင်ရင်က ပေးချင်လို့လား"

"လှူနိုင်တန်းနိုင်တဲ့ လူတယောက်ဆိုရင် ကျွန်တော်က ပေးခဲ့ချင်ပါတယ် ဗျာ၊ ဒါပေမဲ့ ကျွန်တော်က မနက်ဖြန် ဆက်စားရဦးမယ်၊ မနက်ဖြန်စာကျတော့ အလှူရှင် ရှိချင်မှ ရှိမှာ"

အဒေါ်ကြီးသည် သူ့ကို စိတ်ဝင်စားပါ၏။

"မောင်ရင် ဒီမြို့က မဟုတ်ပါဘူး"

သည်အမေးကိုတော့ သူ မဖြေ။

"မောင်ရင် ဘယ်ကလာတာလဲ"

သည်တကြိမ်တော့ သူက ပြုံး၏။ သူသည် ရုတ်တရက် မဖြေသေးဘဲ အဒေါ်ကြီးကို ပြုံးလျက်ပင် စိုက်ကြည့်နေ၏။ ခဏကြာမှ ဆို၏။

"အဒေါ်ကော ဘယ်ကလာလဲ"

"တော်....."

"အဒေါ် မဖြေနိုင်တဲ့မေးခွန်းကို ကျွန်တော် မေးမိတယ်၊ ခွင့်လွှတ်ပါ၊ လူဟာ ဘယ်ကလာတယ်ဆိုတာ မဖြေနိုင်ဘူး၊ ဘယ်ကိုသွားမယ်ဆိုတာလည်း မသိဘူး၊ သူသိတာက ခရီးသွားတဦးဆိုတာပဲ၊ သံသရာခရီးသွား၊ ဟုတ်ပြီလား၊ ကျွန်တော်လည်း သံသရာခရီးသွားတဦးပဲ"

သည်စကားရပ်များကိုတော့ အဒေါ်ကြီးသာမက တဖက်ဆိုင်မှ ကိုစိန်လှိုင်ပါ ကောင်းစွာကြားရ၏။

အဒေါ်ကြီး၏မျက်နှာမှာ ပြုံးစိစိဖြစ်လာ၏။ တဖက်ဆိုင်မှ ကိုစိန်လှိုင်၏ မျက်နှာလည်း ပြုံးစိစိပင် ဖြစ်လာ၏။

သူကတော့ ဘာမျှ အမှုမပြုဟန်ဖြင့် နှုတ်ဆက်၏။

"ကျွန်တော် သွားမယ်၊ အလှူရှင်ကလေးမလေးကိုတွေ့ရင် ပြောပေးပါ၊ သာစုလို့၊ ကျွန်တော်က သာစု ခေါ်ပါတယ်လို့၊ ကျွန်တော့်မျက်လုံးက မမှားဘူး ဆိုရင် အင်မတန်ချောတဲ့ ကလေးမပဲ၊ နောက်ဘဝမှာလည်း ခုထက်ပိုချောနိုင်ပါစေ၊ လှူနိုင်ပါစေလို့၊ အဲဒါကို ဆက်ဆက်ပြောပေးပါ"

ခန့်ညားသော သည်စကားကိုပြောပြီး သူက ဆိုင်မှခွာသည်။

ခေတ္တသော် အဒေါ်ကြီးသည် ကြောင်နေ၏။ ထိုနောက်မှ အသံထွက်အခေါင် ရယ်ပြီး တဖက်ဆိုင်ဆီ လှမ်းပြော၏။

"ဟာဟ့... မောင်စိန်လှိုင်ရေ... တိုးပြန်ပေါ့၊ တို့မြို့တော့ တယောက်တိုးပြန်ပေါ့"

"ဘာတိုးတာလဲ ဒေါ်ဒေါ်"

"မင်းတရား ဘအေးအပြင် နောက်တယောက်လေ၊ သူကတော့ တပုံစံ ဟော့၊ သူ့တော့ ဘယ်လိုဘွဲ့ပေးမလဲ"

"ဆုပေးသွားတာ မကြားဘူးလား၊ သာစု...တဲ့၊ ကိုသာစုပေါ့ဗျာ။ အဟဲ"

"ဟုတ်တယ်၊ မင်းဘွဲ့က မဆိုးဘူး၊ ကိုသာစု..အဟက် ဟက်၊ ဟဲ...."

ဝေးဝေးသို့ မရောက်သေးသောကြောင့် အဒေါ်ကြီးနှင့် ကိုစိန်လှိုင်တို့ ပြောကြသံကို သူကောင်းစွာ ကြားရ၏။

မင်းတရားဘအေး၊ ပြီးတော့ ကိုသာစု။ သူတို့ ဘာပြောကြသည်ကို မိမိ နားမလည်။ မင်းတရားဘအေးကိုလည်း မသိ ။ ကိုသာစု ဆိုသည်ကတော့ မိမိကို ညွှန်းလိုက်သည်။

မိမိနာမည် ကိုသာစု။ အင်း...အဟင်း...ကိုသာစု။ သူသည် မြောက်ဘက်သို့ ဆက်လျှောက်လာ၏။

စား၍တော့ ပြီးပြီ စားပြီးတော့ အိပ်ချင်လာသည်။ အိပ်ရန်နေရာကိုတော့ သူတွေ့ထားပြီးပြီ။

အစိုးရအထက်တန်းကျောင်းကြီးကိုလွန်၍ အတန်လျှောက်လာပြီးသောအခါ လက်ဝဲဘက်တွင် ဘုရားစောင်းတန်းကြီးတခုကို တွေ့ရ၏။ ထိုစောင်းတန်းကြီးဆီ သူချိုးဝင်လိုက်၏။

စောင်းတန်းတနေရာတွင် တိုင်တလုံးကိုမှီ၍ ကျကျနန သူထိုင်လိုက်၏။ သည်မှာ သူအိပ်နိုင်သည်။ သို့မဟုတ် ဟိုး...တန်ဆောင်းတခုတွင်း ဝင်အိပ်နိုင်သည်။

လောလောဆယ်တော့ အိပ်ရန်မလိုသေး။ အိပ်ချင်ဦးတော့ အိပ်၍ရမည် မဟုတ်သေး။ နေက ကောင်းကောင်းမဝင်သေး။ ပြီးတော့ အနီးမှာက ဇာတ်ရုံကြီး တခု ရှိနေသည်။ ပွဲတော့ ရှိသေးဟန်မတူ။ ကလေးတသိုက်ကတော့ ဆော့နေကြ၏။

အဲအေးဆေးဆေး သူနားနေခိုက် တစုံတယောက်က သူ့အနီး လာ ရပ်သဖြင့် မော့ကြည့်မိသည်။

ထိုသူက အသက်ငါးဆယ်ခန့် ရှိမည်။ အဝတ်အစားက နွမ်းသော်လည်း မိမိလောက်တော့ မနွမ်း။ ခါးမရှိသောကိုယ်မှာ ဗိုက်က မရွှဲတရွှဲရှိသည်။ အသားက ညိုပြီး ပါးကဖောင်းသည်။ သည့်ပါးနှင့်မေးမှာ ပါးသိုင်းမွေး မုတ်ဆိတ်မွေးတို့ လွှမ်းနေသည်။ ညှဉ်းသိုးသိုးဆံပင်မှာ ဆံပင်ဖြူတွေ ရောနေသကဲ့သို့ ပါးမြိုင်းမွေး မုတ်ဆိတ်မွေး အချို့ကလည်း ဖြူ၍ ထိုးထိုးထောင်ထောင်နိုင်သည်။

ထိုသူက ခါးထောက်ထား၏။ လက်တဖက်ကမူ ဝါးကိုင်းခြောက် တချောင်းကို ကိုင်ထား၏။ ယင်းသို့ ခန့်ညားစွာရပ်ရင်း ထိုသူသည် ဘုရင်မင်းမြတ် တပါးဟန်ဖြင့် မိမိကို ရှုစားအကဲခတ်နေ၏။

မိမိကလည်း တည်ငြိမ်စွာဖြင့် သူ့ကို ပြန်ကြည့်၏။ ထိုသူသည် မိမိနှင့် မျက်နှာချင်းဆိုင်ရှိ တိုင်တလုံးကိုမှီလျက် ထိုင်၏။ မိမိကတော့ သူ့ကို ဆက်လက်စိုက်ကြည့်နေသည်။ သူကတော့ မိမိကို မကြည့်တော့ဘဲ မျက်လုံးများကို ပိတ်၍ပင်ထား၏။

မိမိက အတန်ကြာစွာ သူ့ကို စိုက်ကြည့်နေသေးသော်လည်း ထိုသူက မလှုပ်။ မျက်လုံးများလည်း မဖွင့်။

မိမိက သူ့ထံမှ မျက်လုံးလွှဲလိုက်သောအခါမှ အသံကြားရသည်။

“ဟဲ့ကောင်...လာစမ်း”

မိမိသည် အသံလာရာ သူ့ထံ လှမ်းကြည့်သည်။

သူကတော့ ပုံမပျက်။ မလှုပ်။ မျက်လုံးများလည်း မဖွင့်။ အသံသည် သူ့ထံမှလာသည် ဟုတ်ပါစ။

မလှုပ်။ မိမိသည် သူ့ကို လှုပ်လာမည်လားဟု စိုက်ကြည့်နေသေးသည်။ သူက မိမိက သူ့ထံမှ မျက်လုံးလွှဲလိုက်ပြန်သည်။ ပီပီသသဖြင့် အသံသည် ပေါ်လာပြန်၏။

“ဟဲ့ကောင်..လာစမ်း”

မိမိက လှည့်ကြည့်မိပြန်သည်။ သူက ယခင်အတိုင်းပင် မလှုပ်။ မျက်စိ များလည်း မဖွင့်။

“ဒီမှာ..ဘယ်သူ့ကို ခေါ်တာလဲ”

သည့်အခါ ကျတော့မှ စကားပြန်၏။

“မင်းကိုပေါ့”

စကားသာပြန်သည်။ မော့မကြည့်။ မလှုပ်။

"ကျွန်တော့်ကို..."

"အေး မင်းကို၊ မင်းကို အခစား ဝင်ခိုင်းနေတာ"

"ဘယ်လို"

"ရှေ့တိုးလာခဲ့"

ခက်ရချည့်။ မည်သို့ဖြစ်စေ စူးစမ်းလိုသောကြောင့် ခိုင်းသည့်အတိုင်း ရှေ့တိုးလိုက်၏။

"အဲ..အဲဒီလိုမှပေါ့၊ မင်းက မော့ဖူးခွင့် မပေးခင်ကတည်းက စိုက်ကြည့်နေတော့ ငါ ရာဇက္ကုန္နြေပျက်တာပေါ့၊ ဒါကြောင့် ငါ မျက်လွှာချထားရတယ်၊ အခု တော့ မထူးပါဘူး။ တယောက်မျက်နှာတယောက် ကြည့်ပြောကြတာပေါ့"

သူက မျက်လွှာလှန်၍ မိမိကို ကြည့်တော့၏။

"မင်း ... ငါ့မျက်လုံးကို စေ့စေ့ကြည့်ရဲလား"

"ကြည့်ရဲလို့ ကြည့်နေတယ် မဟုတ်လား"

"အေး အေး...မင်း တော်တော်အလျှောက်အတင့်ရဲတဲ့ကောင်ပဲ၊ ကြိုက်ပြီ လျှောက်..ဆက်လျှောက်"

"ဘာရယ်"

"ဆက်လျှောက်လို့ ခွင့်ပေးတော်မူနေတယ်"

"ဘာရယ်...ဆက်လျှောက်ရမယ်၊ ခင်ဗျားက ဘယ်သူလဲ"

"ငါတယောက်လုံးကို မင်းက မသိဘူး"

"မသိဘူး"

"မသိရင်နေ"

ထိုသူက စိတ်ဆိုးသွားဟန်တူသည်။ မိမိကို စကားဆက်မပြောတော့ဘဲ တဖက်သို့ လှည့်သွား၏။ ထို့နောက် အိတ်တွင်းမှ ပိုက်ဆံအကြွေများကိုထုတ်ကာ မြေပြင်၌ စီလျက်ချထား၏။ ပိုက်ဆံများကို လက်ညှိုးနှင့်တို့ကာ သူ့ကိုယ်သူပြောဟန် ညည်း၏။

"ဒီနေ့ ကျေးတော်မျိုး ကျွန်တော်မျိုးတွေ ငါ့ကို အခွန်မဆက်ဘူး၊ လို့... ခွေးမျိုးတွေ၊ ရှင်ဘုရင်ကိုယ်တိုင် သောက်ရှက်မရှိဘဲ လိုက်တောင်းနေရတော့ ဘယ်ကောင်းမလဲ၊ မိဖုရားကြီးကလည်း စားတော် လာမဆက်ဘူး၊ ဘယ်လင်နဲ့ သွားအိပ်နေလဲ မသိဘူး"

သူသည် ပိုက်ဆံများကို အိတ်တဖက်တွင်း ပြန်ထည့်လိုက်၏။ အခြား အိတ်တဖက်တွင်းမှ အထုပ်တထုပ်ကို နှိုက်ယူကာ ဖောက်ပြီးထွက်လာသော ကွာစေ့လှော်များကို တထောက်ထောက်ဖြင့် အခွန်ခွာစားနေ၏။

ကစားနေသော ကလေးများအနက် တဦးသည် သူတို့ကို မြင်သွား၏။

“ဟေး...ဟေ့..ဟိုမှာ..ဦးဘအေးကြီးရယ်”

“အေးဟေ့...မင်းတရားကြီးရယ်”

ကလေးတို့သည် သူတို့နှစ်ဦးထံ ဝိုင်းလာကြသည်။

“အား...ဟား..ဟား နှစ်ယောက်တောင်ဟေ့၊ အရူးနှစ်ယောက်တောင်”

သူက မျက်လုံးပြူးသွားသည်။ ကွာစေ့လှော် ပွဲတော်တည်နေသော ပုဂ္ဂိုလ်ကြီးက ဆတ်ခနဲထရပ်ပြီး ဝါးကိုင်းခြောက်ကို ကိုင်လျက် ကလေးတို့ကို မာန်ဖီကြည့်နေသည်။

ကလေးတို့၏ မျက်နှာကလေးများကား ပြုံးရွှင်နေကြသည်။ မျက်လုံးလေး များကလည်း တောက်ပြောင်နေကြ၏။

သူတို့သည် လက်ခုပ်များတီးလျက် သံပြိုင်အော်ကြသည်။

“မင်းတရား ..မင်းတရား...ဘအေး၊ မိဖုရားကြီး လင်နောက်လိုက်ပြေး”

မာန်ဖီနေရာမှ ပုဂ္ဂိုလ်ကြီးသည် ကလေးတို့ကို ဝါးကိုင်းခြောက်နှင့် လိုက် ရိုက်၏။

ကလေးတို့က ကွဲ့ရှောင်ပြေးကြသည်။ ဝေးဝေးတော့ မပြေး။ ပုဂ္ဂိုလ်ကြီး ကို အဝိုင်းမပျက်။ တစုကိုလိုက်လျှင် တစုက နောက်မှကပ်လာသည်။ အသံစာစာ လေးများကလည်း တကြော်ကြော်။

“မင်းတရား ...မင်းတရားဘအေး၊ မိဖုရားကြီး လင်နောက်လိုက်ပြေး”

လိုက်သူကလိုက်၊ စသူကစ၊ တအုန်းအုန်း၊ တရုံးရုံး။ မဖြစ်ပြီ။ မဖြစ်ချေပြီ။ အခွင့်ရှိခိုက် မိမိက လစ်ရပေမည်။ မလစ်သော် မိမိကိုလည်း သည်ကလေးတွေ ဘာလုပ်ကြမည်နည်း။

မင်းတရားကြီးနှင့် ကလေးတွေ အလုပ်များနေခိုက် စောင်းတန်းမှ သွက်သွက် သူထွက်လာခဲ့သည်။

သူသည် တာရိုးလမ်းအတိုင်း တောင်ဘက်သို့ ပြန်လျှောက်ခဲ့သည်။ ရုပ်ရှင်ရုံနားရောက်သောအခါ မြစ်ဘက်သို့ပြေးသော လမ်းကြားလေးတခုကို တွေ့ရသည်။

လမ်းကြားလေးအတိုင်း မြစ်ကမ်းဆီ သူလျှောက်လာခဲ့၏။

သူ့နှုတ်မှ ရေရွတ်မိသွားသည်။

သည်ဘက်ကမ်းမှ ကမ်းပါးကြီးက မြင့်သည်။ အိုင်သပြုက ကမ်းပါးကြီးထက်မြင့်သည်။ နံရံကြီးတခုကဲ့သို့လည်း စောက်မတ်သည်။ ဟိုဘက်ကမ်းမှာမူ ကမ်းပါးမြင့်ကြီး မရှိ။ ကွေ့နေသော မြစ်သည် သောင်ကို ထွန်းနေစေ၏။ ပြေပြေလျှောလျှောရှိသော သောင်ပြင်ကြီးက ဖွေးဖွေးဖြူနေသည်။ စိမ်းစိမ်း နုနု အပင်ပုလေးများကလည်း လွှမ်းနေသေး၏။

လှပငြိမ်းချမ်းသော ငွေသောင်ပြင်၊ ကျယ်လွင်လွတ်လပ်သော ငွေသောင်ပြင်၊ ရေနံ့သာဦးမှာ လျောင်းစက်နားမွေ့ ပျော်ဖွယ်ရာ ငွေသောင်ပြင်။

ငွေသောင်ပြင်က သူ့ကို ဖိတ်ခေါ်နေသည်။ သည်ဘက်ကမ်း ကမ်းပါးကြီး၏နံရံတွင် ထွင်းဖောက်ထားသော လှေကားထစ်များ ရှိနေသည်။ ကမ်းပါးသည် ပေသုံးဆယ်နီးပါးမြင့်သောကြောင့် လှေကားလမ်းသည် တောင်တက်လမ်းပမာ အချိုး နှစ်ချိုး ရှိနေသည်။

လှေကားလမ်းအတိုင်း ကမ်းပါးအောက်သို့ သူဆင်းလာခဲ့သည်။ ရေစပ်၌ လူသုံးဦးပါသော လှေငယ်တစင်းသည် ကမ်းမှခွာမည်ပြုနေ၏။

“ဟိုဘက်ကမ်း သွားမလို့လား”

“ဟုတ်တယ်”

“ကျွန်တော်ကော မလိုက်ရဘူးလား”

ကူးတို့ရှင်လူရွယ်က သူ့ကို စူးစမ်းသယောင် ကြည့်နေ၏။ အသက်ငါးဆယ်ကျော်ခန့် ဦးကြီးတဦးက ဝင်ပြော၏။

“လိုက်ပါစေကွာ၊ လှေချောင်သားပဲ၊ ကဲ မောင်ရင်၊ တက်..တက်”

သူက လှေပေါ်သို့ တက်လိုက်၏။

မြစ်ရေပြင်က မကျယ်။ ညင်သာစွာစီးနေသော ရေပြင်ကို လှေငယ်သည် ချောမွတ်စွာ ဖြတ်ကူးလာခဲ့၏။

တဖက်ကမ်း ရောက်သောအခါ ဦးကြီးနှင့် အဖော်သည် သောင်ပြင်ကို ဖြတ်၍ ကမ်းပေါ်ဆက်တက်သွားကြသည်။ ကူးတို့ရှင်က မြို့ဘက်သို့ ပြန်ကူးသွား သည်။

သောင်ရေစပ်မှာ သူတဦးတည်း ကြောင်တောင်တောင်နှင့် ကျန်ရစ်၏။

“သောင်ပြင်လွတ်သော...”

သူသည် အတွေးစကို ခေတ္တဖြတ်ပြီး အားရပါးရ ရယ်သည်။

“သောင်ပြင်လွတ်သော...အဲ...အဟဲ မင်းသားလေးလို” မင်းသားလေး။ အင်း...အဟင်း...မင်းသားလေး။ ဟိုတဦးကတော့ မင်းတရား။ မင်းတရားဘအေး။

သူသည် ထမင်းဆိုင်ရှင် အဒေါ်ကြီးနှင့် စာအုပ်ဆိုင်ရှင်လူရွယ်တို့ ပြောကြသော စကားရပ်များကို ပြန်သတိရသည်။ ထိုစကားရပ်များ၏ အဓိပ္ပာယ်ကိုလည်း ယခုမှ နားလည်သဘောပေါက်သည်။

သူတို့က မိမိကို မင်းတရားဘအနေနှင့် တဂိုဏ်းတည်း ထားလိုက်ပြီ။ ဪ..မိမိအသွင်သည် သည်ပုံသို့ ဆိုက်နေပြီလော။ မိမိဘ၀သည် သည်မျှ နိမ့်ချာသွားပြီလော။

ပထမတော့ သူ့ရင်တွင်း ၀မ်းနည်းပက်လက် ဖြစ်မိသည်။ ခဏ၌မူ အသိဉာဏ် လင်းရောင်ခြည်တခု ၀င်းလက်လာ၏။

မမျှော်လင့်သော အခွင့်အရေး။ သည်အခွင့်အရေးထက်ကောင်းသော အခွင့်အရေးသည် ဘယ်မှာ ရှိနိုင်သနည်း။

မိမိက မင်းတရားဘအနေနှင့် တဂိုဏ်းတည်း။ မင်းတရားဘအနေတို့ လူစားမျိုးက ခွင့်အလွှတ်အခံရဆုံး လူစားမျိုး။ ကလေးတို့မှလွဲ၍ မည်သူ၏ အနှောင့်အယှက်ကိုမှ မခံရသော လူစားမျိုး။ သည်လူ့လောကအလယ်မှ သီးသန့်နေရာရသော လူစားမျိုး။

သူသည် ရယ်လိုက်၏။ သည်တကြိမ်တော့ စိတ်ချမ်းသာ၍ ရယ်သည်။ နေက ၀င်သွားပြီ။ မှောင်တော့ မမှောင်သေး။ အနောက်ဘက်ကောင်းကင် တွင် ပန်းနုရောင် အများစု ကဲလွှမ်းနေသည်။ ခရမ်းရောင်များလည်း သန်းနေသည်။ လဲ့လဲ့ဖန့်ဖန့် စိမ်းနုနုအရောင်လေးများလည်း ပျံ့နေဆဲတည်း။

ကမ်းသာသောင်ငွေဦးက ကျယ်လွင့်ပြန့်ပြူးဘိသည်။ အေးလည်း အေးချမ်း ဆိတ်လည်း ဆိတ်ငြိမ်ဘိသည်။

သောင်သဲမြေဖြူဖြူပေါ်တွင် သူက ပက်လက်လှန် လှဲအိပ်လိုက်သည်။

ခိုပြာနုရောင် မပျောက်သေးသော ကောင်းကင်ကြီးတခုလုံးကို ပွင့်ပွင့် လင်းလင်းကြီး မြင်ရ၏။ အဆီးအတားဟူ၍ ဘာရယ်မျှမရှိ။ မလက်တလက် ငွေကြယ်လေးများကိုပင် မြင်ရသေးသည်။

ဪ…လွတ်လပ်ခြင်း။ မျှော်မှန်းတမ်းတခဲ့ရပါသော လွတ်လပ်ခြင်း။ သူ့စိတ်တွင်းမှ လွတ်လပ်ခြင်း။

*****

အခန်း [၃]

စျေးခြင်းတောင်းလေးကို လက်၌ဆွဲလျက် စျေးဘက်သို့ လျှောက်လာရင်း မသင်းနသည် ပြုံးမိ၏။

အချိန်က နံနက်ရှစ်နာရီထိုးခါနီးပြီ။ ဟိုယခင်ရက်များကဆိုလျှင် သည်အချိန်မှာ ကိုယ်ကို ယခုထက် ကြော့ကြော့လှလှအောင် ပြင်ဆင်ထားသည်။ မှုံ့နံ့သာ လည်း ယခုထက် ဖုန်အောင် လိမ်းခြယ်ထားသည်။ လက်တွင်းမှာတော့ ယခုလို စျေးခြင်းတောင်းလေး မဟုတ်။ ပြဋ္ဌာန်းစာအုပ်နှင့် မှတ်စုရေး ဗလာစာအုပ်များသာ တည်း။ ယခုလိုလည်း အေးအေးဆေးဆေး မလျှောက်နိုင်။ သင်တန်းလည်းမီ၍ ရှေ့ခုံတန်းလည်းရအောင် အဆောင်မှနေ၍ ဒရောသောပါးလေး ထွက်ခဲ့ရမြဲ ဖြစ်၏။ အိတ်ထိကလပ်စ်ခေါ် ရှစ်နာရီသင်တန်းချိန်။ မသင်းန မပျက်ရဲသော အင်္ဂလိပ်စာ သင်တန်းချိန်။

ယခုတော့ စျေးခြင်းတောင်းလေးကိုဆွဲရင်း မသင်းန အေးအေးဆေးဆေး လျှောက်လာနေသည်။ သြော်...သည်မှာကတော့ အေးအေးဆေးဆေး။ အားလုံး အေးအေးဆေးဆေး။

နေရောင်က ကြည်လင်နေသည်။ ဆောင်းလေလေးကတော့ ရှိနေသည်။ နှင်းလေးများလည်း မဝေ့တဝေတည်း။

စျေးမရောက်မီတွင် သံချောင်းပြားပြား ရှည်ရှည်များကို ထမ်းလာကြသူ များကို တွေ့ရ၏။

ယောက်ျားများကတော့ ထမ်းလာသည်။ မိန်းမများကတော့ ရွက်လာသည်။

သံချောင်းများဆိုတော့ လေးပေမည်။ ရှည်ရှည်လျားလျား ဆိုပြန်တော့ ရမ်းချင်ပေမည်။ မရမ်းမလည်အောင် ထိန်းရင်း လာနေကြရပုံပေါ်သည်။ အလေးချိန် နှင့် အရှိန်နှင့် ဖြစ်သောကြောင့် သူတို့မှာ အပြေးကလေး ပြေးနေသကဲ့သို့ ရှိသည်။ လမ်းက ကျဉ်းသောကြောင့် သူတို့နှင့် မတိုက်မိရန် အခြားသူများနည်းတူ မသင်းနက ဘေးသို့ဆင်းပြီး ရှောင်ရှောင်လျှောက်ပေးရ၏။

မနေ့က ရောက်ခဲ့သော စာအုပ်ဆိုင်နှင့် ထမင်းဆိုင်အနီး ရောက်သောအခါ ရှေးတူရှူမှ သံချောင်းပြားများကိုထမ်းလျက် မပြေးတပြေး လာနေသောသူတဦးကို တွေ့ရ၏။

သူတော့ တမူထူး၏။ ထမ်းလာရင်းက ကြိုတင်သတိပေးအော်လာ သည်။

“ဘေးကိုဗျ. ဘေးကို၊ အန္တရာယ်ကင်း ဘေးရှင်းကြဖို့ ဘေးကိုဗျ..ဘေးကို”

သူ့အသံကြောင့် လမ်းသွားလမ်းလာများ ပြုံးစိစိ ဖြစ်ကြသည်။ မသင်းန လည်း ပြုံးမိ၏။ သူ့အော်သံက ရိုးရိုးအော်သံ မဟုတ်။ နိဗ္ဗာန်ဆော်အော်သံပမာ သံနေသံထား အနိမ့်အမြင့် အဆွဲအငင်နှင့် ဖြစ်သောကြောင့်တည်း။

မိမိအနီးမှ ထိုသူ ဖြတ်သွားစဉ် ရုပ်ရည်ကို မှတ်မိလိုက်သော မသင်းနမှာ အနည်းငယ် အံ့သြပြီး အပြုံးလေးလည်း ရပ်သွား၏။ သူ..။ မနေ့က ထမင်းကို ဆားနှင့်သာ ဆုပ်စားနေရှာသူ။ သူ့အတွက် မိမိငွေနှစ်ကျပ် လှူခဲ့ရသူ။

ထမင်းဆိုင်ရှင် အဒေါ်ကြီးက တဖက်ဆိုင်မှ ကိုစိန်လှိုင်ကို လှမ်းပြော၏။

“မပြောလား၊ သူက တပုံစံလို့”

“ဟုတ်သဗျ၊ အဟဲ... ကိုသာခုတို့ကတော့ တပုံစံ” ထမင်းဆိုင်ရှင် အဒေါ်ကြီးက မသင်းနကို လှမ်းမြင်သွား၏။

“ဈေးဝယ်လာသလား မသင်းန”

“ဟုတ်ကဲ့ ဒေါ်ဒေါ်၊ အဲဒါထက် ဒါ ဘာသံချောင်းတွေလဲ”

“လှည်းဖနောင့်သံတွေလေ၊ မသင်းန မသိဘူးလား”

“ဩော်”

မသင်းန ရှက်ပြုံးလေး ပြုံးမိ၏။ လှည်းဖနောင့်ကိုတော့ အသိသား။ လှည်းဘီးတွင် မတပ်ရမီ လှည်းဖနောင့်သံကို မမြင်ဖူးသေး။

မသင်းနက ဝန်ခံ၏။

“လှည်းဖနောင့်သံ ကျွန်မ မမြင်ဖူးသေးဘူး ဒေါ်ဒေါ်ရဲ့ ဦးကြီး လယ် လုပ်ရက်နဲ့ လှည်းဖနောင့်သံကို မသိတာ ကျွန်မ ညံ့တာပေါ့”

အနီးသို့ ကပ်လာသော ကိုစိန်လှိုင်က ဝင်ပြောသည်။

“မသင်းန မမြင်ဖူးတာ မဆန်းပါဘူး၊ လှည်းဖနောင့်သံ မရတာ ကြာပြီး ဒီနှစ်မှ မူဝါဒသစ်အရ ဒါတွေ ရောက်လာတာ”

“ဘယ်လို.. ကိုစိန်လှိုင်၊ မူဝါသစ်အရ...ဟုတ်လား”

“ဟုတ်တယ်၊ မသင်းနလည်း သတင်းစာတွေထဲ ဖတ်ရမှာပေါ့၊ နိုင်ငံတော် အစိုးရက စပါးဈေးလည်း တိုးပေးတယ်၊ မိမိတာဝန်အရ ရောင်းရမှာထက် ပိုရောင်း လာတဲ့ စပါးမှန်သမျှအတွက်လည်း အထူးနှုန်း ထပ်ပေးတယ်၊ လယ်သမားတွေ အတွက် မရှိမဖြစ်တဲ့ လှည်းဖနောင့်သံ၊ အိမ်ရိုက်သံ၊ သွပ် စတဲ့ဟာတွေလည်း ပို့ပေးနေတယ်”

မသင်းနက ခေါင်းညိတ်ပြ၏။ သည်အကြောင်း သတင်းစာထဲ၌ ဖတ်ဖူး၏။

ယခု သည်မှာ အကောင်အထည်အဖြစ် မြင်ရသည်။

မသင်းနက စျေးတွင်းဝင်ရန် ခွာမည်အလုပ်၌ အဒေါ်ကြီးက ပြောသည်။

"ခုနက ဘယ်သူ...အဲ...ကိုသာခု...အဟဲ၊ ကိုသာခုကို မသင်းန တွေ့လိုက်သလား"

"ရှင်... ကိုသာခု"

"ခုနက သံနေသံထားနဲ့အငေါ်ပြီး လှည်းဖနောင့်သံချောင်းတွေ ထမ်းသွားတာလေ"

"ဪ..ဪ..၊ ကိုသာခု၊ သူ့နာမည် ကိုသာခု၊ ဟုတ်လား"

"မောင်စိန်လှိုင်က ပေးထားတဲ့ နာမည်ပါ၊ မနေ့က သူ့ထမင်းဖိုး မသင်းန က ပေးသွားတယ်ဆိုလို့၊ ပေးသွားတဲ့ဆု၊ နားထောင်မလား"

"ရှင်..."

"သာခု..တဲ့၊ အလှူရှင်မလေး ချမ်းသာပါစေတဲ့၊ သူ့မျက်စိမမှားရင် အင်မတန်ချောတဲ့ ကလေးမတဲ့၊ နောက်ဘဝကျ သည့်ထက် ချောပါစေတဲ့၊ သူ ဒီလို ဆုပေးသွားတဲ့အကြောင်းလည်း မသင်းနကို ပြောပြပေးပါတဲ့"

မိမိကို ချီးမွမ်းမြှောက်ပင့်ခြင်း ပါနေသော စကားဖြစ်သောကြောင့် မသင်းန ၏ ပါးလေးမှာ အနည်းငယ် ရဲသွား၏။

"ဆုက အကောင်းပေးသွားတာပဲ၊ ကျေးဇူးတင်ရမှာပေါ့ ဒေါ်ဒေါ်ရယ်"

"အေးပေါ့၊ ဒါပေမဲ့ သနားစရာပါဟယ်"

"ရှင်..သနားစရာ"

"အေးဟဲ့၊ ငါက အစက အကောင်းမှတ်နေတာ၊ သူ ဘယ်ကလာလဲ မေးတော့ မဖြေနိုင်ဘူး၊ မဖြေနိုင်တာ မဟုတ်ပါဘူးလေ။ သူပြောသွားတာ ဘာပါလိမ့် မောင်စိန်လှိုင်"

"လူဆိုတာ ကိုယ် ဘယ်ကလာတယ်ဆိုတာ သိသလားတဲ့၊ ဘယ်သွား မယ်ဆိုတာကော သိသလားတဲ့၊ သူသိတာက သူဟာ သံသရာခရီးသွားတဲ့၊ စကား ကတော့ ခန့်ညားတယ် မသင်းနရေ.."

မသင်းနက စဉ်းစား၏။ သည်စကားက ခန့်ညားသည်ထက် ထူးဆန်း သည်။ စိတ်ဝင်စားဖွယ် ကောင်းသည်လည်း ထင်၏။

အဒေါ်ကြီးကသာ ဆက်ဝင်ပြော၏။

"ဒါကြောင့် ငါကပြောတာ၊ တို့မြို့တော့ မင်းတရားဘအေးအပြင် တယောက် တိုးပြီလို့၊ သူက တပုံစံ၊ ဘအေးက တောင်းလည်း တောင်းသေးရဲ့ အပေါ်စီးကလည်း

နေသေးရဲ့ သူ့ခများကတော့ကြည့်၊ မတောင်းဘူး၊ ဝင်အလုပ်လုပ် နေတယ်”

အဒေါ်ကြီး၏ လေသံမှာ ကရုဏာသံပါ၏။ မသင်းနု၏ ရင်မှာလည်း ကရုဏာသက်မိ၏။

ဆက်ပြောရန် စကားမရှိတော့သဖြင့် မသင်းနုသည် ဈေးတွင်းသို့ ဝင်ခဲ့၏။

ထိုနေ့က နံနက်စာအမီ အိမ်သို့ ဦးကြီးထွန်းသာလည်း ရောက်လာသည်။ ဦးကြီးက တဖက်ကမ်းမှာ လယ်လုပ်သည်။ ယနေ့ လှည်းဖနောင့်သံ လာထုတ်သည် ဆို၏။

ဦးကြီး၏မျက်နှာမှာ ရွှင်ပျနေ၏။ အမူအရာများကလည်း တက်ကြွနေသည်။

ထမင်းစားကြရင်း မသင်းနုက မေးသည်။

“ဦးကြီး လှည်းဖနောင့်သံ ရလား”

“ရတာပေါ့ဟ၊ ငါက တာဝန်ကျေတဲ့အပြင် ပိုတောင်ရောင်းနိုင်တဲ့လူပဲ ဟ၊ အိမ်ရိုက်သံနဲ့ သွပ်လည်းရမယ် ပြောတာပဲ၊ သွပ်ကတော့ သူတို့ မှချရဦးမယ် ပြောတာပဲ၊ သံလောက်ရလည်း မဆိုးပါဘူးဟ၊ တို့ဒီအိမ်လည်း ပြင်စရာတွေ ရှိနေတယ်၊ အံမယ်.. ရေဒီယိုတောင် ရမယ်ဆိုလား၊ ငါတော့ တလုံး ဝယ်ဖြစ်အောင် ဝယ်ဦးမယ်”

“ဦးကြီးက ရေဒီယို ဘာလုပ်ဖို့လဲ၊ သီချင်း နားထောင်မလို့လား”

“တယ်...ရေဒီယိုဆိုတာ သီချင်းပဲ နားထောင်ရတယ်လို့ နင့် ဘယ်သူ ပြောလဲ၊ သတင်းပါတယ်၊ ဗဟုသုတတွေပါတယ်၊ တို့လယ်သမားတွေအတွက် သီးသန့်အစီအစဉ်တွေပါတယ်၊ မိုးလေဝသသတင်းတခုတည်းကတင် တို့အတွက် တန်ဖိုးအများကြီးရှိတယ်၊ နင် နားလည်ရဲ့လား”

မသင်းနုက ပြုံးပြီးဇက်ပုသွား၏။ ဦးကြီးပြောမှ သဘောပေါက်သည်။ ရေဒီယို ဆိုသည်မှာ သီချင်းနားထောင်ဖို့သာ မဟုတ်။

“နင် လယ်တဲဘက် မလာသေးပါလား၊ အခုပျော်ဖို့ ကောင်းနေတယ်ဟ”

“လာမလို့ပဲ၊ ရောက်ရောက်ချင်း ဒီမှာ စကားရည်လုပွဲက ရှိနေတော့ ဝင်ပြောပေးပါဆိုလို့၊ ပြောဖို့က ပြင်ရဆင်ရ ဇာတ်တိုက်ရတယ် ဦးကြီးရဲ့ ဒါကြောင့် ကျွန်မ မကူးဖြစ်သေးတာ”

“နင်တို့ကျောင်း ဘယ်တော့ပြန်ဖွင့်မလဲ”

“မသိသေးဘူး၊ ဖွင့်တော့ ဦးကြီးပြောသလိုပဲ ရေဒီယိုက ကြေညာမှာပေါ့”

“အေးလေ..ဖွင့်တော့ ပြန်သွားတာပေါ့၊ ဦးကြီးပြောချင်တာက နင် မပူနဲ့လို့၊ ဖြောင့်ဖြောင့်သာ စာတတ်အောင်သင်၊ ဦးကြီး ကောင်းကောင်းအလုပ်လုပ် နိုင်သေးတယ်၊ အံမယ်... နင်လာရင် ကြည့်စမ်း၊ ငါ့မြေပဲပင်တွေ ထနေတာလည်း

စိမ်းနေတာပဲ၊ ဒီနေ့ ငါ အော်ဒရင်းလည်း ထုတ်သွားဦးမယ်၊ ဖိုးလမင်းပိုးကို အော်ဒရင်းမှ နိုင်တာ၊ ဖိုးလမင်းပိုး မကျရင်၊ ကျလည်း နိုင်ရင် ဘာမှကြောက်စရာ မရှိဘူး”

ဦးကြီးက ထမင်းလုပ်ကြီးကြီး စားရင်းက အားရပါးရ ပြောနေ၏။ ထမင်းဝိုင်းရှိ လူအားလုံးကို မသင်းနုက ကြည့်မိသည်။ မိမိပါမှ အားလုံးလေးယောက်တည်း။ ဩော်.. အမှန်က ခြောက်ယောက် ရှိဖို့ ကောင်းသည်။

အမေနှင့် ဒေါ်လေးက ဆိတ်ငြိမ်စွာ စားသောက်နေကြ၏။

အမေရော ဒေါ်လေးပါ ပင်ကိုက စကားနည်းသည်။ ဦးကြီးရှေ့မှာဆိုလျှင် ပိုစကားနည်းကြသည်။ သူတို့အစ်ကိုကို သူတို့ အလွန်ရိုသေ ကြောက်ရွံ့ကြ သည်။

ဦးကြီး၏အသက်က ခြောက်ဆယ်နားနီးပြီ။ တကယ်ဆိုလျှင် မြို့ကလူတို့ ပင်စင်ယူချိန်တည်း။

ဩော်...ယခုထမင်းဝိုင်းမှာ လူခြောက်ယောက်ရှိလျှင်၊ အဖေနှင့် ဦးလေးထွေးမောင်သာ ရှိလျှင်၊ ဦးကြီးလည်း အနားယူချင်နေပေမည်။ ယခုတော့...။ ထမင်းစားသောက်ပြီးသောအခါ သူ့ကိစ္စများ ဆောင်ရွက်ရန် ဦးကြီး ထွန်းသာအိမ်မှ ထွက်သွား၏။

ဒေါ်လေးက စက်ချုပ်သည်။ ကျန်းမာရေး မကောင်းလှသော အမေက တရေးတမောအိပ်၍ အနားယူသည်။

မသင်းနုက မပြီးသေးသော ဝတ္ထုကိုယူလျက် ခြံတွင်းဆင်းပြီး သစ်ပင်ရိပ်၌ ဖတ်၏။

ဝတ္ထုက မသိစိတ်ဟုခေါ်သော စိတ်ပညာသဘောတရားတခုပေါ် အခြေခံ ၍ ရေးထားသည်။ ဝတ္ထုတွင်းမှ ဇာတ်လိုက်က မသိစိတ်၏ ဖုံးလွှမ်းမှုကြောင့် သူ့ ဘဝကို သူမေ့နေသည်။ သူ့အဖြစ်မှာ စိတ်ဝင်စားဖွယ်လည်း ကောင်းသည်။ ရယ်ဖွယ် လည်း ကောင်းသည်။ သနားဖွယ်လည်း ကောင်း၏။

ဝတ္ထုဖတ်ရင်းက မသင်းနုသည် တစုံတယောက်ကို သွားသတိရသည်။ ကိုသာစု။ အင်း... ကိုစိန်လှိုင်တို့ခေါ်သော ကိုသာစု။

ကိုသာစုကလည်း သူဘယ်ကလာသည်ကို မသိဟု ဆိုသည်။ သူသိသည် က သူ့ကိုယ်သူ သံသရာ့ခရီးသွားတဦး ဟူသတည်း။

သံသရာ့ခရီးသွား။ သည်စကားက ကဗျာဆန်သည်။ အနည်းဆုံး စာပန်းချီ ဆန်သည်။ ကဗျာနှင့် စာပေက အသုံးအနှုန်းတခု။ လမ်းမပေါ်မှာ လူတိုင်း နေ့စဉ်သုံးသော အသုံးအနှုန်း မဟုတ်။ သည်လိုဆိုလျှင်...။

“မြတ်စွာဘုရား”

မသင်းနုသည် အံ့ဩစွာ ရေရွတ်မိသည်။ သည်လိုဆိုလျှင် ကိုသာစုသည် လည်း ဘဝကို မေ့လာလေသူလော။ သည်ဝတ္ထုတွင်းမှ ဇာတ်လိုက်ကဲ့သို့ မသိစိတ်

လှမ်းမိုးသောကြောင့် ဘဝကို မေ့လာလေသလော။

မသင်းနု၏ရင်မှာ ခုန်လာသည်။ ဝတ္ထုကို ပိတ်လိုက်ပြီး ရင်တဖိုဖိုဖြင့် စဉ်းစားခန်းဝင်သည်။

တကယ့်အဖြစ်အပျက်သည် စိတ်ကူးယဉ်ဝတ္ထုထက် ဆန်းပြားသည်။ သည့်စကားရပ်ကို ကြားဖူး၏။ မိမိသည် စိတ်ကူးယဉ်ဝတ္ထုထက် ဆန်းပြားသော အဖြစ်အပျက်တခုကို ကြုံတွေ့နေရပါသလော။

ကိုသာစု၏အသွင်သည် မသင်းနု၏မျက်လုံးများတွင် တရေးရေးပေါ်လာသည်။

မုတ်ဆိတ်နှင့် ပါးမြိုင်းမွေးများ။ ဟုတ်သည်။ မုတ်ဆိတ်နှင့် ပါးမြိုင်းမွေး များ။ ယင်းတို့ကို ရေးဦးစွာ မြင်ယောင်လာသည်။ မြန်မာဟူသည်က မုတ်ဆိတ်နှင့် ပါးမြိုင်းမွေးများကို တမင်ထားလေ့မရှိ။ လမ်းသရဲဟူသည့် ကြောင်တောင်တောင် သတ္တဝါများပင်လျှင် ဆံပင်သာ အရှည်ခံကြသည်။ မုတ်ဆိတ်နှင့် ပါးမြိုင်းမွေးများ ကို အရှည်မခံကြ။ မုတ်ဆိတ်နှင့် ပါးမြိုင်းမွေးများ ရှည်ရသည်မှာ မရိတ်သောကြောင့် သာ ဖြစ်သည်။ တနည်းဆိုပြန်တော့ တချိန်က မှန်မှန်ရိတ်ခဲ့ရမည်။ မှန်မှန်ရိတ်၍ လည်း သန့်ကြပ်ရသည်။ တောအရပ်က လူများသည် မုတ်ဆိတ် ပါးမြိုင်းမွေး မရိတ်ကြ။ ဦးကြီးပင်လျှင် သူ့မျက်နှာမှ တပင်စ နှစ်ပင်စ ထွက်သမျှကို မွေးညှပ်နှင့် နုတ်ပစ်သည်။ ထို့ကြောင့်လည်း ဦးကြီး၏မျက်နှာမှာ အမွေးအမှင်တို့ မသန်။ မြို့ကလူများသာ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေး ရိတ်တတ်ကြသည်။ တက္ကသိုလ်အထူးဆိုင်မှာ ကျောင်းသားများကို မုတ်ဆိတ်ရိတ်ဘလိတ်ဓားလေးများ ရောင်းပေးသည်ကို သတိရသည်။ ရိတ်ထားသော မုတ်ဆိတ်မွေး ပါးမြိုင်းမွှေး စိမ်းစိမ်းရှိသော ပါမောက္ခနှင့် ကထိကများကိုလည်း သတိရသည်။

ဪ...မိမိ၏ သူငယ်ချင်းမ ဆွေဆွေမြင့်သည် ကျောင်းပိတ်၍ ပြန်ခါနီးတွင် မိုလ်ချုပ်ဈေးအတွင်းမှ အင်မ်ဂျီဖိုက်တံဆိပ် အက်ဖတာရှေ့ဖ်လိုရှင် ဝယ်သည်ကို တွေ့ရ၏။ ဈေးက အကြီး သား။ လေးဆယ့်ငါးကျပ် ဖြစ်၏။ အရည်လေးက စိမ်းလဲ့လဲ့နှင့် လှ၏။ ရနံ့လေးက လည်း ကြိုင်ကြိုင်သင်းသင်း။ မုတ်ဆိတ်ရိတ်ပြီးလျှင် လိမ်းရသော ဆေးမွှေးရည်ဟုသိရသည်။

ဆွေဆွေမြင့်က သူ့အဖေအတွက် အိမ်ပြန်လက်ဆောင်ဟု ပြောပြသည်။ ကိုသာစုသည်လည်း မုတ်ဆိတ်မွေး ပါးမြိုင်းမွေး မှန်မှန်ရိတ်ခဲ့သူ ဖြစ်ရ မည်။ ဆွေဆွေမြင့်၏ ဖခင်ကဲ့သို့ ဈေးကြီးသော အက်ဖတာရှေ့ဖ်လိုရှင်သုံးသော လူတန်းစားထဲကများ ဖြစ်နေမည်လော။ မပြောတတ်။ မပြောနိုင်။ မည်သူပြောနိုင် ပါမည်နည်း။

ကိုသာစု၏ အသားအရေက မုတ်မိသမျှ ဖြူဝင်းသည်။ အဝတ်အစားတို့ကတော့ နွမ်းလှသည်။ ညှိုညှိုညစ်ညစ်လည်းနိုင်သည်။ နွမ်းမည် ညစ်မည်ပေါ့။ ဘာတွေကြုံတွေ့ရခဲ့မှန်းမှ မသိ။ ဪ.. သူ့မျက်လုံးများ။ ခေတ္တရင်ဆိုင်ခဲ့ရသော သူ့မျက်လုံးများ။ သည့်မျက်လုံးများကတော့ ပျော့ပျောင်းသည်။ ရီရီဝေဝေ ဆွေးဆွေး မြည့်မြည့်လည်း ရှိသည်။

မသင်းနု၏ရင်မှာ ကရုဏာတဖွားဖွား ပေါ်လာသည်။ သည့်ကြားထဲက ဖိုလည်းဖို၏။

မိမိအလုကို သူသိသည်တကား။ နောင်ဘဝတွင် ပို၍လှပါစေဟုပင် ဆုပေးသွားသည် ဆိုသည်မဟုတ်လော။

မသင်းနုသည် ရုက်ပြုံးလေး ပြုံးမိ၏။ မိမိသည် စိတ်ကူးယဉ်မိနေလေသည်တကား။ အခေါင်ငြိမ်းသာသိလျှင် သရော်ဦးတော့မည်။ စိတ္တဇဝတ္ထုတွေဖတ်ပြီး စိတ္တဇဆန်ရုံမက စိတ္တဇဆန် စိတ်ကူးယဉ်သည်ဟု သရော်ဦးတော့မည်။

မသင်းနုသည် ဝတ္ထုကို ပြန်ဖတ်၏။ ခါတိုင်း ဝတ္ထုဖတ်လျှင် ဇာတ်လိုက်၏အသွင်မှာ မထင်ရှား။ ဝေဝေဝါးဝါးသာဖြစ်သည်။ ယခုမူ ဇာတ်လိုက်၏အသွင်က ထင်ရှားနေသည်။ သူ့အသွင်။ ကိုသာစုအသွင်။

ဝတ္ထုဖတ်လိုက်၊ စိတ်ကူးယဉ်လိုက်နှင့် မသင်းနုမှာ နေစောင်း၍ စောင်းလာမှန်း သတိမပြုမိ။ အိမ်ရှေ့မှ ဦးကြီး၏ အသံကြားမှ နေရာမှ ထခဲ့၏။

“ဦးကြီး ကိစ္စတွေ ပြီးပြီလား”

“အေး…ပြီးသလောက် ပြီးပြီဆိုပါတော့ဟာ၊ နင် ငါ့ကို မြစ်ဆိပ်လိုက်ပို့ပါလား”

“ပို့မယ်လေ၊ ကျွန်မ ဘာသယ်ရမလဲ”

“ဟောဒါလေးတွေလေ၊ အခုသယ်ဖို့ မလိုပါဘူး၊ မြစ်ဆိပ်ဆင်းမှ၊ လှည်းဖနောင့်သံတွေ ငါ စိန်လှိုင်တို့ဆိုင် အပ်ထားခဲ့တယ်”

စက်ချုပ်နေရာမှ ဒေါ်လေးက ထလာ၏။

“မိန ဘာကြောင့် လိုက်ပို့ရမလဲ၊ ကျွန်မ လိုက်ပို့မယ်၊ သယ်စရာရှိ ကျွန်မ သယ်ပေးမယ်”

ဒေါ်လေးစေတနာကို မသင်းနု သိသည်။ အပျိုအရွယ်၊ ပြီးတော့ ကောလိပ်သူ မိမိကို ဒေါ်လေးက ရွှေမင်းသမီးလေးပမာ ထားချင်သည်။ နံနက်ဈေးသွားသည် ကိုပင် မကြိုက်ချင်။

အမေက တောင်းတလုံးတွင် ဆီပုလင်း၊ ဆား၊ လက်ဖက်ခြောက်၊ ငါးခြောက် စသည်တို့ကို ထည့်နေရင်းက ပင် ထောက်ခံ၏။

“ဟုတ်သားပဲ သမီး၊ ညည်းဒေါ်လေး လိုက်ပို့မှာပေါ့၊ ဟောဒီတောင်း ရွက်နိုင်လို့လား”

“ရွက်နိုင်ပါတယ်၊ ပြီးတော့ ကျွန်မ စာဖတ်တာ ခေါင်းလေးပြီး ညောင်းလည်း ညောင်းနေလို့၊ နော်… ဦးကြီး၊ ဦးကြီးနဲ့ ကျွန်မပဲ မြစ်ဆိပ်ကို လိုက်ခဲ့မယ်နော်”

“အေးပါ၊ ငါကလည်း စကတည်းက နင့်ခေါ်တာပါ၊ အေးမှင် နင် မလိုက်ပါနဲ့၊ မိနပဲ လိုက်ပါစေ၊ အဲဒီတောင်း ငါထမ်းမယ်””

မသင်းနုနှင့် ဦးကြီးတို့သည် အိမ်မှ ထွက်လာကြ၏။

ဦးကြီးက တောင်းကို ထမ်းသည်။ မသင်းနုက ပိုးသတ်ဆေးဘူးနှင့် အခြားအထုပ်လေးများကို သယ်လာသည်။ ကိုစိန်လှိုင်တို့ ဆိုင်အရောက်တွင် မသင်းနုက ထမင်းဆိုင်ဆီ လှမ်းကြည့် သည်။

မသင်းနု၏ရင်လေး ဖိုသွား၏။ ကြုံမှုကြုံပြန်ပလေ။ သူ..အဲ.. ကိုသာစုက ထမင်းထိုင်စားနေသည်။ သည်တကြိမ်တော့ သူ့ရှေ့မှာ ဟင်းခွက်တွေ ဘာတွေနှင့် အကျအန။

ထမင်းဆိုင်ရှင် အဒေါ်ကြီးက မသင်းနုကို ပြုံးနှုတ်ဆက်၏။ သူ့ထံလည်း မေးထိုးပြီး ညွှန်ပြ၏။

ဦးကြီးက တောင်းကိုချ၏။ ထို့နောက် လှည်းမနောင့်သံနှစ်ပြားကိုထမ်း၏။

"မိနု တောင်းကို ငါ့ပခုံးတဖက် တင်ပေး"

"အို... ဦးကြီးကလည်း တောင်းကိုပါ ကျွန်မ သယ်မှာပေါ့" "နင့်လက်ထဲမှာလည်း ရှိသေးတယ်။ တင်ပါ၊ တောင်းကို ငါ့ပခုံးပေါ်"

"ဟင့်အင်း...ကျွန်မ သယ်မယ်"

"တယ်ခက်တာပဲ၊ မောင်စိန်လှိုင်ရေ . . အဲဒီတောင်း ငါ့ပခုံးပေါ်တင်စမ်း"

"ကိုစိန်လှိုင် တင်မပေးနဲ့"

ကိုစိန်လှိုင်က ရယ်၏။

"ဒုက္ခပဲ၊ ကျွန်တော် ဘယ်သူ့စကား နားထောင်ရမှာလဲ"

ဘယ်အချိန်က ထမင်းစားပြီးသွားသည်မသိ၊ သူက အနီးကပ်လာ၏။ လက်ဆေးပြီးစမို့ သူ့လက်တွင် ရေတွေစိုနေသေး၏။ သူက လက်ကို ပုဆိုးနှင့် သုတ်လိုက်ပြီး ဆို၏။

"အဲဒီသံတွေ ကျွန်တော် ထမ်းပေးမယ်"

ဦးကြီးက အကဲခတ်ဟန် မျက်မှောင်တွန့်လျက် သူ့ကို ကြည့်၏။

သူက ပြုံးလိုက်ပြီး ပြော၏။

"လှံထမ်းလာတာ မြင်ရတယ်။ ကံထမ်းလာတာ မမြင်ရဘူး၊ သံထမ်းလာတာလည်း မြင်ရတာပဲ၊ ဒီနေ့တနေ့လုံး ကျွန်တော် သံထမ်းနေတာ မြင်ကြသားပဲ၊ မဟုတ်ဘူးလား၊ သံထမ်းတော့ ကံလမ်းပွင့်ပြီး ဒီနေ့ ထမင်းကို ဟင်းနဲ့စားရတယ်၊ အဲလေ ..မနေ့ကလည်း ထမင်းကို ဟင်းနဲ့ စားရသားပဲ၊ အဲဒါကြောင့် ကံထမ်းလာတာ မမြင်ရဘူးပြောတာ၊ သိပ်မှန် အားကြီးမှန်"

ဦးကြီးက မျက်လုံးပြူး၍ သူ့ကို ကြည့်သည်။ အဒေါ်ကြီးနှင့် ကိုစိန်လှိုင် တို့က တခွိခွိရယ်ကြ၏။ မသင်းနုက ဣန္ဒြေဆောင်လျက် ပြုံးရုံ ပြုံးနေသည်။

"ပေးပါ ဦးကြီး၊ ကျွန်တော် ထမ်းမယ်၊ အဲဒီတောင်းပါ ထမ်းမယ်"

ပြုံးနေရာမှ မသင်းနု၏ရင်မှာ ကရုဏာသက်လာသည်။ သူ့ခမျာ ထမ်းချင်ရှာသည်။ ထမ်းမှ လုပ်အားခ ရမည်။ လုပ်အားခရမှ သူပြောသကဲ့သို့ ထမင်းကို ဟင်းနှင့် စားရမည်။

မသင်းနုက ဝင်တိုက်တွန်း၏။

"ဟုတ်ပါတယ် ဦးကြီးရယ်၊ သူထမ်းချင်ရှာလို့နဲ့ တူပါတယ်၊ ထမ်းပါစေ၊ ကဲ ထမ်းထမ်း"

တိုက်တွန်းရုံတင်မက မသင်းနုသည် တောင်းကို သူ့ပခုံးပေါ်တင်ပေး လိုက်၏။ ဦးကြီးကလည်း လက်လျှော့လိုက်ဟန်ဖြင့် လှည်းဖနောင့်သံကို သူ့ထံ ပခုံးပြောင်းပေးလိုက်၏။

"ကဲ....ဘယ်ကိုသွားရမှာလဲ"

ဦးကြီးက ဖြေ၏။

"အမှတ် ၂ ဆိပ်ကိုလေ..."

"ဟာ.. ညောင်ပင်လေးတို့၊ ပန်းဆိုးတန်းတို့၊ ဗော်တင်တို့ကိုသာ ကျွန်တော်က သိတာ၊ ခင်ဗျားတို့မြို့ကဆိပ်တွေ ကျွန်တော် အကုန်မသိသေးဘူး"

"ဟို ရုပ်ရှင်ရုံနားက ဆင်းတဲ့ဆိပ်လေကွာ"

"အာ..သိပြီ..သိပြီ"

သူက ရှေ့မှသွား၏။ ဦးကြီးက မသင်းနု၏လက်မှ ပစ္စည်းများကို ခွဲယူကာ နောက်မှလိုက်၏။ မသင်းနုကတော့ နောက်ဆုံးမှ လိုက်လာ၏။ သူက ရှေ့ဆုံးမှနေ၍ အော်သည်။

"ဘေးကိုဗျ...ဘေးကို၊ ကံထမ်းလာတာ မမြင်ရင် ကိစ္စမရှိဘူး။ သံတမ်းလာတာ မမြင်မှ ကိစ္စတွေများကုန်မယ်၊ ဘေးကိုဗျ ဘေးကို"

သည်လိုနှင့် မြစ်ဆိပ်သို့ ရောက်သွားကြ၏။

ကမ်းပါးတွင် ထွင်းဖောက်ထားသော လှေကားထစ်လမ်းအတိုင်း လှည်းဖနောင့်သံပြားချောင်းတို့ကို သူက ခဲရာခဲဆစ် သယ်ချ၏။

ကူးတို့လှေလေးပေါ်သို့ ပစ္စည်းများ သယ်တင်ကြသောအခါ ရေမစိုရွှံ့မပေသော နေရာကတင်ရပ်လျက် မသင်းနုက ကြည့်နေတော့သည်။ ဦးကြီးက သူ့ကို ငွေတကျပ် ထုတ်ပေးသည်။

သူက ခေါင်းလည်းခါသည်။ လက်လည်းကာသည်။

ဦးကြီးက အံ့ဩစွာ ဆို၏။

“ဟေ…ဘယ်လိုလဲ၊ နည်းလို့လား”

“အို အို…မနည်းပါဘူး၊ တကျပ်ဆိုတာ ဘယ်နည်းမလဲ၊ တကျပ်နှစ်ခါဆိုရင် ထမင်းတနပ် ကြက်သားဟင်းနဲ့ စားလို့ရတာကြီး”

“ဒါ ဖြင့်ယူလေ”

သူက ခေါင်းခါမြဲခါ၏။ ထို့နောက် မသင်းနုကို လှမ်းကြည့်၏။ မသင်းနုကလည်း ချိုသာစွာ ပြုံးပြပြီး တိုက်တွန်း၏။

“ယူလိုက်လေ”

သူ့မျက်နှာက တမျိုးပြောင်းသွား၏။ ညှိုးသွားသည်ဟု မသင်းနု ထင်သည်။

သူက တည်ငြိမ်စွာ ပြော၏။

“ဆာနေတုန်းကျွေးတဲ့ ထမင်းတနပ်ဟာ တန်ဖိုးဖြတ်လို့ မရပါဘူး၊ ခက်ထန်ပါတယ်ဆိုတဲ့ လောကမှာ ငတ်နေသူကို ထမင်းကျွေးတဲ့ ကရုဏာရှင်တွေ ရှိတာ ကျွန်တော် သိပြီ၊ ဒီလိုပဲ၊ ယုတ်မာတယ်ဆိုတဲ့ လောကမှာ ကျေးဇူးသိတတ်တဲ့ လူတွေ ရှိပါတယ်”

သည်လိုဆိုပြန်တော့ သူ့စကားက ခန့်ညားနေပြန်သည်။

မသင်းနု၏ရင်မှာ လှိုက်လာ၏။ မျက်လုံးတို့တွင် မျက်ရည်လေးများပင် အနည်းငယ် စို့လာသည်။

“ဩော်… ရှင် ဆိုလိုတာက ကျွန်မတို့က ပိုက်ဆံမပေးရင် ရှင် စိတ်ချမ်းသာမယ်ပေါ့”

“ကျုပ်စိတ်ကို မိန်းကလေး သိသားပဲ”

“ဒါပေမဲ့ ရှင် ထမင်းစားဖို့က လိုသေးတာပဲ မဟုတ်လား”

“ကျုပ်မှာ အခု ပိုက်ဆံတွေ အများကြီးရှိတယ်”

သူက အိတ်တွင်းမှ ကျပ်တန်များကို နှိုက်ယူပြ၏။

“မြင်လား၊ ငါးကျပ်တောင်”

မသင်းနု ဘာမျှမပြောနိုင်။ ဘာမျှလည်း မပြောရက်တော့။ ခများ စိတ်ချမ်းသာပါစေ။

ဦးကြီးကမူ သူတို့နှစ်ဦး ပြောနေကြသည်ကို တလုံးမျှ နားမလည်။ သူ့ကိုတလှည့်၊ မသင်းနုကိုတလှည့် စူးစမ်းဟန် ကြည့်နေ၏။

မသင်းနုက သက်ပြင်းလွှတ်ပြီး ပြုံးလျက် ဦးကြီးကို ပြောသည်။

"ဦးကြီး ပိုက်ဆံမပေးပါနဲ့တော့၊ မနေ့က သူ့ကို ကျွန်မ ကူညီဖူးတယ်၊ အခု သူက တုံ့ပြန်ကူညီတယ်၊ ဪ… ကျေးဇူးတင်ပါတယ်ရှင်"

သည်တော့မှ သူက ပြုံးသည်။

ဦးကြီး လှေပေါ်တက်အပြီး၌ ကူးတို့သမားကို ကူ၍ သူက လှေကို ရေလယ်သို့ တွန်းပေးသည်။ သူလည်း လှေပေါ်သို့ တက်လိုက်၏။

ဦးကြီးက အနည်းငယ် အံ့ဩလျက် မေးသည်။

"မောင်ရင်က ဟိုဘက်ကမ်း လိုက်မလို့လား"

"ဟုတ်ကဲ့၊ အဲဒီမှာလည်း ကျွန်တော် သယ်ပေးဦးမယ်"

"အို … မောင်ရင် ဒီဘက်ကမ်း ဘယ်လိုပြန်မလဲ"

"ကိစ္စမရှိပါဘူး၊ ညရောက်တော့မယ်၊ အိပ်တန်းတက်ချိန်"

"ဘယ်လို…"

"ကျေးငှက်တွေ အိပ်တန်းတက်ချိန်၊ ကျွန်တော်လည်း အဟဲ… အုံးစက်ရာဝင်ချိန်"

"ဪ…မောင်ရင်လည်း ဒီဘက်ကမ်းမှာ နေသလား"

"ဟုတ်ကဲ့"

ဦးကြီးသည် ဘာမျှဆက်မမေးတော့ဘဲ ခွာလာရာ ကမ်းဘက်ဆီ ပြန်ကြည့်၏။

မသင်းနက ကမ်းပါးထိပ်သို့ ပြန်ရောက်နေပြီး၊ ဦးကြီးကို လက်ကလေး မြှောက်ပြနှုတ်ဆက်ပြီး မသင်းန မြင်ကွင်းမှ ပျောက်ကွယ်သွား၏။

တဖက်ကမ်းသို့ ရောက်သောအခါ သူက လှည်းဖနောင့်သံများကို ပြန်ထမ်း၏။ ဦးကြီး၏ လယ်တဲက ကမ်းမှ ကိုက်ငါးရာခန့်ဝေးသည်။

မြေပဲပင်ပုလေးများ ထနေပြီဖြစ်သော လယ်တို့ကို ကန်သင်းရိုးအတိုင်း ဖြတ်၍လာခဲ့ကြသည်။

လယ်တဲရှေ့တွင် လှည်းဖနောင့်သံများကို ချပြီးနောက် သူကနှုတ်ဆက်၏။

"ကျွန်တော် ပြန်ပါဦးမယ်"

"ဪ…အေးအေး၊ ဒါထက် မင်းက ဘယ်နေလဲ"

"ဟိုး…ဘက်"

"ကောင်းပါပြီကွယ်၊ စေတနာနဲ့ ကူညီတာ၊ သာဓုသာဓု"

သူသည် စိတ်လက်ပေါ့ပါးဟန် လေလေးတချွန်ချွန်ဖြင့် ကမ်းနားဘက်သို့ ပြန်သွား၏။

သည်တော့မှ သတိရကာ သူညွှန်ပြခဲ့ရာဘက်ဆီ ဦးကြီး ကြည့်၏။ အဲသည်ဘက်မှာ ရွာလည်းမရှိ။ အိမ်လည်းမရှိ။ ရှိသည်က မြစ်ကမ်းနှင့် သောင်ခုံ။

နားမလည်နိုင်သော ဦးကြီးက ခေါင်းခါယမ်းရင်း သူသွားရာကို လှမ်းကြည့်နေမိ၏။

*****

အခန်း [၄]

ဇန်နဝါရီလအတွင်း ရောက်လာခဲ့သည်။ သံ၊ သွပ်၊ သစ် စသော ပစ္စည်းများသည် လေးမျက်နှာမြို့သို့ အဆက် မပြတ် ရောက်လာနေသည်။

လေးမျက်နှာတဝိုက်ရှိ ဆန်စက်များ၏ ခေါင်းတိုင်တို့ဆီ မီးခိုးမပြတ်အခောင် ရှိနေသည်။ ဆန်စက်တို့ရှေ့ ငဝန်မြစ်၏ ဆိပ်ကမ်းတို့တွင်လည်း စပါးလှေများ နေ့စဉ် စီတန်းဆိုက်ကပ်လျက် ရှိ၏။

တနေ့တာ အလုပ်စခန်း ပြီးသွားသော ကိုသာခုသည် မြစ်ကမ်းပါးထိပ်တွင် ကျကျနနထိုင်၍ ဆေးပေါ့လိပ် ဖွာနေ၏။

ဘဝကို သူ ကျေနပ်နေ၏။ ကြည့်ပါ။ ဘာလိုသေးသနည်း။ ရောက်စနေ့ကတော့ ထမင်းတနပ်အတွက်ပင် ပူခဲ့ရသည်။ ယခုတော့ တနေ့ နှစ်နပ် စားနိုင်ပြီ။ ဆေးပေါ့လိပ်ပင် မှန်မှန်ဖွာနိုင်ပြီ၊ ဪ . . .အိတ်တွင်းမှာ စီးကရက်တလိပ် ရှိသေးသည်။ စီးကရက်ကိုတော့ ထမင်းစားပြီး လက်ဖက်ရည် ချိုချိုခါးခါး တခွက်သောက်ပြီးမှ ဇိမ်ခံဖွာမည်။

တနေ့လုံး သယ်ရပိုးရ ထမ်းရသည်ကြောင့် မောသည်။ မောနေတုန်း ထမင်းစားရသည်မှာ မကောင်း။ ဆေးပေါ့လိပ်လေးဖွာ၍ အမောဖြေဦးမည်။ ရေဆင်း ချိုးလိုက်ရလျှင် ပိုကောင်းမည်ထင်၏။ လူလည်းလန်း၍ စိတ်လည်း လန်းသွားမည်။

ရေချိုးရန်ကမူ မဖြစ်သေး။ မိမိမှာက ပုဆိုးတထည်တည်း ရှိ၏။ အင်း ... ငွေလေးစုပြီး ပုဆိုးတထည်တော့ ဝယ်ဦးမည်။ ပုဆိုးတထည်တည်းဆို တော့နေဝင် လူပြတ်မှ ရေချိုးရသည်။ ဘဝမှာ သည်တချက်လေးသာ လိုနေသည်။ အခြားတော့ ဘာမျှမလို။ ထမင်းနပ်စေ့အောင် စားနိုင်ပြီး တနေ့ စီးကရက်တစ်လိပ် ပင် သောက်နိုင်နေမှ အခြားဘာလိုရဦးမည်နည်း။

လုပ်အားတန်ဖိုး ချစ်မြတ်နိုး။ အဲ.. သည်စကားကို ဘယ်မှာကြားဖူးပါလိမ့်။ ထားပါတော့။ လုပ်အားတန်ဖိုးသည် မိမိအတွက်မူ အမှန်ပင် ချစ်မြတ်နိုးဖွယ် ကောင်း၏။ ထမ်းလိုက်မည်၊ ပိုးလိုက်မည် ဆိုပြန်တော့ သည်မြို့လေးမှာက အလုပ် မရှား။

ဟိုတလောက ဆန်စက်တွေဆီ လျှောက်ကြည့်ခဲ့သေးသည်။ ဆန်စက်တွေနှင့် တွဲဖွင့်ထားသော စပါးဒိုင်တွေမှာ စပါးလာသွင်းသူတို့ မပြတ်။ စပါးတွေ လည်း တောင်လိုပုံနေသည်။ စက်တွေကလည်း မပြတ်လည်နေသည်။ သည်တော့ သယ်ရန်ပိုးရန် လူကမလောက်။ ကလေးသာသာလေးများပင် ဝင်၍သယ်နေကြသည်။ ဆန်စက်မှာ မိမိဝင်ထမ်းဖို့ မလိုသေး။ မြို့ပေါ်မှာတင် အလုပ်တွေ ရှိနေ သေးသည်။

ဈေးတဝိုက်မှာ ဟိုဟာထမ်း၊ သည်ဟာထမ်း လုပ်သည်နှင့်ပင် တနေ့ ငါးကျပ် ခြောက်ကျပ်ကတော့ တိမ်တိမ်မြဲနေသည်။

သူတို့က မိမိကို မေတ္တာထားကြသည်။ အင်းလေ..ထားကြမည်ပေါ့။ မင်းတရားဘအနေနှင့် ယှဉ်လိုက်တော့ အင်း..အဟင်း…သာစုတို့က ချစ်စရာ၊ ကြည်ညိုစရာ၊ အဟဲ…။ သာစု။ မိမိနာမည် ကိုသာစု။ သူတို့ ခေါ်ကြသော အမည်။ ခေါ်ကြပါစေလေ။ နာမည် ဆိုသည်က လူခေါ်ဖို့။ သာစုလို့ခေါ်ကြတော့ အဲ..သာစု ဖြစ်သွားရုံပေါ့။ ဘာများကန့်ကွက်ရန် ရှိပါသနည်း။ မရှိပါ။

သာစုဘဝ သာစုသာ သိသည်။ ယခု သာစု စိတ်ချမ်းသာနေသည်လေ။ ဘယ်သူ ဘာပြောမည်နည်း။

ကိုသာစုသည် အမောပြေ၍ ထမင်းစားသွားရန် နေရာမှ ထလိုက်၏။ ဩော်.. ညနေက မှောင်ရီရီ ရှိနေသည်။ မိုးသားကြောင့်ပါတကား။

အနောက်တောင်ဆီမှာ မိုးသားတွေ ရှိနေသည်။ ဆောင်းတွင်းကြီး မိုးသားတွေ ရှိနေပါတကား။

ကိုသာစုသည် ထမင်းဆိုင်သို့ ရောက်လာခဲ့၏။

အဒေါ်ကြီးက ပြုံးရွှင်စွာ ဆီးကြိုသည်။

“မောင်သာစုတို့က တယ်အချိန်မှန်ပါလားဟေ့”

“အချိန်မှန်ဆို ကျွန်တော့်နာရီက သော့မပေးဘဲနဲ့ကို မှန်နေတာကိုး”

“အလို…မင်းမှာ နာရီရှိတယ်”

“ရှိသပေါ့၊ သိပ်ရှိ”

“ဘယ်မှာလဲ”

ကိုသာစုက သူ့ဗိုက်ကို ပုတ်ပြ၏။ အဒေါ်ကြီးက ရုတ်တရက် နားမလည်။ သူက ရှင်းပြ၏။

“ကျွန်တော့်နာရီက ပါစက မီးအားနဲ့ခုတ်တာ၊ သွင်းဖို့လည်း အချိန်မှန်မှန် အင်္ဂါတယ်၊ ထုတ်ဖို့ကျ သာအချိန်မှန်သေးတယ်၊ အဲဒီကိစ္စကျတော့ နောက်ကျရင် သည်းမခံဘူး၊ တကယ့်နာရီဗျ၊ အဲလေ…အဲဒီကိစ္စကျတော့ နာရီ မဟုတ်တော့ဘူး၊ နာရှုံ့ဖြစ်သွားသဗျ”

သဘောပေါက်သွားသော အဒေါ်ကြီးက ရယ်မောပြီး ထမင်းဟင်းများ ပြင်ပေး၏။

ကိုသာစု ထမင်းစားနေခိုက် အဒေါ်ကြီးက သူ့ကိုယ်သူပြောဟန် ညည်း၏။

“မိုးက အုံ့လိုက်တာ၊ ရွာများရွာဦးမလား မသိဘူး” တဖက်ဆိုင်မှ ကိုစိန်လှိုင်က ဖြေ၏။

"ရှာဦးမလား မဟုတ်ဘူး၊ ရှာမယ်၊ ရှာရုံမကဘူး၊ မုန်တိုင်းလာမယ်တဲ့"

"ဟဲ့...တကယ်လား"

"ညက ရေဒီယိုမှာ ကြေညာသွားတယ်။ မုန်တိုင်းငယ်တခုတဲ့၊ ပုသိမ်တောင်ဘက် ဘယ်နှမိုင်မှာဆိုလား၊ ဗဟိုပြုနေတယ်တဲ့၊ မြောက်ဘက်ဆီ ရွေ့လာနေသတဲ့၊ မနက်က တခါ ထပ်သတိပေးတယ်"

"ဒါဖြင့် သေချာတယ်ပေါ့"

"သေချာပါတယ်။ အခု မိုးလေဝသ သတင်းက သိပ်မှန်တယ်။ တောင်သူလယ်သမားဦးကြီးတွေအတွက်တောင် သတိပေးနှိုးဆော်သွားသေးတယ်"

မိုးရွာမည်၊ မုန်တိုင်းလာမည်၊ သည်စကားရပ်က ကိုသာစုကို တုန်လှုပ်သွားစေသည်။

ကိုသာစုသည် ထမင်းကို လျင်မြန်စွာစားပြီး လက်စသတ်လိုက်၏။

"မြန်လှချည်လား မောင်သာစုရဲ့ စားမကောင်းဘူးလား"

"စားကောင်းပါတယ်၊ ဒါပေမဲ့ မိုးရွာမယ်ဆိုတော့ ကျွန်တော်...အဲ... အိမ်သွားပြင်ရဦးမယ်"

"ဩော်...မောင်သာစုကလည်း အခု အိုးနဲ့ အိမ်နဲ့လား"

"ခရစ်ယာန်တွေဆိုတဲ့ သီချင်းတပုဒ် ကြားဖူးတယ်၊ မြေခွေးမှာ တွင်းရှိ၏၊ ငှက်မှာလည်း အသိုက်ရှိ၏ တဲ့၊ အဲ..သာစုမှာလည်း အသိုက်ရှိတယ်ပေါ့ဗျာ"

ယင်းသို့ဖြေပြီး လက်ဖက်ရည်ပင် မသောက်တော့ဘဲ ကိုသာစုသည် တဖက်ကမ်းသို့ ကူးလာခဲ့၏။

အမှန်လည်း သူ့စံရာမှာ အိမ်မဟုတ်။ အသိုက်သာတည်း။ ပထမတညကတော့ သောင်ပြင်မှာ အိပ်သည်။ အိပ်ရသည်မှာ မဆိုး။ သို့ရာတွင် ချမ်းလှသည်။ မနက်ကျတော့ ကိုယ်တွေ လက်တွေနာသည်။ နောက်တနေ့ကစ၍ အသိုက်ကလေး လုပ်ရ၏။

သောင်ပြင်နှင့် ကမ်းပါးစပ်မှာ သောင်မထွန်းမီ ရေစားထားသော လိုဏ်လေး တခုရှိသည်။ လိုဏ်လေးသည် ကမ်းပါးနံရံတွင်း အတန်လိုက်ဝင်နေ၏။ သည်လိုဏ်လေးကို အချိန်ယူပြီး စိတ်ရှည်လက်ရှည် ပြုပြင်လိုက်သောအခါ လူတယောက် အိပ်သာရုံ လိုဏ်ဂူလေး ဖြစ်လာ၏။ အောက်ခံမြေက သဲမြေပွဖြစ်သောကြောင့် တူးရယက်ရလွယ်သည်။ သူက အိပ်ရန် မြေအဆင့်လေးပင် လုပ်ထား၏။ သည်မြေဆင့်ပေါ်မှာ ကောက်ရိုးတွေကို ဖြန့်ခင်းထားသည်။ အဲသည်အပေါ်တွင် ဂုန်နီအိတ် စုတ်နှစ်ထည်ဆက်၍ ထပ်ခင်းထား၏။ ခြုံရန်လည်း အခြားဂုန်နီအိတ်စုတ်တခု ရှိသေးသည်။

ကိုသာစုသည် မိမိ၏အသိုက်လေးကို သေချာစွာ စစ်ဆေးကြည့်၏။ တော်ရုံတန်ရုံ မိုးကတော့ မစိုးရိမ်ရ။ မိုးပက်မည်ကို လုံးဝပူရန် မလို။ မိုးကြီး၍

နံရံပြိုကျလျှင်တော့…။

အဲသည်လို ဆိုလျှင်တော့ ဒုက္ခ။ မိမိ ဘာမျှမတတ်နိုင်။ ဆောင်းတွင်းရွာသောမိုးသည် မကြီးတန်ရာ။ မကြီးပါစေနှင့်ဟု ဆုတောင်းရမည်။

ကိုသာစုသည် နံရံများကို သေချာစွာကြည့်၏။ ဘေးနံရံများကတော့ မည်သည့်နည်းနှင့်မျှ မပြိုနိုင်။ အပေါ်နံရံ သို့မဟုတ် အမိုးသာ စိုးရိမ်ရသည်။ သို့တစေ အမိုးသည်လည်း ထူသည်။ အမိုးမှ ကမ်းပါးထိပ် မြေပြင်အထိက မြေသားထု သုံးပေခန့် ရှိသည်။

မိမိ၏ သိုက်မြုန်နန်းကို စစ်ဆေးကြည့်နေရာမှ ကိုသာစု၏ မျက်လုံးများ သည် ခပ်လှမ်းလှမ်းရှိ ဆန်စက်ကြီးဆီ ရောက်သွား၏။

ဩော်…မိမိ၏ သိုက်မြုံလေး ပျက်စီးသွားစေ၊ ဆန်စက်ကြီးတွင် သွား ခိုလှုံ၍ရမည်။ ခေတ္တခဏ ခိုလှုံလာသူကိုတော့ သူတို့ မောင်းထုတ်မည် မထင်၊ မိမိကလည်း ခေတ္တခဏသာ ခိုလှုံပါမည်။ လူတွေနှင့် ရှုပ်ရှုပ်ယှက်ယှက် မိမိကလည်း မနေချင်ပါ။

ပူပင်သောက အဆေးသွားသော ကိုသာစုသည် ခံတွင်းချဉ်လာသည်ကို သတိပြုမိ၏။

အင်း…အလကား စိတ်ပူပြီး လက်ဖက်ရည် မသောက်ခဲ့ရ။ လက်ဖက်ရည် မသောက်ခဲ့ရသည့်တိုင်စေ ထမင်းစားပြီးစဆိုတော့ ခံတွင်းက ချဉ်သည်။

ကိုသာစုသည် အိတ်တွင်းမှ စီးကရက်ကို ထုတ်ယူကာ မီးညှိဖွာရှိုက်၏။ စီးကရက်ကို ဇိမ်နှင့်မှိန်းရင်းက ဆန်စက်ကြီးဆီ ငေးကြည့်နေမိသည်။ ဆန်စက်ဝင်းအတွင်းမှာ စပါးပုံတွေရှိသည်။ သည့်စပါးပုံတွေ မိုးစိုကုန်လျှင် ဘယ့်နှယ်လုပ်မည်။ ဩော်… မုန်တိုင်းလာမည်ကို စက်တာဝန်ခံတွေ သိမှာပေါ့။ ကြိုကြိုတင်တင် ကာကွယ်ရန် သူတို့ စွမ်းမှာပေါ့။ ရေဒီယိုကလည်း ကြိုတင်သတိ ပေးထားသည် ဆိုသည်။

လယ်သမားကြီးတွေ သိနိုင်ပါမည်လော။ လယ်သမားတိုင်းမှာ ရေဒီယိုရှိ၏လော။

ကိုသာစု၏ မျက်လုံးများတွင် သဏ္ဌာန်လေးတခု ပေါ်လာသည်။ ကလေးမ။ အင်္ကျီက ဖြူဖြူ၊ ထဘီက ဝါဝါ၊ အသားက ဝါဝါ၊ အဲသည်ပုံ စတွေ့သည်။ နောက်တွေ့သည့်အခါများမှာတော့ ထဘီ အင်္ကျီ အရောင်တွေက တမျိုး။ သို့ရာတွင် ကိုသာစု၏ မျက်လုံးများ၌ အဖြူ ထဘီအဝါ နှင့် အသားဝါလေးသာ စွဲနေသည်။ မသင်းနု။ နာမည်ကိုပင် သာစုတို့ သိနေပြီ။ လူချင်းသိပြီဟုပင် သာစု ကြွားနိုင်ပြီ။

မသင်းနု စျေးဝယ်လာသည်နှင့် လေးငါးခါ ဆုံဖူးသည်။ ကလေးမက မိမိကို ပြုံးပြုံးနှုတ်ဆက်သည်။ မိမိကလည်း ပြန်ပြုံးရသည်ပေါ့။ သို့ရာတွင် သာစု စိတ်မကောင်း ။ သာစု ဝမ်းနည်းသည်။ ကိုသာစု၏ မျက်လုံးများတွင် ဦးကြီးတဦး ပေါ်လာ၏။ မသင်းနု၏ ဦးကြီးလော၊ ဘကြီးလော။

ဦးကြီးသည်လည်း တောင်သူလယ်သမားကြီးတဦး။ ဦးကြီးရော မုန်တိုင်း

လာမည်ကို သိရဲ့လော။

ကိုသာစုသည် မျက်မှောင်ကြုတ်၍ စဉ်းစားသည်။ ထို့နောက် တိုနေပြီ ဖြစ်သော စီးကရက်ကို နောက်ဆုံးတချက် ဖွာရှိုက်ကာ သောင်ပြင်ပေါ် လွှင့်ပစ်လိုက်ပြီး နေရာမှ သုတ်သုတ်ထွက်လာခဲ့၏။

ကြက်တူရွေးစာပင်။ ရှားယားပင်။ မန်ကျည်းပင်။ သရက်ပင်။ ဤလေး ပင်တို့ ဝိုင်းထားအပ်သော တလင်းမြေပေါ်တွင် ကောက်လှိုင်းစည်းတို့ ရှိနေသည်။ စပါးပုံကလည်း အတန်မြင့်နေပြီ။ တလင်းမြေကိုကျော်၍ ကြည့်လိုက်လျှင် မြေပဲပင်တို့ တန်းတန်းညီညီ စီနေသော လယ်မြေတို့ကို တွေ့ရမည်။

လယ်တဲ၏ ခေါင်းရင်းဘက်တွင် သီးနတွေ ခိုတွဲနေသော ပင်လယ်လဲပင် ရှိ၏။ ခြေရင်းဘက်တွင်ကား အတန်ကြီး၍ အရိပ်ကောင်းကောင်း ပေးနေသော တရုတ်မန်ကျည်းပင်တပင်နှင့် နှာခေါင်းပူပင် ပင်ပျိုတပင် ရှိ၏။

လယ်တဲ၏ နောက်ပိုင်း၌ စပါးပုတ်ကြီးများ တင်ထားသော ပုတ်စင်နှစ်လုံး နှင့် နွားတဲရှိသည်။ လယ်တဲ၏ နောက်ပိုင်းတခုလုံးကို ခြံခတ်ထားပြီး တရုတ် မန်ကျည်းဆူးခက်များ ချထား၏။ ဆူးခြံအတွင်း မြေလွတ်တွင် ခရမ်းရှည်ပင်။ ရုံးပတီပင်။ ငရုတ်ပင်နှင့် ချဉ်ပေါင်ပင် အခင်းများရှိ၏။

လယ်တဲ၏ ရှေ့ခန်းစင်တွင် ခြေတွဲလောင်းချထိုင်ရင်းက ဦးကြီးထွန်းသာသည် တလင်းမြေဆီ ငေးကြည့်နေ၏။ မြေပဲပင်တို့က စွယ်မကျသေး။ စွယ်ကျချိန်နီးလုပြီ။ စွယ်မကျခင် အချိန်မီ ကြားလိုက်၍ မြေတောင်မြှောက်ခဲ့ရသည်။ စပါးလည်း နယ်လိုက်ရသေး၏။

အသက်က စကားတော့ပြောပြီ။ ဦးကြီးထွန်းသာမှာ တနေကုန် အလုပ် အပြီး၌ အနည်းငယ်ကလေး မောနေသည်။ မောသည်မှာ ကိစ္စမရှိ။ အမောဖြေလိုက် လျှင်ပြေသည်။

ဒူးနှင့် အဆစ်အမြစ်များက ကိုက်နေသည်။ ရာသီလေကလည်း မိုးလေပမာ စိမ့်လာနေ၏။ မိုးများ ရွာဦးမည်လော။ မြေကွက်ကြီးများ ထွက်သည်ကိုတော့ သတိထားမိသည်။

တပေါင်းလမပြည့်မီအထိ မိုးလာနိုင်သေးသည်ကို ဦးကြီး သိသည်။ နတ်တော် ပြာသိုတွင်လည်း

တခါ တခါ ရွာတတ်သည်။ စပါးနယ်ခြင်းက နောက်နှစ်ရက်ခန့်ဆိုလျှင် ပြီးတော့မည်။ ပြီးပြီးချင်း ဒိုင်ဆီ ပို့သည့်ဟာ ပို့မည်။ ဝမ်းစာအတွက် လှောင်သည့်ဟာ လှောင်မည်။ သည့်အတောအတွင်း မိုးတော့ မလာပါစေနှင့်ဦး။ ဆုသာတောင်းရသည့် မိုးရိပ်မိုးခြေကို ဦးကြီး မကြိုက်။ သည်နေ့ညနေပိုင်းမှ ရုတ်တရက် မိုးသားတို့ တက်လာခဲ့သည်။

ဘာသဘောနည်း။ မိုးက ရွာဦးမည်လော။ ရွာလျှင်ကော ဘယ်လောက် ရွာမည်နည်း။ ဖွဲဖွဲဖြောက်ဖြောက်ဆိုလျှင်တော့ ကိစ္စမရှိ။ များသောအားဖြင့်လည်း ဖွဲဖွဲဖြောက်ဖြောက်သာ ရွာတတ်သည်။

တော်ပါသေး၏။ တာဝန်အရသွင်းရမည့် စပါးတင်းရေ အပြည့်အဝကို ဒိုင်မှာ သွင်းခဲ့ပြီးပြီ။ ကျန်သည့်က မိမိအပိုင်း ဝမ်းစာဖယ်၍ ဒိုင်မှာရောင်းလျှင် အထူးနှုန်းရမည်။ အပြင်သို့ရောင်းရန် ဦးကြီး စိတ်မကူး။ အစိုးရဒိုင်မှာပင် သွားရောင်းမည်။ ယခုနှစ် အစိုးရပေးသော ဈေးနှုန်းကို ဦးကြီး ကျေနပ်သည်။ ဈေးနှုန်းကိုတင်မက အခွင့်အရေးများကိုပါ ဦးကြီး ကျေနပ်သည်။ လှည်းဖနောင့်သံနှင့် အိမ်ရိုက်သံ များကိုပင် မိမိ ရပြီမဟုတ်လော။ စွပ်ကျယ်နှင့် ပုဆိုးစများလည်း ရဦးမည်။

သူ့ဘက်က တာဝန်ကျေတော့ ကိုယ့်ဘက်ကလည်း တာဝန်ကျေရမည်။ သည်အတွေးတို့ဖြင့် ဦးကြီးငေးနေခိုက် သူ့ရှေ့တွင် လူတယောက် လာရပ်၏။

"ဩော်"

အံ့ဩသံသာပြုမိသည်။ သူ့ကို ဘယ်ပုံနှုတ်ဆက်ရမည် ဦးကြီး မသိ။ သူ့နာမည်ကိုလည်း ဦးကြီး မသိ။ လူကိုတော့ ကောင်းစွာမှတ်မိသည်။

ကိုသာစုကမူ တည်ငြိမ်စွာဖြင့် ပြော၏။

"ဦးကြီးကို ကျွန်တော် အရေးကြီးတဲ့သတင်း လာပို့တာ"

"ဟေ..သတင်း၊ ဘာတဲ့လဲကွဲ့"

"ကျွန်တော် ခုပဲ ဟိုဘက်ကမ်းက ပြန်ရောက်တာ၊ ကိုစိန်လှိုင်ကို သိတယ် မဟုတ်လား"

"အေး...သိတယ်"

"ကိုစိန်လှိုင်က ပြောတယ်၊ ရေဒီယိုက ကြေညာသွားတယ်တဲ့၊ မိုးရွာမယ်၊ မုန်တိုင်းလာမယ်တဲ့"

"ဟေ...တကယ်"

"တကယ်၊ မုန်တိုင်းက ပုသိမ်တောင်ဘက် ဘယ်နမိုင်မှာဆိုလဲ ဗဟိုပြု နေတယ်တဲ့၊ အခု မြောက်ဘက်ဆီ ရွေ့လာနေတယ်တဲ့၊ မနက်ကလည်း တခါ ထပ်သတိပေးတယ်တဲ့၊ တောင်သူလယ်သမား ဦးကြီးတွေကို အထူးသတိပေး နှိုးဆော်သွားသတဲ့"

"ဟေ... တောင်သူလယ်သမား ဦးကြီးတွေကို နှိုးဆော်သွားတယ်၊ ဟုတ်လား"

"ဟုတ်တယ်၊ အဲ...ကျွန်တော် ကြားတာတော့ မဟုတ်ဘူး၊ ကိုစိန်လှိုင် ပြောတာ"

ဦးကြီးသည် တဲစင်ပေါ်မှ ဆင်းလိုက်ပြီး တောင်ဘက်ဆီ မျှော်ကြည့်၏။ မိုးသားတို့ အမှန်ပင် တက်နေ၏။ လေကလည်း တောင်ဘက်မကျတကျ ဆီမှ လာနေသည်။ အမှန်က ဆောင်းမှာ လေသည် မြောက်ဘက်မှသာ လာရမည်။ ဦးကြီးသည် ခေါင်းတချက် ကုတ်လိုက်ပြီး တလင်းဆီ ကြည့်၏။ စပါးပုံက ရွှေရောင်ဝင်းနေသည်။ ထပ်ထားသော ကောက်လှိုင်းစည်းများ တွင်လည်း

ရွှေရောင်အနုံများကို မြင်နိုင်သည်။ မိုးသာ မိလိုက်လျှင်..

"ဦးကြီး... အဲဒီ စပါးတွေကို ထည့်ထားစရာ မရှိဘူးလား"

"ရှိတော့ ရှိတယ်၊ ပုတ်စင် ငါ မမိုးရသေးဘူး"

"မမိုးရသေးရင် မိုးလိုက်ပေါ့၊ ကျွန်တော် ကူပေးမယ်"

"မင်း ကူပေးမယ်၊ မင်း ဓနိမိုးတတ်လား"

"တတ်တော့ မတတ်ဘူး၊ ဒါပေမဲ့ ကြည့်လုပ်ရင်တော့ ရ,ရမှာပေါ့၊ ဘာမှမလုပ်တာထက် တခုခုလုပ်ရင် မကောင်းဘူးလား"

"ဘာမှမလုပ်တာထက် တခုခုလုပ်ရင်၊ အေး...မင်းစကား မဆိုးဘူး၊ ကဲ...ခဏ ဒီမှာနေရစ်ဦး၊ ငါ ဟိုဘက် သွားအကူခေါ်ဦးမယ်"

ဦးကြီးသည် အတန်လှမ်းလှမ်းရှိ ရွာလေးတရွာဘက်သို့ ထွက်သွား၏။ သူက တဲကပြင်တွင် ထိုင်စောင့်ကျန်ရစ်၏။ မှောင်ရိပ်တို့ ကျလာပြီ။ မကြာမီ မိုးစုပ်စုပ် ချုပ်တော့မည်။ နာရီဝက်ခန့်အကြာ၌ လူနှစ်ဦး တဲဆီသို့ သုတ်သုတ်လာနေကြသည်ကို မသဲမကွဲ လှမ်းမြင်ရ၏။

အနီးရောက်သောအခါ ရှေ့မှဦးကြီးက ပြော၏။

"ကြိုတင်ပြောမထားတော့ အကူတယောက်ပဲ ရခဲ့တယ်ကွာ၊ ရှိသမျှနဲ့ပဲ လုပ်ကြတာပေါ့၊ တိမ်တေ လေဇက် လျှပ်စက်ပဗ္ဗော သံတယော၊ အချိန်တော့ ရဦးမယ် ထင်တာပဲ၊ ဒါထက် မောင်ရင့်နာမည် ဘယ်သူ"

"ကျွန်တော့်နာမည်လား"

သူသည် ခေတ္တဆုတ်ဆိုင်းဆိုင်း ဖြစ်သွား၏။ နာမည်.. ကျွန်တော့်နာမည်၊ ဟယ်...မထူးပါဘူး၊ နာမည်ဆိုသည် လူခေါ်ရာပေါ့။

"သာစု"

"ဘာရယ်"

"ကျွန်တော့်နာမည် သာစု၊ မောင်သာစု"

"အေး...မောင်သာစုရေ၊ အလုပ်စကြတာပေါ့"

ကံကောင်းသည်။ တနေ့ကပင် ဓနိဝယ်ထားမိ၏။ အချိန်မဟုတ် မိုးလာ တတ်သည်ကို ဦးကြီး နားလည်သည်။ တလင်းကိုပင် နည်းနည်းချင်း ခွဲနယ်ခဲ့သည်။ အားလုံးရိတ်ပြီး၍ မိုးလွတ်ခဲ့ပြီထင်ရာ ယခုနောက်ဆုံးမှာ ကပ်မိသည်။ ပုတ်စင်ကို စောစောမမိုးမိသည့်အတွက်သာ မိမိကိုယ်ကို ဦးကြီး အပြစ်တင်၏။ ရှိစေတော့။ ဖြစ်သမျှအကြောင်း အကောင်းချည်း။

ကိုသာစုက ဓနိမမိုးတတ်။ ထို့ကြောင့် အောက်မှနေ၍ ဓနိကို သယ်ယူ

ကမ်းပေးသည်။ အကူလာသူ မောင်ဖိုးချမ်းနှင့် ဦးကြီးတို့က ပုတ်စင်တို့ကို တဦး တစင်စီ မိုးကြ၏။

တော်ပါသေး၏။ စက်ဝန်းတဝက်မျှရှိသော လမင်းသည် မှုန်းတည့်မှတ် မရောက်တရောက် အမြင့်၌ အတန်ထိန်ထိန်လေး သာနေသည်။ တိမ်တို့ရှိသော်လည်း လမင်းရောင်ကို မလွှမ်းနိုင်သေး။ ဤသဘာဝမီးတိုင်ကြီးကြောင့် ညကြီးမင်းကြီး လုပ်နေကြရသော်လည်း ခရီးတွင်သင့်သမျှ တွင်၏။

ည၉ကိုးနာရီခန့်တွင် အမိုးများ ပြီးသွားကြ၏။ အမိုး မိုးအပြီး၌ ခေတ္တသာ နားကြပြီး စပါးများကို တောင်းတို့ဖြင့်သယ်၍ ပုတ်များတွင် ထည့်ကြသည်။

ညဆယ်နာရီခန့်၌ လေသည် သိသိသာသာ ပြင်းလာ၏။ မိုးသားများလည်း တက်၍ တက်၍လာသောကြောင့် လရောင်မှာ မှိန်တချည် လင်းတလှည့် ဖြစ်နေ၏။ သုံးဦးသားမှာ မောသည်ကို သတိမပြုမိကြဘဲ မနားတမ်း သယ်ကြသည်။ လေတို့က ပြင်းသည်ထက် ပြင်းလာသည်။ ဆက်တိုက်ကြီး တိုက်သည် တော့ မဟုတ်။ အရပ်တမျက်နှာတည်းမှ လာသည်လည်း မဟုတ်။ ဟိုဘက်မှလာလိုက်။ သည်ဘက်မှလာလိုက်။ လာပြီဆိုပြန်တော့ ရင်ဘတ်ကို တွန်းသည့်နှယ် အဟုန်ပြင်း၏။

ညသန်းခေါင်ကျော်၌ စပါးပုံမှ စပါးများအားလုံးကို ပုတ်တွင်း သွင်းပြီး သွားကြသည်။

ထိုအချိန်တွင် လေနောက် မိုးလိုက်လာသည်။

ကောင်းကင်တခုလုံးမှာ မည်းနေပြီး မိုးပေါက်များ ကျလာ၏။ သုံးဦးသားကား မနားနိုင်သေး။ ကောက်လှိုင်းစည်းများကို တဲပေါ်သို့ ရွှေ့ပြောင်းသယ်ယူကြသည်။

ကောက်လှိုင်းစည်းအားလုံး မကုန်မီတွင်ပင် မိုးသည် သည်းသည်းရွာချ၏။ တလင်းတွင် ကောက်လှိုင်းစည်းများများမူ မကျန်တော့။ တဲပေါ်တွင်လည်း နေရာမရှိတော့သောကြောင့် ကျန်သမျှ ကောက်လှိုင်းစည်းများကို တစည်းနှင့် တစည်း မှီပြီးထောင်ထားကြ၏။ မိုးစိုသော်လည်း လှဲထားသည်ထက်မူ အပျက်အစီး သက်သာမည်ဟု ဦးကြီးက ရှင်းပြ၏။

အဓိကဖြစ်သော စပါးနှင့် ကောက်လှိုင်းစည်းအများ လေမိုးလုံခြုံခဲ့ပြီ ဖြစ်သောကြောင့် ဦးကြီးသည် သက်ပြင်းချနိုင်ပြီး မီးမွှေး၍ ရေနွေးကျိုသည်။ ရေနွေး ဆူသောအခါ ငါးခြောက်ဖုတ်၊ ကောက်ညှင်းထုပ်တို့ကို လက်ဖက်ရည်ကြမ်းသောက်ရင်း စားကြသည်။

အပြင်ဘက်တွင် မိုးက တဖြောက်ဖြောက် ရွာနေ၏။ လေတွေကလည်း တိုက်ဆဲတည်း။ အမှန်မှာ မိုးထက် လေက များနေ၏။

မောင်ဖိုးချမ်းက ပြော၏။

"ဦးလေးက အချိန်မီ သိပေလို့ပဲ။ မသိတဲ့လူတွေတော့ ခံရပြီ"

"အေး ငါလည်း ဟောဒီမောင်သာစု လာပြောလို့၊ မပြောရင် ခံရပြီး

ဒီစပါးတွေက အထူးနှုန်းရမယ့် စပါးတွေ၊ ပြီးတော့ ရာကျော် မဟုတ်ဘူး၊ ကောက်ကြီးတွေကွ”

ဦးကြီးသည် ကိုသာစုဆီ လှမ်းကြည့်၏။

ကိုသာစုကမူ ဦးကြီး၏စကား၌ အာရုံပြုမိပုံမရ။ တဲထောင့်တနေရာရှိ ပစ္စည်းတခုကို စူးစိုက်ကြည့်နေ၏။

စောစောကမူ လုပ်ရင်းကိုင်ရင်းမို့ သတိမပြုမိ။ အလင်းရောင်ကလည်း မကောင်း။ ယခုမူ ရေနံဆီ မီးအိမ်ရောင်၌ ကောင်းစွာတွေ့ရသည်။ ဝါးပတ္တလား တလုံးတည်း။

ကိုသာစုက ပတ္တလားကို ညွှန်ပြပြီး မေး၏။

“အဲဒါကို ဦးကြီး တီးသလား”

ဦးကြီး၏ မျက်နှာသည် အနည်းငယ် ညှိုးသွား၏။

“ဟင့်အင်း..မတီးပါဘူး၊ မတီးလည်း မတီးတတ်ပါဘူးကွာ”

ဦးကြီး၏အသံက တမျိုးဖြစ်နေသည်ကို ကိုသာစုသည် သတိမပြုမိ။ သူသည် နေရာမှထသွားပြီး ပတ္တလားအိမ်တွင်း စမ်းနှိုက်၍ လက်ခတ်နှစ်ခု ထုတ်ယူ ၏။

သူသည် ပတ္တလားကို ဟိုခေါက် သည်ခေါက် ခေါက်သည်။ မကြာခင် ချောလှ ဖြောင့်လှသည် မဟုတ်သော်လည်း တေးကွက်ရှိသော တီးလုံး ပေါ်လာ၏။ ဦးကြီးနှင့် မောင်ဖိုးချမ်းတို့က ငြိမ်နားထောင်နေကြ၏။ အတန်ကြာ လက်စမ်းနေပြီးမှ ကိုသာစုသည် စိတ်ပျက်ဟန်ဖြင့် လက်ခတ် ကို ချလိုက်ပြီး မူလနေရာသို့ ပြန်လာထိုင်၏။

“မောင်သာစုကော တီးတတ်သလား”

“အင်း . .တီးတတ်တယ်လို့တော့ ထင်တာပဲ၊ ဟုတ်ချင်မှ ဟုတ်မှာပေါ့လေ၊ အဲ...ဟုတ်ချင်လည်း ဟုတ်နေမှာပဲ၊ မဟုတ်ဘူးလား”

မောင်ဖိုးချမ်းက ရယ်၏။ ဦးကြီးကမူ စူးစမ်းသယောင် ကိုသာစုကို စိုက်ကြည့်၏။

ကိုသာစုကမူ အပြင်ဘက်သို့ လှမ်းကြည့်ပြီး မေးခွန်းထုတ်၏။

“မုန်တိုင်းဆိုတာက အဲဒါနဲ့တင် ပြီးသွားရောလား”

“ဘယ်ပြီးမလဲကွဲ့၊ ဒါက ရှေ့ပြေးလောက် ရှိသေးတာ”

“ဪ....အပျိုတော် ထွက်တာပေ့ါ”

“အေး .. အပေး...အပျိုတော် ထွက်တာ”

“အပျိုတော်တောင် ဒီလောက်ကြမ်းရင် နိုပ်စက်ခန်းကျတော့ လူကြမ်းထွက်လာရင် အမလေး ပြီးပါလေရော”

မောင်ဖိုးချမ်းနှင့် ဦးကြီးတို့က ရယ်ကြ၏။ ကိုသာစုက ဝါးခနဲ သမ်းလိုက်ပြီး ပြော၏။

“အပျိုတော် ကြည့်ရတာ ပျင်းတယ်၊ အိပ်တော့မယ်၊ လူကြမ်းထွက်လာရင် ကျွန်တော့်ကို နှိုးဖြစ်အောင် နှိုးနော်”

“အေးအေး ... အိပ်တော့၊ အိပ်တော့၊ ပင်ပန်းပြီပဲ၊ မောင်ဖိုးချမ်းလည်း မပြန်နဲ့တော့၊ ဒီမှာပဲ အိပ်သွား”

ဦးကြီးက စောင်ကြမ်းနှစ်ထည် ထုတ်ပေး၏။ ကိုသာစုက သူ့အတွက်ရသော စောင်ကြမ်းကို သေချာစွာ ကြည့်၏။ ချည်စောင်ကြမ်း ဖြစ်သည်။ ပောင်းနွမ်းပြီး အချို့နေရာတို့၌ အပေါက် အပြဲများ ရှိသည်။

သို့ရာတွင် သူ့သိုက်မြုံမှ ဂုန်နီအိတ်စုတ်ထက်မူ အများကြီး ကောင်း၏။ အလျားရှည်သဖြင့် ခေါင်းကနေ ခြေအထိ လုံအောင်လွှမ်းနိုင်သည်။ သြော်... တကိုယ်လုံးလွှမ်းအောင် စောင်ခြုံ၍ ဗိမ်နှင့် မကွေးနိုင်သည်မှာ ကြာပြီ။

မောကလည်း မောနေသည်။ ချမ်းကလည်း ချမ်းနေ၏။ ကောက်လှိုင်းစည်းများဆီ ခေါင်းပေးကာ ကိုသာစုသည် စောင်ခြုံ၍ ကွေးကွေးအိပ်၏။

လူငယ်နှစ်ဦး အိပ်ကြသော်လည်း ဦးကြီးမှာ မအိပ်နိုင်သေး။ နွားတဲကို သွားစစ်သည်။ နွားတဲက မိုးလေလုံခြုံသည်။ နွားတဲအတွင်း မြေဆီရေဝင်ခြင်းလည်း မရှိ။ နွားများလည်း ကောင်းစွာစားမြုံ့ပြန်နေကြ၏။

ဦးကြီးသည် အရေးပေါ်မိုးခဲ့သော ပုတ်စင်အမိုးများကို ထပ်စစ်သည်။ ယခုလေဒဏ်ကိုတော့ အမိုးများက ကောင်းစွာခံနိုင်သည်ကို တွေ့ရ၏။ မိုးလည်း အထူးတလည်မယို။ ဓနိသစ်ဖြစ်၍ အသားမကျသေးသောကြောင့် ဟိုနေရာ သည်နေရာ၌ အနည်းငယ် ယိုနေသည်ရှိ၏။ သည်လောက်ကမူ မထောင်းသာလှ။

ကပ်မဖိရသေးသောကြောင့် ဦးကြီးမှာ ဘဝင်မကျလှသေး။ ဦးကြီးသည် လေအရှိန်ကိုကြည့်၏။ လေအရှိန်က စောစောကထက်ပင် လျော့နေသည်။

သည်ည သည်မျှဆိုလျှင် တော်လောက်ပြီ။ မနက်ဖြန်ကျမှ ကပ်ရက်ပြီး ကပ်ဖိတော့မည်။

ဦးကြီးသည် တဲအတွင်း ပြန်ဝင်ခဲ့၏။ လူငယ်နှစ်ဦးက ကောင်းစွာအိပ်ပျော်နေပြီ။ မောင်ဖိုးချမ်းက ဟောက်၍ပင်နေ၏။

ခြေဆုံးခေါင်းဆုံး စောင်နှင့်အလုံထုပ်၍ အိပ်ပျော်နေသော ကိုသာစုဆီ ဦးကြီး ကြည့်၏။ ကိုသာစုထံမှတဆင့် ဦးကြီး၏မျက်လုံးများသည် ပတ္တလားထံ ရောက်သွားသည်။

ဦးကြီးသည် သက်ပြင်းရှည်ကြီးတချက် ချလိုက်၍ အခန်းတွင်းသို့

ဝင်ခဲ့လေ၏။

✳✳✳✳✳

အခန်း [၅]

သောင်စပ်တွင် လှေထိုးရပ်လိုက်သည်နှင့် တပြိုင်နက် မသင်းနုသည် သွက်လက်စွာ ခုန်ဆင်းလိုက်၏။

နောက်မှဆင်းသော ဒေါ်လေးက ဆိုသည်။

"ဖြည်းဖြည်းပေါ့ မိနုရယ်၊ ခုမှတော့ မထူးပါဘူး"

"စိတ်ပူလို့ပါ ဒေါ်လေးရဲ့ ညက ဦးကြီးတယောက်တည်း ဘယ်လို နေမလဲ မသိဘူး၊ ရေစိုလို့ စပါးတွေတော့ ပျက်တော့မှာပဲ"

"အခု နေထွက်လာသားပဲ၊ သိပ်မစိုရင်တော့ နည်းနည်းဖြန့်လှမ်းလိုက်ရင် ရမှာပဲ"

"နေကလည်း ခဏသာတာပါ၊ မုန်တိုင်းမှ ဝင်မလာသေးဘဲ၊ မိုးက ထပ်လာဦးမှာ၊ ဒေါ်လေး မြန်မြန်လျှောက်"

"အေးပါဟ၊ နင် လောတာနဲ့ ငါ ခလုတ်တိုက်မိပြီ"

တူဝရီးနှစ်ယောက်သည် ခပ်သွက်သွက်လေး လျှောက်လာခဲ့ကြ၏။ တိမ်ခြေက ရှိနေဆဲဖြစ်၏။ လေကမူ တိုက်လိုက် ငြိမ်လိုက်နှင့်၊ တိမ်ကြားမှ နေသည် မပြတပြု သာနေ၏။

တလင်းဆီ လှမ်းမြင်ရသော နေရာအရောက်၌ မသင်းနုက ပြောသည်။

"ဒေါ်လေး...တလင်းမှာ စပါးတွေတော့ မရှိဘူး"

"အေ... ဟုတ်ပါရဲ့ နေများဖြန့်လှမ်းထားလား မသိဘူး"

ဦးကြီးနှင့် မောင်ဖိုးချမ်းက တဲရှေ့တွင် ဝါးကပ်ယက်နေကြ၏။

"ဟဲ့...မိနုပါလား၊ စောစောစီးစီး ဘာလာလုပ်တာလဲ" မသင်းနုက ဦးကြီးအနီးရှိ တုံးလေးတခုပေါ် ဝင်ထိုင်ရင်း ဖြေသည်။

"စိတ်ပူလို့ပေါ့ ဦးကြီးရဲ့"

"နင်က ဘာစိတ်ပူတာလဲ"

“ညက မိုးတွေရွာတယ် မဟုတ်လား၊ ဦးကြီးစပါးတွေ ရေစိုကုန်မှာစိုးတာပေါ့၊ ဦးကြီးပြောတာ မှန်တယ်၊ ရေဒီယိုမရှိတော့ ဘာမှမသိဘူး၊ ခုမနက်မှ သိတာ၊ မုန်တိုင်းလာမယ်တဲ့”

“အေး .. မုန်တိုင်းအကြောင်း ဘာဆက်ကြေညာသွားသေးလဲ”

“ဒီည ဆယ့်တနာရီလောက်မှာ ပုသိမ်နားက ကပ်ပြီး ကုန်းတွင်းဝင်လာမယ်တဲ့”

“ညဆယ့်တနာရီဝင်မယ်၊ သေချာတယ်နော်”

“သေချာပါတယ်၊ သတင်းအချိန်တင်မဟုတ်ဘူး၊ ကြားဖြတ်ဖြတ်ပြီးလည်း သတိပေးသွားတယ်တဲ့”

ဦးကြီးက သက်ပြင်းကြီးချ၍ “တော်သေးတာပေါ့” ဟု ဆိုသည်။

“ဘာတော်သေးတာလဲ”

“အချိန်ကောင်းကောင်းရလို့ပါ၊ ငါ အမိုးသစ်တွေ ကပ်ဖိရဦးမယ်၊ တဲနဲ့ နွားတဲအမိုးတွေလည်း နည်းနည်းလိုက်ပြင်ထားရဦးမယ်”

“ဦးကြီး စပါးတွေကော”

“ပုတ်ထဲ ရောက်ကုန်ပြီ။ ညက တညလုံး ပန်းလိုက်တာဟယ်၊ ဒါပေမဲ့ အချိန်မီသိလို့ အားလုံးမိုးလွတ်တယ်”

“ဦးကြီး အချိန်မီ သိတယ်”

“အေးဟဲ့… ဟိုသူငယ် မောင်သာစု လာပြောလို့”

“ရှင်.. မောင်သာစု”

“အေး…နင် မှတ်မိမှာပေါ့၊ ဟိုတနေ့က လှည်းဖနောင့်သံတွေ အခမယူဘဲ ထမ်းပေးတဲ့ သူငယ်ဟာ”

“ဪ…”

“သူက တဖက်ကမ်းက ရေဒီယိုကြေညာတာ သိလာပြီး လာပြောလို့၊ ညက သူပါကူလို့၊ နို့မို့ ဖိုးချမ်းနဲ့ငါ နှစ်ယောက်တည်းဆို မိုးလွတ်ပါ့မလား မသိဘူး”

“ကိုမြသီးတို့၊ ကိုစံဝေတို့ကကော”

“သူတို့က ဟိုဘက်ကမ်းကူး ရုပ်ရှင်ကြည့်နေကြသတဲ့”

“ဒီမနက်တော့လည်း မလာကြဘူးလား”

“လာကြပါတယ်၊ ဒါပေမဲ့ ဒီမှာက သိပ်လုပ်စရာ မရှိတော့ဘူး၊ ဒါနဲ့ ငါ

ဟိုဘက်က ကိုချစ်တီးတို့ တလင်းဘက် သွားကူခိုင်းလိုက်တယ်”

“ဟင် - ဒီလိုဆို ကျွန်မတို့လည်း လုပ်စရာမရှိတော့ဘူးပေါ့”

“အေး...ဘာလဲ၊ နင်က ကူဖို့ လာတာလား”

“ဟုတ်တယ်၊ စပါးတွေ ဘာတွေ သယ်ရမလားလို့”

“မလိုတော့ပါဘူးဟယ်၊ မောင်သာစု ကျေးဇူးကြောင့်၊ ငါ့စပါးတွေ ရေ တစက်မှ မစိုဘူး၊ ကောက်လှိုင်းရော၊ စပါးရောဆိုရင် ပျက်များပျက်ရင် အမလေး ငွေတထောင်ကျော်ပဲဟေ့”

“ဒါထက် အဲ...အဲဒီ..ကိုသာစုရော”

“အေး .. တော်တော်ဆန်းတဲ့ သူငယ်ပဲ၊ ညက ဒီမှာပဲအိပ်တယ်။ မနက်နိုး တော့ ကြည့်လိုက်တော့ သူမရှိတော့ဘူး”

မသင်းနု၏ မျက်လုံးများတွင် ကိုသာစု၏ အသွင်သည် ပေါ်လာ၏။ ကိုသာစုနှင့် ပတ်သက်သော အတွေးတို့ကလည်း တသီကြီး ရင်မှာပေါ်လာသည်။

“သူ့နာမည် ကိုသာစုတဲ့၊ ဟုတ်လား”

“အေးလေ..သူပြောတာပဲ”

“အဲဒါက သူ့ကို ကိုစိန်လှိုင်တို့က နောက်ပြီးပေးထားတဲ့ နာမည်”

“ဒါဖြင့် သူ့မှာ တခြားနာမည် ရှိသေးလို့လား”

“အဲဒါတော့ ကျွန်မ မသိဘူး၊ ဪ.. ဦးကြီး၊ သူ့ကြည့်ရတာ ဘယ်လိုနေလဲ”

“ဘာ..ဘယ်လိုနေတယ် မေးတာလဲ”

“ဟိုဒင်းလေ.. စိတ်.. စိတ်မှန်ရဲ့လား”

“ဟ...ကောင်းကောင်းမွန်မွန်ပဲ၊ အေး ...တမျိုးတော့ တမျိုးပဲဟ”

“ဘယ်လိုတမျိုးလဲ”

“စကားပြောပုံတွေ ဘာတွေက တမျိုးပဲ၊ ဒါပေမဲ့ ယဉ်တော့ ယဉ်ကျေးတယ်ဟ”

မသင်းနုသည် ဆက်မမေးဘဲ ငြိမ်၍တွေးနေသည်။

“နင်တို့ ကူဖို့ လာတာလား၊ မလိုဘူး၊ ပြန်ကြတော့”

“ဟင် .. ဦးကြီးက နင်ထုတ်ပြီ”

“မိုးနဲ့ လေနဲ့၊ တော်တော်ကြာ မုန်တိုင်းက လာဦးမှာ”

“ညမုန်တိုင်းလာတော့ ဦးကြီးတယောက်တည်း”

“ဖိုးချမ်းရှိတယ်၊ ပြီးတော့ ဟိုသူငယ် မောင်သာစုလည်း လာဦးမယ် ထင်တာပဲ”

“ဦးကြီးကို ပြောသွားလို့လား”

“ပြောတော့ မပြောဘူး၊ ဒါပေမဲ့ သူက ဒီဘက်ကမ်းမှာ နေတာ”

“ဟုတ်လား…ဘယ်နားနေလဲ”

“အဲဒါတော့ မသိဘူး၊ သူလက်ညှိုးထိုးပြတဲ့ဘက်မှာလည်း ငါတော့ မြစ်နဲ့သောင်ပဲ တွေ့တယ်၊ ထားပါလေ၊ နင်တို့ ပြန်တော့”

“မုန်တိုင်းက ညမှလာမှာ၊ ကျွန်မတို့ လုပ်စရာရှိတာ ကူလုပ်ပေးသွားဦးမယ်”

“ကဲ ဒါဖြင့် ထမင်းဟင်းချက်ချေ၊ စားသောက်ပြီးရင် ပြန်ကြ”

မသင်းနနှင့် ဒေါ်လေးတို့သည် ထမင်းဟင်း ချက်ပြုတ်ကြ၏။

ဦးကြီးနှင့် မောင်ဖိုးချမ်းတို့က အမိုးကို ကပ်ဖိကြ၏။ မီးဖိုချောင်၌ ကိစ္စပြီးသွားသော မသင်းနသည် ဦးကြီးနှင့် မောင်ဖိုးချမ်း တို့ကို တိုလီမုတ်စ ဝိုင်းကူလုပ်ပေး၏။

ဦးကြီးက ပြန်ရန်တဖွဖွပြောနေသောကြောင့် ထမင်းစားအပြီးတွင် မသင်းနသည် ဒေါ်လေးနှင့်အတူ တဖက်ကမ်းသို့ ကူးပြန်ခဲ့ရ၏။ ဦးကြီး ကြိုတင်ပူပန်သည်မှာ မှန်၏။ မသင်းနတို့ အိမ်ပြန်အရောက်၌ မိုးမှောင်ပြီး လေကျလာ၏။ မကြာမီ မိုးက သဲသဲမဲမဲ ရွာချ၏။ နေဝင်သွားသည်အထိ မိုးက မတိတ်။ လေတို့သည် ထန်လိုက် လျော့လိုက်နှင့် အရပ်ရှစ်မျက်နှာမှ ပတ်၍တိုက်သည်။ ညဆယ့်တနာရီတွင် ဆူညံမြည်ဟည်း၍ မုန်တိုင်းဖြတ်သွားလေ၏။

နံနက်စောစော နေရောင်ခြည်နုနုအောက်တွင် ဦးကြီးသည် ရပ်လျက်ရှိ၏။ တနေ့ညကလည်း အိပ်ပျက်သည်။ မနေ့ညကလည်း အိပ်ပျက်သည်။ လူကတော့ ပင်ပန်းနေ၏။ သို့ရာတွင် ဦးကြီး၏စိတ်မှာ ရွှင်လန်းနေ၏။

ပတ်ဝန်းကျင်တွင် မုန်တိုင်း၏ ခြေရာလက်ရာများ ကျန်ဆဲဖြစ်၏။ သစ်ပင်တို့၏ အကိုင်းအခက်များမှာ ဖရိုဖရဲ ဖြစ်နေ၏။ မြေပဲပင်ပေါက် များပင် မြေသို့ ညွှတ်ယိုင်နေကြသည်။

ဦးကြီး၏ တဲခေါင်မိုးတွင် ဓနိတချပ် လန်နေ၏။ တဲရှေ့တွင်လည်း ကောက်ရိုးမျှင်များနှင့် သစ်ရွက်များ ရောက်နေ၏။

ကိစ္စမရှိပါ။ ပုတ်စင်အမိုးများကား ဘာမျှမဖြစ်။ တလင်း၌ ထောင်ထားသော ကောက်လှိုင်းစည်းများသာ မိုးဖြင့် ရွှဲအိုနေသည်။ ရွှဲအိပါစေ။ မကြာမီ ရေစစ် သွားမည်။ နေရောင်ကြောင့်လည်း သွေ့သွားလိမ့်မည်။ မသွေ့မခြောက်ဘဲ ပျက်စီးသည့်တိုင်စေ စပါးအနည်းအကျဉ်းသာ ပျက်စီးမည်။

ဦးကြီးသည် ကြက်သီးတော့ ထမိသေး၏။ ကံကောင်းပေ၍။ အနို့မဟုတ်လျှင်..။

သည်မိုး သည်လေ သည်မုန်တိုင်းသည် အဘယ်မျှ ဖျက်ဆီးလိမ့်မည်နည်း။ ယခုအချိန်ဆိုလျှင် မိမိမှာ ရင်ကွဲပက်လက်နှင့် ရှိရချိမ့်မည်။ ယခုတော့ စိတ်ချမ်းသာရသည်။ မုန်တိုင်းစဲ၍ နေရောင်ကြောင့် သာယာသောနံနက်ခင်းမှာ မင်္ဂလာနံနက်ခင်းပင် ဖြစ်နေ၏။ စိတ်ရွှင်လန်းနေရာမှ တစုံတရာကို သတိရပြီး ဦးကြီးသည် မျက်မှောင် ကြုတ်သွားမိ၏။

တဖက်ကမ်း မြို့ဘက်ဆီရော ဘယ်သို့ရှိမည်နည်း။ မိနတော့ ရောက်လာဦးမည်။ မိန ရောက်မလာခင် မိမိကူးသွားရလျှင် ကောင်းမည်။ အိမ်သည် မုန်တိုင်းဒဏ် ခံနိုင်လေရဲ့လော။ တခုခုဖြစ်လျှင် တအိမ်လုံးမှာ မိန်းမသားချည်း။

ဦးကြီးသည် တဲပေါ်တက်၍ လျင်မြန်စွာ အဝတ်အစားလဲပြီး မြစ်ဆိပ်သို့ ဆင်းလာခဲ့၏။

သည်ဘက်ကမ်းတွင် ကူးတို့လှေ အဆင်သင့်မရှိ။ ကူးတို့စောင့်ရင်းက ဦးကြီးသည် ဟိုဟိုသည်သည် ကြည့်မိ၏။ သောင်ပြင်ကို ငေးကြည့်ရာမှ ဦးကြီးသည် ကိုသာစုကို သတိရသည်။ ကျေးဇူးရှင် မောင်မင်းကြီးသား၊ မနေ့ညကတော့ သူ ပေါ်မလာ။

သည်ဘက်ကမ်းမှာ သူနေသည်ဆို၏။ သူ့နေရာကို မိမိမေးစဉ်က ဤသောင်ဘက်သို့ ညွှန်ပြခဲ့သည်။

ခက်သည်ကား ဤသောင်ပေါ်တွင် ဘာအဆောက်အအုံမျှ မရှိ။ ဦးကြီး၏ မျက်လုံးများက သောင်အဆုံး ကမ်းပါးဆီသို့ ရောက်သွား၏။ ကမ်းပါးအောက်တွင် လူတယောက် ငုတ်တုတ်ထိုင်နေ၏။ ဦးကြီး၏ မျက်လုံးများ မမှားပါ။

ကိုသာစု။ ကိုသာစုမှ ကိုသာစု အစစ်။ ဦးကြီးသည် သူ့ထံ သွက်လက်စွာ လျှောက်သွား၏။ မှန်သည်။ ကိုသာစုသည် သူ့သိုက်မြုံအဝတွင် စိတ်ပျက်လက်ပျက် ထိုင်နေ၏။

မုန်တိုင်းနှင့် မိုးသည် အခြားဘာတွေကို ဖျက်သွားသည် သူမသိ။ သူ့သိုက်မြုံလေးကတော့ ပျက်လေပြီ။ ဪ...သူ့အတွက်တော့ ကမ္ဘာလေး ပျက်သကဲ့သို့ သာလျှင်တည်း။

မိုးရေဒဏ်ကြောင့် အပေါ်မိုးမြေတဝက် ပြိုကျခဲ့သည်။ စီးဝင်လာသော ရေ၊ စိမ့်ဝင်လာသောရေ၊ ပက်ဝင်လာသောရေ... သည်ရေတွေကြောင့် လိုဏ်လေး အတွင်းမှာ ဗွက်ပေါက်နေသည်။ ကောက်ရိုးများရော ဂုန်နီအိတ်များပါ စိုရွှဲကုန်သည်။ ကောက်ရိုးများနှင့် ဂုန်နီအိတ်တို့ကိုမူ သောင်ပြင်တွင် နေလှန်းထားပြီးပြီ။

ပြိုကျထားသော မြေများကို မဖယ်ရသေး။ ဘာလက်နက်မှလည်း မရှိသောကြောင့် လက်နှင့်သာ ယက်ထုတ်ဖယ်ပစ်ရမည်။ ပြီးတော့မှ ဗွက်ထနေသော ကြမ်းပြင်ပေါ် သောင်မှသဲတွေကျုံးပြီး ခင်းရမည်။

တနံနက်ခင်းတော့ အချိန်ကုန်မည်။ ဤသည်က ကိစ္စမရှိ။ မိမိမှာ အချိန်တွေ

အများကြီးရှိသည်။ ခက်သည်မှာက ရှေ့ရေး။

ပြုပြင်လိုက်လျှင်တော့ သိုက်မြုံလေးက ပြန်ကောင်းလာမည်။ သို့ရာတွင် နှစ်ည ရွာသောမိုးနှင့်ပင် ပျက်သော သည်သိုက်မြုံသည် မိုးတွင်းဆိုလျှင် မည်သို့ရှိပါ့။ မိုးတွင်းရောက်သော် သည်သောင်ပင် ရှိချင်မှ ရှိတော့မည်။ မြစ်ရေတိုးပါက သည်လိုဏ်လည်း ရေအောက်ရောက်မည်။

အိမ်ထောင်ပျက်ခြင်း။ သည်စကားက ခေါင်းတွင်း ကြုံကြုံဖန်ဖန် ရောက်လာ၏။

သည်ဟာကို အိမ်ထောင်ပျက်သည်ဟု ခေါ်နိုင်ပါသလော။ အင်းလေ... ထူထောင်ထားရသော အိမ်လေးပျက်သည်ပေါ့။ သည်တော့ အိမ်ထောင်ပျက်သည်ပေါ့။ အင်း...အဟင်း။

အတွေး၌ နစ်မြုပ်၍ကောင်းဆဲ အနောက်ပါးမှ အသံပေါ်လာ၏။

"မောင်သာစု ဘာလုပ်နေတာလဲ"

ထိတ်လန့်တုန်လှုပ်စွာ လှည့်ကြည့်လိုက်သောသူက ဦးကြီးကို တွေ့ရ၏။

ဦးကြီးကသာ ထပ်မေး၏။

"မောင်သာစု ဘာလုပ်နေတာလဲ"

သူက အစီအပွာယ်မရှိ ပြုံးလိုက်၏။

"ဘာမှမလုပ်ပါဘူး၊ ဘာလုပ်ရမလဲလို့ ထိုင်စဉ်းစားနေတာပါ"

"ဒီနေ့ မင်း အလုပ်မဆင်းဘူးလား"

"ဒီနေ့ ကျွန်တော်..အဲ... အိုးအိမ် ပြန်ထူထောင်မလို့"

"ဘယ်လို..."

ကိုသာစုက သူ့လိုဏ်ကလေးကို ညွှန်ပြ၏။

ဦးကြီးက နားမလည် လိုဏ်လေးကို ကြည့်သည်။ ထို့နောက် သူ့မျက်နှာကို ကြည့်၏။

"မောင်သာစု ဘာပြောတာလဲ"

သူက လိုဏ်လေးကို ပြန်ညွှန်ပြ၏။

"အဲဒါ ကျွန်တော့်အိမ်၊ အခု ပျက်သွားလို့၊ ပြန်ထူထောင်မလို့"

"ဩော်...ဒီဥစ္စာ..မင့်..အိမ်"

"မြေခွေးမှာ တွင်းရှိတယ်၊ ငှက်မှာလည်း အသိုက်ရှိတယ်၊ ကျွန်တော့်လည်း

အိမ်ရှိတာပေါ့၊ မြေခွေးနေတော့ တွင်း၊ ငှက်နေတော့ အသိုက်၊ လူနေတော့ အိမ်၊ ဝေါဟာရတွေပါ၊ မဟုတ်ဘူးလား”

ဦးကြီးသည် လိုဏ်ကိုကြည့်ပြန်၏။ သောင်ပေါ်ရှိ ဂုန်နီအိတ်များနှင့် ကောက်ရိုးများကိုလည်း ကြည့်သည်။

ဦးကြီးသည် ခေါင်းခါ၏။ ရင်၌လည်း ကရုဏာ ဆို့လာ၏။

“ဒါဖြင့် မင်းမှာ အိမ်မရှိဘူးပေါ့”

“ဟာ...ဦးကြီးကလည်း ခက်တော့တာပဲ၊ အဲဒါဟာ ကျွန်တော့်အိမ်လို့ ရှင်းပြနေတယ် မဟုတ်လား”

“ထားပါတော့လေ၊ မင်းပြောသလိုပဲ၊ ဝေါဟာရတွေ၊ အခု...မင့်.... အိမ်က ပျက်နေပြီ မဟုတ်လား”

“ ဟုတ်တယ်၊ ကျွန်တော် ပြန်ထူထောင်မလို့”

ဦးကြီးသည် စိတ်ကို ယတိပြတ် ဆုံးဖြတ်လိုက်ပြီး ပြော၏။

“ပြန်ထူထောင်မနေနဲ့တော့ကွယ်၊ မင်း ဦးကြီးနဲ့ လိုက်နေ၊ ဟုတ်လား”

“ခင်ဗျာ...”

“ဦးကြီးတဲက အကျယ်ကြီးပါ၊ များသောအားဖြင့် ဦးကြီးတယောက်တည်းလိုလို နေတာ၊ ဦးကြီးတဲမှာ လာနေပေါ့”

သူက ခေတ္တငိုင်ပြီး စဉ်းစားနေသေး၏။

“ဦးကြီးကို အိမ်လခ ဘယ်လောက်ပေးရမှာလဲ”

“မယူပါဘူး မောင်ရင်ရာ၊ ဦးကြီးက တူလို သားလို ခေါ်တာပါ၊ မင့် ကျေးဇူးကလည်း ဦးကြီးပေါ်ရှိတယ်”

“ခင်ဗျာ...”

“မင့်ကြောင့် ဦးကြီး စပါးတွေ မိုးလွတ်ခဲ့တယ်၊ တယောက်ကျေးဇူး တယောက် သိရတယ်၊ တဦးမေတ္တာ တဦး တုံ့ပြန်ရတယ်”

ဘာကြောင့်မသိ သူ့မျက်နှာသည် မှုန်မှိုင်းသွား၏။ ခေါင်းလည်း ငိုက်သွားသည်။

“ဘယ်လိုလဲကွဲ့၊ မင်းက ဦးကြီးနဲ့ လိုက်မနေချင်ဘူးလား”

“တွင်းထဲမှာ အသိုက်လုပ်နေတာထက်စာရင် အိမ်မှာနေရတာက သိပ်ကောင်းတာပေါ့၊ ကျွန်တော် စဉ်းစားတာက ဦးကြီးရဲ့ စကားပါ”

"ငါ့စကားက ဘာဖြစ်လို့လဲ "

"အို..အို..ဘာမှမဖြစ်ပါဘူး၊ မေတ္တာဆိုတဲ့ စကားကြားလို့"

"အဲဒီစကားက ဘာဖြစ်သလဲ"

"မေတ္တာဆိုတာဟာ ဒီလောကမှာ မရှိဘူးလို့ ကျွန်တော်က ထင်တာ။ အခုတော့လည်း ရှိသားပဲ၊ အင်း..အင်း... ရှိသားပဲ"

ယင်းသို့ညည်းပြီး သူက သူ့ဂုန်နီအိတ်များကို ကောက်ယူ၏။

"အဲဒါတွေက ဘာလုပ်မလို့လဲ"

"ကျွန်တော့်စောင်တွေလေ"

"ထားခဲ့ပါ မောင်သာခု၊ မင်းကို ဦးကြီး စောင်လည်း ပေးပါ့မယ်"

သူသည် ဦးကြီးကို တချက်ကြည့်၏။ ထို့နောက် ဂုန်နီအိတ်များကို လွှတ်ချလိုက်၏။

ဦးကြီးက ရှေ့ဆောင်၍ တဲဆီလာခဲ့သောအခါ သူက နောက်မှ ကုပ်ကုပ်လေး လိုက်လာ၏။

ညက သူ့အဝတ်အစားတွေ ရေစိုခဲ့သောကြောင့် တကိုယ်လုံး ချမ်းနေခဲ့ သည်။

ယခုတော့ အဝတ်အစားတွေက ခြောက်စပြုပြီ။ နေရောင်ကလည်း တောက်ပစွာ ကျလာနေ၏။

သူ့ကိုယ်မှာ နွေးလာသည်။ နေရောင်ကြောင့်လည်း နွေးသည်။ မေတ္တာစောင်ကြောင့်လည်း နွေးသည် ထင်၏။

*****

အခန်း [၆]

တကြိမ်က မသင်းနုကို ဦးကြီး ပြောခဲ့သကဲ့သို့ လယ်တောသည် သာယာနေ၏။

ဆောင်းသည် မယွန်းသေး။ နွေဘက်သို့မူ ယိုင်နေပြီ။ နွေအစကို နိမိတ်ပြေးပြသကဲ့သို့ အချို့သစ်ပင်တို့ထက်တွင် ရွက်ဝါပေါ်စ ပြုပြီ။ ဘန့်ပွေးပင်တို့ဆိုလျှင် အရွက်မှန်သမျှ ပတ္တမြားရောင် ပေါက်နေသည်။ မြေပြင်တွင် ပတ္တမြားရွက်တို့ တရွက်တလေ လျောင်းစက်ကာရှိပြီ။

သစ်လေးပင်ဝိုင်းသော ဦးကြီး၏ တလင်းမြေတွင် ကောက်လှိုင်းစည်းများ ပြန်ရောက်နေပြီ။

နယ်ပြီးသော စပါးတို့နှင့် ကောက်ရိုးများကို ဦးကြီးက ခွဲခြားစင်ပစ်နေ သည်။

ကိုသာစုက စပါးသယ်ပေးသည်။ ဖိုးချမ်းက စပါးလှေ့နေ၏။

ကြက်တူရွေးစာပင်အရင်း၌ ပုစွန်ကျစ်စာခဲလေးတွေပိုင်းလျက် စပါးနှံ တစည်းကို ပုဗ္ဗကြည့်ပူဇော်ထားသည်။ ကောက်ဆွကို ချလိုက်ပြီး ပုဗ္ဗကြည့် ပူဇော်ထားရာ အနီးရှိ ဖျာကြမ်း တချပ်ပေါ်တွင် ဦးကြီး လာထိုင်သည်။ လက်ဖက်ရည်ကြမ်းတခွက် ငှဲ့သောက်ပြီး လှမ်းအော်ပြော၏။

“မောင်သာစုတို့လည်း လာဟေ့၊ နားကြဦး၊ အကြမ်းသောက်လှည့်၊ မိနုရော လာလေ၊ နင့်ဟာ မပြီးသေးဘူးလား”

တဲ၏ ခြေရင်းပိုင်း တရုတ်မန်ကျည်းပင်ရိပ်၌ မသင်းနုကလည်း အလုပ်များနေ၏။

ပန်းချီကားချပ်ကို သုံးချောင်းထောက်တိုင်ဖြင့် ဆင်ထား၏။ ကားချပ်ပေါ် ၌ ဆီဆေးဖြင့် ဖော်ထားသော တလင်းမြေတွင် စပါးလှေ့ဟန်သည် ရုပ်လုံးပေါ်နေ ပြီ။ ဟတ်ဖ်တုန်းခေါ် အရောင်အပျော့စားတို့ဖြင့် ပုံကြမ်းလောင်းထားသည့်အပေါ် ၌ အမှောင်လိုက်ပြီးပြီ။ ယခု စုတ်နဖြင့် အသေးစိတ် အလင်းတင်နေခြင်း ဖြစ်၏။

ဦးကြီး ခေါ်သံကြားသဖြင့် မသင်းနုက ဖြေ၏။

“ပြီးခါနီးပါပြီ။ ခဏလေး ဦးကြီး”

ကိုသာစုသည် တောင်းကိုချလိုက်ပြီး ဦးကြီးနား လာထိုင်၍

လက်ဖက်ရည်ကြမ်းတခွက် ငုံသောက်၏။

"မောလား မောင်သာစု"

"မမောပါဘူး ဦးကြီးရာ၊ မြစ်ဆိပ်ကနေ ကမ်းပါးထိပ်ရောက်အောင် လှည်းဖနောင့်သံတွေ ထမ်းတက်ရတာထက်စာရင် ဒါက အများကြီး သက်သာတာပဲဟာ"

"မောင်သာစု အရင်က လယ်ထဲမှာ အလုပ် လုပ်ဖူးလား"

"ဟင့်အင်း...ကျွန်တော်က လယ်အကြောင်း ဘာတခုမှ မသိဘူး၊ ဦးကြီးကိုတောင် တခုမေးမလို့"

"ဘာလဲ၊ မေးလေ"

ဖိုးချမ်းကလည်း သူတို့အနီး ဝင်ထိုင်၏။ ကိုသာစုက မေးသည်။

"ကျွန်တော် ရထားနဲ့ လာတုန်းက လမ်းမှာ လယ်ကွင်းတွေ တွေ့တယ်၊ တချို့နေရာတွေက ရိတ်ပြီးပြီ၊ တချို့နေရာတွေက ရိတ်ရဖို့ ဝေးရော၊ အစိမ်းရောင်တောင် မပျောက်သေးဘူး၊ ဟော... ဒီဘက်ရောက်တော့လည်း အားလုံးရိတ်ပြီးတဲ့အပြင် မြေပဲတောင် စိုက်ပြီးနေပြီး တနေရာနဲ့ တနေရာ မတူဘူး ထင်တယ်၊ အဲဒါ မေးချင်လို့"

"အင်း မတူဘူးပေါ့ကွာ၊ မင်းတွေ့ခဲ့တာက ပုသိမ်ဘက်မှာ ထင်တယ်၊ ဟုတ်လား"

"အင်း...ဟုတ်တယ်"

"အဲဒီဘက်မှာက ကောက်ကြီးစိုက်ကြတယ်၊ ကောက်ရင်တို့ ဟောဒီရာကျော်တို့က စောစောပေါ်တယ်၊ ရာကျော်ရိတ်ချိန်မှာ မင်းပြောသလိုပဲ ကောက်ကြီးတွေကတော့ စိမ်းနေဦးမှာပဲ၊ ပြီးတော့ ဒီနှစ်က ပြန်စိုက်စပါးတွေလည်း ရှိသေးတယ်"

"အဲဒါက ဘာပြောတာလဲ""

"ဒီနှစ်က ရေကြီးတယ် မဟုတ်လား၊ လယ်တွေ ပျက်ကုန်လို့ ရေကျမှ ပြန်စိုက်ရတာတွေရှိတယ်၊ ဟိုနေ့က မုန်တိုင်းနဲ့ မိုးဟာ တို့အတွက်သာ မျက်လုံးပြူးသွားရတာ၊ ပြန်စိုက်လယ်တွေအတွက်တော့ သိပ်ကောင်းသွားတယ်။ ရေအလျှံရတာမို့ စပါးထွက်ကောင်းမယ်ကွ"

ဦးကြီးက လက်ဖက်ရည်ကြမ်း ဆက်သောက်၏။ ဖိုးချမ်းကသာ ရုတ်တရက်ဝင်မေးသည်။

"ကိုသာစုက ပုသိမ်ကလာတာ ဟုတ်လား"

"ပုသိမ်က လာတယ်လို့ မင့်ဘယ်သူက ပြောလို့လဲ"

"ပုသိမ်က လာတာမဟုတ်ရင် ဘယ်ကလာတာလဲ"

"မင်းကော ဘယ်ကလာလဲ"

"ခင်ဗျာ"

"မင်း မဖြေနိုင်ဘူး မဟုတ်လား၊ မှတ်ထား၊ ကိုယ်မဖြေနိုင်တဲ့ မေးခွန်းကို လူများလည်း မမေးရဘူး"

ကိုသာစု၏အသံက အနည်းငယ် မာနေသည်။ မျက်နှာထားကလည်း အနည်းငယ်တင်း၏။

ဖိုးချမ်းက နားမလည်။ သူက ရိုးသားစွာ မေးသည်ကို ကိုသာစုက ဘာကြောင့် စိတ်ဆိုးရသနည်း။ မျက်လုံးလေးအပြူးသားနှင့် ဖိုးချမ်းက ဦးကြီးဆီ ကြည့်သည်။ ဦးကြီးက စကားဆက်မပြောရန် အရိပ်အခြည်ပြ၏။

စကားမဆက်ချင်၍လော မသိ။ ကိုသာစုက မသင်းနု ပန်းချီဆွဲနေရာဆီသို့ ထသွား၏။ ထိုအခါကျမှ ဦးကြီးက ဖိုးချမ်းကို တိုးတိုးပြောသည်။

"မောင်သာစုကို သူ ဘယ်ကလာလဲ သွားမမေးနဲ့ကွဲ့၊ ကြိုက်ပုံမရဘူး"

"ဘာဖြစ်လို့ မကြိုက်တာလဲ"

"ဟာ...မင်း...တယ်.. နတဲ့ကောင်ပဲ၊ အခုအထိ မရိပ်မိသေးဘူးလား"

ဖိုးချမ်းက ခေါင်းကုတ်၏။ ဘာမျှတော့ မပြောတော့။ ကိုသာစု အနီးကပ်လာသည်ကို မြင်သောအခါ မသင်းနုက အပြုံးလေးဖြင့် နှုတ်ဆက်၏။

သူက ပြန်ပြုံးပြပြီး ဆိတ်ငြိမ်စွာ ရပ်ကြည့်နေ၏။ မသင်းနုသည် ဆေးဖြူကို စုတ်လေးဖြင့် တို့ယူ၍ ပန်းချီကားပေါ်တွင် သိမ်မွေ့ညင်သာစွာ လိုက်တို့နေ၏။

သူက မေး၏။

"အဲဒါ ဘာလုပ်တာလဲ"

"အလင်းတင်တာ"

"အလင်းတင်တာ၊ အဲဒါကကော ဘာပြောတာလဲ"

"အလင်းတင်တယ်ဆိုတာ...အဲ. ဟိုင်းလိုက်တ် ထည့်ပေးရတာပေါ့"

ယင်းစကားကို မသင်းနုက အမှုမဲ့ အမှတ်မဲ့ ပြောလိုက်ခြင်း ဖြစ်သည်။ ပြောလိုက်မိပြီးမှ မိမိ၏စကားသည် အဖြေထက် ပဟေဠိ ပိုဖြစ်သွားမှန်း မသင်းနု သတိပြုမိ၏။

"ဪ...ဟိုင်းလိုက်တ် ထည့်တာကိုး"

သည့်တကြိမ် အံ့သြရသျှမှာ မသင်းနု ဖြစ်၏။ အကြောင်းမှာ သူ့လေသံ က မသင်းနုစကားကို နားလည်သယောင် ဖြစ်နေသည်။ အထူးသဖြင့် ဟိုင်းလိုက်တ် ဟု အင်္ဂလိပ်စကားသံ ထွက်လိုက်ပုံမှာ ဗာ,သံပိတ်ပုံမှစ၍ ပီသလှ၏။

မသင်းနုသည် ကွက်ခနဲ သူ့ကို မော့ကြည့်သည်။ သူကတော့ ပန်းချီကားကိုသာ စူးစိုက်ကြည့်နေ၏။

ချက်ချင်းပင် မသင်းနု သတိဝင်လာ၏။

သူ့ကို မသင်းနု စိတ်ဝင်စားသည်။ သူ့အတိတ်က ဘာပါနည်း။ တိုက်ရိုက်မေးမြန်း၍ ရမည်မဟုတ်သည်ကိုတော့ မသင်းနု သိပြီးသားပါ။ တစ တစနှင့် သဲလွန်စလေးတွေကို စုရမည်။ စုံစမ်းမှန်း မသိစေဘဲ စုံစမ်းရမည်။

မသင်းနုသည် ပန်းချီကားပေါ်တွင် ဟန်မပျက် စုတ်ချက်လေးများတို့ရင်းက သူ့ကို မကြည့်ဘဲ အမှုတမဲ့ဟန်ဖြင့် မေး၏။

“ကိုသာစု ပန်းချီဆွဲတတ်လား”

“ကြံကြီးစည်ရာ၊ ဘာလို့မေးတာလဲ”

“သြော်..ဆွဲတတ်သလားလို့ပါ။ ပန်းချီပညာကော နည်းနည်းပါးပါး လေ့လာဖူးလား”

“ဟင့်အင်း”

“ဒါဖြင့် ဟိုင်းလိုက်တ် ထည့်တယ်ဆိုတာ နားမလည်ဘူးပေါ့”

“အင်း......ဟင့်အင်း၊ နားမလည်ဘူး”

“ကျွန်မ ရှင်းပြရင် ရှင် နားထောင်မလား””

“ဟာ.. ထောင်ပေါ့ဗျာ”

“ပန်းချီဆိုတာ အရောင်တွေရယ်၊ အလင်းအမှောင်သဘောတွေရယ် အဲဒါတွေကို လိုအပ်သလိုသုံးပြီး ဖော်ယူတာ၊ အရောင်ရယ်၊ အလင်းရယ်၊ အမှောင်ရယ် ဒီသုံးမျိုးကို တွဲဖက်ပြီးသုံးလို့ ပေါ်လာတဲ့ အကျိုးသဘာဝကို အဲ....တုန်းလို့ ခေါ်တယ်”

“သြော်...အင်း..တုန်း”

သူ တုန်းဟု လိုက်ဆိုဟန်၌ န,သံ ပီသစွာ ပါကြောင်း မသင်းနု သတိပြုမိပြန်၏။

“အခု ကျွန်မ ဆွဲနေတာက ဆီဆေး၊ ဟောဒီမှာကြည့်၊ ဒါက လင်ဒ်ဆီ အိုးင်းလ်၊ ဆေးဖြန့်တဲ့အခါ သုံးတယ်၊ ဟောဒါက မစ်ဒီယံအိုးင်းလ် ဆေးသားတက်ဖို့ သုံးတယ်၊ ဟောဒါက တာပင်တိုင်လ်အိုးင်းလ် ဆေးခြောက်အခေါင် သုံးတယ်၊ ဟောဒီအတောင့်လေးက ချားကိုးလ် မီးသွေးတောင့်လေး”

မသင်းနုက သူ့ကို အကဲခတ်ကြည့်၏။ သူက စိတ်ဝင်စားစွာ နားထောင်နေသည်။

"ဟောဒီ ကားချပ်ပေါ်မှာ ပထမ ချားကိုးလ်နဲ့ အစောက်တ်လိုင်းရေး တယ်"

အစောက်တ်လိုင်းခေါ် ပုံကြမ်းဆွဲခြင်းကို ဘာသာမပြန်ဘဲ မသင်းနုက တမင်ပြော၏။ သူက နားလည်သယောင် ခေါင်းညိတ်၏။

"ပြီးတော့မှ အရောင်သွင်းတယ်၊ အရောင်ကိုလည်း အလင်းသဘောနဲ့ အမှောင်သဘောက ကြားရောင် ဟပ်ပ်တုန်းကို အရင်သွင်းတယ်။ ပြီးတော့မှ အရိပ်ကျတဲ့ နေရာမျိုးမှာ အရင့်သုံးပြီး အမှောင်လိုက်တယ်၊ နောက်ပိတ်ဆုံးကျမှ ဟောဒီ လို ဆေးဖြူလေးနဲ့ ဟိုင်းလိုက်တ်ထည့်တယ်၊ ပုံထဲက ဟောဒီသစ်ပင်ကိုကြည့်၊ အလင်းရောင်လဲ့လဲ့လေး ပြန်နေတယ် မဟုတ်လား၊ အဲဒါ ဟိုင်းလိုက်တ်ထည့်ထားတာ"

"အား .... သဘောပေါက်ပြီ၊ နေဦး.. ဒီထဲက စပါးပုံလေး၊ အဝါတော့ အဝါပဲ၊ ဟောဒီဘက်က အဝါက မှောင်တယ်၊ ဒီနေရာက အဝါလေးက အဲ...ဟပ်ဖ် တုန်း၊ ဟောဒီဘက် နေရောင်ကျတဲ့ဘက်က လက်နေသလို ဖြစ်နေတယ်။ အမှန်က အဖြူကဲထားတာ၊ ဟိုင်းလိုက်တ် ထည့်ထားတာပေ့ါ၊ ကျုပ်ပြောတာ မှန်သလား"

"မှန်တယ်ရှင့်"

"ကလေးမက ဘာလို့ပန်းချီဆွဲတာလဲ"

မသင်းနုက ပြုံး၏။ သက်ပြင်းလေးလည်း မသိမသာ ချသည်။ သူ့အမေး ကို ဖြေရန်က မလွယ်။

"တိုတိုနဲ့ လွယ်လွယ်ဖြေရရင်တော့ ဝါသနာပါလို့ရှင့်"

"ဝါသနာပါလို့၊ သိပ်မှန်တဲ့စကားပေ့ါ၊ ဒါပေမဲ့ ဘာလို့ဝါသနာပါတာလဲ"

"အဲဒီမေးခွန်းတော့ ကျွန်မ မဖြေတတ်ဘူး"

သူက တစုံတရာ သဘောကျဟန်ဖြင့် ရယ်၏။

"မင်း မှန်တဲ့စကားကို ဆိုတယ်၊ ဟုတ်တာပေ့ါ၊ မဖြေနိုင်ဘူး၊ ကျုပ်လည်း အခုတလော လူမဖြေနိုင်တဲ့ မေးခွန်းချည်း လျှောက်မေးမိနေတယ်၊ ခုနက ဖိုးချမ်းကို ကျုပ်မေးတယ်၊ သူ ဘယ်ကလာလဲလို့၊ မဖြေနိုင်ဘူး၊ ဟိုတလောကလည်း ထမင်းရောင်းတဲ့ အဒေါ်ကြီး ကျုပ် ဒီလိုပဲ မေးဖူးတယ်၊ သူလည်း မဖြေနိုင်ဘူး"

စကားအဆုံး၌ သူသည် မိမိ၏ ပြက်လုံးကို မိမိသဘောကျသောသူတဦးကဲ့သို့ ဆက်ရယ်နေသေးသည်။

သူ့စကားက ရယ်ဖွယ်မကောင်း။ မသင်းနုအတွက်မူ သဲလွန်စတခုပင် ဖြစ်နေသည်။ သူ့စကား၌ စိတ္တဇ၏ ဖုံးကွယ်မှုသဘော။ စိတ္တဇကာကွယ်မှုသဘော။ သည်သဘောတွေ ပါနေသည်ဟု မသင်းနု ထင်သည်။ သို့ရာတွင် မသင်းနုသည် သူနှင့်အတူ လိုက်ရယ်သည်။ သူ့ကိုပင် လှည့်မကြည့်။ ပန်းချီကားတွင် စုတ်ချက်

မှုန်းရင်း ရယ်သည်။

သူ့ရယ်သံ တိတ်သွားသည်။ သူ့ထံ လှည့်မကြည့်ဘဲ သူ့ထံမှ ဘာစကား လာဦးမည်နည်းဟု မသင်းနု ဆက်စောင့်၏။ ဘာစကားသံမျှ ထပ်မလာ။

မသင်းနုက မော့ကြည့်သည်။ သူက မသင်းနုအနီးမှ ထွက်ခွာသွားပေပြီ။ မသင်းနုသည် သက်ပြင်းလေးချ၏။

မည်သို့ဖြစ်စေ ဤမျှနှင့်ပင် တော်ပြီ။ အနည်းဆုံး သူက မိမိနှင့် ရင်းရင်းနီးနီး စကားပြောပြီ။

ထိုနေ့က နေကျချိန်တွင် ဦးကြီးတို့ အလုပ်သိမ်းကြသည်။ မသင်းနုလည်း သူ့ပန်းချီပစ္စည်းလေးများကိုသိမ်းပြီး ပြန်ခဲ့သည်။ ဦးကြီးက မသင်းနုကို မြစ်ဆိပ်အထိ လိုက်ပို့၏။ မသင်းနုတို့သည် တဲနှင့် မလှမ်းမကမ်းအရောက်၌ ပတ္တလားတီးသံ ပေါ်လာ၏။

“ဦးကြီး အဲဒါ ဘယ်သူတီးတာလဲ”

“မောင်သာစုလေ”

“ဪ…သူ ပတ္တလား တီးတတ်သလား”

“အေး…တီးတတ်တယ်ထင်တယ်၊ အစကတော့ ဟိုခေါက် ဒီခေါက်ပဲ၊ အခုတော့ လက်သံကောင်းလာတယ်”

မသင်းနုသည် ဘာမျှဆက်မပြောတော့။ ဦးကြီးကလည်း ဘာမျှဆက် မပြော။

မသင်းနု တဖက်ကမ်းသို့ ကူးသွားသောအခါ ဦးကြီးသည် တဲဆီသို့ လေးလေးမှန်မှန် လျှောက်ပြန်လာခဲ့သည်။

နေက ညိုနေပြီ။ နှင်းမြူကြောင့် ညနေသည် ပြာရီဝေမှောင်လည်း ရှိ၏။ တဲအနီးအရောက်၌ ပတ္တလားသံက ပိုမိုပီသပြတ်သားစွာ ဆီးကြိုသည်။ ဪ.. တေးဆိုသံကိုပင် ကြားရ၏။

“မြမြမောင်း…မောင်း၊ ပြာညိုရွှေ တိမ်ခြေငွေနှင်းပေါင်း…ဝေအစည်စည်၊ လေပြည်လေညှင်း၊ လုံနိုင်အခေါင်သာ၊ လောင်းပြန်တော့သာ လေလေ…ပြောင်း ရိုက်ကယ်ဆော်ကာသာ×××”

ဦးကြီး၏ရင်မှာ ခုန်လာသည်။ နှုတ်မှလည်း “ဘုရား…ဘုရား” ဟု တမိသည်။

သည်ပတ္တလားသံနှင့် သည်သီချင်းကို ဦးကြီး ကောင်းစွာမှတ်မိသည်။

ဪ… သည်အသံနှင့် သည်သီချင်းကို မကြားရသည်မှာ ငါးနှစ်ကျော်ပြီ။ ဪ…လူကလေးထွေးမောင်၊ သည်လောက်ရှိ သူ့အရိုးလေးတွေပင် မြေမှာ ဆွေးစပြုပြီလော။

တဲတွင်းသို့ မဝင်သေးဘဲ တလင်းမြေအနီး မန်ကျည်းပင်ကိုမှီလျက် ဦးကြီး

ကပ်နေ၏။

ဦးကြီး ရပ်နေရာမှနေ၍ တဲကပြင်ဆီ ကောင်းစွာလှမ်းမြင်ရသည်။ ကောက်လှိုင်းစည်းများ မရှိတော့ပြီ ဖြစ်သောကြောင့် ကပြင်က ကျယ်သွားပြီ။

ကပြင်စပ်ဆီ ပတ္တလားကိုရှေ့ပြီး ကိုသာစုက စိတ်ဝင်စားစွာ တီးဆိုနေ၏။ စိတ်ဝင်စားရုံမက ကိုသာစုမှာ စိတ်လည်း တက်ကြွနေသည်။ သူ့စိတ်မှာ ဖြူးဖြူးရွှင်ရွှင်လည်း ဖြစ်မိ၏။ သည်လက်လေးတွေက ဘာလို့ လှုပ်ရှားနိုင်သနည်း။ သည်တေးသွားလေးတွေက ဘယ်ကဝင်လာသနည်း။ သည်သီချင်းကလည်း နှုတ်မှာ ဘယ်ကပေါ်လာသနည်း။ မသိ...မသိ။ သို့ရာတွင် လက်များက လှုပ်ရှားနေသည်။ တား၍လည်း မရ။

ကိုသာစုသည် သူ့ကိုယ်သူ အံ့ဩရင်း ပတ္တလားကို ဆက်တီးနေ၏။

"ရတာစေ... နေလွှန်းအား ပူသူများ ပူရှော့မယ်လေလေ့၊ မေ့ရက်ကယ် နေနိုင်တယ်..."

ဒုက္ခ။ မေ့ရက်ကယ် နေနိုင်တယ်ဟူသော အပိုဒ်အပြီးမှာ ကိုသာစု တကယ်သွက်လက်သောလက်သည် ရပ်သွား၏။ ဘာကို ဆက်လက်ခေါက်ရမည် မှန်းမသိတော့။ နှုတ်ဖျား၌ သီချင်းစာသားကလည်း ပေါ်မလာတော့။

အတန်ကြာ ဆက်ကြိုးစား၍ မရသည့်အဆုံး၌ ကိုသာစုသည် လက်ခတ် တို့ကို စိတ်ပျက်လက်ပျက် ချထားလိုက်၏။

ဦးကြီးက ကိုသာစုအနီးသို့ ချဉ်းကပ်လာသည်။

"ဆက်တီးလေ မောင်သာစု"

"ခင်ဗျာ..."

"ပတ္တလား ဆက်မတီးတော့ဘူးလား"

ကိုသာစုက ဦးကြီးကို မော့ကြည့်၏။

ဦးကြီး၏ မျက်နှာအမူအရာက ဆွေးမြည့်နေသည်။ မျက်လုံးတို့၌လည်း မျက်ရည်များ ဝဲနေ၏။

"ဦးကြီးက နားထောင်ချင်လို့လား"

"အေး...အင်း...ဦးကြီး နားထောင်ချင်တယ်"

"ခက်တာက ကျွန်တော် ဆက်မတီးတတ်တော့ဘူး"

"ဆက်မတီးတတ်တာတော့ မဟုတ်ဘူး၊ မေ့သွားတာ၊ သီချင်းကလည်း ကြည့်ဦးလေး နိမိတ်မရှိ နမာမရှိ၊ မေ့ရက်ကယ် နေနိုင်တယ်တဲ့၊ ဒီတော့ မေ့တော့တာပေါ့"

ဦးကြီးသည် သူ့ကို ဘာမျှပြန်မပြောဘဲ တဲ၏အတွင်းခန်းသို့ ဝင်သွား၏။ ဦးကြီး ပြန်ထွက်လာသောအခါ လက်တွင်း၌ စာအုပ်ဟောင်းတအုပ် ပါလာသည်။

စာအုပ်ကို တံတိုင်၌ရိုက်၍ ဖုန်ခါပြီး ဦးကြီးက ကိုသာစုအား ပေးသည်။ ကိုသာစုက စာအုပ်ကို ဖွင့်ကြည့်၏။

"အား- ဂီတဝိသောဓနီကျမ်း၊ ဦးကြီး ဒီစာအုပ် ဘယ်ကရသလဲ"

"ဦးကြီး သိမ်းထားတာ"

"ဦးကြီးက ဘာလို့သိမ်းထားရတာလဲ"

"သိမ်းထားရတာပေါ့ မောင်သာစု၊ ဒီစာအုပ်က လူကလေးထွေးမောင် စာအုပ်၊ ဒီပတ္တလားက လူကလေးထွေးမောင့် ပတ္တလား"

"လူကလေး ထွေးမောင်…သူက ဘယ်သူလဲ"

"လူကလေး ထွေးမောင်ဟာ ဦးကြီးရဲ့သားပေါ့"

"ဦးကြီးရဲ့သား၊ အခု သူ ဘယ်ရောက်သွားပြီလဲ"

"သူ အခု မရှိတော့ပါဘူးကွယ်"

ဦးကြီး၏အသံသည် တိမ်ဝင်သွား၏။ ဩော်…အဟောင်းတို့ သစ်ရလေသည်။ ဥပါဒါန်.. ဥပါဒါန်။

ဦးကြီး၏ခေါင်း ပြန်မော့လာသည်။ မျက်ရည်ဝဲရင်းက ကိုသာစုကို ပြုံးကြည့်ပြီးဆို၏။

"အဲဒီစာအုပ်ကို မောင်သာစုယူ၊ အဲဒီပတ္တလားလည်း…အဲ…မောင်သာစု ပတ္တလားပေါ့"

ဤမျှသာဆိုပြီး ဦးကြီးသည် အတွင်းခန်းသို့ ပြန်ဝင်သွား၏။

ကိုသာစုက စာအုပ်ကိုဖွင့်ပြီး ရှာသည်။ မြမြ မောင်းမောင်း ပတ်ပျိုးလေးကို တွေ့သည်။ သူမေ့နေသော စာသားကိုလည်း တွေ့၏။

သူသည် စာသားကို တိုးတိုးဆိုကြည့်၏။ ခဏ၌ သူ့မျက်နှာသည် ကြည်ရွှင်သွား၏။

သူသည် လက်ခတ်ကို ပြန်ကိုင်ကာ တီးစမ်းကြည့်၏။ ပထမမှု ထစ်ထစ်ငေါ့ငေါ့နှင့် လက်တွေက ခလုတ်တိုက်နေသေးသည်။ အတန်ကြာသော် ကြွကြွဆတ်ဆတ် တီးကွက်ဝင်လာ၏။

"သဇင်…စကား ချရား .. စံပယ်၊ စ… ရွှေသွယ်၊ ပုံလယ်ဝတ်မှုန်မွှေး၊ လေပြည်…တသွေးသွေး"

❋❋❋❋❋

အခန်း [၇]

စိတ်လေခြင်း။

သည်စကားကို အများနည်းတူပင် မသင်းန ကြားဖူးသည်။ အများနည်းတူပင် အခါအားလျော်စွာ စကားအဖြစ် သုံးဖူးသည်။ တကယ်တော့ စိတ်လေခြင်း ဟူသည် အဘယ်နည်းဟု တခါဖူးမျှ လေးလေးနက်နက် သုံးသပ်မကြည့်ဖူးခဲ့။ စိတ်လေခြင်းဟု ခေါ်ရမည့်အဖြစ်မျိုးကိုလည်း တခါမျှ မကြုံဖူး။ စိတ်လေခြင်း ဟူသည်မှာလည်း ခံစားဖူးမှ သိနိုင်သော စိတ်၏အခြေအနေတမျိုးသာ မဟုတ်လေလော။

စိတ်လေခြင်းကို ယောက်ျားလေးများကို အပြစ်တင်သော စကားအဖြစ် မကြာခဏ မသင်းန ကြားဖူးသည်။ ဪ.. ယောက်ျားလေးများ သဘာဝက စိတ်လေတတ်သည်လော။

စိတ်လေခြင်းသည် မိန်းကလေးများနှင့် မဆိုင်။ အထူးသဖြင့် မိန်းမကောင်း လေးများနှင့် မဆိုင်။ ဤသို့လျှင် မသင်းန နားလည်ထားခဲ့သည်။

ဆူပူမှုများကြောင့် တက္ကသိုလ်ကြီးကို အကန့်အသတ်မရှိ ပိတ်လိုက်ပြီး သည့်၏နောက်ပိုင်းတွင် စိတ်လေခြင်းကို မသင်းန ပထမဦးစွာ အဖြစ်ဖြင့် ခံစားရ သည်။

ကျောင်းမတက်ရတော့ စာမကျက်ရ။ စာဟောင်းတွေ ပြန်ကျက်ရသည် ကလည်း ထပ်တလဲလဲ ဖြစ်လာတော့ ငြီးငွေ့ဖွယ် ဖြစ်လာသည်။ အပျင်းပြေ ဖတ် စရာ စာအုပ်များကလည်း ကုန်ပြီ။ နံနက်တွင် ဈေးသွားပေးပြီး အိမ်၏ဝေယျာဝစ္စများ ဝိုင်းကူလုပ်ပေး၏။ သည့်နောက်တွင်မူ အချိန်တွေက ပိုနေ၏။ ထိုအခါ စိတ်က လေချင်သည်။ ဪ.. စိတ်ဟူသည်မှာ လုပ်ငန်းတခုခုတွင် ကျောက်ချ ထားလေမှ၊ ရည်မှန်းချက်တခုခုနောက်သို့ အစဉ်တစိုက်လိုက်နေမှ၊ စိန်ခေါ်နေသော ပြဿနာ တရပ်ကို လက်ခံတိုက်ခိုက်နေမှ…သို့မှသာ သူငြိမ်သည်။ မဟုတ်က လေရူးရှေ့မှ ရွက်ဝါ ကဲ့သို့ လွင့်ချင်ရာ လွင့်၍ မြောချင်ရာ မြောသည်။ သည်တော့ စိတ်လေခြင်း..။

စိတ်လေခြင်းပျောက်ရန် မသင်းနက ပန်းချီရေးသည်။ အပျင်းပြေရန်သာ မဟုတ်။ စိတ်ကို ကျောက်ချထားရန် အလုပ်တခုအဖြစ် ပန်းချီရေးသည်။ ထမင်းစားသောက်ပြီးသည်နှင့် တပြိုင်နက် မသင်းနသည် တဖက် ကမ်းသို့ကူးပြီး ဦးကြီး၏ လယ်တောတွင် တနေ့လုံး ပန်းချီဆွဲသည်။ လယ်တောမှာက ပန်းချီဆွဲရန်တွေ ပေါလှသည်။

တလင်းမြေမှာ စပါးနယ်၊ စပါးလှေ့နေသူများ။ နေရောင်အဓောက် ဖွေးဖွေး ဖြူနေသော လယ်မြေမှ မြေပဲပင် စိမ်းစိမ်းများ။ ညိုညို့အုပ်အုပ်ရှိသော သစ်ညိုပင်ခြေ

မှ နွားကျောင်းသား။ ညနေရီတွင် ရွာဆီပြန်လေသော ကောက်ရိုးမိုဲ့မိုဲ့ပြည့်သည့် နွားလှည်း။ ကြည့်နေရင်းက အမှတ်မထင် အရောင်ပြောင်းနေသော ကောင်းကင်။ မှန်၏။ မသင်းနုအတွက် ပန်းချီဆွဲရန် ရှုခင်းတွေ စုံလှ၏။ ဪ…ပြီးတော့ ကိုသာစုလည်း ရှိလေသေးသည်။

ကိုသာစုကမူ မသင်းနုအတွက် စိန်ခေါ်နေသော ပြဿနာ ဖြစ်၏။ သူ ဘယ်သူနည်း။ ဘယ်က လာသနည်း။ ဘာဖြစ်ခဲ့သနည်း။ အမှတ်မပြုမိခင်မှာပင် စိန်ခေါ်သော ပြဿနာကို တိုက်ခိုက်ရန် မသင်းနု လက်ခံပြီး ဖြစ်နေ၏။

လယ်တောသို့ ပန်းချီဆွဲသောအခါ ဖိုင်ဘာပြား အသေးလေးများကို မသင်းနု သုံးသည်။ တနည်းအားဖြင့် မသင်းနု ဆွဲခဲ့သည်မှာ ပုံကြမ်းလေးများသာ ဖြစ်သည်။ ပုံကြမ်းလေးများမှ နှစ်သက်ရာပုံတို့ကို အိမ်ရောက်သောအခါ အချိန်ယူ၍ ပုံကြီးချဲ့ပြီး အသေးစိတ်မှုန်းသည်။ သည်နည်းကြောင့် လယ်တောဆီ မသွားနိုင်သော နေ့များတွင်လည်း အိမ်တွင် မသင်းနုအတွက် အလုပ်ရှိနေ၏။

တနေ့က ဆွဲခဲ့သော တလင်းမြေ ပန်းချီကို နှစ်သက်သောကြောင့် အိမ်တွင်ပင် ပုံကြီးချဲ့၍ ပြန်ဆွဲသည်။ ငါးရက်ခန့် ဟိုဘက်ကမ်းသို့ မရောက်။

ငါးရက်မြောက်သောနေ့တွင် မသင်းနုသည် တဖက်ကမ်းသို့ ကူးလာခဲ့ပြန်၏။

တဲနှင့် မလှမ်းမကမ်းအရောက်၌ မသင်းနု၏ရင်တွင် ခြားနားသော ခံစားမှု နှစ်မျိုးကို ခံစားရ၏။

တဲရှေ့ရှိ တလင်းမြေတွင် လူသူဆိတ်သုဉ်းပြီ။ တလင်းမြေ ဖြူဖြူပြောင်ပြောင်လေးမူ ရှိနေသေး၏။ ကောက်လှိုင်းစည်းနှင့် စပါးပုံတို့မူ မရှိပြီ။ လေတိုက်သောကြောင့် တလင်းမြေပေါ်ဖြတ်ကာ ကောက်ရိုးမျှင်လေးများနှင့် သစ်ရွက်ဝါလေး များ လွင့်ပါးနေကြ၏။

ဟိုတနေ့ကမူ နယ်ကြ တွေ့ကြနှင့် လူသူရှိသည်။ ယခုမူ တယောက်မျှ မရှိ။ သစ်လေးပင်ရိပ်မှ တလင်းမြေသည် ဇာတ်ပွဲပြီးသွားသော ဇာတ်ခုံတခုကဲ့သို့ ဟာနေသည်။ မသင်းနု၏ ရင်မှာလည်း ဟာသွားသည်။

တဲဆီကမူ ပတ္တလားသံ ထွက်ပေါ်လာနေ၏။ သည်အသံကမူ မသင်းနု၏ ရင်ကို မသိမသာလေး ခုန်စေ၏။ မသင်းနုသည် ညင်သာသော ခြေလှမ်းများဖြင့် တဲဆီ ကပ်လာ၏။

ကိုသာစုက ပတ္တလားနှင့် အလုပ်ရှုပ်နေသည်။ သူသည် သံစဉ်တခုကို တီးလိုက်၊ စာအုပ်ကိုကြည့်လိုက်၊ ပါးစပ်ကို လှုပ်စိ လှုပ်စိ လုပ်လိုက်။ ပတ္တလား ပြန်တီးလိုက်နှင့် အလုပ်အမှန် ရှုပ်နေသည်။ မသင်းနုကို မြင်ဟန်မတူ။

မသင်းနုသည် ချောင်းလေးဟန့် အသံပေးပြီး တဲတွင်းဝင်လိုက်၏။

ထိုအခါမှ သူက မော့ကြည့်သည်။

"ဪ…ကလေးမ၊ လာ….လာ"

မသင်းနုက ပြုံးပြုံးလေးဖြင့် ဝင်ထိုင်၏။

"ကိုသာစု သီချင်းတီးနေတာလား"

"သီချင်းတီးနေတာ မဟုတ်ဘူး၊ ဂျာအငေး သူ့အမေရိုက်နေတာ"

"ကိုသာစုက သူ့အမေ၊ ပတ္တလားက ဂျာအငေး ဟုတ်လား"

"အာ.. အငေးပေား...ပေား...မဆိုးဘူး မင်းပြောတာ၊ ဒါပေမဲ့ ပတ္တလားက အပြစ်မရှိဘူး၊ အပြစ်ရှိတာက ကျုပ်ခေါင်း၊ ကျုပ်ခေါင်းကို ခေါက်ဖို့ကောင်း တယ်၊ အင်းလေ..လေးငါးချက် ကျုပ်ခေါက်ကြည့်ပြီးပြီ"

"တီးကွက် ပျောက်နေလို့လား၊ ဟုတ်လား"

"ဟုတ်တယ်၊ ပေားဒီ မေ့ဆိုတဲ့ စကားဟာ ကျုပ်ကို ကောင်းကျိုး မပေးဘူး"

မသင်းနုက သူ့ကို ကွက်ခနဲကြည့်၏။ သူကသာ သူ့စကားကို ဆက်ရှင်း၏။

"ဟိုတနေ့က မေ့ရက်ကယ် နေနိုင်တယ် ဆိုတာလည်းရောက်ရော ကျုပ် ရှေ့ဆက်လို့ မရတော့ဘူး၊ ပေား...အခု လာပြန်ပြီ တမေ့"

သူက ဂီတဝိသောဓနီကျမ်းကို ဖတ်ပြ၏။

"ယွင်းစေဝသုန်၊ လစန်းသော်တာယုန်သို့၊ ကမ္ဘာကုန်ကျယ်သရွေ့ငယ်မှာ ဘယ်မေ့လိမ့်တုံးတဲ့၊ ဟဲ...ဟဲ...ဆိုလိုက်တဲ့စာ၊ ကမ္ဘာကုန်တာတွေ ကျယ်တာတွေ ဖယ်ထား၊ ကျုပ်တော့ တမနက်ကုန်ပြီ၊ အကွက်ကို စမ်းလို့မရဘူး၊ မေ့တုန်းပဲ"

သူသည် စိတ်မကျေနပ်ဟန်ဖြင့် ပတ္တလားကို တီးပြ၏။

သူ့တီးကွက်အလိုက် မသင်းနုက စိတ်တွင်းမှ လိုက်ဆိုကြည့်၏။ "ယွင်းစေ့×××ဝသုန်×××လစန်းငယ်×××သော်တာယုန်သို့××× ကမ္ဘာကုန်×××ကျယ်သရွေ့ငယ်မှာ×××"

သည်အထိက ဟုတ်သည်။ ရှေ့သာ သူမဆက်နိုင်။

သူက စိတ်ပျက်ဟန်ပြသော မျက်နှာထားဖြင့် မသင်းနုကို လှမ်းကြည့်၏။ မသင်းနု၏ မျက်နှာလေးက ဝင်းထိန်သွားပြီး သူ့ကိုပြော၏။

"ရှေ့ဆက်ဖို့ လည်နေတယ် မဟုတ်လား"

"လည်တာမဟုတ်ဘူး၊ မေ့နေတာ"

"ထားပါတော့လေ၊ သံဖြန်တီး သင်စက ဒီနေရာလေးမှာ ကျွန်မဦးလေးလည်း လည်နေတယ်လို့ပြောတာ ကျွန်မ မှတ်မိတယ်၊ တူတဲ့ အကွက်ကလေးတခုက လာကြားခံလို့၊ ရောပြီး ရှုပ်ကုန်တဲ့သဘောပေါ့၊ သဖြန်တို့ တေးထပ်တို့မှာ အဲဒီအကွက်လေးမျိုး အားကြီးပါတယ်"

သူက မသင်းနုကို မျက်လုံးဖွင့်၍ ကြည့်မေးသည်။

“ကလေးမက တီးတတ် မှုတ်တတ်သလား”

“ကျွန်မ အဆိုတတ်ပါတယ်၊ ဒီတော့ တီးကွက်လေးတွေကို နားယဉ်နေပါတယ်၊ နေဦး... ရှင် ...ယွင်းစေ့ဝသုန်ကနေ ပြန်တီးစမ်း၊ ဪ...အဲဒီထဲမှာ စည်းရှိတယ်ထင်တယ်၊ ကျွန်မကို ပေးပါလား”

သူက ပတ္တလားအိမ်တွင်းမှ စည်းကို နှိုက်ယူပြီး မသင်းနုကို ပေး၏။

“ကဲ...တီး”

သူက တီးသည်။ မသင်းနုက စည်းလိုက်ရင်း တိုးတိုးညင်ညင် လိုက်ဆို ၏။ ကမ္ဘာကုန် ကျယ်သရွှေငယ်မှာဟူသော အပိုဒ်အဆုံးတွင် ရပ်သွားပြန်၏။

မသင်းနုက နားတွင်း၌ သံစဉ်လေး ပေါ်လာသောကြောင့် ပြော၏။

“ဘယ်မေ့လိမ့်တုံးကို ရှင်မဆက်နိုင်ဘူး မဟုတ်လား၊ ယွင်းစေ့အတိုင်းပဲ ဘယ်.. မေ့လိမ့်နဲ့..ယွင်းစေ့အထိက အတူတူပဲ၊ ရှင်တီးကြည့်၊ ကျွန်မ ဝင်ဆိုမယ်”

သူက ယွင်းစေ့ အကွက်ကို တီးပြသည်။ မသင်းနုက ဘယ်မေ့လိမ့်ဟု လိုက်ဆိုပြ၏။

သူ့မျက်နှာက ဝင်းကြည်သွား၏။

“အား...ဟုတ်ပြီ၊ ဒါပေမဲ့ ရှေ့ဘယ်လိုဆက်မလဲ”

“နေဦး...ယွင်းစေ့ ပြီးတော့ ဝသုန်မှာ သုန်...ဆိုတက်သွားတယ်၊ ပြီးတော့မှ ချတယ်၊ ဘယ်မေ့လိမ့်.. ပြီးတော့ တုံးမှာချတယ်၊ ကျွန်မ စဉ်းစားကြည့်ဦးမယ်”

မသင်းနုသည် တိုးတိုးလေး ရွတ်ကြည့်သည်။ ဝသုန်နှင့် တုံး၏ အသံကွာခြားမှုက နား၌ ပေါ်လာ၏။

“ဟား... ရပြီ၊ ဘယ်...မေ့လိမ့်...ဖျောင်ဒူ...ဖျောင်ဒူ ... တေးရေးရ ဖျောင်... တေးဖျောင့် ..ဖျောင့်နှောင့်ဖျောင်၊ ရှင် တီးကြည့်စမ်း”

သူက လိုက်တီးကြည့်၏။

“ဟာ..ဟုတ်ပြီး သံမှန်မှာ သွားကျတယ်၊ စောစောက ဘယ်မှာကျသလဲ ခဏနေဦး”

သူသည် ယွင်းစေ့ဝသုန်အပိုဒ်ကို ဆုံးအောင်တီးကြည့်၏။

“ဟုတ်တယ်၊ ဒီအပိုဒ်က ခြောက်ပေါက်မှ လာကျတယ်၊ အဲ...အဲ... ကျုပ်မရောနိုင်တော့ဘူး”

သူသည် ပတ္တလားကို စိတ်ဝင်စားစွာတီးသည်။ သုံးလေးကြော့ ကြော့ပြီး မှ

မသင်းနကို မော့ကြည့်၏။

"လုပ်ဦးလေ"

"ရှင်..."

"ဝင်ဆိုဦးလို့"

"ဪ..ဟုတ်ကဲ့"

မသင်းနသည် စည်းလေးကိုတီးရင်း သံဖြန်ကို လိုက်ဆိုပေး၏။ ဘယ်မေ့လိမ့်တုံးအထိ စည်းပြည့်ဝါးပြည့် ချောမောမှန်ကန်စွာ ပြီးသွား၏။

သူက လက်ခတ်ကို ချလိုက်ပြီး ပြုံးလျက်ပြော၏။

"တော်ပြီ၊ ဒါလေးပဲ ကြေအခောင် လုပ်ဦးမယ်၊ ရှေ့မတက်သေးဘူး"

"ရှေ့မှာက အမြူးအလိုမ့်လေး ရှိတယ်၊ အဲဒါလေးက သာခက်လိမ့်မယ် ထင်တယ်"

"ကိစ္စမရှိဘူး၊ အဲဒါကို ကျုပ် ရှာလို့ရမှာပဲ၊ ကျုပ်ကို ကောင်းကျိုးမပေးတာက အဲ....မေ့၊ အဲဒီစကားလုံး ပါလာရင်သာ"

မသင်းနသည် ခေတ္တတွေတွေလေး ချိန်ဆနေ၏။ ပြီးမှ အရဲစွန့်၍ မေးသည်။

"မေ့ ဆိုတဲ့စကားက ရှင့်ကို ဘာလို့ ကောင်းကျိုးမပေးတာလဲ" သူ့မျက်မှောင်က ကြုတ်သွား၏။ မဖြေဘဲ အတန်ကြာ ငိုင်နေပြီးမှ ပြန်မေး၏။

"ကလေးမက ကျုပ်ကို ဘာလို့ အဲဒီလို မေးတာလဲ"

"အို...အို...ဘာမှမဖြစ်ပါဘူး၊ ဒီလိုမေးတာ ရှင် စိတ်ဆိုးသွားသလား"

ထိုအခါတွင်မူ သူက ပြုံးပြသည်။

"မဖြစ်နိုင်တာ ကလေးမရယ်၊ ကျုပ်က ကလေးမကို ဘယ်လိုလုပ် စိတ်ဆိုးနိုင်မှာလဲ"

သူ့အသံက သိမ်မွေ့နေ၏။ သူ့စကားမှာလည်း သိမ်မွေ့သော အနက် အဓိပ္ပာယ် ပါဝင်နေသည်။

စကားကို လှီးလွှဲပြီး မသင်းနက မေး၏။

"ဦးကြီးကော ကိုသာစု"

"အဲ...ဟုတ်ပါရဲ့ မြို့ဘက်ကူးသွားတယ်လေ၊ မင်းနဲ့ မတွေ့ဘူးလား"

"ဟင့်အင်း ..အိမ်ကို ရောက်မလာသေးဘူး"

“ဦးကြီးက စျေးဝင်ဝယ်နေတယ်နဲ့တူတယ်။ ဪ ..မင်း ပန်းချီဆွဲဖို့လာတာလား”

“ဟုတ်ကဲ့”

“ကျုပ်နဲ့ စကားကောင်းနေတာနဲ့ မင်း ပန်းချီမဆွဲရတော့ဘူး။ ကဲ.. ဆွဲစရာရှိတာ ဆွဲလေ၊ ကျုပ်လည်း ဆက်တီးလိုက်ဦးမယ်”

စိတ်တွင်း၌ မသင်းန သဘောကျမိသည်။ သူ နှင်ပုံလေးက ယဥ်သည်။ မိမိနှင့် ဆက်စကားမပြောချင်ဟန်တကား။ မိမိက စပ်စပ်စုစု မေးမည်ကို ကြောက်၍လော။ မိမိနှင့် နှစ်ဦးတည်း စကားပြောနေရသည်ကို မသင့်တော်ဘူး ထင်၍လော။

မသင်းနသည် တလင်းအနီးရှိ အရိပ်ကောင်းသော ကြက်တူရွေးစာပင်အောက်၌ ပန်းချီဆွဲရန် ပြင်ဆင်သည်။

ဖိုင်ဘာပြားလေးကို သုံးချောင်းထောက် စတင်းပေါ် တပ်ဆင်ပြီးနောက် ရှုခင်းကို ကြည့်၏။

ဘာကိုဆွဲရမည်နည်း။

ရှုခင်းရှေ့ပိုင်းမှာ မြေဖြူဖြူနှင့် မြေပဲပင် စိမ်းစိမ်းလေးများ ရှိသည်။ ယင်းနောက်ပိုင်း၌ မြေလွတ် မြေရိုင်းက ခံနေ၏။ ရှုခင်းအဆုံးမှာကား အုပ်ဆိုင်းရှည်သွယ်သော တောတန်းကလေးတည်း။

ရှုခင်းအနေနှင့်က မဆန်း။ သို့ရာတွင် အရောင်တို့က ဆန်း၏။ ထို့အပြင် လေထု၏အလှ ရှိသည်။

လေထု၏အလှ။ သည်စကားရပ်ကို သတိရမိသည်နှင့် တပြိုင်နက် မသင်းနသည် ပြင်သစ်ပန်းချီဆရာကြီး မော်နေးကိုလည်း သွားသတိရသည်။ သူ၏ “ပေါ်ပီစိုက်ခင်း” ပန်းချီကားနှင့် “နေထွက်ချိန်” ပန်းချီကားများကိုလည်း အမှတ်ရသည်။

မသင်းနသည် ရှေ့မှရှုခင်းကို အာရုံခံ၍ ငေးကြည့်သည်။ လယ်မြေက ဖြူသည်။ မြေပဲပင်လေးတွေက စိမ်းသည်။ မြေရိုင်းမှာက အရောင်စုံသည်။ စိမ်းနေသေးသော မြက်ခင်းကိုလည်း တွေ့ရသည်။ နေကျွမ်းလောင် သော အပိုင်းကိုလည်း တွေ့ရသည်။ သည်အပိုင်းတွင်ကား အညို၊ ညိုနီ၊ ခရမ်းရင့် စသော အနီ မိသားစုရောင်များကို တွေ့ရ၏။ တောတန်းရောင်သည် အစိမ်းရောင်ထက် အပြာနှင့် အနက်ဘက်သို့ လုနေသည်။ တောတန်းရှေ့မှာ မီးခိုးပြာရောင် မြူပါးပါး လေးရှိသည်။ ကောင်းကင်အောက်ခြေကား အရောင်တောက်သော အဖြူကဲသည့် မီးခိုးပြာရောင်တည်း။ မြင့်သွားသည်နှင့်အမျှ မီးခိုးပြာရောင်သည် လဲ့ပြာလွင်လာ၏။ အရောင်စုံပုံကို မသင်းန နှစ်သက်သည်။ ထို့ထက် လယ်မြေထက်မှာလိုလို မြေရိုင်းထက်မှာလိုလို ပြေးနေသော တံလျှပ်များကို မသင်းန နှစ်သက်သည်။ တံလျှပ်က လှုပ်ရှားနေသည်။ ပန်းချီကားပေါ်တွင် တံလျှပ်၏ လှုပ်ရှားမှုကို မိမိ ဖော်ပြနိုင်ပါ့မည်လော။ ပန်းချီဆရာကြီး မော်နေးကဲ့သို့ လေထု၏အလှ လေဟာပြင်၏ လှုပ်ရှားမှုတို့ကို မိမိ ဖော်ပြနိုင်ပါမည်လော။

မသင်းနသည် ပန်းချီကို စဆွဲ၏။ ပန်းချီဆွဲနေစဉ် ပတ္တလားသံက နားဆီရောက်လာနေသည်။ ပတ္တလားသံသည် အနှောင့်အယှက်မပြုသည့်အပြင် အထောက်အပံ့ပင် ပေးနေသည်ဟု မသင်းန ထင်သည်။

"ယွန်းစေ့...ဝသုန်...လစန်း...သော်တာယုန်သို့..."

သည်သံဖြုန်စာသားလေးကို လိုက်ညည်းရင်း မသင်းနသည် ပန်းချီကို စိတ်ဝင်စားစွာ ဆွဲနေ၏။

✳✳✳✳✳

အခန်း [၈]

"စိတ္တဇပန်းချီဆရာမကြီး"

ပန်းချီဆွဲခြင်း၌ စိတ်မြုပ်နစ်နေသော မသင်းနမှာ ရင်းနှီးသောအသံဖြင့် ခေါ်လိုက်သောဟန်ကြောင့် လှည့်ကြည့်မိ၏။

ကမ်းနားဘက်မှ တဲဆီသို့ အခောင်ငြိမ်းသည် သွားများပေါ်အောင် ပါးစပ် ဖြဲရင်း လျှောက်လာနေသည်။ အခောင်ငြိမ်း၏နောက်တွင် ဦးကြီး ပါလာ၏။ ဦးကြီး သည် စက္ကူနှင့် ပတ်ထားသော အလိပ်များနှင့် စက္ကူအိတ်များကို သယ်ဆောင်လာ ကြောင်း မသင်းန သတိပြုမိ၏။

အခောင်ငြိမ်းက မသင်းန ရှိရာ လာသည်။ ဦးကြီးကမူ တဲတွင်းဝင်ခဲ့၏။ ကိုသာစုသည် ပတ္တလားတီး ရပ်လိုက်ပြီး ဦးကြီးကို ကြည့်၏။ အထုပ်အပိုးကိုချကာ ကပြင်တွင် တင်ပျဉ်ခွေထိုင်လိုက်ပြီး ဦးကြီးက အားရပါးရ ပြုံး၍ပြော၏။

"ဟောဒီမှာ ကြည့်စမ်းဟေ့ မောင်သာစု"

ဦးကြီးက စက္ကူလိပ်ကို အရင်ဖြေပြ၏။

"အာ...ပုဆိုးတွေ"

"အေး...ဒီမှာလည်း ကြည့်ဦး"

ဦးကြီးသည် စက္ကူအိတ်တွင်းမှ ပစ္စည်းများကို ထုတ်ပြပြန်၏။

"ဟာ..ပိတ်စတွေပါလား၊ စွပ်ကျယ်တွေရောပါလား"

ဦးကြီးသည် လက်ဝါးနှစ်ဖက်ကို ပွတ်လျက် ပြုံးပြုံးကြီး လုပ်နေသေး၏။ ပြီးမှ ပုဆိုးနှစ်ထည်ကို ကိုသာစုဆီ လှမ်းပေးသည်။

"ရော့...မောင်သာစုဖို့၊ ဝတ်ရုံပဲ၊ ဦးကြီး ချုပ်လာခဲ့ပြီးသော်...ဟောဒီမှာ စွပ်ကျယ်လည်း နှစ်ထည်၊ အိမ်နေရင်း အလုပ်လုပ်ရင်း ဝတ်ဖို့ပေါ့"

ပထမသော် ကိုသာစုမှာ အံ့သြနေသေး၏။ အံ့သြစိတ်ပြေမှ ပြော၏။

"အဲဒါတွေ ကျွန်တော့်ဖို့၊ ဦးကြီးဖို့ကော"

"ငါ့ဖို့လည်း ပါပါတယ်ကွ၊ ဒါပေမဲ့ ငါ့မှာက ဝတ်စရာတွေ ရှိတယ်၊ မရှိတာက

မင်း၊ ဟောဒီပိတ်စကတော့ ရှပ်အင်္ကျီချုပ်ဖို့၊ ဒါတော့ မင်းဘာသာ သွားတိုင်းချုပ်၊ ရော့ ရော့”

ဦးကြီးပေးသော ပစ္စည်းများကို ပိုက်ထားရင်းက သူက မေး၏။

“အများကြီးပဲ ဦးကြီးရာ၊ ဦးကြီး ပိုက်ဆံတွေ သိပ်ကုန်ခဲ့မှာပေါ့”

“အေး…မောင်ခိုကဆို သိပ်ကုန်ပေါ့၊ ဒါပေမဲ့ ဒါတွေ မောင်ခိုက မဟုတ်ဘူး၊ အစိုးရက အစိုးရနှုန်းနဲ့ပေးတာ၊ ဘာမှမကုန်ဘူး”

“အစိုးရနှုန်းနဲ့”

“အေးလေကွာ၊ ငါက စပါးကို တာဝန်ကျေအောင် ရောင်းတာကိုး”

ကိုသာစုသည် ပစ္စည်းများကို ငုံ့ကြည့်ပြီး ငိုင်နေ၏။

သူ့မှာ ကိုယ်၌ဝတ်ထားသော အဝတ်အစားကလွဲ၍ အပိုဆို၍ ပုဆိုးစုတ်တထည်သာ ရှိသည်။ ယင်းပုဆိုးစုတ်တထည် အပိုမှာလည်း သည်တဲကိုရောက်မှ ဦးကြီးပေး၍ ရသည်။ ယခုတော့ အဝတ်အစားတွေ တပုံကြီး။

သူသည် မျက်ရည်လည်လာ၏။ ဝမ်းသာ၍လည်း မျက်ရည်လည်သည်။ ဝမ်းနည်း၍လည်း မျက်ရည်လည်သည်။

အဝတ်အစားသစ်ရ၍ ဝမ်းသာသည်။ ဝမ်းနည်းသည်ကမူ ဘာကြောင့် မသိ။ ဪ…ဝမ်းနည်းခြင်းကော ဟုတ်၏လော။ သည်ခံစားမှုကို သူမပြောတတ်။ ရင်တွင်းမှာ လှိုက်နေသည်သာ သိ၏။

“မောင်သာစု”

“ဗျာ…”

“မင်း ဘာလို့ငိုင်နေတာလဲ”

“ကျွန်တော် ဟိုဒင်း…အဲ…ဝမ်းသာလွန်းလို့ပါ ”

“ကွာ မင်းကလည်း ဘာဖြစ်သွားသလဲလို့၊ ငါလန့်သွားတာပဲ၊ ကဲ….သိမ်းသိမ်း၊ ငါ မိနဆီ သွားလိုက်ဦးမယ်”

ဦးကြီးက မသင်းန ရှိရာသို့ လျှောက်လာခဲ့၏။

ဦးကြီးနှင့် ကိုသာစုတို့ ပြောဆိုနေကြစဉ်မှာ အောင်ငြိမ်းက မသင်းနနှင့် စကားပြောနေ၏။

“နင် နေ့တိုင်း ဒီမှာ ပန်းချီလာဆွဲနေတယ်ပေါ့”

“အေးလေ… နင်တို့ မလုစိန်တို့က ကျောင်းပြန်ဖွင့်တော့ ကျောင်းပြန်တက်နိုင်တာပေါ့၊ ငါ့သာ အဖော်လည်းမရှိ၊ တခြားလုပ်စရာလည်း မရှိတော့ ပန်းချီပဲ

ဆွဲနေရတာပေါ့”

“ပန်းချီဆွဲတာ အိမ်မှာပဲ ဆွဲပါလားဟာ၊ ဒီဘက်ကမ်း လာဆွဲရတယ်လို့”

မသင်းနုက ပြုံး၏။

“နင့်ကို ငါ မော်နေး ဆိုတဲ့ ပန်းချီဆရာကြီး ပြောသလို ပြောမယ်”

“ကြီးကျယ်လိုက်တာ၊ ကဲ... ဆိုပါဦး”

“မော်နေးကို လူငယ်ပန်းချီဆရာတဦးက တပည့်လာခံပြီး ပညာတောင်းတယ်၊ ဒီတော့ မော်နေးက တောတောင်ရေမြေနဲ့ ကောင်းကင်ကို ညွှန်ပြပြီး ပြောသတဲ့၊ မင်းဆရာတွေက အဲဒါတွေ၊ သူတို့ကိုမေး၊ သူတို့က ဘာပြောပြသလဲ၊ အဲဒါကို နားထောင်တဲ့”

“အဲဒါနဲ့ ငါပြောတာ ဘာဆိုင်လို့တုံး”

“ဆိုင်တယ်လေ၊ အိမ်ထဲမှာ ပန်းချီဆွဲရတာနဲ့ အပြင်ထွက်ဆွဲရတာ မတူဘူး၊ ပြီးတော့ ဒီမှာက တိတ်တိတ်ဆိတ်ဆိတ်နဲ့ အာရုံခံစားလို့ကောင်းတယ်”

“စိတ်ကူးယဉ်လို့ကောင်းတယ် ဆိုပါတော့”

“အာရုံခံစားလို့ကောင်းတယ်လို့ ငါပြောတယ်”

“အေးလေ..အတူတူပဲ မဟုတ်လား”

“အစောင်ငြိမ်း နင်က နင့်ကိုယ်နင် လူတော်လို့ထင်တယ်၊ ထင်ပါ၊ ဒါပေမဲ့ အနုပညာနဲ့ ပတ်သက်လာရင် နင် တော်တော်တုံးသေးတယ်”

“အာ..မသင်းနုရာ၊ နင် ငါ့ကို နှိမ်တယ်ဟာ”

အစောင်ငြိမ်းသည် ရယ်၏။ မသင်းနုကိုတွေ့လျှင် မိမိက စ,ရမှ။ မသင်းနုကလည်း မိမိကိုနှိမ်ပြီး ပြောတတ်သည်။ သည်လိုနှိမ်သည်ကိုပင် မိမိက သဘောကျရသေး၏။

ထိုစဉ် ဦးကြီးက သူတို့အနီး ကပ်လာ၏။

“မိနုရေ..ငါ အိမ်ဝင်ခဲ့သေးသဟ”

“ဦးကြီးနဲ့ ကျွန်မ လွဲနေတာပေါ့”

“အေး...အဲဒါ နင် နာသွားသပေါ့”

“ဦးကြီး ဘာပြောတာလဲ”

“နင် ပိတ်စတွေ မမြင်ရဘူးပေါ့”

“ရှင်.. ပိတ်စတွေ”

"ဟိုဟာတွေဟာ ဖော့ဆိုတာ၊ အံမယ် အရောင်လေးတွေ ဆန်းသဟ""

"ဦးကြီးက ဖော့ ဘယ်ကရသလဲ"

"အစိုးရဆီက ရတာပေါ့၊ ဈေးထဲကဟာတွေက ငွေတဝတ်စာ လေးဆယ့်ငါးကျပ်တောင် ပေးကြတယ်၊ ငါ မရောင်းပါဘူး၊ နင့်ဖို့ ငါ အိမ်ဝင်ပေးခဲ့တယ်"

"ဟာ...ဝမ်းသာစရာကြီး၊ ဒါထက် စောစောက ဦးကြီးလက်ထဲက အထုပ်တွေက ဘာတွေလဲ"

"အဲဒါလည်း အထည်တွေ၊ မောင်သာစုဖို့"

"ဩော် ဩော်... ကောင်းတာပေါ့၊ သူ့အဝတ်တွေက ဟောင်းလှပြီ"

"အေး.. ဆံပင်တွေကလည်း ရှည်လှပြီ၊ ငါ သူ့ချော့ပြီး ညှပ်ခိုင်းဦးမယ်"

ဘာမျှမှတ်ချက်မပေးဘဲ မသင်းနုက ဦးကြီး၏ မျက်နှာကို ကြည့်သည်။ ဦးကြီး၏ မျက်နှာက အထူးရွှင်လန်းနေသည်။

မသင်းနုနှင့် ဦးကြီးတို့ စကားပြောနေကြစဉ် အောင်ငြိမ်းက မသင်းနု ဆွဲထားသော ပန်းချီကားကို စေ့စေ့စပ်စပ် ကြည့်နေ၏။ ဦးကြီး ပြန်ထွက်သွားမှ မေးသည်။

"နင် ဒါ ရှေ့ကမြင်ရတဲ့ ရှုခင်းကို ဆွဲထားတာလား"

"နင် ဘယ်လိုထင်လဲ"

"အဲဒီလိုပဲ ထင်တာပဲ၊ ဒါပေမဲ့ မတူဘူး"

"ဘာမတူတာလဲ"

"နင့်ဥစ္စာ စိတ္တဇပန်းချီနဲ့တူတယ်"

"လာပြန်ပြီ၊ ဒီစိတ္တဇ"

"အေးလေ ...မဟုတ်ဘူးလား"

"ငါမေးမယ်၊ ဓာတ်ပုံနဲ့ ပန်းချီ ဘာကွာလဲ"

"နင့်မေးခွန်းက သူငယ်တန်း အနုပညာမေးခွန်းပါ မသင်းနုရာ"

"အဲဒီသူငယ်တန်းမေးခွန်းကိုပဲ ဖြေပါဦး"

"ဓာတ်ပုံဆိုတာက ရုပ်ဝတ္ထုတွေကို သဘာဝအရှိအတိုင်း ဖော်ပြတယ်၊ ပန်းချီမှာက ဖန်ဆင်းမှုသဘော၊ အနုပညာရှင်ရဲ့ စေတနာသဘော အဲဒါတွေ ပါတယ်၊ ဟုတ်တယ်မဟုတ်လား"

"ဖန်ဆင်းတယ်ဆိုတာက ဘာကို ဖန်ဆင်းတာလဲ၊ စေတနာဆိုတာကလည်း ဘာလဲ"

"ဟာ...ဒီထိအစောင်တော့ ငါ ဘယ်သိမလဲ"

"အေး...အဲဒါတွေ မသိဘဲနဲ့ နင်က ဘာလို့ ငါ့ပန်းချီကို စိတ္တဇပန်းချီလို့ ပြောရသလဲ"

အစောင်ငြိမ်းက ရယ်နေ၏။ ပါးလေးမရဲတရဲဖြင့် မာန်လေးပါပါ ပြောနေ သော မသင်းနုကို သူသဘောကျ၏။

"နင် မဖြေနိုင်လို့ သွားဖြဲပြနေတာ မဟုတ်လား"

"အေးပါဟယ်၊ ငါမဖြေနိုင်တာ ဝန်ခံပါတယ်၊ နင့်ပန်းချီက စိတ္တဇပန်းချီ မဟုတ်ရင် ဘာပန်းချီလဲ၊ ရှင်းပြဦးလေ"

"ငါ့ပန်းချီဟာ ဘာလဲဆိုတော့ ငါဆွဲတာပဲ၊ ဒါပဲ ငါဖြေတတ်တယ်"

"အာ...အာ...ရှင်းပေါ့ခင်ဗျာ၊ ရှင်းပေါ့"

နေက ကျစပြုလာ၏။ မသင်းနုသည် သူ့ပန်းချီကားနှင့် ပစ္စည်းလေးတွေ ကို စတင်သိမ်းဆည်း၏။

ဟိုဟိုသည်သည် လျှောက်ကြည့်မိရာမှ အစောင်ငြိမ်းသည် မသင်းနုကို ပြော၏။

"မသင်းနု တကယ် နင် ပန်းချီဆွဲဖို့ကောင်းတာက ဟိုမှာ" အစောင်ငြိမ်း ပြရာကို မသင်းနုက လိုက်ကြည့်၏။

အိမ်ခေါင်းရင်းပိုင်း၌ ကောက်ရိုးပုံကြီး ရှိသည်။ ကောက်ရိုးပုံကိုမှီလျက် ကိုသာစုက မြေပြင်တွင် ထိုင်လျက်ရှိ၏။

အစသော် အစောင်ငြိမ်းပြသောကြောင့် မသင်းနုသည် သာမန်ကြည့်သည်။ ခဏ၌မူ ငိုင်သွားမိ၏။

သာမန်ကြည့်သော် ကိုသာစုသည် ထိုင်နေသည်။ စေ့စေ့ကြည့်မှ တစုံ တရာ အတွေး၌ နစ်မြုပ်နေပုံ ပေါ်လာသည်။ မျက်နှာက မသင်းနုတို့ဘက်သို့ ဘေးမကျတကျ ပေးထားသည်။ မျက်လုံးများကမူ အဝေးဆီ ငေးကြည့်နေ၏။ ထူးဆန်းသော ညှိုးငယ်ဆွေးမြည့်မှုတရပ်က သူ့မျက်နှာကို လွှမ်းထားသည်ဟု မသင်းနု ထင်သည်။ နှုတ်ခမ်းမွေးနှင့် မုတ်ဆိတ်မွေးများက သူ့အသွင်ကို ပို၍ညှိုးမှိုင်းစေသည်။

တနည်းအားဖြင့် ပိုလည်း လေးနက်စေသည်။ နွမ်းသောအင်္ကျီသည် လည်းကောင်း၊ ရှည်သောဆံပင်သည်လည်းကောင်း၊ သူ့အသွင်၏ ညှိုးမှိုင်းမှောင်ရီမှုကို အားဖြည့်ပေးနေ၏။

"နင်ပြောတာ ဟုတ်တယ် အစောင်ငြိမ်း၊ သူ့ပုံကို ငါ ဆွဲဦးမယ်"

“နင် တကယ့်စိတ္တဇပုံရမှာ”

“အေး.. .စိတ္တဇပုံ ငါ တကယ်ဆွဲမယ်”

ပစ္စည်းများ သိမ်းပြီးနောက် မသင်းနုနှင့် အခေါင်ငြိမ်းတို့သည် တဲဆီ လျှောက်လာခဲ့ကြ၏။

ဦးကြီးက အခေါင်ငြိမ်းကို ပြော၏။

“ဘယ့်နှယ့် မောင်အခေါင်ငြိမ်း၊ သဘောကျရဲ့လား”

“သဘောကျတယ် ဦးကြီး၊ တိတ်လည်း တိတ်တယ်၊ ပြီးတော့ နွေဆို သိပ်အေးမယ်”

မသင်းနုက နားမလည်သဖြင့် အခေါင်ငြိမ်းကို မေး၏။

“ဘာပြောတာလဲ”

“ဩော်.. ဦးကြီးနဲ့တွေ့လို့ နင့်ဆီ လိုက်လာရင်းက စကားစပ်မိလို့ပါ ၊ ကိုယ်ပိုင်စာကျက်ချိန်ကျရင် အေးအေးဆေးဆေး ဒီဘက်မှာ စာလာကျက်ရရင် ကောင်းမယ်လို့၊ တို့အိမ်မှာက ဆူတယ်ဟာ၊ ပူလည်း ပူတယ်၊ အေး...လုစိန်ကိုပါ အဖော်စပ်ရမယ်”

“နင်ရော လုစိန်ပါဆိုရင် စကားကောင်းကြတာနဲ့ ငါ ပန်းချီဆွဲရတော့မှာ မဟုတ်ဘူး”

“မပူပါနဲ့ဟာ၊ တို့က စာကျက်မှာပါ၊ ငါ ဒီနှစ် တကယ်ကို အခေါင်, အခေါင် ကြိုးစားမလို့”

“ကြားရတာ ဝမ်းသာပါသတဲ့ရှင်”

အခေါင်ငြိမ်းနှင့် မသင်းနုတို့သည် မြစ်ဆိပ်သို့ ဆင်းလာကြ၏။ လှေစောင့်နေကြစဉ် အခေါင်ငြိမ်းက ရုတ်တရက် မေး၏။

“ကိုသာစုက ဦးကြီးဆီ ဘယ်လိုရောက်လာတာလဲ”

“မုန်တိုင်းကျမှာ အချိန်မီလာပြောလို့ ဦးကြီးက ကျေးဇူးလည်းတင် သနားလည်း သနားလို့ ခေါ်ထားတာတဲ့...”

“ဒါပေမဲ့ ကိုသာစုက ဟိုဒင်း..အဲ.. စိတ်.. စိတ်.. စိတ်မနှံ့ဘူး မဟုတ်လား”

“နင့် ဘယ်သူပြောလဲ”

မသင်းနု၏ မေးဟန်တွင် မခံချင်သံလေးပါမှန်း အခေါင်ငြိမ်း သတိပြုမိ၏။

“ဒီလိုပဲ တမြို့လုံးက ပြောနေတာ”

မသင်းနုသည် စကားမပြန်ဘဲ ငြိမ်နေ၏။ အောင်ငြိမ်း၏အမူအရာမှာ ချိတုံချတုံ ဖြစ်နေသည်။ တစုံတရာကို ပြောသင့် မပြောသင့် သူချိန်နေ၏။ နောက်ဆုံးတွင် စိတ်ဆုံးဖြတ်လိုက်ပြီး ပြော၏။

"ငါ တခုပြောမယ် မသင်းနု၊ စိတ်တော့ မဆိုးနဲ့နော်"

"နင်က စကားတွေ ဘာတွေခံလို့၊ ဘာပြောမလို့လဲ"

"ကိုသာစုက ဦးကြီးနဲ့ နေနေတာ၊ ကိုစိန်လှိုင်တို့ဆီက ငါသိတာ ကြာပါပြီ၊ ဒီနေ့ ကျောင်းအဆင်း နင်တို့အိမ် ငါရောက်တော့ နင် ဒီဘက်ကမ်းလာတာ ငါ သိရတယ်၊ ပြီးတော့ ဦးကြီးကိုလည်း ဈေးနား ငါတွေ့တယ်၊ အမှန်ပြောရရင် ငါ စိတ်ပူသွားတယ်"

"နင်က ဘာစိတ်ပူတာလဲ"

"ငါ အတွေးခေါင်တာ ဖြစ်ချင်ဖြစ်မှာပါ၊ ဟိုဒင်း စိတ်မနှံ့တဲ့လူဆိုတာက အစိုးမရဘူး"

"ဩော်.. အခု နင်က ဒါ လိုက်အကဲခတ်တယ် ဆိုပါတော့"

မသင်းနုသည် အောင်ငြိမ်း၏မျက်နှာကို အကဲခတ်ကြည့်၏။ အောင်ငြိမ်း၏ မျက်နှာမှာ ခါတိုင်းကဲ့သို့ပင် ပကတိ ရိုးသားဖြူစင်နေ၏။

"အေးပါဟာ၊ နင့်စေတနာကို ငါသိပါတယ်၊ ဒါပေမဲ့ ကိုသာစုဟာ ကြောက်စရာကောင်းတဲ့ လူတယောက် မဟုတ်ပါဘူး၊ တကယ်ဆိုတော့ သနားစရာ လူတယောက်ပါ"

"ဘယ်လို....သနားစရာ လူတယောက်"

"ဟုတ်တယ်၊ နင်တို့က စိတ်မနှံ့တဲ့ လူတယောက်လို့ ထင်တယ်၊ ငါကတော့ မထင်ဘူး"

"နင်က ဘယ်လိုထင်လို့လဲ"

"သူဟာ ဒုက္ခရောက်လာတဲ့ လူတယောက်၊ သူ့ဘဝကို သူ မေ့လာတဲ့ လူတယောက်"

အောင်ငြိမ်းက ရယ်မလိုမျက်နှာပေးဖြင့် မသင်းနုကို ကြည့်၏။

"မသင်းနု...နင်...နင်..."

အောင်ငြိမ်းက စကားမဆက်သော်လည်း မသင်းနုက ဆက်ပေး၏။

"ငါ့ကို စိတ်ကူးယဉ်တယ်လို့ ပြောမလို့မဟုတ်လား၊ အေး...ကြိုက်သလို ပြော၊ ဒါပေမဲ့ ငါ့စိတ်ငါ အခိုင်အမာ ဆုံးဖြတ်ထားတယ်"

"ဘာဆုံးဖြတ်ထားတာလဲ"

"ကိုသာစုဟာ ငါ့အတွက် ဖြေရှင်းကြည့်ရမယ့် ပြဿနာတရပ်ပဲ၊ အဲဒီ ပြဿနာကို ငါရအောင် ဖြေရှင်းမယ်"

"နင်က ဘယ်လိုဖြေရှင်းမှာလဲ"

"အဲဒါကို ငါ မသိသေးဘူး၊ ငါလှေ့လာနေတုန်း ရှိသေးတယ်"

အောင်ငြိမ်းက သက်ပြင်းချ၏။

"နင့်သဘောပေါ့လေ၊ ဒါပေမဲ့ သတိတော့ထား"

"ဘာကို သတိထားရမှာလဲ"

"အန္တရာယ်ပေါ့ဟာ၊ ဘာရယ်တော့ မသိဘူး"

ကူးတို့လှေလေးက သူတို့ဆီ ရှေးရှုလာနေ၏။ လှေလေးအနီးသို့ မရောက်မီ မသင်းနုက ခိုင်မာစွာဆို၏။

"ကိုသာစုဟာ အန္တရာယ်မပေးနိုင်ဆုံး လူတယောက်၊ ငါ အကဲခတ်မိသမျှ သူဟာ လူကောင်းတယောက်၊ လူယဉ်ကျေးတယောက်၊ ပြီးတော့..."

မသင်းနုသည် စဉ်းစားသယောင် ခေတ္တစကားရပ်သွား၏။

"ပြီးတော့ ဘာဖြစ်သလဲ"

"ပြီးတော့ သူဟာ ပညာတတ်တယောက်၊ ငါထင်တယ်၊ သူဟာ နင်တို့ ငါတို့ထက် ပညာတတ်တယ်လို့ ထင်တယ်၊ ကဲ... လှေကပ်လာပြီ၊ စကား ဖြတ်ကြစို့"

*****

အခန်း [၉]

အရုဏ်ဦးတွင် အေးမြသန့်ရှင်းသောလေသည် ညင်သာစွာ တိုက်ခတ်လာ၏။

တဲရှေ့ကပြင်တွင် အိပ်နေရာမှ ကိုသာစုသည် တချက်သမ်းလိုက်ပြီး ထလိုက်၏။ ညက သိပ်မချမ်းတော့သည်ကို အမှတ်ပြုမိ၏။ ယခု နံနက်စောစောမှာ လည်း သိပ်မချမ်း။

နှင်းနံ့များကတော့ ရှိသေး၏။ ဩော်.. နှင်းလေးတွေလည်း ရှိသေးသည်။ ဖွေးဖွေးဖြူအောင်တော့ ပိတ်ဆီးကျမနေ။ တပေါင်းလဆီနီးပြီမို့ နှင်းကြွင်းလေးတွေ ဟု ခေါ်ရလေမည်လော။

ကိုသာစုသည် အတွင်းခန်းဆီကြည့်ပြီး နားစွင့်ထောင်သည်။ ဦးကြီး နိုးဟန်မတူသေး။ ဘာသံမျှ မကြားရ။

ကိုသာစု သဘောကျသွား၏။ သည်တကြိမ် မိမိက အရင်နိုးသည်။ ခါတိုင်းတော့ ဦးကြီးကချည်း အရင်နိုး၏။

ကိုသာစုသည် ကပြင်မှဆင်းကာ တဲရှေ့သို့ ရောက်လာခဲ့၏။ ရောင်နီက လျှမ်းဆဲဖြစ်၏။ ကြည်လင်သော ရောင်ဖြူလည်း ပျံတက်စ ရှိနေပြီ။

တလင်းဟောင်းပတ်လည်ရှိ သစ်ပင်တို့ထက်မှ ငှက်လေးများ၏အသံသည် သာယာစွာ ထွက်ပေါ်လာနေ၏။

ကိုသာစုသည် ရင်ခေါင်းတခုလုံးပြည့်အောင် လေကို တဝရှူလိုက်၏။ နံနက်ဦးက အေးချမ်းသည်။ ရှူရသောလေက သန့်ရှင်းလတ်ဆတ်သည်။ ရောင်နီ ရောင်ဖြူ ရောယှက်သော ရှုခင်းက လှပသည်။

ဩော်...မင်္ဂလာပါတကား။ လှပသော နံနက်ခင်းသည် ကျက်သရေရှိ၍ မင်္ဂလာပါတကား။ လန်းဆန်းစွာ နိုးကြားရခြင်းသည်လည်း မင်္ဂလာပါတကား။ ပူပင်ကြောင့်ကြ မရှိရခြင်းသည်လည်း မင်္ဂလာပါတကား။

ဩော်...သည်ပုံဆိုတော့ ဘဝသည် ချစ်မက်ဖွယ်ရာပါတကား။ လောက သည်လည်း နေချင့်ဖွယ်ရာပါတကား။

ကိုသာစုသည် အညောင်းပြေရန် ခါးကို ဘယ်ညာလိမ်ချိုးလိုက်ပြီးနောက် သွက်လက်စွာဖြင့် နွားတဲဆီ ထွက်ခဲ့၏။

နွားတဲတွင်း၌ နွားညိုကြီးနှစ်ကောင်က သူ့ကို နှုတ်ဆက်ဘိသကဲ့သို့ ရှူးခနဲ နှာမှုတ်ကြ၏။ ကိုသာစုသည် နွားကြီးများ၏ ခေါင်းများကို ချစ်ခင်ယုယစွာ သပ်နေ၏။

ချစ်စရာသတ္တဝါများ။ ဒေါသနှင့် မာနဟူသည်က မရှိ။ သခင်ကို သိတတ်ကြသည်။ မိမိကိုပင် သူတို့ သိနေဟန်တကား။ ကိုသာစုသည် နွားကြီးများကို အတန်ကြာ ပွတ်သပ်နေသေး၏။ ပြီးမှ နွားစာခွက်ကို စင်ကြယ်အောင် ရေနှင့်ဆေးသည်။

စဉ်းထားသော ကောက်ရိုးဖြတ်များကို နွားစာခွက်တွင်ထည့်ပြီး ဖွဲနုဖြူး သည်။ ထို့နောက် ရေအနည်းငယ် ဆွတ်ဖျန်းကာ သမအောင်နယ်ပေး၏။ ကောက်ရိုး နံ့နှင့် ဖွဲနုနံ့များ ကြိုင်လာ၏။ နွားကြီးများကလည်း တဖူးဖူး နှာမှုတ်၏။

ကိုသာစုသည် နွားကြီးများကို စာခွက်ဆီ ယူလာခဲ့၏။

နွားများအိပ်သော နေရာတွင်ကား နွားချေးပုံ လတ်လတ်ဆတ်ဆတ်များ ရှိနေသည်။

မလှမ်းမကမ်းတွင်က နွားချေးတဲရှိသည်။

နွားကြီးတို့ အစာစားနေစဉ် ပျဉ်ပြားငယ် နှစ်ချပ်ကိုသုံး၍ သာစုသည် နွားချေးများ ကျုံး၏။ ကျုံးပြီးသော နွားချေးများကို ကိုသာစုသည် နွားချေးထဲ၌ သွားပုံ၏။ ဪ... သဘာဝဓာတ်မြေ ဩဇာများပါတကား။

နွားချေးများ စင်သွားသောမြေပြင်ကို ပိုမိုရှင်းသန့်သွားရန် ကိုသာစုသည် တံမြက်လှည်း၏။

ကိုသာစု တံမြက်လှည်းနေစဉ် ဦးကြီး နိုးလာ၏။ ဦးကြီးသည် နွားတဲတွင်း ဝင်လာပြီး ဆို၏။

"မောင်သာစုက ဒါတွေ ဝင်လုပ်နေတာကိုး၊ ဦးကြီး လုပ်မှာပေါ့ကွဲ့"

"ကိစ္စမရှိပါဘူး၊ ကျွန်တော် လုပ်တတ်ကိုင်တတ်နေပြီပဲဟာ"

"အေးလေ...နွားစာတော့ ကျွေးရင်ကျွေးပေါ့၊ နောက်ချေးတော့ ဦးကြီး ကျုံးမယ်၊ ကြားလား"

"နောက်ချေးကို ကျွန်တော် မရွံပါဘူး"

"မင်း တကယ်မရွံဘူးလား"

"နောက်ချေးကို ရွံတယ်ဆိုတဲ့လူဟာ အင်မတန်ကျေးဇူးကန်းတဲ့လူပဲ၊ နောက်ချေးနဲ့ စိုက်တာတော့ စားတယ်၊ နောက်ချေးတော့ ရွံတယ်၊ သဘာဝ မကျဘူး၊ ပြီးတော့ ဦးကြီး နွားဆိုတာက သက်သတ်လွတ်စားတဲ့ သတ္တဝါမျိုးပါ၊ ဒီတော့ အဟဲ... သူ့ချေးကလည်း သန့်ပါတယ်"

ဦးကြီးက ရယ်၏။

"မင်း တော်တော် ကြိုကြိုဖန်ဖန်ပြောတယ် မောင်သာစု"

"ကျွန်တော်က အမှန်ပြောတာ၊ ဒီတော့ ကျွန်တော် မရှံ့ပါဘူး၊ ကျွန်တော့်ကို အားမနာနဲ့၊ ကျွန်တော် ပျော်လို့ဝင်လုပ်နေတာ"

"ဟေ...မင်းပျော်တယ်"

"ဟုတ်တယ်၊ ပျော်တယ်၊ ကျွန်တော့်ဘဝမှာ အခုလိုနေရတာ အပျော်ဆုံးပဲ"

"မင့်ဘဝမှာ အခုလိုနေရတာ အပျော်ဆုံး ဟုတ်လား"

သူ စကားမှားသွားပြီ။ စကားမှားသွားသည်ကို ချက်ချင်းသူသိ၏။ အခု ဘဝမှာ အပျော်ဆုံးဆိုတော့ ယခင်ဘဝမှာ မပျော်။ အဲသည် ယခင်ဘဝ ဆိုသည်က ဘာနည်း၊ ဘာပါနည်း။

သူက မျက်နှာကိုပြင်ပြီး ရယ်ချလိုက်၏။

"ဟုတ်တယ်၊ အပျော်ဆုံး၊ ကူလီထမ်းရတာထက်စာရင် အခုဟာက အများကြီးသက်သာတယ်၊ ပြီးတော့ ဘယ်သူက ကျွန်တော့်ကို အရူးလို့ ပြောမလဲ။ ဦးကြီး ကျွန်တော့်ကို အရူးလို့ ပြောမလား"

ဦးကြီး၏ရင်မှာ ထိခိုက်သွားသည်။ ခမျာ သူ့ကို လူတွေက အရူးဟု ထင်မှန်း ရိပ်မိအရှာသား။

"မပြောပါဘူး မောင်သာစုရာ၊ ဘာလို့ ဦးကြီးက ပြောရမှာလဲ"

"အဲ.. ဦးကြီး မပြောဘူး၊ ကလေးမ မသင်းနုလည်း မပြောဘူး၊ ဖိုးချမ်းကတောင် မပြောဘူး၊ ဒီတော့ ပြီးတာပဲ"

သူသည် တံမြက်လှည်းသည်ကို အဆုံးသတ်လိုက်ပြီး လက်များကို စင်ကြယ်အောင် ဆေးကြော၏။

လက်ဆေးပြီးနောက် ရေပန်းကရားတွင် ရေထည့်၍ ခြံနောက်ပိုင်းရှိ ဟင်းသီးဟင်းရွက်များကို ရေလောင်းနေသည်။ မျက်နှာသစ်ပြီးနောက် ဦးကြီးသည် မီးဖို၍ ရေနွေးတည်၏။ ရေနွေးတည် နေရင်းက ဆန်းပြားသော ကံကြမ္မာကို ဦးကြီး စဉ်းစားနေမိသည်။ သားတယောက် ကောက်ရခဲ့ပြီ၊ ဟုတ်သည်။ သားတစ်ယောက် ကောက်ရခဲ့ပြီ။

ဩော်...ယခင်က ဘဝအတွက် လျာထားချက်များသည် တိမ်းလွဲခဲ့ရသည်။ မြန်မာအို ကျောင်းကြိုကျောင်းကြား။ စကားပုံက သည်လိုရှိသည်။ ကျောင်းကြိုကျောင်းကြား မရောက်စေ ယခုအရွယ်တိုင်လျှင် တရားဓမ္မအလုပ်နှင့် နေရန်သာ ဦးကြီး စိတ်ကူးခဲ့သည်။ လယ်ယာလုပ်ငန်းကိုတော့ တဦးတည်းသော သားဖြစ်သူ ထွေးမောင်ကို လွှဲပေးမည်။ သားကလည်း လိမ္မာသည်။ သူ့အစ်မများ ကိုလည်း ချစ်သည်။ ဖတဆိုး သမီးလေးဖြစ်သူ တူမလေး မသင်းနုပေါ်၌လည်း သံယောဇဉ်ကြီးရှာသည်။ ဦးကြီး အားကိုးနိုင်သော သား။ မိသားစုတာဝန်ကို သိတတ်သော သား။

ယခု သည်သားက မရှိပြီ။ သားမရှိတော့သဖြင့် မိမိသည် လယ်တောကို မစွန့်နိုင်သေး။ အကူလုပ်သားများ ရှိသော်လည်း သားအရင်းကဲ့သို့မူ အားမကိုးနိုင်။ လုပ်သားများကလည်း စျေးက ကြီးလာပါဘိသနှင့်။

အင်း...ယခုတော့ သားတယောက် ကောက်ရသည်။ သည်သားကကော မိမိနှင့် ဘယ်လောက်မြဲမည်နည်း။ ဘုရား.. ဘုရား...။ အပျက်ပျက်နှင့် နှာခေါင်း သွေးထွက်ခဲ့ပါပြီကော။ မောင်သာစုခေါ်သည့် ဒုက္ခိတအပေါ် မိမိက သံယောဇဉ် တွယ်နေမိပါပကော။ ဟယ်...တတ်နိုင်ဘူး။ ကံ ကံ၏အကျိုး။ သူပျော်လျှင် ပျော်သမျှ နေပါစေတော့။

တသီကြီးတွေးကာ ဦးကြီး ရေနွေးတည်နေခိုက် ကိုသာစုက ဝင်လာ၏။

"ဦးကြီး... ကျွန်တော် ရေသွားချိုးဦးမယ်"

"အေး...အေး...အတော်ပဲ၊ မင်းပြန်လာမှာနဲ့ ရေနွေးဆူမှာနဲ့"

ကိုသာစုသည် သွားတိုက်ရန် ဆားအိုးတွင်းမှ ဆားနှိုက်ယူသည်။ နံနက်တိုင်း ကိုသာစု သွားမှန်မှန်တိုက်သည်ကို ဦးကြီး သတိပြုမိ၏။ သွားတခါ တိုက်လျှင်လည်း အတန်ကြာသည်။ ဤအချက်ကိုလည်း ဦးကြီး သတိပြုမိ၏။

စိတ်မနှံ့ဟုသာ ဆိုသည်။ သန့်ရှင်းရေးကိုတော့ ဂရုအစိုက်သား။ အင်း.. နှုတ်ခမ်းနှင့် မုတ်ဆိတ်မွေးများကိုတော့ မရိတ်။ အဲ.. ရေချိုးသွားလျှင် ဆပ်ပြား လေးကိုလည်း ယူသွားတတ်သေးသည်။

ကိုသာစုသည် ဆပ်ပြာခဲလေးကိုယူပြီး မြစ်ဆိပ်သို့ ထွက်လာခဲ့၏၊ စွပ်ကျယ်အသစ်တထည်နှင့် ပုဆိုးအသစ်တထည်လည်း ယူခဲ့သည်။ သူသည် ခါးမှ အကျီဟောင်းကို အရင်လျှော်သည်။ ထွက်လိုက်သည့် ချေးတွေ၊ တော်တော်နှင့် မကုန်။ ဆပ်ပြာအထပ်ထပ် တိုက်ပြီးသောအခါ အကျီမှာ အတန်အသင့် ဖြူလာသည်။ သို့ရာတွင် နောက်ကျောရှိ အကွက်တကွက်က မပျောက်။ သူသည် အကွက်ကို သေချာစွာကြည့်သည်။ သြော်...သွေးကွက်ပါလား၊

သွေးကွက်ကို ငိုင်ကြည့်နေမိရာမှ ကိုသာစုသည် ချိုစောင်းတဖက်ကို လက်နှင့်စမ်းမိသည်။ ဒဏ်ရာတော့ မရှိပြီ။ အနာရွတ်တခုကတော့ ကျန်နေ၏၊ အဝတ်လျှော်သည်ကို ရပ်လိုက်ပြီး ကိုသာစုသည် ငိုင်လျက်စဉ်းစားနေ၏။ မြို့ဘက်ကမ်းကို လှမ်းမြင်ရသည်။ ကမ်းပါးကြီးများက မြင့်လှ၏။ အုတ်စီ ထားသော လုံးလုံးဝိုင်းဝိုင်း အရာကြီးတခုကို မြင်ရသည်။ အစက ယင်းအရာကို အုတ်တိုင်ကြီးတခုဟု ထင်ခဲ့သည်။ နောက်မှ ရေတွင်းကြီးတခုမှန်း သိရသည်။ ပြီးခဲ့သော မိုးတွင်းရေကြီးချိန်က မြို့ဘက်ကမ်းပါး အတော်ပြိုခဲ့သည်ဆို၏။ သည်နေရာမှာ ဘေးမှမြေတွေ ပြိုသွားသောကြောင့် အုတ်ရေတွင်းခွေကြီးသာ တိုင်ကြီး တခုပမာ ဘွားဘွားမားမား ပေါ်ကျန်ရစ်လေသည်။ ငေးကြည့်နေမိစဉ် ကမ်းပါးကြီးနှင့် အုတ်တိုင်ပမာခြေကြီးသည် ကိုသာစု အမြင်မှာ ပျောက်သွားသည်။ အုတ်တံတိုင်းကြီးတခုက ပေါ်လာ၏။ ဟိုဘက်ကမ်း ကမ်းပါးကြီးပမာ မြင့်သောအုတ်တံတိုင်းကြီး။ ပြီးတော့ အခန်းကျဉ်းလေး ကိုသာစုသည် မျက်စိကို ပိတ်ပစ်လိုက်၏။ သည်အနိဋ္ဌာရုံကို ပြန်မမြင်သည်မှာ ကြာပြီ။ အိပ်မက်တွေထဲမှာ မတွေ့သည်မှာလည်း ကြာပြီ။ သွားကြပါတော့။ သွားကြပါတော့။

ကိုသာစုသည် အင်္ကျီကို ရေစင်အောင်ညှစ်ပြီး သစ်တုံးပေါ်မှာ ထားလိုက် ကာ မြစ်ရေပြင်မှာငုပ်၍ ရေချိုး၏။

ရေမှာ ပြန်အပေါ်သို့ ရေသပ်ပစ်ရန် လက်ချောင်းများက ဆံပင်များအတွင်း ရောက်သွားသည်။

ဆံပင်တို့က ထူလှပြီ။ ထူသည်က အရေးမကြီး။ ရာသီက ပူစပြုလာတော့ ခေါင်းက အိုက်သည်။ ဦးရေခွံက ယားလည်းယား၏။

မနေ့က ဆံပင်ညှပ်ရန် ဦးကြီးက မိမိကို တိုက်တွန်းသည်။ အင်း...ဆံပင် ညှပ်ရမည်။ နှုတ်ခမ်းနှင့် မုတ်ဆိတ်မွေးများကိုတော့...။ ကိုသာစုသည် ကိုယ်ကို ဆပ်ပြာတိုက်၍ အားရအောင် ရေချိုးပြီးနောက် ကမ်းပေါ်တက်ခဲ့သည်။

ပုဆိုးသစ်၊ စွပ်ကျယ်သစ်ကို လဲပြီးသောအခါ သူ့စိတ်သည် လန်းဆန်း သစ်လွင်လာသည်။

ဘဝသစ်။ အင်း.. ဘဝသစ်။ လူသစ်၊ စိတ်သစ်၊ အဝတ်အစားသစ်။ ကိုသာစုသည် ရေလဲပုဆိုးဟောင်းနှင့် လျှော်ပြီးသောအင်္ကျီဟောင်းလေးကို ကိုင်ကာ လေလေးတချွန်ချွန်ဖြင့် တဲဆီပြန်ခဲ့လေ၏။

ထမင်းဆိုင်ရှင် အဒေါ်ကြီးသည် ဆိုင်တွင်းသို့ ဝင်လာသူအား ရုတ်တရက် အံ့အားသင့်ကြည့်နေ၏။ ပြီးတော့မှ ရယ်မောလျက် နှုတ်ဆက်၏။

“အလို...ကိုသာစု၊ အဝတ်သစ်အစားသစ်နဲ့ ကျုပ်က လူတွေ ဘာတွေမှားလို့”

ကိုသာစုက အဖြူနှင့် အစိမ်းနုကွက် ပုဆိုးသစ်ကို ဝတ်ထား၏။ စွပ်ကျယ် သစ်ကလည်း ဖြူဖြူစင်စင်ပင်။ အဝတ်သစ်အစားသစ်ကြောင့် ဖြူဝင်းသော သူ့အသား သည် ပိုထင်ရှားလာ၏။ ထို့ကြောင့်လည်း အဒေါ်ကြီးက လူတွေ ဘာတွေမှားလို့ဟု မုသား မဟုတ်တဟုတ် စကားကို ဆိုခြင်းဖြစ်၏။

“အဒေါ် ရောင်းကောင်းရဲ့လား”

“ရောင်းတော့ ကောင်းပါရဲ့ အခု ကျုပ် ဖောက်သည်တယောက် လျော့တာကြာပြီမောင်ရဲ့”

“ခင်ဗျာ၊ ဖောက်သည်တယောက် လျော့နေတယ်”

အေးလေ...မင်းက အခု ငါ့ဆိုင်မှ မစားတော့ဘဲ”

တဖက်ဆိုင်မှ ကိုစိန်လှိုင်ကလည်း လှမ်းပြော၏။

“ဟုတ်ပါရဲ့ ကိုသာစုက ဒီဘက်ကမ်းတောင် ကူးမလာတော့ဘူး၊ အခု ဘယ်က မျက်စိလည်လာတာလဲ”

“ဆံပင် လာညှပ်တာဗျ”

“ဪ…ဆံ မုတ်ဆိတ်ပယ်တော့မယ်ပေါ့”

“အင်း…အဟင်း…”

အဒေါ်ကြီးက ဝင်မေး၏။

“အဒေါ်ဆိုင် ဘာလို့ဝင်လာတာလဲ”

“ရောက်တဲ့ပေါက်တဲ့အခိုက် မိတ်ဟောင်းဆွေဟောင်းတွေ ဝင်နှုတ်ဆက်တာ၊ နှုတ်မဆက်ရဘူးလား”

“ဆက်ရပါတယ်တော်…ဆက်ရပါတယ်၊ ထမင်းလည်း စားသွားပါဦး လား၊ ပိုက်ဆံ မယူပါဘူး”

“ကျွန်တော် စားခဲ့ပြီးပြီ၊ အဒေါ် ဖိတ်ခေါ်တာ ကျွန်တော် ကျေးဇူးတင်ပါတယ်”

ယဉ်ကျေးသော သူ့အသုံးအနှုန်းကြောင့် အဒေါ်ကြီးက မျက်လုံးပြူးသွား၏။ ကိုစိန်လှိုင်ကမူ ပြုံးစိစိ လုပ်ပြ၏။

ကိုသာစုသည် အဒေါ်ကြီးကို နှုတ်ဆက်ပြီး ဆက်ထွက်လာခဲ့၏။ အဒေါ်ကြီးက မှတ်ချက်ပေး၏။

“မောင်စိန်လှိုင်ရေ ..ကိုသာစုတို့ကတော့ ယဉ်သဟေ့”

“အေးဗျ။ ခုလိုဆိုတော့လည်း တသွေးတမွေး”

ကိုစိန်လှိုင့်ဆိုင်တွင် သတင်းစာ ဖတ်နေသော လူရွယ်တဦး ရှိသည်။ အဒေါ်ကြီးနှင့် ကိုစိန်လှိုင်တို့၏ မှတ်ချက်ချသံကို ကြားသောအခါ ထိုသူက မျက်နှာမှ သတင်းစာကို ခွာလိုက်ပြီး မေး၏။

“သူက ဘယ်သူလဲ”

“သူက..အဲ..ကိုသာစု”

“ကိုသာစု ဆိုတာတော့ ခင်ဗျားတို့ ခေါ်သံကြားလို့ သိပါပြီ၊ကျွန်တော် မေးတာက ကိုသာစုဆိုတာ ဘယ်သူလဲ”

“ဪ… ဦးတင့်လွင်က ပြောင်းလာတာ မကြာသေးတော့ ကိုသာစုကို ဘယ်သိမလဲ၊ မင်းတရား ဘာအရေးရယ်၊ ကိုသာစုရယ်က အဟဲ… ကျွန်တော်တို့မြို့ရဲ့ ဝိသေသလက္ခဏာထဲမှာ ပါတယ်လေ”

“ဘယ်လို…ဘယ်လို..”

“ဦးတင့်လွင်က ရဲအရာရှိဆိုတော့ ပိုသတိထားမိမှာပေါ့၊ မြို့တမြို့မှာ ထင်ရှားတဲ့ အရူးတယောက် နှစ်ယောက် ရှိရမယ်၊ သူတို့ မရှိဘဲ မြို့အင်္ဂါ မပြည့်စုံဘူး၊ မဟုတ်ဘူးလား”

“ဪ…အင်း အင်း …မင်းတရားဘအေးတော့ ကျွန်တော် သိပြီးပြီ၊ ကိုသာစုကိုသာ အခုမှသိတာ”

“ကိုသာစုက ဒီရောက်လာတာ မကြာသေးဘူး၊ ပြီးတော့ ဒီဘက်ကမ်းမှာ ခဏပဲ၊ အခု ဟိုဘက်ကမ်းမှာ သွားနေတယ်”

“ကိုသာစုက ဘယ်ကရောက်လာတာလဲ”

“ဟာ…အဲဒါတော့ ဘယ်သိမလဲ၊ အရှူးဆိုတာ သွားချင်တာ လျှောက်သွားနေတာ”

“မင်းတရားဘအေးကကော”

“သူကတော့ ဌာနေ၊ ဇာတိချက်မြှုပ်”

“ကိုသာစုက တခြားကလာတာ ဟုတ်လား”

“ဟုတ်တယ်”

“ဘယ်တော့လောက်က ရောက်လာတာလဲ”

“ဘာကြာဦးမလဲ၊ နေဦး…အဲ…ဟို … ရန်ကုန်မှာ အရေးအခင်းတွေ ဖြစ်ချိန်လောက်က”

“ဘယ်လို… ရန်ကုန်မှာ အရေးအခင်းတွေ ဖြစ်ချိန်လောက်က”

“ဟုတ်တယ်၊ မသင်းနုတောင် ပြန်ရောက်နေပြီပဲ”

“မသင်းနု ဆိုတာကကော ဘယ်သူလဲ”

“မသင်းနုဆိုတာက ကျွန်တော်တို့မြို့ကလေ၊ တက္ကသိုလ်ကျောင်းသူ”

“ဒီမြို့က ကျောင်းသူကျောင်းသားတွေက ပုသိမ်ကောလိပ် တက်ရတယ် မဟုတ်လား”

“ဟုတ်တယ်၊ ဒါပေမဲ့ မသင်းနုက စိတ်ပညာ ယူတယ်တဲ့၊ စိတ်ပညာက မန္တလေးနဲ့ ရန်ကုန်တက္ကသိုလ်ကြီးတွေမှာသာ သင်တယ်တဲ့၊ ဒါကြောင့် မသင်းနုက ရန်ကုန် တက္ကသိုလ်မှာ သွားတက်ရတယ်”

“ဪ..ဪ…”

ဦးတင့်လွင်သည် သာမန်ဟန်ဖြင့် ဆို၏။ သို့ရာတွင် သူ့မျက်မှောင်က မသိမသာလေး ကြုတ်နေသည်။

ကိုသာစု၊ ဘယ်ကရောက်လာမှန်း မသိသူတဦး၊ ရန်ကုန်၌ အရေးအခင်း တွေဖြစ်ချိန်၌ ရောက်လာသည်။

ဦးတင့်လွင်၏ မျက်နှာထားမှာ ဘာမျှမဖြစ်သည့်ဟန် ပြုံးယောင်ယောင် ရှိသည်။ သူ့ခေါင်းတွင်း၌ကား ယခုပင် သူရရှိသော အချက်အလက်များကို တန်းစီ နေရာချထားကြည့်နေ၏။

ဦးတင့်လွင်သည် ကိုစိန်လှိုင်နှင့် ဣန္ဒြေမပျက် ခေတ္တစကား ဆက်ပြော နေပြီးနောက် ဆိုင်တွင်းမှ ထွက်လာခဲ့၏။

သူသည် ကိုသာစုသွားရာ နောက်ဘက်သို့ လိုက်လာခဲ့၏။

ရုပ်ရှင်ရုံအနီး တာလမ်းဘေးရှိ ဆံပင်ညှပ်ဆိုင်တခုတွင် ကိုသာစုက ဆံပင်ညှပ်နေ၏။

ဆံပင်ညှပ်သူကလည်း ကိုသာစုကို ကောင်းစွာသိနေပြီ။

“ခင်ဗျားဆံပင်က သိပ်ရှည်တော့ သူများထက် နှစ်ဆယူရမယ် ကိုသာစု”

“မလိုပါဘူးဗျာ၊ ကျုပ်က ကြည့်ကောင်းရုံ နည်းနည်းလေးပဲ ညှပ်မှာ”

“ဒါပေမဲ့ ခင်ဗျားဆံပင်က အရှည်ကြီး”

“သူနဲ့ ဘယ်သူပိုရှည်လဲ”

“ဘယ်သူလဲ”

“သူလေ”

ဆိုင်နံရံတွင် ကပ်ထားသော ရုပ်ရှင်ကြော်ငြာတခုကို ကိုသာစုက ညွှန်ပြ၏။ ကြော်ငြာတွင်းမှ မင်းသား၏ ဆံပင်က ကုပ်ရောက်အောင် ရှည်နေသည်။

“အဲ…အဟဲ… မတိမ်းမယိမ်းပဲ၊ ခင်ဗျားက နည်းနည်းလေးပဲ ပိုထူမယ်”

“ဒါဖြင့် သူ့လောက်ပဲ ညှပ်ပေး”

“ဪ…မင်းသားလောက်ပေါ့၊ ဟုတ်လား”

“အင်း…မင်းသားလောက်”

“အဲဒီလိုဆို ခင်ဗျားလည်း မင်းသားလောက် ချောသွားမှာပဲ”

“အခုကော ကျုပ်က မင်းသားလောက် မချောဘူးလား”

“ဟာ..ချောပါ့ဗျာ၊ ချောပါ့ ”

ဆံပင်ညှပ်ဆရာက ဆံပင် စတင်ညှပ်ပေး၏။ စိတ်မချဟန်ဖြင့် ကိုသာစုက ထပ်မှာနေ၏။

“တိုမသွားစေနဲ့နော်၊ ခေတ်မီမီ ရှည်ရှည်လေး”

"စိတ်ချပါ မင်းသားရာ၊ ခင်ဗျားပြောသလို ခေတ်မီမီ ရှည်ရှည်လေး ညှပ်ပေးပါ့မယ်"

"တိုသွားရင် ကျုပ် ပိုက်ဆံမပေးဘူး"

"မတိုစေရပါဘူး မင်းသားရာ"

"ခင်ဗျားက ကျုပ်ကို ဘာလို့ မင်းသားလို့ ခေါ်နေရတာလဲ"

"ခင်ဗျားက မင်းသား မဟုတ်ဘူးလား"

"ဒီမှာ မိတ်ဆွေ၊ ခင်ဗျားက ကျုပ်ကို ယဉ်ယဉ်ကျေးကျေးနဲ့ အရှူးလို့ မခေါ်နဲ့ဗျာ"

"ခင်ဗျာ..."

"ဘအေးကို မင်းတရားဘွဲ့ပေးသလို၊ သာစုကိုလည်း မင်းသားဘွဲ့ပေးမလို့ မဟုတ်လား၊ ဒီလောက်တော့ ကျုပ်လည်း ပါးပါတယ်ဗျ"

"ခင်ဗျားက မင်းသားဘွဲ့ မလိုချင်ဘူးလား"

"မလိုချင်ပါဘူး၊ ကျုပ်က ပြည်သူထဲက ပြည်သူတယောက်"

"ဪ..ဒါဖြင့် ခင်ဗျားက ပြည်သူ့ကိုသာစု၊ ဒီလိုလား"

"အင်း..ဟုတ်တယ်၊ ပြည်သူ့မေတ္တာခံယူတဲ့ သာစု"

"အဲဒါလည်း မင်းသားတွေ ပြောတဲ့စကားပဲ"

"မင်းသားကပြောတော့ မင်းသားစကားပေါ့၊ သာစုကပြောတော့ သာစုစကား၊ ကိုယ့်ဆရာ အာလူးသိပ်မပေးနဲ့၊ ကျုပ်ဆံပင် တိုသွားဦးမယ်"

ဆံပင်ညှပ်ဆရာက ရယ်မောပြီး စကားရပ်၍ ဆက်ညှပ်နေ၏။ ကိုသာစုက မျက်စိမှေး၍ မှိန်းကာ ငြိမ်ခံနေ၏။

ထိုစဉ် ဦးတင့်လွင်က ဆံပင်ညှပ်ဆိုင်တွင်း ဝင်လာ၏။

"ဆံပင်ညှပ်ချင်လို့လား"

"အား...နည်းနည်းလောက် တိချင်လို့ပါ"

"ထိုင်ပါ။ ထိုင်ပါ၊ ဒီတခေါင်းပြီးရင် တိပေးပါ့မယ်"

ဆံပင်ညှပ်ဆိုင် ပိုင်ရှင်သည် မိမိကို သိပုံမရသေးဟု ဦးတင့်လွင် ကောက်ချက်ချမိ၏။ အခိုက်အတန့်တွင်မူ မိမိအား မသိသည်မှာ ကောင်းသည်ဟု ဦးတင့်လွင် သဘောရ၏။

ဦးတင့်လွင်သည် စီးကရက်တလိပ် မီးညှိဖွာရှိုက်ကာ ထိုင်စောင့်ရင်းက

ကိုသာစုကို အကဲခတ်ကြည့်ရှုနေ၏။

ဆံပင်ညှပ်ပြီးသွားသောအခါ ဆံပင်ညှပ်ဆရာက ကိုသာစုကို မေးသည်။

"မင်းသား…အဲလေ..ကိုသာစု၊ နှုတ်ခမ်းမွေးနဲ့ မုတ်ဆိတ်မွေးတွေကော ရိတ်လိုက်ရမလား"

"အို..အို..မလုပ်နဲ့၊ မလုပ်နဲ့"

" ရှည်လှပြီဗျ"

"ရှည်တော့ ဘာဖြစ်သလဲ၊ အဲဒါမှ ယောကျ်ားအင်္ဂါစုံတာ"

"ဘယ်လိုဗျ"

"မိန်းမတွေမှာ နှုတ်ခမ်းမွေးနဲ့ မုတ်ဆိတ်မွေး ရှိသလား"

"ဟာ..ဘယ်ရှိမလဲ"

"ရှိချင်လို့ကော သူတို့ ရှိနိုင်ရဲ့လား"

"မရှိနိုင်ဘူးပေါ့"

"မရှိနိုင်ဘူး၊ ဟုတ်တယ်၊ ဘာကြောင့် မရှိနိုင်သလဲ"

"သဘာဝမှ မဟုတ်တာကိုးဗျ"

"ဘာလို့ သဘာဝ မဟုတ်တာလဲ"

"ဟာ…အဲဒါတော့ ကျွန်တော်များ ဉာဏ်မမီဘူးဗျ"

"မှတ်ထား၊ ဆုတောင်းဗျ၊ ဆုတောင်း၊ ယောကျ်ားဆုတောင်းလာလို့၊ ယောကျ်ားဆုတောင်းတာမှာ နှုတ်ခမ်းမွေးနဲ့ မုတ်ဆိတ်မွေးလည်း ပါတယ်"

"ဟာ.. ကြီးကြီးဖန်ဖန်"

"ခင်ဗျား ဉာဏ်မမီတာ၊ ယောကျ်ားဆု တောင်းလိုက်တာနဲ့ နှုတ်ခမ်းမွေးနဲ့ မုတ်ဆိတ်မွေးကို ချန်ထားလို့ ရမလား၊ ခင်ဗျား စဉ်းစားကြည့်လေ"

"အဲ…အဲ..ကျွန်တော် သဘောပေါက်သွားပြီ"

"ဒီတော့ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးဆိုတာ ယောကျ်ားတို့ ဘုန်းကံနဲ့ ပေါ်လာရတာ၊ ပေါ်ချင်တိုင်း ပေါ်လို့မရဘူး၊ ကိုယ့်ဘုန်း ကိုယ့်ကံနဲ့ ပေါ်လာတဲ့ ပစ္စည်းကို ဘာလို့ရိတ်ရမလဲ၊ သာစုတို့တော့ မရိတ်ဘူး"

"သဘောပါဗျာ၊ သဘောပါ၊ ကဲ … ဒါဖြင့် ပြီးပြီ၊ ကြွနိုင်ပါပြီ"

ဆံပင်ညှပ်ဆရာက ဆံပင်မွေးများစင်အောင် နောက်ဆုံး ပုတ်ခါပေးပြီး

ပြော၏။

ကိုသာစုသည် သူ့အသွင်ကို မှန်တွင်း၌ သေချာစွာ ကြည့်၏။

"ဘယ့်နှယ်လဲ၊ ကျေနပ်ရဲ့လား"

"အင်း...ကျေနပ်တယ်"

ကိုသာစုသည် ငွေတကျပ် ထုတ်ပေးပြီး ဆိုင်တွင်းမှ ထွက်ခွာသွား၏။ ဦးတင့်လွင်သည် ဆံပင်ညှပ်ကုလားထိုင်ပေါ်၌ ဝင်ထိုင်လိုက်ရ၏။ ဆံပင်ညှပ်ဆရာက ဦးတင့်လွင်၏ခေါင်းကို သေချာစွာကြည့်ပြီးပြော၏။

"ဆရာ့ဆံပင်က ညှပ်ပြီးစ ရှိသေးတာပဲ"

"အင်းလေ.. ဒါကြောင့် ကျုပ်က တိရိုတိခိုင်းတာပဲဟာ"

"တိစရာတောင် သိပ်မလိုသေးဘူးထင်တယ်"

"ရသလောက် တိဗျာ"

ဆံပင်ညှပ်ဆရာသည် စိတ်တွင်းမှ ပြုံးမိ၏။ စိတ်တွင်း၌ပင်လျှင် ရေရွတ်မိ၏။

"လာပြန်ပြီ၊ အရူးတယောက်"

*****

အခန်း [၁၀]

ခါတိုင်း သည်ဘက်ကမ်းသို့ ကူးသည့်အခါ ပန်းချီဆွဲရန် ဖိုင်ဘာပြားလေးများသာ မသင်းနု ယူခဲ့သည်။ ယနေ့တွင်ကား ဝင်ဒ်ဆာ ပုံဆွဲစက္ကူတအုပ်ပါ ယူလာခဲ့သည်။

တဲအနီးရောက်လျှင် ခါတိုင်း၌ ပတ္တလားသံ ကြားရမြဲဖြစ်၏။ ယနေ့မူ မကြားရ။ တဲတွင် ဦးကြီးကိုသာ တွေ့ရ၏။

"ဦးကြီး တယောက်တည်းလား"

"အေးဟဲ့၊ မောင်သာစုက ဆံပင်ညှပ်မလို့ဆို ဟိုဘက်ကမ်း ကူးသွား တယ်"

"ဪ.. ကိုသာစုက ဆံပင်တွေဘာတွေ ညှပ်မလို့..."

"အေး.. ငါက ညှပ်ခိုင်းလို့၊ ပထမက ငြင်းမလားအောက်မေ့တယ်၊ ရှောရှောရှူရှူပဲ၊ အံ့မယ် .. အဝတ်သစ် အစားသစ်နဲ့ဆိုတော့ တသွေးတမွေးဟ"

မသင်းနုမှာ အနည်းငယ် ငိုင်သွား၏။ ဆံပင်တင် ညှပ်မည်လော။ နှုတ်ခမ်းမွေး ပါးမြိုင်းမွေးတွေပါ ပယ်ခဲ့မည်လော။

မသင်းနုသည် စိတ်ပျက်သယောင် အနည်းငယ် ခံစားရ၏။ မနေ့က အစောင်ငြိမ်း ညွှန်ပြသောကြောင့် တွေ့ခဲ့ရသော ကိုသာစု၏ အသွင်ကို ပြန်မြင်ယောင်မိသည်။ ယင်းအသွင်မျိုးကမူ ပန်းချီဆွဲရန် လှုံ့ဆော်မှုသတ္တိရှိ သည်။ စင်စစ် လူပုံကို ပန်းချီဆွဲသည် ဆိုသည်မှာ လူကို လေ့လာခြင်းပင်ဖြစ်သည်။ ချောသည်၊ လှသည်၊ အရုပ်ဆိုးသည်မှာ ပဓာန မဟုတ်။ မျက်နှာသည် ဘာကိုပြ သနည်း။ မျက်လုံး၊ နှုတ်ခမ်း၊ မေးရိုးတို့သည် ဘာကိုပြောပြနိုင်သနည်း။ ဘာကိုမျှ မပြ။ ဘာကိုမျှ မပြောသော မျက်နှာမျိုးကိုတော့ မသင်းနု မဆွဲချင်။ မနေ့က မသင်းနု တွေ့ခဲ့ရသော ကိုသာစု၏ မျက်နှာမျိုးကတော့ တစုံတရာ စကားပြောသောမျက်နှာမျိုး ဖြစ်၏။ ဆံပင်လည်းညှပ်၊ နှုတ်ခမ်းမွေး ပါးမြိုင်းမွေးလည်း ပယ်ပြီးသော ကိုသာစု၏မျက်နှာသည် သွင်ပြင်စရိုက် ပြောင်းသွားလိမ့်မည်။ မိမိ အခွင့် အရေးတခု ဆုံးရှုံးခဲ့ပြီတည်း။

မသင်းနုသည် သက်ပြင်းလေး ချလိုက်၏။

"ဦးကြီး.."

"ဟေ..."

"ကိုသာစုအကြောင်း ဦးကြီး ဘာသိလဲ"

"ဟေ. . မောင်သာစုအကြောင်း"

"ဒီလိုလေ၊ ကိုသာစုကို စိတ်မနှံ့ဘူးလို့ ယူဆထားကြတယ်၊ ထားပါတော့ ဒါပေမဲ့ သူ ဘယ်သူလဲ၊ ဘာဖြစ်ခဲ့လဲ၊ ဘယ်ကလာလဲ၊ ဦးကြီး အဲဒါ မသိဘူးလား"

"ဟ...ငါ ဘယ်လိုလုပ် သိမလဲ"

"ဦးကြီး နည်းနည်းပါးပါး မေးစမ်းမကြည့်ဘူးလား"

"အဲဒါမေးရင် သူက ကြိုက်ပုံမရဘူး၊ ဒါနဲ့ ငါလည်း မမေးတော့ပါဘူး"

"သူ့မှာ ဘာထူးခြားချက်လေးတွေရှိလဲ၊ အဲဒါကိုကော သတိမပြုမိဘူးလား"

"အံမာ.. မိန နင်က ငါ့ကို ဘာလို့ လာစစ်ချက်ထုတ်နေတာလဲ"

"မဟုတ်ဘူးလေ၊ ကိုသာစုအတွက် ဦးကြီးမှာ တာဝန်ရှိမနေဘူးလား"

"ဟ... ရှိတာပေါ့။ ငါ့အိမ်မှာ တင်ထားတဲ့နောက် ငါ့တာဝန် ရှိတာပေါ့၊ ကျေးရွာကောင်စီဥက္ကဋ္ဌကိုတောင် ငါတိုင်ကြားထားတာပဲ"

"သူတို့က ဘာပြောလဲ"

"ဘာမှမပြောဘူး၊ မောင်သာစုမှ စိတ်မနှံ့တာ သူတို့လည်း သိသားပဲ"

"ကိုသာစုမှာ အမျိုးသားမှတ်ပုံတင်ကတ်ပြားတွေဘာတွေ မရှိဘူးလား"

"ဘယ်ရှိမလဲ၊ သာစုမှာ မပြောနဲ့၊ ဖိုးချမ်းမှာတောင် မရှိသေးဘူး"

"သက်ဆိုင်ရာက လာစစ်ဆေးတော့ ဘယ့်နှယ်လုပ်မလဲ"

"ဘယ့်နှယ်လုပ်ရမှာလဲ၊ အမှန်အတိုင်း ပြောလိုက်ရုံပေါ့၊ နေပါဦး၊ နင်က ငါ့ ဘာလို့စစ်ဆေးနေတာလဲ"

"စစ်ဆေးတာ မဟုတ်ဘူး၊ အကျိုးအကြောင်း ကျွန်မ ဉာဏ်မီသမျှ ပြောတာ၊ ကဲ..တကယ်လို့ ကိုသာစုဟာ စိတ်မနှံ့သူ မဟုတ်ဘူး ဆိုရင်ကော"

"ဟ... စိတ်မနှံ့သူ မဟုတ်ဘဲနဲ့ ဒီလိုကော နေမလားဟ"

"စိတ်အကြောင်းက ဆန်းကြယ်တယ်၊ ဦးကြီး အကုန်သိမှာ မဟုတ်ဘူး"

"ကြီးကျယ်လိုက်တာ မိန၊ စိတ်အကြောင်း ဆန်းကြယ်တာ နင်ပြောမှတဲ့လား၊ တို့ဘုရားက ဟောထားတာ ကြာလှပြီ၊ ဝိညာဏံစိတ္တံစိတ္တံ၊ ဝိညာဏေဟေဝ ဇာနိယံတဲ့၊ တို့ငယ်ငယ်က သေက္ခတောင် ဆရာတော် ဟောတာ"

မသင်းနက ရယ်၏။

“ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ကျွန်မ စကားပြော မှားသွားလို့ပါ၊ တချို့ စိတ်ရောဂါတွေ၊ စိတ်ပြောင်းလဲမှုတွေ ရှိတယ်၊ အဲဒါကို စိတ်ပညာ ဆရာကြီး တွေ၊ စိတ်ရောဂါကု ဆရာဝန်ကြီးတွေက ဦးကြီးတို့ ကျွန်မတို့ထက် ပိုသိတယ်၊ အဲဒါ ပြောချင်တာ”

“အဲဒါလည်း နင်ပြောမှတဲ့လား”

“ကြည့်...ဦးကြီးကလည်း ကျွန်မ ဘာဆက်ပြောရမှန်း မသိတော့ဘူး”

“နင်က ကြီးကျယ်လို့ ငါက ပြောရတာပါ၊ ကဲ...ပြောမှာ ဆက်ပြော”

မသင်းနုသည် ခေတ္တစဉ်းစား၏။ စောစောက ဦးကြီး ရွတ်လိုက်သော ပါဠိကို မသင်းနု ကြားဖူးသကဲ့သို့ ရှိသည်။ သို့မဟုတ် တနေရာရာတွင် ဖတ်ဖူး သည် ထင်၏။ အဓိပ္ပာယ်မူ ဝေဝေဝါးဝါး။

“ခုနက ဦးကြီး ရွတ်လိုက်တဲ့ ပါဠိရဲ့ အဓိပ္ပာယ်က ဘာတဲ့လဲ”

“စိတ်- အလွန်တရာ ဆန်းကြယ်သည်ဖြစ်၍၊ စိတ္တံ...စိတ်ဟု ခေါ်ဆို အပ်သော၊ ဝိညာဏံ ... ဝိညာဏ်ကို၊ ဝိညာဏေဟေဝ ... ထူးသောဉာဏ်ရှိသော ပုဂ္ဂိုလ် တို့မှသာလျှင်၊ ဇာနိယံ.. သိအပ် သိထိုက် သိနိုင်ကောင်း၏တဲ့”

“သိပ်ကောင်းတဲ့စာပဲနော် ဦးကြီး၊ ဟုတ်တယ်၊စိတ်အကြောင်းကို လူတိုင်း မသိနိုင်ဘူး၊ ထူးဆန်းတဲ့ စိတ်ရောဂါတခုအကြောင်း ကျွန်မ ပြောပြမယ်၊ စိတ်ရောဂါ ဆိုပေမယ့် အဲ...ရောဂါတော့လည်း မဟုတ်ဘူး”

“ရောဂါလည်းဆိုရဲ့ ရောဂါမဟုတ်ဘူးလည်းဆိုရဲ့ နင့်ဟာက ဘာလဲ”

“ဒီလို...ဦးကြီးရဲ့ မေ့သွားတာ”

“မေ့သွားတာ”

“ဟုတ်တယ်၊ ဘဝကို မေ့သွားတာ၊ တချို့ကတော့ စိတ္တဇအကြောင်းကြောင့်၊ တချို့ကတော့ ဦးခေါင်းမှာ ဒဏ်ရာရသွားလို့၊ ကိုယ့်ဘဝကိုယ်မေ့သွားတာ၊ ဘာဖြစ်ခဲ့တယ် ဆိုတာလည်း သတိမရမိဘူး၊ ကိုယ်ဟာ ဘယ်သူလဲ၊ ကိုယ့်နာမည် ဘယ်သူလဲ၊ ဘာမှမမှတ်မိတော့ဘူး၊ ဒီတော့ သူတို့ဟာ သာမန်ကြည့်ရင် စိတ်မနှံ့သူလို ဖြစ်နေတယ်၊ ကျွန်မ ထင်တာက ကိုသာစုဟာ အဲဒီလို ဖြစ်နေသလားလို့”

“အေးလေ... ဖြစ်ချင်လည်း ဖြစ်နေမှာပေါ့၊ ဒါပေမဲ့ ဖြစ်နေတော့ရော တို့ ဘာတတ်နိုင်သလဲ”

“ရုတ်တရက်တော့ ဘာမှမတတ်နိုင်ဘူးပေါ့၊ ဒါပေမဲ့ အကြောင်းမှန် သေချာရင် တခုခုတော့ လုပ်ပေးနိုင်မှာပေါ့၊ ဒါကြောင့် သူ့အကြောင်း တစွန်းတစ သိနိုင်တဲ့ ထူးခြားမှုလေးတွေများ တွေ့သလားလို့ ဦးကြီးကို ကျွန်မ မေးကြည့်တာ”

မသင်းနု စကားကို ဦးကြီး စိတ်ဝင်စားလာသည်။ အကြောင်းအကျိုး သင့်မြတ်သည်ဟု ဦးကြီး သဘောရ၏။

"အေး ... ထူးခြားတာပဲ ခေါ်မလား၊ ဒီသူငယ်ဟာ ယဉ်တော့ ယဉ်ကျေး တယ်၊ ငါတော့ထင်တယ်၊ မဟုတ်မှလွဲရော မျိုးကောင်းရိုးကောင်းထဲကနဲ့ တူတာပဲ၊ အေး.. နင်ပြောတာ ဟုတ်တယ်၊ ငါ ဂရုစိုက် အကဲခတ်လိုက်ဦးမယ်"

စကားပြတ်သွားကြ၏။ ထိုစဉ် လေရူးက ဝှေ့ဝင်လာသည်။ ကြိုးတန်းတွင် လှမ်းထားသော အင်္ကျီတထည်နှင့် ပုဆိုးတထည်သည် မြေသို့ လွင့်ကျလာ၏။ မသင်းနုက အင်္ကျီနှင့် ပုဆိုးကို ထကောက်ယူ၏။

"ဦးကြီးအင်္ကျီလား"

"မဟုတ်ဘူး၊ မောင်သာခုအင်္ကျီ၊ သူ လျှော်လှမ်းသွားတာ"

မသင်းနု၏ မျက်လုံးလေးများ အရောင်တောက်သွား၏။

ကိုသာခုအင်္ကျီ၊ သည်ရောက်လာစဉ် သူ့ကိုယ်နှင့်မကွာ ပါလာသောအင်္ကျီ။

မသင်းနုသည် အင်္ကျီကို သေချာစွာ စစ်ဆေးကြည့်၏။ အင်္ကျီက တိုက်ပုံနှင့် တွဲဝတ်တတ်သော ကော်လာရွက် မပါသော စတစ်ကော်လာအင်္ကျီ ဖြစ်၏။ ဟောင်းနွမ်းသဖြင့် ညိုဝါဝါ ဖြစ်နေသော်လည်း အသားက အကောင်းစား တက်ထရွန်။

စုံထောက်ဝတ္ထုများ ဖတ်စဉ်က ရ,ထားသော ဗဟုသုတကို အသုံးချပြီး မသင်းနုက ဒိုဘီအမှတ်အသား ရှာသည်။ အင်္ကျီ၏ အလျှာအတွင်းပိုင်း၌ အမှတ်အသား လေးတခုကို တွေ့ရ၏။

မသင်းနု၏ရင်လေး ခုန်လာသည်။ ပိုမိုစူးစိုက်သော သတိဖြင့် အင်္ကျီတခုလုံးကို စေ့စပ်စွာကြည့်သည်။ အင်္ကျီကျောတွင် အကွက်တကွက်ကို တွေ့၏။ သွေး...ကွက်။ ဟုတ်သည်။ သွေးကွက်။

မသင်းနု၏ရင်မှာ ပိုခုန်လာသည်။ လက်ကလေးများပင် တုန်ယင်လာ၏။ မသင်းနု၏ မျက်လုံးများသည် ကော်လာဆီသို့ ရောက်သွား၏။

မသင်းနုမှာ အံ့သြရေရွတ်မိသွား၏။

"အို..."

"ဘာလဲ..မိနု"

"ဒီမှာကြည့်စမ်း ဦးကြီး၊ ဒီမှာ...."

"ဘာလဲဟ၊ နင့်ဟာ အလန့်တကြား"

"ဒီမှာလေ..."

မသင်းနုက အင်္ကျီကော်လာကို ဦးကြီးအား ပြ၏။ ကော်လာ၏ နောက်ကျောဘက် ဗဟိုတည့်တည့်တွင် အပေါက်လေးတပေါက် ရှိနေ၏။

"ကော်လာ ပေါက်နေတာ၊ အဲဒါ ဘာဖြစ်သလဲ"

“ပေါက်နေတာ မဟုတ်ဘူး၊ တမင်ဖောက်ထားတာ၊ ကြယ်သီးပေါက် လေး၊ နှုတ်ခမ်းလေးတွေကို သေသေချာချာ ကွပ်ထားတာကြည့်”

“အင်းလေ…ကြယ်သီးပေါက်ဆိုတော့ ဘာဖြစ်သလဲ၊ ကြယ်သီးတပ်ဖို့ပေါ့”

“ကြယ်သီးက ကုပ်မှာတပ်လို့လား”

“ဟယ် ကြီးကြီးဖန်ဖန်၊ မှားဖောက်ထားတာ ဖြစ်မှာပေါ့”

မသင်းနုက ခေါင်းခါ၏။

“မှားဖောက်ထားတာ မဟုတ်ဘူး။ တမင်ဖောက်ထားတာ”

“ဘာလုပ်ဖို့ တမင်ဖောက်ထားရမလဲ”

“အဲဒါတော့ ကျွန်မ မသိဘူး၊ စဉ်းစားရဦးမယ်”

တစုံတရာ သဘောလေးသည် မသင်းနု၏ အသိဉာဏ်၌ ရေးရေးပေါ် မည်ကဲ့သို့ ရှိသည်။ သို့ရာတွင် အမှောင်တွင်း၌ အဝေးဆီမှ ခေတ္တပေါ်လာသယောင် ရှိသော အလင်းရောင်သည် ခဏ၌ပင် ပျောက်သွားသကဲ့သို့ မသင်းနု၏ အသိဉာဏ် တွင် ပေါ်တော့မယောင်ရှိသော သဘောလေးသည် ရုတ်ခြည်းပြန်ပျောက်သွား၏။ တခုခု။ ဟုတ်သည်။ တခုခု။ သည်တခုခုက ဘာပါနည်း။

မသင်းနုသည် အတန်ကြာလေး ဦးနှောက်ကို အလုပ်ပေးခိုင်းကြည့်သည်။

အဖြေမရ။

မသင်းနုက သက်ပြင်းလေး ချမိ၏။ ရှိစေတော့။ သဲလွန်စလေးများကို တော့ ရပြီ။

မသင်းနုသည် သဲလွန်စလေးများကို တခုချင်း ပြန်ရေတွက်ကြည့်၏။ အင်္ကျီစက အကောင်းစား တက်ထရွန်။ ကော်လာက အရွက်မပါသော စတစ်ကော်လာ။ ကုပ်မှာက ကြယ်သီးပေါက်လေးနှင့်။ ဩော်…ပြီးတော့ အင်္ကျီ နောက်ကျောတွင် သွေးကွက်တကွက်။

တက်ထရွန်စကို လူတိုင်း ဝတ်နိုင်သည်လော။ ဤသည်ကိုတော့ ပြော၍ မရ။ လူတွေက အစုံဝတ်နေကြသည်။ အထူးသဖြင့် မြို့ကလူတွေသည် ဖော့ကိုပင် အင်္ကျီချုပ်ဝတ်နေကြသည်။ ဖော့ရုပ်အင်္ကျီသည်ပင် မြို့၌ မဆန်းတော့။ တက်ထရွန် ရုပ်အင်္ကျီကား ဆန်းလှသည် မဆိုနိုင်။ သို့ရာတွင် လူတိုင်းသည် ထသွား လာသွား ဝတ်ရန် တက်ထရွန်ကို ဖောဖောသီသီ သုံးနိုင်၏လော။ ထားတော့။ စတစ်ကော်လာ ကကော ဘာပြောပြနေသနည်း။ များသောအားဖြင့် အရွက်ပါသော ကော်လာနှင့် အင်္ကျီကိုသာ အသုံးများကြ၏။ စတစ်ကော်လာကို အသုံးနည်းသည်။ ယင်းက တိုက်ပုံနှင့်သာ တွဲဝတ်ရိုး။ သည်တိုင်းက ကြည့်မကောင်း။ ယခုခေတ်၌ တက္ကသိုလ် ဆရာငယ် အချို့ပင် တိုက်ပုံအောက်က အရွက်ပါသော ကော်လာတပ် အင်္ကျီကို ဝတ်ကြသည်။ ကထိကအချို့နှင့် ပါမောက္ခကြီးများသာ စတစ်ကော်လာအင်္ကျီကို စနစ်တကျ အောက်ခံထား၍ ဝတ်သည်။ သည်အချက်က စဉ်းစားဖွယ်ရာ။ ပြီးတော့

ကော်လာနောက် ကုပ်တည့်တည့်က ကြယ်သီးပေါက်လေး။ သည်ဟာလေးကတော့ ဆန်းသည်။ ဘာသဘောနည်း။ ဪ.. သွေးကွက်ကကော။ သွေးကွက်ဟုရော ကံသေကံမ ဆိုနိုင်မည်လော။ အင်း... သည်အချက်ကတော့ မသေချာ။ ညှိုညှို အကွက်တခု။ သွေးကွက်နှင့်တော့တူသည်။ မည်သို့ဖြစ်စေ၊ သဲလွန်စလေးတွေကိုတော့ ရပြီဟု မသင်းနု တွက်မိသည်။ အင်္ကျီက ခြောက်နေပြီ ဖြစ်သောကြောင့် မသင်းနုသည် ပြန်မလှန်းတော့ဘဲ ဦးကြီး၏ လက်တွင်းသို့ ပေးလိုက်၏။

"နင် ဒီနေ့ ပန်းချီ မဆွဲတော့ဘူးလား"

"ဆွဲမှာပေါ့ ဦးကြီးရ"

"အေး... ဆွဲချင်လည်း ဆွဲ နေ၊ ငါ စာရင်းတွက်လိုက်ဦးမယ်"

"ဦးကြီးက ဘာစာရင်း တွက်မလို့လဲ"

"ဟဲ့ ဒီနှစ်က ဝင်တာလည်း များတယ်၊ဝယ်စရာလေးတွေကလည်း များတယ်၊ ဒီတော့ စာရင်းတွက်ရမှာပေါ့"

ဦးကြီးက ဗလာစာအုပ်တအုပ်၊ ခဲတံတိုတချောင်းနှင့် စတင်အလုပ် လုပ်၏။

တလင်းအနီး သစ်ပင်ရိပ်တွင် ထောက်သုံးချောင်းထောင်၍ မသင်းနုက ပန်းချီဆွဲရန် ပြင်၏။

မသင်းနုက တဲဘက်သို့ မျက်နှာလှည့်ထား၏။ တဲကို မသင်းနု ပန်းချီမဆွဲရသေး။ ခေါင်းရင်းနှင့် ခြေရင်းတွင် သစ်ပင် များရှိသော လယ်တဲသည်လည်း ပန်းချီဆွဲချင်ဖွယ် ရှိ၏။ နွေအခါနီးပြီမို့ လယ်တဲ သည် ပန်းချီသဘောအရ ပိုလှနေသည်။ နေရောင်နှင့် အရိပ်။ အပူနှင့် အအေး၊ ဆန့်ကျင်ဘက်လေးတွေက ခြားနားဖော်ပြချင်ဖွယ် ရှိလှ၏။ အရောင်အသွေးတို့ ရောရောထွေးထွေးလေးနေပုံက ဆေးစုံရောမှု ကျွမ်းကျင်ခြင်းကို ဖိတ်ခေါ်နေသယောင် ရှိသည်။ တောက်ခြင်း၊ လက်ခြင်း၊ လဲ့ခြင်း၊ လွင်ခြင်းတို့ကလည်း စိတ်၏ အကြည့်ကို ဆွဲဆောင်စိန်ခေါ်နေသည်။ မသင်းနုသည် ရေဆေးပန်းချီဆွဲရန် ဆုံးဖြတ်လိုက်၏။

ကမ်းနားမှ တက်လာသော ကိုသာခုသည် မလှမ်းမကမ်းမှပင် မသင်းနုကို မြင်သည်။

ကလေးမက စိတ်ဝင်စားစွာ ပန်းချီဆွဲနေသည်။ ဪ...မိမိကိုယ်တိုင်က ပန်းချီရုပ်ကလေး ဖြစ်နေသည်ကို ကလေးမ သိပါစ။

ထဘီက အစိမ်းနုလေး။ အင်္ကျီက ပို၍ပင် နုသေးသော စိမ်းဖျော့ဖျော့ အရောင်လေး။ ဖြူဝင်းသော အသားလေးများက စိုလန်းလှသည်။ ကပိုကရိုရှိသော ဆံပင်တို့က မြမြနက်မှောင်သည်။

အလှ...သန့်စင်နုပျိုသောအလှ။ အမြင်အေးသောအလှ။ ရင်အေးသော အလှ။

ကိုသာစု ဝမ်းနည်းပန်းနည်း ဖြစ်မိသည်။ ဘာကြောင့်မသိ။ မသင်းနုကို မြင်တိုင်း ကိုသာစု ဝမ်းနည်းပန်းနည်း ဖြစ်မိသည်။

ဘဝဆိုသည်မှာ အလှပါ ပါသလော။ ဘဝ၌ ခံမင်ခြင်းတွင် အလှကို ခင်တွယ်ခြင်း ပါဝင်သလော။ မိမိ၏ဘဝ၌ အလှကို ခင်တွယ်နိုင်ခွင့် ရှိလေ၏လော။

မရှိ။ မရှိဟု ကိုသာစု ထင်သည်။ ထို့ကြောင့်လည်း ကိုသာစု ဝမ်းနည်း ပန်းနည်း ဖြစ်မိသည်။

ကိုသာစုသည် ဖြည်းညင်းစွာဖြင့် မသင်းနုထံ ချဉ်းကပ်သွား၏။ ကိုသာစု ချဉ်းကပ်လာသည်ကို မသင်းနု မသိ။ ကိုယ့်အလုပ်နှင့်ကိုယ် မသင်းနု ရှုန်းကန်နေရသည်။

ပန်းချီဆိုသည်က အရောင်ကို သုံးသည်။ ဆေးဘူးတွင်းမှ အရောင်ကို သုံးသည်။ သို့ရာတွင် ပန်းချီကားပေါ်မှ အရောင်များသည် ဆေးဘူးတွင်းမှ အရောင်တွေသာဖြစ်နေလျှင် မသင်းနု စိတ်မချမ်းသာ။ မသင်းနု လိုချင်သည်က စိတ်တွင်းမှ အရောင်။ စိတ်မှာမြင်ရသောအရောင်။ စိတ်မှာမြင်ရသော အရောင်တွေကို ဖော်ပြနိုင်ဖို့ ရှုန်းကန်ရသည်။ ဪ-. ရှုန်းကန်ခြင်းသည်ပင် ဖန်တီးမှု။

ရှဉ့်ငပေါမွေး စုတ်တံလေးကို ကိုင်ရင်း အပေါ်နှုတ်ခမ်းဖျားလေးကို အခဲကြ် သွားဖြင့် မသိမသာလေး ခဲလျက် မျက်မှောင်လေးကြုတ်ကာ မသင်းနု ခေတ္တငိုင်နေ၏။ ကောင်းကင်ရောင်က အပြာနှစ်မျိုး ရောစပ်နေသည်။ အဲသည်အပြာတွေက ဘူးတွင်းမှ အပြာတွေမဟုတ်။ အပြာရည်ပေါ်တွင် အဖြူရည်လဲ့လဲ့လေးကလည်း လွှမ်းထားသေးသည်။ အဖြူရည်ပင် မဟုတ်။ လဲ့သော လှုပ်သော အကြည်ဓာတ်လွှာ လေးတခု။

ငိုင်နေသော မသင်းနုသည် ခြေသံကြောင့် လှည့်ကြည့်လိုက်၏။ ကိုသာစုက မသင်းနုကို ပြုံးနှုတ်ဆက်၏။ မသင်းနုကလည်း အေးချမ်းစွာ ပြန်ပြုံးပြသည်။

ဆံပင်ညှပ်လာကြောင်းတော့ သိသာသည်။ သို့ရာတွင် မုတ်ဆိတ် ပါးမြိုင်း မွေးတို့ကမူ နဂိုအတိုင်း။ သည်တော့ ရုပ်ကမပြောင်းလဲလှ။ သို့ရာတွင် ပြုံးခိုက်၌ တစုံတရာသော တောက်ပကြည်လင်မှုကို မသင်းနု မြင်လိုက်ရသည်ထင်၏။ မသင်းနုသည် သူ့ထံမှ မျက်လုံးလွှဲလိုက်ပြီး ဆေးစပ်ခွက်တွင် အပြာဆေးကို ရေနှင့်ရောလျက် စုတ်ဖြင့်မွှေစမ်း၏။

ပန်းချီကားကို လှမ်းကြည့်ပြီး ကိုသာစုက မှတ်ချက်ပေး၏။

“အား.. ဒီနေ့ ဆွဲတာက တမျိုး”

“ဟုတ်ကဲ့၊ ကျွန်မ ဒီနေ့ ရေဆေးဆွဲတယ်”

“ရေဆေးက ဆီဆေးထက် လွယ်သလား”

“မဟုတ်ဘူး၊ ရေဆေးက ပိုခက်တယ်”

"ရေဆေးက ပိုခက်တယ်၊ ကျုပ်က ဆီဆေးက ပိုခက်တယ်ထင်တာ၊ ဘာလို့ ရေဆေးက ပိုခက်တာလဲ"

"ဆီဆေးက ဆွဲရင်း မကြိုက်တဲ့အရောင်ကို ပြန်ဖျက်လို့ရတယ်၊ ရေဆေးကတော့ ထင်မိရင် ဖျက်လို့မရတော့ဘူး၊ ပြီးတော့ ရေဆေးမှာက အနုလေးတွေက စဆွဲတယ်၊ တချို့အနုလေးတွေကျတော့ ဘာရောင်မှမထင်ဘဲ ချန်ဆွဲရတယ်၊ အဲဒါက လက်လည်းဝင်တယ်၊ သတိလည်း သိပ်ထားရတယ်၊ အထူးသဖြင့်က အရောင်လေးတွေမပြတ်ဘဲ ရောလုံးအခေါင် ရေမျှောရတာရှိတယ်၊ အဲဒီရေမျှောရတာက သိပ်ခက် တယ်၊ အချိန်အဆ သိပ်လိုတယ်"

ကိုသာစုသည် မသင်းနုဆွဲနေသော ပန်းချီကားချပ်ကို သေချာစွာကြည့်၏။

"ကျုပ်တို့နေတဲ့ တဲလေးကို ဆွဲနေတာလား"

"ဟုတ်ကဲ့"

"ကလေးမ နေ့တိုင်းပန်းချီဆွဲတာ မပျင်းဘူးလား"

"မပျင်းပါဘူး၊ ဖြစ်နိုင်ရင် ကျွန်မ တသက်လုံး ပန်းချီပဲ အမြဲဆွဲနေချင်တယ်"

သူက မသင်းနုကို ပြုံးပြုံးလေးတချက် ကြည့်၏။

"မိန်းကလေးက ဆန်းတယ်"

"ရှင်..."

"မိန်းကလေးပန်းချီဆရာဆိုတာ အတော်ရှားတာပဲ၊ ကြိုးစားပေ့ါကလေးမရာ၊ အနုပညာနဲ့ အသက်မွေးရတာ သိပ်စိတ်ချမ်းသာမှာပဲ"

မသင်းနုကလည်း ပြုံးလျက် သူ့ကို အကဲခတ်ရင်း ပြန်မေး၏။

"ကိုသာစုရော အနုပညာ ဝါသနာပါလား"

"ကျုပ်လား၊ အင်း...ထင်တာပဲ"

"ရှင်...ထင်တယ်"

"အင်း...ထင်တယ်၊ ကျုပ် ပတ္တလားတီးရတဲ့အခါမှာ ပျော်တယ်၊ ဒီတော့ ဒါ ဝါသနာပါတာ ခေါ်ရမှာပေ့ါ၊ မဟုတ်ဘူးလား"

"သြော်...ကိုသာစု သံဖြန်အဆုံးတီးလို့ ရပြီလား"

"ဟာ...လည်နေတုန်းပါ။ မိန်းကလေးပြောတာ ဟုတ်တယ်၊ တူတာလေးတွေထပ်တော့ ရောပြီးလည်ကုန်တယ်၊ အင်းလေ... ကျုပ်ဦးနှောက်ကိုက ချာလည်လည်ပါ"

ညည်းသော ထိုစကားအဆုံး၌ သူက မသင်းနုကို ပြုံးပြီးကြည့်သည်။

ထိုအပြုံးက ဝမ်းနည်းဟန် လွှမ်းသည်ဟု မသင်းနု ထင်သည်။

"ကျုပ်ကြောင့် ကလေးမ အလုပ်ပျက်ပြီ၊ ကဲ ကဲ ဆက်ဆွဲ၊ ကျုပ်သွားမယ်"

သူက စကားဖြတ်ပြီး တဲဆီသို့ ထွက်သွား၏။ စပ်ထားသောဆေးကို စက္ကူဖြူအလွတ်တရွက်ပေါ်တွင် မသင်းနု စမ်းကြည့်၏။ နှစ်ကြိမ်ခန့်စမ်းပြီး ကျေနပ်မှ ပန်းချီကားပေါ်တွင် ဆက်ဆွဲ၏။

မသင်းနု ပန်းချီဆွဲနေစဉ် ပတ္တလားသံ ပေါ်လာ၏။ တဲဆီသို့ မသင်းနုက မျက်နှာချင်းဆိုင်လျက် ရှိနေသည်မို့ ပတ္တလားတီးနေသော ကိုသာစုကို ကောင်းစွာမြင်ရသည်။

မသင်းနု ဝမ်းသာသွားသည်။ မမျှော်လင့်သော အခွင့်အရေးတရပ်ကို မိမိ ရပြီတည်း။

မသင်းနုသည် စုတ်တံကိုချလိုက်၏။ စက္ကူအသစ်တရွက်ပေါ်တွင် ခဲတံနှင့် စဆွဲ၏။

ကိုသာစုက သံဖြိန်နှင့် လည်နေ၏။ လည်နေသောကြောင့်ပင် သူသည် ရှုန်းကန်နေရပုံပေါ်သည်။ တီးလိုက်၊ ရပ်လိုက်၊ စဉ်းစားလိုက်၊ ပြန်တီးလိုက်နှင့် အလုပ်ရှုပ်နေ၏။

ပုံတူကို ယခုကဲ့သို့ ခပ်လှမ်းလှမ်းမှ ဆွဲရသည်မှာ အားရဖွယ်တော့ မရှိလှ။ သို့တစေ ရသောအခွင့်အရေးကိုပင် အတတ်နိုင်ဆုံး မသင်းနု အသုံးချရသည်။ ကိုသာစုဆီမှ လှမ်းကြည့်လျှင်မူ မသင်းနုသည် တပုံကို ဆွဲနေသည်ဟု ထင်ရမည်။ အမှန်မှာ ထိုညနေ၌ တပုံသည် ကောင်းစွာမပြီး။ သို့ရာတွင် ကိုသာစု၏ အဓိကသွင်ပြင်လက္ခဏာများပေါ်သော ပုံတူကားတချပ်မူ ကောင်းစွာပြီးခဲ့လေ၏။

✳✳✳✳✳

အခန်း [၁၁]

အမှတ်-၂ ဆိပ်ကမ်းပါးထိပ်တွင် ဦးတင့်လွင် ရပ်နေ၏။ ကူးတို့လှေငယ်က တဖက်ကမ်းတွင် လူချနေ၏။ သည်ဘက်ကမ်း ရေစပ်တွင်ကား ကူးတို့စောင့်နေဟန်တူသူ လူသုံးဦးခန့် ရှိ၏။ တဦးက စက်ဘီး တစီးနှင့် ဖြစ်သည်။

အချိန်မှာ ညနေ လေးနာရီခန့်ရှိပြီ။ တပေါင်းရောက်လုနီးပြီ ဖြစ်သောကြောင့် ညနေစောင်းတွင် မြူမှုင်းလွင်ဝေနေ၏။

ဦးတင့်လွင်သည် ရှုခင်းကို ခေတ္တငေးကြည့်သည်။ ရန်ကုန်နှင့်တော့ ကွာသည်။ ရန်ကုန်မှာက နွေရောက်တော့မည်ဆိုလျှင် ပူလာသည်ကိုသာ သိသည်။ အခြားဘာကိုမျှ သတိမပြုမိ။ သည်မှာတော့ သတိပြုမိ စရာ၊ ရှုချင်စရာ အလှလေးတွေ ရှိသည်။

ပတ်ဝန်းကျင်ရှစ်ခွင်တိုင်း၌ မြူမှုင်းလွင်တို့ ပြာပြာဝေဝေ အုံ့ဆိုင်းနေသည်။ လေရူးပေပေတွင် ဝါရွက်တို့လည်း ကြွေနေကြ၏။ ဪ... ဥဩသံလေးပင် သာသာချိုချို ရှိနေလေသည်တကား။ စကားတလုံးသည် ဦးနှောက်တွင်း၌ ပေါ်လာသောကြောင့် ဦးတင့်လွင် ပြုံးမိ၏။

မဲဇာ။ ဟုတ်သည်။ မဲဇာ။ မိမိ သည်ကို ပြောင်းရမည်ဆိုတော့ လူတွေက ပြောကြသည်။ မဲဇာ အပို့ခံရသည်။

ရောက်စကမူ အကယ်ပင် မဲဇာရောက်သည်ဟု ထင်ခဲ့သည်။ ယခုတော့ သည်မဲဇာကိုပင် နှစ်သက်သကဲ့သို့ ဖြစ်လာသည်။

သည်မှာကတော့ တိတ်ဆိတ်ငြိမ်သက်သည်။ မှုခင်းကြီးကြီးကျယ်ကျယ် ကလည်း မရှိ။

ဦးတင့်လွင်၏မျက်လုံးများက မြင်ရသမျှသော နယ်မြေကို ဝိုက်ဝှေ့လွှမ်းခြုံ ကြည့်၏။ တချိန်ကတော့ သည်နယ်မြေကို သောင်းကျန်းသူတို့ ကြီးစိုးခဲ့သည်ဆို၏။

သောင်းကျန်းသူတို့ အသက်အရှည်ဆုံး နေသွားခဲ့သော ဒေသဟုလည်း ဆိုကြသည်။ ယခုတော့ ရေဝတီတတိုင်းလုံးသည် သောင်းကျန်းသူ တကောင် တမြီးမျှ မရှိတော့သော အဖြူရောင်နယ်မြေကြီး ဖြစ်နေပြီ။ အဖြူရောင်နယ်မြေအဖြစ် နောက်ဆုံးမှ ရောက်ခဲ့ရသော လေးမျက်နှာ နယ်မြေမှာလည်း အေးချမ်းနေ၏။ နယ်မြေ အေးချမ်းသည်နှင့်အမျှ စိုက်ရေးပျိုးရေးတို့ တိုးတက်နေသည်။

မိမိအတွက် ကံကောင်းသည်။ ရဲအရာရှိတယောက်အတွက် ရာဇဝတ်မှု

နည်းပါး၍ အေးချမ်းသောနယ်မြေတွင် တာဝန်ထမ်းခွင့်ရခြင်းသည် ကံကောင်းခြင်းပင် ဖြစ်သည်။ မဲဇာအပို့ခံရသည်ဟု ဆိုချင်ဆို၊ မိမိကတော့ စိတ်ချမ်းသာသည်။ လောလောဆယ်တွင်မူ ဦးတင့်လွင်၏ စိတ်တွင်း၌ အဖုအထစ်လေးတခု ထုံးနေသည်။ သည်အထုံးလေးက စိတ်တွင်း၌ ခိုးလိုးခုလု ဖြစ်နေ၏။ မိမိ အစိုးရိမ်လွန်သည် ဖြစ်ကောင်းဖြစ်မည်။ ရှိစေတော့။ ပြည်သူ့လုံခြုံရေးကို တာဝန်ယူထားရသော ရဲအရာရှိတဦးအတွက် အစိုးရိမ်လွန်သည်မျိုး မရှိ။ အတွေ့အကြုံအရ လိုသည်သာ ရှိသည်။ အသေးအဖွဲ့ဟုထင်သည့် အရာလေးများသည် တခါတရံ အလွန်အရေးပါ အရာရောက်လာတတ်သည်။ ဝီရိယဟူသည်မျိုးကား ပိုသည်ဟု မရှိမြဲ။

ကူးတို့လှေသည် သည်ဘက်ကမ်း ပြန်ကူးလာနေပြီ ဖြစ်သောကြောင့် ဦးတင့်လွင်လည်း ကမ်းပါးထိပ်မှနေ၍ ရေစပ်ဆီ ဆင်းခဲ့၏။ ယူနီဖောင်း ဝတ်မထားသောကြောင့် မည်သူကမျှ ဦးတင့်လွင်ကို အထူးအထွေ ဂရုမပြုကြ။ ခရီးသည်များနည်းတူ ဦးတင့်လွင်သည် ကူးတို့လှေပေါ် တက်လိုက်၏။

ဦးတင့်လွင်သည် စက်ဘီးကို စိတ်ဝင်စားသည်။ တဖက်ကမ်းတွင် စက်ဘီးစီးရန် လမ်းရှိ၍လော။

မြစ်လယ်အရောက်တွင် ဦးတင့်လွင်က ပြုံးပြီး စက်ဘီးရှင်ကို မေး၏။

“စက်ဘီးနဲ့ ဘယ်သွားမှာလဲ”

“အိုင်သပြုကို ပြန်မလို့”

“အိုင်သပြုကို စက်ဘီးနဲ့ ပြန်လို့ရသလား”

“ရတယ်လေ၊ တာရိုးပေါ်ကလမ်းက ဖြူးနေတာ၊ ကားတောင်မောင်းလို့ ရတာပဲဟာ”

“ဪ...ဪ....”

ဦးတင့်လွင်က ဘာမျှဆက်မမေးတော့။ သည်ဘက်၌ တာရိုးရှိမှန်းတော့ သိသည်။ တာရိုးသည် လမ်းပင်ဖြစ်ကြောင်း သတိလစ်နေခဲ့၏။ အိုင်သပြုသို့သွားရန် ရေလမ်းခရီး တခုတည်းသာ ရှိသည်ဟု စိတ်မှာစွဲနေခဲ့၏။

အခြားခရီးသည်တဦးက မြို့ဘက်ကမ်းကို လှမ်းကြည့်ပြီး ပြော၏။

“တော်တော်ကြာ မြို့ပါ ဒီဘက်ကမ်းရောက်မလား မသိဘူး”

“ရောက်လည်း ကောင်းတာပေါ့ဗျာ၊ ဒီတော့မှ တာရိုးလည်း ကတ္တရာလမ်းဖြစ်ပြီး မော်တော်ကားလမ်းအစစ် ဖြစ်လာမှာ”

နားမလည်သော ဦးတင့်လွင်က ဝင်မေးသည်။

“မြို့က ဒီဘက်ကမ်း ဘာလို့ရောက်ရမှာလဲ”

“မရောက် နေပဲ့မလား၊ ကြည့်လေ...ကမ်းပြိုထားတာ၊ မနှစ်ကတင်

အတော်ပါကုန်တယ်၊ နောက်တခါ ဆိုရင်တော့ အကုန် ကုန်လိမ့်မယ်ထင်တယ်”

“ဪ. မိုးတွင်း ဆို ဒီမြစ်က ရေစီးကြမ်းသလား”

“ကြမ်းပေါ့ဗျာ၊ ပြီးတော့ ကမ်းပါးကြီးတွေက ခုနေသာ မြင့်နေတာ၊ ရေကြီးတော့ အကုန်မြုပ်၊ မြို့ပေါ်က လမ်းအထိ ရေဦးတိုက်တာပဲ”

ကူးတို့လှေသည် တဖက်ကမ်းသို့ ရောက်လာ၏။

ခရီးသည်များက ကမ်းပေါ် ဆက်တက်သွားကြသော်လည်း ဦးတင့်လွင် က ရေစပ်၌ ခေတ္တနေရစ်သည်။ မကောင်း မိမိ သွားလိုရာဆီတည့်တည့် တိုက်ရိုက်သွားရမည်လော။ သည်လိုက တမင်စုံစမ်းလာမှန်း သိသာမည်။ ဦးတင့်လွင်သည် စက်ဘီးသမား သွားရာနောက်သို့ လိုက်လာခဲ့၏။ တာရိုးပေါ်က လမ်းမကြီးသည် အမှန်ပင် ဖြူးနေ၏။

လမ်းကြီးကို ကြည့်ရင်းက ဦးတင့်လွင်၏ ခေါင်းတွင်း၌ ဆင်ခြေပေးရန် အကြံပေါ်လာ၏။

ဦးတင့်လွင်သည် ခပ်လှမ်းလှမ်း၌တွေ့ရသော လယ်တဲဆီသို့ လျှောက်လာခဲ့၏။

လယ်တဲနှင့် မလှမ်းမကမ်းအရောက်တွင် မင်းသားဟဲ ဟဲ၍ တေးဆိုသံကို ဦးတင့်လွင် ကြားရ၏။ “သင်္ချိုင်းရေဃရာစက်ကယ်က ခင်ပါစေ ... ခွာမထွက်နိုင်လို့... ဖျာရက်ရ ပြန်တော့မယ်”

တလင်းမြေ သစ်ပင်များအရိပ်အောက်၌ ဖျာရက်နေကြသူသုံးဦးကို ဦးတင့်လွင် တွေ့ရ၏။

ဦးကြီးက နီးထိုးစားကိုသုံးကာ ‘နီးဝါးလောင်း’များကို “နီးအိမ်”ဖြစ်အောင် စိတ်၍ နီးထိုးနေ၏။ ကိုသာစုနှင့် ဖိုးချမ်းတို့က ဖြာပြီးသော နီးများကိုသုံး၍ရက်နေကြသည်။

သီချင်းဆိုသူမှာ ကိုသာစု ဖြစ်၏။ ဦးကြီးက ပြုံးရှုံ့ပြုံးနေသည်။ ဖိုးချမ်းကမူ အလွန်သဘောကျဟန် ပါးစပ်ပြဲနေ၏။

“မလုပ်ဖူးသော်လည်း.. ရုပ်ထူးသူ ပပဝတီကြောင့်...မြတ်သာကီ စိတ်ပင်ပန်းလို့ရယ်..နွမ်းလှပြီ တကယ်”

ကိုသာစုက စိတ်ပါလက်ပါ တကယ်ဟဲနေ၏။ သူ့အသံမှာ အခေါင်မြင်၍ လုံသော အသံဝါဖြစ်၏။

“ကညာမေ... မောက်မာကြွားသူရဲ့ ... မဟာဆွေကို ထောက်ညှာသနားသင့်ပါရဲ့..နောက်တခါများ ဆွေနှမပယ်ရင်...သေရဖွယ်ပ ရက်တွေညောင်း ...”

ဦးတင့်လွင် ချဉ်းကပ်လာသည်ကို ကိုသာစု မမြင်။ ဖျာကို ကုန်းရက်ရင်း ငိုချင်းဆက်ချနေ၏။ “အရိုးခံပါ ...တမျိုးတဖုံကြံလို့...အိုးလုပ်ပြန်သော် ခုမကြာမက်စေဖို့...တခါ ဆက်သော်လည်း..

အဟုတ်ယဉ်သူမပေါင်းရတာမို့ဖျာရက်ပြန်ရပေါ့ ဗုဒ္ဓကိုအလောင်း…”

ကိုသာစု သီချင်းအဆုံးတွင် ဖိုးချမ်းက လက်ခုပ်တီးပြဘာပေး၏။

“ဘယ်ဆိုးလို့တုံး၊ ကျွန်တော်က ကိုသာစုကို အဲ…ကိုသာစုပဲ ထင်တာ၊ လက်စသတ်တော့ မင်းကုသကြီးကိုး”

“မင်းက ငါ့ကို မင်းကုသကြီးလို့ဆိုတာ၊ ငါ့ကို အရုပ်ဆိုးတယ်ပေါ့ ဟုတ်လား”

“အာ..အာ..မဟုတ်ပါဘူး၊ ကိုသာစုက ချောပါတယ်၊ အဲ…မျက်နှာက အမွေးတွေသာ မရှိရင် ပိုချောမှာ”

“ငါ့မျက်နှာက အမွေးတွေက သူ့ဘာသာသူနေတာ၊ မင့်ကို ဘာလုပ်လို့”

“အို..အို…ဘာမှမလုပ်ပါဘူး၊ ကျွန်တော်က အကောင်းပြောတာ”

“မင်းမှတ်ထား၊ မျက်နှာမှာ အမွေးရှိတော့ မင်းကုသနဲ့တူတာ တော်သေးတယ်၊ မင့်မျက်နှာက ချောပြောင်နေတော့ မောင်မစ္စကနဲ့ တူတယ်”

ဖိုးချမ်းက ဘာမျှပြန်မပြောဘဲ သဘောမနောကောင်းစွာ ရယ်နေ၏။ ဦးတင့်လွင်က ဦးကြီးအနီး ရောက်လာပြီး ခွင့်တောင်း၏။

“ရေလေးတပေါက် သောက်ပါရစေခင်ဗျာ”

“ဩော်…သောက်ပါ သောက်ပါ၊ ရေအိုးစင်က ဟိုတဲထဲမှာ၊ လက်ဖက်ရည်ကြမ်း သောက်ချင်ရင်လည်း ရတယ်၊ ဒီမှာ”

ဦးကြီးက အနီးရှိ မည်းနေသော မြေကရားကိုပြရင်း ပြော၏။

“ဟာ…ဒီလိုဆိုရင် လက်ဖက်ရည်ကြမ်းပဲ သောက်ချင်ပါတယ်”

“သောက်ပါ သောက်ပါ”

ဦးကြီးက လက်ဖက်ရည်ကြမ်းတခွက် ငှဲ့ပေး၏။

ဦးတင့်လွင်က ဦးကြီး လှမ်းပေးသော လက်ဖက်ရည်ကြမ်းကိုယူပြီး ဦးကြီးအနီးရှိ ဖျာကြမ်းပေါ် ဝင်ထိုင်လျက် အေးအေးဆေးဆေး သောက်၏။ ကိုသာစုက ဦးတင့်လွင်ကို လှမ်းကြည့်ပြီး မသိမသာ မျက်မှောင်ကြုတ်၏။ ဦးတင့်လွင်၏ မျက်နှာကို ကိုသာစုက ကောင်းစွာမှတ်မိသည်။ ဟိုတလောက ဆံပင်ညှပ်ဆိုင်၌ ဆုံခဲ့ဖူးသူ။

ဦးကြီးက မေး၏။

“ဘယ်က လာတာလဲ”

“အိုင်သပြဲက ပြန်လာတာပါ”

“ခြေလျင် လျှောက်လာသလား”

“ဟာ.. နေဒီလောက်ပူရတဲ့ထဲ ဘယ်လျှောက်နိုင်မလဲ၊ ဟိုနားထိ စက်ဘီးကြုံနဲ့ လိုက်လာခဲ့တာ၊ ဒီဘက်နားကျမှ နည်းနည်းလျှောက်ရတာ၊ ဒါတောင် အတော် မောသဗျ”

“နေပူတာကိုး မောမှာပေါ့၊ လက်ဖက်ရည်ကြမ်း ဝအောင်သောက်ပါ၊ ရေငတ် တကယ်ပြေတယ်၊ အားမနာနဲ့”

“ကျေးဇူးပါပဲ ဦးကြီးရယ်၊ တကယ်ရေငတ်ပြေတယ်”

ဦးတင့်လွင်သည် ရရှိသောအခွင့်အရေးကို ကျေနပ်သွားမိသည်။ လက်ဖက်ရည်ကြမ်းသောက်ရင်း စကားကောင်းစွာ ပြောနိုင်သည် မဟုတ်လော။ ဦးတင့်လွင်က လက်ဖက်ရည်ကြမ်း နောက်တခွက်ကို မိမိဘာသာငှဲ့ယူ၏။

“ဦးကြီးတို့ ဖျာရက်နေတာလား”

“မဟုတ်ဘူး၊ ရိုင်....”

“ခင်ဗျာ...”

“ရိုင်... ရိုင်ရက်နေတာ”

“သြော်...ယိုင်ကိုး၊ ဖျာရက်တာနဲ့ တူတယ်နော်”

ဦးကြီးက အနည်းငယ်လေး ရယ်၏။

“အင်း...အဟင်း...တူတယ်ဆိုလည်း ဟုတ်ရဲ့ မတူဘူးဆိုလည်း ဟုတ်ရဲ့ အမှန်က ဖျာက ဖျာ၊ ရိုင်က ရိုင်”

ဦးတင့်လွင်က မသိနားမလည်ဟန်ဖြင့် ပြုံးပြ၏။ အမှန်လည်း သူနားလည် လှသည်တော့ မဟုတ်။

စကားစလည်းရရော၊ ဗဟုသုတလည်းတိုးရောဟု သဘောထားလျက် ဦးတင့်လွင်က မေး၏။

“ကျွန်တော်က အဲ..ဟိုဒင်း.. မြို့မှာကြီးရတော့ ဖျာနဲ့ရိုင် သိပ်ခွဲခြား မသိဘူးဗျ။ ရိုင်ပတ်တယ် ဆိုတာတော့ ကြားဖူးတယ်၊ စပါးတင်ဖို့ လှည်းတွေ ဘာတွေမှာသုံးတယ်၊ အဲဒီရိုင် မဟုတ်လား”

“ဟုတ်တယ်၊ လှည်းရိုင်၊ လှေရိုင်ပေါ့”

“သြော်...လှေရိုင်ဆို သတ်သတ်ရှိသေးတယ်”

“ဟာ... ရှိတာပေါ့၊ လှည်းရိုင်က တလိပ်ကို အလျားဆယ့်နှစ်တောင် အနံတတောင်နဲ့ လက်လေးသစ်၊ အခေါက်ခင်းတစုံနဲ့ဆို စပါး နှစ်ဆယ်တိုက်လို့ ရတယ်၊ လှည်းတစီးတိုက်ပေါ့၊ လှေရိုင်က အလျားဆယ့်တတောင်၊ အနံက နှစ်တောင်

တတောင့်ထွာ အဲဒီလိုထားတယ်”

“ခုနကပြောတဲ့ အစောက်ခင်းဆိုတာက ဘာလဲ ”

“အဲဒါကလည်း ရက်ထားတာပဲ၊ ဟိုဒင်း.. ဖာမြင်ဖူးတယ် မဟုတ်လား”

“ခင်ဗျာ”

“ထန်းခေါက်ဖာတို့ ဘာတို့လေ”

“ဩော်...ဟုတ်ကဲ့၊ အဟဲ...မြင်ဖူးပါတယ်”

“‘အဲဒီ...အဲ...ဖာ၊ အေးလေ...ဖာပေါ့ကွာ၊ အဲ...အဖုံးမပါဘူး၊ အဲဒီ ခံတဲ့..အဲ... တယ်လျှာယားတဲ့စကားပဲ၊ အတွင်းက ဟိုဒင်း...ထည့်တဲ့...အဲ... အေးလေ ဖာပေါ့၊ အဲဒါကို ခါးလယ်ကဖြတ်လိုက်၊ ဟိုဘက်

တပိုင်း ဒီဘက်တပိုင်း တစုံပေါ့၊ အဲဒီသဘောပဲ အစောက်ခံဆိုတာက...”

“ဟုတ်ကဲ့၊ ကျွန်တော် သဘောပေါက်ပါတယ်”

“အဲဒီအစောက်ခံတစုံကို လှည်းပေါ်တင်လိုက်၊ အစောက်ခံနဲ့ လှည်းအိမ် ကြား ယိုင်လိုက်ပတ်လိုက်၊ စပါးထည့်တော့ သူ့ဟာနဲ့သူ ပိညပ်ပြီး ခွင်ကျကိုက်ကျ ဖြစ်သွားတာပေါ့”

“ဦးကြီးပြောတာ ရှင်းပါတယ်၊ ရိုင်ပတ်တာတော့ တွေ့ဖူးတယ်၊ အစောက်ခံရှိမှန်း မသိဘူး၊ ဒါထက် ရိုင်နဲ့ ဖျာက ဘာကွာလဲ”

“ရိုင်က ယိုင်တယ်၊ ဖျာက တည့်တယ်”

“ဟာ...အဲဒါ သဘောမပေါက်ဘူးဗျ”

“ဒါကတော့ လက်တွေ့ပြမှ၊ လာ..ဒီမှာကြည့်”

ဦးကြီးက ဦးတင့်လွင်ကို ကိုသာစုအနီး ခေါ်သွား၏။

“ကြည့် . . ဟောဒါက တိုင်ပင်လို့ခေါ်တယ်၊ ရက်ကန်းရက်တဲ့အခါ အလျားလိုက် တန်းထားတဲ့ ချည်မျှင်တွေလိုပေါ့၊ ဒီမှာတော့ နှီးတွေ၊ အဲဒါကို တိုင်ပင်လို့ ခေါ်တယ်၊ အဲဒီတိုင်ပင်ပေါ်ဖြတ်ပြီး ကျော်လိုက်၊ ငုပ်လိုက်နဲ့ လိုက်ရက်တဲ့ အပင်က ဖောက်ပင်လို့ခေါ်တယ်”

“ဩော်..ဟုတ်ကဲ့၊ တိုင်ပင်နဲ့ ဖောက်ပင်”

“အေး ဖျာရက်ရင် တိုင်ပင်ရော၊ ဖောက်ပင်ရော ဟောဒီလို တည့်ရတယ်”

ဦးကြီးက နမူနာလုပ်ပြ၏။

“ဟုတ်ကဲ့၊ တိုင်ပင်နဲ့ ဖောက်ပင်က စကွဲယား၊ အဲ...

ထောင့်မှန်ကျရတယ်ဆိုပါတော့”

“သိဘူးလေ၊ တို့ကတော့ တည့်တယ်ပဲ ပြောတာပဲ”

“ဟုတ်ကဲ့၊ မရွဲတာဟာ တည့်တာပေါ့”

“အေး … မရွဲတာဟာ တည့်တာပေါ့၊ ရိုင်ကျတော့ သူရက်နေတာကြည့်၊ တိုင်ပင်ကတော့ အတည့်ပဲ၊ ဖောက်ပင်က ယိုင်တယ်၊ မင်းပြောသလို မတည့်ဘူး၊ တမင်ရွဲထိုးတယ်”

“ဟုတ်ကဲ့၊ ဟုတ်ကဲ့၊ စောင်းစောင်းလေး၊ အင်း…အင်း…ဘာလို့ အဲဒီလို ယိုင်ရက်တာလဲ”

“အဲဒါမှ အသားတက်တယ်”

“အဲဒါကကော ဘာပြောတာလဲ”

“အသားတက်တယ်ဆိုတာက ဖျာသားရှည့်ရှည့်ရတာကို ပြောတာ၊ များများယိုင်ရင် များများအသားတက်တယ်၊ ပြီးတော့ ဆွဲလို့ ဆန့်လို့ရတယ်၊ ဒီတော့ ထည့်ဖို့ အခင်းအကျင်းက စားသာတာပေါ့၊ ဟိုဒင်း ဘာဂျာလိုပေါ့ကွာ၊ ဖျာသာ အဲဒီလို ဖြစ်နေရင် ဘယ်သူမှ ဝယ်မှာမဟုတ်ဘူး၊ ဒါကြောင့် ဖျာတော့ သိပ်သိပ်သည်းသည်းရှိအောင် အတိုင်ရော၊ အဖောက်ရော ထည့်ပေးရတာ၊ အသုံးမတူဘူး မဟုတ်လား၊ ဒီတော့ သဘာဝလည်း မတူဘူးပေါ့”

ဦးတင့်လွင်က ခေါင်းတညိတ်ညိတ်လုပ်ပြီး နေရာတွင် ပြန်ထိုင်၏။ ဦးကြီးကလည်း ပြန်ထိုင်ပြီးဆို၏။

“မောင်ရင်က ဖျာရက်တာ မတွေ့ဖူးသေးဘူးထင်တယ်၊ ဝါးဖျာတော့ မဟုတ်ဘူး၊ သင်ဖြူးဖျာ၊ တို့လေးမျက်နှာက သင်ဖြူးဖျာက ဗမာပြည်မှာ အကောင်းဆုံးပဲ၊ ဘယ်လောက်လိပ်လိပ် ဘယ်လောက်ချိုးချိုး မကျိုးဘူး၊ အဝတ်လေးလို အိနေတာ”

“အခု ဦးကြီးတို့ ရိုင်ရက်နေတာကလည်း ရောင်းဖို့လား”

“ရောင်းဖို့မဟုတ်ပါဘူး၊ သုံးဖို့၊ ပြီးတော့ ကိုယ့်တူ ကိုယ့်သားတွေကိုလည်း ထမ်းပိုးလေးပေါက် ဘယ်ကလျှိုလျှို လျှိုတတ်အောင်လို့ တမင်သင်ပေးနေတာ”

ဦးတင့်လွင် မျက်မှောင်တွန့်သွား၏။ ထမ်းပိုးလေးပေါက် ဘယ်ကလျှိုလျှို သည်စကားက စကားဆန်းဖြစ်၏။

“အမေးအမြန်းထူတယ် မအောက်မေ့နဲ့နော် ဦးကြီး၊ ခုနက ဘာပြောလိုက်တာလဲ၊ ထမ်းပိုးလေးပေါက် ဆိုတာလေ”

“ဪ…အဟဲ..ဟဲ…အဲဒါက ကျုပ်တို့ ရေးလယ်သမား လက်သုံးစကား၊ လယ်သမားတွေတတ်ရမယ့် အခြေခံအတတ်လေးခုရှိတယ်၊ ပထမတခုက စိုက်ပျိုးဖို့ မြေကို ပြုပြင်စီရင်တဲ့အတတ်၊ ဒုတိယတခုက ပျိုးချတာကနေ စပါး သီးတဲ့အထိ စိုက်တတ်တဲ့အတတ်၊ တတိယက ရိတ်တာကနေ ထုံးတား စဉ်းတား သယ်တာ

နယ်တာ၊ နောက်ဆုံး ကျီဝင်အထိ ထိန်းသိမ်းစောင့်ရှောက်တတ်တဲ့အတတ်၊ စတုတ္ထကတော့ လယ်လုပ်ငန်းနဲ့ မကင်းတဲ့အတတ်တွေ၊ ထွန်လုပ်တတ်ရမယ်၊ ထယ်လုပ်တတ်ရမယ်၊ ထမ်းပိုးခုတ်တတ်ရမယ်၊ ကြိုးကျစ်တတ်ရမယ်၊ ဘယ်အသား နဲ့လုပ်တဲ့ ထမ်းပိုးကို နွားကြိုက်သလဲ၊ ဘယ်လျှော်ကြိုးက နဖားထိုးရင် နွာသက်သာ သလဲ၊ အဲဒါတွေ သိရမယ်၊ နီးဖျာတတ်ရမယ်၊ ရှိုင်ယက်တတ်ရမယ်၊ အများကြီးပေါ့ကွာ၊ အဲဒီအတတ်တွေကို ဘယ်ဘက်ကစမ်းစမ်းရမှ တကယ့်လယ်သမားအစစ်၊ ဒါကို ထမ်းပိုးလေးပေါက် ဘယ်အပေါက်ကလျှိုလျှို လျှိုနိုင်တယ်လို့ ကျုပ်တို့က ဆိုတယ်။ အခုခေတ်တော့ တယ်မတတ်ကြပါဘူး၊ ကျုပ်တူ၊ ကျုပ်သားတွေကိုတော့ တတ်အောင် ကျုပ်က သင်ပေးတယ်”

ဦးတင့်လွင်က ဖိုးချမ်းကို ညွှန်ပြပြီး မေး၏။

“သူက သားလား၊ တူလား”

“ဆွေရိပ်မကင်း မျိုးရိပ်မကင်း တူပေါ့”

“သူကတော့ကော...”

ဦးတင့်လွင်က ကိုသာစုကို ညွှန်ပြပြီး မေးပြန်၏။

ဦးကြီး၏ နှုတ်ဆိုင်းသွားမှန်း ဦးတင့်လွင် သတိထားမိ၏။

“သူက ကျုပ်..ကျုပ်သား၊ မောင်သာစု”

ဦးကြီး၏အဖြေသည် ဦးတင့်လွင်ကိုသာမက ကိုသာစုကိုပါ အံ့အားသင့်သွားစေ၏။

ကိုသာစုသည် လှစ်ခနဲ ဦးကြီးကို တချက်ကြည့်ပြီး ခေါင်းပြန်ငုံ့သွား၏။ သူက ကျုပ်သား မောင်သာစု။ သည်စကားရပ်က ကိုသာစု၏နားတွင် ပဲ့တင်သံသံ့ထပ်နေ၏။ ကိုသာစုရင်မှာ ပြည့်လျှမ်းလာပြီး မျက်ရည်များပင် ဝဲမိ၏။ ဦးတင့်လွင်သည် မျက်နှာကို ချိုသာစွာထားလျက် မိတ်ဖွဲ့သောလေသံဖြင့် ကိုသာစုကို လှမ်းပြော၏။

“ကိုသာစုက အသံကောင်းသဗျ၊ ခုနက ခင်ဗျား ဆိုသွားတာ ဖိုးစိန်ကြီးရဲ့ သီချင်းဗျ၊ မကြားရတာကြာပြီ၊ ခင်ဗျား ဘယ်ကရလဲ”

“ဗမာပြည်က ရတာပေါ့ဗျ”

“ခင်ဗျာ...ဗမာပြည်က”

“ဖိုးစိန်က ဗမာမင်းသား၊ ဆိုသွားတာက ဗမာပြည်မှာ၊ ဒီတော့ ကျုပ် ဗမာပြည်က မရလို့ ဘယ်ကရ,ရမလဲ”

“ဪ...ဟော်.. ဒါတော့ ဒါပေါ့၊ ဒါပေမဲ့ ဖိုးစိန်ကြီး သီချင်းတွေကို ခုခေတ်ရတဲ့လူ ရှားတယ်၊ ကျွန်တော်က ဒါ ဆိုလိုတာပါ”

“ဖိုးစိန်ကြီး သီချင်းကို စိန်အောင်မင်းလည်း ရတယ်၊ ဝင်းဦးလည်း ရတယ်၊ အဲ... သာစုတို့လည်း ရတယ်၊ ဒါ ဆန်းသလား”

“အာ..ဟာ... ဒါ ကတော့ စိန်အောင်မင်းတို့၊ ဝင်းဦးတို့က ထိပ်တန်း အနုပညာရှင်ကြီးတွေ၊ ရကြတာ ဘယ်ဆန်းမလဲ”

“ကိုသာစု ရတာကျတော့ ဆန်းတယ်၊ ခင်ဗျားက သာစုကိုတော့ အနုပညာရှင် မထင်ဘူးပေါ့”

“အို...အို...မသိလို့ပါဗျာ၊ ကိုသာစုက အနုပညာရှင်လား”

“အနုပညာရှင်မို့ ဖျာ...အဲ... ရိုင်ရက်နေတာပေါ့”

“ခင်ဗျာ.....”

“ခင်ဗျား တော်တော်နားဝေးတဲ့လူ၊ ခင်ဗျား ကုသမင်းကြီးကို တွေ့ဖူးလား”

“ကုသမင်းကြီးကို၊ ကြံကြံဖန်ဖန် ဘယ်တွေ့ဖူးမလဲ၊ ခင်ဗျားကော တွေ့ဖူးလား”

“တွေ့ဖူးတာပေါ့ဗျ”

“ဘယ်မှာလဲ”

“ဇာတ်ထဲမှာပေါ့ဗျ”

“ဪ...အင်း..အင်း...ဇာတ်ထဲမှာတော့ ကျွန်တော်လည်း တွေ့ဖူးပါတယ်”

“တွေ့ဖူးရင် ကျုပ်မေးမယ်၊ ကုသမင်းကြီးက ဘာလဲ”

“ရှင်ဘုရင်ပေါ့ဗျ”

“ထွတ်သရီ၊ ကုသမင်းကြီးဟာ ရှင်ဘုရင်မှန်း ခင်ဗျား ပြောမှလား၊ ကလေးတောင် သိတယ်၊ ကျုပ်မေးတာက ကုသမင်းကြီးဟာ သိပ္ပံပညာရှင်လား၊ အနုပညာရှင်လား”

“ဪ...အင်း..အင်း...စောင်းတီးတတ်တယ်ဆိုတော့ အနုပညာရှင်ပေါ့”

“ပြီးတော့ ဘာလုပ်သေးသလဲ”

“ပပဝတီနောက် လိုက်တယ်”

“ထွတ်သရီ...ပပဝတီနောက်လိုက်တာက မယားနောက်လိုက်တာ၊ အဲဒါအနုပညာ မဟုတ်ဘူး၊ ခင်ဗျား တော်တော်တုံးသေးတာပဲ၊ ခေတ်စကားနဲ့ ကျုပ်မေး မယ်၊ ကုသမင်းကြီးဟာ စောင်းတီးတဲ့အပြင် တခြား ကာယ ဉာဏအလုပ် ဘာလုပ်လဲ၊ ဒါမှမဟုတ် ဘာလုပ်အားတွေ ပေးခဲ့ဖူးလဲ”

“ဪ...ဟုတ်ပြီ၊ အိုးဝင်လုပ်တယ်၊ ဖျာဝင်ယက်တယ်၊ ထမင်းဝင်ချက်တယ်”

“မှန်တယ်၊ ကုသမင်းကြီးက စောင်းတီးတယ်၊ ဖျာရက်တယ်၊ အနုပညာသမား၊ သာစုတို့လည်း ပတ္တလားတီးတယ်၊ ရိုင်ရက်တယ်၊ အနုပညာသမား၊ ခင်ဗျား

ဘာပြောချင်လဲ”

“အာ…အဲ…ဘာမှ မပြောချင်ပါဘူးတဲ့ခင်ဗျာ”

“မပြောချင်လည်း မပြောနဲ့”

ကိုသာစုက ရိုင်ဆက်ရက်၏။ ဦးတင့်လွင်က ဦးကြီးကို တလှည့်၊ ဖိုးချမ်းကို တလှည့် ကြည့်သည်။

ဦးကြီး၏မျက်နှာက အားနာမှုကို ပြနေသည်။ ဖိုးချမ်း၏ မျက်နှာကမူ ပြုံးဖြဲဖြဲ ဖြစ်၏။

ခေါင်းငုံ့ရိုင်ရက်နေသော ကိုသာစု မမြင်အောင် ဖိုးချမ်းသည် မိမိခေါင်းကို မိမိထိုးပြပြီး လက်ဝါးခါပြ၏။ ဦးတင့်လွင်က နားလည်ကြောင်း ခေါင်းညိတ်ပြပြီးနောက် နေရာမှထ၏။

“ကဲ…လက်ဖက်ရည်ကြမ်း သောက်ရလို့ အမောလည်း ပြေသွားပြီ၊ ဗဟုသုတတွေလည်း အများကြီး တိုးပါရဲ့ ကျွန်တော် ပြန်ပါဦးမယ် ဦးကြီး၊ မောင်ဖိုးချမ်းတို့ ကိုသာစုတို့လည်း ပြန်ပါဦးမယ်”

ဦးတင့်လွင်သည် မြစ်ဆိပ်ဘက်သို့ လျှောက်လာခဲ့၏။

ကူးတို့စောင့်ရင်း ကြုံခဲ့သမျှကို ပြန်လည်သုံးသပ် ဆင်ခြင်ကြည့်၏။ အဆုံး၌ ဦးတင့်လွင်သည် ရယ်၏။

မိမိ အစိုးရိမ်ကြီးခဲ့သည်။ အရူးတယောက်အပေါ် မသင်္ကာဖြစ်ခဲ့ပုံမှာ စိတ်ကူးယဉ်ရာပင် ကျနေ၏။

အရူးက တကယ့်အရူး။ အိမ်ဦး ဟိုဒင်း ပြမည်ဆိုသည့် အရူးမျိုး။ မိမိကို ကောင်းကောင်းနှိမ်၍ ဆက်ဆံလွှတ်လိုက်သည်။

အင်း … ခံလိုက်ပေါ့။ ဝီရိယအကျိုးလေး ခံလိုက်ပေါ့။ ကူးတို့လှေရောက်လာသဖြင့် တဖက်ကမ်းသို့ ဦးတင့်လွင် ပြန်ကူးခဲ့သည်။ ကမ်းပါးထိပ်ရောက်ပြီး လမ်းကြားလေးအဝင်၌ နောက်မှခေါ်လိုက်သံ ကြားနေရ၏။

“ဟဲ့…ကောင်”

အသံက ထန်ထန်ဖြစ်၏။ ခေါ်လိုက်သည်မှာလည်း ရုတ်တရက်ကြီး ဖြစ်၏။

ဦးတင့်လွင်သည် တုံ့ခနဲဖြစ်၍ ရပ်သွားပြီးမှ နောက်လှည့်ကြည့်သည်။ မည်သူ့ကိုမျှ မတွေ့ရ။

ဦးတင့်လွင်သည် မကျေမနပ်နှင့် မျက်လုံးဝေ့ကာ ခေတ္တရှာကြည့်သေး၏။ မည်သည့်အရိပ်အယောင်ကိုမျှမတွေ့ရသဖြင့်
ဆက်သွားရန်ကိုယ်ကိုပြန်လှည့်လိုက်၏။

“ဟဲ့…ကောင်”

အသံက ထွက်ပေါ်လာပြန်၏။ ဦးတင့်လွင် ဒေါပွသွားသည်။ မည်သူသည် မိမိကို နောက်ပြောင်စော်ကားသနည်း။

ဦးတင့်လွင်သည် နောက်သို့ ပြန်လျှောက်လာခဲ့၏။ အသံလာရာဟု ထင်သော အိမ်ထောင့်ချိုးဘက် ကွေ့လိုက်၏။ ပုဂ္ဂိုလ်ကြီးတဦးက ခန့်ခန့်ကြီး ရပ်နေ၏။ ဗိုက်က မရွှဲတရွှဲ။ အသားက ညိုပြီး ပါးက ဖောင်းသည်။ ပါးနှင့်မေးတွင် အမွေးအမှင်တွေနှင့်။ လက်တွင်းမှာက ဝါးကိုင်းခြောက်တချောင်း။

ဘာအေး။ မင်းတရားဘာအေး။

"နေပါဦး၊ ခုနက ခေါ်တာ ခင်ဗျားလား"

"အေး...မှန်စွ"

"ဘာလုပ်ဖို့ ခေါ်ရတာလဲ"

"ကေသရာဇာခြင်္သေ့မင်းတို့မည်သည် စမ်းစမ်းဟောက်ကြည့်ရတယ်၊ ရှင်ဘုရင်ဆိုတာလည်း စမ်းစမ်းခေါ်ကြည့်ရတယ်၊ မင်းဖြေစမ်း၊ ငါ့အသံမှာ ရာဇသံပါရဲ့လား အဲ..လော၊ ပါရဲ့လော"

ရယ်ရခက် ငိုရခက်ဖြင့် ဦးတင့်လွင် လှည့်ထွက်လာခဲ့ရ၏။ ယနေ့ ဖြိုဟ်စီးဖြိုဟ်နင်း မကောင်း။ ကြုံကြုံဖန်ဖန် ဥမ္မတ္တကတောဝါနှင့် ကြုံသည်။

တကြိမ် မဟုတ်။ နှစ်ကြိမ်။ တကောင် မဟုတ်။ နှစ်ကောင်။ နောက်ပါးမှအသံက ထပ်ထွက်လာသေး၏။

"ဟဲ့...ကောင်"

*****

အခန်း [၁၂]

လေးမျက်နှာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရုံး အရာရှိ၏ အခန်းတွင်းသို့ မသင်းနုက ဝင်လာသည်။

ပိန်ပိန် အသားညိုညိုနှင့် အသက်လေးဆယ်ခန့်ရှိ အရာရှိက စားပွဲတွင်ငုံ့၍ အလုပ်လုပ်နေရာမှ မော့ကြည့်၏။

"ဪ...မသင်းနု၊ လာ ..လာ..ထိုင်"

မသင်းနုက စားပွဲရှေ့တွင် ဝင်ထိုင်၏။

"ဦးလေး သိပ်အလုပ်များနေလား"

"ဒီလိုပေါ့ကွယ်၊ အလုပ်ဆိုတာကတော့ အမြဲရှိနေတာပေါ့၊ မသင်းနု ဘယ်ကလှည့်လာတာလဲ"

"ဦးလေးဆီ တမင်လာတာ"

"ဦးလေးဆီ တမင်လာတာ၊ ကဲ...ဆို...ဦးလေးက ဘာအကူအညီ ပေးရမလဲ"

စကားမပြန်သေးဘဲ မသင်းနုသည် အရာရှိကို အတန်ကြာ ပြုံးပြုံးလေး ကြည့်သည်။

အရာရှိ ဦးမျိုးခိုင်ကို မသင်းနု လေးစားခင်မင်သည်။ ဦးမျိုးခိုင်က ချင်းတောင်ဘက်တွင် အမှုထမ်းရာမှ လေးမျက်နှာမြို့ဆီ ပြောင်းလာသည်မှာ နှစ်နှစ်ခန့်ရှိပြီ။ လူငယ်ရေးရာ ကိစ္စများတွင် စိတ်ဝင်စားသူ ဖြစ်သောကြောင့် မသင်းနုတို့ လူငယ်အများနှင့် ရင်းနှီးသည်။ ချင်းတောင်မှ အတွေ့အကြုံများကို ပြောပြပြီး တိုင်းရင်းသားချင်း ချစ်ကြည်ရေးတရား အဟောကောင်းသူ ဖြစ်၏။ ဧရာဝတီတိုင်း၏ မဲဇာခေါ်သော လေးမျက်နှာမြို့တွင် မညည်းမညူ ပျော်ပျော်ကြီးနေသူလည်း ဖြစ်၏။

ချက်ချင်းစကားမပြန်ဘဲ ဦးမျိုးခိုင်ကို မသင်းနုက အတန်ကြာ ပြုံးပြုံးလေး ကြည့်နေခြင်းမှာ အနည်းငယ် ချီတုံချတုံလေး ဖြစ်နေသောကြောင့် ဖြစ်၏။

"ပြောလေ၊ ဦးလေးက ဘာအကူအညီ ပေးရမလဲ"

ဦးမျိုးခိုင်က ထပ်၍ချိုသာစွာ မေးသောအခါမှ မသင်းနုက သက်ပြင်းလွှတ်မှုနှင့်ရော၍ရယ်သည်။

"ဦးလေးကို ကျွန်မ မသိတာ မေးစရာရှိလို့"

"ဟိုဒင်း... လူတယောက်မှာ အမျိုးသားမှတ်ပုံတင်ကတ်ပြား မရှိရင် ဘာဖြစ်မလဲ"

"ဘယ်လို မရှိတာကို ပြောတာလဲ"

"ဟိုဒင်းလေ...လူတယောက်ကို ဆိုင်ရာက စစ်တယ်ဆိုပါတော့၊ သူက အမျိုးသားမှတ်ပုံတင် မပြနိုင်ရင် ဘယ့်နှယ်လုပ်မလဲ"

"ပျောက်သွားတာကို ပြောတာလား"

"မဟုတ်ဘူးလေ၊ ရှိကို မရှိရင်"

"မရှိသေးရင် ရှိအောင် မှတ်ပုံတင်ခိုင်းမှာပေါ့၊ လိုတဲ့အကူအညီလည်း ဦးလေးတို့က ပေးမှာပေါ့"

"သူ့ကို မဖမ်းဘူးပေါ့"

"အိုး...ဘာလို့ဖမ်းရမှာလဲ"

"တရားလည်း မစွဲဘူးပေါ့"

ဦးမျိုးခိုင်က ရယ်၏။

"မသင်းနက ကြုံကြိုဖန်ဖန် မေးတယ်၊ ဦးလေး ရှင်းပြမယ်၊ လူတိုင်းဟာ အမျိုးသားမှတ်ပုံတင် ရှိရမယ်၊ ရှိအောင်လည်း ဦးလေးတို့က ကြိုးစားနေတယ်၊ အဲ... ပြည်သူတွေကလည်း တာဝန်သိသိနဲ့ မှတ်ပုံတင် လုပ်ကြရမယ်။ ဒါပေမဲ့ တို့နိုင်ငံကြီးက အကျယ်ကြီး၊ တဒေသနဲ့ တဒေသကလည်း မတူဘူး၊ ငြိမ်းချမ်းတဲ့ အဖြူရောင်နယ်မြေတွေ ရှိသလို မငြိမ်းချမ်းသေးတဲ့ နယ်မြေတွေ၊ ငြိမ်းချမ်းစ နယ်မြေတွေ ဒါတွေကလည်း ရှိတယ်၊ အင်မတန်ခေါင်တဲ့ တောင်တန်းဒေသတွေ၊ မဖွံ့ဖြိုးသေးတဲ့ နယ်စပ်ဒေသတွေ စသည် စသည်တွေကလည်း ရှိသေးတယ်၊ ဒီလိုနေရာမျိုး တွေမှာ အမျိုးသားမှတ်ပုံတင်လုပ်ငန်းတွေ ကျယ်ကျယ်ပြန့်ပြန့် မလုပ်နိုင်သေးဘူး အဲဒီလို နေရာမျိုးမှာသွားပြီး လူတယောက်ကို အမျိုးသား မှတ်ပုံတင်ကတ်ပြား မရှိလို့ ဘယ်သွားအရေးယူလို့ရမလဲ"

"ကျွန်မတို့ မြို့နယ်ဆိုရင်ကော"

"တို့မြို့နယ်က အဖြူရောင်နယ်မြေဖြစ်တာ မကြာသေးတော့ လူတိုင်းမှာ ဘယ်ဝယ်အမျိုးသားမှတ်ပုံတင် ရှိမလဲ၊ မောင်သောင်းကျန်းတွေ ရှိတုန်းကဆိုရင် အမျိုးသား မှတ်ပုံတင်ရှိပြီးသား လူဆိုကတောင် ဆိုင်ရာက ပြန်သိမ်းထားရတယ်၊ နို့မို့ဖြင့် သောင်းကျန်းသူတွေက အနိုင်ကျင့်လုယူပြီး သူတို့ကိုယ်ကျိုး အသုံးချတတ်တာကိုး၊ အခုလည်း တရွာနဲ့တရွာ သွားတယ်ဆိုရင် ရွာထွက်လက်မှတ်ခေါ်တယ်၊ အဲဒါနဲ့ သွားလာနေကြတာပဲ၊ လူတိုင်းမှာ အမျိုးသားမှတ်ပုံတင် မရှိသေးဘူး"

"ဒါဖြင့် လူတယောက်မှာ အမျိုးသားမှတ်ပုံတင်ကတ်ပြား မရှိတာနဲ့ ဖမ်းလားဆီးလား တရားစွဲလား မလုပ်ဘူးပေါ့"

"ဒီတခုသက်သက်နဲ့တော့ မလုပ်ပါဘူး၊ အဲ...တခြားအခြေအနေတွေက တော့ ရှိသေးတယ်"

"ဘယ်လိုအခြေအနေတွေလဲ"

"လူတယောက်က ဘာမှအထောက်အထား အမှတ်အသားလည်း မပြနိုင်ဘူး၊ နေပုံထိုင်ပုံကလည်း မသင်္ကာစရာဖြစ်မယ်၊ သို့မဟုတ် ဥပဒေရှုထောင့်က ကြည့်လို့ စိတ်ကျေနပ်ဖွယ် မရှိဘူးဆိုရင် ဦးလေးတို့တော့ မဟုတ်ဘူး၊ ပြည်သူ့ရဲက စုံစမ်းနိုင်တယ်၊ စစ်ဆေးနိုင်တယ်၊ လိုအပ်သလို ဆက်လက်အရေးယူနိုင်တယ်"

"လက်ခံထားတဲ့လူကိုကော"

"လူစိမ်းသူစိမ်းလာရင် ဧည့်စာရင်းကတော့ တိုင်ရမယ်၊ မတိုင်ရင်တော့ တာဝန်ရှိတယ်"

"တိုင်တော့ တိုင်တယ်ပေါ့၊ ဒါပေမဲ့ ဧည့်သည်မှာက ဘာအထောက် အထားမှ မရှိဘူး၊ အဲဒီလို ဆိုရင်ကော"

"ဒါကတော့ တော်တော်ထူးဆန်းတဲ့ ကိစ္စမျိုးပဲ၊ ဘာအထောက်အထားမှ မရှိတဲ့လူကို ဘယ်သူကကော လက်ခံထားမှာလဲ"

မသင်းနက သက်ပြင်းရှိုက်၏။

"ကျွန်မတို့ ဦးကြီးတို့က လက်ခံထားမိလို့"

"ဘယ်လို...ဘယ်လို"

"ဟိုဒင်းလေ၊ ကိုသာစု၊ သူက အခု ဦးကြီးနဲ့ နေတယ်"

"ဩော်...ဟား..ဟား...ကိုသာစုလား၊ သူက စိတ်နှောက်နေတဲ့လူပဲ၊ ဦးကြီးထွန်းသာက သနားလို့ ခေါ်ကျွေးမွေးထားတာ၊ ဦးလေးတို့လည်း ကြားသားပဲ၊ ဘာဖြစ်သလဲ"

"သူ့မှာက ဘာမှမရှိဘူး၊ သူ့ကို လက်ခံထားလို့ ဦးကြီးမှာ အပြစ်မရှိဘူး လား"

"ဘာလို့ ရှိရမှာလဲ၊ ဒုက္ခရောက်လာတဲ့ လူတယောက်ကို ကယ်ထားတာ၊ ပြီးတော့ ခိုးကြောင်ခိုးဝှက်လည်း မဟုတ်ဘူး၊ ဦးကြီးထွန်းသာဟာ ဘယ်လိုပုဂ္ဂိုလ်လဲ ဆိုတာလည်း လူတိုင်း သိနေတာပဲဥစ္စာ၊ ဦးကြီးထွန်းသာကလည်း သက်ဆိုင်ရာကို တိုင်ကြားထားတာပဲ မဟုတ်လား"

"ဟုတ်တယ်၊ တိုင်ကြားထားပါတယ်"

"ကိုသာစုကကော၊ ဘာများ မဟုတ်တာလုပ်သလဲ"

"အို...အို မလုပ်ရှာပါဘူး၊ သူ့ခမျာ သနားစရာပါ၊ ဟိုဒင်း... လူကောင်းတယောက်ပါ"

ဦးမျိုးခိုင်က ရယ်၏။

"ဦးလေး ဘာရယ်တာလဲ"

"ကိုသာစုကို လူကောင်းတယောက် ဆိုလို့ပါ၊ အင်းလေ...အဟဲ... ဦးလေး နားလည်ပါတယ်၊ စိတ်တော့မနဲ့ဘူး၊ ဒါပေမဲ့ အများပြည်သူကို အန္တရာယ် မပြုဘူး၊ မသင်းနု ဒါဆိုလိုတာ မဟုတ်လား"

"ဟုတ်...ဟုတ်ကဲ့"

"ဒီလိုဆို ဘာမှကိစ္စမရှိဘူး၊ မပူပါနဲ့ မသင်းနု"

မသင်းနုက နေရာမှထ၏။

"ကျွန်မကို စိတ်ရှည်လက်ရှည် ရှင်းပြတာ ကျေးဇူးတင်ပါတယ် ဦးလေး"

"ဟာ...ကိစ္စမရှိပါဘူး၊ မသိတာရှိ လာမေး၊ ရှင်းပြဖို့က ဦးလေးတို့ ဝတ္တရား၊ အားမနာနဲ့"

ဦးမျိုးခိုင်၏ရုံးမှ ထွက်လာသော မသင်းနု၏ ခြေလှမ်းလေးများသည် ပေါ့ပါးနေ၏။ မသင်းနု၏ စိတ်မှာလည်း စိုးရိမ်မှု တည်းဟူသော ဝန်တထုပ် လျော့သွားသောကြောင့် အတန်ပေါ့ပါးသကဲ့သို့ ဖြစ်သွားသည်။ အတန်ပေါ့ပါးသကဲ့သို့။ မှန်သည်။ အတန်သာလျှင် ပေါ့ပါးသွားသည်။ လုံးဝပေါ့ပါးသွားသည်မူ မဟုတ်။

စိန်ခေါ်နေသော ပြဿနာသည် မပြေရှင်းသေးသည်ကို မသင်းနု သိသည်။ သည်ပြဿနာ ပြေရှင်းကြောင်းသည် တကယ်တော့ မိမိနှင့် ဘာဆိုင်သနည်း။ သည်ပြဿနာကို ပြဿနာအဖြစ် မိမိက ဘာကြောင့် လက်ခံမိနေပါသနည်း။ သည်ပြဿနာပြေအောင် စွမ်းဆောင်နိုင်သော အခြေအနေနှင့် အရည်အချင်းတို့ မိမိမှာ မည်မျှရှိပါသနည်း။ ဪ...ပြဿနာသည်ရော ပြဿနာအစစ် ဟုတ်ပါ၏လော။ အောင်ငြိမ်း ပြောလေ့ရှိသကဲ့သို့ မိမိသည် စိတ်ကူးယဉ်နေသလော။ မသင်းနုသည် တစုံတရာကို မကျေမနပ် ဖြစ်နေမိသည်။ ဘာကို မကျေနပ်မှန်းလည်း မသိ။ ပတ်ချာလည်နေသော အတွေးတို့ဖြင့် မသင်းနုသည် အိမ်ပြန်ရောက်လာ၏။

မသင်းနု၏ မိခင်က ဆီးပြောသည်။

"အောင်ငြိမ်း လာသွားသေးတယ်"

"ဟုတ်လား၊ သူ ကျောင်းမတက်ဘူးလား"

အချိန်က နေ့လယ်နှစ်ချက်တီးခန့်သာ ရှိသေးသည်။ ခါတိုင်း၌ အောင်ငြိမ်း သည် ညနေကျောင်းဆင်းမှ လာလည်လေ့ ရှိသည်။ ယခုအချိန်က ကျောင်းဆင်းချိန် မဟုတ်သေး။

"ဟဲ့...သူတို့ ကျောင်းပိတ်လိုက်ပြီတဲ့။ စာကျက်ဖို့ဆိုလား"

"ဪ...ဪ..ဟုတ်သားပဲ၊ စာမေးပွဲ နီးပြီပဲ၊ သူ ဘာပြောသွားသေးလဲ

အမေ”

“နင် ဟိုဘက်ကမ်း မသွားဘူးလားတဲ့၊ သူလည်း စာလိုက်ကျက်ချင်လို့တဲ့”

“အလကားထွင်တာ အမေ၊ ဟိုကျ လေပန်းတာနဲ့ စာကျက်ဖြစ်မှာ မဟုတ်ဘူး၊ ကျွန်မလည်း ပန်းချီကောင်းကောင်းဆွဲရမှာ မဟုတ်ဘူး”

မသင်းနုသည် အဝတ်အစားလဲ၏။ ထို့နောက် ပန်းချီဆွဲ ကိရိယာများနှင့် မပြီးသေးသော ပန်းချီကားချပ်ကြီးကို ယူလျက် အိမ်နောက်ဘက်ခြံတွင်းသို့ ဆင်းလာခဲ့၏။

ပန်းချီကားချပ်က ဆီဆေးပန်းချီကားချပ် ဖြစ်သည်။ အမြင့်တပေခွဲ၊ အနံတပေရှိသော ပုံကြီးဖြစ်၏။

အမှောင်လိုက်ပြီးသော လူရုပ်ပုံသည် အတန်ပီသ ပေါ်လွင်နေပြီ။ အသေးစိတ်မှုန်းရန်နှင့် အလင်းတင်ရန် ကျန်နေသေးသည်။ မသင်းနုသည် လုပ်ငန်းစ၏။

စုတ်ကလေးကို ဖွဖွလေး ကိုင်သည်။ စုတ်ချက်လေးများကို အလွန်ဂရုတစိုက်တို့သည်။ တခါတရံ စုတ်မျှင်လေးများသည် ပုံထက် ထိရုံလေးထိသည်။ မကြာခဏ မသင်းနု၏ လက်ကလေးနှင့် စုတ်ကလေးသည် လေထဲတွင်သာ လှုပ်ရှားနေ၏။ ကိုယ်လေးကို နောက်ဆုတ်ကာ အချိန်ကြာစွာ ခန့်မှန်းသည့်အခါ ခန့်မှန်းသည်။ တကိုယ်လုံး ငြိမ်ပြီး မျက်လုံးလေးများမှိတ်လျက် အာရုံကို အမိဖမ်းသည့် အခါ ဖမ်းသည်။

မည်မျှအချိန်ကြာသွားသည် မသိ။ အနောက်ပါးမှ ခြေသံလည်း ပေါ်လာ ၏။ ရယ်သံလည်း ပေါ်လာ၏။

အစောင်ငြိမ်းတည်း။

“နင် ဘာရယ်တာလဲ”

“နင့်ကို သဘောကျလို့ပါ၊ ငါရပ်ကြည့်နေတာ ကြာပြီ၊ နင် မသိဘူးလား”

“မသိဘူး”

“ယုံပါတယ်ဗျာ၊ စိတ္တဇလောကမှာမှာ ခရီးသွားနေတာ မဟုတ်လား”

မသင်းနုက ဘာမျှပြန်မပြောဘဲ အစောင်ငြိမ်းကို စေ့စေ့သာ ကြည့်နေ၏။ အစောင်ငြိမ်းက ရှေ့တိုးလာပြီး ပန်းချီကားကို ကြည့်၏။

“ဒီတခါ လူပုံပါလား၊ အံ့မယ်...ဟယ်...”

အစောင်ငြိမ်းသည် အာမေဋိတ်သံပြုပြီး မသင်းနုကို ကြည့်၏။

“ဘာလဲ၊ ဘာဖြစ်သွားတာလဲ”

"နင် သိပ်တော်ပါလား မသင်းနု၊ ငါထင်တာထက် နင်တော်နေပါလား"

မသင်းနုက မဲ့ပြ၏။ အခေါင်ငြိမ်း ချီးမွမ်းသည်ကို သိပ်မယုံ။

"တကယ်ပါ မသင်းနု၊ ဒါ ကိုသာစုပုံ မဟုတ်လား၊ သိပ်တူတာပဲ"

"တကယ်တူသလား"

"တကယ်တူတယ်၊ ဒါကြောင့် ငါချီးမွမ်းတာပေါ့"

"တူလို့ချီးမွမ်းတာ ဟုတ်လား"

"အေးလေ...နို့ ဘာကိုချီးမွမ်းရမလဲ"

"တူအောင်ဆွဲနိုင်တာက ပန်းချီပညာရဲ့ ကကြီး ခခွေးပဲ၊ ချီးမွမ်းစရာ မရှိပါဘူး၊ နင် ဒီပုံမှာ တူတာအပြင် တခြားဘာတွေ့သေးလဲ"

အခေါင်ငြိမ်းသည် နောက်ပြောင်ပြောဦးမည်ကြံသေး၏။ သို့ရာတွင် ပန်းချီကားကို ကြည့်စဉ်က စိတ်တွင်း၌ တစုံတရာကို ခံစားရမှန်း သတိပြုမိသည်။ ဘာခံစားမှုမှန်းတော့ ရေရေရာရာ မသိ။

အခေါင်ငြိမ်းသည် ပန်းချီကားကို ကြည့်ပြန်သည်။ အစသော် သာမန်ကြည့်ခြင်းဖြစ်သည်။ သို့ရာတွင် ခဏ၌ပင် ပန်းချီကား၏ ဖမ်းစားခြင်းကို ခံရတော့၏။ မျက်လုံးများကို လွှဲဖယ်၍မရဘဲ အခေါင်ငြိမ်းသည် ပန်းချီကားကို အတန်ကြာစွာ စိုက်ကြည့်နေမိ၏။

အခေါင်ငြိမ်းက မသင်းနုဘက် ပြန်လှည့်လိုက်၏။

"ငါ ဘယ်လိုပြောရမလဲ၊ ဟိုဒင်း ရင်ထဲမှာ ခံစားရတယ်၊ တမျိုးကြီးပဲ"

"ဘယ်လိုတမျိုးကြီးလဲ"

"ဘယ်လိုပြောရမလဲ၊ ဟိုဒင်း သနားသလိုပဲ၊ ကရုဏာသက်မိတယ် ပြောရမှာပဲ၊ ပြီးတော့ အဲ...

တခုခုပေါ်မှာ တခုခုက ဖုံးကွယ်ထားသလိုပဲ၊ ဟယ်.. ဝမ်းနည်းစရာကြီးပါဟာ၊ နင့်ပန်းချီကြည့်ရတာ တကယ်ပဲ ဝမ်းနည်းစရာကြီး"

မသင်းနုသည် ဘာမျှပြန်မပြော။ မိမိဆွဲထားသော ပန်းချီကို မိမိပြန်စိုက်ကြည့်နေမိ၏။

အခေါင်ငြိမ်းက မသင်းနုကို မေး၏။

"ငါပြောတာ ဘယ့်နှယ်လဲ"

"ဘာ.....ဘယ့်နှယ်လဲ,လဲ"

“ငါ ခံစားရတာ မှန်သလားလို့”

“ငါ ဘယ်သိမလဲ”

“နင် မသိဘူး၊ နင်ဆွဲတဲ့ ပန်းချီပဲဟာ၊ ငါ ခံစားရတာနဲ့ နင်ဖော်ပြလိုတာ ကိုက်,မကိုက် နင်မသိဘူးလား”

မသင်းနုက ခေါင်းခါပြ၏။

“ဘာခေါင်းခါတာလဲ၊ နင် တကယ်မသိဘူးလား”

“ဟင့်အင်း၊ အဲဒါက ငါ့အလုပ်မှ မဟုတ်ဘဲ”

“ဒါဖြင့် နင့်အလုပ်က ဘာလဲ”

“ငါ့အလုပ်က ပန်းချီဆွဲတာပေါ့”

“လာပြန်ပြီ၊ မသင်းနု၊ နင် စိတ္တဇဆန်ပြန်ပြီ ထင်တယ်”

သည်တကြိမ်တွင်မူ မသင်းနုသည် စိတ်ဆိုးဟန်မပြ။ မျက်နှာလေးကို တည်တည်သာထားပြီးပြော၏။

“စိတ္တဇဆန်ခြင်း မဆန်ခြင်း ကိစ္စကို ဒီနေ့တော့ နင်နဲ့ငါ ဆွေးနွေးရမယ် ထင်တယ်၊ ပထမဆုံးတခု ငါမေးမယ်၊ စိတ်ဆိုတာ ဘာလဲ”

“စိတ်ဆိုတာ ရုပ်မဟုတ်တာပေါ့ဟ”

“ဒီလိုတော့ လူလည်လုပ်မဖြေနဲ့ အခေါင်ငြိမ်း၊ ရုပ်မဟုတ်တဲ့ စိတ်ဆိုတာ ဘာလဲ”

“စိတ်ဆိုတာ စိတ်ပေါ့၊ သိတာ၊ သိတာဟာ စိတ်”

“သိတာဟာ စိတ်၊ ဟုတ်ပြီ၊ ဒါပေမဲ့ စိတ်ဟာ သိပွဲပဲ သိသလား”

“ဒါတော့ ဘယ်ဟုတ်မလဲ၊ ခံစားလည်း ခံစားတာပေါ့”

“သိတာနဲ့ ခံစားတာဟာ အတူတူပဲလား၊ တခြားစီလား”

“သဘောချင်းကတော့ တခြားစီပေါ့”

“သဘောချင်းကတော့ တခြားစီ ကောင်းပြီ၊ ဖြစ်ပေါ်မှု၊ ချုပ်ငြိမ်းမှုက အတူတူလား၊ တခြားစီလား”

“ဟာ....ဒီလောက်အသေးစိတ်တော့ ငါဘယ်သိမလဲ၊ နင် သိသလား”

“သိတယ်၊ သိခြင်းဆိုတာနဲ့ ခံစားခြင်းဆိုတာဟာ တပြိုင်နက် တွဲကပ်ပေါ်လာတာပဲ၊ ပြင်းထန်ထင်ရှားတဲ့ ခံစားခြင်းနဲ့ သိမ်မွေ့ပုံးငုပ်တဲ့ ခံစားခြင်းရယ်လို့ ကွဲပြားခြင်း ရှိချင်ရှိမယ်၊ ဒါပေမဲ့ တခုခုကို သိလိုက်တာနဲ့ တခုခုသော ခံစားခြင်း

ကတော့ တပြိုင်နက် ကပ်ပါလာတာပဲ၊ သတိပြုမိချင် ပြုမိမယ်၊ မပြုမိချင် မပြုမိဘူး”

“နင် ဘာကို ဦးတည်ပြောချင်တာလဲ”

“ငါရှင်းပြပါမယ်၊ ပတ်ဝန်းကျင်မှာက ရုပ်ရှိတယ်၊ လူမှာက ရုပ်ရောသိခြင်းရောရှိတယ်၊ တို့ပန်းချီဆွဲတယ် ဆိုတာက ရုပ်တရားတွေကို ဆွဲတာပဲ၊ စိတ်ကနေတဆင့် မြင်သိရတဲ့ရုပ်ကို ဆွဲတာပဲ၊ အဲဒီ မြင်သိခြင်းမှာက ခံစားခြင်းက ပါလာပြီး ဖြစ်နေတယ်။ ဒီတော့ တို့လက်ရာမှာ တို့ခံစားခြင်းဟာ ပါသွားတာပေါ့။ တခါတလေ အဲဒီခံစားရခြင်းဟာ ငွေ့ငွေ့လေး၊ တံလျှပ်လေး ပြေးသလို ပြေးတယ်။ လျှပ်မျှားလို ခဏလေးပေါ်တာမျိုး၊ မနည်းမိအောင် လိုက်ဖမ်းချင် ဖမ်းရတယ်၊ ဒါပေမဲ့ လက်ရာမှာ ခံစားခြင်းတခုမဟုတ် တခုတော့ ပါသွားတာပဲ၊ အဲဒါနဲ့ နင်က တို့လက်ရာကို စိတ္တဇလို့ ခေါ်မလား”

“တို့လက်ရာ မပြောပါနဲ့၊ ငါ့လက်ရာပဲ ပြောပါ”

“အေး...ငါ့လက်ရာ၊ ငါ့လက်ရာမှာ ငါ့မြင်သိမှုနဲ့ ငါ့ခံစားခြင်းဟာ ပါမယ်၊ ဒါပေမဲ့ ငါ စိတ္တဇတော့ မဆန်ဘူး”

“စိတ္တဇဆန်တယ်ဆိုတာက ဘာလဲ”

“ငါ့အယူအဆ၊ တခြားလူအယူအဆကို ပြောတာမဟုတ်ဘူး၊ ငါ မသင်းနုအယူအဆက စိတ္တဇဆန်တယ် ဆိုတာက မြေကလွတ်လွန်းတာ၊ ဘဝနဲ့ ကင်းလွန်းတာ၊ တပါးသူကို လျစ်လျူရှုလွန်းတာ၊ အတ္တကြီးလွန်းတာ၊ အယုတ် အမြတ် သဘောကို ဥပေက္ခာပြုလွန်းတာ၊ လူ့ဘောင်ရဲ့ အကျိုးစီးပွားကို ပမာမခန့် ပြုလုပ်တာ၊ အဲဒီလိုတော့ ငါ စိတ္တဇမဆန်ချင်ဘူး၊ မဆန်မိအောင်လည်း ငါကြိုးစားနေတယ်၊ အဲ... ဒါပေမဲ့ ငါ့ပန်းချီဟာ ရေပြင်မှာ အရိပ်ထင်တဲ့ ရုပ်သဘောသက်သက်တော့ မဟုတ်ဘူး၊ ဘာကြောင့်လဲဆိုတော့ ငါဟာ ခံစားမှုရှိတဲ့ လူတယောက်မို့ ရှင်းရဲ့လား”

“နင် ဘာလို့ တက္ကသိုလ်မှာ ထူးထူးဆန်းဆန်း စိတ်ပညာမှ တမင်ရွေးယူတာလဲ”

“ငါ့အနုပညာမှာ အထောက်အပံ့ပြုနိုင်တဲ့ ပညာမို့လို့ ယူတာ”

“သိပါဘူး၊ စိတ္တဇပန်းချီဆရာမ ဖြစ်ချင်လို့ စိတ်ပညာ ယူသလားလို့”

“နင် မသေမချင်း မှတ်ထား၊ စိတ်ပညာ နားလည်လေလေ စိတ္တဇ မဆန်လေလေပဲ”

“စိတ္တဇ မဆန်ဘူးသာပြောတယ်၊ ခု နင်ကတော့ ကိုယ်ဆွဲတဲ့ပန်းချီ ကိုယ်မသိဘူးတဲ့၊ အဲဒါ ဘာသဘောလဲ”

“ငါ ခုနက ရှင်းပြခဲ့ပါရောလား၊ တစ်ခါတလေ ခံစားမှုလေးတွေက ငွေ့ငွေ့လေးရယ်၊ တစ်ခါတလေက တံလျှပ်လေးလို ပြေးသွားတာ၊ ဆွဲနေတုန်း တဒင်္ဂမှာ ကြီးစိုးသွားတာ၊ နောက်ပိုင်းမှာ ငါ ပြန်သတိရချင်မှရတယ်၊ ငါ့အလုပ်ကူ ဆွဲလိုက်တာပဲ၊ ဆုံးဖြတ်သူက ငါမဟုတ်ဘူး၊ ကြည့်သူ၊ ငါမှတပါးဖြစ်သော တခြားလူတွေ၊ ငါသတိထားတာက တခုပဲရှိတယ်၊ ခုနက ငါအနက်ဖွင့်ခဲ့တဲ့

စိတ္တဇဆန်ခြင်းမျိုး မဖြစ်သွားအောင်၊ ကဲ ငါမေးမယ်၊ အခု ဒီပုံဟာ စိတ္တဇဆန် သလား”

“နင် အဓိပ္ပာယ်ဖွင့်တဲ့နည်းနဲ့တော့ မဆန်ဘူးပေါ့”

“တခြားဘယ်နည်းနဲ့ ဆန်သလဲ”

“ငါပြောပါရောလား၊ ငါ့စိတ်ထဲ ဝမ်းနည်းသလိုပဲ၊ ပြီးတော့ ကရုဏာ သက်မိသလိုလည်း ခံစားရတယ်”

“တော်ပြီး အဲဒီလောက်ဆို ငါ ကျေနပ်ပြီ၊ နင် ငါ့ပန်းချီကို ခေါ်ချင်သလို ခေါ်၊ ငါ စိတ်မဆိုးဘူး”

“မသင်းနုရယ်...ငါကလည်း ချီးမွမ်းနေတာပါ၊ ဒါထက် နေပါဦး၊ နင် ဘာလို့ ကိုသာစုပုံကို ဆွဲတာလဲ”

“လုပ်ပြီး နင်ပဲ ဟိုတနေ့ကတော့ ဆွဲဆို”

“သြော်...အဲဒါ ငါက ရယ်စရာပြောတာ”

“ရယ်စရာပြောပေမယ့် နှင့် ငါ ကျေးဇူးတင်ပါတယ်၊ နင်တိုက်တွန်းလို့ ငါ ဒီပန်းချီကို ဆွဲဖြစ်တာ”

“အေးလေ...ဘာဖြစ်လို့ ဆွဲတာလဲ”

“လူပုံဆွဲတယ်ဆိုတာ လူကို လေ့လာခြင်းတမျိုးပေါ့၊ ကိုသာစုဟာ ငါ့အတွက် လေ့လာရမယ့် လူတယောက် ဖြစ်နေတယ်”

“နင် ကိုသာစုကို တော်တော်စိတ်ဝင်စားတယ်ထင်တယ် ဟုတ်လား”

“ဟုတ်တယ်၊ စိတ်ဝင်စားတယ်၊ စိတ်ဝင်စားရုံမကဘူး”

မသင်းနုသည် စကားကို မဆက်ဘဲ ရပ်လိုက်ပြီး ပန်းချီကားကို ငေးကြည့်၏။

မသင်းနု၏စကား၌ တမျိုးသော အနက်အဓိပ္ပာယ်က စွန်းထွက်နေသောကြောင့် အောင်ငြိမ်းသည် ထိတ်လန့်စွာမေး၏။

“စိတ်ဝင်စားရုံမကဘူး၊ နင် ဘာပြောတာလဲ မသင်းနု”

မသင်းနုသည် အမျိုးအမည် မတပ်နိုင်သော အပြုံးလေးတမျိုး ပြုံးပြ၏။

“တခါကလည်း နင့်ကို ငါ ပြောပြပြီးပြီလေ၊ ကိုသာစုဟာ သနားစရာ လူတယောက်ပါ၊ နင် ခုနက ငါ့ပန်းချီကို အကဲခတ်တာ မှန်တယ်၊ ငါ သူ့ကို သနားတယ်။ သူ့အပေါ်မှာ ငါ ကရုဏာရှိတယ်၊ ပြီးတော့ သူဟာ အခုမြင်ရတဲ့သူ မဟုတ်ဘူး၊ သူ ဘယ်သူလဲ၊ အေးလေ..ထားပါတော့၊ ငါစိတ်ကူးယဉ်ရာကျတော့မယ်၊ ဒါထက် နင့်မှာ တိုက်ပုံနဲ့ဝတ်တဲ့ စတစ်ကော်လာအင်္ကျီ ရှိလား”

“စတစ်ကော်လာအင်္ကျီ၊ ရှိသားပဲ၊ ဘာပြုလို့လဲ”

“အဲဒီကော်လာက ကုပ်တည့်တည့်မှာ ကြယ်သီးပေါက် ရှိသလား”

“ကြုံကြိုဖန်ဖန်ဟယ်၊ ဘယ်ရှိပါ့မလဲ”

“တခြားလူတွေအင်္ကျီမှာကော တွေ့ဖူးလား”

“တွေ့ဖူးပါဘူး၊ နင် ဘာလို့မေးတာလဲ”

“ဪ…ခုခေတ်က တို့မိန်းကလေးတွေလိုပဲ နင်တို့ ယောက်ျားလေးတွေက ဖက်ရှင်အမျိုးမျိုး ထွင်ဝတ်ကြတာ၊ ကုပ်မှာ ကြယ်သီးပေါက်ဖောက်တဲ့ ဖက်ရှင်များ ရှိသလားလို့”

“ကြုံကြိုးစည်ရာဟယ်၊ ကုပ်မှာ ကြယ်သီးပေါက်ဖောက်ပြီး ဖက်ရှင်ထွင်ရမယ်လို့၊ နင့်ဆီက ငါ စကားဆန်းတွေချည်း ကြားရတယ်”

မသင်းနုက ပြုံးနေ၏။ ကုပ်၌ ကြယ်သီးပေါက်ရှိသော အင်္ကျီအကြောင်း ဘာကြောင့်မေးသည်ကို အခေါင်ငြိမ်းက ဆက်မစပ်စုသောကြောင့် မသင်းနု ကျေးဇူးတင်သည်။ လောလောဆယ် သည့်အကြောင်း မသင်းနုက မပြောချင်သေး။ စုံထောက်ဝတ္ထု ဆန်ဆန် စိတ်ကူးယဉ်သည်ဟုအစွပ်စွဲခံရဦးမည်ကို မသင်းနု နည်းနည်းမျှမကြိုက်။

“နင် ဒီနေ့ ဟိုဘက်ကမ်း မကူးဘူးပေါ့”

“အေး…ငါ မကူးတာ လေးငါးရက် ရှိသွားပြီ၊ ဒီမှာတင် ဆွဲစရာရှိ နေလို့”

“နင် ကူးမယ့်နေ့ ငါ့ပြော၊ ငါလည်း စာလိုက်ကျက်မယ်”

“အေး…ပြောမယ်”

ထိုစဉ် မသင်းနု၏ ဒေါ်လေးက အိမ်၏အနောက်တံခါးဝ၌ ပေါ်လာသည်။

“မသင်းနုရေ.. ကိုသာစု လာတယ်”

မသင်းနု အံ့အားသင့်သွား၏။ ကြားလိုက်ရသော စကားကို မယုံမိ။ အခေါင်ငြိမ်းလည်း အံ့အားသင့်သွားပုံရ၏။ မသင်းနုနှင့် အခေါင်ငြိမ်းသည် တဦးမျက်နှာ တဦး ကြည့်ကြသည်။ အခေါင်ငြိမ်းက သတိပေးဟန်ဖြင့် ပန်းချီကားကို လက်ညှိုးထိုးပြ၏။

မသင်းနုက ဒေါ်လေးဘက်သို့ လှည့်ပြော၏။ “ဪ…ဒေါ်လေးရေ၊ ကျွန်မ အခု လာခဲ့မယ်”

မသင်းနုက သုံးခွထောက်ပေါ်မှ ပန်းချီကားချပ်ကို လျင်မြန်စွာ ဖြုတ်သည်။ အခေါင်ငြိမ်း၏ အကူအညီဖြင့် ပန်းချီပစ္စည်းအားလုံးကိုသိမ်းပြီးမှ မသင်းနု သည် အခေါင်ငြိမ်းနှင့်အတူ အိမ်ရှေ့ခန်းသို့ ထွက်လာခဲ့၏။

အိမ်ရှေ့ခန်းတွင် ကိုသာစုနှင့် အမေက စကားပြောနေကြသည်။ မသင်းနုတို့ ထွက်လာသည်ကို မြင်သောအခါ ကိုသာစုက တချက် လှမ်းကြည့်ပြီး မျက်နှာလွှဲလျက်

ခေါင်းငုံ့ကာ ဆက်ထိုင်နေ၏။ အမေက ပြောသည်။

"မသင်းနုရေ...မောင်သာစုက ဟောဒါတွေ လာပို့တယ်"

အမေ ညွှန်ပြသည့်မှာ တောင်းတလုံး ဖြစ်၏။ တောင်းတွင်း၌ ခရမ်းရှည် သီး၊ ရုံးပတီသီး၊ ချဉ်ပေါင်ရွက် စသော ဟင်းသီးဟင်းရွက်များကို တွေ့ရ၏။ မသင်းနုသည် ခင်မင်ရင်းနှီးမှုကို ပြသောအားဖြင့် ကိုသာစု၏အနီး၌ ဝင်ထိုင်သည်။ အစောင်ငြိမ်းကလည်း မသင်းနုအနီး၌ ထိုင်၏။

"ခြံထွက်ပစ္စည်းတွေပါလား၊ ကိုသာစု ဒါတွေလာပို့တာ ဟုတ်လား"

သူက စကားမပြန်။ ခေါင်းသာ ညိတ်ပြ၏။ မသင်းနုက ကိုသာစုကို အကဲခတ်ကြည့်၏။

ကိုသာစု၏ အမူအရာမှာ ယို့ယို့ကုပ်ကုပ်နိုင်သည်။ အိမ်သို့ တခေါက်မျှ မရောက်ဖူးသောကြောင့် အမေတို့ရှေ့တွင် အနေအထိုင် ခက်နေဟန်ပေါ်၏။

"ကျေးဇူးတင်ပါတယ် ကိုသာစုရယ်၊ ကျွန်မတို့ လတ်လတ်ဆတ်ဆတ် စားရတာပေ့ါ၊ တကူးတကန့် လာပို့ရတာ ကိုသာစုတော့ ပင်ပန်းမှာပေ့ါ"

သည်စကားကိုတော့ ကိုသာစု တုံ့ပြန်၏။

"အဲဒီလောက်လေးနဲ့ ကျုပ် မပင်ပန်းပါဘူး"

"ဒါပေမဲ့ တကူးတကန့်တော့ လာရတာ မဟုတ်လား"

"ကျုပ် မပင်ပန်းပါဘူး ကလေးမရယ်"

"ဪ... ကိုသာစု ထမင်းစားပြီးခဲ့ပြီလား"

"ဒီကအပြန်မှ စားမယ်"

"ကျွန်မတို့အိမ်မှာ စားသွားပါလား"

"ဟင့်အင်း...ဟိုမှာ ချက်ပြုတ်ပြီးပြီ။ ပြီးတော့ ဦးကြီးတယောက်တည်း စားနေရမှာ၊ ကျုပ် ခဏလာတာ"

မသင်းနု၏ မိခင်က အပြင်ဘက်သို့ လှမ်းကြည့်ပြီး ဆို၏။

"ဟုတ်တယ်၊ မောင်သာစု လာတာက နောက်ကျလိုက်တာကွယ်၊ နေဝင်တော့မယ်၊ နောက်တခါဆို စောစောလာ၊ ဒီမှာ ထမင်းစားပြီးမှပြန်၊ အခုက အပြန်ကူးတို့မရှိဘဲ ဖြစ်နေဦးမယ်"

မသင်းနု သည် နေရာမှထ၍ ဟင်းသီးဟင်းရွက်များကို မီးဖိုချောင်ဆီပို့ပြီး တောင်းကို ကိုသာစုအား ပြန်ပေး၏။ ကိုသာစုသည် နေရာမှထ၏။ တောင်းကိုကိုင်လျက် တစုံတရာ ချီတုံ ချတုံဟန်ဖြင့် မသင်းနုကို ကြည့်နေ၏။

“ဘာပြောမလို့လဲ ကိုသာခု၊ ပြောလေ”

“ဩော်..ဟိုဒင်း၊ အဲ…ကလေးမ ပန်းချီ လာမဆွဲတာ လေးငါးရက်ရှိသွားပြီလို့၊ ကျုပ် အဲဒါပြောမလို့ပါ”

သူ့စကားက ရိုးရိုးလေးဖြစ်၏။ သို့ရာတွင် အနက်အဓိပ္ပာယ်ကို မသင်းနု ရင်၌ ခံစားနားလည်သည်။ မသင်းနုသည် ကရုဏာရည်လဲ့သော မျက်လုံးများဖြင့် သူ့ကို စိုက်ကြည့်ပြီး ပြော၏။

“ကျွန်မ ဒီမှာတင် ဆွဲစရာတွေ ရှိနေလို့၊ နောက်တရက် နှစ်ရက်ဆို လာခဲ့ပါ့မယ်”

သူက ပြုံးသည်။ သည်အပြုံးက ဝင်းလက်ကြောင်း မသင်းနု သတိပြုမိ၏။

သူသည် ဘာစကားမှ ထပ်မပြောတော့ဘဲ တောင်းကို ကျောပိုးကာ ပြန်သွား၏။

အစောင်ငြိမ်းကလည်း နှုတ်ဆက်၏။

“မသင်းနုရေ..ငါလည်း ပြန်မယ်”

“ဩော်..အေး..အေး”

“နင် ဟိုဘက်ကမ်းကူးရင် ငါ့ပြောဖို့ မမေ့နဲ့နော်”

“အေးပါ”

အစောင်ငြိမ်းလည်း ပြန်သွား၏။ မသင်းနု၏ မိခင်က လှမ်းပြောသည်။

“မောင်သာခုနဲ့ ငါ ဒီတခါပဲ စကားပြောဖူးတယ်၊ သူ့ခမျာ စိတ်မနှံ့ဘူး သာဆိုတယ်၊ ယဉ်ကျေးသားဟဲ့၊ ဓာတ်မသိရင် လူကောင်းတယောက်ပဲ”

မသင်းနုသည် ဘာမျှမပြော။ အိမ်ပြင်ဘက်သို့သာ ငေးကြည့်နေသည်။ ကိုသာခု၏ နောက်ဆုံးစကားက မသင်းနု၏နားတွင်း၌ ကြားယောင်နေ သည်။

“ကလေးမ ပန်းချီလာမဆွဲတာ လေးငါးရက် ရှိသွားပြီလို့၊ ကျုပ် အဲဒါ ပြောမလို့ပါ”

ဩော်… သည်စကား ပြောချင်၍ အကြောင်းရှာလာဟန် ရှိသည်။ သည် စကားပြောပြီးနောက် ပြန်သွားသည်။

မသင်းနုသည် မိမိ၏ အခန်းတွင်းဆီ လျှောက်လာခဲ့၏။ စောစောက ပန်းချီကားကို စားပွဲပေါ်တွင်ထောင်လျက် စိုက်ကြည့်၏။ ပန်းချီကားတွင်းမှ ကိုသာခုကလည်း စကားပြောနေသည်။ သူ ဘာပြောနေသနည်း။ မသင်းနုသည် ခဲတံနှင့် ပုံဆွဲစာအုပ်ကို ယူလိုက်သည်။ ပြီးနေပြီဖြစ်သော ဆီဆေးပန်းချီကားကိုကြည့်ကာ ပုံဆွဲစက္ကူပေါ်၌ နောက်ထပ် ပုံကြမ်းတခုကို မသင်းနု ထပ်ဆွဲလေ၏။

❊❊❊❊❊

အခန်း [၁၃]

ရွက်ဝါတို့ ကြွေနေပြီ။

ပတ္တလားအနီးတွင် ထိုင်ရင်းက ကိုသာစုသည် ရွက်ဝါတို့ ကြွေနေသည်ကို ငေးကြည့်နေ၏။

တဲနှင့် အတန်လှမ်းရာတွင် ပျဉ်းမပင်တန်းလေး ရှိသည်။ ပျဉ်းမရွက်တို့က ကြွေနေ၏။ ပျဉ်းမပင်တန်းအနီး၌ တပင်တည်းသော ဘန့်ပွေးပင်ကြီး ရှိသည်။ ဘန့်ပွေးရွက်တို့ကမူ ကုန်စင်အောင် ကြွေပြီးပြီ။

ပတ်ဝန်းကျင်တခုလုံးမှာ မြူခြေဆိုင်းနေသည်။ မြူရောင်ကြောင့် ပတ်ဝန်းကျင်တခုလုံးသည် ပြာပြာဝေဝေနိုင်၏။ ပြာပြာဝေဝေလေး ဆိုပြန်တော့ လှသည်။ လှသော ပြာဝေသည့် နောက်ခံကားရှေ့ ရွက်ဝါတို့ ကြွေနေဟန်က လွမ်းဖွယ်ရှိသည်။ ကိုသာစုသည် ရွက်ဝါကြွေသည်ကို မြင်သည့်နေ့မှစ၍ သူ စမ်းကြည့်သဖြင့် ပြန်ရနေပြီဖြစ်သော သာဆန်းရဂုံဗွေ ပတ်ပျိုးလေးကို စတင်တီးသည်။

မေ့ဟူသော စကားလုံးမပါ၍လော မသိ။ သည်သီချင်းလေးကိုတော့ အခက်အခဲ အထူးမတွေ့ရဘဲ ချောချောမောမော သူပြန်တီးနိုင်ခဲ့သည်။ ကိုသာစုသည် မိမိကိုယ်ကိုမိမိ ပြန်အံ့ဩနေသည်။ ဦးကြီးပေးသော ဂီတ ဝိသောဓနီကျမ်းမှ သီချင်းတော်တော်များများကို မိမိ ရနေသည်။ အထူးသဖြင့် ပတ်ပျိုးတွေကို ရနေ၏။ မိမိ၏ လက်ကလေးများကလည်း လိမ္မာလိုက်ပါဘိ၊ အစတုန်းကသာ တွန့်တွန့်ဆိုင်းဆိုင်းနှင့် ခလုတ်ကန်သင်းတိုက်သည်။ ယခုမူ လက်ခတ်ကိုကိုင်၍ တီးလိုက်သည်နှင့် တပြိုင်နက် မြင်းကောင်း ပြေးသကဲ့သို့ ပြေးကြသည်။

သြော်…ကလေးမ၊ ကလေးမကို တီးပြစမ်းချင်သည်။ ကလေးမသည် ဂီတကိုလည်း ဝါသနာပါဟန်တူသည်။ သို့ရာတွင် ကလေးမ မလာသည်မှာ ကြာပြီ။ ကိုသာစု၏ မျက်လုံးများတွင် ဝါဝင်းတင့်ရွှန်းသော သဏ္ဌာန်လေး ပေါ်လာ သည်။ ထဘီလေးက ဝါဝါ၊ အင်္ကျီလေးက ဖြူဖြူ၊ အသားလေးက ဝင်းဝင်း၊ မျက်လုံးလေးများက ကြည်သည်။ ကြည်ရုံမက လဲ့သည်။ လဲ့ရုံမက…။

ကိုသာစု ပတ္တလားတီး ရပ်သွား၏။ မျက်လုံးများကိုလည်း ပြူးကြည့်၏။ ဝါဝင်းတင့်ရွှန်းသော သဏ္ဌာန်လေး။ ထဘီလေးက ဝါဝါ၊ အင်္ကျီလေးက ဖြူဖြူ၊ အသားလေးက ဝင်းဝင်း၊ မျက်လုံးလေးများက ကြည်သည်။ ကြည်ရုံမက လဲ့သည်။ လဲ့ရုံမက ရွှန်းသည်။ သြော်…မျက်လုံးရွှန်းလဲ့လဲ့နှင့် ကလေးမက မိမိ ရှေ့မှာ ရပ်လာနေပါပကော။

“ဘာပြုလို့ ပတ္တလားတီးတာ ရပ်ပစ်လိုက်လဲ ကိုသာစု”

“အာ....ဟာ..ဟိုဒင်း..ကျုပ်...ကျုပ်..လန့်သွားလို့”

“ဘုရားရေ...ကျွန်မကို ရှင်က လန့်သွားတယ်”

ကိုသာစုက လျင်မြန်စွာ လက်ကာပြပြီး ဆို၏။ “ကလေးမက လန့်စရာမကောင်းပါဘူး၊ လန့်တာက ကျုပ်ဘာသာကျုပ်”

“ရှင့်ဘာသာရှင်၊ ဘာလန့်တာလဲ”

“ကလေးမက ရုတ်တရက် ပေါ်လာတာကိုး၊ ကျုပ်ကလည်း တွေးနေတာ”

“ဟုတ်လား၊ ကျွန်မ ကပ်လာတာတောင် မသိအောင် ကိုသာစု ဘာတွေ တွေးနေလဲ”

“အို....အို......ကျုပ်က မဟုတ်တာ တွေးနေတာ မဟုတ်ပါဘူး၊ ကျုပ်က ကျုပ်က အဲ..ကလေးမကို တွေးနေတာ”

“ဩော်..ကျွန်မကို ကိုသာစုက တွေးနေတယ်”

“ဟုတ်တယ်၊ ကျုပ်တွေးနေတယ်၊ ကလေးမ မလာတာကြာပြီလို့၊ ဟုတ်တယ်၊ ကျုပ် ဒီလိုပဲ ခဏခဏတွေးတယ် ကလေးမ”

မသင်းနုသည် သူ့အနီးဝင်ထိုင်ပြီး သူ့ကို ပြုံးပြုံးလေးကြည့်၍ မေးသည်။

“ကျွန်မ မလာတာနဲ့ ရှင်က ဘာလို့ ခဏခဏ တွေးရတာလဲ”

“တွေးရတာပေါ့ ကလေးမရယ်၊ အမှန်က တွေးတာလည်း မဟုတ်ပါဘူး၊ တွေးတယ်ဆိုတာက စိတ်ကိုတမင်ခိုင်းရတာ၊ အခုဟာက သူ့အလိုလို ပေါ်ပေါ်လာတာ၊ ကျုပ် စကားအသုံး မှားသွားတယ်၊ အမှန်က ကျုပ် အောက်မေ့နေတာ၊ ကလေးမကို ကျုပ် အောက်မေ့နေတာ”

“ကျွန်မကို ကိုသာစုက ဘာလို့အောက်မေ့ရတာလဲ”

“ခင်လို့ပေါ့ ကလေးမရယ်၊ ကျုပ်မှာက ခင်စရာဆိုလို့ ရှားရှားပါးပါးပါ ၊ ကလေးမရယ်၊ ဦးကြီးရယ်၊ ပြီးတော့ ဦးကြီးရယ်၊ ကလေးမရယ်၊ အဲဒီတော့ ကလေးမကို ကျုပ် အောက်မေ့တာပေါ့”

မသင်းနုသည် အပြုံးလေးမပျက်ဘဲ သူ့ကို စိုက်ကြည့်နေသည်။ အပြုံးသာ မပျက်သည် ရင်တွင်း၌တော့ ဆို့နင့်နင့်ကလေးရှိသည်။ သူ့ကို သနားသည်။ ဘုရား . . ဘုရား...မိမိကလည်း သူ့ကို သံယောဇဉ် တွယ်နေမိပါတကား။ သနားသော သံယောဇဉ်၊ ကရုဏာကြီးသော သံယောဇဉ်၊ သံ...ယောဇဉ်။

မသင်းနုက သက်ပြင်းလေး ခိုးချပြီး စကားလွှဲ၏။

“ရှင် ခုနက သာဆန်းရဂုံမွေ့ တီးနေတယ် မဟုတ်လား၊ ဆက်တီးလေ”

“ကလေးမက နားထောင်ချင်လို့လား”

“ဟုတ်ကဲ့၊ နားထောင်ချင်တယ်”

“ကျုပ် တီးတော့ ကလေးမ လိုက်ဆိုပေးမလား”

“ကျွန်မ ဆိုတာကို ရှင်ကော နားထောင်ချင်သလား”

“သိပ်နားထောင်ချင်တာပေါ့ ကလေးမရယ်”

သူက ပတ္တလားအိမ်တွင်းမှ စည်းကိုနှိုက်ယူ၍ မသင်းနုကို ပေး၏။ သူက ဟုတ်တိပတ်တိပင် ပတ်ပျိုးခံကို စတင်တီး၏။ ပတ်ပျိုးခံအပြီး၌ မသင်းနုက သက်သာသိမ်မွေ့စွာ ဝင်ဆို၏။

“သာ...ဆန်း...ငယ်...တည့်၊ ရဂုံမွေ××*ညှင်းပြေပြေ***လေပြည့်လောင်း**xxx** ညာခြေ စိမ်းရင့် မောင်း**xxx**”

သူသည် ပတ္တလားတီးမပျက်ဘဲ မသင်းနုကို ပြုံးလျက် လှမ်းကြည့်၏။ သူ့အပြုံးက တောက်ပသည်။ ကျေနပ်ရွှင်လန်းမှုကို အပြည့်ပြနေ၏။ မသင်းနုကလည်း ပြန်ပြုံးပြသည်။ မသင်းနုလည်း ကျေနပ်ရွှင်လန်းသည်။ ကြည်ကြည်နူးနူးလေးလည်း ရှိ၏။ ပြုံးရွှင်ကြည်နူးသော မျက်နှာလေးဖြင့် မသင်းနုသည် သီချင်းကို ဆက်ဆို၏။

“ညောင်ရွက်ကယ်...တည့်...ကြွေလေဟန် မြညှာ...ရွှေရည့်.. လျှံ**xxx**သင်းကျုံကျုံ...လေတည့် ဝင်းတံ့ဝင်းလျှံလျှံ. မြူးပျော်စံ - လေတည့်မှ ကျူးတဲ့...ကျူးကြော်...**xxx**”

သီချင်းဆိုရင်းက မသင်းနုသည် တဲ၏အပြင်ဘက်ဆီသို့ အသာလှမ်းကြည့်သည်။

ပျဉ်းမပင်ပို့ုတို့ ရွက်ခြွေနေကြသည်ကို မြင်ရ၏။ ဘန့်ပွေးပင်အောက်မှာဆိုလျှင် ပတ္တမြားနှင့် ရွှေရောင်ရောသော ကြွေရွက်တို့ မြေကိုဖုံးလွှမ်းနေ၏။ ပြာပြာဝေဝေ နှင့် နွေ၏အလှ မြူကမွလာကလည်း ရှိလေသေးသည်။

ဩော်...ပန်းချီဆန်သော နွေလ။ ပန်းချီဆန်ပါဘိသော သီချင်း။

“မြယွန်း... -ဘုံတိမ်ယံက ဘန်လာမြူခိုး - ဖြိုး - ဖြိုး......အုံညီ.. ရီ တည့် ထွေထူး...ဆန်း...**xxx**”

မသင်းနု၏အသံလေးက ပို၍လှိုက်လှိုက်လှဲလှဲ ရှိလာသည်။ ရင်မှာလည်း ခံစားမှုလှိုင်းတို့ ထလာခဲ့၏။

“ပမ်းလေအခေါင်တည့်မှ - - ကမ်းရေယာဉ်သောင် - - ×××ညို့မှောင်... ရော်.. ဝါ .. - ရွှေကြာမြသား.. နီလာ... စိန်ကြောင်ထွေ ရွာစွေလိုလို... ပြိုဟန် ကလဲ... ခါမိုး ဟုတ်ပါဘိ.....”

သီချင်းက တပိုဒ်ပြီးတပိုဒ် ကူးသွား၏။ သူက မသင်းန သက်သက်သာသာလေး ဆိုနေပုံကို သဘောကျ၏။ နှုတ်ခမ်းနီနီရဲရဲလေးများ ပွင့်ပျံ့ပုံက လှပသည်။ ရှည်၍ညီပြီး ဖြူစင်သော သွားလေး များ ပေါ်လာပုံက တင့်တယ်သည်။

ဪ… ကလေးမသည် လှပါတကား၊ ဧကြည့်ထိုက်အခေါင် လှပါတကား။

သီချင်းအဆုံး သံဖြန့်အပြီး၌ မသင်းနက စည်းလေးကိုချပြီး မောသောကြောင့် လေကို ရှိုက်ရှူနေ၏။

သူကလည်း လက်ခတ်ကို ချလိုက်ပြီး မေး၏။

“မောသွားသလား ကလေးမ”

“ဟုတ်တယ်၊ ဆိုစမရှိတော့ နည်းနည်းမောတယ်”

“ကျုပ် မိန်းကလေးကို နှိပ်စက်မိသလိုများ ဖြစ်နေသလား”

“အို..အို..မဖြစ်ပါဘူး၊ ကျွန်မ သီချင်းဆိုရတာ ပျော်တယ်၊ နှစ်သက်တယ်”

“မိန်းကလေးအသံက ကျုပ်နားထဲမှာ သိပ်နားထောင်လို့ ကောင်းတယ်၊ ဆိုပုံကလည်း သိပ်သက်သာတယ်၊ သီချင်းဆိုတာက အသံကောင်းရုံနဲ့ မပြီးဘူး၊ ဆိုပုံ ဆိုဟန်က သက်သက်သာသာ လှလှပပရှိမှ၊ မိန်းကလေးက စနစ်တကျ သင်ခဲ့ဖူးတယ်ထင်တယ်”

“ဟုတ်ကဲ့၊ ပြီးတော့ ကျွန်မက ငယ်ငယ်လေးတည်းက ဆိုတတ်လာတာ၊ ကျွန်မဦးလေး ထွေးမောင်က ခုလိုပဲ ပတ္တလားတီးတယ်၊ ဦးလေးတီးရင် ကျွန်မ အနားက ဆိုတာပဲ”

“ဦးလေး ထွေးမောင် ဟုတ်လား၊ နေဦး…နေဦး၊ ကျုပ် ကြားဖူးတယ်၊ ထွေးမောင်…ထွေးမောင်၊ လူကလေးထွေးမောင်၊ အား…ဟုတ်ပြီး ဦးကြီးရဲ့သား၊ ဟုတ်တယ် မဟုတ်လား”

“ဟုတ်ပါတယ် ဦးကြီးရဲ့သားပါ”

“ဒီပတ္တလားဟာ လူကလေးထွေးမောင်ရဲ့ ပတ္တလားတဲ့၊ ပြီးတော့ အခု သူမရှိတော့ဘူးတဲ့၊ ဦးကြီးပြောတာ၊ သူ မရှိတော့ဘူး၊ သူ ဘယ်ရောက်သွားလဲ”

“ဆုံးသွားပြီ ကိုသာစု”

“ဟင်…ဆုံးသွားပြီ၊ အဲ…ကျုပ် ထင်တော့ထင်သား၊ မရှိတော့ဘူးဆိုတော့ ဆုံးသွားတာပေါ့၊ ဟုတ်သားပဲ၊ သူ ဘာလို့ဆုံးသွားတာလဲ ကလေးမ”

“ကျဆုံးသွားတာပါ ၊ ဟိုး… ရှေ့တန်းတနေရာမှာ ကျဆုံးသွားတာပါ ”

“ရှေ့တန်းတနေရာမှာ ကျဆုံးသွားတာ၊ ဒါဖြင့် သူက တပ်မတော်သားပေါ့၊ ဗိုလ်လား၊ ရဲဘော်လား”

"ရဲဘော်ပါ၊ ဦးကြီးနဲ့ လယ်အတူလုပ်နေရာက တပ်ထဲဝင်သွားတာ"

"အို....ဘာပြုလို့ ဝင်သွားတာလဲ"

"သောင်းကျန်းသူတွေ နှိပ်စက်တာ မခံနိုင်လွန်းလို့ပေါ့၊ ရှင် သိချင်မှ သိမယ် ကိုသာစု၊ ကျွန်မတို့ နယ်ဟာ သောင်းကျန်းသူမျိုးစုံအောက်မှာ အကြာဆုံးနေခဲ့ရတယ်၊ လယ်ပစ် ရွာပစ်နဲ့ ပြေးခဲ့ရတာလည်း တကြိမ်မကဘူး၊ ရှင့်ကို ပြောရဦးမယ်၊ ဦးကြီးတောင် မခံနိုင်လို့ ပြည်သူ့စစ်ခေါင်းဆောင်လုပ် တိုက်ခဲ့ဖူးသေးတယ်၊ အနားယူလိုက်တာ ဘာကြာသေးလို့လဲ"

"ဩော်.ဦးကြီးက စစ်တိုက်ဖူးတယ်၊ ဘယ်ခေလို့လဲ၊ အာဂဦးကြီးပဲ၊ အင်း..အင်း...၊ အဲဒီ ဦးကြီးသားက သောင်းကျန်းသူတွေနဲ့တိုက်ရင်း ကျသွားတာလား"

"သာမန်သောင်းကျန်းသူတွေထက်ဆိုးတဲ့ တိုင်းပြည်ကို ကျွန်ဇာတ်သွင်းချင်တဲ့ ဟိုး...ပြည်ပသြဇာခံတွေနဲ့ တိုက်ရင်းကျသွားရတာ၊ ဒီမှာ မဟုတ်ဘူး၊ နယ်စပ်တနေရာမှာ"

အနာဟောင်းကို ပြန်ဖော်ရသကဲ့သို့ ရှိသောကြောင့် မခံချင်မှု၊ ဝမ်းနည်းမှုတို့ဖြင့် မသင်းနု၏ အသံလေးမှာ မသိမသာ တုန်လာ၏။

"ဟော..ကလေးမ အသံတွေ တုန်လာပြီ၊ စိတ်မကောင်းစရာတွေ၊ ဟုတ်တယ်၊ စိတ်မကောင်းစရာတွေ၊ ကျုပ် စပ်စုတာနဲ့ ကလေးမ စိတ်မကောင်းစရာတွေ ပြန်ပြောနေရတယ်၊ ကျုပ် မကောင်းဘူး၊ နည်းနည်းမှ မကောင်းဘူး"

"ကိစ္စမရှိပါဘူး၊ ဘဝဆိုတာ ဒီလိုပေါ့ ကိုသာစုရယ်၊ ငိုတလှည့် ရယ်တလှည့်၊ မှိုင်းတလှည့်၊ ဝင်းတလှည့်ပေါ့၊ ဒါမှလည်း ဘဝပီသတော့မှာပေါ့၊ မဟုတ်ဘူးလား"

"ဘယ်လို...ဘယ်လို၊ ဘဝဆိုတာဟာ ငိုတလှည့်၊ ရယ်တလှည့်၊ မှိုင်းတလှည့်၊ ဝင်းတလှည့်၊ ဒါမှလည်း ဘဝပီသတော့မှာပေါ့၊ မိန်းကလေးစကားက ဟိုဒင်း အဲ....အဘိဓမ္မာဆန်တယ်၊ အင်း...မှန်လည်း မှန်တယ်ထင်တယ်၊ ပြောဦး၊ ဆက်ပြောဦး"

"ရှင်..."

"ပြောဦးလို့၊ ဆက်ပြောဦးလို့"

"ကျွန်မ ဘာဆက်ပြောရမှာလဲ"

"ဘဝအကြောင်းလေ၊ ဘဝအကြောင်း မိန်းကလေးပြောနေတာ မဟုတ်လား၊ ခုနက စကားက ဘာတဲ့၊ ဩော်...ဩော်.. ဘဝပီသခြင်း၊ အင်း အင်း.. အဲဒါ ဆက်ပြောဦး"

"ကိုသာစုက ဘဝအကြောင်းကို စိတ်ဝင်စားတယ်ပေါ့"

"ဟာ...ဝင်စားတာပေါ့၊ မဝင်စားတဲ့လူ ဘယ်သူရှိသလဲ"

“မဟုတ်ဘူးလေ၊ ကျွန်မ ဆိုလိုတာက ဘဝအကြောင်းဖွင့်ဆိုတဲ့ အဘိဓမ္မာ၊ ဘဝအကြောင်းဆိုတာနဲ့ ဘဝအကြောင်းဖွင့်ဆိုတဲ့ အဘိဓမ္မာဆိုတာက တခြားစီး ကျွန်မပြောတာ ကိုသာစု နားလည်သလား”

“အင်း…အင်း.. နားလည်တယ်၊ ကောင်းကောင်းနားလည်တယ်”

မသင်းနုသည် ကွက်ခနဲ ကိုသာစုကို အကဲခတ်ကြည့်၏။ စင်စစ် နောက်ဆုံးစကားရပ်များကို မသင်းနုက တမင်ရွေးချယ်ပြောလိုက်ခြင်း ဖြစ်သည်။ မသင်းနုသည် ဣန္ဒြေမပျက်စေဘဲ ဆက်ပြော၏။

“ဘဝအကြောင်းဖွင့်ဆိုတဲ့ အဘိဓမ္မာကို ကိုသာစုက ဘာလို့စိတ်ဝင်စားရတာလဲ”

သည်မေးခွန်းက ပရိယာယ်ပညာ နည်းပါးပြီး တိုက်ရိုက်ဆန်သင့်သမျှ ဆန်လေကြောင်း မသင်းနု သိသည်။ သိလျက်နှင့် တမင်မေးခြင်း ဖြစ်၏။ သူ့ထံ့ပြန်မှု က ဘယ်ပုံလာမည်နည်း။ ဘယ်ပုံလာလာ တစုံတရာသော ထိုးထွင်းသိမြင်မှုကိုတော့ မိမိရနိုင်သည်ဟု ယုံကြည်သောကြောင့် မသင်းနုက အရဲစွန့်လိုက်ခြင်း ဖြစ်၏။ မသင်းနု မျှော်လင့်ထားသည့်အတိုင်းပင် သူ့အမူအရာက သိသိသာသာ တောင့်တင်းမှုဘက် လှသွားသည်။ မသင်းနုကို ခေတ္တစိုက်ကြည့်သော မျက်လုံးများ က သံသယနှင့် စူးစမ်းခြင်းသဘောကို ပြနေ၏။ သို့ရာတွင် ခဏချင်းပင် သူက အမူအရာကို ပြင်လိုက်ပြီး အေးချမ်းစွာ မေး၏။

“ကလေးမက ဘာလို့ ကျုပ်ကို ဒီမေးခွန်းထုတ်တာလဲ”

“ကြည့်… ကိုသာစုက လုပ်ပြီ ဟိုတခါတုန်းကလည်း ကျွန်မ မေးခွန်းတခုထုတ်မိတာနဲ့ ဒီလိုပဲ ပြန်မေးတယ်၊ ဘာလဲ..ကိုသာစုက ကျွန်မအပေါ် တစုံတရာ မယုံမကြည် ဖြစ်နေသလားဟင်”

“အို…အို… ဒီလိုမထင်ပါနဲ့၊ မှားသွားလိမ့်မယ်၊ ကလေးမ မှားသွားလိမ့်မယ်၊ ကလေးမရဲ့ စေတနာကိုမှ မယုံရင် ကျုပ်က ဘယ်သူ့သွားယုံရမလဲ၊ ယုံပါ ကလေးမရယ်၊ ကျုပ် ကလေးမကို အဲ… ယုံ ယုံပါတယ်”

မသင်းနုက အလှဆုံး အပြုံးလေးတခုကို ပြုံးပြ၏။

“ကျွန်မကလည်း ရှင့်ကို ယုံပါတယ်”

“ကျုပ်မေးမယ်နော်၊ စိတ်မဆိုးနဲ့”

“မေးပါ ၊ မဆိုးပါဘူး”

“ကလေးမက ကျုပ်ကို ဘာယုံတာလဲ”

သည်တကြိမ်မူ ဖြေရန် မသင်းနုသည် အချိန်လေး မဆိုစလောက်ယူ၏။

“ကျွန်မ ယုံတယ်ဆိုတာက ရှင် ခုနက ပြောလိုက်တဲ့စကားကို ယုံတယ်၊ ပြီးတော့…”

မသင်းနုက စကားမဆက်။ ပြောမည့်စကားကို သင့် မသင့် ခေတ္တချင့်ချိန်သည်။

"ပြီးတော့ ဘာဖြစ်သလဲ"

"ပြီးတော့ ရှင်ဟာ ကိုသာစုဟာ လူကြီးလူကောင်းတယောက်လို့ ကျွန်မ ယုံတယ်"

သည်တကြိမ်တော့ သူ ငိုင်သွား၏။ အတန်ကြီးကြာအောင် ငိုင်သွား၏။ ငိုင်နေပြီးမှ မသင်းနုကို ဆွေးဆွေးမြည့်မြည့်ကြည့်လျက် ပြော၏။

"ကျုပ် မေးချင်တယ်၊ ဒါပေမဲ့ မမေးတော့ဘူး၊ ကျုပ်စိတ်ထဲရှိတာကိုပဲ ပြောပြမယ်၊ လူကြီးလူကောင်းဆိုတာ ဘာလဲ၊ ပစ္စည်း၊ ဂုဏ်၊ ရာထူး၊ ဘွဲ့ထူး ဒါတွေရှိတာကို ခေါ်သလား၊ အဲဒီလိုဆိုရင်တော့ ကျုပ်ဟာ လူကြီးလူကောင်းတယောက် မဟုတ်ဘူး၊ ဘယ်ဘဝရောက်လို့ ဘာပဲဖြစ်နေ ဖြစ်နေ အခြေခံ ရိုးသားတည်ကြည်မှု ရှိသလား၊ အဲဒီလိုရှိသူကို လူကြီးလူကောင်းလို့ ခေါ်နိုင်သလား၊ ခေါ်နိုင်တယ်ဆိုရင်တော့ သာစုတို့လည်း လူကြီးလူကောင်းတဦးပဲ၊ ကျုပ် မငြင်း ဘူး ကလေးမ"

"ကျွန်မ ဆိုလိုတာက အဲဒီလို လူကြီးလူကောင်းမျိုးပါ"

"စိတ်ချ၊ အဲဒီလိုဆိုရင် ကျုပ်က လူကြီးလူကောင်းပဲ၊ အနည်းဆုံး ကလေးမအတွက် ကျုပ်က လူကြီးလူကောင်း"

"ကိုသာစု"

"ဗျာ..."

"ကျွန်မ မေးတာကို ရှင် မဖြေသေးဘူး"

"ဘာကိုလဲ"

"ဟော...လုပ်ပြီ၊ ဘဝအကြောင်း ဖွင့်ဆိုတဲ့ အဘိဓမ္မာကို ကိုသာစုက ဘာလို့စိတ်ဝင်စားတာလဲလို့"

"သြော်... ခက်လိုက်တာ၊ နို့...ကလေးမကပဲ ကျုပ်ကို လူကြီးလူကောင်းဆို"

"အဲဒါနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ လူကြီးလူကောင်း ဆိုတာဟာ ဘဝအကြောင်းဖွင့်ဆိုတဲ့ အဘိဓမ္မာကို စိတ်ဝင်စားရမှာပေါ့၊ မဟုတ်ဘူးလား"

မသင်းနုက ရယ်၏။

"ဟုတ်ပါသတဲ့ရှင်၊ ဟုတ်ပါသတဲ့"

"အဲ...ဟုတ်တယ်ဆိုရင် ကလေးမစကားကို ပြန်ဆက်"

"ရှင်..."

"စောစောက ကလေးမက ကျုပ်ကို ဘဝအကြောင်းဖွင့်ဆိုပြနေတယ်လေ"

မသင်းန ရယ်ရပြန်၏။

"ကျွန်မက စိတ်ထဲရှိတာ ပြောမိတာ၊ အမှန်က ကျွန်မ ဒီလောက် တတ်သေးတာ မဟုတ်ဘူး"

"ဒါပေမဲ့ ကျုပ်ထင်တယ်၊ ကလေးမ ပြောတာ သိပ်မှန်တယ်၊ ဘာတဲ့၊ ဘဝဆိုတာ ငိုတလှည့် ရယ်တလှည့်၊ မှိုင်းတလှည့် ဝင်းတလှည့်၊ အင်း...တလှည့်စီ၊ နေဦး...ကျုပ်ခေါင်းထဲ သီချင်းတပိုဒ် ဝင်လာတယ်"

သူသည် ပတ္တလားကိုခေါက်ကာ အသံရှာနေ၏။ အတန်ကြာမှ

"ဟော.. တွေ့ပြီ" ဟု ဆိုသည်။

သူသည် ပတ္တလားကိုတီးရင်း မတိုးမကျယ် ဆိုပြ၏။

"တဆင်း...တက်သော် တတောင်... ကျော်..၊ တမော်ငုပ် လျှိုး...တချုံ...တိုး... **xxx**၊ တမိုးသောက်လျှင်...တနေဝင်... တပင် မြိုင်ကြီး...ဂနိုင်ဆီး... **xxx**"

သူက ဆိုတီးခြင်းကို ရပ်လိုက်ပြီး မသင်းနကို လှမ်းကြည့်၏။

"ရှင် ... ဒီသီချင်းကို ဘာလို့ဆိုတီးပြတာလဲ ကိုသာခု"

"ကျုပ်ပြောပါရောလား၊ တလှည့်စီလို့၊ ဘဝဆိုတာ တလှည့်စီလို့"

"ဒါပေမဲ့ ရှင့်သီချင်းက တလှည့်စီကလည်း ဒုက္ခတွေချည်းပါပဲလား"

"ဘယ်လို ....ဒုက္ခတွေချည်းပဲ"

"အင်းလေ .. တဆင်းတက်ပြီး နားမှ မနားရဘဲ တတောင်ကျော်ရတယ်၊ တမော်ငုပ်လျှိုးပြီးရုံရှိသေး တိုးစရာတချုံက အဆင်သင့်စောင့်နေတယ်၊ မိုးသောက်ပြီလား မှတ်တယ် ဝင်နေပြီ၊ မြိုင်ကြီးအဆုံးမှာ ဂနိုင်ကြီးက ဆီးခံနေပါကလား"

သူသည် ငိုင်ကျသွား၏။ ထို့နောက်မှ စိတ်ပျက်ဟန်ဖြင့် ခေါင်းကိုကုတ်၏။

"မိန်းကလေးပြောမှ ကျုပ်သတိထားမိတယ်၊ ဟုတ်ပါရဲ့ ကျုပ်ဥစ္စာက ဒုက္ခချည်းပဲ၊ အင်းလေ - နေပါဦး၊ အဲဒါကကော ဘဝမဟုတ်ဘူးလား၊ အဲဒီလို ဘဝမျိုးကော မရှိနိုင်ဘူးလား"

"ကျွန်မတော့ အဲဒီလိုဘဝမျိုး မရှိပါစေနဲ့လို့ ဆုတောင်းတယ်"

"အင်း... အင်း ဟုတ်တယ်၊ ဆုတောင်းရမှာပဲ၊ ကျုပ်လည်း ဆုတောင်းမယ်၊ ဆုတောင်းမပြည့်ရင်တော့ ကျုပ် ဘာလုပ်မလဲ သိလား"

"ရှင်…"

"ဆုတောင်းလို့မပြည့်ရင် ကျုပ်တော့ မြိုင်ကြီးဆုံးလို့ ဂနိုင်ကြီးသာတွေ့ အပင်ပန်းခံ ဆက်မသွားတော့ဘူး၊ အဲဒီဂနိုင်ကြီးထဲမှာပဲ ရာသက်ပန် အိပ်ပစ်လိုက်တော့မယ်၊ တမိုးလည်း သောက်မလာနဲ့တော့၊ ကိစ္စက ပြတ်ရော၊ ငြိမ်းရော၊ ပြီးရော"

စပြောစဉ်က သူ့မူဟန်မှာ သာမန်ဖြစ်သည်။ သို့ရာတွင် ပြောရင်းက သူ့မျက်နှာသည် အုံ့မှိုင်းလာ၏။ သူ့လေသံက ဝမ်းနည်းမှုနှင့် နာကြည်းမှုလွှမ်းသယောင် ဖြစ်လာ၏။ စကားအနက်အဓိပ္ပာယ်ကလည်း ဘဝကို စိတ်ပျက်ခြင်းသဘောကို သိသိသာသာ ဖော်ပြနေ၏။

မသင်းနုက သက်ပြင်းနှင့် ရယ်ခြင်းရောလျက်ပြော၏။

"ကျွန်မက ရှင့်သီချင်းကို ရယ်စရာပြောတာ၊ ရှင် ညည်းလိုက်ပုံကြီးကြောင့် ကျွန်မ စိတ်မကောင်းလိုက်တာ၊ ကဲ…ကျွန်မစတဲ့ ဘဝအဘိဓမ္မာအဖွင့်ကို ကျွန်မပဲ ဆုံးပေးမယ်၊ ရှင့်စကားကြီးနဲ့တော့ အဆုံးမသတ်ချင်ဘူး"

သူက နားမလည်ဟန်ဖြင့် မသင်းနုကို ကြည့်၏။ မသင်းနုက တည်ကြည်လေးနက်သော မျက်နှာလေးဖြင့် ဆက်ပြော၏။

"ဘဝဆိုတာဟာ ကျွန်မစောစောက ပြောခဲ့သလို မှိုင်းတလှည့် ဝင်းတလှည့်ပါ၊ ရှင့်သီချင်းကလို ဒုက္ခချည်းပဲ မဖြစ်နိုင်ပါဘူး၊ အမှန်ကလည်း ရှင့်သီချင်းက ရုန်းကန်ခြင်းသဘောကို ပြတာပါ၊ ဘဝအကြောင်း ပြည့်ပြည့်စုံစုံ ပြောချင်ရင် ရုန်းကန်ခြင်းသဘောကိုပါ ထည့်ရမယ်ထင်တယ်၊ ပြီးတော့ မျှော်လင့်ခြင်းဆိုတဲ့ သဘောကိုလည်း ထည့်ရဦးမယ်၊ မျှော်လင့်ခြင်းသာရှိ လူဟာ ရုန်းကန်မှာပဲ။

တဆင်း တက်ပြီး တတောင် ကျော်မယ်လေ၊ တမော်ငုပ်လျှိုးပြီး တချိုးတိုးမယ်၊ ဘာဖြစ်လဲ၊ မိုးသောက်ပြီး နေဝင်တော့ကော ကြောက်စရာလား၊ ညတိုင်းဟာ မမှောင်ပါဘူး၊ လသာတဲ့ညတွေလည်း ရှိပါသေးတယ်၊ မြိုင်ကြီးနဲ့ ဂနိုင်ကြီးရဲ့ ဟိုဘက်မှာလည်း ဘာရှိလဲ၊ ရှင်က သီချင်းကိုမှ အဆုံးမဆိုဘဲ"

"ဪ… မိန်းကလေးက ဒီသီချင်းလည်း ရလား"

"ရပါတယ်၊ သိပ်လည်းကြိုက်ပါတယ်၊ အမှန်က ကျွန်မအကြိုက်ဆုံး သီချင်းပဲ၊ ရှင်ရပ်ထားတဲ့အပိုင်းကနေ ကျွန်မ ဆက်ဆိုပြမယ်"

မသင်းနုက စည်းလေးကို ကိုင်လိုက်သည်။ အတီးမပါသော်လည်း သာယာသော အသံလေးဖြင့် ဆိုပြ၏။

"တမိုးသောက်လျှင် ….တနေဝင် တပင်မြိုင်ကြီး… ဂနိုင်ဆီး…တောကြီးငယ် တောင်ကာ… ကေလာတောင်စောင်း.. ပိတ်ပေါင်းငယ်သာတွေ သပြေပင်နန်း ရေယဉ်စမ်းငယ်နှင့် စခန်းရောက်အခေါင်မြေ…"

သူက နားမလည်ခြင်းနှင့် အံ့ဩမှုရောသောဟန်ဖြင့် မသင်းနုကို ငေးကြည့်နေ၏။

“ကိုသာစု”

“အင်…အဲ…ဗျာ…ဗျာ”

“မြှင်ကြီး၊ ဂနိုင်ကြီး၊ တောကြီးနဲ့ တောင်ကြီးတွေရဲ့ဟိုမှာဘက်မှာ ဘာရှိသလဲ”

“အား…ဟိုဒင်း… သပြေပင်နန်းနဲ့ ရေယဉ်စမ်း”

“ပြီးတော့ကော”

“ပြီးတော့ စခန်းအဓောင်မြေ၊ အင်း…အင်း…ဟုတ်တယ်၊ စခန်းအဓောင်မြေ”

“ဒါဖြင့် မြှင်ကြီးရဲ့အဆုံး ဂနိုင်ကြီးထဲမှာ ရာသက်ပန် အိပ်ပစ်လိုက်ဖို့ လိုသေးရဲ့လား”

သူသည် မျက်လုံးပြူး၍ မသင်းနုကို ကြည့်၏။ ခဏအကြာတွင် သူ့ မျက်နှာက လန်းဆန်းတောက်ပသွား၏။

သူသည် ပြုံးလိုက်ပြီး ပတ္တလားကို ခေါက်သည်။ ထို့နောက်မှ မေး၏။

“ကလေးမ ဒီနေ့ ပန်းချီမဆွဲတော့ဘူးလား”

“ကျွန်မ အခု ပန်းချီဆွဲနေတာပဲဟာ”

“ဘာရယ်”

“ဘဝပန်းချီ၊ ဂီတနဲ့ဆွဲတဲ့ ဘဝပန်းချီ”

သည်တချီတွင်တော့ သူက အသံထွက်အဓောင် ရယ်သည်။ အားရပါးရ လှိုက်လှိုက်လှဲလှဲ ရယ်သည်။

“ကလေးမ…မင်း သိပ်စကားတတ်တယ်၊ မင်းအပြောကောင်းတာနဲ့ ကျုပ် ဟောဒီသီချင်းကို အစအဆုံး စမ်းကြည့်ချင်တယ်၊ မင်း ကျုပ်ကို ကူမလား”

“ကျွန်မ ကူပါ့မယ်”

“နေဦး…အစက ဘာတဲ့လဲ”

“အဓောင်မြေသာစံ”

“အဲ…အဓောင်မြေသာစံ”

သူက ပတ္တလားကို ခေါက်ကာ အတန်ကြာလေး အသံစဉ်နေ၏။ သူက ပြုံးပြီး မသင်းနုကို လှမ်းအချက်ပေးလိုက်သောအခါ မသင်းနုက စဆိုပေးသည်။

“အဓောင်……ပြေသာစံ**xxx**သောင်ယံ…သဲ.က×××ပုလဲလိုလို… ခင်းသာတယ်ကို…×××”

သူက မျက်လုံးများကို ပတ္တလားရွက်ဆီ စူးစိုက်လျက် စိတ်ဝင်စားစွာ တီးနေ၏။

သီချင်းဆိုနေရင်းက သူ့မျက်နှာကို မသင်းနုက စေ့စေ့စိန်းစိန်းကြည့်သည်။ စူးစူးစမ်းစမ်းကြည့်သည်။ လေ့လေ့လာလာလည်း ကြည့်၏။

သူ့မျက်နှာက တောက်ပ၍လည်းနေသည်။ ရွှင်လန်း၍လည်းနေသည်။ နုပျို၍လည်းနေသည်။

ဩော်... ချောမော၍လည်း နေလေသည်တကား။

✳✳✳✳✳

အခန်း [၁၄]

နောက်ရက်များတွင် ဦးကြီး၏တဲသည် ပို၍စိုစိုပြည်ပြည်ဖြင့် ပျော်ဖို့ကောင်းလာ၏။

သည်ဘက်ကမ်းကူးလျှင် သူ့ကိုပါ ခေါ်ပါဟု မသင်းနုကို အောင်ငြိမ်းက ပြောထားသည်။ ဟိုတနေ့ကမူ မသင်းနုသည် အောင်ငြိမ်းကို မခေါ်ဘဲ တမင်ချန်ထားခဲ့၏။

မသင်းနုမှာက အကြီလေးတခု ရှိသည်။ သည်အကြီလေးကို မသင်းနုကြိုက်၍အကောင်အထည်ဖော်နေ၏။ သည်အကြီလေး အကောင်အထည် ပီပီသသပေါ်ရန်မှာ ကိုသာစုကို အနီးကပ် လေ့လာခွင့် ရမှ ဖြစ်မည်။

ဟိုတနေ့က မမျှော်လင့်ဘဲ မမျှော်လင့်သောနည်းဖြင့် ကိုသာစုကို မသင်းနုအနီးကပ် လေ့လာခွင့်ရခဲ့၏။ အနီးကပ်ဖြစ်သော သူ့ရုပ်သွင်ကိုသာမက သူ့စိတ်သန္တာန် ဆောက်တည်မှုကိုပင် မိမိလေ့လာခွင့် ရခဲ့သည်ဟု မသင်းနု ထင်သည်။

မိမိ စုံစမ်းချင်သည်လေးများကို အားရအောင် စုံစမ်းပြီးစီးမှ မသင်းနုသည် အောင်ငြိမ်းကို ဟိုဘက်ကမ်း လိုက်ရန်ခေါ်၏။ အောင်ငြိမ်းကိုသာမက မလှစိန်ကိုပါ မသင်းနု ခေါ်လာခဲ့၏။

အောင်ငြိမ်းတို့အိမ်မှာရော လှစိန်တို့အိမ်မှာပါ ကလေးများသည်။ အမြဲတမ်းဆူဆူညံညံရှိသောကြောင့် စာကျက်ရန် မကောင်း။ အောင်ငြိမ်းအတွက်မှာ သည်နှစ်က သေရေးရှင်ရေး ဖြစ်၏။ မနှစ်က အခြေခံပညာရေး အထက်တန်းစာမေးပွဲကို "ခ"အဆင့် ကသာ အောင်သည်။ သည်နှစ်လည်း "ခ"အဆင့်ကပင် ပြန်အောင်လျှင် မကောင်း၊ မိဘများကလည်း ချမ်းသာသည်မဟုတ်။ လှစိန်ပါးစပ်က ထွက်လာသော ကိုခကွေး။ ငို၍ ရယ်၍ မရသောမျက်နှာစသောဘွဲ့များကြောင့်လည်း မခံချင်။ သည်တော့ အောင်ငြိမ်း အထူးကြိုးစားနေသည်။ လှစိန်လည်း ကြိုးစားနေ၏။ သူများကို တွယ်ရ တုန်းကတော့ ကောင်းသည်။ မိမိလည်းဝင်္ငလည်ပြီး မယ်ခကွေး မဖြစ်ချင်။ တကြောင်းက စာကို စုပေါင်းကျက်ရသည်ကကောင်းသည်။ တဦး မရှင်းသည်ကို တဦးက ကူညီနိုင်သည်။ အပြိုင်အဆိုင်သဘောလေးကြောင့် ပျင်းချင်တောင် ပျင်းခွင့် မရှိ။ အားနေသောမသင်းနုကလည်း သူတို့ကို ကူညီနိုင်သည်။ အမှန်မှာ မသင်းနု သည် ဥာဏ်ကောင်း၍စာအလွန်တော်သည်။ အခြေခံပညာရေး အထက်တန်းစာမေးပွဲ ကိုအသက်မွေးဝမ်းကျောင်း တက္ကသိုလ်တွေသို့ ဝင်ခွင့်မိသော အမှတ်များရပြီးအောင်သည်။ သို့ရာတွင် မသင်းနုက ထူးထူးဆန်းဆန်း စိတ်ပညာအဓိကလျှောက်ပြီးရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်သို့ သွားသည်။ သည်အတွက်တော့ မသင်းနုကို

လှစိန်ရော အခေါင်ငြိမ်ပါ အံ့သြကြ၏။ ဝါသနာပါရာ ယူရဲသော သတ္တိကိုလည်း ချီးမွမ်းမိကြသည်။

လေလေးတဖြူးဖြူးနှင့် တိတ်ဆိတ်အေးချမ်းသော ဦးကြီး၏တဲမှာ စာကျက်ရန် အလွန်ကောင်းလေသည်။

အခေါင်ငြိမ်းနှင့် လှစိန်တို့က တဲကပြင်တွင် စာကျက်ကြသည်။ ဆွေးနွေးသည့်အခါ ဆွေးနွေးသည်။ ကျယ်လောင် ကျယ်လောင်နှင့် ထငြင်းသည့်အခါ ငြင်း၏။

ထူးဆန်းသည်မှာ ကိုသာစု။ လူငယ်တို့ စာလာကျက်သည်ကို သူက ဝမ်းသာနေ၏။

အစက သူကြိုက်မှ ကြိုက်ပါ့မည်လောဟု မသင်းန စိုးရိမ်မိသေးသည်။ ယခုတော့ သူက ကြိုက်သည့်အပြင် ဧည့်ဝတ်ပင် ကျေပွန်သေး၏။ လက်ဖက်ရည်ကြမ်းသောက်ရန် ရေနွေးကျိုပေးသည်။ အပျင်းပြေ အငိုက်ပြေစားရန် ဟိုဘက်ကမ်းသို့ ကူး၍ လက်ဖက်၊ ချင်း(ဂျင်း)သုပ်၊ အကြော် စသည် ဝယ်ပေး၏။ ဇက်လေး မျက်စိညောင်း၍ ပွဲတောင်းကြသည့်အခါ ပတ္တလားတီးပြီး ဖျော်ဖြေလိုက်သေး၏။

မသင်းနတို့ သူငယ်ချင်းသုံးဦးကို အံ့အားသင့်စေသောအဖြစ်ကို တနေ့ မှာ ကြုံရ၏။ တလင်းမြေအနီး သစ်ပင်ရိပ်တွင် ထုံးစံအတိုင်း မသင်းနက ပန်းချီဆွဲနေ၏။

နွေဦး၏ ရှုခင်းသည် ပန်းချီဆွဲရန် အစဉ်ကောင်း၏။ စင်စစ် နွေဦးရာသီသည် ပန်းချီအဆန်ဆုံးဟု မသင်းန ထင်သည်။

နွေဦးဆိုတော့ ရွက်ဝါတွေ ကြွေကြသည်။ သို့သော် ပင်တိုင်းက မကြွေ။ မြန်မာ့မြေမှာက ဆယ့်နှစ်ရာသီ စိမ်းလန်းသော အပင်မျိုးတွေက ရှိလေသေးသည်။ ပိတောက်၊ စိန်ပန်း၊ ပျဉ်းမ၊ ဘန့်ပွေး စသည်တို့က ရွက်ဝါကြွေကြသည်။ ပိန္နဲ၊ သစ်ညို၊ ကညင်၊ မြယာ၊ ကံ့ကော် စသည်တို့က မကြွေကြ။ ရွက်ကြွေပင်ချင်းပင် ကြွေဟန်က မတူ။ အချို့က ရွက်ဟောင်း ချက်ချင်းမကုန်။ ရွက်ဟောင်းတိုင်းလည်း အားလုံးမဝါ။ ရွက်စိမ်းညိုညိုနှင့် ဝါညိုနီတို့ ရောရောပွေ့ပွွန်းပွွန်းရှိသည်။ ဘန့်ပွေး လို အပင်မျိုးကျပြန်တော့ ကြွေပြီဆိုလျှင် အပင်ထက် တရွက်မျှ မကျန်။ အရိုးကျဲကျဲ အကိုင်းမွဲမွဲသာ ကျန်တော့သည်။ ထိုအခါမျိုးတွင် သစ်ညို(ဝါ)ကျွဲတညင်းပင်တို့က နွေ၏အပူကို ပမာမပြု။ မြညိုမည်းမှောင်အရောင် ရင့်ရင့်ကြီး စိမ်းပြနေသည်။ ပိန္နဲက ဆိုလျှင် သူ့မြရွက်ရုံတွင် ရွှေနီရွှေဝါ နှစ်လွှာသုံးလွှာကို လှရုံပရုံသာ ဆင်ထားသည်။ နေရောင်က ဖျော့ဖျော့ဝါသည်။ လေထုက ပြာချင်သည်။ မိုးကုပ်စက်ဝန်းအထက် နားကစပြီး ပျံ့တက်သွားသော မြူမှာတော့ ညိုနီသွေးရေးရေးလွှမ်းသည်။ အမြင့်ဆုံး ဆီကျမှ တိမ်ကင်းသော ကောင်းကင်သည် မဲနယ်ယှဲ့ယှဲ့လေး ဆိုးထားသော ထမင်းရေ ကဲ့သို့ ဖြူပျစ်ပျစ်လေး ပြာနေ၏။

စုံသောအရောင်။ ခြားနားခြင်းကိုပြသော သဘာဝ။ ပြောင်းလဲခြင်း၏ သရုပ်ကိုဖော်သောရှုခင်း။ အားလုံးက ခံစားမှု သိမ့်သိမ့်လှုပ်သော ပန်းချီကားတချပ်ကို ဖန်တီးချင်လာအောင် လှုံ့ဆော်ဖိတ်ခေါ်နေသည်။

မြင်ရသော နွေရှုခင်းကို မသင်းနက စိတ်ဝင်စားစွာ ပန်းချီဆွဲနေ၏။ ထိုစဉ် တဲဆီမှ အခေါင်ငြိမ်းနှင့် လှစိန်တို့၏ငြင်းသံ ကျယ်လောင် ကျယ်လောင် ပေါ်လာ၏။

"မသင်းနုရေ..လာပါဦး၊ ခဏ ခဏ"

လှစိန်၏ ခေါ်သံဖြစ်သည်။ မသင်းနုသည် စုတ်တံကို ခေတ္တချပြီး သူတို့ ဆီသို့ လျှောက်လာခဲ့၏။ တဲတံစက်မြိတ်အစွန်း၌ နေလည်းစိပ်၍ လေလည်းလာနေ၏။ ထိုနေရာတွင် ကိုသာစုက လက်ဖက်ရည်ကြမ်းတခွက် ဆေးပေါ့လိပ်တလိပ်နှင့် ထိုင်ကာ ဇိမ်ကျ နေပုံပေါ်သည်။

မသင်းနုက မေးသည်။

"ဘာလဲ၊ ဘာငြင်းကြပြန်ပြီလဲ"

မလှစိန်က အောင်ငြိမ်းကို မေးငေါ့ပြပြီး ဖြေ၏။

"ပါဖက်တင့်(စ်)နဲ့ ပတ်(စ်)တင့်(စ်)အသုံး ငြင်းကြတာ၊ ကိုခကွေးက အတိတ်ကို ပြောတာချည်းပဲတဲ့၊ ငါက မဟုတ်ဘူးလို့ ပြောတယ်"

အောင်ငြိမ်းက ထုံးစံအတိုင်း စပ်ဖြဲဖြဲဖြင့် ဆို၏။ "မဟုတ်ဘူးဆို နင် ရှင်းပြလေ"

"ဟဲ့...ငါ မရှင်းလို့ နင်နဲ့ ဆွေးနွေးတာပေါ့"

"ထားပါ၊ ဆွေးနွေးတယ်ပြောပြော၊ မသိလို့မေးတယ်ပြောပြော၊ သိလို့ ငါကပြောပြီ မဟုတ်လား၊ နင် လက်ခံချင်နေ၊ လက်မခံချင်နေ"

"လက်မခံနိုင်ပါဘူး၊ နင့်ဟာက အမှားကြီးဟာ"

"ကဲ..ငါ ဘာမှားသလဲ"

လှစိန်က အောင်ငြိမ်းကို မဖြေ။ မသင်းနုထံမှသာ စစ်ကူတောင်း၏။

"မသင်းနု၊ သူ မှားတယ် မဟုတ်လား"

"အဲ...မှားတော့ မမှားဘူး၊ ဒါပေမဲ့ မှန်လည်း မမှန်ဘူး"

"ဟင်.. နင့်ဥစ္စာကလည်း ဘာစကားလဲ"

"နင်တို့က တကယ့်ခက်တာမှ မေးတာကို၊ ငါ ခွဲခြားပြီး သုံးတော့ သုံးတတ်တယ်၊ ရှင်းမပြတတ်ဘူး"

ထိုစဉ် ကိုသာစုက ထလာပြီး ဝင်မေး၏။

"အင်္ဂလိပ်စာ ငြင်းနေကြတာ မဟုတ်လား"

"ဟုတ်တယ်ဗျ"

"အင်္ဂလိပ်မဟုတ်တဲ့ ဗမာနဲ့ နိုင်ငံခြားသား မှန်သမျှကို ပေါဒီ တင့်(စ်) ဆိုတာက တော်တော်ဒုက္ခပေးတယ်၊ သင်တဲ့လူတွေကလည်း အတိတ်၊ ပစ္စုပ္ပန်

အနာဂတ်ဆို လွယ်လွယ်လေး သင်ပေးကြတယ်၊ တကယ် ခွဲခွဲခြားခြား သုံးစရာ လည်းရှိရော အကုန်ရောထွေးကုန်ရော"

အစောင်ငြိမ်းက ပြုံးမလို တည်မလို မျက်နှာပေးနှင့် ကိုသာစုကို ကြည့် သည်။ လှစိန်က တစုံတခုမေးဟန် မသင်းနုကို မျက်ခုံးနှစ်ဖက် လှုပ်ပြနေ၏။

ကိုသာစုက အစောင်ငြိမ်းကို မေး၏။

"မင်းက ခုနကပြောတယ်၊ နှစ်ခုစလုံး အတိတ်ချည်းပဲတဲ့၊ ဟုတ်လား"

"အင်း…အဲ…ဟုတ်တယ်"

"ဒါဖြင့် ကျုပ်မေးမယ်၊ အတိတ်ဆိုတာ ဘာလဲ"

အစောင်ငြိမ်းသည် ရယ်ချင်မှုကို မနည်းထိန်းအစောင့်ထားရသော မျက်နှာဖြင့် ဖြေ၏။

"အတိတ်ဆိုတာ ပြီးခဲ့တာပေါ့"

"ပတ်(စ်)တင့်(စ်)ဆိုတာက ဘာလဲ"

"ပြီးခဲ့တာကို ပြတဲ့ စကားသုံး"

"ပါဖက်တင့်(စ်)ကကော"

"အဲဒါလည်း ပြီးခဲ့တာကို ပြတာပဲ"

"ပြီးခဲ့တာကို ပြတာချင်းအတူတူ တခုကို ပတ်(စ်)တင့်(စ်)၊ တခုကို ပါဖက်တင့်(စ်)လို့ ဘာလို့ခွဲခြားထားရသလဲ၊ ပျင်းတာနဲ့ အလုပ်မရှိ အလုပ်ရှာပြီး ခွဲခြားထားတယ်လို့ ငါ့ညီက ထင်သလား"

ရယ်ချင်မှုကို အစောင့်ထားရသော အစောင်ငြိမ်းသည် အခွင့်အလမ်းရသောကြောင့် ရယ်ချလိုက်၏။

"အာ..ဟားဟား…ကိုသာစုကလည်း မဟုတ်တာ ပြောရှော့မယ်"

"ကျုပ်က မဟုတ်တာ ပြောတာမဟုတ်ဘူး၊ ဟုတ်တာ ပြောမလို့၊ ကျုပ်မေးတာ ဖြေဦးလေ"

"ဒါက ဒီလိုလေ၊ ပြီးခဲ့တာတော့ ပြီးခဲ့တာချည်းပဲ၊

တခုက ရိုးရိုးပြီးတာ၊ တခုက ကျကျနန ပြီးမြောက်တာ"

"ရိုးရိုးပြီးတာနဲ့ ကျကျနန ပြီးမြောက်တာ ဆိုတာက ဘာပြောတာလဲ"

"ဟာ…အဲဒါ ကျွန်တော် မဖြေတတ်ဘူး"

"ငါ့ညီ မဖြေတတ်တာ မဟုတ်ဘူး၊ စတည်းက လွဲလွဲမှားမှား မှတ်ခဲ့တာ၊

ငါ့ညီကို အပြစ်တင်တာ မဟုတ်ဘူး၊ အင်္ဂလိပ်စာ တတ်ပါတယ်လို့ ထင်တဲ့လူ တော်တော်များများကို ဗလုံးဗထွေး ဖြစ်နေကြတာ၊ ကျုပ် ရှင်းပြမယ်”

ကိုသာစုသည် မျက်နှာကို လေးနက်သောအသွင် ဆောင်လိုက်၏။ ဆရာတဦး၏ ဟန်ပန်အပြည့်နှင့် စကားကို လေးလေးမှန်မှန်ပြောကာ ရှင်းပြ၏။

“အင်္ဂလိပ်စကားမှာ ပြီးခဲ့တာနဲ့ ပတ်သက်ပြီး ပြောတဲ့အခါမှာ ရည်ညွှန်းခြင်း နှစ်ခုရှိတယ်၊ တခုက ကိစ္စ၊ တခုက အချိန်၊ ကိစ္စရဲ့ ပြီးမြောက်ခြင်းကို ရည်ညွှန်းချင်တာလား၊ အဲဒီကိစ္စ ဘယ်တုန်းက ပြီးမြောက်ခဲ့တယ်ဆိုတဲ့အချိန်ကို ရည်ညွှန်းချင်တာလား၊ ကျုပ် ခွဲခြားပြနေတာကို နားလည်ကြရဲ့လား”

လုစိန်နှင့် အောင်ငြိမ်းတို့က ရုတ်တရက် ဘာဖြေရမှန်း မသိ။ တဦးမျက်နှာ တဦး ကြည့်ကြ၏။ အံ့သြနေရာမှ သတိဝင်လာသော မသင်းနက ပျာပျာလေး ဝင်ပြော၏။

“ကျွန်မ နားလည်တယ် ကိုသာစု၊ ဆက်ရှင်းပြပါ”

“စာရေးပြီးပြီလားလို့ တယောက်ကမေးတယ်၊ တယောက်က ရေးပြီးပြီလို့ ဖြေတယ်၊ မေးသူက စာရေးပြီး,မပြီးသာ သိချင်တာ၊ ဖြေသူကလည်း စာရေး ပြီးကြောင်းသာ ဖြေတာ၊ ဘယ်တုန်းက ပြီးတာလဲ၊ ဘာလဲ မေးသူက စိတ်မဝင်စားဘူး၊ ဖြေသူကလည်း လိုရင်းပဲ ဖြေတာ၊ အဲဒီလို ကိစ္စရဲ့ ပြီးမြောက်ခြင်း မပြီးမြောက် ခြင်းကိုသာ အသားပေးတဲ့၊ အဓိကထားတဲ့၊ ရည်ညွှန်းတဲ့စကားပြောရာမှာ ပါဖက် တင့်(စ်)ကို သုံးတယ်၊ ဟက်(ဗ်)ယူးဝရစ်တင်းသာ လက်တား၊ ဒီလိုမေးတယ်၊ ယက်(စ်) အိုင်ဟက်(ဗ်)ဝရစ်တင်း အစ်(ထ်)၊ ဖြေသူက ဒီလိုဖြေတယ်”

အောင်ငြိမ်း၏ မျက်နှာက စပ်ဖြဲဖြဲ မဖြစ်တော့။ အံ့သြရိပ်မှ မပျောက်သေး။ လေးစားသော အသွင်လည်း စတင်ပေါ်လာသည်။

“မင်း စာ ဘယ်တုန်းက ရေးခဲ့သလဲ၊ အချိန်သိချင်သူက ဒီလိုမေးတယ်၊ မနေ့က ရေးခဲ့တယ်၊ ဖြေသူကလည်း ဒီလိုဖြေတယ်၊ အဲဒီလို ကိစ္စပြီးခဲ့တဲ့အချိန်ကို အလေးထားပြောချင်ရင် ပတ်(စ်)တင့်(စ်)ကိုပဲ သုံးရတယ်၊ ဝှင်းဒစ်(ထ်)ယူးဝရိုက်(ထ်) သာလက်တား၊ ဒါကအမေး၊ အိုင်ဝရုတ်(ထ်)အစ်(တ်)ယက်စတာဒေး၊ ဒါက အဖြေ ကိစ္စပြီးခြင်းပြတဲ့ တင့်(စ်)နဲ့ ပြီးခဲ့သောအချိန်ကိုပြတဲ့ တင့်(စ်) မရောနဲ့၊ တချို့ ဗလုံးဗထွေးဖြစ်ပြီး ကိစ္စပြီးခြင်းပြတဲ့ အသုံးနဲ့ အချိန် သွားတွဲမိကြတယ်၊ ဥပမာ- အိုင်ဟက်(ဗ်)ဝရစ်တင်းသာလက်တား ယက်စတာဒေး ဆိုတာမျိုး၊ အဲဒါ မှားတယ်”

လုစိန်က လျှာတစ်လစ်လုပ်ပြသောကြောင့် မသင်းနက မေး၏။

“နင် ဘာဖြစ်တာလဲ လုစိန်”

“အဟဲ...အဲဒါမျိုး ငါရေးတယ်၊ သိမှ မသိဘဲ”

“အေး...အခု ကိုသာစု ခွဲခြားပြတာ ဘယ်လောက်ရှင်းလဲ၊ နင် မှတ်ထားတော့ပေါ့”

အောင်ငြိမ်းကသာ စောဒကတက်ချင်ဟန်ဖြင့် မေး၏။

"ကိုသာစု အခုပြောတဲ့ ပါဖက်တင့်(စ်)က ပရဲဆင့်(တ်)ပါဖက်နော်"

"အေးလေ"

"ပရဲဆင့်(တ်)တင့်(စ်)ရိုးရိုးနဲ့ ဘာကွာလဲ"

"ပရဲဆင့်(တ်)တင့်(စ်) ဆိုတာက ဘာလဲ"

"ပစ္စုပ္ပန်၊ အခု"

ကိုသာစုက ရယ်၏။

"ပစ္စုပ္ပန် သို့မဟုတ် အခု ဆိုတာက ဘာလဲ"

"အား...အခုဖြစ်နေတာ ရှိနေတာပေါ့"

"ဒါဖြင့် ပရဲဆင့်(တ်) ကွန်တင်းနျူးယက်(စ်)တင့်(စ်) ဆိုတာကကော ဘာလဲ"

"အဲဒါက အခုဖြစ်နေဆဲ၊ လုပ်နေဆဲ၊ ရှိနေဆဲ၊ အဲဒါပေါ့"

"ဒီလိုဆို မင်း ခုနကပြောတဲ့ ပရဲဆင့်(တ်)တင့်(စ်) ရိုးရိုးနဲ့ ဘာကွာတော့လို့လဲ၊ ပစ္စုပ္ပန်ကြီးပဲဟာ"

အောင်ငြိမ်းက စိတ်ရှုပ်ဟန် ခေါင်းကုတ်လျက် စပ်ဖြဲဖြဲ လုပ်နေ၏။

"မင်း ခေါင်းကုတ်ပြီ၊ အမှန်က ဒီအင်္ဂလိပ်သဒ္ဒါနာမည်တွေကိုက ဂွကျနေတာ၊ တို့ဗမာတွေ နားမလည်ရင် တို့ဗမာတွေရဲ့ ညံ့ဖျင်းမှု မဟုတ်ဘူး၊ ငါပြောသလိုပဲ သူတို့ သဒ္ဒါနာမည်တွေကိုက ဂွကျနေတာ၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်လို့ မှုသေမှတ်ထားလို့ မရဘူး၊ တို့ ပစ္စုပ္ပန်အကြောင်းပဲ ပြောကြရအောင်၊ မင်း ခုနက ပြောတဲ့ ဆင်းပဲ(လ်)ပရဲဆင့်(တ်)တင့်(စ်)၊ ပစ္စုပ္ပန်ရိုးရိုးဆိုတာလေ၊ အဲဒါက ပစ္စုပ္ပန် အစစ်မဟုတ်ဘူး၊ အတုကြီး၊ ဟိုဒင်းကွာ အလကား အလကား ပစ္စုပ္ပန်"

"ခင်ဗျာ...အတုကြီး၊ အလကား အလကား ပစ္စုပ္ပန်"

"ဟုတ်တယ်၊ ဖြစ်ဆဲ၊ လုပ်ဆဲ၊ ပြုမူဆဲကို ပြဆိုတယ်ဆိုတဲ့ ပရဲဆင့်(တ်)၊ ကွန်တင်းနျူးယက်(စ်)ကသာ ဒေါင်ဒေါင်မြည်တဲ့ ပစ္စုပ္ပန်အစစ်၊ ရေမရောတဲ့ပစ္စုပ္ပန်၊ ဆေးဝယ်ရင် ဒီဆူဇာမှာ စိတ်ချရတယ် ဆိုတာလို စိတ်ချရတဲ့ ပစ္စုပ္ပန်"

သူ့စကားကြောင့် မသင်းနု၊ မလှစိန်၊ အောင်ငြိမ်း သုံးဦးစလုံး ရယ်ကြ၏။

"ကျုပ်က ရယ်စရာပြောနေတာ မဟုတ်ဘူး"

မသင်းနုက ချော့မော့သော လေသံလေးဖြင့် တောင်းပန်ပေး၏။

"အင်းပါ၊ နမူနာပေးတာကို သဘောကျလို့ပါ၊ ကဲ...ဆက်နော် ကိုသာစု"

"ပစ္စုပ္ပန်အတုကြီးဆိုတဲ့ ဆင်းပဲ(လ်)ပရဲဆင့်(တ်)တင့်(စ်)က အမှန်က အချိန်နဲ့

သိပ်ဆိုင်လှတာ မဟုတ်ဘူး၊ မဆိုင်ဘူးတော့လည်း မဟုတ်ဘူး၊ တနည်းအားဖြင့် သူက အချိန်ကို ပြဆိုရာမှာ သိပ်အင်အားရှိတာ မဟုတ်ဘူး၊ မင်းတို့အဆင့်နဲ့ မမှားအောင် မှတ်ထားသင့်တာက သူ့အသုံးလေးတွေပဲ၊ ကမ္ဘာသည် နေကို ပတ်သည်ဆိုတဲ့ နိယာမသဘောတို့၊ သံပရာသီး ချဉ်သည်ဆိုတဲ့ ဓမ္မတာသဘောတို့၊ အမေနေ့တိုင်း ဈေးသွားသည်ဆိုတဲ့ အကျင့်စရိုက်သဘောတို့ကို ပြဆိုတာမှာသုံးတယ်၊ အဲဒါလေးတွေ မှာတော့ မှန်မှန်ကန်ကန်သုံးမှ”

အစောင်ငြိမ်းသည် တစုံတရာ အကြံရဟန်ဖြင့် မျက်နှာဝင်းပသွားပြီး ဆို၏။

“လှစိန်ရေ..တို့ ဒီလိုလုပ်ကြမယ်ဟေ့၊ အင်္ဂလိပ်စာ ပြဋ္ဌာန်းစာအုပ်ထဲမှာ ရေးထားတာတွေ ရှိတယ်မဟုတ်လား၊ အဲဒီထဲမှာ အခု ကိုသာစု ခွဲခြားပြတာမျိုးလေးတွေ လိုက်ရှာပြီး မျဉ်းသားမယ်၊ ပြီးတော့ အဲဒါမျိုး နမူနာယူပြီး တို့ကိုယ်ပိုင် ရေး ကြည့်မယ်၊ မှန်,မမှန် ကိုသာစုကို စစ်ဆေးခိုင်းတာပေ့ါ၊ ကိုသာစု ခင်ဗျား စစ်ပေးမလား”

“အေးပါကွာ၊ ငါကူပေ့ါမယ်၊ မင်းအကြံ မဆိုးဘူး၊ ငါပြောတာတွေ ဟုတ် မဟုတ်လည်း မင်းတို့စာအုပ်ထဲမှာ စစ်ကြည့်နိုင်တာပေ့ါ၊ ငါခွဲခြားပြတဲ့ စည်းကမ်းနဲ့ သုံးထားတာတွေတွေ့ရင် ငါမှန်တာပေ့ါ၊ ဟုတ်ဘူးလား”

“အို...အို...ကိုသာစုကို ကျွန်တော်တို့ ယုံပါတယ်၊ ကျေးဇူးလည်း တင်ပါတယ်”

“အေး ... ဒါဖြင့် မင်းတို့ဟာ မင်းတို့ ဆက်လုပ်၊ ငါတော့ အာလူးပေးရလို့ မောသွားပြီ”

ကိုသာစုသည် သူ့နေရာသူပြန်ကာ လက်ဖက်ရည်ကြမ်းသောက်ပြီး ဆေးလိပ် ဖွာနေ၏။

မသင်းနက ကိုသာစုကို ငေးကြည့်၏။

မသင်းနစိတ်တွင်းမှာ လှုပ်ရှားနေ၏။ ဟန်ဆောင်ထားရသော်လည်း အံ့ဩ စိတ်က မပြေသေး။ မိမိထင်ထားသည်မှာ မမှားပြီ။ ဩော်... ပညာတတ်တဦး၊ ကောင်းကောင်း ပညာတတ်သူတဦး။ စာစောက အင်္ဂလိပ်စကား နမူနာများ ပြောဆိုပြသွားသည်မှာ ပီသလှသည်။ လေယူလေသိမ်း မှန်လှသည်။ တက္ကသိုလ်က ဆရာများ ပြောဟန်နှင့် တူလှ၏။

မကြာခဏ ရင်တွင်း၌ ပေါ်လေ့ရှိနေပြီဖြစ်သော မေးခွန်းတို့ ယခုလည်း ရင်တွင်းမှာ ပေါ်လာပြန်သည်။

သူ ဘယ်သူနည်း။ ဘာဖြစ်ခဲ့ရှာသနည်း။ အဘယ်မည်သောကံဆိုးမှန်တိုင်း က သူ့ကို သည်အဖြစ် သည်အသွင်ဖြင့် သည်ဆီကို သယ်ဆောင်ယူလာသနည်း။ သူ့ထံသို့ ချဉ်းကပ်သွားမည်ဟု မသင်းန ကြံသည်။ သဲလွန်စအသစ်ပေါ်ခိုက် တလုံးစ နှစ်လုံးစ အစ်အစောက်ကြည့်မည် စိတ်ကူးသည်။ သို့ရာတွင် ချက်ချင်း ပင် သည်အကြံကို မသင်းန ဖျက်ပစ်လိုက်သည်။

အရပ်စကားပြောကြသကဲ့သို့ သူ့အရှိန်နှင့်သူ သွားပါစေ၊ သူ့ဘဝဇာတ်ခုံ ပေါ် ဖုံးကာချထားသော ပြည်ဖုံးကားကို သူ့ဘာသာသူ ဖွင့်ပါစေ၊ နည်းနည်းချင်း ဖြစ်ဖြစ်

သူ့ဘာသာသူ ဖွင့်ပါစေ၊ နားမလည်ပဲ မကျွမ်းကျင်ဘဲနှင့် မိမိက ဆန္ဒစောလျက် သိသိသာသာကြီး ဝင်မစွက်ချင်။

မသင်းနုသည် ဘာမျှမဖြစ်ဟန်ဖြင့် တလင်းမြေအနီး သစ်ပင်ရိပ်သို့ ပြန်လာကာ ဣန္ဒြေမပျက် ပန်းချီဆက်ဆွဲနေ၏။

ညနေစောင်း မသင်းနုက ပန်းချီကို လက်စသတ်နေဆဲ မြေပဲခင်းများဆီမှ ပြန်လာသော ဦးကြီးသည် မသင်းနုအနီးသို့ ကပ်လာ၏။

"မိနု၊ ဒီမှာကြည့်စမ်းဟေ့"

မသင်းနုက မော့ကြည့်၏။ ဦးကြီး၏မျက်နှာမှာ ရွှင်ပြုံးအားရနေသည်။ လက်ဖဝါးများပေါ်တွင်ကား မြေပဲဥကလေးများတည်း။

"ဟယ်...မြေပဲတောင် ဥပြီ"

"ဥတာကြာလှပြီ၊ ဒီမှာကြည့်"

ဦးကြီးက မြေပဲဥကို လက်နှင့်ညှစ်ပြီး ခွဲစိတ်လိုက်၏။ အတွင်းမှ ပန်းနု ရောင် မြေပဲဆန်လေးတွေ ထွက်လာ၏။

"မြင်လား၊ အဆန်လည်း အတော်အကောင်တယ်"

"ဟုတ်ပါရဲ့ ဒါဖြင့် ဒီနှစ် ကျွန်မတို့ သိပ်ဟန်ကျတယ်နော်၊ စပါးအထွက်ကလည်း ကောင်းတယ်၊ မြေပဲကလည်း အကောင်ဦးမယ်"

"အေး...ဝီရိယက မလျှော့ရဲသေးဘူးဟ၊ ဒါပေမဲ့ ဒီအခြေမှာတော့ စိုးရိမ်စရာ မရှိတော့ပါဘူး၊ နင်ပြောသလိုပဲ ဒီနှစ် သိပ်ဟန်ကျတယ်၊ အဲ... ခြေနှစ်ချောင်း ဝင်လာတာကလည်း ကောင်းတာကိုး"

"ခြေနှစ်ချောင်း ဝင်လာတာ၊ ဦးကြီး ဘာပြောတာလဲ"

"သယ်... နင်တို့ခေတ် ကလေးတွေ ရှေးစကား နားမလည်ဘူး၊ ခြေနှစ်ချောင်းဝင်ရင် ကောင်းတာရှိတယ်၊ မကောင်းတာရှိတယ်၊ အခုက ကောင်းတာ၊ နာမည်ကလည်း သာဓုတဲ့၊ အဟဲ...ဇမ္ဗူဒီပ နိမိတ္တ၊ သာဓု ဆိုတာ ကောင်းတာ ပြောတာပဲဟ"

ဦးကြီးက တဲဆီ လှမ်းကြည့်၏။ ကိုသာဓုက တဲကပြင်ပေါ် ပြန်ရောက်နေပြီ။ သူက ကျကျနန တင်ပျဉ် ခွေထိုင်လျက် ခဲတံတချောင်းနှင့် ဗလာစာအုပ် တအုပ်ကိုကိုင်ပြီး တစုံတရာ ကို စိတ်ပါလက်ပါ ရှင်းပြနေ၏။ သူ့အနီးတွင် အခေါင်ငြိမ်းနှင့် လှစိန်တို့က ကျောင်းသား ကျောင်းသူငယ်လေးများပမာ ရှိုရှိုသေသေ ကျုံ့ကျုံ့ယုံ့ယုံ့ထိုင်လျက် နားထောင်နေ ကြ၏။

"မိနု...မောင်သာဓုက ဘာလုပ်နေတာလဲ"

"စာပြနေတာ ဦးကြီး"

"ဟော…စာပြနေတာ"

"ဟုတ်တယ်၊ အင်္ဂလိပ်စာ"

"ဟော..အင်္ဂလိပ်စာ"

ဦးကြီးသည် ခေတ္တ မျက်လုံးပြူးလျက် မသင်းနုကို ကြည့်နေ၏။

"မောင်သာစုက အင်္ဂလိပ်စာ တတ်သလား၊ ဟုတ်လား"

"တတ်တယ်၊ တတ်တာမှ တော်တော့်ကို အဆင့်မြင့်မြင့် တတ်ခဲ့ပုံရတယ်"

"နင် သေချာတယ်နော်"

"သေချာပါတယ် ဦးကြီးရယ်"

ဦးကြီးသည် သက်ပြင်းရှိုက်၏။

"ဒီလိုဆို တို့ဘာလုပ်ကြမလဲ"

"ဦးကြီး ဘာပြောတာလဲ"

"မောင်သာစုအတွက် တို့ဘာလုပ်ကြမလဲလို့"

"ဦးကြီးက ဘာလုပ်ချင်လဲ"

"ငါက မသိလို့ နင့်ကို မေးနေတာပေါ့ဟ၊ သူ့ကို ဒီအတိုင်းထားရင် တို့ ဟိုဒင်း တရားပဲ့မလား၊ ဟိုဒင်းလေ ဝတ္တရားကျေပဲ့မလား"

"ကျွန်မလည်း ဒါပဲတွေးနေမိတယ်၊ တခုခုတော့ ကျွန်မတို့ လုပ်ပေးရမယ်၊ ဘာလုပ်သင့်တယ် ဆိုတာတော့ ကျွန်မ စဉ်းစားဦးမယ်၊ အခုနေတော့ သူ့ကို ဦးကြီး ဘာမှသွားမမေးနဲ့ဦးနော်၊ အသာ အလိုက်သင့်လေးနေ"

"နင်က ပူမနေပါနဲ့၊ ငါ ဒါကို အစတည်းက သဘောပေါက်တယ်"

"ပူတယ် ဦးကြီး၊ ကျွန်မတို့ အကိုင်အတွယ် မတတ်လို့ သူ့စိတ်ဖောက်ပြီး ဒီကနေ ထပ်ထွက်သွားရင် သူ ဘယ်ဆီရောက်မလဲ၊ ဘာတွေဖြစ်ကုန်မလဲ၊ လူတိုင်းဟာ ဦးကြီးနဲ့ ကျွန်မတို့လို မဟုတ်ဘူး"

"အေး…ဟုတ်တယ်၊ ငါ ဆင်ခြင်နေမယ်၊ နင်နဲ့ မတိုင်ပင်ဘဲ ငါ ဘာမှမလုပ်ဘူး၊ ဘာမှမမေးဘူး၊ နင်ပြောတာ နည်းလမ်းကျတယ်"

ဦးကြီးသည် ယင်းသို့ အာမခံပြီး အထူးအမူအရာ မပြဘဲ တဲဆီသို့ လျှောက်သွား၏။

ထိုနေ့ ညနေစောင်းဝယ် တဖက်ကမ်းသို့ ပြန်ခဲ့ကြစဉ် လှေပေါ်၌ အစောင်ငြိမ်းက ပြောသည်။

"မသင်းနု နင့်ကို ငါ တောင်းပန်ရမယ်"

"ဘာလဲ၊ ဘာတောင်းပန်မလို့လဲ"

"နင့်ကို စိတ်ကူးယဉ်တယ်၊ စိတ္တဇဆန်တယ်လို့ ငါထင်မိတာ"

"ဘာလဲ၊ ဘာကိစ္စနဲ့ ပတ်သက်လို့လဲ"

"ကိုသာစုကိစ္စနဲ့ ပတ်သက်လို့၊ ဟိုးတညနေက ဟောဟိုရေစပ်မှာ လှေစောင့်ရင်း နင်ပြောခဲ့တဲ့ စကားတွေ မှတ်မိသေးလား"

"အေး...မှတ်မိတယ်"

"အဲဒီတုန်းက ငါ နားသာထောင်နေရတယ်၊ မယုံဘူး၊ နင့်ကို စိတ်ကူးယဉ်နေတာပဲ ငါထင်တယ်"

"အခုတော့ကော"

"အေး...အခုတော့ ငါလည်း စဉ်းစားရမယ်"

သူတို့နှစ်ဦး ပြောနေကြသည်ကို မကျေနပ်ဟန်ဖြင့် လှစိန်က ဆို၏။

"နင်တို့နှစ်ယောက် ငါ့ရှေ့ဘာပဟေဠိ ဝှက်နေကြတာလဲ"

အခေါင်ငြိမ်းက မဟုတ်သည့် ပြန်မပြောခင် မသင်းနုက ဝင်အဖြေပေး၏။

"ပဟေဠိဝှက်နေတာ မဟုတ်ဘူး လှစိန်၊ တို့ ကိုသာစုအကြောင်း ပြောနေတာ"

"ဩော်...အေး...ကိုသာစု ဘာဖြစ်သလဲ"

မသင်းနုသည် လှေသမားကို ကြည့်၏။ လှေသမားက သူတို့ပြောနေကြသည်မှာ စိတ်ဝင်စားဟန်မပြ။ သူ့လှေသာ သူလှော်နေ၏။ ဤသည့်တိုင်အခေါင် မသင်းနုက လေသံလေးနှိမ့်ပြီး တိုးတိုးလေးပြော၏။

"ကိုသာစု ရှူး,မရှူး"

မသင်းနုက လေသံနှိမ့်ပြီး တိုးတိုးပြောသည်ကို အတုယူပြီး လှစိန်က လည်း လေသံနှင့် ပြန်ပြော၏။

"အေး...ဟုတ်တယ်၊ ငါလည်းထင်တယ်၊ တမျိုးပဲ"

"ဘယ်လိုတမျိုးလဲ"

"ဟယ်...မပြောတတ်လို့ တမျိုးပဲလို့ ပြောတာဟ"

"ဟား...ဟား... ရှင်းပွဲ၊ လှစိန်တို့ ပြောလိုက်မှ ရှင်းခနဲ လင်းခနဲ ကွင်းခနဲ၊ ရှင်းပွဲ၊ ရှင်းပွဲ"

ပြုးကျယ်သော လှစိန်၏ မျက်လုံးကြီးများ၏ မျက်စောင်းဒဏ်ကို ခံယူရင်း အစောင်ငြိမ်းသည် သဘောကျစွာ ရယ်နေသတည်း။

✻✻✻✻✻

အခန်း [၁၅]

ပတ်ဝန်းကျင်၌ နေ၏အလင်းရောင်က ကောင်းစွာရှိသေး၏။ သို့ရာတွင် အရှေ့မိုးကောင်းကင်မှ တပေါင်း၏ ပြည့်လုဆဲ ငွေလဝန်းကြီးသည် ဝိုင်းဝိုင်းကြီး ပေါ်ထွက်လာနေ၏။

ကိုသာစုက သူ့ပတ္တလားကို ကြက်တူရွေးစာပင်အောက် ရွှေ့ထား၏။ သူတို့လာလျှင် ပတ္တလားကို ရွှေ့ပေးထားသည်မှာ ကြာပြီ။ ဒါမှ ကပြင် တွင် ကျယ်ကျယ်ဝန်းဝန်း သူတို့ စာကျက်နိုင်သည်။ မိမိလည်း ပတ္တလားကို လွတ်လွတ်လပ်လပ် တီးနိုင်သည်။ ခပ်လှမ်းလှမ်းမှလာသော ပတ္တလားသံလေး နား ထောင်ရင်း စာကျက်ရသည်မှာ ဇိမ်ရှိသည်ဟု အခေါင်ငြိမ်းရော လုစိန်ကပါ ဆိုကြ သည်။ သို့ရာတွင် ကိုသာစုက အလိုက်သိသည်။ သူတို့နားချိန်မျိုးမှ တီးသည်။ သူတို့စာကျက်ချိန် တီးမိလျှင်လည်း တိုးတိုးညင်သာစွာ တီးသည်။

ယခု သူတို့ ပြန်ခဲ့ချိန်နီးကြပြီ၊ လမင်းကြီးကလည်း စောစောထွက်နေပြီ။ ကိုသာစုက လမ်းမကြီးကို ကြည့်နေ၏။ နေ့၏အလင်းရောင် ကြည်ကြည်ရှိနေဆဲ လမင်းကြီး ထွက်လာပုံသည် တမျိုးလှပသည်။ ကောင်းကင်ပြာပြာမှ ငွေလွှာဝိုင်းဝိုင်းကြီးသည် ဝင်းဝင်းမလက်သေးသော်လည်း သန့်သန့်ကြီး ဖွေးစင်သည်။ သူ့အနီးမှ ကြယ်လေးတွေကလည်း ဖြူဖြူသန့်သန့်နှင့် ငြိမ်နေကြသည်။ မျက်တောင်မခတ်ကြသေး။

ပန်းချီဆွဲပြီးသော မသင်းနုကလည်း ကိုသာစုအနီးတွင် လာထိုင်နေ၏။ မသင်းနုသည်လည်း လှပသော ငွေလမင်းကြီးကိုပင် မြတ်နိုးစိတ်နှင့် ငေးကြည့်နေ၏။

မသင်းနုသည် ပြုံးလိုက်ပြီး ကိုသာစုကို ပြော၏။

"လမင်းကြီးက လှလိုက်တာနော်၊ ကိုသာစု"

"အင်း...လှတာပေါ့၊ ဒါကြောင့် ပြောကြတာ"

"ရှင်...ဘာ ဒါကြောင့်ပြောကြတာလဲ"

"ဪ....စာဆိုတွေလေ"

"စာဆိုတွေက ဘာပြောကြလဲ"

"ငွေလမင်း ပေါ်သည့်သွင်လေလေ့၊ ခြောက်ပါးငယ် ပြစ်လွတ်စင်တဲ့"

“ချစ်သူကိုပြောတာ ဟုတ်လား””

“အင်း…ချစ်သူကိုပြောတာ၊ ချစ်သူ့မျက်နှာကို ပြောတာ”

“ပြီးတော့ကော”

“မျက်လုံးတော်ရောင်၊ သောက်ရှုးကြွယ်ညီနောင်တဲ့”

“အဲဒါက ချစ်သူ့မျက်လုံးတွေ ဟုတ်လား”

“အင်း…ဟုတ်တယ်၊ ချစ်သူ့မျက်လုံးတွေ”

မသင်းနုက ရယ်၏။

“ကလေးမ ဘာရယ်တာလဲ”

“ဟိုဒင်း မပိုဘူးလားလို့”

“ဘယ်သူ့ကို ပြောတာလဲ၊ ကျုပ်ကိုလား၊ စာဆိုတဲ့ လူတွေကိုလား”

“အိုး..ကိုသာစုက ဘာဆိုင်လို့လဲ၊ စာဆိုတဲ့လူတွေကို ပြောတာ”

“မိန်းကလေးက စာဆိုတဲ့လူတွေကို ပိုတယ်လို့ ထင်သလား”

“အင်း…အဟင်း”

“ဒါဖြင့်ရင် ရှိတ်စပီးယားကြီးလည်း ပိုတာပေါ့”

သူက အမှတ်မထင်ဟန်ဖြင့် လွှတ်ခနဲ ပြော၏။

ထိတ်လန့်အံ့အားသင့်သူက မသင်းနု။ ရှိတ်စပီးဟား။ ကမ္ဘာကျော် အင်္ဂလိပ်စာဆိုကြီး။ ကမ္ဘာ့စာဆိုတွေအနက် ထိပ်ဆုံးမှပြေးသော ပဂေးကြီး။

ယခု ကိုသာစုက ရှိတ်စပီးယားကို သိဟန်ဖြင့် စကားပြောသည်။

မသင်းနုသည် သတိကြီးစွာ ထားလိုက်၏။ မေးရိုးမေးစဉ်ဟန်လေးဖြင့် မေး၏။

“ရှိတ်စပီးယားကြီးက ဘာပြောလို့လဲ”

“ရိုမီယိုနဲ့ ဂျူးလိယက် ဆိုတဲ့ ပြဇာတ်မှာ ရှိတ်စပီးယားက ပြောတယ်၊ သူကိုယ်တိုင် ပြောတာတော့ မဟုတ်ဘူး၊ သူ့ဇာတ်ကောင် ရိုမီယိုကို ပြောခိုင်းတာ”

“အင်း…ရိုမီယိုက ဘာပြောလဲ”

“ဂျူးလိယက်ရဲ့ မျက်လုံးလေးတွေ လှတာကို ပြောတာ”

“အင်း…ဘယ်လိုပြောသလဲ”

စဉ်းစားသယောင်ဖြင့် သူက ခေတ္တငြိမ်နေ၏။ ထို့နောက် ကဗျာဆန်၍ လှပချောမောသော အင်္ဂလိပ်စာပိုဒ်များကို ရွတ်ပြ၏။

အမှန်တော့ စာပိုဒ်များ၏ အဓိပ္ပာယ်အပြည့်အစုံကို မသင်းနု နားမလည်။ မျက်လုံးလေးများ၊ ကောင်းကင်၊ ကြယ်ပွင့်လေးများ စသော စကားလေးများတော့ ပါ၏။

သူ့ရွတ်ဆိုခြင်းအပြီး၌ မသင်းနုက ပြုံးပြီး ဝန်ခံစကား ဆိုသည်။

"ကိုသာစု ရွတ်ပြတာ ကျွန်မ လုံးစေ့ပတ်စေ့ နားမလည်ဘူး"

"ကျုပ်တို့ မြန်မာစာပေက မျက်လုံးတော်ရောင်၊ သောက်ရှူးကြယ်ညီနောင် ဆိုတဲ့ သဘောပဲ၊ သူက နည်းနည်းတောင် ပိုတယ်၊ ကျုပ် ဘာသာပြန်ပြမယ်"

သူက စကားလုံးရွေးဟန် ခေတ္တငြိမ်သွားပြန်၏။

မသင်းနုက ရင်လေး မခုန်တခုန်နှင့် နားစွင့်နေ၏။ အတန်ကြာမှ သူက မြန်မာလိုရွတ်သည်။

"ကြယ်နှစ်စိုင် သွယ်ပြိုင်ပဝင်းတဲ့၊ ကျုပ်တို့စာမှာလည်း ရှိတယ်၊ အဲ... ကောင်းကင်ကြီးတခွင်လုံးမှာ ကြယ်တကာတွေရှုံးအောင် သွယ်ပြိုင်ပဝင်းနေတဲ့ ကြယ်နှစ်စိုင်က ကလေးမရဲ့ အဲလေ...ကလေးမဂျူးလီယက်ရဲ့ မျက်လုံးလေးတွေကို တောင်းပန်သတဲ့၊ သူတို့မှာ ခရီးယာယီရှိတာမို့ သူတို့နေရာမှာ ခဏလာပြီး ဝင်းပပေး စမ်းပါတဲ့၊ အဲဒီလိုများဆိုရင် ဘယ်လိုများ ဖြစ်ကုန်ပါ့မလဲတဲ့၊ ဆိုပါစို့.. ဂျူးလီယက် ရဲ့ မျက်လုံးလေးတွေက ကောင်းကင်မှာ၊ ကောင်းကင်က ငွေကြယ်နှစ်ပွင့်က ဂျူးလီယက်ရဲ့ မျက်နှာမှာ၊ အဲဒီလိုဆို ဘာတွေဖြစ်ကုန်မလဲ၊ စာဆိုကပဲ ဖြေတယ်၊ (ရွှန်းရွှန်းမြတဲ့ ဂျူးလီယက်ရဲ့ ပါးမို့လေးတွေနဲ့ ယှဉ်လိုက်ရင် ကလေးမရဲ့ မျက်နှာဆီ ရောက်လာတဲ့ ကြယ်ပွင့်လေးတွေဟာ မှေးမှိန်ပြီး ဂုဏ်သိမ်ကျသွားတာမို့ ရှက်စနိုး ဖြစ်လေရှာ့မယ်တဲ့၊ နေအရောင်မှာ ဆီမီးရောင် မှေးမှိန်ရသလိုပေါ့တဲ့၊ ကောင်းကင်ဆီ ရောက်သွားတဲ့ ကလေးမရဲ့ မျက်လုံးလေးတွေကကော၊ အဲဒီမျက်လုံးလေးတွေက တောက်ပတဲ့ အလင်းရောင်ဟာ လေဟာနယ်ကိုခွင်းပြီး မြေပြင်ဆီ ဆင်းလာတော့ လင်းလွန်းတာမို့ ညစင်စစ်မကုန်ခင် မိုးသောက်ပြီထင်ပြီး ငှက်ကလေးတွေ အိပ်တန်း ကထပြီး တေးဆိုကုန်လိမ့်မယ်တဲ့၊ ကဲ ... ရှိတ်စပီးယားကြီးက မပိုဘူးလား၊ သော်တာ့ရောင်တွင် ကြယ်နယ်ထင်ဟု သခင်ကကို၊ များမိန့်ဆိုလိမ့် ဆိုတဲ့ နတ်သျှင်နောင်ထက် ဆယ်ဆလောက် မပိုဘူးလား"

မသင်းနုက သူ့ကို ငေးကြည့်သည်။ အံ့ဩစိတ်နှင့်လည်း ငေးကြည့်သည်။ ဝမ်းနည်းခြင်းဖြင့်လည်း ငေးကြည့်သည်။ အမည်မဖော်နိုင်သော ခံစားမှုတရပ်ဖြင့် လည်း ငေးကြည့်သည်။

စကားအဆုံး၌ သူကလည်း မသင်းနုကို လှည့်ကြည့်သည်။

သူ့မျက်လုံးများက မသင်းနု၏ မျက်လုံးလေးများနှင့် ဆုံတွေ့သည်။ အကြာကြီး ဆုံတွေ့သည်။

မသင်းနုသည် မျက်လုံးလေးကို လွှဲလိုက်ပြီး ဟန်ဆောင်လျက် အသာအယာ

ရယ်မောဧ၏။

“ကြည့်... ကလေးမ ရယ်ပြန်ပြီ၊ ကျုပ်ပြောတဲ့ စကားက ရယ်စရာ ကောင်းလား”

“အို...မဟုတ်ပါဘူး၊ ကျွန်မက စာဆိုကြီးတွေ၊ ကဗျာဆရာကြီးတွေကို သဘောကျလို့ပါ”

“သူတို့ကို ကလေးမက ဘာသဘောကျလို့လဲ”

“ပိုတတ်ကြတာကိုပေါ့၊ အချစ်တို့ အလှတို့နဲ့ ပတ်သက်လာရင် သူတို့ နည်းနည်းကို ပိုတတ်ကြတယ်ထင်တယ်၊ မဟုတ်ဘူးလား ကိုသာစု”

“ကလေးမက ကျုပ်သဘောထားကို တကယ်မေးတာလား”

“သြော်...တကယ်မေးတာပေါ့”

“အချစ်နဲ့ ပတ်သက်လို့တော့ ကျုပ်မပြောတတ်ဘူး၊ ကျုပ်သိတာက အလှ၊ ကျုပ်မြတ်နိုးတာက အလှ၊ အလှနဲ့ ပတ်သက်လို့တော့ သူတို့ မပိုပါဘူး”

“တကယ် မပိုဘူး”

“ကျုပ်မေးမယ်၊ အလှဆိုတာဟာ ဘာလဲ”

“အာ...အလွယ်တကူ ကျွန်မ ဘယ်ပြေတတ်မလဲ”

“မိန်းကလေးက ပန်းချီဆွဲတာပဲ ဖြေတတ်ဖို့ကောင်းတယ်၊ ထားပါတော့၊ ကျုပ်မေးခွန်းကို ကျုပ်ပဲ ဖြေပါ့မယ်၊ အလှဆိုတာဟာ စိတ်ကိုချမ်းသာစေတာဟာ အလှပဲ”

“ရှင် ... စိတ်ကိုချမ်းသာစေတာဟာ အလှ”

“ဟုတ်တယ်၊ စိတ်ချမ်းသာမှု ဆိုတာကလည်း စကားနဲ့ ပြည့်စုံအောင် ပြောလို့မရဘူး၊ ပြောလို့မရတာကို ပြောကြည့်တော့ အပိုပြောမိသလို ဖြစ်ကုန်ကြတာပေါ့၊ ဥပမာ ကျုပ်ပြောမယ်၊ အခု မိန်းကလေးနဲ့ ကျုပ် ထိုင်စကားပြောနေရတာ ကျုပ် သိပ်စိတ်ချမ်းသာတယ်”

မသင်းနသည် ကော့သောမျက်တောင်များကို လှန်၍ မျက်လုံးဝန်းဝန်းများဖြင့် သူ့ကို ကြည့်၏။

သူ့မျက်နှာက တည်ငြိမ်အေးချမ်းနေ၏။ သူ့ပြောဟန်ကလည်း ပကတိ ရိုးသားဖြူစင်နေ၏။

“ပြီးတော့ ကျုပ်စိတ်ချမ်းသာတာ တခုရှိသေးတယ်၊ ဟော ဟိုက ကောင်းကင်ပြာပြာကြီးနဲ့ လမင်းဖြူဖြူကြီး၊ ကြယ်လေးတွေလည်း ပါသပေါ့လေ၊ ကျုပ် ထိုင်,ထိုင်ကြည့်မိတာ ကြာပြီ၊ အမှောင်မလွှမ်းခင် ထွက်လာတဲ့ လဝန်းကြီးကို ကျုပ်အရင်က တခါမှ ဂရုစိုက် မကြည့်မိဖူးဘူး၊ ဒါပေမဲ့ အခု သုံးရက်လောက် ရှိပြီ၊

ကျုပ်ထိုင်, ထိုင်ကြည့်နေတာ၊ ကျုပ်ရင်ထဲ ချမ်းသာလို့ ကြည့်တာပေါ့၊ အဲဒီတော့ ကျုပ်လည်း စကားပြောချင်လာတယ်၊ ကဗျာဆန်ဆန် ပြောချင်လာတယ်"

သည်တချီတွင်တော့ မသင်းနုက သူ့စကားကို အမှန်တကယ် သဘောကျပြီး ရယ်၏။

"ကိုသာစုက ကဗျာဆန်ဆန် ပြောချင်လာတယ်၊ ပြောလေ...ကျွန်မ နားထောင်ကြည့်မယ်"

"ဒါပေမဲ့ မိန်းကလေး သိဖို့က ကျုပ်က ဘယ်သူ့ကိုမှ ပြောတာမဟုတ်ဘူး၊ ကျုပ်ဘာသာ ကျုပ်ပြောတာ၊ ကျုပ်စိတ်ချမ်းသာတာကို ကျုပ်ဘာသာ ကျုပ် ပြောကြည့်တာ"

"အင်းပါ၊ ပြောစမ်းပါ"

"ကောင်းကင်ကြီးကလည်း ပြာလိုက်တာ၊ မင်းမျက်ဝန်းတွေကလည်း အဲ.. ကြယ်မင်း၊ ကြယ်မင်းပဲပေါ့၊ ဒါပေမဲ့ ကောင်းကင်ပြာထဲက ကြယ်မင်းက ကောင်းကင်ကြီးမှာက ကြယ်မင်း၊ စကားမပြောတတ်ဘူး၊ မင်းမျက်ဝန်းပြာထဲက ကြယ်မင်းကတော့ စကားပြောတတ်တယ်၊ ဖြစ်ရပလေကွယ်၊ ကျုပ်အသည်းအိုအိုကိုမှ နပိျုသော စကားတွေ မင်းလာ ပြောမိပလေ"

အစတွင် ပေါ့ပေါ့ဆဆလေး နားထောင်နေသော မသင်းနုသည် သူ့စကား ၏ အနက်အဓိပ္ပာယ်ကြောင့် တုန်လှုပ်ချောက်ချားသွားသည်။ ပါးလေးများပါ ရဲလာပြီး သူ့ကို ထိတ်လန့်တကြား ကြည့်၏။

သူကမူ မသင်းနုကို မကြည့်။ ကောင်းကင်ပြာနှင့် လမင်းဖြူဖြူကြီးဆီသာ ကြည့်ပြီး ပြောနေ၏။ စောစောက ရှိတ်စပီးယား၏စာကို ဘာသာပြန်ပြောနေသော မူဟန်နှင့် ဘာမျှမခြား။ သြော်...သူပြောသကဲ့သို့ သူ့ရင်တွင်းမှ ကဗျာတပိုဒ်ကို သူ့ဘာသာသူ ရွတ်နေဟန်တူသည်။

မသင်းနု၌ သတိပြန်ဝင်လာသည်။ ကိုသာစုက သူ့ရင်ကို သူ့ဘာသာ ဖွင့်ပြနေသည်။ သူ့ရင်တွင်း ဘာရှိသည်ကို မိမိက သိချင်နေသူ မဟုတ်လော။ ယခု သူက ဖွင့်ပြနေပြီ။ သြော်...ကျုပ်အသည်းအိုအို။ သည်စကားက ဘာကို ဆိုလိုလိုက်ပါသနည်း။

မသင်းနုသည် သဘောကျဟန်ဖြင့် သာယာစွာ ရယ်မောလိုက်၏။

"ကိုသာစုက ဘယ်ဆိုးလို့တုံး၊ ကဗျာဆရာကြီးပါလား"

"ကျုပ်ပြောတာမှာ အပိုပါသွားတယ်ပေါ့ ဟုတ်လား"

"အို...အို...မဟုတ်ပါဘူး၊ ကျွန်မက တကယ်ချီးမွမ်းတာပါ၊ သြော်... ကိုသာစု၊ အသည်းအိုအို ဆိုတာ ဘာကိုပြောတာလဲ"

"အသည်းအိုအို ဆိုတာဟာ မနပိျုတဲ့အသည်းကို ပြောတာပေါ့"

"နပိျုတဲ့အသည်း ဆိုတာကကော"

"နုပျိုတဲ့အသည်း ဆိုတာက ရှုးတဲ့အသည်းကို ပြောတာ"

"ရှင် ... ရှူးတဲ့အသည်း"

"ဟုတ်တယ်၊ အချစ်တို့ ဘာတို့ဆိုတဲ့ ဘာမှမဟုတ်တာကို အဟုတ်လုပ်ပြီး လက်ခံထားတဲ့ အသည်းမျိုး"

"ရှင်..အချစ်ဆိုတာဟာ ဘာမှမဟုတ်တာ"

"ကဗျာမဆန်ဘူးလား၊ ဒါပေမဲ့ အဲဒါဟာလည်း ကဗျာဆရာကြီးတဦးက ဖွင့်ဆိုခဲ့တဲ့ အချစ်အဘိဓမ္မာတခုပဲ၊ သူက ဆိုတယ်။ အချစ်ဆိုတာနဲ့ ဘာမှမဟုတ်ခြင်းတို့ဟာ မကြာခင်မှာပဲ ဘာမှမဟုတ်ခြင်း ဖြစ်သွားမြဲတဲ့၊ ဘာမှမဟုတ်တာကို အဟုတ်လုပ်တာဟာ အရှုးတွေမှ လုပ်တာ ကလေးမရဲ့"

သူက ပြောချင်သည့်စကား ပြီးသွားဟန်ဖြင့် ပတ္တလားကို အသံစမ်းလျက် ခေါက်နေ၏။ တဲတွင်းမှ အခေါင်ငြိမ်းက ဟားခနဲ သမ်းလိုက်ပြီး စာအုပ်ကိုပိတ်လျက် အပြင်ထွက်လာ၏။

"အင်း...တနေ့တာဝဋ်တော့ ကျွတ်ပြီ၊ ခေါင်းတွေ နောက်နေတာပဲ၊ အိမ်မပြန်ခင် ခေါင်းရှင်းသွားအောင် ဆရာသာစုရေ တပုဒ်လောက်"

"ဒါဖြင့် ငါ ကြုံလေ ဘုံဗွေတီးပေးမယ်"

"ဟာ...ကိုသာစုကလည်း ခေါင်းနောက်တယ် ဆိုပါမှ"

"မင်းက ဘာတီးစေချင်လို့လဲ"

"ဟိုဒင်း ကြည်ကြည်နူးနူး လှလှပပထဲက"

"ကြည်ကြည်နူးနူး လှလှပပဆိုတော့ အချစ်တို့၊ အလှတို့၊ အလွမ်းလေး တို့ပေါ့ ဟုတ်လား"

"အား...အဟဲ ...ဟုတ်တယ်"

"ငါ့လူကလည်း ရှူးတဲ့အသည်း ရှိတာကိုး"

"ခင်ဗျာ..."

"အေးပါ၊ ငါ အပြစ်မတင်ပါဘူး၊ ဟောဟိုမှာ လကလည်း ရင့်နေပြီး ငါ တီးပေးပါ့မယ်၊ ကဲ...ကလေးမဆို"

"ကျွန်မ ဘာဆိုရမလဲ"

"ကလေးမ ပြောတဲ့ ပိုတဲ့သဲတဲ့ဟာလေးပဲ လုပ်ရအောင်၊ ပပဝင်းဝင်း"

"အဲဒါက ယောက်ျား ဆိုတာကြီးပဲ"

“မင်း မဆိုချင်ဘူးပေါ့”

“ဟင့်အင်း”

“ဒါဖြင့် ဘာဆိုမလဲ”

“နပိုျတဲ့ အသည်းကကြိုက်တဲ့ သီချင်း”

“ဘာတဲ့”

မသင်းနုက မဖြေဘဲ သူ့ကို ပြုံးလဲ့လဲ့နှင့် ကြည့်နေ၏။ ထိုစဉ် ဦးကြီးကလည်း အနီးသို့ ကပ်လာ၏။

“မောင်သာစု လုပ်ကွာ၊ မိန မပြန်ခင် တပုဒ်လောက် နားထောင်ရအောင်”

“ဟုတ်ကဲ့၊ ဘာတီးရမလဲ”

“ဟိုဒင်းကွာ၊ ချစ်သမျှကို”

“ချစ်သမျှကို၊ ဦးကြီးက အဲဒီသီချင်း ကြိုက်သလား”

“ဟ..ကြိုက်တာပေါ့၊ ဘာပြုလို့လဲ”

မသင်းနုသည် တဖက်သို့ မျက်နှာလွှဲပြီး တခစ်ခစ်ဖြင့် ကြိတ်ရယ်၏။ ကိုသာစု၏ မျက်နှာမှာလည်း ပြုံးရောင်သန်းလာ၏။

“ဘာမှမဖြစ်ပါဘူး၊ ဦးကြီး မကြိုက်မှာ စိုးလို့ပါ၊ ကဲ…ကလေးမ ဆိုဆို၊ ချစ်သမျှကို”

ကိုသာစုက ပတ္တလားနှင့် အသံပြသတည်း။

*****

အခန်း [၁၆]

ဦးတင့်လွင်သည် ဆံပင်ညှပ်ဆိုင်တွင်းသို့ ဝင်လိုက်၏။ သည်တကြိမ်တွင် ဆံပင်ညှပ်ဆရာက ခင်မင်ရင်းနှီးစွာဖြင့် ဆီးကြို၏။

"ကြွပါဆရာ၊ ကြွပါ၊ ဒီတခါ ဆရာ့ဆံပင်က တကယ့်ကို ရှည်နေပြီကိုး"

ဦးတင့်လွင်က မှန်တွင်းမှ မိမိ၏သဏ္ဌာန်ကို ကြည့်ပြီး ပြုံးမိ၏။ အမှန်ပင် မိမိခေါင်းမှ ဆံပင်တို့က ရှည်နေပြီ။ ဟိုတကြိမ်ကမူ ဆံပင်တိုသေးလျက်နှင့် အကြောင်းရှာပြီး တိရန်ဆို၍ သည်ဆိုင်တွင်း ဝင်ခဲ့ရသည်။ ယခု ကား အကယ်ပင် ဆံပင်ညှပ်ချင်သောကြောင့် ဝင်လာခဲ့သည်။ ဦးတင့်လွင်က ဆံပင်ညှပ် ဆံ့လည်ကုလားထိုင်ထက် ဝင်ထိုင်၏။ ဦးတင့်လွင်ကိုယ်ကို အဝတ်ဖြူနှင့် ရုံပေးပြီး ဘီးနှင့် ကတ်ကြေးကို ကိုင်လျက် ဆံပင်ညှပ်ဆရာက မေး၏။

"ဒီပုံအတိုင်းပဲနော်"

"အင်း.. ဒါပေမဲ့ တတ်နိုင်သလောက် ပါးပါးညှပ်ဗျာ၊ နွေဆိုတော့ အိုက်တယ်"

ဆံပင်ညှပ်ဆရာက စတင်ဆံပင်ညှပ်၏။

"ကျွန်တော်တို့မြို့မှာ ပျော်ရဲ့လား ဆရာ"

"ပျော်ပါတယ်ဗျာ၊ နားအေးပါးအေးရှိတယ်"

"ဆရာက ဘယ်ကပြောင်းလာတာလဲ"

"ရန်ကုန်ကပါ"

"ရန်ကုန်က လာတယ်ဆိုတော့ ကျွန်တော်တို့မြို့မှာ ဆရာ ပျော်တာ အံ့သြစရာပဲ"

"တမျိုးစီပေါ့ဗျာ၊ ဟိုမှာက အမြဲခေါင်းကြီးနေရတာ၊ ပြီးတော့လည်း ရန်ကုန်သာ ဆိုပါတယ်၊ ကျွန်တော် တာဝန်ထမ်းခဲ့ရတာက မြို့လယ်မှာ မဟုတ်ဘူး၊ ဟို...လှိုင်ဘက်မှာပါ"

ဆံပင်ညှပ်ဆရာက ဆက်ညှပ်သည်။ ဦးတင့်လွင်က မျက်လုံးကို မှေးကာ ငြိမ်ဖြင့် အညှပ်ခံနေ၏။

ထိုစဉ် လူငယ်တဦးက ဆံပင်ညှပ်ဆိုင်တွင်းသို့ ဝင်လာ၏။

“ဪ…လာပေ့ အခေါင်ငြိမ်း၊ ဘယ်လိုလဲ မင်းဆံပင်တွေလည်း ရှည်လှပါရောလား”

“ဟုတ်ပါတယ်၊ စာကျက်နေလို့ဗျ၊ အခု အိုက်တာ မခံနိုင်လို့”

“ဒါဖြင့် ထိုင်၊ ဒီတခေါင်းပြီးရင် ဆက်ညှပ်တာပေ့၊ စောင့်နိုင်တယ် မဟုတ်လား”

“စောင့်နိုင်ပါတယ်”

အခေါင်ငြိမ်းသည် ကုလားထိုင်အလွတ်တလုံးတွင် ဝင်ထိုင်၏။ ဆံပင်ညှပ်ဆရာက စပ်စုသည်။

“မင်း မနှစ်က ကျတယ်နော်”

“မကျပါဘူးဗျ။ “ခ”စာရင်းက အခေါင်ပါတယ်”

“အေးလေ…ထားပါတော့၊ မင်း ဒီနှစ်ကော တကယ်စာကျက်ရဲ့လား”

“ကျက်ပါတယ်ဗျာ”

“ကျက်တယ်သာဆိုတယ်၊ မင်း ဟိုကောင်မလေးနှစ်ယောက်နဲ့ နေ့တိုင်း ဘယ်သွားတာလဲ”

“အဲဒါ ဟိုဘက်ကမ်းကူးပြီး သွားစာကျက်တာ”

“ဟိုဘက်ကမ်း ကူးပြီးတောင် စာကျက်ရသလား”

“အိမ်မှာက ဆူတယ်ဗျ၊ ဟိုဘက်ကမ်းမှာက တိတ်ဆိတ်တယ်၊ ပြီးတော့ အေးလည်း အေးတယ်ဗျ”

“ဟိုဘက်ကမ်းကျ ဘယ်မှာ စာကျက်ကြသလဲ”

“ဦးကြီးထွန်းသာ တဲမှာ၊ မသင်းနုတို့ ဦးကြီးလေ၊ ခင်ဗျား သိသားပဲ”

“ဪ..ဟုတ်သားပဲ၊ ဒါကြောင့် မသင်းနုလည်း မင်းတို့နဲ့ ပါပါလာ တာကိုး၊ ဒါထက် အဟဲ..ကိုသာစုတယောက်လည်း အဲဒီမှာ နေတယ်ဆို”

“ဟုတ်တယ်”

“သူ ဒီဘက်ကူးမလာတာ ကြာပြီ၊ ဘယ့်နှယ်လဲ၊ သူကတော့ မင်းတရား ဘအေးလို ဟုတ်မယ်မထင်ဘူး၊ သဘောကောင်းပုံရတယ်၊ မင်းတို့ကို အနှောင့်အယှက်မလုပ်ဘူး မဟုတ်လား”

“မလုပ်ပါဘူးဗျာ၊ မလုပ်တဲ့အပြင် ကျွန်တော်တို့ကိုတောင် စာပြပေးသေးတယ်”

"ဟော..ကိုသာစုက မင်းတို့ကို စာပြပေးတယ်"

"ဟုတ်တယ်၊ အင်္ဂလိပ်စာ ပြပေးတာ"

သူတို့နှစ်ဦး ပြောနေကြသည်ကို မျက်စိမှေးရင်း ဦးတင့်လွင်က အမှတ်မထင် နားထောင်နေခဲ့၏။ အခေါင်ငြိမ်း၏ နောက်ဆုံးစကားကို ကြားသောအခါ ဦးတင့်လွင်၏ မျက်လုံးများ ပွင့်ကျယ်လာ၏။

ဆံပင်ညှပ်ဆရာက အံ့ဩဟန်ဖြင့် မေးသည်။

"ကိုသာစုက အင်္ဂလိပ်စာ တတ်သလား"

"တတ်တယ်၊ တတ်တာမှ ကောင်းကောင်းကို တတ်တယ်"

ဦးတင့်လွင်က ကောင်းစွာစိတ်ဝင်စားလာ၏။ ဦးတင့်လွင်သည် ပါးနပ်စွာ ဖြင့် စုံစမ်းခြင်းကို စတင်ပြုသည်။

သူက အခေါင်ငြိမ်းကို မမေးဘဲ ဆံပင်ညှပ်ဆရာကို မေး၏။

"ကိုသာစု ဆိုတာ ကျွန်တော်နဲ့ တခါ ဒီဆိုင်မှာဆုံတဲ့ ဟို စိတ်နောက်နေတဲ့လူလား"

"အစစ်ပဲ ဆရာ၊ ဟို မုတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေး တရားဟောသွားတဲ့ ပုဂ္ဂိုလ်ကြီးလေ၊ အဟဲ....."

"အဟဲ..အဲဒီတုန်းက ကျုပ် ရယ်ချင်တာ၊ မနည်းကို အခေါင့်ထားရတယ်၊ တော်တော်ကြုံကြုံဖန်ဖန် ပြောတဲ့လူ"

ဦးတင့်လွင်သည် ရယ်နေလိုက်သေး၏။ ပြီးမှ အခေါင်ငြိမ်းကို လှမ်းပြော၏။

"စိတ်နောက်နေတဲ့လူက မင်းတို့ကို အင်္ဂလိပ်စာ သင်တယ်၊ ဟုတ်မှလည်း လုပ်ကြပါ၊ တော်တော်ကြာ မဟုတ်တာတွေ ဖြစ်နေလို့ မင်းတို့ စာမေးပွဲ ကျနေဦးမယ်"

"မဟုတ်တာလား၊ ဟုတ်တာလားတော့ ကျွန်တော်တို့ ခွဲခြားသိနိုင်ပါတယ်၊ ပြီးတော့ မသင်းနုကလည်း ပြောတယ်၊ ကိုသာစု သင်တာဟာ တက္ကသိုလ် မှာ သင်တာနဲ့ ဆင်တယ်တဲ့"

"ဘယ်လို...တက္ကသိုလ်မှာ သင်တာနဲ့ တူသတဲ့၊ ဟုတ်လား"

"ဟုတ်တယ်၊ ပြီးတော့ မသင်းနုက ပြောပြတယ်၊ ကိုသာစုက ရှိတ်စပီးယားရဲ့ စာတွေတောင် ရွတ်ပြနိုင်သတဲ့"

"ဟုတ်ရဲ့လားကွာ၊ မင်းဟာက"

"ခင်ဗျားကို ကျွန်တော်က ဘာလို့လိမ်ရမှာလဲ၊ မသင်းနုကို သူက ဟို... ဘာလဲ၊ သမီးရည်းစားနှစ်ယောက် ဇာတ်လမ်းဟာဗျာ"

"ရိုမီယိုနဲ့ ဂျူးလိယက်လား"

"အာ...ဟုတ်တယ်၊ အဲဒီ ရိုမီယိုပြောတဲ့ စာတပိုဒ် ရွတ်ပြတယ်တဲ့"

"ဟာ...အဲဒီလိုဆိုရင်တော့ မင်းတို့လူက ဘယ်ခေမလဲ၊ ဒါပေမဲ့ သူစိတ်တော့ နောက်နေတယ်နော်"

"အဲဒါလည်း အပြောရကျပ်သား"

"ဘယ်လို စိတ်မနောက်ဘူးလား"

"စိတ်မနောက်ဘူးတော့လည်း မဟုတ်ဘူး၊ မင်းတရား ဘာအနေးတို့လိုလား ဆိုတော့လည်း မဟုတ်ဘူး၊ လူကောင်းပကတိလား ဆိုတော့လည်း အင်း...အပြော ရကျပ်သား"

"သူ အဲဒီမှာ ဘာလုပ်နေလဲ"

"ဦးကြီးထွန်းသာ ခိုင်းတာ လုပ်နေတာပေါ့၊ ဟိုဟာကူ ဒီဟာကူပေါ့၊ အဲ... ဘာမှလုပ်စရာမရှိရင် ပတ္တလားတီးတယ်"

"ဪ... ပတ္တလားလည်း တီးတတ်တယ်"

"တီးတတ်တာမှ ဖြောင့်လို့၊ သီချင်းကြီးတွေချည်း တီးတာ"

ဦးတင့်လွင်က ဆက်မမေးတော့။ အမှန်က သူဆက်မေးချင်သေးသည်။ သို့ရာတွင် မေးလွန်းသည်က မကောင်း။ ဤသူငယ်နှင့် ကိုသာစုတို့၏ ဆက်ဆံရေး မှာ မည်သို့ရှိမှန်း မသိ။

ဆံပင်ညှပ်ပြီးသွားသည်။ ဦးတင့်လွင်သည် ဆံပင်ညှပ်ခ ထုတ်ပေးပြီး ဆိုင်တွင်းမှ ထွက်လာခဲ့၏။

ဆံလည်ကုလားထိုင်ပေါ် ဝင်ထိုင်ရင်း အခေါင်ငြိမ်းက မေး၏။

"အဲဒီလူက ဘယ်သူလဲဗျ"

"ဦးတင့်လွင်တဲ့၊ နောက်ပြောင်းလာတဲ့ ရဲအုပ်"

"ရဲအုပ်၊ ဟုတ်လား"

"ဟုတ်တယ်၊ ဒုလုံခြုံရေးမှူးပေါ့ကွာ၊ မင်း မသိသေးဘူးလား"

"တွေ့တော့ တွေ့နေတာပဲ၊ ရဲအရာရှိမှန်းသာ မသိတာ"

"အေး...သူက တမျိုးပဲ၊ ယူနီဖောင်းကို အားတိုင်း ဝတ်ပုံမရဘူး၊ ဆက်ဆံရေးတော့ အတော်ကောင်းတယ်၊ ရန်ကုန်က ပြောင်းလာတာတဲ့"

"သူက ကိုသာစုကို သိပုံရတယ်နော်"

“ဟာ…ဒီဆိုင်မှာ ဆုံသွားတာပဲ၊ သူပြောတာ မကြားဘူးလား၊ ရယ်ချင်တာကို မနည်းအောင့်ထားရတယ်တဲ့၊ ကိုသာစုရဲ့ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးတရားလေ”

ဆံပင်ညှပ်ဆရာက ရယ်မောပြီး ကိုသာစု၏ နှုတ်ခမ်းမွေး မုတ်ဆိတ်မွေးတရားကို ပြန်ပြောပြရင်း အောင်ငြိမ်းကို ဆံပင်ညှပ်ပေးနေ၏။

ဆံပင်ညှပ်ဆိုင်မှ ထွက်လာသော ဦးတင့်လွင်၏ စိတ်တွင်းမှာကား ခိုးလို့ ခုလု ဖြစ်နေသည်။ အထုံးလေး။ စိတ်တွင်းမှ အထုံးလေး။ သည်အထုံးလေးက ပြေသွားပြီ မှတ်သည်။ ယခု အောင်ငြိမ်းနှင့် စကားပြောရင်းမှာ သည်အထုံးလေး ပြန်ပေါ်လာသည်။

ဦးတင့်လွင်သည် စိတ်ကို ဆုံးဖြတ်လိုက်ပြီး ကိုစိန်လှိုင်၏ စာအုပ်ဆိုင်ဆီ လျှောက်လာ၏။

ဆံပင်ညှပ်ပြီးနောက် အောင်ငြိမ်းသည် အိမ်ပြန်ရေချိုးသည်။ ရေချိုးပြီး ထမင်းသုတ်သုတ်စား၍ စားပွဲတင်နာရီကိုကြည့်၏။ နံနက်ဆယ့်တနာရီ ထိုးတော့မည်။ တဘက်ကမ်းသို့ ကူးကြရန် အနည်းငယ် နောက်ကျနေပြီ။ မသင်းနုတို့ စောင့်နေရပြီ ထင်သည်။ မသင်းနုက ကိစ္စမရှိ။ လှစိန်က နှုတ်ခမ်းတလန် ပန်းတလန်နှင့် ရန်တွေ့တော့မည်။

အောင်ငြိမ်းသည် စာအုပ်လေးများကို ပိုက်လျက် အိမ်မှသွက်သွက် ထွက်လာခဲ့၏။ လှစိန်တို့အိမ် ရောက်သောအခါ လှစိန် ထွက်သွားနှင့်ပြီဟု သိရသည်။ အောင်ငြိမ်းက မသင်းနုတို့ အိမ်ဘက်ဆီ ဆက်လျှောက်လာခဲ့သည်။ အိမ်ဝ၌ မိမိနောက်ကျသဖြင့် ဆီးရန်တွေ့မည့် လှစိန်ကို မျှော်လင့်ထားသည်။

သို့ရာတွင် မသင်းနုတို့အိမ်ဝ၌ လှစိန်ကိုလည်း မတွေ့။ မသင်းနုကိုလည်း မတွေ့။

စက်ချုပ်နေသော ဒေါ်လေး အေးမှုင်ကို အောင်ငြိမ်းက မေး၏။

“ဒေါ်လေး…မသင်းနုတို့ သွားနှင့်ပြီလား”

“မသွားသေးဘူး၊ နောက်ဖေးက ခြံထဲမှာ ပန်းချီလက်စသတ်နေသတဲ့”

“ပန်းချီလက်စသတ်နေတယ်”

“အေးဟဲ့၊ ညကလည်း အခန်းထဲမှာ ညတော်တော်နက်တဲ့အထိ ဆွဲနေလို့ ငါ ပြောရသေးတယ်”

အောင်ငြိမ်းသည် အိမ်နောက်ဖေးဘက်သို့ ထွက်လာခဲ့၏။

ခြံတွင်းအရိပ်အောက်၌ ပန်းချီကားနှစ်ချပ် ထောင်ထား၏။ နှစ်ချပ်လုံးက လူပုံ။ ကိုယ်တပိုင်းပြ လူပုံများ ဖြစ်သည်။

ပန်းချီကားများရှေ့တွင် မသင်းနုသာမက လှစိန်ကပါ စိတ်ဝင်စားစွာ ကြည့်ရှုနေသည်။

တပုံကတော့ မိမိ တကြိမ်က တွေ့ခဲ့ဖူးသော ကိုသာစု၏ပုံကြီး။ အခြားတပုံကတော့...။

လှစိန်က နောက်သို့ လှည့်ကြည့်ရာ အခေါင်ငြိမ်းကို တွေ့သွား၏။

“ဟော.... အခေါင်ငြိမ်း၊ လာ လာ၊ ဒါ ဘယ်သူ့ပုံလဲ၊ ကြည့်စမ်း၊ သေသေချာချာကြည့်စမ်း”

အခေါင်ငြိမ်းက ရှေ့တိုးသွားပြီး ပန်းချီကားအသစ်ကို ပထမ စိုက်ကြည့် သည်။ ထို့နောက် ကားဟောင်းကို ကြည့်သည်။

အခေါင်ငြိမ်းသည် မျက်မှောင်ကြုတ်သွားပြီး မသင်းနုကို စုံစမ်းဟန်ဖြင့် ကြည့်၏။

“မသင်းနု နင် အဲဒါ ဘာလုပ်ထားတာလဲ”

မသင်းနုက မဖြေဘဲ ပြုံးရုံပြုံးနေသောကြောင့် အခေါင်ငြိမ်းသည် စိတ် မကျေနပ်ဟန်ဖြင့် ပန်းချီကားများကို ပြန်ကြည့်၏။

“ဟုတ်ပါတယ်၊ ဒါလည်း ကိုသာစုပုံပါ၊ ဒါပေမဲ့...”

အခေါင်ငြိမ်းသည် စကားအဆုံးမသတ်ဘဲ ပန်းချီကားများကို ကြည့်ပြန်၏။ မှန်သည်။ ပုံသစ်မှာလည်း ကိုသာစု၏ပုံပင် ဖြစ်သည်။ သို့ရာတွင် ပုံက တမျိုး ဖြစ်၏။

ပုံဟောင်းတွင်းမှ ကိုသာစု၏သဏ္ဌာန်က ညှိုးနွမ်းမှိုင်းမှုန်သည်။ ရှည်သော ဆံပင်၊ ထူသော ပါးမြိုင်းမွေး၊ နှုတ်ခမ်းမွေးတို့ကြောင့် ရင့်ရော်သကဲ့သို့လည်း ရှိ သည်။ ကရုဏာသက်ဖွယ် စိတ္တဇဝေဒနာရှင်တဦး၏ အသွင်လည်း ပီသပေါ်လွင် သည်။

ပုံသစ်မှ ကိုသာစုကတော့ စိုလန်းနုပျိုသည်။ ဆံပင်က သပ်သပ်ရပ်ရပ် ဖြစ်သည်။ ပါးမြိုင်းမွေး နှုတ်ခမ်းမွေးတို့လည်း မရှိ။ မျက်လုံးများက ကြည်လင် တောက်ပပြီး မျက်နှာထားက ပြုံးယောင်ယောင် ဖြစ်၏။ နဖူးမကျယ့်တကျယ်၊ နှာတံပေါ်ပေါ်၊ မေးရိုး သွယ်သွယ်ခိုင်ခိုင်ဖြင့် ချောမော၍လည်းနေသည်။ စတစ် ကော်လာအင်္ကျီဖြူ၊ တိုက်ပုံအင်္ကျီအနက်တို့ကို ဆင်ထားသောကြောင့်လည်း လူကြီး လူကောင်းအသွင် ခန့်ညားမွန်ရည်နေသေး၏။

“နင်... ဘာစိတ်ကူးနဲ့ ဒီပုံကို ဆွဲတာလဲ”

“ငါ့ရင်ထဲမှာ မကျေနပ်လို့”

“နင့်ရင်ထဲ မကျေနပ်လို့၊ ဘာကို မကျေနပ်တာလဲ”

“ပထမပုံကို ဆွဲပြီးတဲ့အချိန်မှာ ငါ့ရင်ထဲ မကျေနပ်ဘူး၊ အဲဒီပုံလည်း ကောင်းပါတယ်၊ ဒါပေမဲ့ မကျေနပ်ဘူး၊ မကျေနပ်ဘူး ဆိုတာက လက်ရာကို မဟုတ်ဘူး၊ ငါ ဘယ်လိုပြောရမလဲ”

မသင်းနုသည် ပန်းချီကားနှစ်ချပ်ကို ကြည့်သည်။ ကြည့်ရင်းက စကားလုံး များကို ရှာသည်။ ပြောလိုသည့် စကားလုံးများကို အလွယ်တကူ ရှာမတွေ့။

မသင်းနသည် သက်ပြင်းရှိုက်ပြီး အခေါင်ငြိမ်းကို ပြန်မေး၏။

"ဒီပုံနှစ်ခု တူသလား"

"ဟယ်...ဘယ်တူရမလဲ၊ မတူဘူး"

"ဒါပေမဲ့ နင်ပဲ ခုနကပြောတယ်၊ ဒါလည်း ကိုသာစုပုံပါတဲ့"

"အေးလေ ...မဟုတ်ဘူးလား"

"ဟိုဟာကကော..."

"ကိုသာစုပုံပဲလေ"

"ပြီးတော့ မတူဘူး"

အခေါင်ငြိမ်းက ခေါင်းကုတ်၏။ သူလည်း ပြောရန်စကားလုံး ရှာမတွေ့။

လှစိန်က ရယ်၏။

"အမလေးနင်တို့နှစ်ယောက် လွယ်လွယ်လေးကို ခက်နေလိုက်တာ၊ ငါပြောပြမယ်"

လှစိန်က ပုံသစ်ကို လက်ညှိုးထိုးပြပြီး ပြော၏။

"အဲဒါက ဘဝဟောင်းကပုံ၊ ဟောဟိုဟာက အခုဘဝပုံ၊ အတိတ်နဲ့ ပစ္စုပ္ပန်၊ အဟဲ...၊ မဟုတ်ဘူးလား"

အခေါင်ငြိမ်းက မျက်နှာကို မဲ့ပြ၏။

"နင်က ငါ့စကားကို ဘာလို့မျက်နှာမဲ့ပြရတာလဲ"

"ဆွမ်းဆန်ထဲ ကြွက်ချေးရောလို့""

"အေး...နင် စားဖို့ ငါရောတာ"

မသင်းနက ရယ်၏။

"တော်ကြစမ်းပါ၊ အခေါင်ငြိမ်းကလည်း မကောင်းဘူး၊ လှစိန်ကို အသားလွတ်နှိမ်တယ်၊ အေး...လှစိန် ပြောတာမှန်တယ်၊ ဘဝနှစ်ခု၊ ကိုသာစုရဲ့ ဘဝနှစ်ခု"

လှစိန်သည် မေးငေါ့ကာ ပြုံးစစလုပ်၍ အခေါင်ငြိမ်းကို ပြော၏။

"မြင်လား၊ ကိုခကွေး၊ နင့်ထက်တော်လို့ တက္ကသိုလ်အရင်ရောက်တဲ့လူက ငါ့ကို ထောက်ခံတာ"

"အေးပေါ့ဟာ၊ အရူးဆယ်ခွန်း၊ တခွန်း မှန်တာပေါ့၊ မသင်းန နင် တကယ်

ဘဝနှစ်ခု ဆွဲတာလား"

"ဘဝနှစ်ခု၊ အင်း ..အဲဒီလိုပဲ ပြောရမယ်၊ ဟိုပုံက ကိုသာစုကို အခု ငါ့မျက်စိနဲ့ မြင်တဲ့အတိုင်း ဆွဲထားတာ၊ ဒါပေမဲ့ ငါ့စိတ်ထဲမှာ မြင်နေရတဲ့ ကိုသာစု တယောက်ကလည်း ရှိသေးတယ်၊ အဲဒီစိတ်ထဲကပုံကလည်း ငါ့ကို လှုံ့ဆော်တယ်၊ ငါ မဆွဲဘဲ မနေနိုင်ဘူး၊ ဒါကြောင့် ဒီပုံကို ထပ်ဆွဲတယ်၊ ငါ ခဲရာခဲဆစ်ကို ဆွဲခဲ့ရတယ်၊ ကြာပြီ၊ အခုမနက်မှ အစသတ်ပြီးသွားတယ်"

မသင်းနုသည် စကားဆက်မပြောတော့ဘဲ ပန်းချီများကိုသာ ငေးကြည့်နေသည်။

အခေါင်ငြိမ်းကလည်း ပန်းချီများကို ထပ်မံကြည့်၏။ အထူးသဖြင့် ပုံသစ်ကို ကြည့်သည်။

ပုံသစ်တွင်းမှ ကိုသာစု၏မျက်နှာသည် အသက်ဝင်လှသည်။ ပြုံးယောင်ယောင်ဖြင့် တစုံတရာ စကားဆိုတော့မည့်ဟန် ရှိသည်။

အခေါင်ငြိမ်းရော လှစိန်ပါ ငြိမ်နေကြခိုက် မသင်းနုက ရုတ်တရက်မေးသည်။

"အခေါင်ငြိမ်း နင် ဘာဝေဖန်စရာရှိလဲ"

"ဘာပြောတယ်"

"နင်က ခါတိုင်း ဝေဖန်တတ်လို့ပါ၊ အခုကော ဘာဝေဖန်စရာ ရှိလဲ"

အခေါင်ငြိမ်းသည် ပန်းချီကို ခေတ္တထပ်မံကြည့်လိုက်ပြီး တည်ကြည်စွာပြော၏။

"အရင်တုန်းကသာ ဆိုရင်တော့ ဟောဒီပန်းချီကို စိတ္တဇပန်းချီ၊ နင့်ကို လည်း စိတ်ကူးယဉ်တယ်လို့ ငါဝေဖန်မိမယ်၊ အခုတော့ ငါ မဝေဖန်တော့ပါဘူး၊ ငါ့စိတ်ထဲမှာလည်း သံသယက ဝင်နေပြီ၊ သံသယ မဟုတ်ပါဘူးလေ၊ ထင်မြင်ချက်၊ ယုံကြည်ချက်လို့တောင် ခေါ်နိုင်မယ့် ထင်မြင်ချက်"

"ဘာထင်မြင်ချက်လဲ"

"ကိုသာစုဟာ ဘဝကိုမေ့ပြီး လေလွင့်လာတဲ့ လူတယောက်၊ ဒုက္ခရောက်လာတဲ့ လူတယောက်၊ မဟုတ်မှလွဲရောဘဲ အမြင့်ကနေ အနိမ့်ဆီ ကံဆိုးမိုးမှောင် ကျပြီး ဆင်းလာရသူတယောက်၊ နင့်စိတ်ထဲကမြင်ပုံ မဆိုးဘူး၊ နောက်သာ နောက်လိုက်ရတယ်၊ ခုနက လှစိန်ပြောတာလည်း မဆိုးဘူး၊ ဟောဒီပုံသစ်ဟာ ကိုသာစုရဲ့ အတိတ်ဘဝကပုံ၊ သူပညာတတ်တာ တို့သုံးယောက် ကောင်းကောင်းသိကြသားပဲ၊ စိတ်ရင်းစေတနာ ကောင်းတာလည်း တို့သိကြတယ်၊ သူဟာ ဘာမှမဖြစ်ဘဲ သူ့နဂို အတိုင်း နေမယ်ဆိုရင် ဟောဒီပုံထဲကလို လူကြီးလူကောင်းတယောက် ဖြစ်ရမယ်လို့ ငါယုံတယ်"

မသင်းနု၏ မျက်နှာလေးသည် ဝင်းပသွား၏။

"ဒီစကားကြားရလို့ ဝမ်းသာတယ် အခေါင်ငြိမ်း၊ ကျေးဇူးလည်း တင်ပါတယ်၊

နင့်ထင်မြင်ချက်နဲ့ ငါ့ထင်မြင်ချက်က အတူတူပဲ၊ လှစိန် နင်ကော ဘယ်လို ထင်သလဲ”

“ငါ့မေးနေရသေးလား၊ ငါလည်း နင်တို့နဲ့ အတူတူပေါ့၊ ငါက အစကတော့ ကြောက်သလို၊ ရယ်ချင်သလိုပဲ၊ အခုတော့ သနားတယ်၊ ကိုသာစုကြီးက ချစ်စရာ၊ သနားစရာကြီး၊ ဟုတ်ဘူးလား မသင်းနု”

“ကြည်ညိုစရာ၊ သနားစရာဆို တော်ရောပေါ့ လှစိန်ရာ၊ ချစ်စရာ ဆိုတာကြီးက ဘယ်ကပါလာရတာလဲ”

“အို……ချစ်စရာကောင်းလို့ ကောင်းတယ်ပြောတာ၊ နင် တကယ်မချစ်ဘူးလား မသင်းနု”

မသင်းနု၏ပါးလေး အနည်းငယ်ရဲသွား၏။ သို့ရာတွင် ဣန္ဒြေမပျက်စေဘဲ ဆက်ပြောရ၏။

“အေး … ထားပါတော့၊ အခေါင်ငြိမ်း၊ ငါ ကိုသာစု ဘဝမှန်သိအောင် စုံစမ်းတော့မယ်လို့ ဆုံးဖြတ်လိုက်ပြီ၊ ယောကျ်ားလေးတယောက်ပါ ဝင်ကူရင်တော့ ပိုကောင်းတာပေါ့၊ နင် ငါ့ကို ကူမလား”

“ငါက ဘာကိုကူရမှာလဲ”

“အခုနေတော့ ငါ တိတိကျကျ ဘာလုပ်ရမှန်း မသိသေးဘူး၊ ဒီလိုလေ၊ တို့သုံးယောက် တိုင်ပင်ကြမယ်၊ တိုင်ပင်ပြီး လုပ်စရာကို နင်တို့ စာမေးပွဲပြီး လုပ်ကြမယ်၊ အဲဒီကျတော့ တို့မိန်းကလေး မလုပ်နိုင်တာမျိုး လုပ်စရာရှိရင် နင်လုပ်ပေး မလားလို့၊ အဲဒါ ပြောတာ”

“စိတ်ချပါဟာ၊ ငါ ကူပေါ့မယ်၊ သူ့ကျေးဇူးကို သိတတ်ရတယ်၊ ကိုသာစုက တို့ကို စာပြပေးတော့ ဆရာဂိုဏ်းဝင် ဖြစ်နေပြီ၊ ငါ ကျေးဇူးဆပ်တဲ့အနေနဲ့ ဆက်ဆက် ကူပေါ့မယ်”

“အေး.. ဒါဖြင့် ဟိုဘက်ကမ်း ကူးကြစို့၊ နေဦး…ငါ့ပန်းချီတွေ သိမ်း လိုက်ဦးမယ်”

“အေး…အေး…ဩော်.. နေဦး၊ ပြောရင်းဆိုရင်း ငါ အကြံတခု ရတယ်”

“ဘာလဲ”

“နင်က ကိုသာစုကို အတိတ်ဘဝမေ့လာတဲ့ စိတ်ဝေဒနာရှင်လို့ ထင်တယ်နော်”

“ထင်ပါတယ်လို့ ဘယ်နှခါ ပြောရမလဲ၊ နို့ နင်လည်း ဒီအတိုင်း ထင်တယ်ဆို”

“ဟုတ်ပါတယ်၊ ဒါပေမဲ့ ဒါက တို့အထင်လေ၊ သေချာအောင် တို့ တခုခုလုပ်ရင် မကောင်းဘူးလား”

“ဘာလုပ်မလဲ”

"နင်က စိတ်ပညာယူတယ် မဟုတ်လား၊ နင်တို့ တက္ကသိုလ် စိတ်ပညာ ဌာနမှာ ဒီကိစ္စမျိုးတွေ နားလည်တဲ့ ဆရာတွေ ရှိမှာပေါ့"

"အေး...ရှိတယ်"

"ကိုသာစုနဲ့ ပတ်သက်ပြီး နင် သိသမျှတွေရေးပို့ပြီး အဲဒီဆရာတွေဆီက သဘောထားနဲ့ အကြံဉာဏ် တောင်းကြည့်နှင့်ပါလား"

မသင်းနု၏ ပါးစပ်လေးမှာ ပြုံးယောင်ယောင်ဖြစ်လျက် ဟသွား၏။ မျက်လုံးလေးများရော မျက်နှာလေးပါ ဝင်းလက်သွား၏။

"ကြည့်စမ်း၊ လွယ်လွယ်လေးကို ငါ သတိမရဘူး၊ ဟုတ်တယ်၊ တို့ စိတ်ပညာဌာနကို လှမ်းအကြံဉာဏ်တောင်းရင် ရတယ်၊ အေးဟယ်...ငါ မေ့နေလိုက်တာ၊ အစောင်ငြိမ်း ဒီအကြံပေးလို့ ငါ သိပ်ကျေးဇူးတင်တာပဲ"

"ကဲ ဒါဖြင့် အခု ရေးမလား"

"ဟယ်.. ရေးရမှာတွေက စဉ်းစားရဦးမယ်၊ အရေးကြီးတဲ့အချက်တွေစေ့စေ့စုံစုံ ပါသွားမှ ဒီလိုလုပ်မယ်၊ ဟိုဘက်ကမ်းမှာ တနေ့လုံး စဉ်းစားမယ်၊ ညကျမှ အေးအေးဆေးဆေး စာရေးမယ်"

မသင်းနု၏ စိတ်လေးမှာ မြူးမြူးရွှင်ရွှင် ဖြစ်သွားပြီး လှစိန် အကူအညီဖြင့် ပန်းချီကားများကို သွက်လက်စွာ သိမ်းလေ၏။

ထိုညက သန်းခေါင်ကျော်အထိ မသင်းနု စာထိုင်ရေးသည်။ တကယ်တော့ ရေးရသည်မှာ မလွယ်လှ။ ကေ့(စ်)ဟစ်စတြီခေါ် ဝေဒနာ မှတ်တမ်းသဘော ဖြစ်သောကြောင့် စေ့စေ့စပ်စပ်လေး ရေးရသည်။ အပိုအလို မရှိရန် ဂရုစိုက်ရသည်။ မြင်တွေ့ချက်နှင့် ထင်မြင်မှုများကို ခွဲခွဲခြားခြား ရေးရသည်။ စဉ်းစားရန် အထောက်အကူ ဖြစ်မည်ထင်သော ကိုသာစု၏ အပြောအဆို၊ အမူအရာ၊ အတွေးအခေါ် စသည်များကို ဉာဏ်မီသမျှ ထည့်သွင်းဖော်ပြရ၏။ ရေးပြီးသောစာကို အထပ်ထပ်ဖတ်ပြီး စိတ်ကျေနပ်မှ မသင်းနုသည် စာအိတ်တခုတွင်းထည့်ကာ စာအိတ်ပေါ်၌ လိပ်စာကို ရှင်းလင်းသေသပ်စွာ ရေး၏။

သို့...

ဒေါက်တာဦးမြင့်နွယ်

ကထိက

စိတ်ပညာဌာန

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်

တက္ကသိုလ်များစာတိုက်

ရန်ကုန်မြို့။

❊❊❊❊❊

အခန်း [၁၇]

နွေသခွားသီးလေးများက လတ်ဆတ်စိမ်းမြနေ၏။ အပင်ကျစပြုပြီမို့ ခရမ်းရှည်သီးတော့ များများမရ။ ဒန့်သလွန်အသီးကတော့ အတောင့်ငါးဆယ်တိတိ ရှိသည်။ ဘူးသီးက တလုံး၊ ငရုတ်သီးစိမ်းက အစိတ်သားခန့် ရှိမည်။ ခရမ်းကဲ့သို့ပင် ရုံးပတီပင်ကလည်း ကျနေပြီဖြစ်၍ ရုံးပတီသီးက ဆယ်တောင့်ခန့်သာ ရတော့သည်။ ချဉ်ပေါင်စည်းတွင် အသီးလေးတွေ ပါသည်။ ချဉ်ပေါင်သီးက ယခုကဲ့သို့ နွေမှာ သနပ်လုပ်စား၍ ကောင်းသည်။ ဘာကျန်သေးသနည်း။ ဩော်...သံဘောသီးမှည့် နှစ်လုံး။

တောင်းတလုံးတွင် ဟင်းသီးဟင်းရွက်များကို သီချင်းလေး တအေးအေးနှင့် ကိုသာစုထည့်နေ၏။

“မလုပ်ဖူးသော်လည်း ရုပ်ထူးသူ ပပဝတီကြောင့်...မြတ်သာကီ စိတ်ပင်ပန်းလို့ရယ်...နွမ်းလှပြီ တကယ်...”

လုပ်ရင်း ကိုင်ရင်းက ကိုသာစုသည် သီချင်းကို တိုးတိုးညည်းသည်။ သီချင်းကတော့ စိတ်ပင်ပန်းသည်ဆို၏။ ကိုသာစုကတော့ စိတ်ရွှင်လန်းနေသည်။ လူကလည်း မနွမ်း။ လုံးဝမနွမ်း။

“ကညာမေ...မောက်မာကြွားသူရဲ့ မဟာဆွေကို ထောက်ညှာ သနား သင့်ပါရဲ့ နောက်တခါများ... ဆွေနှမပယ်ရင်. ......သေရဖွယ်ပ... ရက်တွေညှောင်း”

ကိုသာစုသည် သီချင်းကို ရုတ်တရက် ရပ်လိုက်၏။ ဘယ့်နှယ် သည့်သီချင်းမှ ပါးစပ်တွင်း ကြုံကြုံဖန်ဖန် ရောက်လာရသနည်း။ ယခု မိမိက ဟင်းသီးဟင်းရွက်များကို မသင်းနတို့အိမ် သွားပို့ရန် ပြင်နေသည်။ ကလေးမတို့ စားဖို့။ သည့်သီချင်းက ကုသမင်းကြီး ဆိုသည်။ ပပဝတီအတွက် ကုသကြီး ဆိုသည်။ အယ်..ဘာဆိုင်လို့တုံး။

ကိုသာစုသည် ကိုယ့်ဘာသာကိုယ် သဘောကျပြီး ရယ်၏။ ကြုံကြုံဖန်ဖန်။ ကလေးမက ပပဝတီမှ မဟုတ်ဘဲ။ ကိုယ်ကလည်း သာစု။ ကုသ မဟုတ်။

ကိုသာစုသည် သီချင်း ဆက်မဆိုတော့ဘဲ အလုပ်သာ ဆက်လုပ်တော့၏။ နံနက် ရှစ်နာရီခန့် ရှိတော့မည်။ သည့်ထက်စောစော သွားနိုင်လျှင် အကောင်းသား။ ရှိစေတော့။ ယခုလည်း နံနက်စာ ဟင်းအချက်မီနိုင်သေးသည်။ ကလေးမတို့ လတ်လတ်ဆတ်ဆတ် စားရတာပ။

ကိုယ်တိုင်သွားပို့သည်က ကောင်းသည်။ ညနေ သူတို့အပြန်မှ ထည့်ပေးလျှင်

ကလေးမတို့ သယ်နေ ပိုးနေရဦးမည်။ မိမိလိုက်ပို့မည် ဆိုကလည်း ကလေးမ က တားချင် တားနေဦးမည်။ တားချင် တားနေဦးမည် မဟုတ်။ တားမည်က သေချာသည်။ မိမိအတွက်က ဘာအပန်းကြီးသည်မှတ်လို့။

ကိုသာစုသည် တောင်းကိုထမ်းပြီး တဲရှေ့သို့ ထွက်လာခဲ့၏။

မြေပဲခင်းမှ တခေါက်ပြန်လာခဲ့သော ဦးကြီးက အမောပြေ လက်ဖက်ရည်ကြမ်း ထိုင်သောက်နေ၏။ "ဦးကြီး ကျွန်တော် အိမ်ဘက်ကမ်း ကူးလိုက်ဦးမယ်၊ ဟောဒါတွေ သွားပို့မလို့"

သူ့အသုံးလေးကို ဦးကြီး သဘောကျသွား၏။ အိမ်ဘက်ကမ်း၊ ဟိုဘက်ကမ်း မဟုတ်။ အိမ်ဘက်ကမ်း၊ တဖက်ကမ်းရှိ အိမ်ကို ကိုယ့်အိမ် ကိုယ့်ယာဟု သဘောထား ဦးစားပေး၍ သုံးသောစကားဖြစ်၏။

"အေး..အေး...မင်း ကြာမလား"

"မကြာပါဘူး၊ ပေးပြီးပြီးချင်း ပြန်လာမှာ"

"အေး .. ကောင်းပြီ၊ ကောင်းပြီ"

တောင်းကိုထမ်းကာ လေလေးချွန်လျက် ကိုသာစုသည် မြစ်ဆိပ်သို့ ဆင်းလာခဲ့၏။

မြစ်ဆိပ်အရောက်၌ ကိုသာစုမှာ အံ့သြဖွယ်ရာများကို မမျှော်လင့်ဘဲ တွေ့ရသည်။

ခါတိုင်းဆိုလျှင် သည်ဘက်ကမ်းမှာ တိတ်ဆိတ်၍ လူသူရှင်းသည်။ သည်ဘက်ကမ်းမှ ဟိုဘက်ကမ်းကူးသူက နည်းသည်။ ဟိုဘက်ကမ်းမှ သည်ဘက်ကမ်း လာသူကလည်း အရှားသား။ တခါတရံ ကူးတို့ကို အကြာကြီးစောင့်ရ သည်။ တခါတရံ ဟိုဘက်ကမ်းမှ ကူးတို့သမားမြင်ရန် သည်ဘက်မှ လူယောင် ပြပေးရသည်။ လက်ယပ်ပြ၍ အသံပြုခေါ်တန် ခေါ်ရသည်။

ယခု ကား ဟိုဘက်ကမ်းရော သည်ဘက်ကမ်းပါ လူစည်နေသည်။ သောင်ပြင်၏အဆုံး သည်ဘက်ကမ်းပါးထိပ်၌ တနှစ်လုံးနှင့် မြေပဲခင်း ရှိသည်။ တဲများအနီး၌ အရိပ်ကောင်းသော တရုတ်မန်ကျည်းပင် အုပ်စုလေး ရှိသည်။ ယင်းအရိပ်အောက်တွင် လူတစုရှိသည်။ ရွာသားများ မဟုတ်။ မြို့မှ လူများ ဖြစ်ကြသည်။ ပင်နီတိုက်ပုံအကျႌဝတ်ထားသူ တော်တော်များများ ပါသည်။ ယူနီဖောင်းဝတ် ရဲသားများလည်း ပါသည်။ ဩော်... မိုလ်နှစ်ဦးနှင့် တပ်မတော်သား များလည်း ပါသေး၏။

မော်တော်ဘုတ်လေးတစင်းက ဟိုဘက်ကမ်း ပြန်ကူးရန် ကမ်းမှခွာနေ၏။ အခြားမော်တော်ဘုတ်တစင်းက သည်ဘက်ကမ်းဆီ ကူးလာနေသည်။

ဟိုဘက်ကမ်း၏ ကမ်းပါးကြီးထိပ်မှာက လူပိုစည်သည်။ အလံများလည်း ပါသည်။ ပြည်ထောင်စုအလံကိုတော့ ကိုသာစု သိသည်။ အမြင်အဝေးချမ်း၍ လွံ့လွံ့

ပြာသော အလံများကိုကား ဘာအလံများဟု ကိုသာစု မသိ။ လူအုပ်နှင့် လူအုပ်ထက် အလံတို့ လေမှာ တလူလူ လှုပ်ရှားနေသည်က စိတ်ဝင်စားဖွယ်ကောင်း၏။

လေတွင် လူသံသူသံများလည်း မျောလွင့်ပါလာနေ၏။ ကိုသာစုက ရှုခင်းတို့ တအံ့တဩ ငေးကြည့်နေဆဲ ကူးတို့လှေလေးက ကပ်လာသည်။

ကူးတို့ပေါ်တွင် ပါလာကြသူများကား ထိုလူအုပ်နှင့် ဆိုင်ဟန်မတူ။ ခါတိုင်းသွားနေကျ လာနေကျ လူများသာ ဖြစ်ဟန်ရှိသည်။ ကိုသာစုက လှေပေါ်တက်လိုက်၏။ လှေပေါ်တွင် အခြားခရီးသည် မပါ။

ကူးတို့သမားက ကိုသာစုကို ကောင်းစွာသိနေပြီ ဖြစ်၏။

"ဘယ်လိုလဲ၊ ကိုသာစုကလည်း ဧည့်သည်တွေ သွားကြိုမလို့လား"

"ဘာပြောတယ်၊ ဘယ်သူ့ ကြိုရမှာလဲ"

"ဧည့်သည်တွေလေ၊ မြို့က လူကြီးတွေ"

"မြို့ကလူကြီးတွေ၊ ဘယ်မြို့ကလဲ"

"ပုသိမ်ကဗျ၊ တိုင်းကောင်စီဥက္ကဋ္ဌကြီးရယ်၊

ဒေသပါတီဥက္ကဋ္ဌကြီးရယ်၊ ဗျူဟာမှူးကြီးရယ်၊ ပြီးတော့ တခြားလူကြီးတွေပေါ့ဗျ"

"ဪ... သူတို့ လာကြမလို့လား၊ ဒီဘက်ကမ်းမှာကော ဘာလို့ လာကြိုနေကြတာလဲ"

"သူတို့က ကားနဲ့လာမှာ၊ ညက အိုင်သပြဲမှာ အိပ်ကြတယ်တဲ့"

"ဪ.. ဪ... ကားနဲ့ လာကြမှာကိုး"

အိုင်သပြဲမှနေ၍ တာရိုးအတိုင်း သည်ဘက်ကမ်းသို့ ကားနှင့် လာနိုင်သည်ကို ကိုသာစု သိပြီးဖြစ်၏။

ကူးတို့လှေသည် မြို့ဘက်ကမ်း၌ ဆိုက်မိ၏။ ကမ်းပါးနံရံ၌ အဆစ်ချိုး၍ ထွင်းဖောက်ထားသော လှေကားထစ်များ အတိုင်း လူတို့ ဆင်းလာနေကြသည်။

လှေကားအခြေတွင် ကိုသာစုက တောင်းကိုထမ်းရင်း ရပ်စောင့်ပေးသည်။ လှေကားအတိုင်း ယူနီဖောင်းဝတ် ရဲအရာရှိ လူရွယ်တဦးက ဆင်းလာ နေသည်။

ရဲအရာရှိ၏မျက်နှာကို လှမ်းမြင်သောအခါ ကိုသာစု မျက်လုံးအနည်းငယ် ကျယ်သွား၏။

မြင်ဖူးသည်။ ဘယ်မှာမြင်ဖူးပါလိမ့်။ ဪ...သူကိုး။ အင်း...သူ...သူ။ ဆံပင်ညှပ်ဆိုင်တွင် တခါဆုံဖူးသည်။ မိမိတို့တဲဆီ ရေတောင်းသောက်ရင်း ရောက်လာဖူးသည်။ ဪ...လက်စသတ်တော့ သည်လူက ရဲအရာရှိကိုး။

စိုးရိမ်ပူပန်မှုတရပ်သည် ကိုသာစု၏စိတ်မှာ ပေါ်လာသည်။ ရင်လည်း အနည်းငယ် ခုန်လာ၏။

ကိုသာစုသည် လျင်မြန်စွာဖြင့် မိမိ၏မျက်နှာကို တောင်းဖြင့် ကွယ်ထားလိုက်၏။

ကမ်း၌ဆိုက်မိပြီဖြစ်သော မော်တော်ပေါ် လူတွေတက်နေကြ၏။ ရဲအရာရှိသည် မော်တော်ဆီသို့ လျင်မြန်စွာ သွားသည်။ တစုံတရာ အလျင်လိုနေဟန်တူသော သူသည် ကိုသာစုကို သတိထားမိဟန်မတူ။ ဆင်းသူပြတ်သွားမှ ကိုသာစုသည် လှေကားအတိုင်း သွက်သွက်တက်လာခဲ့သည်။ သူ့ရင်ကတော့ ခုန်နေဆဲဖြစ်၏။

ကမ်းပါးထိပ်ရှိ လူအုပ်၏အများစုမှာ လူငယ်များဖြစ်ကြ၏။ သူတို့က အလံပြာများကို ကိုင်ထားကြ၏။

“ကိုသာစု ဘယ်လဲ”

ထိပ်ဆုံး၌ရပ်လျက် အလံကိုင်ထားသော အခေါင်ငြိမ်းက နှုတ်ဆက်၏။ လှစိန်ကလည်း ရှေ့တိုးထွက်လာပြီး မေး၏။

“ကိုသာစုကြီး တောင်းထဲက ဘာတွေလဲ”

“အာ ဟင်းသီးဟင်းရွက်တွေ၊ ကလေးမတို့အိမ် သွားပို့မလို့”

“ကျွန်မတို့ဖို့ကော မပါဘူးလား”

“အများကြီးပဲဟာ၊ ကလေးမဆီမှာ တောင်းယူ”

“တောင်းယူရမယ်၊ ဟင်း...ကိုသာစုကြီးက သိပ်မျက်နှာလိုက်တာပဲ”

ကျန်သောလူငယ်နှင့် မိန်းကလေးများက ကိုသာစုကို ဝိုင်းကြည့်နေကြ သည်။ အချို့မျက်နှာက ပြုံးချိုချို။ အချို့မျက်နှာက ပြုံးစိစိ။ ကလေးမတချို့က လက်ကိုင်ပဝါနှင့် ပါးစပ်ကို ပိတ်ထားကြ၏။

ကိုသာစုသည် လှစိန်ကို ဘာမျှပြန်မပြောတော့ဘဲ ဆက်ထွက်လာခဲ့၏။ မသင်းနုတို့အိမ်ဆီ လျှောက်လာခဲ့စဉ် လမ်းတလျှောက်လုံး၌ ကိုသာစု သည် ရဲအရာရှိကိုသာ မျက်စိတွင်း မြင်ယောင်လာသည်။

လက်စသတ်တော့ သည်လူက ရဲအရာရှိ။ မိမိနှင့် နှစ်ကြိမ် ဆုံဖူးသည်။ တကြိမ်က တဲမှာ။ လမ်းကြုံရင်း ရေငတ်၍ ဝင်လာသည်ဆိုသည်။ ချက်ချင်း မပြန်ဘဲ အတန်ကြာ စကားပြောသွားသေးသည်။ အဲသည်တုန်းက မိမိ ဘာများ စကားမှားမိသေးသနည်း။ မှားစရာတော့ မရှိ။ မိမိက သူ့ကို အူကြောင်ကြောင် စကားများ ပြောလွှတ်လိုက်၏။ သာစုသည် သာစုထံမှ လူမှော်လင့်သော စကားမျိုးကို သာစုပီပီ ပြောလွှတ်လိုက်သည်။ သာစုဆိုသည်က အရူး။ အင်း...အရူး။ ကိုသာစုသည် စိတ်အနည်းငယ် ပြန်ချမ်းသာလာပြီး မသင်းနုတို့အိမ်သို့ ရောက်လာခဲ့၏။

အိမ်အဆင့်ပေါ် တက်လိုက်မိသည်နှင့် တပြိုင်နက် တွေ့လိုက်ရသည်။

လမင်းကြီးထွက်သလို။ အင်း အမှောင်မရောက်ခင် လမင်းကြီး ထွက်နေသလို။ မသင်းနုက ဖြီးလိမ်းပြင်ဆင်ထားသည်။ မှုန့်သာခြယ်ထားသော မျက်နှာ လေးက ခါတိုင်းထက် ပဝင်းနေသည်။ အင်္ကျီဖြူ ကြည့်ပြာရောင် ပိုးထဘီနှင့်ဆိုတော့ မြင်ရသူ ရင်အေးသည်။ ဟိုးတနေ့က လမင်းကြီးလို မြင်ရသူ ရင်အေးသည်။

“ဟင်..ကိုသာစု၊ လာ..လာ၊ ဘာတွေယူလာတာလဲ ဟင်”

ကိုသာစုသည် တောင်းကိုချပြီး ကြမ်းပြင်တွင် ဝင်ထိုင်၏။

“အို…အို…ခဏနေဦး၊ ဒီတိုင်းမထိုင်နဲ့”

မသင်းနုသည် အိမ်တထောင့်မှ ဖျာတလိပ်ကို ယူလာ၏။

“နေပါစေ ကလေးမရယ်၊ ကျုပ် ဒီအတိုင်းထိုင်လို့ ရတာပဲ၊ ထိုင်လို့လည်း ပြီးနေပြီဟာ”

“အို..ဘယ်ဟုတ်မလဲ၊ ဖျာပေါ်မှာ ထိုင်မှပေါ့၊ ခဏ ခဏလေးနော်”

ကလေးမကို ငြင်းမရမှန်း သူသိသည်။ ငြင်းလည်း မငြင်းချင်။ ကလေးမ စိတ်ချမ်းသာရာ လုပ်ချင်သည် လုပ်ပါစေ။

သူက ထိုင်ရာမှ ခဏထပေး၏။ မသင်းနုက ဖျာကိုခင်းပေးပြီးမှ “ကဲ… ထိုင်တော့” ဟု ဆိုသည်။ သူက ဝင်ထိုင်သောအခါ မသင်းနုလည်း သူ့အနီးကပ်၍ ဖျာပေါ်၌ပင်ထိုင်၏။

ဒေါ်လေးက ထွက်လာပြီး နှုတ်ဆက်၏။

“ဪ..ကိုသာစု၊ တောင်းနဲ့အပြည့်ပါလား၊ ဘာတွေလဲ”

“စုံလို့ပဲ…”

ဒေါ်လေးက တောင်းတွင်းမှ ဟင်းသီးဟင်းရွက်များကို စစ်ဆေးကြည့်ပြီး “ဟုတ်ပါရဲ့ စုံနေတာပဲ” ဟု ဆိုကာ တောင်းကိုမ,ယူသွား၏။ မသင်းနုကလည်း

တစုံတရာကို သတိရဟန်ဖြင့် “ကိုသာစု ခဏနေဦး နော်” ဟု ပြောပြီး ဒေါ်လေးနောက် လိုက်ခဲ့၏။

“ဒေါ်လေး ရေနွေးရှိသေးလား”

“အေး…ရှိတယ်၊ ဘာလုပ်မလို့လဲ”

“ကိုသာစုဖို့ ကော်ဖီဖျော်မလို့”

“ညည်းက အဝတ်အစား လဲပြီးနေပြီ။ ငါ ဖျော်လာခဲ့ပါ့မယ်..”

မသင်းနုသည် ဆေးလိပ်၊ မီးခြစ်တို့ကို ယူလာပြီး ပြန်ထိုင်၏။

"ရော့..ကိုသာစု၊ ဆေးလိပ်သောက်ဦး"

မသင်းနုက ဆေးလိပ်လှမ်းပေးသောကြောင့် သူကလှမ်းယူပြီးမီးညှိဖွာ၏။

"ဪ…ကမ်းနားမှာ အစောင်ငြိမ်းတို့ လှစိန်တို့နဲ့ မတွေ့ခဲ့ဘူးလား"

"အင်း…တွေ့ခဲ့တယ်၊ သူတို့ ဘာလုပ်နေကြတာလဲ"

"သူတို့က လမ်းစဉ်လူငယ်အဖွဲ့ဝင်တွေလေ၊ ဧည့်သည်ကြီးတွေလာလို့ သွားကြိုနေကြတာ"

"ကြိုတဲ့လူတွေ အများကြီးပဲ"

"ကျွန်မတို့မြို့က ချောင်ကျတယ်၊ လူကြီးသူကြီးတွေ ရောက်လာခဲတယ်၊ ရောက်လာရင် ဒီလိုပဲ ကျွန်မတို့ ဝမ်းသာအားရ ကြိုကြတာပဲရှင့်"

"ကလေးမကော သွားမကြိုဘူးလား"

"ကျွန်မက ဧည့်ခံကျွေးမွေးရေးအဖွဲ့မှာ တာဝန်ယူထားတယ်၊ အခုပဲ ပါတီယူနစ်ရုံး သွားတော့မလို့"

"ဒီလိုဆို သွားတော့လေ၊ ကျုပ်လည်း ပြန်မယ်"

"အို…အရင်မလိုပါဘူး၊ သူတို့က ဟိုဇာတ်ရုံထဲမှာ ဟောပြောကြဦးမှာ၊ ဟောပြောပွဲပြီးမှ ထမင်းစားကြမှာ၊ ကျွန်မ ချက်ချင်းသွားဖို့ မလိုသေးပါဘူး၊ ကိုသာစုလည်း ကော်ဖီသောက်သွားဦး၊ ဒေါ်လေး ဖျော်နေတယ်"

ကိုသာစုက မသင်းနုကို တချက်စိုက်ကြည့်ပြီး မျက်လုံးလွှဲသွား၏။ မျက်လုံးလွှဲသွားသော်လည်း မသင်းနု၏ မျက်နှာလေးက သူ့မျက်လုံးများ တွင် ထင်နေ၏။

ခါတိုင်းတွေ့ရသည်က အထူးဖြီးလိမ်းပြင်ဆင်မထား။ သည်ကြားထဲက ကလေးမက နဂိုယဉ်သည်။ ယခု ဖြီးလိမ်းပြင်ဆင်ထားတော့ မျက်နှာလေးက ရွှန်းရွှန်းသစ်နေသည်။ ကလေးမ မှုံ့ခြယ်ထားပုံကိုက မရိုင်း။ ယဉ်ယဉ်လေး။ ပင်ကိုအသား၏ အလှရောင်က မပျက်။ ပါးကြောစိမ်းစိမ်းလေးများ မပျောက်။

ခါတိုင်းထက် ထူးသည်က ကလေးမထံမှ မွှေးရနံ့များ ပျံ့ကြိုင်လာနေ သည်။ ဘာကြောင့်မသိ။ သည်မွှေးရနံ့များက သင်းသင်းမြမြနှင့် ကိုသာစု၏ ရင်ကို ခုန်စေသည်။ သည်မွှေးရနံ့များကို ကိုသာစုက မှတ်မိသယောင် ခံစားရသည်။ အင်း… မှတ်မိသည်၊ မှတ်မိသည်။ ဘယ်မှာနည်း။ ရင်ခုန်စေသော မွှေး ရနံ့များ။ ဘယ်မှာပါနည်း။

ဒေါ်လေးက ကော်ဖီခွက်ကို လာချပေးပြီး ပြန်ထွက်သွား၏။

"ကဲ..ကိုသာစု၊ သောက်လိုက်ဦး"

သူသည် ကော်ဖီခွက်ကိုယူ၍ အေးချမ်းစွာ သောက်နေ၏။

"ဪ.. ကိုသာရ၊ ဒီနေ့တော့ ကျွန်မတို့ ဟိုဘက်ကမ်း မလာတော့ဘူး"

"ဪ...အင်း..အင်း"

"နက်ဖြန်ကျတော့ လာခဲ့မယ်နော်"

သူက ခေါင်းညိတ်ပြ၏။

မသင်းနုသည် သူ့ကို စိမ်းစိမ်းလေး ကြည့်မိ၏။ ရှည်နေသော သည့်ဆံပင်တွေကို သပ်ရပ်အောင်ညှပ်ပစ်လိုက်။ ပါးမြိုင်းမွေး နှင့် နှုတ်ခမ်းမွေးများကိုလည်း ဖယ်ပစ်လိုက်။ သည့်မျက်လုံး၊ သည့်မျက်ခုံး၊ သည့်နဖူး၊ သည့်နာတံ၊ သည့်မေးရိုးနှင့် သည့်နှုတ်ခမ်းများ။ ဘယ်လိုကြည့်ကြည့် လူချောတဦး၊ လူချောကြီးတဦး။ ဪ. . မိမိနောက်ဆွဲသည့်ပုံတွင်းကအသွင်နှင့် ယခုထိုင်နေသည် ဆိုပါစို့။ သူ့အမူအရာက ဘယ်ပုံရှိမည်နည်း။ သူ ဘယ်စကားတွေကို ပြောမည်နည်း။ ထိုအခါ မိမိကလည်း ဘာတွေပြောရမည်နည်း။

မသင်းနု၏ရင်မှာ မသိမသာလေး ခုန်သည်။ ဝမ်းနည်းကြေကွဲမှုတရပ်ကလည်း လွှမ်းလာသည်။

သူက ကော်ဖီသောက်ပြီးနောက် ဆို၏။

"ကျုပ် သွားတော့မယ်"

သည့်စကားက မသင်းနု၏နားတွင် တမျိုးကြီး ဖြစ်သွားစေ၏။ ကျုပ်သွားတော့မယ်။ ဪ...နှုတ်ဆက်နေပြီကော။

"ဪ.. ရှင်ပြန်တော့မလို့လား"

"ဟုတ်တယ်၊ ပြန်တော့မယ်"

"ကျွန်မတို့ နက်ဖြန် လာခဲ့မယ်နော်"

"အင်း...အင်း...ကျုပ်တောင်းလေး ပေးပါဦး"

"ဪ.. ဟုတ်ကဲ့"

မသင်းနုက ထသွားပြီး တောင်းကို ယူလာခဲ့၏။

သူက တောင်းကိုယူပြီး အိမ်ပေါ်မှ ဆင်းသွားသောအခါ မသင်းနုသည် သူ့နောက်ကျောကို ငေးကြည့်ကျန်ရစ်၏။

တောင်းလွတ်ကိုထမ်းပြီး လမ်းအတိုင်း ငိုက်စိုက် ငိုက်စိုက်နှင့် သူပြန်ခဲ့သည်။

သူ့နာဝတွင် မွှေးရနံ့များက လွှမ်းဆွတ်တသဖွယ် စွဲပါလာကြသည်။ သည့်ရနံ့မျိုးကို မရသည်မှာ ကြာပြီ။ သည့်ရနံ့တွေက လွမ်းဖွယ်သော တစုံတရာ အကြောင်းကို ပြောပြနေသည်။

ဪော် ကလေးမကိုလည်း လွမ်းလိုက်တာ။ ကောင်းကင်ပြာထဲက လမင်း ဖြူဖြူလို သန့်စင်သော ကလေးမ။ သည်နေ့တော့ ဟိုဘက်ကမ်းကို ကလေးမ မလာတော့ဘူး ဆိုသည်။ ဪော်...သည်နေ့ ဟိုဘက်ကမ်း ကောင်းကင်ပြာမှာ လ,မထွက်ဘူး၊ လမင်း မထွက်ဘူး။

အတွေးနှင့် ငိုက်စိုက် ငိုက်စိုက် လျှောက်လာသောသူသည် လူသံသူသံ များကြောင့် မော့ပြီး ရှေ့သို့ကြည့်၏။

အလံကိုင်သူများက ရှေ့ဆောင်ပြီး လူတန်းကြီးက ချီလာနေသည်။ သူတို့အနီး ရောက်သောအခါ လမ်းက ကျဉ်းသောကြောင့် ကိုသာခုက ဘေးရှောင် အစောက်ဆင်းပြီး ရပ်နေရ၏။

အလံကိုင်သူများ အနောက်ကပ်လျက်မှာက ဧည့်သည်တော်ကြီးများမှန်း သိသာသော ပုဂ္ဂိုလ်ကြီးများ လျှောက်လာကြ၏။ သူတို့နှင့်အတူ မြို့ခံလူကြီးများ လည်း ပါကြ၏။

ဧည့်သည်တော်အစု၏ နောက်ဆုံး၌ မျက်နှာရှည်ရှည်၊ မျက်ခုံးထူထူ၊ ဆံပင်ဖြူရောသော ဗိုလ်ကေနှင့် တောင့်တင်းသော ကာယဗလရှိသည့် အသက် ငါးဆယ်ခန့် လူကြီးတဦး ပါလာ၏။ သူ့အနီးကပ်လျက် ခပ်ယို့ယို့လျှောက်လာသူ ကား ယူနီဖောင်းနှင့် ဦးတင့်လွင် ဖြစ်သည်။

လူကြီးက ပြော၏။

“အစီအစဉ်က ဘယ်လိုတဲ့လဲ၊ မောင်တင့်လွင်”

“ခဏနားပြီးတော့ မိန့်ခွန်းပြောစရာရှိတာ ပြောကြမယ်၊ နောက် ထမင်းစားပြီးတော့ ဒီက ပါတီကောင်စီတွေနဲ့ ဆွေးနွေးမယ်၊ တင်ပြတာ နားထောင်ကြမယ်”

“ငါက လူကြီးတွေ အလုပ်ရှိသမျှဆီ လိုက်ဖို့မဟုတ်ဘူး၊ မင်းတို့နဲ့ ဆွေးနွေးဖို့ကိစ္စတခုက ပါလာတယ်၊ မင်းနဲ့ စခန်းမှူးဆိုရင် ဖြစ်ပါတယ်၊ မင်းတခြားတာဝန် ရှိနေသေးသလား”

“အထူးမရှိပါဘူး၊ လုံခြုံရေးတာဝန်က လွှဲထားလို့ ရပါတယ်”

“အေး .. ဒါဖြင့် လူကြီးတွေ ဟောပြောကြ ဆွေးနွေးကြတန်း အချိန်လုပြီး တို့လည်း သီးသန့်ဆွေးနွေးကြတာပေါ့၊ ရဲဌာနမှာပဲ လုပ်ကြတာပေါ့”

“ရပါတယ် ဆရာ”

သူတို့နှစ်ဦးသည် ကိုသာခုရပ်နေသည့် အနီးသို့ ရောက်လာကြ၏။ ကိုသာခုကတော့ လူတန်းကို ငေးကြည့်နေ၏။

ဦးတင့်လွင်က ဆရာဟုခေါ်သော လူကြီး၏ မျက်လုံးများက ကိုသာခုထံ အမှတ်မထင် ရောက်သွား၏။ ခဏ၌ပင် သူ့မျက်မှောင်များက တွန့်သွားသည်။ မျက်လုံးများက ကိုသာခု၏မျက်နှာကို စူးစူးစိုက်စိုက် ကြည့်မိခိုက် ခြေလှမ်းလည်း

ရပ်သွား၏။ ဦးတင့်လွင်လည်း ရပ်သွားပြီး သူ့ဆရာသမားကြည့်ရာကို လိုက်ကြည့်၏။

ထိုအခိုက်တွင်ပင် ကိုသာစု၏မျက်နှာက သူတို့နှစ်ဦးဘက်သို့ လှည့်လာသည်။ ကိုသာစု၏ မျက်လုံးများသည် လူကြီး၏ မျက်လုံးများနှင့် တည့်တည့်ကြီး ရင်ဆိုင်မိ၏။

ကိုသာစု တုန်လှုပ်သွားသည်။ ပထမသော် လူကြီး၏ဘေးမှ ဦးတင့်လွင်ကိုမြင်၍ တုန်လှုပ်သွားသည်။ နောက် လူကြီး၏ မျက်လုံးများကြောင့် ပိုမိုတုန်လှုပ် သွားသည်။ သည်မျက်လုံးများက မိမိကို ဘာကြောင့် စိုက်ကြည့်နေရသနည်း။ အလို.. သည်မျက်နှာကြီးကိုလည်း မိမိက ကောင်းစွာသိနေပါတကား။ ဟုတ်သည်။ သိသည်။ သိသမှ ကောင်းကောင်းသိသည်။ ရင်းရင်းနှီးနှီးကြီး သိသည်။ သည်မျက်နှာ ရှည်ကြီး၊ သည်မျက်ခုံးထူထူကြီး။

ကိုသာစုက လျင်မြန်စွာ မျက်နှာလွှဲလိုက်သည်။ လူတန်းက မဆုံးသေး။ သို့ရာတွင် ကိုသာစုသည် လူတန်းဆုံးအထိ မစောင့်တော့ဘဲ လမ်းဘေးအခေါက်အနိမ့်မှ သွက်သွက်ကြီး လျှောက်ထွက်လာခဲ့၏။

ဦးတင့်လွင်က မေး၏။

“ဘာလဲ…ဆရာ”

“ခုနက လူကို မောင်တင့်လွင် သိလား”

“သိတယ် ဆရာ၊ ကိုသာစု”

“ကို…သာ…စု”

“ဟုတ်တယ် ဆရာ၊ စိတ်မနှံ့ဘူး”

“ဪ .. စိတ်မနှံ့ဘူးလား”

“ဟုတ်ကဲ့၊ ဆရာ ဘာပြုလို့ မေးတာလဲ”

လူကြီးက ရယ်ပြီး လမ်းဆက်လျှောက်၏။

“ဘာမှမဖြစ်ပါဘူး၊ မြင်ဖူးသလိုလို ရှိလားလို့၊ သေတော့ မသေချာဘူး၊ ဟဲ..ဟဲ…တို့ ရဲအရာရှိတွေ ညာဉ်ကလည်း ခက်သား၊ လူတယောက်မြင်ရင် ဒီလူ ငါဖမ်းဖူးတဲ့လူလားလို့ အရင်စဉ်းစားချင်တယ်”

ဦးတင့်လွင်က လိုက်မရယ်။ သူ့စိတ်တွင်းမှ အထုံးလေးက ပေါ်လာပြန်သောကြောင့် ဖြစ်၏။

ထိုစဉ် ရှေ့နားဆီမှ မြို့နယ်ပြည်သူ့ကောင်စီ ဥက္ကဋ္ဌက မိမိကို လက်ယပ်ပြကာ လှမ်းခေါ်နေသောကြောင့် ဦးတင့်လွင်သည် သူ့ဆရာသမားအနီးမှ ခေတ္တခွာလာခဲ့ရ၏။

❋❋❋❋❋

အခန်း [၁၈]

ရဲဌာနတွင်း အစည်းအဝေးအစ၌ စခန်းမှူးက အလ္လာပသလ္လာပ စကားဆိုသည်။

“ဆရာ ပုသိမ်မှာ ပျော်ရဲ့လား”

ရဲအရာရှိကြီးက ဦးတင့်လွင်ကို မေးငေါ့ပြပြီး ဖြေ၏။

“မောင်တင့်လွင်တောင် လေးမျက်နှာမှာ ပျော်နေတော့ ကျုပ်လည်း ပုသိမ်မှာ ပျော်ရတာပေါ့၊ ကျုပ်ထက် အိမ်ကဇနီးက ပိုပျော်တယ်”

“ဟုတ်လား ဆရာ”

“အဟုတ်၊ ပုသိမ်မှာက ဆန်လည်းကောင်းတယ်၊ ငါးသား ပုစွန်ကလည်း ပေါတော့ အိမ်ကဇနီးက ပျော်တာပေါ့၊ ရန်ကုန်က ကုန်ဈေးနှုန်းတွေအကြောင်း ကြားလေ ရန်ကုန်က ပုသိမ်ပြောင်းခဲ့ရတာ သဘောကျလေပဲ ဖြစ်နေတယ်”

စကားအဆုံး၌ ရဲအရာရှိကြီးက လက်ပတ်နာရီကို ငုံ့ကြည့်သည်။

“ကဲ...အချိန်က သိပ်မရဘူး၊ လာရင်းကိစ္စလေး ပြောရမယ်”

ရဲအရာရှိကြီးက မျက်နှာကို လေးနက်သောအသွင် ဆောင်လိုက်၏။

“ကျုပ် အခု ဥက္ကဋ္ဌကြီးတို့နဲ့ကြုံတုန်း တပါတည်း လိုက်လာရတာက အထူးကိစ္စလေးက ရှိနေလို့၊ ခင်ဗျားတို့ဆီလည်း ညွှန်ကြားချက် ပို့ပြီးသားပါ၊ ရန်ကုန်မှာ အဓိကရုဏ်းတွေ ဖန်တီးပြီး ရှောင်တိမ်းလာတဲ့ လူတွေကိစ္စ”

စခန်းမှူးက ခေါင်းညိတ်ပြ၏။

“ကျုပ်ပျော်နဲ့ ငါးသိုင်းချောင်းဘက် ရောက်လာတဲ့လူတွေတော့ သတင်းရတယ်၊ မိတဲ့လူလည်း မိကုန်ပါပြီ၊ ခင်ဗျားတို့ နယ်ဘက်ဆီကတော့ ဘာသတင်းမှ မရဘူး၊ ဒါပေမဲ့ ဟိုဘက်ဆီမှာ ခြေရာခံလိုက်နေမှန်းသိတော့ ဒီဘက်ဆီ ရှောင်ချင် ရှောင်လာကြလိမ့်မယ်၊ လူကတော့ လူစုံပဲ၊ ပြည်ပြေးအဆက်တွေ၊ ဗကပအနွယ်တွေ၊ ရာဇဝင်လူဆိုးတွေ၊ လမ်းသရဲခေါင်းဆောင်တွေ၊ ခင်ဗျားတို့နယ်မှာက ကျွန်တော် သိရသလောက် ပြည်ပြေးခြေကုပ် မရှိဘူး၊ ဗကပလည်း မျိုးပြုတ်ပြီးပြီ။ အဲ...... ကျန်တဲ့ အမျိုးအစားတွေကတော့ ရောက်လာနိုင်တယ်၊ အချိန်ကြာသွားပြီဆို ပေါ့ထားလို့ တော့ မရဘူး၊ ကျုပ်တို့သိပြီး အခုအထိ မမိသေးတဲ့လူတွေ

ရှိနေသေးတယ်၊ မကြာခင် ဆိုင်ရာကတော့ တရားခံပြေးတွေအဖြစ် ကြေညာပေးပါလိမ့်မယ်၊ ကျုပ် အခုလာတာက လိုအပ်တာလေးတွေ ကြိုတင်စီစဉ်ဖို့”

အရာရှိကြီးသည် သူ့လက်ဆွဲအိတ်တွင်းမှ အထုပ်တထုပ်ကိုယူပြီး ဖြည်ပြ၏။ ဓာတ်ပုံများတည်း။

“ခင်ဗျားတို့ဆီ ပို့မပေးရသေးဘူး၊ အနန့်ရတဲ့ဘက်သာ ဦးစားပေးနေရလို့၊ အခု ဒါယူထားပေ့၊ လူဝင်လူထွက် ဂရုစိုက်ပါ၊ သူတို့ကလည်း မေ့သလောက် ရှိပြီထင်မှ အခေါင်းရာက ထွက်တတ်တာ၊ ဒါထက် နိုင်ငံခြားသားတွေတော့ ဒီဘက် နည်းနည်းအကူးအသန်းများတယ် ကြားပါလား”

ဦးတင့်လွင်က ဓာတ်ပုံများကို ကြည့်နေသောကြောင့် စခန်းမှူးက ဖြေ သည်။

“ဒါကတော့ ဆရာရယ်၊ စပါးပေါ်ချိန်ကိုး၊ ငွေထုပ်ပိုက်ပြီး ခြေရှုပ်ချင်ကြတာ၊ ဒါပေမဲ့ ဒီနှစ်တော့ လယ်သမားတွေက သူတို့ဆီ မရောင်းပါဘူး၊ ဒီတော့ လည်း တမျိုးထွင်ကြပြန်တယ်”

“ဘာထွင်ကြလဲ””

“ကစားဝိုင်း ဒိုင်ဖွင့်ကြတယ်လေ၊ ကျွန်တော်တို့ အခု ဒါကို ဖိဖိစီးစီး လိုက်နေကြတယ်”

“အင်း...သူတို့ကလည်း တမှောင့်ပဲ၊ အမြတ်ကြီးစားရင် စားရ၊ မစားရ ရင် လောင်းကစားနဲ့၊ သွေးမစုပ်ရရင် အိပ်မပျော်တဲ့လူတွေ ထင်တယ်၊ အေး.... ဒါကိုတော့ တကယ် ဖိဖိစီးစီး လုပ်နော်”

“လုပ်ပါတယ် ဆရာ၊ လူဝင်မှုကြီးကြပ်ရေးက ဦးမျိုးခိုင်တို့ရော၊ ကျွန်တော် တို့ပါ လက်တွဲဆောင်ရွက်နေကြတာ”

ရဲအရာရှိကြီးနှင့် စခန်းမှူးတို့ စကားပြောနေကြခိုက်တွင် ဦးတင့်လွင်က ဓာတ်ပုံများကို ကြည့်လျက် အလုပ်များနေသည်။

အမှန်က ဤဓာတ်ပုံများကို အချိန်ယူ၍ လေ့လာမှတ်သားရမည် ဖြစ်သည်။ သို့ရာတွင် အဓိကရုဏ်းရှုခင်းများပါသော ဓာတ်ပုံများသည် စိတ်ဝင်စားဖွယ်ကောင်းသောကြောင့် ဦးတင့်လွင်က တပုံပြီးတပုံ ကြည့်ရှုနေမိခြင်း ဖြစ်၏။

ဦးတင့်လွင်သည် ဓာတ်ပုံတပုံကို ကြည့်ရှုပြီး ချလိုက်မည်ပြုပြီးမှ တဖန် ပြန်ကြည့်သည်။

ဓာတ်ပုံကို စေ့စေ့စပ်စပ် ကြည့်နေသော ဦးတင့်လွင်၏ မျက်မှောင်များသည် ကြုတ်လာ၏။

ဦးတင့်လွင်က ဓာတ်ပုံကို ရဲအရာရှိကြီးထံ ထိုးပေးလိုက်၏။

“ဘာလဲဟေ့ မောင်တင့်လွင်”

"အဲဒီပုံကို သေသေချာချာ ကြည့်စမ်းပါ ဆရာ"

ရဲအရာရှိကြီးက ဦးတင့်လွင် ထိုးပေးသော ဓာတ်ပုံကို တချက်စိုက်ကြည့်သည်။ ထို့နောက် နားမလည်ဟန်ဖြင့် မေး၏။

"ဒီထဲ မင်း ဘာတွေ့လို့လဲ"

"လူတယောက်၊ ဟောဒီလူ ဆရာ"

ဦးတင့်လွင်က လက်ညှိုးနှင့် ထောက်ပြ၏။

ရှုခင်းကား အဓိကရုဏ်းရှုခင်း ဖြစ်၏။ မော်တော်ကားတစီးက မီးလောင်နေသည်။

လူတအုပ်က အခြားကားလေးတစီးကို ထုရိုက်ဖျက်ဆီးနေသည်။ ဦးတင့်လွင် ထောက်ပြသောလူမှာ ကင်မရာဘက် မျက်နှာပေးထား၏။ သူ့ကိုယ်က ရှေ့သို့အနည်းငယ် ယိုင်နေပြီး လက်နှစ်ဖက်က မမြောက်တမြောက်နှင့် ရှေ့သို့ ထုတ်ထား၏။ ထုတ်ထားသော လက်တဖက်၌ လက်သီးက ဆုပ်ထား၏။ သဏ္ဌာန်က ဟစ်အော်ကြွေးကြော်နေသယောင်ယောင် တူသည်။

ရဲအရာရှိကြီးက မော့ကြည့်သောအခါ ဦးတင့်လွင်က မေး၏။

"ဘယ်သူနဲ့ တူသလဲ ဆရာ"

"ဟေ...နေဦး၊ ငါ မြင်ဖူးသလိုလိုတော့ ထင်တယ်"

ရဲအရာရှိကြီးက အံကိုခဲ၍ စဉ်းစားနေသည်။ ဦးတင့်လွင်က ဓာတ်ပုံကို စခန်းမှူးဆီ ထိုးပေးပြန်၏။

စခန်းမှူးကလည်း သေချာစွာကြည့်၏။ ခဏအကြာ၌ ဖြေ၏။

"အင်း ... ကျွန်တော်လည်း မြင်ဖူးသလိုလိုပဲထင်တယ် ကိုတင့်လွင်"

"ကဲ....ကျွန်တော်ပဲ ပြောမယ်ဗျာ၊ ကိုသာစုနဲ့ မတူဘူးလား"

"ဗျာ...ကိုသာစု၊ အရှူးကိုသာစု"

"ဟုတ်တယ်၊ ကိုသာစုကို ကျွန်တော် သံသယရှိနေတာ၊ စခန်းမှူးကို ကျွန်တော် ပြောပြဖူးသားပဲ"

စခန်းမှူးသည် ဓာတ်ပုံကိုယူ၍ ကြည့်ပြန်၏။ သည်ဓာတ်ပုံတွင်းမှ လူ၏မျက်နှာတွင်ကား ပါးမြိုင်းမွေး၊ နှုတ်ခမ်းမွေးများ မရှိ၊ ဆံပင်ကလည်း မရှည်။ လက်ရှိကိုသာစု၏ ရုပ်မျိုးတော့ မဟုတ်။ သို့ရာတွင် ကြည့်ရင်းက ဓာတ်ပုံတွင်းမှလူသည် ကိုသာစုနှင့် ပိုပိုတူလာသည်ဟု စခန်းမှူး ထင်လာ၏။

"အင်း...ဟုတ်တယ်ဗျို့ ကိုသာစုနဲ့ တူတယ်"

ရဲအရာရှိကြီးက ဝင်မေး၏။

"ကိုသာစုဆိုတာ တို့မနက်က ဒီမှာတွေ့ခဲ့တဲ့လူလား"

"ဟုတ်တယ်လေ ဆရာ၊ ဆရာကတောင် ကိုသာစုကို မြင်ဖူးသလိုလို ရှိတယ်လို့ မှတ်ချက်ပေးခဲ့သေးတယ်"

အရာရှိကြီး၏မျက်နှာသည် တစုံတရာ သဘောပေါက်ဟန် ဝင်းထိန်သွား၏။

"ဟုတ်ပြီဟေ့၊ ဟုတ်ပြီ။ ဒီလူကိုမြင်တော့ ငါ ဒီဓာတ်ပုံကို သွားသတိရမိတယ်ထင်တယ်၊ ခက်တယ် မောင်တင့်လွင်၊ ငယ်ငယ်တုန်းက ငါလည်း မှတ်ဉာဏ် သိပ်ကောင်းသပေါ့။ အခု အသက်က ပင်စင်နားနီးလာတော့ တယ်မကောင်းချင်တော့ဘူး၊ ဒါထက် မင်း ခုနကပြောတဲ့ အဲဒီလူ အဲ... ကိုသာစုကို သံသယရှိနေတယ် ဆိုတာ ဘာပြောတာလဲ"

"ဟုတ်ကဲ့၊ ဇာတ်လမ်းကတော့ နည်းနည်းရှည်တယ်"

ယင်းသို့ နိဒါန်းခံလိုက်ပြီး ဦးတင့်လွင်သည် နေရာပြင်ထိုင်၍ စတင်ပြော ပြသည်။

"ကျွန်တော် ဒီပြောင်းလာတော့ ဒီမြို့ကလူတွေက ကိုသာစုကို အရှုး တယောက်အဖြစ် ကောင်းကောင်းလက်ခံပြီးတဲ့အချိန် ဖြစ်နေတယ်၊မြန်မာမြို့တွေဟာ တခြားလူစိမ်းသူစိမ်းတယောက်ကို သံသယနဲ့ ကြည့်ကောင်းကြည့်မယ်ဖြစ်ပေမယ့် လေလွင့်ရောက်လာတဲ့ အရူးတယောက်ကိုတော့ သာမည သဘောထားပြီး ဥပေက္ခာရှုထားမြဲ ဓမ္မတာပဲ၊ မြို့တိုင်း မြို့တိုင်းမှာ ဒီလို လေလွင့်ရောက်လာတဲ့ အရူးဆိုတာကလည်း ဖြစ်ရိုးဖြစ်စဉ်ပဲ၊ အဆန်းမဟုတ်ဘူး၊ ကျွန်တော်က အမှတ်မထင် စကားစပ်မိရာက ကိုသာစုဟာ မင်းတရား ဘာအေးလို ဌာနေမဟုတ်၊ တခြားက ရောက်လာတာ၊ ရောက်လာတာဟာလည်း မကြာသေးဘူးဆိုတာ သိရတယ်၊ တခါ သူ ရောက်လာတဲ့အချိန်နဲ့ ရန်ကုန်မှာ ဦးသန့်ကိစ္စက စတဲ့အရေးအခင်းတွေ ပေါ်ချိန်နဲ့ ကိုက်နေတာလည်း သတိပြုမိတယ်၊ ဆရာ ရိပ်မိမှာပေါ့၊ ဒီအရေးအခင်းတွေက ကျွန်တော့်ဦးနှောက်ထဲ စွဲနေတာ၊ ထမင်းလုံး တစ္ဆေခြောက်သလိုတောင် ခြောက်နေတာ၊ ဒါနဲ့ ကျွန်တော် ကိုသာစုကို စတင်ပြီး မသိမသာ စုံစမ်းထောက်လှမ်းတယ်၊ ကျွန်တော် သိရ တွေ့ရတာက ပထမ မထူးဘူး၊ ကိုသာစုဟာ အရူး တယောက်ပဲ၊ ပြောပုံ ဆိုပုံ နေပုံထိုင်ပုံက အရူးပဲ၊ ဟိုဒင်း ယဉ်ယဉ်လေးနဲ့ ရူး နေတဲ့ အရူးမျိုး၊ ဘဝင်ခပ်မြင့်မြင့် အရူးမျိုး၊ ပါရာနွိုင်းယားလို့ ခေါ်တယ်ထင်တယ်၊ အဲဒီပုံစံ အရူးမျိုး၊ ဒါနဲ့ ကျွန်တော်လည်း ကိုယ့်ကိုယ်ကိုယ်ကောင် ဝီရိယလွန်တယ်လို့ အပြစ်တင်ပြီး စုံစမ်းထောက်လှမ်းမှု ရပ်လိုက်တယ်၊ သူ လက်ရှိနေနေပုံကလည်း ပြည်သူကို အန္တရာယ်မှ မပေးဘဲကိုး။ သူ့ကို ကောက်ယူကျွေးမွေးလက်ခံထားတဲ့ ဦးကြီးထွန်းသာကလည်း ဒီနယ်မှာ လူလေးစားရိုသေထိုက်တဲ့ လယ်သမားကြီး တဦး ဖြစ်နေပြန်တယ်၊ ဒါပေမဲ့ ကျွန်တော့်ရင်ထဲမှာ အထုံးလေး မပြေဘူး၊ ကျွန်တော့်မှာက အင်းစတင့်(ထ်)ဆိုတဲ့ ဗီဇပါ အသိစိတ်လေးတမျိုးရှိတယ်၊ အဲဒီစိတ်လေးက မကျေနပ်ဘူး၊ ကျွန်တော့်စိတ်ထဲ တစုံတရာ အနံ့ရတဲ့ အမဲလိုက်ခွေးလို ဖြစ်နေတယ်၊ ဒီတုန်း ဟိုတနေ့က အခေါင်ငြိမ်းဆိုတဲ့ ကောင်ကလေးတယောက်ဆီကနေ မမျှော်လင့်ဘဲ ကိုသာစုအကြောင်း ထပ်သိရတယ်။ ကိုသာစုဟာ အင်္ဂလိပ်စာတတ်တယ်၊ သူတို့ကို အင်္ဂလိပ်စာ သင်ပေးတယ်၊ ရှိတ်စပီးယားရဲ့

ပြဇာတ်ထဲက စာတွေတောင် ရွတ်ပြတယ်တဲ့”

ဦးတင့်လွင်က ခေတ္တနားလိုက်သည်။ ရဲအရာရှိကြီးက အံ့ဩဟန်ဖြင့် မေး၏။

“အရှူးကိုသာစုက အင်္ဂလိပ်စာတတ်တယ်၊ ရိုက်စပီးယားရဲ့စာကို ရွတ်ပြ တယ်၊ ဟုတ်လား”

“ဟုတ်တယ်၊ ဒါနဲ့ ကျွန်တော် ထပ်အစ်တော့ ကောင်လေးဆီက စကားထပ်ထွက်လာတယ်၊ သူက ကိုသာစုကို အရူးလို့ တပ်အပ်မဆိုဘူး၊ အဲဒီအချက်က စဉ်းစားစရာ ဖြစ်လာတယ်၊ ဒီကောင်လေးတွေက ကိုသာစုနဲ့ လက်ပွန်းတတီးနေတာ မဟုတ်လား၊ သူများတွေက အဝေးက ခန့်မှန်းကြတာ၊ ဒါနဲ့ ကျွန်တော်လည်း စုံစမ်းရေး ပြန်စတယ်၊ စာအုပ်ဆိုင်က ကိုစိန်လှိုင် ဆိုတာက ကိုသာစု ရောက်လာတဲ့နေ့ကို ကောင်းကောင်းမှတ်မိတယ်။ သူက အဲဒီနေ့မှာ မှတ်မှတ်ရရပဲ မသင်းနုဆိုတဲ့ ကောင်မလေးကို ရှားပါးတဲ့ စာအုပ်တအုပ် ရောင်းတဲ့နေ့တဲ့။ ပြီးတော့ အဲဒီနေ့က လည်း စာဆိုတော် ဟောပြောပွဲလုပ်တဲ့နေ့တဲ့။ ပထမတော့ ကျွန်တော်လည်း စိတ်ပျက်သွားတယ်။ စာဆိုတော်နေ့က ဒီဇင်ဘာလ ဆယ့်လေးရက်မှာကျတယ်၊ ရန်ကုန် အရေးအခင်းတွေက ဆယ့်နှစ်ရက်၊ ဆယ့်သုံးရက် အဲဒီရက်တွေမှာ ဖြစ်တယ်။ ထားပါတော့။ နှစ်ရက်လောက် ကွာတယ်ဆိုပါတော့။ နှစ်ရက်လောက်နဲ့ ရန်ကုန်က တိမ်းရှောင်လာတဲ့လူက လေးမျက်နှာကို ရောက်လာနိုင်ဖို့ မလွယ်ဘူး၊ ကျွန်တော့် သီအိုရီက ဒီနေရာမှာ အံချော်နေတယ်။ ကျွန်တော် အစိုးရိမ်လွန် အတွေးခေါင်ရာကျနေ တယ်။ ဒါပေမဲ့ မနေ့ညက လူကြီးတွေလာမယ့်ကိစ္စ ဆွေးနွေးကြရင်းက ဦးမျိုးခိုင်နဲ့ စကားစပ်မိကြတယ်။ ဦးမျိုးခိုင်က စာပေလည်း ဝါသနာပါတော့ စာဆိုတော်နေ့ စီစဉ်ရေးမှာ ပါခဲ့တာကိုး။ သူ့ဆီက အတိအကျ သိရတာက စာဆိုတော်နေ့ဟာ စာဆိုတော်နေ့မှာ လုပ်တာမဟုတ်ဘူးတဲ့၊ အဲဒီရက်တဝိုက်မှာက အခြေအနေတွေက မကောင်းတော့ ဘာပွဲလမ်းမှ မလုပ်ဘူးတဲ့။ တကယ်လုပ်ဖြစ်တာက နှစ်ဆယ့်တရက် ကျမှတဲ့။ အဲဒီလိုဆိုရင်တော့ ကိုသာစု ဒီကိုရောက်တာဟာ နှစ်ဆယ့်တရက်နေ့၊ ရန်ကုန်မှာ ဖြစ်ပျက်တာနဲ့ ကိုးရက်လောက်ကွာတယ်၊ ရန်ကုန်က ကိုသာစု ရှောင်လာတာဆိုရင် ကောင်းကောင်းဖြစ်နိုင်တယ်၊ အဲ...ဦးမျိုးခိုင်ဆီကပဲ ဘာသိရသေးသလဲ ဆိုတော့ ဦးကြီးထွန်းသာရဲ့တူမ မသင်းနုက သူ့ဆီ လာစုံစမ်းသတဲ့၊ တိုင်ကြား အသိပေးတာလို့လည်းခေါ်နိုင်တယ်။ ကိုသာစုမှာက အမျိုးသားမှတ်ပုံတင်ကတ်လည်း မရှိဘူး၊ ဘယ်သူဘယ်ဝါ ဆိုတာ တခြားဘာအထောက်အထားမှလည်း မရှိဘူးတဲ့”

“ဟော..ဘယ်သူဘယ်ဝါဆိုတာ ဘာအထောက်အထားမှလည်း မရှိဘူး၊ ဒါနဲ့ သူ့ကို ဘာလို့ ကိုသာစုလို့ ခေါ်ကြသလဲ”

“အဲဒါကလည်း ဒီက နောက်ခေါ်ကြတဲ့ နာမည်၊ ကိုစိန်လှိုင်ပြောတော့ သူပေးထားတဲ့ နာမည်တဲ့”

အရာရှိကြီး၏ မျက်နှာသည် အနည်းငယ် မှုန်သွား၏။ ဓာတ်ပုံကို ထပ်ကြည့်ပြီး မကျေနပ်ဟန်ဖြင့် ခေါင်းကိုခါ၏။

“မောင်တင့်လွင် သတိရှိတာလေးတော့ ချီးမွမ်းတယ်၊ ဒါပေမဲ့ မင်းက သတိသာရှိတာ၊ လက်က နှေးတာကိုး”

ဦးတင့်လွင်က မျက်လွှာကို အောက်ချထားလိုက်၏။ အပြစ်တင်ခံရမည်ကို မျှော်လင့်ပြီးသားပါ။ လက်နေးသည်။ မှန်သည်။ မိမိ ချင့်ရချိန်ရနှင့် လက်နေးသည်။ လက်နေးတော့ အပြစ်တင်ခံရသည်။ လက်မြန်ပြန်တော့လည်း မှားခဲ့သော် အင်း... အပြစ်တင်ပဲ ခံရဦးမည်။

ဦးတင့်လွင်က အကူအညီတောင်းဟန်ဖြင့် စခန်းမှူးကို လှမ်းကြည့်သည်။ စခန်းမှူး မနေသာ။ လည်ချောင်းရှင်းပြီး ဝင်ထုချေ၏။

"ဒီကိစ္စက ကိုတင့်လွင်ချည်း မဟုတ်ပါဘူး၊ ကျွန်တော့်မှာလည်း တာဝန်ရှိပါတယ်၊ ခက်တာက ကျွန်တော်တို့ဘက်မှာ ဘာရှိသလဲ၊ ကိုတင့်လွင်ရဲ့ သီအိုရီ အဲ... တွေးဆချက်၊ ဒါပဲရှိတယ်၊ အရှူးတယောက်ကို ဖမ်းပြီးမှ ဘာမှမဟုတ်လို့ ပြန်လွှတ်ပစ်ရတော့ ကျွန်တော်တို့ပဲ အရှူးဖြစ်ပြီး လူအရယ်ခံရမယ်"

"ဟာ..မင်းဟာကလည်း လူအရယ်ခံရတော့ကော ဘာဖြစ်သလဲ၊ ပြည်သူ့လုံခြုံရေးအတွက် လုပ်ရတာကွ"

"ဆရာတို့အဆင့်ကတော့ ဟုတ်ပါတယ်၊ ကျွန်တော်တို့အဆင့်မှာတော့ အများကြီး စဉ်းစားရပါတယ်၊ မဟုတ်ရင် ဦးကြီးထွန်းသာဆိုတဲ့ လူကြီးကလည်း ခေါင်းငုံ့ခံမယ့် လူစားကြီး မဟုတ်ဘူး၊ ကိုတင့်လွင် ပြောသလိုပဲ ဒီနယ်မှာ သူ့ကို ရိုသေလေးစားကြတယ်"

"မင်းတို့ပြောတာ ငါသဘောပေါက်ပါတယ်၊ လူတယောက်ရဲ့ လွတ်လပ်ခွင့်ကို အကြောင်းမဲ့ မဆုံးရှုံးစေရဘူး၊ ဒါက တို့ဖွဲ့စည်းပုံ အခြေခံဥပဒေက အာမခံထားချက်ပဲ၊ ဒါကို တို့လေးစားရမယ်၊ မှန်တယ်၊ ဒါပေမဲ့ အခုကိစ္စမှာက ဘယ်သူ ဘယ်ဝါရယ်လို့ ဘာအထောက်အထားမှ မရှိတဲ့ လူတယောက်၊ ဘာတွေလုပ်ခဲ့ပြီး ဘယ်ကလာမှန်းမသိတဲ့ လူတယောက်၊ အချိန်အခါနဲ့ အခြေအနေကလည်း ပြည်သူ့လုံခြုံရေးကို မျက်စိဒေါက်ထောက် သတိထားရှုကြည့်ရမယ့် အနေအထား၊ မင်းတို့ လက်နေးတယ်"

မျက်ခုံးထူကြီးများကိုတွန့်၍ မျက်နှာရှည်ကြီးသည် ငုံ့သွားကာ တစုံတရာကို စဉ်းစားဟန် ငြိမ်နေ၏။ အတန်ကြာမှ ခေါင်းပြန်မော့လာ၏။

"ကဲ...အခုတော့ လက်မနေးနဲ့တော့၊ မင်းတို့ အခုပဲ ကိုသာစုကို သွားခေါ်ကြတော့"

"ခင်ဗျာ..."

"စာတ်ပုံအထောက်အထား ရနေပြီ မဟုတ်လား၊ အင်း.. ဒါတောင် ငါထင်တယ်၊ မီမှ မီပါတော့မလား မသိဘူး"

နားမလည်သော ဦးတင့်လွင်က မေးသည်။

"ဘာကို မမီတာလဲ ဆရာ"

"မင်းပြောသလိုပဲ အနံ့သိတဲ့ အမဲလိုက်ခွေး ဗီဇညှော် ငါ့မှာလည်း ရှိတယ်၊ မနက်က ဒီလူနဲ့ ဆုံခဲ့ရတဲ့အဖြစ်ဟာ ငါ့မျက်စိထဲ အခုပြန်ပေါ်လာတယ်၊ ငါက

မြင်ဖူးသလိုလိုရှိလို့ သူ့ကို စိုက်ကြည့်တယ်၊ သူကလည်း ငါ့ကို ပြန်ကြည့်နေတယ်၊ မျက်လုံးဆိုတာ ကြည့်ကြတာပဲပေါ့၊ ဒါပေမဲ့ မသိသူကိုကြည့်တဲ့ မျက်လုံးနဲ့ သိသူကိုကြည့်တဲ့ မျက်လုံးဟာ ကွာခြားတယ်၊ သူ ငါ့ကိုကြည့်တဲ့ မျက်လုံးက သိသူကို ကြည့်တဲ့မျက်လုံးမျိုးလို့ ငါထင်တယ်၊ ငါ့ကို ဘယ်သူ သိကြသလဲ၊ ရန်ကုန်က ရာဇဝတ်မှုခင်းနဲ့ မကင်းကြတဲ့လူတွေဟာ ငါ့ကိုသိကြတယ်၊ ငါ သူ့ကို မှတ်မိတယ်လို့ သူထင်သွားသလား၊ အဲဒီလို ထင်သွားရင်တော့ သူဟာ အမြန်ဆုံး ရှောင် ထွက်သွားလိမ့်မယ်၊ ဘယ်လောက် အမြန်ဆုံး သူရှောင်နိုင်မလဲ၊ တို့ကကော ဘယ် လောက်အမြန်ဆုံး သူ့ကို အုပ်မိနိုင်မလဲ၊ မောင်တင့်လွင် သွားပေတော့၊ အမြန်ဆုံး သွားပေတော့၊ စခန်းမှူးကလည်း မြစ်ဆိပ်တွေနဲ့ ဟိုအိုင်သပြေကူးဆိပ်အထိ ကြိုတင်အထောက်ချထားတော့၊ ကဲ...စ၊ အခု အလုပ်စကြတော့”

အရာရှိကြီး၏ စကားမဆုံးမီတွင် အခြေအနေကို ချက်ချင်းနားလည်လိုက်ကြသော စခန်းမှူးနှင့် ဦးတင့်လွင်တို့မှာ နေရာမှထပြီး ဖြစ်နေကြလေသတည်း။

ကိုသာစုမှာ တုန်လှုပ်ချောက်ချားနေသည်။ မြစ်ဆိပ်ကို ဘယ်ပုံရောက်လာသည်။ မြစ်ကို ဘယ်ပုံကူးလာသည်။ သည်ဟာအားလုံးကို သူ သတိမထားမိ။ မျက်နှာကြီးက ရှည်သည်။ မျက်ခုံးကြီးက ထူသည်။ သည်မျက်နှာရှည်ကြီးနှင့် မျက်ခုံးထူကြီးက သူ့မျက်လုံးတွင်းမှ မပျောက်။ သိသည်။ သိသည်။ အင်း...ဘယ်မှာ သိသနည်း။ သူက မိမိကို စိုက်ကြည့်နေသည်။ လမ်းလျှောက်ခြင်းကိုရပ်ပြီး စိုက်ကြည့် သည်။ သူတို့အနီးမှ မိမိ အမြန်ဆုံး လစ်ထွက်ခဲ့ပြီး နောက်သို့တကြိမ် လှည့်ကြည့်မိသည်အထိ နေရာတွင် သူတို့ ရပ်နေဆဲဖြစ်၏။

လူကြီးက ရဲအရာရှိကို တစုံတရာ မေးနေဟန်တူသည်။ မိမိအကြောင်းကို မေးသည်ပင် ဖြစ်ရမည်။ ရဲအရာရှိက ဘာဖြေသနည်း။ သည်အရာရှိကကော မိမိအကြောင်း ဘာတွေသိသနည်း တဲသို့ ပြန်အရောက်၌ ဦးကြီးက ပြော၏။

“မောင်သာစု မြန်သားပဲ၊ ကဲ..ကဲ...အတော်ပဲ၊ တို့ ထမင်းစားကြရအောင်”

“ဟုတ်...ဟုတ်ကဲ့...ဦးကြီး”

ထမင်းကိုလည်း ဘယ်ပုံစားလိုက်မိမှန်း မသိ။ ထမင်းစားအပြီး၌ ဦးကြီးက ထမင်းလုံးစီရန် တရေးတမောအိပ်၏။ ခါတိုင်းတော့ ကိုသာစုလည်း တမှေးလောက် ငိုက်တတ်သည်။ ရာသီက ပူသည်။ ထမင်းစားပြီးစဆိုတော့ ဗိုက်က လေးသည်။ မှေးလာသော မျက်လုံးများကို အလိုလိုက်ပြီး ခဏလောက် ငိုက်လိုက်ရသည်မှာ အလွန်အရသာ ရှိသည်။ ယခုတော့ မျက်လုံးများက မှေးမလာ။ ငိုက်ချင်စိတ်က လုံးဝမရှိ။ တဲကပြင်တွင် ကိုသာစု ကျကျနနထိုင်ပြီး စဉ်းစားသည်။

ဩော်...လက်စသတ်တော့ ဟိုလူက ရဲအရာရှိ။ သူက မိမိတို့တဲသို့ လာခဲ့သည်။ အိုင်သပြေက ပြန်ခဲ့သည်ဆိုသည်။ ယူနီဖောင်းဝတ်မထား။ အရပ်ဝတ် အရပ်စားနှင့်။ ဒါက ဘာသဘောနည်း။

အိုင်သပြေက ပြန်လာသည် ဆိုခြင်းကကော ယုတ္တိရှိပါသလော။ သာမန် လူတယောက်အနေနှင့်ဆိုသော် ယုတ္တိရှိ၏။ ရဲအရာရှိတဦးသည် စက်ဘီးကြီးစီးပြီး သည်လမ်းက လာမည်လော။ ရဲအရာရှိတဦးအနေနှင့် မော်တော်ပေါ်မှာ စတိုင်နှင့်

စီးလာနိုင်သည်။ နေပူကျဲကျဲတွင် ဖုန်ထူသောတာရိုးလမ်းပေါ်မှာ စက်ဘီးကြုံစီးလိုက်လာသည်ဆိုခြင်းက သဘာဝမကျ။ အရေးတကြီးကိစ္စ ရှိသောကြောင့် ယင်းသို့ ဖြစ်သလို ပြန်လာခဲ့သလော။ အရေးတကြီး ပြန်လာခဲ့သူကကော ဘာကြောင့် မိမိတို့ တဲဆီဝင်ပြီး အေးအေးဆေးဆေး စကားပြော အချိန်ဖြုန်းသွားရသနည်း။

စေ့စေ့တွေးမိသော ကိုသာစုသည် ပိုမိုထိတ်လန့်လာ၏။ မလွဲပါ။ မလွဲကို မလွဲနိုင်ပါ။ ရဲအရာရှိသည် မိမိကို မသင်္ကာသောကြောင့် လာ၍ အကဲခတ်စုံစမ်းသည် ဖြစ်ရမည်။ ဩော်...သည်ပုံအတိုင်းဆိုလျှင် မိမိကသာ မိမိကိုယ်ကိုယ် ဟုတ်လှပြီထင်နေသည်။ ရဲက မိမိကို မျက်စိဒေါက်ထောက် ကြည့်နေလေပြီကော။ သည်ပုံဆိုလျှင် မိမိ သည်မှာ ဆက်နေ၍ ဖြစ်ပါဦးတော့မည်လော၊ မဖြစ်။ မဖြစ်။ ပြေးရဦးမည်။ ဩော် ... ပြေးရလေဦးမည်။

ကိုသာစုသည် ဝမ်းနည်းပန်းနည်း ဖြစ်သွား၏။ ဩော် ..သည်က ပြေးရ မည်။ ဦးကြီးနှင့်ခွဲ၍ ပြေးရမည်။ ကလေးမနှင့်ခွဲ၍ ပြေးရမည်။ မပြေးချင်။ မပြေး... မပြေးချင်၍ မပြေးပြန်တော့လည်း...။

အုတ်တံတိုင်းကြီး။ မှိုင်းညို့သော အုတ်တံတိုင်းကြီး။ အဲသည်ထဲက အခန်းကျဉ်းကလေး။ ကြောက်မက်ဖွယ်သော အခန်းကျဉ်းကလေး။ ကြောက်ရွံ့စိုးရိမ်ခြင်းသည် ကိုသာစု၏ တကိုယ်လုံးကို လွှမ်းခြုံသွားသည်။ လာပြန်၏။ မျက်နှာရှည်ကြီးနှင့် မျက်ခုံးထူထူကြီးကလည်း သူ့မျက်လုံးများတွင် ပေါ်လာ၏။ သည်လူကြီး၏ ဦးခေါင်းပေါ်တွင် ကက်(ပ်)ဦးထုပ်တလုံးတင်လိုက်၊ ပခုံးမှာ စလွယ်နှင့် ယူနီဖောင်း ဆင်ပေးလိုက်။

ရဲအရာရှိကြီးတဦး။ ဟုတ်သည်။ မိမိကောင်းကောင်းသိသော ရဲအရာရှိကြီးတဦး။ ခေါင်မိုးဖြူနှင့် ကားအနက်လေးစီးတတ်သော ရဲအရာရှိကြီးတဦး။

အဲသည် ရဲအရာရှိကြီးကလည်း မိမိကို စေ့စေ့ကြီး စိုက်ကြည့်သွားသည်။ မိမိကို သူမှတ်မိသွားသလော။ သူတို့၏ မျက်လုံးများတွင် မှတ်ဉာဏ်က ဘယ်လောက်ကိန်းနေသနည်း။

ကိုသာစုသည် နေရာမှ ဆတ်ခနဲ ထလိုက်၏။ ဘာလုပ်ရမည်နည်း။ မိမိ ဘာလုပ်ရမည်နည်း။ ပြေး.. ပြေး။ လွတ်အောင်ပြေး။ အချိန်ရှိခိုက် လွတ်အောင်ပြေး။ ဩော်...သည်တချီက ဘယ်ကိုပြေးရမည်နည်း။ စိတ်၏တနေရာက တစုံတခုက မိမိကို ပြေးခိုင်းနေသည်။ သို့ရာတွင် မိမိသည် မပြေးချင်။ ဟိုတခါတုန်းကကဲ့သို့ မိမိသည် မပြေးချင်။ မြတ်စွာဘုရား၊ မိမိက သည်နေရာမှခွာ၍ မပြေးချင်ပါတကား။

ကိုသာစုသည် နေရာတွင် ပြန်ထိုင်၏။ မိမိ မပြေးချင်ပါ။ ဩော်... ပြေးရန်လည်း တကယ်လိုပြီလော။ မိမိ အကြောက်လွန်လေသလော။ အစိုးရိမ်လွန်လေသလော။ ဆိုပါစို့။ ဟိုရဲအရာရှိ မိမိတို့တဲဆီ ရောက်လာခြင်းမှာ မတော်တဆသာ ဖြစ်နေလျှင်။ မနက်က ဟိုလူကြီး မိမိကို စိုက်ကြည့်သည်မှာလည်း မတော်တဆပင် ဖြစ်နေလျှင်။

ဟုတ်သည်။ မတော်တဆလည်း ဖြစ်နိုင်သည်၊ မိမိဘာသာမိမိ လိပ်ပြာမလုံဘဲ အခြောက်တိုက် လန့်နေခြင်းလည်း ဖြစ်နိုင်သည်။ လန့်သည်က ကိစ္စမရှိ၊ မိမိဘဝက လန့်နေရမည့် ဘဝကိုး။ သို့ရာတွင် အခြေအနေသည် မိမိ လန့်သလောက်

အကယ်ဆိုးနေ၍လော။

တွေ၍ စဉ်းစားနေရာမှ ကိုသာစု အကြံရသည်။ ရဲအရာရှိက မိမိကို မသင်္ကာဖြစ်နေသည်မှာ မှန်ခဲ့လျှင်၊ ဟိုလူကြီးကလည်း မိမိကို မှတ်မိသည်မှာ မှန်ခဲ့လျှင် သူတို့ အချိန်ဆိုင်းမည်မဟုတ်။ ယနေ့ပင် လာဖမ်း မည်။ သို့မဟုတ် ညမှာ လာဖမ်းမည်။

မိမိက သတိနှင့် စောင့်ကြည့်နေရုံရှိသည်။ မိမိကိုဖမ်းရန်မှာ သူတို့ မြစ်ကို ကူးရမည်။ တနေရာရာမှ ပုန်းပြီး မိမိက ချောင်းကြည့်နေရုံရှိသည်။ သူတို့လာက အသာရှောင်ထွက်သွားရုံရှိသည်။ သူတို့ မလာလျှင် မိမိအစိုးရိမ်လွန်ခြင်းသာ ဖြစ် မည်။ မိမိက တရက် နှစ်ရက်၊ တည နှစ်ညလောက် ဝီရိယစိုက်လိုက်၍ မမှား နိုင်၊ မသေချာဘဲ လျှောက်ပြေးရမည်ကတော့ အဓိပ္ပာယ်မရှိ။ လျှောက်ပြေးရသည်က မလွယ်ပါ။ မလွယ်သည်ကို မိမိသာလျှင် အသိဆုံး။ ဪ...မလိုအပ်ဘဲနှင့်လည်း မပြေးချင်။ သည်က မပြေးချင်။ ကိုသာစုသည် မိမိကိုယ်ကိုယ် ငုံ့ကြည့်၏။

သူက ဦးကြီး ဝယ်ပေးသော ပိတ်စနှင့် ချုပ်ထားသည့် အင်္ကျီသစ်ကို ဝတ်ထား၏။ တဖက်ကမ်း ကလေးမတို့အိမ်သွားသည်မို့ အင်္ကျီသစ်ကိုဝတ်ခဲ့သည်။

ကိုသာစုက အင်္ကျီအိတ်တွင်း နှိုက်ကြည့်၏။ လိုလိုမည်မည် ထည့်သွားသော ငွေနှစ်ကျပ်က ရှိနေသည်။

ကိုသာစုသည် တဲ၏အတွင်းခန်းသို့ ဝင်လာခဲ့၏။ သူသိမ်းထားသော သူ့မှာ ချမ်းသာသမျှ ငွေသုံးဆယ်ကို အိတ်တွင်းထည့် လိုက်၏။ ပုဆိုးတထည်ကိုယူ၍ ခေါင်းတွင်ပေါင်းလိုက်ပြီး တဲမှထွက်လာခဲ့၏။

သူသည် မြစ်ဆိပ်ဘက်သို့ လျှောက်လာခဲ့၏။ သည်ဘက်ကမ်းကလည်း အတန်မြင့်သည်။ ကမ်းမြင့်မှနေ၍ သောင်သည် ရေစပ်အထိ လျှောနိမ့်ဆင်းနေခြင်း ဖြစ်၏။ သတိနှင့်လာခဲ့သော ကိုသာစုသည် ဟိုဘက်ကမ်းဆီ လှမ်းမြင်ရ၏။ ကိုသာစု ခြေလှမ်းများ ရပ်သွား၏။

မော်တော်တစင်းသည် ဟိုဘက်ကမ်းကို ခွာနေ၏။

မော်တော်ပေါ်မှာက ရဲအရာရှိတဦးနှင့် ရဲသားသုံးဦးအပြင် အရပ်သား နှစ်ဦး ပါလာ၏။ ရဲသားများလက်တွင် ကိုင်ထားသော သေနတ်များကိုပါ တွေ့ရ၏။ ကိုသာစုသည် အနီးရှိ သစ်ပင်တပင်ဆီကပ်ကာ ကိုယ်ကိုကွယ်၍ ချောင်း ကြည့်သည်။

မော်တော်သည် အခေါက်သို့ စုန်မသွား။ သည်ဘက်ကမ်းသို့ တည့်တည့် ကူးလာနေ၏။

ဪ... မိမိတွေးသည်မှာ မှန်သည်။ သူတို့ လာကြပြီ။ မိမိကို ဖမ်းဖို့ သူတို့ လာကြပြီ။

ကိုသာစုသည် နောက်ကြောင်းသို့ ပြန်ဆုတ်ခဲ့သည်။ တာရိုးလမ်းအတိုင်း အိုင်သပြေဘက်သို့ ပြေးရမည်လော။ သို့မဟုတ် အနီးတဝိုက်တွင် ပုန်းခိုနေပြီးမှ ညတွင် မမျှော်လင့်ရာဘက် ရှောင်ထွက်သွားရ မည်လော။

ကိုသာစုသည် မိမိနေခဲ့သော လိုဏ်ကလေးကို သတိရလာ၏။ ကိုသာစုသည် ကိုယ်ကိုကုန်းလျက် မြစ်၏ အထက်ပိုင်းဆီသို့ ပြေးသည်။ ကုန်းလျက် မပြေးသည့်တိုင်အောင် မြစ်တွင်းအောက်မှနေ၍ မိမိကို လှမ်းမမြင်နိုင်ကြောင်း ကိုသာစု သိသည်။

လိုဏ်လေးအနီး ကမ်းပါးသို့ ရောက်သောအခါ မြေမှာ မှောက်လိုက်၏။ ခေါင်းကိုထောင်ကာ သတိဖြင့် ဟိုဟိုသည်သည် ကြည့်ပြီးမှ အောက်သို့ လိမ့်ချလိုက်၏။

ကမ်းပါးကွေ့လေးအတိုင်း ကွယ်ပုန်းလျက် ကိုသာစု ဆက်လျှောက်လာခဲ့သည်။ သုံးလေးလှမ်း လှမ်းပြီးမှ သတိရကာ နောက်ပြန်လှည့်ကြည့်၏။ သောင်၏သဲပေါ်တွင် ခြေရာများ ထင်နေ၏။

ကိုသာစုသည် ခေါင်းမှ ပေါင်းထားသော ပုဆိုးကို ချွတ်ယူပြီး ခြေရာများကို သုတ်ပစ်၏။ လိုဏ်လေးအထိကို နောက်ပြန်လျှောက်သည်။ နောက်ပြန်လျှောက်ရင်း ခြေရာများကို မကျန်အောင် သုတ်သွား၏။

မြေထပ်ပြိုထားသောကြောင့် လိုဏ်၏အဝလေးမှာ ကျဉ်းနေ၏။ အပြင်မှ သာမန်ကြည့်လျှင် အတွင်း၌ လိုဏ်ခေါင်းရှိမှန်း မည်သည့်နည်းနှင့်မျှ မသိနိုင်။ လိုဏ်ဝလေးသည်ပင် ဂရုပြုမိလောက်အောင် မထင်ရှားလှ။

အဝကျဉ်းကျဉ်းလေးမှတိုးကာ ကိုသာစုသည် လိုဏ်လေးအတွင်းသို့ ဝင်ခဲ့၏။

လိုဏ်တွင်းမှာလည်း မိမိသိုက်မြုံလေးအဖြစ် နေခဲ့စဉ်ကလောက် မကျယ်ဝန်းတော့။ သို့ရာတွင် လူတယောက် သက်သက်သာသာတော့ နေနိုင်သည်။

လိုဏ်တွင်း၌ မြေပြိုကျထားသော မြေကြီးတုံးများ ရှိနေသည်။ ကိုသာစုသည် မြေကြီးတုံးများကို မ,ကာ လိုဏ်ဝကို ပိတ်သည်။ လေဝင် ရန်နှင့် ချောင်းကြည့်ရန် အပေါက်သေးသေးတခုသာ ချန်ထားလိုက်၏။

မှောင်မည်းမည်းလေးနေသော လိုဏ်တွင်းဝယ် ကိုသာစုသည် ခြေပစ် လက်ပစ် ထိုင်ချလိုက်၏။

လောလောဆယ်တော့ လွတ်ခဲ့ပြီ။ အနီးတဝိုက် သူတို့ လိုက်ရှာချင် ရှာမည်။ အိုင်သပြေဘက်သွားသောလမ်းအတိုင်း လိုက်ချင်လည်း လိုက်မည်။ သည်လို လိုဏ်လေးအတွင်း ခိုဝင်ပုန်းနေမည်ကိုတော့ စဉ်းစားမိကြမည် မဟုတ်။ ဟိုဘက်နားက စက်ကြီးအတွင်းမှာကလည်း ပုန်းခိုစရာတွေရှိသည်။ အဲသည်ဘက်ဆီ ရှာချင် လိုက်ရှာကြမည်။

ကိုသာစု၏စိတ်သည် တစုံတရာ တွေးမိပြီး ထင့်ခနဲ ဖြစ်သွား၏။ သည်လိုဏ်ကလေးရှိမှန်း၊ သည်လိုဏ်ကလေးတွင် မိမိနေသွားမှန်း ဦးကြီး တယောက်တော့ သိသည်။

ဦးကြီးကများ ပြောလိုက်မည်လော။ ဦးကြီးက သတိရချင်မှ ရမည်။ သတိရတောင် ဦးကြီးသည် ပြောမည်မထင်။

ဦးကြီး၏မေတ္တာကို မိမိယုံသည်။ ဘာပဲဖြစ်နေနေ မိမိဒုက္ခရောက်အောင်တော့ ဦးကြီး မလုပ်ဟု ယုံသည်။

မည်သို့ဖြစ်စေ လောလောဆယ်တွင် ပုန်းအောင်းရန် သည်ထက်ကောင်းသည့်နေရာ မရှိပြီ။ ယခုအချိန်လောက်တွင် ရဲတို့သည် သည်ဘက်ကမ်းသို့ ရောက် လောက်ပြီ။ ယခုအချိန်ကျမှ ဘယ်ကိုမျှ ထသွား၍ မဖြစ်ပြီ။ သောင်ပြင်ကလည်း ဟင်းလင်း။ ကမ်းပေါ်ကလည်း ကွင်းပြောင်။ ဟိုဆန်စက်ကြီး ရောက်သည်အထိ ပုန်းလျှိုးကွယ်လျှိုးသွား၍ မရပြီ။

စိတ်ကို ဒုန်းဒုန်းချ၍ ကိုသာစုသည် လိုဏ်လေးအတွင်း၌ ငြိမ်ငြိမ်ထိုင် နေလိုက်သည်။ တနာရီခန့်အကြာ၌ မော်တော်စက်သံ ပေါ်လာ၏။

သြော်... သူတို့ လက်လျှော့၍ ပြန်ကြပြီထင်သည်။ ထိုအခိုက်တွင်ပင် ကိုသာစု၏စိတ်၌ သံသယတခု ဝင်လာပြန်၏။ မြို့မှလာသော လူကြီးတွေသည် မနက်တုန်းက သည်ဘက်ကမ်းမှ ဟိုဘက်ကမ်းသို့ ကူးခဲ့သည်။ အပြန်လည်း သည်ဘက်ကမ်းမှ ပြန်ကြပေမည်။ ယင်းသို့ ဆိုလျှင် မိမိမြင်ခဲ့သော ရဲတို့သည် လူကြီးတွေ ပြန်ရန်အတွက် ကြိုတင်လာစီစဉ်သူ တွေကော မဖြစ်နိုင်ဘူးလော။ သို့မဟုတ် လုံခြုံရေးအတွက် ကြိုတင်လာနေရာယူ ကြသည်ကော မဖြစ်နိုင်ဘူးလော။

ကိုသာစုသည် လိုဏ်ပေါက်ဝ၌ နားစွင့်ထောင်ကြည့်သည်။ မော်တော်စက်သံမှတပါး ဘာသံမျှ မကြားရ။ လိုဏ်ပေါက်ဝ၌ ပိတ်ထားသော မြေကြီးခဲတို့ကို အသာဖယ်၍ အပြင်သို့ လှမ်းမျှော်ကြည့်သည်။

မြစ်ပြင်တွင် ဟိုဘက်ကမ်းသို့ ပြန်ကူးနေသော မော်တော်ကို လှမ်းမြင်ရ၏။ မော်တော်ပေါ်တွင် ရဲအရာရှိတဦးသာ ပါတော့သည်။ ရဲသားတွေ မပါ တော့။ အရပ်ဝတ်အရပ်စားနှင့်လူက သုံးဦး။ လာစဉ်က မိမိတွေ့လိုက်သည်မှာ နှစ်ဦးပါ။ နှစ်ဦးတည်းပါ။ ယခုက သုံးဦး။ အလို......နောက်တဦးက ဦးကြီး။ ဦးကြီးထွန်းသာ။

ကိုသာစု၏ရင်မှာ နာကျင်သွား၏။ သူတို့သည် မိမိကို မတွေ့သဖြင့် ဦးကြီးကို စစ်မေးရန် ခေါ်သွားကြသည် တူသည်။ မိမိကြောင့် ဦးကြီး ဒုက္ခရောက်တော့မည်လော။

ကိုသာစုသည် ငိုင်လျက် စဉ်းစားနေသည်။ ဦးကြီးကို သူတို့ ဘာလုပ်နိုင် သနည်း။ သူတို့ စစ်မေးရုံသာ စစ်မေးနိုင်မည်။ ဦးကြီးက မိမိအကြောင်း ဘာမျှ မသိ။ ဦးကြီးနှင့် နေစဉ်အတွင်း မိမိက ဘာမျှမဟုတ်တာ မလုပ်ခဲ့။ ဦးကြီး၌ ဘာမျှအပြစ်မရှိ။ ပြီးတော့ ဦးကြီးသည် လူရိုသေလေးစားသော လယ်သမားကြီး တဦး။ ဦးကြီးကိုတော့ သူတို့ ဘာမျှမလုပ်နိုင် ထင်သည်။ အင်း..ထင်သည်။ မိမိ ယခုထွက်အဖမ်းခံလိုက်ရလျှင် ကောင်းမည်လော။

အဖမ်းခံလိုက်လျှင်..။

ကိုသာစု၏ မျက်စိများတွင် ညှိုမှိုင်းမြင့်မားသော အုတ်တံတိုင်းကြီး ပြန်ပေါ်လာသည်။ ပြီးတော့ အခန်းကျဉ်းကလေး။ ကြောက်ဖွယ်သော အခန်းကျဉ်းကလေး။

အဲသည် အုတ်တံတိုင်းကြီးအတွင်းက အခန်းကျဉ်းလေးအထိတော့

ဦးကြီးမရောက်နိုင်ပါ။ သူတို့ ဦးကြီးကို စစ်မေးရုံသာ စစ်မေးနိုင်မည်။ မိမိကို အရှုံးတယောက်ဟုထင်ပြီး သနားကရုဏာဖြင့် ဦးကြီး ကောက်ယူကျွေးမွေးထားသည်ကို လူတိုင်းအသိ။ ဦးကြီး ဘာမျှမဖြစ်နိုင်။ မိမိသာလျှင်၊ အဖမ်းခံလိုက်လျှင် မိမိသာလျှင်……။

ကိုသာစုသည် မော်တော်ဆီသို့ ဝမ်းနည်းစွာ ငေးကြည့်နေမိ၏။ သည့်ပြင်တော့ မတတ်နိုင်။ မိမိ ဘာမျှမတတ်နိုင်။ ဦးကြီးရယ် သာစုကို ခွင့်လွှတ်ပါ။ ကိုသာစုသည် မြေကြီးခဲများဖြင့် လိုဏ်ဝကို ပြန်ပိတ်လိုက်သည်။ အဝကျဉ်းကျဉ်းတော့ ကျန်နေ၏။

မှောင်မည်းမည်းလေးတွင် ငုတ်တုတ်ထိုင်၍ စဉ်းစားရပြန်သည်။

မိမိ ဘာလုပ်မည်နည်း။ ဘာဆက်လုပ်မည်နည်း။ အိမ်ဘက်ဆီ ပြန်သွား၍ မဖြစ်ပြီ။ သည်လိုဏ်တွင်းမှ အပြင်ထွက်၍ လူယောင်ပြရန်ပင် မဖြစ်ပြီ။

ရဲအရာရှိသည် ရဲသားတွေကို သည်ဘက်ကမ်း၌ ချန်ထားရစ်သည်။ တဲမှာ စောင့်သူက စောင့်နေလိမ့်မည်။ ကင်းပုန်းဝပ်၍ ချောင်းသူက ချောင်းနေလိမ့်မည်။ သည်တော့ နေမဝင်မီ မိမိ ဘယ်လိုမျှ မလှုပ်ရှားနိုင်သေး။ အမှောင်ရောက်လာသည်အထိ မိမိက စိတ်ရှည်စွာ စောင့်ရမည်။

အမှောင်ရောက်လာပြန်တော့ကော မိမိက ဘယ်ဆီသွားရမည်နည်း။

အင်း…သည်အတွက်က ကိစ္စမရှိ။ မြစ်ကြီးတစင်းလုံး ရှိနေသည်။ သည်မြစ်သည် လမ်းပင်ဖြစ်သည်။ မိမိလွတ်မြောက်ရေးအတွက် လမ်းကြီးပင် ဖြစ်သည်။ မြစ်ကြီးက ရှည်ပါဘိ။ မြစ်စဉ်တလျှောက်လုံးတော့ သူတို့ အစောင့်ချမထားနိုင်။ မြစ်စဉ်တလျှောက် မျှောသွား။ လူသူကင်းရာ

တနေရာတွင် ကုန်းပေါ်ပြန်တက်။ သည်နောက်တော့ အခြေအနေကိုကြည့်ပြီး စခန်းသွား။ ကိုသာစု၏ရင်တို့က မခုန်တော့။ သူ့စိတ်သည် ပြန်လည်တည်ငြိမ်နေ၏။ သူ့ဦးနှောက်ကလည်း ကြည်လင်နေသည်။

အချိန်က နေမွန်းတည့်လောက်သာ ရှိလိမ့်ဦးမည်။ နေဝင်သွားရန် ကြာမြင့်စွာ စောင့်ရဦးမည်။

ယခင်က သူအိပ်ခဲ့သော အဆင့်လေးပေါ်၌ မြေကြီးခဲတွေ ရှိနေ၏။ ကိုသာစုသည် မြေကြီးခဲများကို တဖက်သို့ ဖယ်ပစ်သည်။ ရှင်းသွားသော အဆင့်လေးပေါ်တွင် ပက်လက်လှန် အိပ်လိုက်၏။

ကျင့်သားရသွားပြီ ဖြစ်သောကြောင့် မှောင်မည်းမည်းလေးရှိသော လိုဏ်တွင်း၌ သူ့မျက်လုံးများက ကောင်းစွာမြင်နေသည်။ အပေါ်၌လည်း မြေကြီး။ အောက်၌လည်း မြေကြီး။ ပတ်ပတ်လည်၌လည်း မြေကြီး။ ထိုင်းတိုင်းတိုင်းအနံ့တမျိုးကလည်း ရှိနေသည်။

ဪ… မြေကျင်းထဲမှာ မိမိပက်လက်လှန်လျက် ရှိနေသည့်တကား။ လူသေလျှင် သည်လိုပင် မြေကျင်းထဲတွင် ပက်လက်လေး ရှိမည်။ လူဆိုသည်မှာ မွေးလာသည် ဆိုကတည်းက သည်လို မြေကျင်းထဲမှာ ပက်လက်လေးရောက်ရန်

ရှေးရှုခရီးသွားခြင်း ဖြစ်သည်။ သို့ရာတွင် ဘယ်သူသည် မြေကျင်းထဲသို့ ပက်လက်လေး ရောက်ချင်မည်နည်း။ ပက်လက်မှမဟုတ်။ မှောက်လျက်ပဲဖြစ်ဖြစ်၊ ငုတ်တုတ်ပဲ ဖြစ်ဖြစ်၊ ဘယ်ပုံစံနှင့်ပဲဖြစ်ဖြစ် မြေကျင်းထဲသို့တော့ မည်သူမျှ ရောက်ချင်မည် မဟုတ်။ မိမိလည်း မရောက်ချင်။ အထူးသဖြင့် မြန်မြန်ထက်ထက် မရောက်ချင်။ ဘဝဆိုသည်မှာ ဖယောင်းတိုင်မီးလေးလိုပါ။ မှောင်ထဲမှာ ထီးတည်းတောက်နေသောဖယောင်းတိုင်မီးလေးလိုပါ။ တနေ့တော့ ဖယောင်းတိုင်မီးလေး ငြိမ်းသွားရမည်။ သူ့အလိုလို တဖြည်းဖြည်း ငြိမ်းသွားရမည်။ သူ့အလိုလို မငြိမ်းခင်တော့ တောက်ပါစေဦး။ တစုံတယောက်က ဟူးခနဲ မှုတ်လိုက်၍တော့ ရုတ်တရက် မငြိမ်းပါစေနှင့်။

အင်း.. မိမိဘဝ ဖယောင်းတိုင်မီးလေး မငြိမ်းချင်သေးပါ။ ဟူးခနဲ အမှုတ် ခံရပြီး မြန်မြန်ထက်ထက် မငြိမ်းချင်သေးပါ။

သည့်တော့ ပြေးရဦးမည်။ လွတ်အောင် ပြေးရဦးမည်။ တနာရီခန့်မျှ ကိုသာစုသည် ဟိုတွေး သည်တွေးနှင့် ငြိမ်နေသည်။ ထိုနောက်၌မူ မျက်စိများလေး၍ အိပ်ချင်လာသည်။ ပထမသော် သူက အိပ်ချင်ခြင်းကို ခုခံတွန်းလှန်နေသည်။ ထို့နောက်၌ သတိတခု ဝင်လာ၏။

မိမိက ညဥ့်၌ လှုပ်ရှားရဦးမည်။ အဘယ်မျှဝေးသော ခရီးကို အဘယ်ပုံဖြင့် ဘယ်မျှကြာအောင် သွားရဦးမည်မှန်း မသိ။ သည့်တော့ အားပြည့်ရန် အိပ်ထားလျှင် ကောင်းမည်။

ကိုသာစုက လိုဏ်ဝဆီ လှမ်းကြည့်သည်။ လိုဏ်ဝကျဉ်းကျဉ်းမှ အလင်း နှင့် ဝင်လာနေသည်။ အင်း လေလည်း ဝင်မည်ပေါ့။ အိပ်နေစဉ် လေမွန်း၍တော့ မသေနိုင်ပါ။

တကာယ်အိပ်မည် ဆုံးဖြတ်လိုက်ပါမှ မျက်လုံးတို့က မအိပ်ချင်ပြန်။ အင်း... မအိပ်ချင်လည်း နေလေရော့။ အိပ်ခြင်းနှင့် သေခြင်းကကော ဘာကွာသနည်း။ အိပ်မက်နှင့် ဘဝဆိုသည်ကလည်း ဘာခြားနားပါသနည်း။ လူ့ဘဝဆိုသည်မှာ အိပ်မက်ရှည်ကြီး မဟုတ်ဘူးလား။ အိပ်မက်ဆိုသည်က မက်နေတုန်းမှာတော့ ဘဝကဲ့သို့ပင် အစစ်အမှန် ဖြစ်နေ သည်။ နိုးလာသည်နှင့် တပြိုင်နက် မရှိတော့။ ဘာမျှမရှိတော့။ ဘဝဆိုသည်က လည်း ဖြစ်နေတုန်းတော့ ရှိနေသည်။ ဖြစ်ပြီးနောက်တော့ ဘယ်ရောက်သွားပါ သနည်း။ ဘယ်မှာလိုက်၍ ဆုပ်ကိုင်ဖမ်းဆီးရမည်နည်း။

ကိုသာစု၏ မျက်လုံးများတွင် မျက်နှာလေးတခုက ပေါ်လာ၏။ အပြစ် ကင်းသောမျက်နှာလေး။ သန့်စင်သော မျက်နှာလေး။

ဩော်...သည်မျက်နှာလေးသည် သူ့စိတ်သန္တာန်ဝယ် အိပ်မက်ပမာသာ ကျန်လေတော့မည်။ ဖြစ်ခဲ့သမျှ ကြုံခဲ့သမျှသည် လွမ်းဖွယ်သော အိပ်မက်ပမာသာလျှင် မှတ်ဉာဏ်ဝယ် ကျန်လေတော့မည်။

မျက်နှာလေးကို မြင်ယောင်ရင်း ကိုသာစု၏ မျက်လုံးများသည် မှေးလာ၏။ မျက်လုံးများ ပိတ်သွားသောအခါ ကောင်းကင်ပြာကြီးကို မြင်နေရသည်။ ကောင်းကင် ပြာကြီးမှာက ဖြူစင်သော လမင်းကြီး။ တဖြည်းဖြည်းနှင့် လမင်းကြီး ပျောက်သွား သည်။ ကောင်းကင်ပြာကြီးလည်း မှောင်သွားသည်။ အမှောင်မှာ ဘာမှမမြင်ရတော့။

ဘာကိုမှ မမြင်ရတော့။

ကိုသာစုသည် မိမိကိုယ်ကိုယ် ခေတ္တသာလျှင် အိပ်ပျော်သွားသည်ထင်၏။ ရင်တွေခုန်၍ နိုးလာသောအချိန်၌ လိုဏ်လေးအတွင်းဝယ် ချောက်ချား ဖွယ်ရာ မည်းမှောင်နေ၏။

လိုဏ်ဝဆီ အသာသွား၍ အပြင်ဘက်သို့ ကိုသာစု မျှော်ကြည့်သည်။ အပြင်ဘက်မှာက နေဝင်သွားပြီ။ အနောက်ဘက် မိုးကောင်းကင်၏ အောက်ခြေမှာက ခရမ်းရောင်တွေ လျှမ်းနေ၏။ အထက်ပိုင်းတွင် ပန်းနုရောင်နှင့် လိမ္မော်သွေး ရောရောယှက်ယှက် ရှိသည်။ ဝါဖန့်ဖန့် စိမ်းလဲ့လဲ့ အသွေးလေးလည်း ရေးရေး ကျန်နေသေးသည်။ မကြာနိုင်ပါ။ ခရမ်းရောင်က အားလုံးကို လွှမ်းသွား လိမ့်မည်။

အိပ်မက်မှနိုးလာသူကဲ့သို့ ကိုသာစုသည် နေဝင်ရာဆီသို့ ငေးကြည့်နေသည်။ ကြေကွဲလွမ်းဆွတ်ခြင်းနှင့် ချောက်ချားအားငယ်မှုတို့က သူ့ရင်ကို လွှမ်းလာသည်။ ဩော်... နေ့တနေ့၏ အတ္တုပ္ပတ္တိသည် ဆုံးလေပြီ။ အမှောင်၏ ရှေ့ပြေး ဖြစ်သော ခရမ်းရင့်ရောင်တို့က လွှမ်းခြုံလာပြီ။

အင်း...သူ့ဘဝတကွေ့မှ ဇာတ်လမ်းလည်း ဆုံးလေပြီ။ အမှောင်ကမ္ဘာဝယ် ဘဝသစ်တခုကို စရတော့မည်။

နေဝင်ရုံမက မိုးစုပ်စုပ်ချုပ်ပြီး၍ မှောင်နှင့်မည်းမည်း ရှိကာမှ ကိုသာစု သည် လိုဏ်လေးအတွင်းမှ ထွက်လိုက်သည်။

သူသည် သောင်ပြင်၌ ဝပ်တွားကာ ဆန်စက်ကြီးရှိရာဘက်သို့ တဖြည်းဖြည်းချင်းလာခဲ့၏။ သည်မှာဘက်၌ လှေလေးတစင်း နှစ်စင်း ရှိတတ်သည်ကို သူ သတိပြုခဲ့မိသည်မှာ ကြာပြီ။

သူမျှော်မှန်းသည့်အတိုင်းပင် ရေစပ်သောင်ပေါ်၌ လှေလေးတစင်းကို တွေ့ရသည်။

လှေနှင့် မလှမ်းမကမ်းတွင် သောင်ပြင်ထက်ဝပ်၍ သူက ပတ်ဝန်းကျင်ကို အကဲခတ်ကြည့်၏။

ပတ်ဝန်းကျင်မှာ တိတ်ဆိတ်၍ မှောင်မည်းနေသည်။ အခြေအနေအားလုံးကို စိတ်ချမှ သူသည် လှေလေးကို ရေပြင်ဆီသို့ တွန်းချသည်။

တိတ်ဆိတ်သောညတွင် လှေ၏ ဝမ်းဗိုက်နှင့် သောင်ပြင်သံတို့ ပွတ်တိုက်သံ သည် သဲ့သဲ့လေးသာ ထွက်ပေါ်လာသည် မှန်သော်လည်း ကိုသာစု၏ နားတွင် ကျယ်လှသည် ထင်၏။

ကိုသာစုသည် ခေတ္တရပ်လိုက်၏။ အသံမပြည်အောင် အထူးသတိထားပြီး နောက်တကြိမ် တွန်း၏။

ထိုအခိုက်တွင်ပင် ဝင်းထိန်စူးရှသော လက်နှိပ်ဓာတ်မီးရောင်ကလေး ပေါ်လာသည်။ ဓာတ်မီး၏ အလင်းရောင်တန်းသည် သောင်ပြင်ကို ဝိုက်သိမ်းဖြတ်ပြီး ကိုသာစု၏ ကိုယ်ပေါ်သို့ တည့်တည့်ကြီး ထိုးရပ်သွား၏။

တင်းမာသော အမိန့်သံလည်း ကမ်းပါးဆီမှ ပေါ်ထွက်လာ၏။

"ရပ်နေ၊ နည်းနည်းမှ မလှုပ်နဲ့၊ ခင်ဗျားဆီ သေနတ်နှစ်လက် ချိန်ထားတယ်"

ပထမသော် ကိုသာစုမှာ ကြောင်သွား၏။ သို့ရာတွင် ခဏဥ္စပင် အခြေအနေကို နားလည်သွား၏။ သူသည် မီးရောင်တန်းဆီ မျက်နှာမူလိုက်ပြီး စိတ်ပျက်စွာဖြင့် လက်နှစ်ဖက်ကို အထက်သို့ မြှောက်ထားလိုက်သတည်း။

*****

အခန်း [၁၉]

လျှပ်စစ်မီးရောင်ဖြင့် ထိန်လင်းသော ရဲဌာနအတွင်းရှိ စားပွဲတွင် ဦးတင့်လွင်သည် သက်ပြင်းကို မှုတ်ထုတ်ပြီး ထိုင်လိုက်၏။

သူသည် ယခုလေးတွင်မှ ထမင်းစားပြီးခဲ့၏။ နံနက်စာနှင့် ညစာကို ပေါင်းစားရခြင်း ဖြစ်သည်။

သည် ကိုသာစုဆိုသည့်လူ အလွန်နှောင့်သည်။ တနေ့လုံး မိမိကို စိတ်ပန်းလူပန်း ဖြစ်စေခဲ့သည်။

အုပ်မိရန်ဟု တဖက်ကမ်းတဲဆီသို့ မိမိ အမြန်ဆုံး သွားခဲ့သည်။ သည်ကြားထဲက မိမိတို့ ရောက်သည့်အချိန်တွင် တဲ၌ ကိုသာစု မရှိတော့။ ဦးကြီးသာလျှင် အေးအေးဆေးဆေး အိပ်ပျော်နေသည်။

မိမိတို့ တဲတွင်းနှင့် တဲပတ်ဝန်းကျင်အနှံ့ ရှာကြသည်။ ကောက်ရိုးပုံပင် မကျန်။ ခိုအောင်း ပုန်းနေရန် ကောင်းမည်ထင်သော ဆန်စက်ကြီးအတွင်းလည်း စေ့စေ့စပ်စပ် ရှာခဲ့သည်။ ဘယ်မှာမှ မတွေ့။

အမှန်တော့လည်း ရှာဖွေခြင်းကို မိမိသည် စိတ်တဝက်တပျက်နှင့် လုပ်ခဲ့သည်။ ကိုသာစုကို တဲ၌ အဆင်သင့် မတွေ့ကတည်းက မိမိရင်တွင်း တွေးဆချက် နှစ်ရပ်သည် စိုးမိုးနေခဲ့သည်။

တွေးဆချက်တခုကား ကိုသာစု လစ်ပြီဟူ၍ ဖြစ်သည်။ လစ်ရန်မှာ တာရိုးအတိုင်း အိုင်သပြေသို့ ခြေလျင်တလမ်း ရှိသည်။ အခြားတလမ်းကား မြို့ဘက်ပြန်ကူး၍ ကြို့ရာမော်တော် သို့မဟုတ် လှေဖြင့် ရေကြောင်းမှဖြစ်သည်။ မြို့ဘက်ကမ်း

တလျှောက်တွင် စခန်းမှူးနှင့် အဖွဲ့က လှုပ်ရှားတာဝန်ယူနေကြပြီ ဖြစ်သောကြောင့် မိမိ မပူ။ အိုင်သပြေ သွားသော တာရိုးတလျှောက်ကိုသာ မိမိက စုံစမ်းရမည်။

အခြားတွေးဆချက်တခုကား ကိုသာစု ဘာမျှမသိသေးဟူ၍ဖြစ်သည်။ ကိုသာစု ယခု တဲ၌မရှိသေးသည်မှာ မတော်တဆ တိုက်ဆိုင်မှု ဖြစ်နိုင်သည်။ သူ့ဘာသာသူ သွားရိုးသွားစဉ် တနေရာရာသို့ သွားနေမည်။ အချိန်တန်က အိမ်ပြန်လာမည်။ မိမိ၏ ဆရာသမားကြီး တွေးသကဲ့သို့ ကိုသာစုသည် ကြိုတင်ရိပ်မိသွား နိုင်သည် ဆိုခြင်းမှာ ဖြစ်တော့ ဖြစ်နိုင်သော်လည်း အတွေးပိုရာလည်း ကျတော့ ကျနေ၏။

ကံကောင်းသည်ကား လူကြီးတွေ ရောက်ချိန်နှင့် ကြုံသောကြောင့် သည်ဘက်ကမ်းတွင် လိုရမည်ရ စောင့်နေသော ဂျစ်ကားတစီး ရှိသည်။ တတွင် ရဲကြပ်ကြီးနှင့် ရဲသားတဦးကို အစောင့်ချန်ထားခဲ့ပြီး ဦးတင့်လွင် က ဂျစ်ကားဖြင့် တာရိုးလမ်းအတိုင်း လိုက်သည်။ လမ်း၌ ကိုသာစု၏ အရိပ်အယောင် ကို မတွေ့။ အိုင်သပြုကားဆိပ်၌ စုံစမ်းသောအခါ၌လည်း ကိုသာစု အသွင်အပြင် မျိုးနှင့် လူတယောက်မျှ ရောက်မလာကြောင်း သိရသည်။

အိုင်သပြုရှိ ပြည်သူ့ရဲများကို တပ်လှန့်ထားခဲ့ပြီး ဦးတင့်လွင် ပြန်လာခဲ့သည်။ ရဲများကို တဲ၌ ဆက်စောင့်စေပြီး ဦးကြီးကိုမူ စစ်မေးရန် တဖက်ကမ်း သို့ မိမိ ခေါ်ခဲ့၏။

ဦးကြီးထံမှ ဘာမျှထူးထူးထွေထွေ စစ်မေး၍ မရ။ ကိုသာစု မည်သူမှန်း ဦးကြီး မသိ။ ဒုက္ခိတ တဦးဖြစ်၍ ကယ်ယူကျွေးမွေးထားသည်။ အကျိုးအကြောင်းကိုလည်း ဦးကြီးက သက်ဆိုင်ရာသို့ အသိပေး တိုင်ကြားထားပြီး ဖြစ်နေ၏။

ဦးကြီး၏ ရိုးသားဖြူစင်မှုကို ဦးတင့်လွင်တို့ ယုံကြည်ကြသည်။ လူစိမ်းသူစိမ်းကို လက်ခံထားသည်ဟု ဆိုနိုင်သော်လည်း သက်ဆိုင်ရာကိုတိုင်ကြားထားသော ဦးကြီးကို အပြစ်မဆိုသာ။ အပြစ်ဆိုစရာရှိလျှင် ပေါ့ဆသော သက်ဆိုင်ရာများသာ ဖြစ်၏။ ထိုပေါ့ဆသော သက်ဆိုင်ရာများတွင် မိမိလည်း ပါဝင်နေ၏။

ဆရာသမား ရဲအရာရှိကြီးက ဦးကြီးကို ဆက်လက်အစ်အခေါက် မေးမြန်းနေစဉ် ဦးတင့်လွင်က စီစဉ်စရာ ရှိသည်များကို ဆက်လက်စီစဉ်သည်။

ကိုသာစုသည် သည်နယ်မှ ထွက်ပြေးလွတ်မြောက်သွားပြီ ဆိုလျှင်ကား မိမိ မတတ်နိုင်တော့။ ယခုအချိန်ဆိုလျှင် အဆင့်ဆင့် တပ်လှန့်ထားပြီးဖြစ်သော အိုင်သပြု၊ နိမ္မာန်၊ ရေကြည်၊ ကျုံပျော်၊ ငါးသိုင်းချောင်း စသော မြို့များမှ ပြည်သူ့ ရဲတို့၏လက်တွင်း ကျရောက်ပါစေဟုသာ ဆုတောင်းရတော့မည်။ သို့ရာတွင် ကိုသာစု သည် မိမိနယ်တွင်း၌ ရှိနေသေးလျှင်ကား မည်သည့်နည်းနှင့်မျှ ထွက်ပေါက်မရှိရန် မိမိပိတ်ဆို့ရမည်။

ဦးတင့်လွင်က ဦးကြီး၏တဲ၌ ကင်းပုန်းချမြဲ ဆက်ချထား၏။ နေဝင်သည် နှင့်တပြိုင်နက် လှေငယ်တက်ဆင်းများ အမှုမဲ့ ဆိုက်ကပ်ထားသော မြစ်ဆိပ်တို့ တွင် နောက်ထပ် ကင်းပုန်းများ ဝပ်ခိုင်းလိုက်၏။

ဤဝီရိယအကျိုးကို မိမိ ယခု ခံစားရသည်။ တနေကုန် လူပင်ပန်း စိတ်ပင်ပန်း ဖြစ်ခဲ့ရပြီးနောက် ကိုသာစုသည် မိမိ၏လက်တွင်း ရောက်လာခဲ့ပြီ။ ဦးတင့်လွင် စိတ်မကျေနပ်သည်မှာ တခုတည်းရှိ၏။

ကိုသာစုကို လက်ဝယ်ဖမ်းဆီးမိသည့်အချိန်၌ ဆရာသမားရဲအရာရှိကြီး မရှိတော့ခြင်း ဖြစ်လေသည်။ ရဲအရာရှိကြီးက လူကြီးများနှင့်အတူ ညနေသုံးနာရီက ပြန်သွားသည်။ သူတို့က ယခုည ကျုံပျော်အရောက်သွားကြရဦးမည် ဖြစ်သည်။ ဆရာသမားကြီးက မိမိကို လက်နှေးသူအဖြစ် မှတ်ယူသွားသည်။ လက်တကမ်းတွင်ရောက်နေသော ရာဇဝတ်ကောင်တဦးကို မိအခေါင် မဖမ်းနိုင်သူအဖြစ်လည်း အထင်အမြင်သေးသွားသည်။

ရှိစေတော့။ ပုသိမ်သို့ ပြန်ရောက်ရောက်ချင်း ဖြစ်စေ၊ မရောက်မီဖြစ်စေ

ကိုသာစုကို မိမိဖမ်းမိကြောင်း သူသိလေမည်။ ထိုအခါတွင် မိမိသည် လက်နေးသော်လည်း အုပ်ပြီဆိုလျှင် ကျားတကောင်ကဲ့သို့ ပိရိသေချာကြောင်း ဆရာသမားကြီး ဝန်ခံချီးမွမ်းရတော့မည်။

ရဲကြပ်ကြီးတဦးက ဦးတင့်လွင်အနီး ချဉ်းကပ်ကာ အလေးပြုပြီးမေး၏။

"တရားခံကို ထုတ်ခဲ့ရတော့မလား ဆရာ"

"မင်းတို့ သူ့ထမင်းကျွေးရဲ့လား"

"ကျွေးပါတယ် ဆရာ"

"စားကော စားရဲ့လား"

"ကောင်းကောင်းစားပါတယ် ဆရာ၊ ကိုယ့်လူက ကြီးတော့ ကြီးကျယ်တယ်၊ ထမင်းစားပြီး စီးကရက်တောင်းတယ် ဆရာ"

"မင်းတို့ ပေးလိုက်သေးလား"

"ဟာ..အဲဒါတော့ မပေးဘူး ဆရာ"

"အေး ... ကောင်းပြီ။ ထုတ်ခဲ့တော့"

ရဲသားနှစ်ဦးက ကိုသာစုကို ထုတ်လာကြသည်။

ရဲကြပ်ကြီးက စားပွဲနှင့် မလှမ်းမကမ်းရှိ ကြမ်းပြင်ကို လက်ညှိုးညွှန်ပြပြီး "ထိုင်" ဟု အမိန့်ပေးသည်။

လက်ထိတ်တန်းလန်းနှင့် ကိုသာစုက ရဲကြပ်ကြီးကို စေ့စေ့ကြည့်သည်။ ထို့နောက် အေးချမ်းစွာ ပြုံးလိုက်ပြီး ခေါင်းခါပြ၏။

"ဘာခေါင်းခါတာလဲ၊ ထိုင်လို့ပြောနေတယ် မဟုတ်လား"

ကိုသာစုက အသာအယာ ရယ်၏။

"ရဲကြပ်ကြီး မေ့နေတယ်ထင်တယ်၊ အခုခေတ် ရုံးတော်မှာတောင် တရားခံဟာ ကုလားထိုင်နဲ့ ထိုင်ရပါတယ်"

ကိုသာစု၏ လေသံက တည်တည်ငြိမ်ငြိမ်နှင့် အေးအေးချမ်းချမ်း ဖြစ်၏။ ရဲကြပ်ကြီးက ပထမသော် မျက်လုံးပြူးသွား၏။ ထို့နောက်မှ ရုပ်ကိုတင်း လိုက်ကာ ဟောက်၏။

"ဒါ ရုံးတော်မဟုတ်ဘူးကွ၊ ရဲဌာန"

"ဟုတ်ကဲ့၊ ရဲဌာနဆိုတာဟာ ရုံးတော်အောက် အများကြီးနိမ့်ပါတယ်"

ရဲကြပ်ကြီး ပါးစပ်ပြဲသွား၏။ ကိုသာစုပါးစပ်မှ ထွက်လာသော စကားသည် သူ

မည်သို့မျှ မမျှော်လင့်သောစကား ဖြစ်နေ၏။

ဦးတင့်လွင်က ရယ်လိုက်ပြီး ဝင်ပြော၏။

"ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ကိုသာစုပြောတာ မှန်ပါတယ်၊ ကဲ... ထိုင်ပါ၊ ဟေ့..သူ့ကို ကုလားထိုင်မှာ ထိုင်ပါစေ"

ရဲသားများက သူ့ကို ဦးတင့်လွင်၏ စားပွဲရှေ့ ကုလားထိုင်ဆီ ခေါ်လာခဲ့၏။ သူက ကုလားထိုင်ပေါ်သို့ ကျနွှေရစွာ ထိုင်ချလိုက်၏။ ဦးတင့်လွင်က ကိုသာစုကို သေချာစွာ အကဲခတ်ကြည့်၏။ ကိုသာစု၏အသွင်၌ သူမြင့်ဖူးသော ရှုးတူးတူး ကြောင်တောင်တောင် အရူး ကိုသာစု၏ အရိပ်အငွေ့ လုံးဝမရှိတော့။ ပြောပုံဆိုပုံက တည်ငြိမ်သည်။ မျက်နှာထားနှင့် ကိုယ်ဟန်အမူအရာက ကျနွှေရှိနေသည်။ ဦးတင့်လွင်က သူ့ထံ စီးကရက်ဘူးကို ထိုးပေး၏။ သူက လက်ထိတ်ပူးခတ်ထားသော လက်များကို မြှောက်ပြ၏။

"ဪ..အင်း..အင်း..၊ ကဲ... လက်ထိတ်လည်း ခဏဖြုတ်ပေးလိုက်ပါကွာ"

တပ်ကြပ်ကြီးက နားမလည်ဟန်ဖြင့် ဦးတင့်လွင်ကို ကြည့်သေး၏။ သို့ရာတွင် ဘာမျှဆင်ခြေမကွန့်တော့ဘဲ လက်ထိတ်ဖြုတ်ပေးရန် ရဲသားကို ထပ်ဆင့် အမိန့်ပေး၏။

လက်ထိတ်ဖြုတ်ပြီးသွားမှ သူက စီးကရက်တလိပ်ကို ယူသည်။ ဦးတင့်လွင်က ဓာတ်မီးခြစ်ကိုခြစ်ပြီး လှမ်းပေးသောအခါ သူက ကိုယ်ကို ကိုင်းညွှတ်ယူလိုက်ကာ ဆို၏။

"ကျေးဇူးတင်ပါတယ်"

ဦးတင့်လွင် ကျေနပ်သွား၏။ ကိုယ့်လူက ယဉ်ကျေးသည်။ လူကြီး လူကောင်းလည်း ဆန်၏။

"ကဲ...ကိုသာစု၊ ကျွန်တော်တို့ အေးအေးဆေးဆေး စကားပြောကြရအောင်"

ကိုသာစုက ခေါင်းကိုညွှတ်လျက် ညိတ်ပြ၏။

"ကိုသာစုနဲ့ ကျွန်တော်တို့ စီးချင်းတိုက်ကြတယ် ဆိုပါတော့၊ ဖဲယား ကွန်ဗက်၊ ဟုတ်လား"

ကိုသာစုက ခေါင်းညိတ်ပြ၏။

"ကျွန်တော်က နိုင်သွားတယ်၊ နိုင်တဲ့ ကျွန်တော်က သဘောထားကြီး ကြောင်းပြတယ်၊ ရှုံးတဲ့ ကိုသာစုကလည်း ယောက်ျားပီပီ အရှုံးကို ရဲရဲဝံ့ဝံ့ ဝန်ခံစေ ချင်တယ်၊ ကျွန်တော်ပြောတာ နားလည်တယ် မဟုတ်လား"

ကိုသာစုက နှုတ်ဖြင့်မဖြေ။ ခေါင်းသာ ညိတ်ပြပြန်၏။

"ဘာပဲဖြစ်ဖြစ် ကျွန်တော်တို့က ခင်ဗျားကို ရန်ကုန်ကို အမြန်ဆုံးပို့ပေး ရတော့မယ်၊ ရန်ကုန်ကို မပို့ခင် ခင်ဗျားဆီက ဖြောင့်ချက် ပြည့်ပြည့်စုံစုံ ကျွန်တော်

လိုချင်တယ်၊ ခင်ဗျား ပေးနိုင်ပဲ့မလား၊ ဖြောင့်ချက်နော်၊ ဖြောင့်ချက်ဆိုတဲ့ စကား အဓိပ္ပာယ်ကိုရော ခင်ဗျား နားလည်တယ် မဟုတ်လား"

"ကျုပ်...အဲ...ကျွန်တော် နားလည်ပါတယ်"

"ကျွန်တော်က အခု ခင်ဗျားဆီက ခင်ဗျားသဘောဆန္ဒအလျှောက်ပေးတဲ့ ဖြောင့်ချက်ကို တောင်းနေတယ်၊ တခုတော့ရှိတယ်။ တခြားလူတွေကလည်း ခင်ဗျားဆီက ဖြောင့်ချက်တောင်းလိမ့်မယ်၊ ဒါပေမဲ့ လူတိုင်းကတော့ အခုလို စီးကရက်ပေးပြီး ဆွေးဆွေးနွေးနွေး တောင်းချင်မှ တောင်းလိမ့်မယ်"

ဦးတင့်လွင်က ပြုံးယောင်ယောင်ပြုရင်း ကိုသာစု၏ မျက်လုံးများကို စိုက်ကြည့်လျက် ပြောခြင်းဖြစ်ရာ ဦးတင့်လွင်၏ မျက်နှာအမူအရာကိုရော စကား အဓိပ္ပာယ်ကိုပါ ကိုသာစုသည်ကောင်းစွာ နားလည်လိုက်၏။

"ကျေးဇူးတင်ပါတယ်၊ ခင်ဗျား ဘာပြောတယ်ဆိုတာ ကျွန်တော် ကောင်း ကောင်းနားလည်ပါတယ်"

ဦးတင့်လွင်က အချက်ပြလိုက်သောအခါ တပ်ကြပ်ကြီးသည် စာအုပ် တအုပ်၊ ဖောင်တိန်တလက်ဖြင့် စားပွဲထိပ်တဖက်၌ အဆင်သင့် ဝင်ထိုင်၏။ ဦးတင့်လွင်က ဖိုင်တွဲတခုကို ကောက်ကိုင်လိုက်သည်။ နံနက်က ရ,ထား သော ဓာတ်ပုံကို ဖိုင်တွဲကြား ညှပ်ထားရာမှ ထုတ်ယူပြီး ကိုသာစုအား လှမ်းပေး လိုက်၏။

"အဲဒီထဲကလူဟာ ခင်ဗျား မဟုတ်လား"

ကိုသာစုက ဓာတ်ပုံကို သေချာစွာ ကြည့်၏။ သူ အံ့သြသွားသည်။ ပုံတွင်းမှာက သူ ဟုတ်သည်။ သို့ရာတွင် သည်ပုံကို သူတို့ ဘယ်ကဲ့သို့ ရ,ထားသနည်း။ မိမိကကော အဲသည်မှာ ဘာလုပ်နေသနည်း။

ဦးတင့်လွင်က ကိုသာစု၏မျက်နှာကို အကဲခတ်ကြည့်ရှုနေ၏။ ကိုသာစု၏ မျက်နှာက အံ့အားသင့်လျက် ဝေခွဲမရသော အသွင်ကို ဆောင်နေသည်ဟု ဦးတင့်လွင် က ထပ်မေး၏။

"အဲဒါဟာ ခင်ဗျားပုံဆိုတာကို ဝန်ခံတယ် မဟုတ်လား"

ကိုသာစုသည် ခေတ္တသော် တွေတွေဖြစ်နေသေး၏။ ပြီးမှ ခေါင်းကို ဖြည်းလေးစွာ ညိတ်ပြ၏။

"နှုတ်နဲ့ပြောပါ၊ ခင်ဗျား ဝန်ခံတယ်ပေါ့"

"အင်း... ကျွန်တော်နဲ့ တူတယ်"

"ဘယ်လို တူတယ်၊ ခင်ဗျား မဟုတ်ဘူးလား"

"ကျွန်တော်နဲ့တူတယ်၊ အဲဒါကို ဝန်ခံတယ်"

ဦးတင့်လွင်၏ စိတ်တွင်းက ပြုံးမိ၏။

လာချေပြီ။ အရှောင်အတိမ်းတို့ လာချေပြီ။ အင်း…တရားခံဟူသည် တရားခံပဲ ဖြစ်၏။ ဖြောင့်ချက်ကို လွယ်လွယ်နှင့် မပေးလိုကြ။

ဦးတင့်လွင်က ကိုသာစု၏မျက်နှာကို အကဲခတ်ကြည့်ပြန်သည်။ သူ့မျက်နှာက အေးချမ်းတည်ငြိမ်ဆဲပင်။ ပကတိ ရိုးသားဖြူစင်နေသည်ဟုလည်း မထင်ချင်ဘဲ လျက်နှင့် ဦးတင့်လွင် ထင်နေ၏။

ဦးတင့်လွင်က နည်းပရိယာယ် ပြောင်းလိုက်၏။

ကိုသာစုကို ဘာမျှဆက်မမေးသေးဘဲ ဖိုင်တွဲကို ဖွင့်ဖတ်ဟန်ပြုသည်။ အမှန်က ဖိုင်တွဲတွင်းက စာများမှာ ကိုသာစုနှင့် ဘာမျှမဆိုင်။

"ခင်ဗျားနာမည်"

ကိုသာစုက သက်ပြင်းတချက် ရှိုက်လိုက်၏။ ထို့နောက် ညင်သာစွာ ဖြေ၏။

"သိန်းအောင်"

ဦးတင့်လွင်က မျက်လုံးများကိုကျဉ်းကာ ကိုသာစု၏မျက်နှာကို သေချာစွာ စိုက်ကြည့်၏။ ကိုသာစု မလိမ်ဟု သူယုံကြည်သည်။

"ကောင်းပြီ၊ ကိုသိန်းအောင်၊ ခင်ဗျား ဘာတွေလုပ်ခဲ့တယ်ဆိုတာ ကျွန်တော်တို့ သိပြီးပြီ၊ ရာဇဝတ်ဘေးဟာ ပြေးလို့မလွတ်ဘူးဆိုတဲ့ စကားကိုလည်း ခင်ဗျား ယုံတယ်မဟုတ်လား"

ကိုသာစုက ပြုံးသည်။ သည်အပြုံးက ဝမ်းနည်းသောအပြုံးဟု ဦးတင့်လွင် က သတ်မှတ်လိုက်၏။

ကိုသာစုက ဝမ်းနည်းစွာပြုံးရင်း ခေါင်းညိတ်ပြ၏။

"အမှန်ကတော့ ခင်ဗျားကို ကျွန်တော်တို့ သိပ်စိတ်မဝင်စားတော့ပါဘူး ကိုသာစု၊ အဲ…ကိုသိန်းအောင်၊ ထားပါလေ၊ ကိုသာစုလို့ပဲ ကျွန်တော် ဆက်ခေါ်ပါ့ မယ်၊ ကျွန်တော်တို့ စိတ်ဝင်စားတာက ခင်ဗျားရဲ့ အဆက်အနွယ်တွေ ဆိုပါတော့ဗျာ။ အဆက်အနွယ်ဆိုတာက ခင်ဗျားနဲ့ မကင်းခဲ့တဲ့လူတွေအားလုံး၊ ကုန်ကုန်ပြောမယ်၊ ဦးကြီးထွန်းသာတို့၊ မသင်းနတို့…"

သည်စကားရပ်များကိုတော့ ဦးတင့်လွင်က အရမ်းပစ်သွင်းကြည့်လိုက်ခြင်း ဖြစ်၏။ သို့ရာတွင် ပစ်ချက်က မှန်သွား၏။ တည်ငြိမ်သော ကိုသာစု၏သဏ္ဌာန်မှာ သိသိသာသာ တုန်လှုပ်သွားကြောင်း ဦးတင့်လွင် မြင်လိုက်ရ၏။

ဦးတင့်လွင်က မေး၏။

"ဦးကြီးထွန်းသာတို့၊ မသင်းနတို့ဟာ ခင်ဗျားအကြောင်း ဘယ်လောက် သိကြသလဲ"

"ဦးကြီးနဲ့ ကလေးမကို ခင်ဗျား ဒီထဲဆွဲမထည့်ပါနဲ့ဗျာ၊ သူတို့ ဘာမှ မသိရှာကြပါဘူး"

"အဲဒါက ခင်ဗျား ပြောတာလေ"

"ဒါပေမဲ့ ကျုပ် ခုချိန်အထိ ခင်ဗျားကို မဟုတ်တာ တခုမှ မပြောခဲ့သေးဘူး"

ကိုသာစု၏အသံမှာ မသိမသာ မာနေ၏။ ကျွန်တော်အစား ကျုပ်ဟု သုံးသည်ကိုလည်း ဦးတင့်လွင် သတိထားလိုက်၏။

ဦးတင့်လွင်က စကားဦးကို လှည့်လိုက်ပြန်၏။

"ခင်ဗျားဟာ ရန်ကုန်ကနေ ဒီဘက်ကို ရှောင်တိမ်းလာခဲ့တယ်၊ ဘာရည်ရွယ်ချက်နဲ့ ရှောင်တိမ်းလာတာလဲ"

သည်အမေးကိုတော့ ကိုသာစုက ရယ်၏။

"ရယ်စရာ မဟုတ်ဘူး၊ မေးနေတာကို ဖြေပါ"

"ဝမ်းနည်းပါတယ်၊ မရယ်လို့ ကျွန်တော်က ဘာလုပ်ရမလဲ၊ ရှောင်တိမ်းလာတယ် ဆိုတည်းက ရှင်းနေတာပဲဟာ"

"ဘာရှင်းနေတာလဲ"

"ရှောင်တိမ်းလာတယ် ဆိုတာဟာ ပြေးလာတာပေါ့၊ ပြေးလာတာကလည်း လွတ်ချင်လို့ပေါ့၊ မဟုတ်ဘူးလား"

"တခြားရည်ရွယ်ချက် မရှိဘူးလား"

"ဗျာ...တခြားရည်ရွယ်ချက်၊ ခင်ဗျား ဘာပြောတာလဲ"

"ခင်ဗျား ဦးကြီးထွန်းသာတို့၊ မသင်းနုတို့ကို မစည်းရုံးဘူးလား"

"ဦးကြီးထွန်းသာတို့ ကလေးမတို့ကို ကျုပ်က ဘာလုပ်ဖို့စည်းရုံးရမှာလဲ"

"အစောင်ငြိမ်းတို့၊ လှစိန်တို့ကိုလည်း ခင်ဗျား အင်္ဂလိပ်စာ ပြပေးတယ်နော်"

"ဟုတ်တယ်၊ ပြပေးတယ်"

"ခင်ဗျားဟာ ကျောင်းသားတွေ၊ လူငယ်တွေအပေါ် စိတ်ဝင်စားသလား"

"ခင်ဗျား မေးတာကို ကျွန်တော် နားမလည်ဘူး"

"မသင်းနုဟာ တက္ကသိုလ်ကျောင်းသူတဦး၊ ဟုတ်တယ် မဟုတ်လား "

"ဟုတ်ပါတယ်"

"ခင်ဗျား ရန်ကုန်တုန်းက မသင်းနုနဲ့ သိခဲ့သလား"

"ကြုံကြုံဖန်ဖန်ဗျာ၊ ကလေးမကို ကျွန်တော်က ဒီကျမှ သိတာပါ"

“မုန်တိုင်းကျမှာကို ခင်ဗျားက ဦးကြီးထွန်းသာကို သွားပြောတယ်၊ ဒီလိုနဲ့ ခင်ဗျားဟာ ဦးကြီးထွန်းသာအိမ်ပေါ် ရောက်သွားတယ်၊ ဦးကြီးထွန်းသာက မသင်းနုရဲ့ဦးကြီး၊ ဒီလိုနဲ့ ခင်ဗျားဟာ မသင်းနုတို့အိမ်သား ဖြစ်သွားတယ်၊ နောက်တဆင့်အနေနဲ့က အခေါင်ငြိမ်းတို့ လုစိန်တို့နဲ့ ခင်ဗျား ရင်းနှီးသွားတယ်၊ ဒီကလေးတွေကို ခင်ဗျားက စာပြပေးနေတဲ့ အဆင့်တောင် ရောက်သွားပြီ။ အဲဒါဟာ ခင်ဗျားရဲ့စည်းရုံးရေးအစ မဟုတ်ဘူးလား”

ကိုသာစုသည် ဦးတင့်လွင်ကို နားမလည်စွာ ေးကြည့်၏။

“ခင်ဗျား...ဘာတွေလျှောက်ပြောနေတာလဲ”

ဦးတင့်လွင်က မိမိကိုယ်မိမိ ကျေနပ်သူတဦးကဲ့သို့ ပြုံးလိုက်၏။

“ခင်ဗျားက ကျွန်တော့်ကို မေးခွန်းပြန်ထုတ်နေတယ်၊ ခင်ဗျား အရှုံးယောင်ဆောင်လိုက်တဲ့ ဉာဏ်ကလေးကိုတော့ ကျွန်တော် လှိုက်လှဲစွာ ချီးကျူးပါ တယ်၊ ဒါပေမဲ့ ကိုသာစု၊ ခင်ဗျား ဉာဏ်ထပ်ကစားပြဖို့အချိန်က လွန်သွားပါပြီ၊ အစတည်းက အပြန်အလှန် သဘောထားကြီးကြဖို့ ကျွန်တော် နိဒါန်းခံထားခဲ့တယ်နော်”

“မှန်ပါတယ်”

“အချိန်မကုန်၊ လူမပန်းကြရအောင် စကတည်းက ရိုးရိုးလေး ခင်ဗျားဆီက ကျွန်တော် ဖြောင့်ချက်တောင်းခဲ့တယ်၊ ခင်ဗျားကလည်း ပေးပါမယ်လို့ ဝန်ခံခဲ့တယ်၊ ဟုတ်ရဲ့လား”

“ဟုတ်ပါတယ်”

“ဒါပေမဲ့ အခု ခင်ဗျားက ဖြောင့်ချက်မပေးဘူး”

“ကျွန်တော် မပေးဘူး၊ ဟုတ်ရဲ့လား၊ နေပါဦး၊ ခင်ဗျားက ကျွန်တော့် ဆီက ဘာဖြောင့်ချက်တောင်းနေတာလဲ”

ဦးတင့်လွင်က ဓာတ်ပုံကို ကိုသာစုရှေ့ ထပ်မံထိုးပေးလိုက်၏။ ကိုသာစုက ဓာတ်ပုံကို တချက်ကြည့်၏။ ထို့နောက် မေးသည်။

“အဲဒါကကော ဘာသဘောလဲ”

ဦးတင့်လွင်သည် စိတ်မရှည်တော့သောဟန် တမင်လုပ်၍ စားပွဲကို လက်ဝါးဖြင့် ဖျန်းခနဲမြည်အောင် ရိုက်၏။

“ဒီမှာ ကိုသာစု၊ ခင်ဗျားဟာ ရန်ကုန်မြို့လယ် အဓိကရုဏ်းတွေမှာ ပါခဲ့တဲ့လူ၊ ပြီးတော့ ဒီဘက်ကို ရှောင်တိမ်းလာခဲ့တယ်၊ ဒီကျတော့ အလွှန်လိမ္မာ ပါးနပ်စွာနဲ့ စည်းရုံးရေးလုပ်တယ်၊ တကြိမ်က ဖိုးစိန်ကြီးရဲ့ သီချင်းတပုဒ်ကို ခင်ဗျား ဆိုခဲ့တယ်၊ အခု ကျုပ်ကလည်း ဆိုပြရမယ်ထင်တယ်၊ ဒွေးနှစ်ဖော်သံဝါ ငြိစဉ်ကာ၊ မပြေးသော် ကန်ရာရှိပ့်မလား၊ တန်ပါအမိ မဘို့မယ် ဆိုတာလေ၊ ဟဲ..ဟဲ၊ ကိုသာစု ခင်ဗျား ဘာငြင်းချင်သေးလဲ”

ကိုသာစုသည် ပါးစပ်အဟောင်းသားနှင့် ဦးတင့်လွင်ကို ေးကြည့်နေသည်။

အတန်ကြာစွာ ငေးကြည့်နေသည်။ ထို့နောက်မှ ဓာတ်ပုံကို ကောက်ယူကြည့်ကာ စဉ်းစားသည်။

ဪ... သည်လိုကိုး။ လက်စသတ်တော့ သူတို့က မိမိကို အဓိကရုဏ်းမှ တရားခံပြေးအဖြစ် ယူဆနေကြသည်ကိုး။ ဪ...တော်ပါသေးသည်။ အချိန်မနှောင်းသေး။ ချော်လဲရောထိုင်၍ ရသေးသည်။

မျှော်လင့်ချက် ရောင်ခြည်လေးသည် ကိုသာစု၏ ဦးနှောက်တွင်း၌ လက်ခနဲ ပေါ်လာသည်။ သို့ရာတွင် ခဏ၌ပင် ကိုသာစု၏မျက်နှာသည် ညှိုးနွမ်းသွား၏။ ဘာပဲဖြစ်ဖြစ် သူတို့လက်တွင်းမှာ မိမိ၏အဖြစ်သည် တနေ့မဟုတ် တနေ့ ဘွားဘွားပေါ်မည်။ သည်တော့ ဘာကြောင့် အပြစ်မဲ့သူတွေကို ဆွဲသွင်းရ မည်နည်း။

ကြည်ညိုလေးစားဖွယ်သော ဦးကြီး၏မျက်နှာနှင့် တင့်ရှန်းသန့်စင်သော မသင်းန၏ မျက်နှာလေးသည် ကိုသာစု၏ မျက်လုံးများ၌ ပေါ်လာခဲ့သည်။ ဘုရား . ဘုရား ...ခမျာများမှာ ဘာအပြစ်ရှိ၍နည်း။ ဘာကြောင့် သည်အမှုသည် ဦးကြီးနှင့် မသင်းနကို အပတ်ခံရမည်နည်း။

ကိုသာစုသည် ကိုယ်ကို မတ်လိုက်၏။ ဦးတင့်လွင်၏ မျက်လုံးများကို တည့်တည့်ကြီး ကြည့်ပြီးဆိုသည်။

"ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ဒါပေမဲ့ အရာရှိမင်းခင်ဗျာ၊ လူကြီးမင်း မှားနေပြီး တကယ်တကယ်စင်အစောင် မှားနေပြီ"

"ဘာ .. ကျွန်တော် မှားတယ်"

"မှားတယ်၊ ကျွန်တော်က ဘာစည်းရုံးရေးမှ မလုပ်ဘူး၊ ဘာကြောင့်လဲဆိုတော့ လုပ်ဖို့မှ မလိုဘဲ"

"ဘာပြောတယ်၊ လုပ်ဖို့မလိုဘူး"

"ဟုတ်တယ်၊ မလိုဘူး၊ မလိုတဲ့အကြောင်းကို ကျွန်တော် ရှင်းပြရမလား"

"အင်း...ဆိုစမ်းပါဦး"

"အဓိကရုဏ်းက ပြေးလာတဲ့ လူတဦးမှာ နိုင်ငံရေးကိစ္စ မကင်းတော့ စည်းရုံးရေး လိုကောင်းလိုမယ်၊ ဒါပေမဲ့ လူသတ်မှုကြောင့် ထောင်ထဲက ပြေးလာတဲ့ လူတယောက်အတွက် ဘာစည်းရုံးရေးမှ မလိုဘူး၊ ဒီတော့ ကျွန်တော့်အတွက်လည်း မလိုဘူး"

"ဘာ....ခင်ဗျား ဘာပြောလိုက်တယ်"

ကိုသာစုသည် နာကြည်းဝမ်းနည်းစွာ ပြုံးလိုက်၏။ ထို့နောက် တလုံးချင်း ပြော၏။

"ကျွန်တော့်နာမည် သိန်းအောင်ပါ၊ အင်းစိန်ထောင်ထဲက ထွက်ပြေးလာခဲ့တဲ့ လူသတ်မှုတရားခံ သိန်းအောင်ပါ"

ဦးတင့်လွင်သည် ကြားလိုက်ရသည်ကို မယုံမိ။ သူ့စိတ်တွင်း၌ သူ့ရှေ့မှ စားပွဲကြီး ချာချာလည်သွားသည် ထင်၏။

ရဲကြပ်ကြီး၏လက်မှ ဖောင်တိန်လည်း လွတ်ကျသွားလေသတည်း။

✳✳✳✳✳

အခန်း [၂၀]

“မယုံဘူး၊ ဘယ်သူ ဘာပြောပြော ငါတော့ မယုံဘူး၊ အောင်ငြိမ်း နင်ယုံသလား၊ လှစိန်...နင်ကော ယုံသလား”

မသင်းနု၏အသံလေးမှာ တုန်နေ၏။ မျက်လုံးများတွင်လည်း မျက်ရည်များလွှမ်းနေ၏။ ပြောဟန်တွင် ဒေါသရိပ်လေး ပါနေ၏။

မသင်းနုတို့၏ အိမ်နောက်ဖေးခြံတွင်းမှာ သူငယ်ချင်းသုံးဦးက တိုင်ပင်ဆွေးနွေးနေကြခြင်း ဖြစ်၏။

လှစိန်က ခေါင်းခါပြ၏။

“ငါလည်း မယုံဘူး၊ ကိုသာစုကြီးဟာ ဘယ်နည်းနဲ့မှ လူသတ်သမားမဖြစ်နိုင်ဘူး”

အောင်ငြိမ်းကမူ သက်ပြင်းရှိုက်လိုက်၏။

“ခက်တယ်ဟာ၊ ငါ့အနေနဲ့လည်း မယုံချင်ပါဘူး၊ အခုလည်း မယုံသေးပါဘူး၊ ဒါပေမဲ့ သူဟာ လူသတ်မှု တရားခံပြေး သိန်းအောင်ပါဆိုတာ သူ့ဘာသာသူဖွင့်ပြောတာတဲ့၊ နင့်ကို နင့်ဦးကြီးက မပြောပြဘူးလား”

“ပြောပါတယ်၊ ဒါပေမဲ့ ငါ မယုံ ဘူး”

“ဒါဖြင့် နင် ဘာလုပ်ချင်လဲ”

“ငါ ကိုသာစုနဲ့ သွားတွေ့ချင်တယ်”

“နင် နင့်ဦးကြီး သွားတုန်းက ဘာလို့လိုက်မသွားလဲ”

“ဦးကြီးက မလိုက်ရဘူးတဲ့၊ မိန်းကလေးနဲ့ ရဲဌာန မအပ်စပ်ဘူးတဲ့”

“အဲဒါလည်း ဟုတ်တော့ ဟုတ်တာပဲ”

“ဘာဟုတ်တာလဲ၊ နင်ကပါ ရောမကြောင်စမ်းပါနဲ့၊ ရဲဌာန ဆိုတာလည်း ပြည်သူ့ဝန်ထမ်းဌာန တခုပဲဟာ၊ မဟုတ်ဘူးလား လှစိန်”

“အေး...ဟုတ်တယ်၊ ငါလည်း ရဲဌာနထဲ ဝင်ကြည့်ချင်လိုက်တာ”

"ဒါဖြင့် ဒီလိုလုပ်မယ်၊ အခောင်ငြိမ်း နင်နဲ့ ဦးတင့်လွင် မခင်ဘူးလား"

"ဦးတင့်လွင်နဲ့တော့ မခင်ဘူး၊ စခန်းမှူးနဲ့တော့ ခင်တယ်"

"အဲဒါဆို သာဟန်ကျတာပေါ့၊ တို့ သူ့သွားတောင်းပန်ပြီး ကိုသာစုနဲ့ တွေ့ကြရအောင်"

"ဖြစ်ပါ့မလား၊ မသင်းနုရာ"

"ဘာလို့မဖြစ်ရမလဲ"

"သွားတွေ့တာကတော့ ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ မိန်းကလေးတယောက်က အချုပ်ထဲကလူကို သွားတွေ့တာဟာ သင့်တော်ပါ့မလား"

"ဘာလို့မသင့်တော်ရမလဲ၊ ပြီးတော့ ငါတယောက်တည်း တွေ့တာမှ မဟုတ်ဘဲ၊ နင်လည်း ပါတယ်၊ လှစိန်လည်း လိုက်မယ်မဟုတ်လား"

"အို...လိုက်မှာပေါ့၊ နင်တယောက်တည်းတော့ ငါကလည်း မသွားစေချင်ဘူး"

အခောင်ငြိမ်းက စိတ်ရှုပ်ဟန် ခေါင်းကုတ်သဖြင့် လှစိန်က မျက်စောင်းထိုးသည်။

"ဘာလဲ၊ ယောက်ျားလေး သူငယ်ချင်းတယောက်လုပ်ပြီး ဒီလောက်မှ အားမကိုးရဘူးလား၊ နေ...နင် မလိုက်ရင်နေ၊ ငါနဲ့ မသင်းနု နှစ်ယောက်ပဲ သွားမယ်၊ ဘာကြောက်စရာရှိတာမှတ်လို့"

နှစ်ယောက်နှင့် တယောက် ဖြစ်သောကြောင့် အခောင်ငြိမ်း လက်လျှော့ရသည်။ မလျှော့လည်း မဖြစ်။ မသင်းနုက ပျော့ပျော့လေးနှင့် ခေါင်းမာသည်။ လှစိန်က ဆတ်ဆတ်ကြဲကြဲနှင့် ရဲသည်။ နှစ်ယောက်ပေါင်းပြီး ပြောသည့်အတိုင်း လုပ်ကြလိမ့်မည်။

"ကဲပါဟာ၊ ငါပြောပေးပါမယ်၊ ဒီလိုလုပ်၊ ငါ အရင်သွားနှင့်ပြီး ခွင့်ရရင် တခေါက်လာပြောမယ်၊ ရဲဌာနနဲ့ မလှမ်းမကမ်းက နင်တို့ စောင့်နေကြ၊ ဟုတ်ပြီလား"

"အေး ... အဲဒီအကြံ ကောင်းတယ်"

စခန်းမှူးကြီးက သဘောကောင်းသည်။ ကျောင်းသူ မိန်းမပျိုလေးများ ဖြစ်သောကြောင့်လည်း အထူးလေးလေးစားစား ဂရုစိုက်သည်။

သူက မသင်းနုတို့ သုံးဦးကို သူ့စားပွဲရှေ့မှာတင် နေရာချထားပေးပြီး ကိုသာစုကို ခေါ်လာရန် အမိန့်ပေး၏။

ပြောသာ ပြောရသည်။ ရဲဌာနတွင်း မရောက်ဖူးသော မသင်းနုမှာ ရင်လေး အနည်းငယ် ခုန်နေသည်။ ခြေသံနှင့် သံကြိုးချင်း ခိုက်မိသံများ ကြားရသောအခါ ရင်သည် ပိုခုန်လာ၏။ ကိုသာစုကို မြင်ရသောအခါ ငိုချင်လာ၏။

လက်ထိတ်တန်းလန်းနှင့် ကိုသာစုကသာ မသင်းနုကို တည်ငြိမ်သိမ်မွေ့စွာ

ပြုံးပြနုတ်ဆက်၏။

လက်ထိတ်နှင့် ဆက်ထားသော သံချိန်းကြိုးကို ခေတ္တဖြုတ်ပေးပြီး ရဲသားက ခပ်လှမ်းလှမ်းတွင် သွားရပ်နေ၏။

ကိုသာစု ထိုင်ပြီးသောအခါ စခန်းမှူးကြီးက ပြော၏။

"ကဲ..ပြောကြ၊ ပြောကြ၊ လွတ်လွတ်လပ်လပ် ပြောကြ"

စခန်းမှူးကြီးက ယင်းသို့ ခွင့်ပေးပြီး နေရာမှ ထသွား၏။ မသင်းနမှာ ဘယ်ကစ၍ ဘာပြောရမှန်း မသိ။ နူတ်သွက်သော လုစိန် မှာလည်း မျက်ရည်စမ်းစမ်းရှိသော မျက်လုံးများကို ပုတ်ခတ် ပုတ်ခတ် လုပ်နေ၏။ အစောင်ငြိမ်းကမူ ကိုသာစုကိုတလှည့် မသင်းနကိုတလှည့် ကြည့်နေသည်။ ဘာမှ တော့ မပြော။

ကိုသာစုက စပြော၏။

"ကျုပ်ကို မိန်းကလေးတို့ လာတွေ့တာ ကျုပ် ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကလေးမရယ်၊ မင်းတို့ဂုဏ်ပျက်ပါမယ်၊ အိမ်မှာပဲ အေးအေးဆေးဆေး နေကြရောပေါ့၊ ကျုပ်ကိစ္စထဲမှာ မင်းတို့ ကလေးတွေ မပါကြပါနဲ့"

သည်တော့မှ မသင်းန လှုပ်ရှားလာသည်။

"ကျွန်မတို့ ဂုဏ်ပျက်မှာကို ဂရုမစိုက်ဘူး၊ ဂုဏ်ပျက်စရာလည်း ဘာမှမရှိပါဘူး၊ ရှင် အဖမ်းခံထားရတာကို ကျွန်မ လက်ပိုက်ကြည့်နေနိုင်မယ် ထင်သလား၊ ကျွန်မကိုသာ ရှင်ပြောစမ်းပါ၊ ရှင့်အတွက် ဘာကူညီရမလဲ"

"ကျေးဇူးတင်ပါတယ် ကလေးမရယ်၊ ဒါပေမဲ့ မလိုတော့ပါဘူး၊ ပြီးပါပြီ၊ အားလုံး ပြီးနေပါပြီ"

"ရှင်...အဲဒါ ဘာပြောတာလဲ၊ ပြီးပါပြီ၊ အားလုံး ပြီးနေပါပြီဆိုတာ ဘာကို ပြောတာလဲဟင်"

သူက ဝမ်းနည်းဟန် ပြုံးလိုက်ပြီး ခေတ္တငိုင်နေ၏။ ပြီးမှ မေးသည်။

"မိန်းကလေးကို ကျုပ်ပြောပြခဲ့တဲ့ စကားတခုကို မှတ်မိသေးလား"

"ရှင်နဲ့ ကျွန်မ ပြောခဲ့တာတွေက အများကြီးပဲဟာ၊ ရှင် ဘယ်စကားကို မေးတာလဲ"

"မိန်းကလေး မှတ်မိပါလိမ့်မယ်၊ ကျုပ်ရဲ့ခရီးက မြို့ကြီးအဆုံးမှာ ဂနိုင်ကြီးသာ ဆီးခံနေရင် အပင်ပန်းခံပြီး ကျုပ် ဆက်မသွားတော့ဘူး၊ အဲဒီဂနိုင်ကြီးထဲ မှာပဲ ကျုပ် ရာသက်ပန် အိပ်လိုက်တော့မယ် ဆိုတာလေ၊ ကျုပ် မပြောခဲ့ဘူးလား"

"အဲဒီစကားနဲ့ အခုအဖြစ်က ဘာဆိုင်လို့တုံး"

"ဆိုင်ပါပြီကော ကလေးမရယ်၊ ဆိုင်ပါပြီကော၊ ဘဝမှာ ကျုပ်မောလှပါပြီ၊ အခု

ကျုပ်က ဂနိုင်ကြီးထဲမှာ ရောက်နေပြီ၊ ဆက်ပြေးနေလို့လည်း မထူးပါဘူး၊ အဲဒီဂနိုင်ကြီးထဲမှာပဲ ကျုပ် အေးအေးဆေးဆေး အိပ်လိုက်တော့မယ်"

"ဂနိုင်ကြီးထဲရောက်နေပြီလို့ ရှင့်ကို ဘယ်သူပြောသလဲ"

"ကျုပ်ပြောတယ် ကလေးမ၊ ကျုပ်ဘာသာကျုပ်ပြောတယ်၊ ဘာကြောင့်လဲဆိုတော့ ကျုပ်ဘဝကိုကျုပ် အသိဆုံးမို့ပဲ၊ ဒီမှာ ကလေးမ၊ မင်းသနားခဲ့တဲ့ အရူး သာစုဆိုတာကို မေ့ပစ်လိုက်ပါတော့၊ ကျုပ်ဟာ သာစုလည်း မဟုတ်ဘူး၊ ရူးလည်း မရူးဘူး၊ ကျုပ်နာမည် သိန်းအောင်၊ လူသတ်မိခဲ့တဲ့ တရားခံပြေး သိန်းအောင်ပါ၊ ကလေးမနဲ့ ဦးကြီးတို့အပေါ်မှာ လှည့်စားမိခဲ့တဲ့ ကျုပ်ကို ခွင့်လွှတ်ပါ"

မသင်းနုသည် ကိုသာစု၏မျက်နှာကို စေ့စေ့ကြည့်ပြီး မေး၏။

"ရှင်ဟာ လူသတ်ခဲ့တဲ့ သိန်းအောင် ဟုတ်လား"

"ဟုတ်ပါတယ် ကလေးမ"

"ဒါပေမဲ့ ကိုသာစု၊ ကျွန်မ မယုံဘူး"

"ယုံပါ ကလေးမရယ်၊ ယုံပါ၊ ကျုပ် အမှန်ကို ပြောနေတာပါ"

"ကောင်းပြီ၊ ရှင် ဘယ်သူ့ကို သတ်ခဲ့သလဲ"

သူက မဖြေ။ ခေါင်းသာ ကျိုးကျသွား၏။

"ကျွန်မ မေးတာကို ဖြေပါ ကိုသာစု"

သူက ဝမ်းနည်းပင်ပန်းစွာဖြင့် မသင်းနုကို မော့ကြည့်၏။

"ကျုပ် ဒီမေးခွန်းကို မဖြေလို့ မရဘူးလား"

"မရဘူး၊ ရှင့်စကားကို ယုံစေချင်ရင် ကျွန်မ မေးတာကို ဖြေပါ"

"ကျုပ် မဖြေချင်ဘူး၊ ဒါပေမဲ့ မိန်းကလေးက သိချင်တော့ ကျုပ် ဖြေရတော့မယ်၊ ကျုပ်သတ်ခဲ့သူဟာ ကျုပ်..ကျုပ်ရဲ့ မိန်း...မိန်းမ"

မသင်းနု၏ဘေးမှ လုစိန်သည် အံ့ဩထိတ်လန့်သော လေသံတခုကို ရှိုက်ပြုသည်။ အောင်ငြိမ်း၏ မျက်လုံးများက ပြူးကျယ်သွား၏။ မသင်းနုကိုယ်တိုင်လည်း မနည်းအားတင်းလိုက်ရ၏။

"ဪ... ရှင့်မိန်းမကို ရှင်ပြန်သတ်ပြီး ရဲက မဖမ်းခင် ထွက်ပြေးလာတာပေါ့၊ ဟုတ်လား"

"မဟုတ်ပါဘူး၊ ကျုပ်ထောင်ထဲကနေ ပြေးလာခဲ့တာ"

"ရှင် ထောင်ထဲကနေ ဘယ်လိုလွတ်အောင် ထွက်ပြေးနိုင်ခဲ့သလဲ"

သူသည့် ဆတ်ခနဲ မသင်းနုကို မော့ကြည့်၏။ မသင်းနုက မျက်နှာလွှဲ မပစ်ဘဲ သူ့ကို စေ့စေ့ပင် ပြန်ကြည့်နေ၏။ သူ့မျက်လုံးများသည် ဝန်းဝိုင်းကာ တစုံတရာ ဇဝေဇဝါ ဖြစ်နေသည်ဟု မသင်းနု ထင်သည်။

"ပြောလေ၊ ရှင် ဘယ်လိုလွတ်အောင် ထွက်ပြေးနိုင်ခဲ့သလဲ"

"ဪ....အင်း...ကျုပ် ထောင်ဖောက်ပြေးလာခဲ့တာ"

"ထောင်ကို ဘယ်လိုဖောက်သလဲ"

ငိုင်နေပြီးမှ သူက ရယ်၏။

"မိန်းကလေးက သိပ်စပ်စုတယ်။ ထောင်ဖောက်ပြေးခဲ့တယ်ဆိုရင် တော်ရောပေါ့၊ လွယ်လွယ်ကူကူတော့ ဘယ်ဟုတ်မလဲ၊ ကျုပ်ခေါင်းမှာ ဒဏ်ရာတောင် ရခဲ့သေးတယ်"

မသင်းနု၏ ရင်လေးတုန်သွားသည်။ ကျုပ်ခေါင်းမှာ ဒဏ်ရာတောင် ရခဲ့သေးတယ်ဟူသော သူ့စကားက မသင်းနု၏နားတွင် ခြားနားထင်ရှားစွာ မြည်သွား၏။

"ရှင့်ခေါင်းမှာ ဒဏ်ရာရခဲ့တယ် ဟုတ်လား"

"ဟုတ်တယ်"

"ဘယ်လို ရခဲ့တာလဲ"

"ဟာ...အဲဒါတော့ ကျုပ် မသိဘူး"

မသင်းနုသည် ပြုံးလိုက်၏။ သည့်ကိစ္စ ပေါ်ကတည်းက ပထမဆုံး ပြုံးနိုင်သော စိတ်ချမ်းသာသည့် အပြုံးဖြစ်သည်။

"ဪ-ခုနက ရှင့်မိန်းမကို ရှင်(သ)တ်ခဲ့တယ်လို့ ပြောခဲ့တယ်နော်"

သူက ခေါင်းညိတ်ပြ၏။

"ရှင့်မိန်းမနာမည်က ဘယ်သူလဲ"

ဤတကြိမ်တွင်လည်း သူက မသင်းနုကို မော့ကြည့်ပြန်သည်။

"ဖြေလေ၊ ရှင့်မိန်းမ နာမည်က ဘယ်သူတဲ့လဲ"

ညှိုးနွမ်းသော သူ့မျက်နှာသည် အုံ့မှိုင်းသွားသည်။ အုံ့မှိုင်းရာမှတဆင့် တင်းမာခက်ထန်သွား၏။

"ကျုပ် သူ့နာမည်ကို မပြောချင်ဘူး"

"ဘာဖြစ်လို့ မပြောချင်တာလဲ"

“မပြောချင်တာဟာ မပြောချင်လို့၊ ကျုပ် သူ့ကို သူနဲ့ ထိုက်တန်တဲ့နေရာဆီ ပို့လိုက်ပြီးပြီ၊ ကျုပ်ဘဝနဲ့ ကျုပ်သညာမှာ အဲဒီမိန်းမဟာ မရှိတော့ဘူး”

“ဘယ်လို... ရှင့်ဘဝနဲ့ ရှင့်သညာမှာ အဲဒီမိန်းမဟာ မရှိတော့ဘူး၊ ဟုတ်လား”

“ဟုတ်တယ်၊ မရှိတော့ဘူး”

“ရှင် ဒီမိန်းမကို သိပ်မုန်းသလား၊ ဟုတ်လား”

“ခက်ရချည့် ကလေးမရယ်၊ ဒီမေးခွန်းကို မေးနေဖို့ လိုသေးသလား၊ မုန်းတယ်၊ မုန်းတာပေါ့၊ မုန်းလို့ ကျုပ် သူ့ကို (သ)တ်...(သ)တ်...(သ)တ်ခဲ့ရတာပေါ့၊ တော်ပါတော့ ကလေးမရယ်၊ ကျုပ် အသည်းနာလှတယ်။ ဒီအကြောင်းတွေ ထပ်မမေးပါနဲ့တော့”

သူ့အသံက တုန်လာ၏။ မျက်လုံးများတွင်လည်း မျက်ရည်များ လျှံနေ၏။ မသင်းနုကိုယ်နှိုက်က ရင်တွင် ထိခိုက်လာ၏။

“ရှင့်စိတ်ကို ထိခိုက်အောင် လုပ်မိသလို ဖြစ်နေရင် ကျွန်မကို ခွင့်လွှတ်ပါ၊ ဒါပေမဲ့ နောက်ဆုံးတခုလေး မေးပါရစေ ကိုသာစု”

“ဘာများလဲ ကလေးမရယ်၊ မင်းမေးခွန်းတွေက မကုန်နိုင်သေးဘူးလား”

“တခုတည်းပါ ကိုသာစု...နော်”

“ဘာများလဲကွယ်”

“ရှင်ဟာ ကိုသိန်းအောင်၊ ဟုတ်ပါပြီ၊ အဲဒီကိုသိန်းအောင်ဘဝက ရှင် ဘာအလုပ် လုပ်သလဲ”

“ကျုပ်လား...”

သူ့စကားက ဤတွင် ရပ်နေ၏။ မသင်းနုက သူ့မျက်နှာကို မျက်လုံးများ မလွှဲဘဲ စိုက်ကြည့်နေ၏။

““ကျုပ်..ကျုပ်..ကျုပ် မပြောနိုင်ဘူး”

“ရှင်...မပြောနိုင်ဘူး”

“ဟုတ်တယ်၊ သိန်းအောင်ဘဝမှာ ကျုပ်မှာ ဘာမှ အလုပ်မည်မည်ရရ မရှိဘူး”

မသင်းနုက သူ့ကို စိုက်ကြည့်မြဲ ကြည့်နေ၏။ သူက သက်ပြင်းရှိုက်ပြီး ဆို၏။

“ကဲ...ကလေးမ ပြန်ပေတော့၊ ကျုပ်အကြောင်းကို ကလေးမ အခု သိပြီပဲ၊ ကျုပ်ကို မေ့ပစ်လိုက်ပါ၊ သန့်စင်တဲ့ ကလေးမဘဝနဲ့ ကျုပ်ဘဝကို ဘာမှ လာမပတ်သက်နဲ့တော့၊ ကျုပ် ဒီလောက်နဲ့ပဲ စိတ်မကောင်းဖြစ်စရာတွေကို ရပ်ပစ်ချင်တယ်”

မသင်းနကလည်း သက်ပြင်းရှိုက်လိုက်ပြီး တည်ကြည်စွာ ပြော၏။

“ကောင်းပါပြီ၊ ကျွန်မ ပြန်ပါမယ်၊ ဒါပေမဲ့ ကျွန်မတို့ ပြန်ဆုံတွေ့ကြ သေးတာပေါ့”

“ဘယ်လို.. ပြန်ဆုံတွေ့ကြဦးမယ်”

“ဟုတ်တယ်၊ ပြန်ဆုံတွေ့ကြမယ်၊ ကိုသာစုအဖြစ်နဲ့လည်း မဟုတ်ဘူး၊ ကိုသိန်းအောင်အဖြစ်နဲ့လည်း မဟုတ်ဘူး”

“ဘယ်လို..ဘယ်လို၊ ကိုသာစုအဖြစ်နဲ့လည်း မဟုတ်ဘူး၊ ကိုသိန်းအောင် အဖြစ်နဲ့လည်း မဟုတ်ဘူး၊ နို့... ကလေးမရယ် ကျုပ်ကို ဘယ်သူအဖြစ်နဲ့ မင်းက ပြန်ဆုံတွေ့ဦးမှာလဲ”

“ဘယ်သူအဖြစ်နဲ့လဲဆိုတော့ ရှင့်ကို ရှင်အဖြစ်နဲ့”

“ဘာရယ်...ကျုပ်ကို ကျုပ်အဖြစ်နဲ့၊ နေပါဦး၊ အဲဒီ ကျုပ်က ဘယ်သူမို့လဲ”

“အဲဒါကို ကျွန်မ သိသိချင်း ရှင့်ဆီ ကျွန်မ ပြေးလာခဲ့မယ်၊ အခုတော့ သွားမယ် ကိုသာစု၊ ကျန်းမာအောင်နေပါ၊ ကျွန်မ ဒါပဲမှာလိုက်မယ်”

မသင်းနတို့က သူ့ထံမှ ထွက်ခွာသွားကြသည်။ သူက မသင်းန သွားရာကို ပါးစပ်အဟောင်းသားနှင့် ငေးကြည့်ရင်း ခေါင်းကို ဟိုဘက်သည်ဘက် ခါရမ်းလျက် ကျန်ရစ်သတည်း။

*****

အခန်း [၂၀]

ဖမ်းမိပြီး နှစ်ရက်အတွင်းတွင် ဦးတင့်လွင်ကိုယ်တိုင် ကြီးကြပ်၍ ကိုသာစု ကို အချုပ်ဖြင့် ရန်ကုန်သို့ ပို့သည်။ အထက်အမိန့်အရ ရန်ကုန်သို့ တိုက်ရိုက်ပို့သည်ဟုသာ မသင်းနုတို့ သိကြရသည်။ အခြား ဘာမျှစုံစမ်း၍ မရကြ။

မသင်းနုက အိမ်တွင်းမှ အိမ်ပြင်မထွက်။ အခြေခံပညာရေး အထက်တန်း စာမေးပွဲကြီးလည်း စစ်သဖြင့် အစောင်ငြိမ်းနှင့် လှစိန်တို့ကလည်း ဝင်ဖြေနေကြရ သည်။

ကိုသာစုကို ရန်ကုန်သို့ ပို့လိုက်ပြီး နှစ်ရက်အကြာ တနေ့ခင်းတွင် တဲကပြင်ဦထိုင်၍ ဦးကြီး မှိုင်နေသည်။

တဲနှင့် ပတ်ဝန်းကျင်တဝိုက်မှာ တိတ်ဆိတ်နေသည်။ ရိုးရိုးတိတ်ဆိတ် သည်မဟုတ်။ ဆိတ်သုဉ်းစွာ တိတ်ဆိတ်နေသည်ဟု ဦးကြီး ထင်နေသည်။ ဦးကြီး၏ရင်က ဟာနေသည်။ မဟာစဖူး ဟာသည်မဟုတ်။ ယခင်က လည်း သည်ပုံမျိုး နှစ်ကြိမ် ရင်ဟာဖူးသည်။ တကြိမ်မှာ လူကလေးထွေးမောင် အိမ်မှ ခွာသွားစဉ်က ဖြစ်သည်။ နောက်တကြိမ်ကား လူကလေးထွေးမောင်သည် လူ့လောကကြီးမှ ခွာသွားကြောင်း သိရချိန်က ဖြစ်သည်။

ယခုလည်း လူကလေး မောင်သာစု မိမိကို ခွာသွားပြန်ပြီ။ မမျှော်လင့်ဘဲ ကောက်ရခဲ့သော သားသည် မမျှော်လင့်သောနည်းဖြင့် မိမိကို ခွာသွားလေပြီ။

ဦးကြီးသည် ပတ္တလားကို ကြည့်၍။ ခါတိုင်းဆိုလျှင် သည်အချိန်မျိုးတွင် ပတ္တလားသံကို ကြားရမြဲ။ စိတ်လို လျှင် မောင်သာစုသည် တီးရင်းက ဆိုတတ်သေး၏။

ယဉ်ကျေးသော သူငယ်။ အလိုက်သိသော သူငယ်။ အဆိပ်မရှိသော သူငယ်။ သည်သူငယ်က လူသတ်သမား။ ကိုယ့်ဇနီး ကိုယ်သတ်၍ ပြေးလာသူ လူသတ်သမား။ နားရှိ၍သာ ကြားခဲ့ရသည်။ ဦးကြီး မယုံ။ ဘယ်သို့မျှ မယုံ။ မိနု မယုံသကဲ့သို့ ဦးကြီးလည်း မယုံ။ သို့ရာတွင် မယုံ၍ကော ဘာတတ်နိုင်မည်နည်း။ ကာယကံရှင် မောင်သာစုကိုယ်နှုတ်က ဝန်ခံသွားသောစကား ဖြစ်သည်။ ခက်ပါ ဘိခြင်း။ ခက်လိုက်ပါဘိခြင်း။

ကလေးတွေကလည်း သည်ဘက်ကမ်း မလာကြတော့။ တဲသည် တိတ် ဆိတ်လွန်းနေသည်တကား။

ဦးကြီးက ဘန့်ပွေးပင်နှင့် ပျဉ်းမပင်တို့ဆီ မျက်လုံးများ ရောက်သွားပြန် သည်။

သြော်... ရွက်သစ်တွေ ဝေနေကြပြီ။ နဖန့်စိမ်းဝါသော ရွက်သစ်တွေ ဝေနေကြပြီ။

ပင်အိုမွဲတော့ တခဏ။ ရွက်သစ် အထမြန်လှသည်။ လူအိုမွဲတော့ အင်း... လူအိုကံမွဲတော့ ဘယ်မှာလဲ ရွက်သစ်လိုဟာ။

ဆိတ်သုဉ်းလှစွာတကား။ အထီးကျန်လှသည်တကား။ ရင်နာလှသည်တကား။

"ဦးကြီး...ဦးကြီးရေ..."

ဦးကြီး မှိုင်ငေး ငိုင်တွေးနေခိုက် ခေါ်သံကြားရသည်။

အမောတကော ခေါ်သံနှင့်အတူ အပြေးလေး ရောက်လာသော မသင်းနုကို တွေ့ရ၏။

"ဟဲ့...မိနု၊ ဒါ ဘာဖြစ်လာတာလဲ"

"စာ...ဦးကြီး၊ စာ..စာ..."

မသင်းနုက လက်တွင် ကိုင်လာသော စာအိတ်ကလေးတခုကို ထောင်ပြ၏။

"စာ..ဘယ်က ဘာစာလဲ"

"ဆရာ့ဆီကစာ၊ ကျွန်မတို့ဆရာ့ဆီကစာ"

"နင့်ဆရာ့ဆီကစာ၊ နင် ဘာပြောတာလဲ၊ နင့်ဟာက အလန့်တကြား"

"ကျွန်မ နောက်မှရှင်းပြမယ်၊ ကျွန်မ အခုပြေးလာတာက ဟိုဒင်း...ဟိုဟာ ကျန်ခဲ့သလား၊ အင်္ကျီလေ၊ ကိုသာစုအင်္ကျီ"

"မောင်သာစုအင်္ကျီ၊ ဘယ်အင်္ကျီဟာလဲ"

"ဦးကြီးနဲ့ ကျွန်မ တခါကြည့်ကြတဲ့ ဟို..ကော်လာကုပ်မှာ အပေါက်လေးနဲ့ ကိုသာစုအင်္ကျီဟာလေ၊ အဲဒါ ရှိသေးလား"

"ရှိမယ်ထင်တာပဲ၊ ဘာလုပ်မလို့လဲ"

"ဦးကြီး ထည့်မပေးလိုက်ပါဘူးနော်"

"စွပ်ကျယ်နဲ့ ပုဆိုးလေးပဲ လိုရမည်ရ ငါထည့်ပေးလိုက်တာ"

"အဲဒီအင်္ကျီ ဘယ်မှာလဲ ဦးကြီး"

"အခန်းထဲက သူ့ပစ္စည်းလေးတွေ ထားတဲ့နေရာမှာ၊ နေဦး၊ ငါ သွားကြည့်လိုက်ဦးမယ်"

ဦးကြီးသည် တဲတွင်းဝင်သွားပြီး မကြာမီ အင်္ကျီတထည်ကိုင်လျက် ပြန်ထွက်လာ၏။

“ရော့…ဒီမှာ”

မသင်းနက အကျီကိုယူလျက် လျှင်မြန်စွာ ကြည့်သည်။ ထို့နောက် ဝမ်းသာဟန်ဖြင့် အော်၏။

“အမလေး. . တော်သေးတာပေါ့”

စိတ်မရှည်တော့သော ဦးကြီးက ငေါက်၏။

“မိန.. နင် ဘာဖြစ်လာတာလဲ၊ ဘာမှန်းမသိ၊ ညာမှန်းမသိ၊ အဆက်မရှိ၊ အစပ်မရှိ၊ ဘယ်လိုဟာတုံး နင့်ဟာ”

ထိုအခါကျမှ မသင်းနသည် တည်ငြိမ်သွားပြီး တောင်းပန်၏။

“ကျွန်မ ဝမ်းသာဇောနဲ့ စိတ်လောကြီးမိသွားတယ် ဦးကြီး၊ ကျွန်မ ရှင်းပြပါမယ်၊ ဦးကြီးကို ကျွန်မ တခါကပြောပြခဲ့တဲ့အတိုင်း ကျွန်မက ကိုသာစုကို ကိုယ့်ဘဝကိုယ်မေ့လာတဲ့ ဒုက္ခသည်တဦးလို့ ထင်ခဲ့တယ်၊ ကိုသာစုနဲ့ ရင်းနှီးပြီး သူ့အပြောအဆို၊ အမူအရာ၊ အတွေးအခေါ်တွေကို သိရလေ ဒီထင်မြင်ချက်ဟာ ခိုင်မာလေ ဖြစ်လာခဲ့တယ်၊ ဒါပေမဲ့ ကျွန်မမှာက အတိအကျ ဆုံးဖြတ်နိုင်တဲ့ ပညာအရည်အချင်းက မရှိဘူး။ ဒီတော့ ကိုသာစုအကြောင်း မြင်ရ သိရသမျှ စုံစုံလင်လင်ကို တက္ကသိုလ်စိတ်ပညာဌာနက ကျွန်မဆရာတဦးဆီ စာရေးပြီး အစီရင်ခံ အကြံတောင်းလိုက်တယ်။ အခု ဆရာ့ဆီက ပြန်စာ ဒီနေ့ပဲ ရတယ်၊ ကျွန်မ ဖတ်ပြမယ်၊ ဦးကြီး နားမလည်တာတွေ ပါလာရင် စာအဆုံးမှာမေး ဟုတ်လား”

မသင်းနက စာအိတ်တွင်းမှစာကိုထုတ်၍ လေးလေးမှန်မှန် ဖတ်ပြ၏။

“တပည့်မ မသင်းန မသင်းနရဲ့စာကို ဂရုတစိုက် လေ့လာဖတ်ရှုပြီး ဆရာ ပြန်ကြားလိုက်ပါတယ်၊

ကိုသာစု ဆိုတဲ့ လူတယောက်အကြောင်း မသင်းန ဖော်ပြထားတာဟာ အထူးစိတ်ဝင်စားဖွယ်ကောင်းနေပါတယ်။ မသင်းနက ထောင့်စေ့စေ့လေး ဖော်ပြ ရေးစွမ်းနိုင်တာကို ဆရာ ချီးမွမ်းမိတယ်။

မသင်းန ရေးသားဖော်ပြချက်တွေပေါ် မူတည်ပြီး ဆရာ့သဘောထား ပြောရမယ်ဆိုရင်တော့ ကိုသာစုဟာ မသင်းန ထင်တဲ့အတိုင်း ဘဝမေ့လာတဲ့လူတဦး ဖြစ်နိုင်တယ်။

ဘဝမေ့တယ်ဆိုတာကလည်း စိတ္တဇ အကြောင်းသက်သက်နဲ့ နေတာက တမျိုး၊ နျူရိုးဆစ်ရောဂါမျိုးမှာ ပါဝင်တဲ့ မေ့တာမျိုးပေါ့။ နောက်တမျိုးက ထရောင်မားလို့ခေါ်တဲ့ ဦးနှောက်ကို ပြင်းပြင်းထန်ထန် ခိုက်မိတဲ့ ဒဏ်သဘောကြောင့် နေတာမျိုး။ ရုပ်အကြောင်းကြောင့် နေခြင်းလို့ပဲ အလွယ်ခေါ်ဆိုကြရအောင်၊ ကိုသာစုရဲ့ အကျီမှာ သွေးလို့ထင်ရတဲ့ အစွန်းအကွက်ကို တွေ့ရတယ်ဆိုတော့ ကိုသာစုဟာ ဦးနှောက်ဒဏ်ရာ ရခဲ့သူတဦး ဖြစ်ကောင်းဖြစ်နိုင်တယ်။

ဘဝမေ့တယ် ဆိုတာကိုလည်း နည်းနည်း ဆရာရှင်းပြချင်တယ်။ မေ့တယ်ဆိုတာဟာ မမှတ်မိတော့တာကို ယေဘူယျအားဖြင့် ခေါ်ကြတယ်။ ဒါပေမဲ့

ဝေဒနာရှင်အများဟာ မမှတ်မိရုံတင်မကဘူး၊ အမှတ်မှားယွင်း ရှုပ်ထွေးခြင်းလည်း ရှိကြတယ်။

မမှတ်မိတာကို အင်(မ်)နက်ဒီးယားလို့ခေါ်တယ်။ အမှတ်မှားယွင်း ရှုပ်ထွေးခြင်းကိုတော့ ပါရင်(မ်)နက်ဇီးယားလို့ ခေါ်တယ်။ အမှတ်မှားယွင်းရှုပ်ထွေးမှုတွေကလည်း အမျိုးမျိုးရှိတယ်။ ဆန်းလည်း ဆန်းတာမို့ တခါတလေ မယုံနိုင်ဖွယ် ရှိရတတ်တယ်။ အဓိကအမှတ်မှားယွင်း ရှုပ်ထွေးမှု လက္ခဏာကြီးနှစ်ရပ်ရှိတယ်။ တရပ်ကိုတော့ ဒေးရှားဖူးလို့ခေါ်တယ်။ တခြားတရပ်ကိုတော့ ဂျမေးဗူးလို့ ခေါ်တယ်။ ဒေးရှားဖူး ဆိုတာက အာရုံတခု၊ အသိတခုကို အတိတ်ဖြစ်ရပ်နဲ့ မှားမှားယွင်းယွင်း ဆက်သွယ်မိခြင်းပဲ။ လူတိုင်းသုံးတဲ့စကားနဲ့ ပြောရရင် တလွဲတချော်မှတ်မိခြင်း။ မဟုတ်မမှန် မှတ်မိခြင်းလို့ ခေါ်ရမယ်ထင်တယ်။

ဂျမေးဗူး ဆိုတာကတော့ မြင်ဖူးတာကို မြင်ဖူးလျက်နဲ့ မမှတ်မိတာမျိုး။ သိဖူးတာကို သိဖူးလျက်နဲ့ မသိတော့တာမျိုး။ လုံးလုံးလျားလျား မေ့သွားတာ ဆိုပါစို့ကွယ်။

အဲဒီသဘောမျိုး နှစ်ခုပေါင်းလိုက်တော့ ဒုက္ခသည်ရဲ့ ဘဝဆိုတာဟာ သွက်သွက်ကို လည်သွားတော့တာပေါ့ကွယ်။ အနောက်နိုင်ငံ ရောဂါမှတ်တမ်းတွေမှာ အဲဒါမျိုးကြောင့် ဥပဒေရေးရာဆိုင်ရာကိစ္စတွေ ရှုပ်ထွေးပွေလီမ်ကုန်တာ ဆရာ မှတ်သား မိဖူးတယ်။ မသင်းနုရဲ့ ဒုက္ခသည် ကိုသာစုမှာလည်း ဒါမျိုး မဖြစ်ပါစေနဲ့လို့ ဆရာ ဆုတောင်းတယ်။

ဒီကြားထဲမှ စိတ္တဇအကြောင်းကလည်း ဝင်နှောင့်တတ်သေးတယ်။ ဦးနှောက် ဒဏ်ရာရသူတချို့ဟာ ဒဏ်ရာမရမီ စိတ္တဇအကြောင်းခံ တခုခုကလည်း ရှိနေတတ်ပြန်တယ်။ ဦးနှောက် ဒဏ်ရာရသူတဦးရဲ့ အသိ၊ အမြင်၊ အတွေးအခေါ် တွေ ပြောင်းလဲကုန်ရင် ဘယ်သင်းက ဦးနှောက်ဒဏ်ကြောင့်၊ ဘယ်သင်းက မူလ ရှိရင်းစွဲ စိတ္တဇဒဏ်ကြောင့်ဆိုတာ ခွဲခြားပြောဖို့ အလွန်သတိထားရတယ်။

ဒီအကြောင်းတွေကိုတော့ မသင်းနု စတုတ္ထနှစ်ရောက်တဲ့အခါမှာ ပြည့်ပြည့်စုံစုံ သင်ယူရပါလိမ့်မယ်။ အခုကတော့ ဆီဆိုင်လာလို့ တပည့်မ သဘောပေါက်ရုံ ဆရာ ရေးပြလိုက်ရတာ။

ဆရာ့စာမှာ ဖြစ်နိုင်တယ်၊ ဖြစ်ကောင်းဖြစ်နိုင်တယ် ဆိုတဲ့အသုံးတွေကို မသင်းနု သတိထားမိလိမ့်မယ်။ အဝေးကနေဆိုတော့ ဆရာ ဒီလောက်ပဲ ပြောနိုင်တယ်။ ကိုသာစုကို မသင်းနု ရန်ကုန်ဆီ တနည်းနည်းနဲ့ ခေါ်လာနိုင်မယ်ဆိုရင်တော့ သိပ်ကောင်းမယ်။

ဪ...မသင်းနု ဖော်ပြလိုက်တဲ့ ကိုသာစုရဲ့အကျႌကို ဆရာ စိတ်အဝင်စားဆုံးဖြစ်မိတယ်။ ဒီအချက်ဟာပဲ ဆရာ ဒီစာပြန်ဖို့ အဓိက တွန်းအားပေးခဲ့တယ်။ ကုပ်မှာ ကြယ်သီးပေါက်ပါတဲ့ စတစ်ကော်လာအကျႌကို ခုခေတ် လူတိုင်း မဝတ်ကြတော့ဘူး။ ဆရာတို့ ကျောင်းသားဘဝကတော့ ဝတ်ဖူးတယ်။ တိုက်ပုံအကျႌ နဲ့ဆို ဒီတိုင်းဝတ်တယ်။ ကော်လာပါချင်ရင် ကော်လာအရှင်တပ်လိုက်ရုံပဲ။ ကော်လာ ချည်းသက်သက် ရိုး(လ်)ကုမ္ပဏီမှာ ဝယ်လို့ရတာကိုး။ ကုပ်က ကြယ်သီးပေါက်က ကော်လာအရှင်ကို နောက်က

ထိန်းပေးတဲ့ ကြယ်သီးတပ်ဖို့ ဖောက်ထားတာ။ အခုခေတ် မဝတ်ကြတော့ဘူး။ ဆရာတို့လည်း မဝတ်ကြတော့ဘူး။ ဝတ်ကြတဲ့လူ အနည်းငယ်ပဲ ရှိတော့တယ်။ သူတို့ကတော့ အရင်ကလည်း ဝတ်တယ်။ ခုလည်း ဝတ်နေတယ်။ နောင်လည်း ဝတ်ကြဦးမယ်။ သူတို့တွေဟာ တရားရုံးချုပ် ဝတ်လုံတော်ရကြီးတွေပဲ။ တရားရုံးချုပ် ဝတ်လုံတော်ရကြီးတွေရဲ့ လည်ပင်းက နှစ်ခွကော်လာဖြူကို မသင်းနု တွေ့ဖူးလိမ့်မယ်ထင်တယ်။ အဲဒီကော်လာကို အက်(ဒ်)ဗိုကိတ်(တ်)ကော်လာလို့ ခေါ်တယ်။ ရှေ့နေဝတ်လုံတိုင်း တပ်ခွင့်မရှိဘူး။ တရားရုံးချုပ်ရှေ့နေမှာ အမှုလိုက်ခွင့်ရပြီးဖြစ်တဲ့ ဝတ်လုံတော်ရကြီးတွေရဲ့ အဆောင်အယောင်တခုပဲ ဖြစ်တယ်။ အဲဒီကော်လာက အရှင်ပဲ။ သူ့ကိုတပ်ဖို့ စတစ်ကော်လာ ကုပ်မှာ ကြယ်သီးပေါက် ဖောက်ထားတယ်။ ဒီအင်္ကျီကို ကိုသာစု ဘယ်ကရသလဲ။ သူဝတ်ထားတာမို့ သူ့အင်္ကျီလို့တော့ အတပ်မပြောနိုင်ဘူး။ သူ့အင်္ကျီ မဟုတ်ဘူးလို့လည်း မပြောနိုင်ဘူး။

မသင်းနု ထပ်ပြီးစုံစမ်းလေ့လာပါ။ လိုအပ်တဲ့ အကူအညီကို ဆရာ့ဆီ တောင်းပါ။ အဲ.. ဖြစ်နိုင်ရင် ကိုသာစုကို ဆရာ့ဆီ ခေါ်လာခဲ့ပါ။ ဆရာတို့ ကူညီနိုင်လိမ့်မယ်လို့ ယုံကြည်တယ်။

တပည့်မ၏ ဆရာ”

မသင်းနုက စာအဆုံးတွင် ဦးကြီးကို ကြည့်ပြီး မေး၏။

“ဆရာ ရေးလိုက်တာဟာ ဦးကြီးအတွက် ရှင်းရဲ့လား”

“အကြမ်းဖျင်းတော့ ငါနားလည်တယ်၊ နင် နည်းနည်းထပ်ရှင်းပြဦး”

“ဆရာ့စာထဲမှာ အမှတ်မှားယွင်း ရုပ်ထွေးမှုအကြောင်း ပါလာတယ်၊ အစက ဒီသဘောရှိမှန်း ကျွန်မ မသိဘူး။ ဒါကြောင့်လည်း ကိုသာစုက လူသတ်သမားပါလို့ ဝန်ခံသွားတာကို မယုံနိုင်ပေမယ့် ကျွန်မ နားမလည်နိုင်ဘူး။ အခုတော့ ရှင်းပြီ။ သူဟာ သူ့နာမည်မှန်ကိုတော့ မေ့နေတယ်။ မဟုတ်တဲ့ နာမည်တခုကိုတော့ မှတ်မိနေတယ်။ သူ တကယ်ဘာလုပ်ခဲ့တယ် ဆိုတာတော့ သတိမရဘူး။ သူ မလုပ်ခဲ့တာကိုတော့ လုပ်ခဲ့တယ် ထင်နေတယ်”

“အေးလေ... အဲဒီလို ဘာလို့ဖြစ်ရတာလဲ”

“ခေါင်းမှာ ဒဏ်ရာရခဲ့လို့ပေါ့၊ ဦးကြီးကို ကျွန်မ ဝန်ခံခဲ့ပြီးပြီကော၊ အချုပ်ထဲမှာ ကျွန်မ သွားတွေ့တဲ့အကြောင်းလေ။ အဲဒီတုန်းက သူ ခေါင်းမှာ ဒဏ်ရာရခဲ့တာ ပြောပြတယ်၊ ဘယ်လိုရခဲ့တာတော့ သူ တကယ်သိပုံမပေါ်ဘူး၊ ပြီးတော့ သူ (သ)တ်ခဲ့ပါတယ် ဆိုတဲ့ သူ့မိန်းမရဲ့နာမည်ကိုတော့ သူမပြောနိုင်ဘူး”

“ဟေ...မပြောနိုင်ဘူး”

“မပြောနိုင်ဘူး၊ ဝေ့လည်ကြောင်ပတ် ဆင်ခြေတွေတော့ လျှောက်ပြောတာပေါ့၊ တခါ သိန်းအခေါင်လို့တော့ သူ့ကိုယ်သူ ပြောတယ်၊ သိန်းအခေါင် ဘာလုပ် သလဲဆိုပြန်တော့ ရေရေရာရာ မပြောနိုင်ပြန်ဘူး”

“ဟယ်... ဒီလိုဆို သိန်းအောင်လည်း မဟုတ်ဘဲ လူလည်း မသတ်ရဘဲနဲ့ မောင်သာစု ကြိုးစင်များ တက်နေရဦးမှာလား မိနရယ်၊ ဘုရား...ဘုရား”

“အဲဒီအထိတော့ ရောက်မယ်မထင်ဘူး၊ ဒါပေမဲ့ ဘာဒုက္ခတွေ လျှောက်ဖြစ်ဦးမလဲ မသိဘူး၊ အကောင်းဆုံးကတော့ သူ ဘယ်သူလဲဆိုတာ အမြန်ဆုံး ဖော်ထုတ်ပေးဖို့ပဲ၊ အဲဒီအတွက် ဦးကြီးနဲ့ ကျွန်မမှာ တာဝန်ရှိနေတယ်”

“အေး ... ရှိတယ်၊ ကောင်းကောင်းရှိတယ်၊ ဒါပေမဲ့ တို့ဘာလုပ်ရမလဲ၊ ရှေ့နေငှားရမလား၊ ငါ အဲဒါ စဉ်းစားနေတယ်၊ ငှားဆိုရင်လည်း ငှားမှာပဲ၊ ငါ့ရှိတဲ့ ပိုက်ဆံ ကုန်ချင် ကုန်သွားပါစေ”

“ရှေ့နေငှားဖို့အဆင့် မရောက်သေးဘူးထင်တယ်၊ ဒါပေမဲ့ ကျွန်မ ရန်ကုန် လိုက်သွားချင်တယ်”

“နင်က ရန်ကုန် ဘာသွားလုပ်မှာလဲ”

မသင်းနက ကိုသာစု၏အင်္ကျီကို မြှောက်ပြသည်။

“ဒီအင်္ကျီဟာ သဲလွန်စပဲ၊ ဒီအင်္ကျီကို ယူသွားပြီး ကျွန်မ ဆရာတို့အကူအညီနဲ့ ပြဿနာကို ရှင်းနိုင်တယ်၊ လိုတာကို ကူညီမယ်လို့ ခုနက ဆရာ့စာထဲမှာ လည်း ဆိုထားတယ် မဟုတ်လား”

ဦးကြီးသည် ငိုင်၍ စဉ်းစားနေသည်။ အတန်ကြာမှ အဆုံးအဖြတ်ပေးသည်။

“နင် မှန်တယ် မိန၊ သည့်ထက်ကောင်းတဲ့အကြံ ငါလည်း မရဘူး၊ နင် လိုက်သွား၊ နင်တယောက်တည်းတော့ မသွားနဲ့၊ တက္ကသိုလ်အသွားတုန်းကလို နင့်ဒေါ်လေးပါ ခေါ်သွား”

ဦးကြီးဆီမှ အခွင့်ရခဲ့သော မသင်းနသည် ကိုသာစု၏အင်္ကျီကိုယူပြီး အလာတုန်းကကဲ့သို့ပင် အမောတကော အပြေးအလွှားကလေး မြစ်ဆိပ်ဆီ ဆင်းလာခဲ့လေ၏။

*****

အခန်း [၂၂]

နောက်သုံးရက်အကြာ နေ့လယ်ပိုင်းတွင် မဟာဗန္ဓုလလမ်းနှင့် ၃၅ လမ်းထောင့်ရှိ ဟော်လန်ဒီယာ ပင်မင်းဆိုင်ရှေ့သို့ အပြာရောင် ဖင်မီလီယာ အက်စတိတ်ဝက်ဂွန်ကားလေးတစီးသည် ထိုးဆိုက်လာ၏။

အရပ်ရှည်ရှည်၊ အသားလတ်လတ်၊ မျက်ခုံးမျက်လုံးကောင်းကောင်းနှင့် ခန့်ညားမွန်ရည်သော လူတဦးသည် ချောမောပျိုမြစ်သော မိန်းမလှလေးနှစ်ဦးနှင့်အတူ ကားပေါ်မှ ဆင်းလာပြီး ပင်မင်းဆိုင်တွင်းသို့ ရှေ့ဆောင်ဝင်သွား၏။

ဆိုင်ခန်းအလယ်ကို ဖြတ်တန်းထားသော ကောင်တာနောက်မှ လူရွယ်တဦးက ကြိုဆိုနှုတ်ဆက်၏။

"ကြွပါခင်ဗျာ၊ ဘာများကူညီရပါမလဲ"

"အကူအညီ လိုချင်လို့ပါပဲ၊ နည်းနည်းတော့ ထူးထူးဆန်းဆန်းများ ဖြစ်နေမလား မသိဘူး"

"အမိန့်ရှိပါခင်ဗျာ"

ရှေ့ဆောင်လာသော ပုဂ္ဂိုလ်က မိန်းမပျိုလေးတဦး၏ လက်တွင်းမှ စက္ကူအိတ်ကို လှမ်းယူလိုက်သည်။ အိတ်တွင်းမှ အင်္ကျီတထည်ကို ထုတ်ယူလိုက်ပြီး ဆိုင်ရှင်လူရွယ်ကို လှမ်းပေး၏။

"ဟောဒီအင်္ကျီက ပင်မင်းအမှတ်ဟာ ကိုယ့်ညီတို့ဆိုင်က အမှတ်လား"

ဆိုင်ရှင်လူရွယ်က ခေတ္တစစ်ဆေးကြည့်ပြီး ဖြေ၏။

"ဟုတ်ပါတယ်"

"သေချာပါတယ်နော်"

"သေချာပါတယ်၊ အင်္ကျီက ကော်လာကုပ်မှာ ကြယ်သီးပေါက်လည်း ပါတယ်၊ ဒီအင်္ကျီမျိုး ကျွန်တော်တို့ဆိုင်က လက်ခံနေကျပါ"

ခန့်ညားမွန်ရည်သော ပုဂ္ဂိုလ်က ကတ်ပြားလေးတခုကို ထုတ်ပြီး ဆိုင်ရှင်လူရွယ်ကို ပြ၏။ ကတ်ပြားပေါ်တွင် "ဒေါက်တာ မြင့်နွယ်၊ ကထိက၊

စိတ်ပညာဌာန၊ ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ ရန်ကုန်” ဟူသော အမည်၊ ဂုဏ်ထူးနှင့် လိပ်စာကို ဖော်ပြထား၏။

“ဟုတ်ကဲ့၊ သိရတာ ဝမ်းသာပါတယ် ဆရာ၊ ဆရာ့ကို ကျွန်တော် ဘာကူညီနိုင်ပါသလဲ”

“ကျွန်တော့်လက်ဝယ်မှာ ဒုက္ခရောက်နေတဲ့ လူတယောက်ရှိတယ်၊ စိတ်ဝေဒနာသည်တဦးပဲဆိုကြပါစို့ဗျာ၊ အဲဒီလူက သူ့ကိုယ်သူ ဘယ်သူမှန်း မသိဘူး၊ သူ့ကိုယ်ပေါ်မှာတော့ ဒီအင်္ကျီကို တွေ့တယ်၊ ပင်မင်းအမှတ်အားကိုးနဲ့ ဆိုင်တကာ လိုက်စုံစမ်းဖို့ ဆိုတာကလည်း ရန်ကုန်မြို့ကြီးမှာ ဆိုင်တွေက အများကြီး။ ဒါပေမဲ့ အင်္ကျီကော်လာကုပ်က ကြယ်သီးပေါက်လေးက ဝတ်လုံတော်ရတဦးဦးရဲ့ အင်္ကျီဖြစ်နိုင်တယ်လို့ ညွှန်ပြနေတယ်။ ကိုယ့်ညီတို့ဆိုင်က နိုင်ငံကျော်ဆိုင်ကြီးလည်း ဖြစ်ပြန်၊ ဝတ်လုံရုံးခန်းတွေရှိတဲ့ တရားရုံးချုပ်ပတ်ဝန်းကျင်မှာလည်း တည်နေပြန်တော့ ကိုယ့်ညီတို့ဆိုင်ကို အရင်ဝင်စုံစမ်း အကူအညီတောင်းရတာပါပဲ၊ ဖြစ်နိုင်ရင် ဒီအင်္ကျီ ပိုင်ရှင်ရဲ့ နာမည်ကို မသိရဘူးလား”

“ဩော်...ဒုက္ခရောက်နေတဲ့ လူတယောက်အတွက်ဆိုရင်တော့ ကူညီရတာပေါ့ခင်ဗျာ၊ အင်္ကျီကနံပါတ်နဲ့ ဘောက်ချာကနံပါတ် တိုက်ကြည့်ရှာရင် ရပါတယ်။ ခဏတော့စောင့်ပါ”

“စောင့်ပါတယ်ကွယ်”

လူရွယ်သည် ဆိုင်ဖော် အခြားလူရွယ်တဦး အကူအညီနှင့် ဘောက်ချာ ဟောင်းများကို လှန်လှောရှာဖွေနေ၏။

အသက်အနည်းငယ် ပိုငယ်ဟန်ပေါ်သည့် မိန်းမလှလေးက အနီးရှိ အခြား မိန်းမချောကို ပြောသည်။

“ကျွန်မကြောင့် ဆရာတင်မကဘူး၊ မမမွန်ပါ လိုက်ပင်ပန်းနေပြီ”

“မပင်ပန်းပါဘူး မသင်းနုရယ်၊ မွန်မွန်ကလည်း စိတ်ဝင်စားလို့ လိုက်နေတာ၊ ပြီးတော့ မသင်းနု ပြောပြတာနဲ့ ကိုသာစု ဆိုတာကို မွန်မွန်ကလည်း သနားနေတာ”

ဆိုင်ရှင်လူရွယ်က ခေါက်လှန်ဖွင့်ထားသော ဘောက်ချာစာအုပ်တအုပ်ကို ကိုင်လျက် ကောင်တာဆီ ပြန်လာ၏။

“တွေ့ပြီဆရာ၊ ဟောဒီမှာ”

မသင်းနု၏ရင်မှာ ဖိုလာ၏။ သိလိုဇောကြောင့် ရှေ့တိုးကပ်သွားမိ၏။

“နာမည်က ဦးသက်လွင်၊ နေရပ်က အမှတ်(...)၊ ဖိုးစိန်လမ်း”

“ဩော်... ဦးသက်လွင် ဟုတ်လား၊ အဲဒီဦးသက်လွင်ကို ကိုယ့်ညီ သိကောသိလား”

“ဟာ..သိတာပေါ့၊ သူက တရားရုံးချုပ် ဝတ်လုံတော်ရကြီးပဲဟာ”

ဦးမြင့်နွယ်က မသင်းနု ကိုင်ထားသော အခြားပစ္စည်းတခုကို ယူလိုက်ပြန်၏။

"ပောဒီပုံကိုလည်း ကြည့်စမ်းပါ၊ ဘယ်သူ့ပုံလို့ ပြောမလဲ ကိုယ့်ညီ၊ ဦးမြင့်နွယ်က ပန်းချီကားကို လူရွယ်အား ပြသည်။ ပန်းချီမှာ မသင်းနု စိတ်ကူးဖြင့် ပြုပြင်ဆွဲထားသော ကိုသာစု၏ ဒုတိယပုံ ဖြစ်သည်။

လူရွယ်က ပန်းချီကားကို ကြည့်နေစဉ် မသင်းနု၏ ရင်တွေက တဒိတ်ဒိတ် ခုန်နေ၏။ ဘုရား... ဘုရား . . မမြင်ဖူးဘူးဟုများ ဖြေလိုက်လျှင်...။ လူရွယ်က ပြုံးပြီးပြော၏။

"ဒီပုံဟာလည်း ဦးသက်လွင်ပုံလို့ပဲ ကျွန်တော် ပြောရမှာပဲ"

မသင်းနုခမျာ ယခုမှ အစောင့်ထားသော အသက်ကို လွှတ်၍ရှူမိ၏။ လူသည့် တုန်တုန်ယင်ယင်လေး ဖြစ်လာရာ ရိပ်မိပုံရသော မွန်မွန်က မသင်းနု၏ လက်လေးတဖက်ကို ဆုပ်ကိုင်လာ၏။

ဦးမြင့်နွယ်က လူရွယ်ကို နှုတ်ဆက်နေ၏။ "ကျေးဇူးတင်လှပါတယ် ကိုယ့်ညီ၊ ခုနက ပြောခဲ့သလိုပဲ ဒုက္ခရောက်နေတဲ့ လူတဦးအတွက် ဆရာတို့ စုံစမ်းနေရတာပါ၊ အခုတော့ ကိုယ့်ညီကျေးဇူးကြောင့် လမ်းက ပွင့်သွားပါပြီ။ ဒီကရတဲ့ လိပ်စာအတိုင်း သူ့အိမ်လိုက်ပြီး ကျွန်တော်တို့ စုံစမ်းပါဦးမယ်၊ ခွင့်ပြုပါ၊ သွားလိုက်ဦးမယ်"

"ဟုတ်ကဲ့ ဆရာ၊ ဟုတ်ကဲ့"

ဖိုးစိန်လမ်း၏ အတန်ကျယ်ဝန်းသော ခြံတွင်းရှိ ခေတ်မီတထပ်တိုက်ပြားလေးတလုံး၏ ဆင်ဝင်အောက်၌ ဦးမြင့်နွယ်တို့၏ကားလေးက ဆိုက်လိုက်သည်။ အိမ်အဝ သံခေါက်တံခါးဖြူ အနောက်မှနေ၍ အသက်ငါးဆယ်ခန့်ရှိ လူကြီးတဦးက မေး၏။

"ဘယ်သူ့ တွေ့ချင်လို့ပါလဲ"

ဦးမြင့်နွယ်က မယုတ်မလွန် ဖြေ၏။

"ဒီက အိမ်သားတွေနဲ့ပါ"

"အိမ်သားတွေ တယောက်မှ မရှိဘူး ခင်ဗျ"

"နို့.. နောင်ကြီးကကော"

"ကျွန်တော်က ဒီက...အဲ...အလုပ်သမားတယောက်ပါ"

ဦးမြင့်နွယ်က သူ့ကတ်ပြားလေးကို ထုတ်ပြရပြန်၏။ လူကြီးက ကျေနပ်ဟန်ပြမှ ဆက်ပြောရ၏။

"နောင်ကြီးနဲ့ပဲ စကားနည်းနည်း ပြောပါရစေ"

ထိုလူကြီးက တံခါးဖွင့်ပေးပြီး ဦးမြင့်နွယ်တို့ကို ဧည့်ခန်းသို့ ခေါ်လာ၏။ ကုလားထိုင်တို့ပေါ် ထိုင်မိကြစဉ်အခိုက်၌ပင် မသင်းနုက မွန်မွန်၏

လက်မောင်းလေးကို ရုတ်တရက် ကိုင်လှုပ်၏။

"ဘာလဲ မသင်းနု"

"ဟို...ဟိုမှာ..."

မသင်းနု ပြသည့်ကား နံရံ၌ ချိတ်ထားသော ကိုယ်တပိုင်းဖော် ဓာတ်ပုံကြီးဖြစ်၏။

ဓါတ်ပုံတွင်းမှ ပုဂ္ဂိုလ်က ခေါင်းပေါင်း၊ တိုက်ပုံအနက်၊ နှစ်ခွကော်လာဖြူတို့နှင့် ခန့်ညားနေ၏။ အဝတ်အစား အဆောင်အယောင်ကြောင့် ရုပ်ရည်သည် တမျိုးရှိနေသော်လည်း သေချာစွာကြည့်လျှင် ကိုသာဓုနှင့် တူနေကြောင်း မသင်းနု သတိပြုမိ၏။

ဦးမြင့်နွယ်က စုံစမ်းခြင်းကို စပြု၏။

"ဦးသက်လွင် ဘယ်သွားပါလဲ ခင်ဗျာ"

"အဲဒါ ကျွန်တော် ဘယ်လိုဖြေရမလဲ မသိဘူး"

"ခင်ဗျာ..."

"ဆရာ ပျောက်နေတယ်၊ အိမ်ကပျောက်နေတယ်၊ ကျွန်တော်တို့ သတင်းစာမှာတောင် လူပျောက် ကြော်ငြာထားပါတယ်"

မသင်းနု၏ ရင်တို့မှာ ခုန်လာပြန်၏။ ဦးမြင့်နွယ်ကသာ ဣန္ဒြေမပျက် ဆက်မေး၏။

"တခြား သူ့အိမ်သားတွေကော"

"သူ့မိန်းမနဲ့သူ နှစ်ယောက်တည်း ရှိတာဗျ"

"ဪ...ဪ...နို့... အခု သူ့မိန်းမကော"

ဘာကြောင့်မသိ။ လူကြီးက သက်ပြင်းရှိုက်ပြီး ဖြေ၏။

"သူ့မိန်းမက ငပလီ သွားနေတယ်ဗျ"

လူကြီး၏စကားသံ၌ မကျေနပ် မနှစ်မြို့မှု သိသိသာသာကြီး ပါနေ၏။ ဦးမြင့်နွယ်က ပန်းချီကားကို ပြပြန်ပြီး မေး၏။

"ဒီပုံကို ခင်ဗျားဆရာပုံလို့ ပြောမလား"

လူကြီးသည် ပုံကို သေချာစွာကြည့်ပြီး အံ့၏။

"ဟာ...ဟုတ်တာပေ့ါ၊ နေပါဦး၊ ဒီပုံကို ခင်ဗျားတို့ ဘယ်ကရသလဲ"

"ဦးသက်လွင်လို့ ထင်ရတဲ့ လူတယောက်ကိုကြည့်ပြီး ဆွဲထားတာ"

"ဟုတ်လား၊ အဲဒီလူ အခု ဘယ်မလဲ"

"သူက အခု အချုပ်ထဲမှာ၊ တရားခံတယောက် ဖြစ်နေတယ်"

"ဗျာ...တရားခံတယောက်၊ ကျွန်တော့်ဆရာက တရားခံတယောက်"

"ဟုတ်တယ်၊ သူ့ကို ထုတ်ယူဖို့ ကျွန်တော်တို့ ကြိုးစားရတော့မယ်၊ ခင်ဗျားမှာ လူပျောက်ကြော်ငြာပါတဲ့ သတင်းစာ ရှိလား"

"ဟာ...ရှိတယ်၊ နေဦး၊ ကျွန်တော် သွားယူလာခဲ့မယ်"

လူကြီးသည် ထသွားပြီး သတင်းစာဟောင်း တစောင်ကို ယူလာပေး၏။ ဦးမြင့်နွယ်နှင့်အတူ မွန်မွန်ရော မသင်းနုပါ ကြည့်ကြ၏။ လူပျောက်ကြော်ငြာက အခြားကြော်ငြာများကြားတွင် မထင်မရှား ဖြစ်နေ၏။ ဓာတ်ပုံကလည်း ရိုးရိုးသာမန် အဝတ်အစားနှင့် ဖြစ်သည်။ ကြော်ငြာစာသားတွင်လည်း ဘွဲ့ထူးဂုဏ်ထူးကို မဖော်ပြ။ ဦးသက်လွင်ဟုသာ သာမန်ဆိုထားသည်။

ဦးမြင့်နွယ်က မကျေနပ်မှုကို ထုတ်ဖော်ပြော၏။

"ဒီလောက်ကြော်ငြာလေးနဲ့ လူတွေ ဂရုစိုက် တွေ့မိပါ့မလား"

"အဲဒါပြောတာပေါ့၊ ဒါပေမဲ့ ဆရာကတော် သဘောလေ၊ ဝတ်လုံတော်ရကြီး ဦးသက်လွင်အဖြစ် ဟိုးလေးတကြော် ကြော်ငြာပြန်ရင် နောင်ခက်မယ်တဲ့၊ ဘာဖြစ်မှန်းမှ မသိတာကိုးတဲ့၊ ဆရာက နာမည်နဲ့ အလုပ်,လုပ်စားရသူတဲ့၊ စိတ်နောက်လို့ ပျောက်သွားတယ်ထင်ကြရင် နောင်ပြန်တွေ့လို့ အလုပ်ပြန်လုပ်တော့ လူအယုံအကြည် ရှိပါဦးမလားတဲ့"

"ဪ.. အင်း...အင်း.. ဒါတော့လည်း ဟုတ်တယ်၊ ဒါထက် ကြော်ငြာထည့်ထားတာက ဇန်နဝါရီလထဲမှာနော်၊ အဲဒီလတည်းက ပျောက်သွားတာပဲလား"

"မဟုတ်ဘူး၊ ဒီဇင်ဘာလထဲ ဟိုအရေးအခင်းတွေ ပေါ်နေတုန်းပေါ့၊ ပျောက်ပျောက်ချင်း မကြော်ငြာတာက စောင့်ကြည့်နေရသေးတယ်လေ၊ ဘာဖြစ်မှန်းမှ မသိဘဲ၊ ကောလာဟလတွေကလည်း စုံနေတာကိုး"

"ကြော်ငြာတာ ဒီလောက်ကွာနေတော့ တွေ့တောင် ရုပ်ပျက်နေရင် မှတ်မိကြပါမလား၊ ထားပါလေ၊ တခြား ခင်ဗျားတို့ ဘာလုပ်ထားကြသေးလဲ"

"ရဲတော့ တိုင်ထားတယ်"

"ဪ... ရဲတိုင်ထားရင်တော့ မဆိုးပါဘူး၊ ကျွန်တော် ဆက်လုပ်ဖို့ အထောက်အကူ ရတာပေါ့၊ ဒီလောက် သိရတာ ကျေးဇူးတင်ပါတယ်၊ ကျွန်တော်တို့ ပြန်ပါဦးမယ်"

"အို...နေပါဦး၊ ကျွန်တော့်ဆရာနဲ့ ကျွန်တော် လိုက်မတွေ့ရဘူးလား"

"ခင်ဗျားဆရာကို ကျွန်တော်တောင် ဘယ်လိုတွေ့ရမှန်း မသိသေးဘူး၊

တွေ့ခွင့်ရရင် ခင်ဗျားကို ကျွန်တော် အကြောင်းကြားပါမယ်၊ စိတ်ချပါ”

လူကြီးကို နှုတ်ဆက်ပြီး ပြန်လာခဲ့ကြစဉ် လမ်း၌ မွန်မွန်က ပြော၏။

“မောင်ရေ..သူ့မိန်းမကလည်း ဘယ်လိုလဲ၊ ယောကျ်ားတယောက်လုံး ပျောက်နေတဲ့ကြားက ပေလီသွားနေနိုင်သတဲ့လား”

“ဪ ဒါတော့ မွန်မွန်ရယ်၊ စိတ်ပြေလက်ပျောက် ဖြစ်မှာပေ့ါ”

မွန်မွန်က ဘာမျှဆက်မပြော။ ခေါင်းလေးတော့ ခါနေ၏။ မသင်းနု၏ ရင်မှာမူ အခြားစိုးရိမ်စိတ်က ဝင်လာ၏။

“တွေ့တာတော့ ဟုတ်ပါပြီ ဆရာ၊ သူ့ဘဝကို ပြန်မှတ်မိအောင် ဘယ်လို လုပ်မလဲ”

“ကြိုးစားရမှာပဲ မသင်းနု၊ ဦးနှောက်ထိလို့ အမှတ်သညာမှားနေတဲ့ လူတွေဟာ ဒီတိုင်းတော့ မှားတာဟာမှား၊ မေ့တာဟာမေ့ပဲ၊ ဒါပေမဲ့ ထူးဆန်းတာက စိတ်ညှို့ အိပ်မွေ့ချပြီး စစ်ဆေးမေးမြန်းတဲ့အခါမှာ အမှန်တွေ ပြန်သတိရနေတတ်တယ်၊ ဒီနည်းနဲ့ပဲ တဖြည်းဖြည်း သူ့အမှတ်သညာ အဆောက်အအုံကို မှန်ကန်အောင် ပြန်ဆောက်ပေးရတယ်”

“ဟင် ... ဒီလိုဆို မျှော်လင့်ချက် ရှိသေးတာပေ့ါ”

ကားစတီယာရင်ကိုထိန်းရင်း ရယ်၍ ဦးမြင့်နွယ်က ဖြေ၏။

“ရှိပါတယ် တပည့်မရယ်၊ မျှော်လင့်ချက် ရှိပါတယ်၊ မပူပါနဲ့”

✳✳✳✳✳

အခန်း [၂၃]

အခန်းက မကျဉ်းမကျယ်။ အလင်းရောင်က အားနည်းသည်။ မျက်နှာကြက်မှာက မီးနီလေးတလုံး လည်နေသည်။ မသိမသာလေး လင်းတုံ မှိန်တုံ လည်း ဖြစ်နေသေး၏။

ကုတင်တလုံးပေါ်တွင် ပက်လက်လှန်လျက် ကိုသာစုက မှိန်တုံ လင်းလှည့်နှင့် ပျင်းရိဖွယ် လည်နေသော မီးနီလေးကို ငေးကြည့်နေသည်။

သူတို့က ဘာလုပ်ကြပြန်သနည်း။ မိမိကို ဘာလုပ်နေကြပြန်သနည်း။ လုပ်ကြပါစေ။ မိမိကလည်း မောပါပြီ။ အားလုံးကို အရှုံးပေး လက်မြှောက်ပါပြီ။ ဖြစ်နိုင်လျှင် အိပ်လိုက်ချင်ပါပြီ။ မြို့ကြီး၏ သည်ဘက် ဂနိုင်ကြီး ဗွေလယ်မှာ အိပ်လိုက်ချင်ပါပြီ။

မနိုးသော အိပ်ခြင်းဖြင့် အိပ်လိုက်ချင်ပါပြီ။

ကိုသာစု၏ တကိုယ်လုံးမှာ အားအင်တွေ ကုန်ခန်းနေသည်။ ဟောသည်လို အိပ်လျက်က မလှုပ်ချင်။ နည်းနည်းလေးပင် မလှုပ်ချင်။

မီးနီလေးက ဘာကြောင့်လှုပ်နေရသနည်း။ ပျင်းပျင်းရိရိနှင့် ဘာကြောင့် လည်နေရသနည်း ငြိမ်လိုက်ပါလား။ ပြီးတော့ ငြိမ်းလိုက်ပါလား။ မျက်လုံးလေး ပိတ်လိုက်သကဲ့သို့ ငြိမ်းလိုက်ပါလား။ အိပ်လိုက်ကြရအောင်။ ဂနိုင်ကြီးဗွေလယ်မှာ အိပ်လိုက်ကြရအောင်။

ကိုသာစု၏ မျက်တောင်များက စင်းလာကြသည်။ ပတ်ဝန်းကျင်သည် မှောင်လာ၏။ မီးနီလေးက ပျောက်ချည် ပေါ်ချည် ဖြစ်လာသည်။

အိပ်…အိပ်..။ သည်အသံက အလွန်ဝေးရာမှ ပေါ်လာသည့် ထင်ရ၏။ အိပ်.. အိပ်…။ ဪ.. အိပ်ပါသည်။ မိမိက အိပ်ချင်သူပါ။ ပျော်ပျော်ကြီး အိပ်ချင်သူပါ။ ကဲ… အိပ်ပြီ၊ အိပ်လိုက်ပြီ။

ကိုသာစု၏ မျက်လုံးများက လုံးဝမှိတ်ကျသွားသည်။ ကိုယ်က မလှုပ်။ အသက်ရှူမှုကြောင့် ရင်သည်သာ မှန်မှန်လှုပ်ရှားနေတော့၏။

ကုတင်ခေါင်းရင်းတွင် ဒေါက်တာ ဦးမြင့်နွယ်၏အသွင်က ပေါ်လာ၏။ သူသည် အသက်ရှူမှန်မှန်ဖြင့် အိပ်နေသော ကိုသာစုကို ခေတ္တအကဲခတ်ကြည့်၏။

“ဦးသက်လွင်”

ဦးမြင့်နွယ်က ခေါ်ကြည့်၏။ အိပ်ပျော်နေသူက မလှုပ်။

"ဦးသက်လွင်၊ ခင်ဗျားနာမည် ဦးသက်လွင်၊ ကြားသလား၊ ခင်ဗျားနာမည် ဦးသက်လွင်"

ဦးမြင့်နွယ်သည် အိပ်ပျော်နေသူ၏ မျက်နှာကို ငုံ့ကြည့်သည်။ မျက်လုံးများကတော့ မှိတ်နေ၏။ မျက်ခွံအောက်အတွင်းမှ မျက်လုံးများ၏ လှုပ်ရှားမှုအရိပ်ကိုကား တွေ့ရ၏။

"ခင်ဗျားနာမည် ဦးသက်လွင်၊ ဝတ်လုံတော်ရ ဦးသက်လွင်၊ ခေါ်တာကို ကြားသလား၊ ဦးသက်လွင်၊ ထူးပါ၊ ခင်ဗျားနာမည်ကို ခေါ်နေတယ်၊ ဒီမှာ ဦးသက်လွင်"

အိပ်ပျော်နေသူ၏ ပါးစပ်မှ ထူးသံသဲ့သဲ့ ပေါ်လာ၏။

"ကောင်းပြီ ဦးသက်လွင်၊ ခင်ဗျား အမှုတခုကို လိုက်နေတယ်၊ လူသတ်မှုလေ၊ မှတ်မိလား၊ လူသတ်မှု၊ တရားခံနာမည် ဘယ်သူလဲ၊ စဉ်းစားစမ်း၊ ခင်ဗျား စဉ်းစားစမ်း၊ တရားခံနာမည်က ဘယ်သူတဲ့လဲ"

"တင်...မောင်"

"ဟုတ်ပြီ၊ တင်မောင်၊ တင်မောင် ဘာဖြစ်သလဲ"

"တင်မောင်က မရိုင်းပင်းဘူး"

"ဪ...တင်မောင်က မရိုင်းပင်းဘူး၊ ဘယ်သူ့ကို မရိုင်းပင်းဘူးလဲ"

"သူ့ဝတ်လုံကို၊ ကျွန်တော့်ကို"

"တင်မောင်က ခင်ဗျားကို မရိုင်းပင်းဘူး၊ အင်း ..အင်း .. ဆက်ပြော၊ ဆက်ပြော"

"မရိုင်းပင်းဘူး၊ အခောက်ရုံးက သူ့ကို သေဒဏ်ပေးထားတယ်၊ ကျွန်တော်က သူ့အတွက် အယူခံသူ၊ သူ မရိုင်းပင်းဘူး၊ သူ ရိုင်းပင်းရင် သူ သေဒဏ်က လွတ်နိုင်တယ်။ သူ တခုခု ထိမ်ချန်ထားတယ်၊ ဘာလို့ထိမ်ချန်ထားသလဲ၊ သူ့အမှု တွဲကို ကျွန်တော် လေ့လာနေတယ်၊ တနေ့မှာ အဲ.. တည... တညမှာ...."

ဦးမြင့်နွယ်က နားထောင်နေသည်။ ကိုသာစု သို့မဟုတ် ဦးသက်လွင် ကသာ ဆက်ပြောနေ၏။

ဆောင်းလေက ပြတင်းမှ ဝင်လာနေသည်။ အပြင်ဘက်၌ ညသည် မှောင်မည်း၍ တိတ်ဆိတ်နေ၏။ ဖိုးစိန်လမ်းရှိ အိမ်၏အလုပ်စားပွဲတွင် ဦးသက်လွင်သည် အမှုတွဲကြီးကို ထိုင်ဖတ်နေ၏။

ကိုတင်မောင်က မိမိ၏ဇနီးကို ရက်ရက်စက်စက်ကြီး သတ်ပစ်ခဲ့သည်။ ဓားမြှောင်ဖြင့် တချက်တည်း မဟုတ်။ အချက်ပေါင်းများစွာ ထိုးသတ်ခဲ့သည်။ အော်သံကြောင့် အိမ်သားများ အခန်းတွင်း ပြေးဝင်လာသည့်အထိ သူက ထိုးသတ်နေဆဲ ဖြစ်သည်။ ထို့နောက် သူ့ကိုယ်သူပါ ထိုးသတ်သေမည်အပြုတွင် သူ့ကို

ဝိုင်းဖက်ချုပ်ပြီး တားဆီးလိုက်ကြရသည်။

ကြိုတင်ကြံစည်မှုရှိခြင်း၊ ဇီဝိန်ချုပ်သည်အထိ မသေမချင်း ရက်စက်စွာ သတ်ပစ်ခြင်း၊ မျက်မြင်သက်သေရှိခြင်း၊ တရားခံသည် ပညာတတ်တဦး ဖြစ်သဖြင့် မသိနားမလည်၍ မဟုတ်ခြင်း စသော အချက်များ ထင်ရှားသောကြောင့် တရားခံကို အစောက်ရုံးမှ သေဒဏ်ချမှတ်ခဲ့သည်။

အမှုတွဲတခုလုံးကို ပြန်လည်လေ့လာရာ၌ ဦးသက်လွင် မကျေနပ်သည့် အချက်မှာ တရားခံ၏ လူသတ်ရာ၌ရှိသော မိုးတစ်(ဖ်)ခေါ် ရည်ရွယ်ချက် ဖြစ်၏။ မုန်း၍ သတ်သည်။ တရားခံက ဤသို့သာ တိုတိုပြတ်ပြတ်ဖြင့် ဝန်ခံခဲ့ သည်။ ဘာကြောင့်မုန်းသနည်း။ တရားခံသည် နှုတ်ပိတ်ရေငုံနေခဲ့သည်။ သူ့ရှေ့နေ သည်လည်းကောင်း၊ ရဲများသည်လည်းကောင်း၊ တရားသူကြီးများသည်လည်းကောင်း၊ ရေငုံပိတ်ထားသော သူ့နှုတ်ကိုဖွင့်၍ မရခဲ့။ အစောက်ရုံးတွင် သူ့ဘက်မှ လိုက်ခဲ့သော ရှေ့နေက ရိုင်းပင်းမှု မရှိသော တရားခံဟု စိတ်ပျက်စွာ မှတ်ချက်ချခဲ့၏။

တရားခံကိုယ်တိုင်သည် အယူခံပင် မဝင်လိုဟု ဆိုသည်။ တရားခံ၏ မိခင်အိုကြီးနှင့် သားသမီးများက ငိုယိုတောင်းပန်လွန်းမှ အယူခံခဲ့သည်။ ဆန်းသယောင်ရှိသော တရားခံပင် ဖြစ်လေသည်။ ဦးသက်လွင်အတွက်မူ မဆန်း။ သည်တရားခံမျိုးကို တွေ့ဖူးသည်။ သူတို့သည် သေရွာဆီသွားမည့် လျှို့ဝှက် ချက်တခုကို ရင်မှာ မိုက်မိုက်ကန်းကန်း ပိုက်ထားသည်။

သို့ရာတွင် အဘယ်မည်သော လျှို့ဝှက်ချက်နည်း။ လင်တယောက်သည့် မိမိဇနီးကို သတ်ပစ်မိသည်တိုင်အောင် ဘာကြောင့် မုန်းရသနည်း။ အဖြေကို ဦးသက်လွင် သိသည်ထင်၏။ ခက်သည်က တရားခံက နှုတ်ပိတ်ရေငုံနေဆဲတည်း။ တရားခံ ကိုတင်မောင်သည် မိမိအတွက်လည်း ရိုင်းပင်းကူညီမှု မရှိသော တရားခံ ဖြစ်လေသတည်း။

ဦးသက်လွင်သည် အညောင်းဆန့်ပြီး စီးကရက်တလိပ်ကို မီးညှိဖွာရင်း က လက်ပတ်နာရီကို ငုံ့ကြည့်မိ၏။

ညဥ့်ဆယ့်နှစ်နာရီ ထိုးတော့မည်။ သို့ရာတွင် ဦးသက်လွင် မအိပ်နိုင်သေး။ နက်ဖြန်တွင် အင်းစိန်ထောင်သို့သွား၍ ကိုတင်မောင်နှင့် တွေ့ရမည်။ ကိုတင်မောင် စိတ်ပြောင်း၍ ရိုင်းပင်းကူညီလာအောင် ဟောပြောရမည့် စကားများကို စဉ်းစားရဦးမည်။

လူအချို့သည် သေခြင်းကိုမကြောက် ဆိုသည်မှာ မှန်သလော။ ဦးသက်လွင်ကတော့ မယုံ။ အရိယာမဟုတ်သူ မှန်သမျှ သေခြင်းကို ကြောက်မည်။

ကိုတင်မောင်လည်း ကြောက်ရမည်။

ဦးသက်လွင်သည် အုတ်တံတိုင်းနှင့် ထောင်ကြီးကို မြင်ယောင်လာသည်။ ထောင်ကြီးအတွင်း တနေရာဆီရှိ ကျဉ်းမြောင်းသော ကြိုးတိုက်ကလေးကိုလည်း မြင်ယောင်လာ၏။

နောက်ဆုံးအဆင့်ဖြစ်သော အသေနားခံစာ တင်ထားသည့် ကြိုးတိုက်တွင်းမှ တရားခံတဦးကို ဦးသက်လွင် မြင်ဖူးသည်။ သူ့မျက်နှာက ဖျော့ရော်နေသည်။

အိပ်မထားသောကြောင့် သူ့မျက်လုံးများက ရဲရဲနီနေသည်။ သူ မသေသေး။ သို့ရာတွင် သူ့မျက်နှာက လူသေပမာ ဖြစ်နှင့်နေပြီ။ အဝတ်ဖြူနှင့် လမ်းလျှောက်နေပုံမှာ သေရာမှ ထလျှောက်နေသူတဦးနှင့် တူနေ၏။ သူ့မျက်နှာနှင့် သူ့သဏ္ဍာန်ကို ဦးသက်လွင် တသက်မမေ့။ ပြီးတော့ အခန်းကျဉ်းကလေး။ အုတ်တံတိုင်းကြီးအတွင်းမှ အခန်းကျဉ်းကလေး။

ဪ...ယခုအချိန်လောက်ဆိုလျှင် ကိုတင်မောင်၌လည်း ကြောက်စိတ်တို့ စိမ့်ဝင်လောက်ပြီ။

ဦးသက်လွင် တွေးနေခိုက် ခြံတွင်းသို့ ကားတစီး ဝင်လာဆိုက်သံ ကြားရ၏။

ဦးသက်လွင်၏ မျက်နှာသည် မှုန်ညိုညို ဖြစ်သွား၏။ သူသည် လက်ပတ်နာရီကို ငုံ့ကြည့်မိပြန်၏။ ဆယ့်နှစ်နာရီ ကျော်သွားပြီ။

ရယ်မောသံနှင့် နှုတ်ဆက်သံများကို ကြားရပြီး ကားထွက်သံ ပေါ်လာ၏။ နေရာမှ ဆတ်ခနဲထကာ ဦးသက်လွင်သည် အခန်းတွင်းမှ ထွက်လိုက်၏။ လဲ့လဲ့၏ တကိုယ်လုံးမှာ ကြော့ကြော့လွင်နေသည်။ ပျံ့သင်းသော မွှေးရနံ့များက ဦးသက်လွင်၏ နှာခေါင်းဆီ လွင့်လာနေ၏။

“ဪ...ဆရာကြီး မအိပ်သေးဘဲကိုး”

နှုတ်ဆက်ပုံက ယဉ်လှသည်။ ပြုံးသယောင် မျက်နှာပေးက မထီလေးစားဟန်ကို ပြနေ၏။

“ကိုယ်မအိပ်သေးတာ ထားပါ၊ မင်း အခုပြန်လာတဲ့အချိန်က ဟုတ်သေးရဲ့လား”

“အို...ဟိုး...မိုင်းဂေါ့(ဒ်)၊ ရန်တွေ့ဖို့ စောင့်နေတယ် ဟုတ်လား”

“ဒီအချိုး မချိုးပါနဲ့ လဲ့လဲ့၊ မင့်နာရီမင်းပြန်ကြည့်စမ်းပါ”

လဲ့လဲ့သည် ပြုံးလဲ့လဲ့နှင့်ပင် လက်ပတ်နာရီကို ငုံ့ကြည့်၏။

“ဆယ့်နှစ်နာရီနဲ့ ဆယ်မိနစ်၊ အဲဒါ ဘာဖြစ်သလဲ”

“အဲဒါဟာ သန်းခေါင်ကျော်ခေါ်တယ်၊ မင်းဟာ အိမ်မှာ လင်တယောက်လုံးရှိသေးတာကို သတိရသေးရဲ့လား”

“ရှင် ... ဒီည ဘာစကားအဆန်းတွေ ပြောနေတာလဲ”

“ကိုယ် မင်းကို ပြောချင်တာ ကြာပြီ”

လဲ့လဲ့သည် ခါးတဖက်ထောက်လိုက်၏။ လက်တဖက်က ရွှေရောင် လက်ပွေ့အိတ်ကို လှုပ်ရမ်းရင်း သေးသွယ်သောခါးကို နွဲ့လျက်လျှောက်ကာ သူ့အနီး ကပ်လာ၏။

“ဆိုပါဦး၊ ဘာတွေပြောချင်သလဲ”

သူက အံကို မသိမသာကြိတ်ပြီး လဲ့လဲ့ကို စိုက်ကြည့်သည်။

မိတ်ကပ်ဖုန်ဖုန်နှင့် လဲ့လဲ့၏မျက်နှာလေးသည် ရုပ်ရှင်မင်းသမီးတဦး ချောသကဲ့သို့ ချောနေသည်။ ချိုသောရင်၊ သွယ်သောခါး၊ လျှပ်ပါးသောဝမ်းဗိုက်နှင့် အချိုးကျသော ကိုယ်အစောက်ပိုင်းတို့က ဆန့်ကျင်ဘက် လိင်ဖိုသတ္တဝါကို ရင်မောစေနိုင်စွမ်းသည်။

သူသည် သက်ပြင်းကို ရှိုက်လိုက်ပြီး အသံကို မမာအခေါင် ထိန်း၍ ပြောသည်။

"ဒီအတိုင်း ဆက်သွားနေကြရင်တော့ မကောင်းဘူး၊ မင်းအတွက်လည်း မကောင်းဘူး၊ ကိုယ့်အတွက်လည်း မကောင်းဘူး"

"သြော်..ဒါကို ရှင် ဝန်ခံပြီပေါ့"

"မခနဲ့ပါနဲ့ လဲ့လဲ့၊ မင်းကိုယ်ကို ပြုပြင်ဖို့ ကိုယ်တိုက်တွန်းနေတာ"

"ရှင့်ကိုယ်ကိုတော့ မပြုပြင်ဘူးပေါ့"

"ကိုယ့်မှာ ဘာအပြစ်ရှိလို့လဲ"

"ကိုယ့်အပြစ်တော့ ကိုယ်မမြင်ဘူး၊

မယားတယောက်ပေါ် ရှင် ဘယ်လောက်များ ဝတ္တရားကျေလို့လဲ"

"ကိုယ်က ဘာတွေလုပ်နေလို့လဲ"

"ရှင်က ကျွန်မကို ရှင့်တရားခံ လူသတ်ကောင်တွေ၊ ဓားပြတွေ၊ လူ့လောကအပြင်ဘက်ကလူတွေ၊ အဲဒါတွေလောက် ဂရုစိုက်ရဲ့လား"

"မင်း ကိုယ့်အလုပ်ကို ဝေဖန်ပြန်ပြီ"

"သြော်...အလုပ်၊ ပိုက်ဆံမရဘဲနဲ့ စေတနာ့ဝန်ထမ်း လျှောက်လိုက်တာတွေကကော အလုပ်လား"

"ဒါပေမဲ့ မင်းကို ကိုယ် တင့်တောင့်တင့်တယ် ထားနိုင်ပါတယ်၊ ဒါကို မင်း ငြင်းနိုင်သလား"

"မငြင်းပါဘူး၊ ဒါပေမဲ့ ကျွန်မ မိဘကလည်း ထားနိုင်ပါတယ်"

"မင်း ဒီစကားကို ပြောပြန်ပြီ"

"ပြောရတယ်၊ တင့်တောင့်တင့်တယ် ထားနိုင်တာလေးတခုနဲ့ ရှင် အသားမယူနဲ့၊ လင်ရယ် မယားရယ် ဖြစ်လာရင် အပေါင်းနဲ့အသင်းနဲ့၊ သူ့အကြိုက် ကိုယ့်အကြိုက်၊ သူ့ယဉ်ကျေးမှု ကိုယ့်ယဉ်ကျေးမှု၊ သူ့ဘဝဟန်ပန် ကိုယ့်ဘဝဟန်ပန် ဒါတွေကိုလည်း လိုက်လျောညီထွေ အပေးအယူ လုပ်ဦးမှပေါ့"

"ကိုယ်လုပ်ချင်ပါတယ်၊ ဒါပေမဲ့ မင်းယဉ်ကျေးမှုနဲ့ မင်းဘဝဟန်ပန်တွေ က မြန်မာ့လူ့ဘောင် အပြင်ဘက်က ဖြစ်နေတယ်.."

"ရှင် ထမင်းမှန်းမသိ၊ ဟင်းမှန်းမသိ၊ ညဘယ်အချိန်ရောက်လို့ ရောက်မှန်း မသိအောင် အာရုံတွေဝင်ပြီး ဂရုစိုက်နေတဲ့ လူသတ်သမားတွေ၊ စားပြတွေကကော မြန်မာ့လူ့ဘောင်အပြင်ဘက်က မဟုတ်ဘူးလား"

"ဒါ ကိုယ့်အလုပ်၊ ကိုယ့်အလုပ်က ဥပဒေဘောင်ထဲကနေ သူတို့ကိုကယ်ဖို့၊ ယဉ်ကျေးသော လူ့ဘောင်နဲ့ ဗြဟ္မစိုရ်တရားက ခွင့်ပြုထားတဲ့အလုပ်၊ နေပါဦး၊ ကိုယ့်ကို ယူတုန်းက မင်း ဒီ ကိုယ့်အလုပ်သဘောကို မသိဘူးလား"

လဲ့လဲ့သည် အသံလေးများထွက်အောင် သရော်၍ ရယ်၏။

"အပိုတွေ မပြောပါနဲ့ ဆရာကြီး၊ ရှင်နဲ့ ကျွန်မ ကြိုက်လို့ ယူကြတာလား၊ လူကြီးတွေ ပေးစားလို့ ယူခဲ့ကြတာလား၊ အဟက်…ဟဲ…ဖြေပါဦး"

သူ မဖြေနိုင်။ ရင်တွင်း၌ အလိပ်လိပ်တက်လာသော ဒေါသကိုသာ သတိပြုမိ၏။

သူသည် မပေါက်ကွဲမီ ကိုယ်ကို ချာခနဲလှည့်၍ သူ့အလုပ်ခန်းဆီ ပြန် လာခဲ့၏။

လဲ့လဲ့၏ အခန်းဆီမှ တံခါးကို အသံမြည်အောင် ဆွဲပိတ်လိုက်သံ ကြားရသည်။

သူက ပြတင်းအနီးရပ်လျက် အမှောင်ကျသော ဆောင်းလေကို အတန်ကြာ ရှူနေသည်။

သူ့မျက်လုံးများသည် ပြတင်းအနီး ခုံတလုံးနှင့် မြှင့်တင်ထားသော ဝါးပတ္တလားဆီ ရောက်သွား၏။

သူက ပြုံးမိ၏။ သည်လို ဆောင်းည သန်းခေါင်တွင် မြမြမောင်းမောင်း ပတ်ပျိုးကို တီး၍ကောင်းသည်။ သည်ပတ်ပျိုးထဲမှာက အမျိုးသမီးသည် ဆောင်းည ချမ်းချမ်းတွင် မောင်တော်ကို မျှော်သည်။ ပူသူများ ပွေ့ရော့မယ်လေလေ့၊ မေ့ရက်ကယ် နေနိုင်လေဟု ညည်းသည်။

လဲ့လဲ့ကတော့ မိုလ်ဆန်ဆန် ခွဲထားသော အိပ်ခန်းတံခါးကို ဆောင့်ပိတ် သွားသည်။

ဘယ်သူက ပူ၍ ဘယ်သူက ပွေ့ရမည်နည်း။ အလုပ်စားပွဲတွင် သူပြန်ထိုင်ပြီး ကိုတင်မောင်၏ အမှုတွဲကြီးကို ကိုင် သည်။ ကိုင်ရင်းက မေးခွန်းသည် ခေါင်း၌ ပေါ်လာ၏။

ဇနီးတယောက်ကို လင်သည် ဘယ်အမျက်နှင့် (သ)တ်သနည်း။ (သ)တ်သနည်း။

ဦးမြင့်နွယ်က ငြိမ်လျက်နားထောင်နေသည်။ ဝေဒနာရှင်၏ လျှို့ဝှက်စိတ်ကို

သူက ထိုးထွင်း မြင်သိလိုက်ပြီ။

“ခင်ဗျား လဲ့လဲ့ကို မုန်းတယ်မဟုတ်လား”

“ကိုယ့်ဇနီးကို မုန်းရတာဟာ ရင်နာဖို့ကောင်းတယ်၊ ဒါပေမဲ့ လဲ့လဲ့ ဘာတွေလုပ်နေတာကို ကျွန်တော် သိတယ်၊ ကိုတင်မောင်လို လုပ်မိမှာ ကျွန်တော် သိပ်..သိပ်...စိုးရိမ်တယ်”

“အင်း...အင်း... ကိုတင်မောင်၊ ခင်ဗျားရဲ့ အမှုသည်၊ သူ့အကြောင်း ဆက်ပြောပါ”

“အင်းစိန်ထောင်ထဲမှာ ကိုတင်မောင်နဲ့ ကျွန်တော် သွားတွေ့တယ်၊ ကျွန်တော် ထင်တဲ့အတိုင်းပဲ၊ သေခြင်းက အနီးကပ်ပြီး သူ့ကို ခြောက်နေပြီ၊ ကြောက်စိတ်က သူ့ရင်ထဲ စိမ့်ဝင်နေပြီ၊ ဒါတောင် ကျွန်တော် အကြာကြီး တရား ဟောရတယ်၊ ဒီတော့မှ သူဝန်ခံတယ်”

“ဘာဝန်ခံလဲ”

“သူ့ဇနီး ဖောက်ပြားတာ၊ သူ့ဇနီးက သူ့ယောက်ဖနဲ့ ဖောက်ပြားနေတယ်၊ သူ့ယောက်ဖ ဆိုတာက သူ့ညီမယောကျ်ား၊ သူသိနေတာ ကြာပြီ၊ သူ့ကိုယ်တိုင် အတွက်ရော၊ သူ့ညီမအတွက်ပါ သည်းမခံနိုင်တဲ့အဆုံးမှာ သူက သူ့ဇနီးကို ရက်ရက် စက်စက် သတ်လိုက်မိတာပဲ၊ သတ်လိုက်ပြီးတဲ့အခါမှာ ဒီအကြောင်းကို သူထိမ်ချန် ထားတယ်၊ ဘာကြောင့်လဲဆိုတော့ သူ့မှာ သမီးပျိုနှစ်ဦး ရှိတယ်၊ သစ္စာမဲ့ ဖောက် ပြားတဲ့ အမေရဲ့ သမီးတွေအဖြစ် သူ့သမီးတွေ နာမည်ပျက်မှာ သူစိုးတယ်၊ တခါ ဒီအကြောင်း လူသိရှင်ကြားပေါ်ရင် သူ့ညီမ အိမ်ထောင်လည်း ပျက်ရမယ်၊ သူ့ဘက် ကကြည့်ရင် အားလုံးဟာ အရှုံးချည်းပဲ၊ ဒါကြောင့် သူပဲ ကုန်းခံတော့မယ်ဆိုပြီး သူထိမ်ချန်ထားတာ၊ ကျွန်တော် ကြိုးစားလွန်းလို့ သူ့ဖွင့်ဟဝန်ခံတာ”

“ခင်ဗျား ဘာဆက်လုပ်လဲ”

“အယူခံအတွက် နည်းဗျူဟာ အခြေခံ ကျွန်တော် ရတာပေ့ါ၊ ကိုတင် မောင့်လည်ပင်းက ကြိုးကွင်းကိုဖယ်ပြီး ထောင်ဆယ်နှစ်၊ အလွန်ဆုံး တသက်တကျွန်းသာ ခံရအောင် ကျွန်တော် လျှောက်လဲနိုင်မယ်လို့ တထစ်ချယုံတယ်၊ အယူခံကို ကျွန်တော်ရေးပြီး အင်းစိန်ထောင်ကို တခေါက်သွားပြန်တယ်၊ အဲဒီ အခေါက်မှာ မမျှော်လင့်ဘဲ သိန်းအောင်နဲ့လည်း သွားတွေ့တယ်”

“ဩော်... သိန်းအောင်၊ သိန်းအောင် ဆိုတာက ဘယ်သူလဲ”

“သိန်းအောင်က အခြေအနေ အတည်တကျ မရှိပါဘူး။ အရင်ကလည်း ထောင်တခါ ကျဖူးတယ်။ အခုက ဒုတိယအကြိမ်ကျတာ၊ အဲဒီနေ့က နှစ်စေ့လို့ သူလွတ်တဲ့နေ့၊ အလုပ်သဘောအရ သူနဲ့ ကျွန်တော် သိကြတယ်၊ ကျွန်တော်ပြန်တော့ သူ့ကို ကျွန်တော့်ကားနဲ့ပဲ တင်ခေါ်လာခဲ့တယ်၊ ရန်ကုန်ရောက်တော့ လိမ်လိမ် မာမာနေဖို့ ဆုံးမပြီး သူ့ကို ကျွန်တော်ငွေတဆယ်တောင် ပေးခဲ့သေးတယ်”

သူ့စကားက ရပ်သွား၏။ ဦးမြင့်နွယ်က နားထောင်နေသည်။ စကားသံက ပေါ်မလာတော့။

“ပြောလေ ..ဆက်ပြော”

“ဘာပြောရမှာလဲ”

“အမှုအကြောင်း၊ ကိုတင်မောင့်အမှုလေ၊ ခင်ဗျား အယူခံစာတင်လိုက်တယ်၊ ပြီးတော့...”

“ပြီးတော့ သက်သေခံ အထောက်အထားအသစ်တွေ ထပ်ရှာရပါတယ်၊ မူလစီရင်ချက်က ပျောက်ကွက် ဟာကွက်တွေလည်း ရှာပါတယ်၊ အထူးသဖြင့် ကြို တင်ကြံစည်မှု ရှိခြင်းဆိုတဲ့ ကောက်ချက်ကို ကျွန်တော် ချေဖျက်ရပါမယ်၊ ရုတ်တရက် ပေါက်ကွဲထွက်လာတဲ့ ဒေါသကြောင့် ဖြစ်တယ်ဆိုတာ ပြရပါမယ်၊ ဒီလိုဖြစ်စေတဲ့ တရားခံ ကိုတင်မောင်ရဲ့ ဘဝနစ်နာမှုကလည်း အစစ်အမှန် ရှိနေပြီ၊ အဲဒီ ဘဝနစ်နာမှုက ဇနီးသည်ရဲ့ ဖောက်ပြားမှုပဲ၊ ဖောက်ပြားမှုကိုစွပ်စွဲတာက လွယ်တယ်၊ ရုံးတော်က လက်ခံယုံကြည်နိုင်အောင် လုပ်ဖို့က မလွယ်ဘူး၊ အဲဒီအတွက် သိပ်အရေး ကြီးတဲ့ သက်သေကို ကျွန်တော် သိလာရပါတယ်၊ သူက အဲ...မတင်မြိုင်၊ ကိုတင်မောင့်နမ”

သူက ရပ်သွားပြန်၏။ ဦးမြင့်နွယ်က အဆက်မပြတ်ရန် ထောက်ပေး၏။

“ဟုတ်ပြီး မတင်မြိုင်၊ ကိုတင်မောင့်နမ၊ သူ့ယောက်ျားက ကိုတင်မောင့် ဇနီးနဲ့ ဖောက်ပြားတယ်၊ ဆက်ပြော”

“ဖောက်ပြားမှုကို မတင်မြိုင် သိတယ်၊ ဒါပေမဲ့ သူသက်သေလိုက်ပါ့မလား၊ သူ့လင်နဲ့ သူ့အိမ်ထောင် နစ်နာမှု ဖြစ်နိုင်တယ်၊ ဒါပေမဲ့ တဖက်ကလည်း အစ်ကို၊ အစ်ကိုတယောက် သေဒဏ်က လွတ်ဖို့အတွက် နှမတယောက်ဟာ ဘယ်လောက်အထိ သူ့ဘဝကို အနစ်နာခံနိုင်မလဲ၊ လင်ရဲ့ဖောက်ပြားမှုကို ကိုယ့်ဘာသာ ကြိတ်သိနေတာက တကါစ္စ၊ ရုံးတော်မှာ လူသိရှင်ကြား သက်သေခံဖို့က တကါစ္စ။ သူသာ သက်သေခံပေးနိုင်ရင်တော့ ကျွန်တော်တို့ဘက်က တပန်းသာနေပြီး ကြိုးစားကြည့်ရင် မများဘူး၊ မတင်မြိုင်က အလုပ်,လုပ်တယ်၊ အိမ်မှာ သွားတွေ့ဖို့ကလည်း မကောင်းဘူး၊ ဒါနဲ့ ကျွန်တော် သူ့ရုံးမှာ သွားတွေ့တယ်၊ ထင်တဲ့အတိုင်းပဲ ပထမတခေါက်မှာ ငြင်းတယ်၊ ဒုတိယအခေါက်မှာ စဉ်းစားပါမယ် ကတိပေးတယ်၊ တတိယအခေါက်ကျမှပဲ...”

စတော့ဂိတ်ဂုံးအနီး ကျန်းမာရေးဦးစီးဌာနရုံး အထက်ထပ်အခန်း တခုတွင်းမှ ဦးသက်လွင်သည် ထွက်လာခဲ့၏။

ပတ်ဝန်းကျင်တဝိုက်၌ ဆူညံသံများ ထွက်ပေါ်နေသည်။ ရုံးသူ ရုံးသား အချို့ ပြေးလွှားကြသည်ကိုလည်း တွေ့ရ၏။

မတင်မြိုင်ထံမှ သက်သေခံရန် ကတိရခဲ့သောကြောင့် စိတ်ရွှင်လန်းနေသော ဦးသက်လွင်မှာ ပြေးလွှားကြသည်ကို ကြည့်ပြီး အံ့အားသင့်သွား၏။

“ဘာဖြစ်တာလဲ၊ ဘာဖြစ်တာလဲ”

ဦးသက်လွင် မေးသည်ကို မည်သူမျှ အဖြေမပေးနိုင်ကြ။ ဦးသက်လွင်က လှေကားမှ ခပ်သွက်သွက် ဆင်းလာရာ လူတယောက်က ဆီးတား၏။

“မဆင်းနဲ့၊ ပြန်တက်၊ ပြန်တက်၊ ရောက်လာကြပြီ”

“ဘာလဲ၊ ဘာရောက်လာတာလဲ”

“အဓိကရုဏ်းသမားတွေ”

“ဘာတွေ”

ထိုသူ ထပ်မဖြေရမီ အခောက်ဆီမှ ဆူသံ၊ အော်သံ၊ ထုရိုက်သံများ ထွက်ပေါ်လာ၏။

ဘာမှန်းမသိသော်လည်း ထိတ်လန့်ပြီး ဦးသက်လွင်သည် အပေါ်ထပ်သို့ ပြန်ဆုတ်တက်ခဲ့၏။

ဆူသံ အော်ဟစ်သံများက ပိုကျယ်လာ၏။ ဓာတ်ဆီနံ့များရပြီး မကြာမီ မီးခိုးလုံးများ တက်လာသည်။

တစုံတယောက်၏ အော်သံက ထွက်ပေါ်လာ၏။

“ကားတွေ မီးရှို့ကုန်ပြီး ရုံးရှေ့ကကားတွေ မီးရှို့ကုန်ပြီ”

ဦးသက်လွင် တုန်လှုပ်သွား၏။ မိမိက မိမိ၏ကားလေးကို ရုံးရှေ့၌ ဆိုက်ထားခဲ့၏။

ရုံးပေါ်မှ ဦးသက်လွင်သည် အပြေးဆင်းလာခဲ့၏။

မီးလောင်သော ကားတွေက မီးလောင်နေပြီ။ မိမိ၏ ဖောက်(စ်)ဝက်ဂွန် ကားလေးက မလောင်သေး။ လူတအုပ်က ကားလေးကို ထုရိုက်နေကြသည်။

“ဟေ့...ဟေ့...မလုပ်ပါနဲ့၊ မလုပ်ကြပါနဲ့”

အော်ဟစ်တောင်းပန်ကာ ဦးသက်လွင်က လူအုပ်ကြား ဝင်သည်။ လူအုပ်နှင့် ဦးသက်လွင်မှာ ရောထွေးသွားသည်။ တချို့က မိမိကို တွန်း ကြသည်။ တချို့က ဆွဲကြသည်။ တချို့က ထိုးကြသည်။

ဦးသက်လွင်က တချက်ဆောင့်ရုန်းလိုက်ရာ ဝတ်ထားသော တိုက်ပုံ အင်္ကျီသည် ဆွဲသူ၏လက်တွင်း စုတ်ပြဲကျွတ်ကျန်ရစ်သည်။

မွန်မွန်ထူထူ သွေးရူးသွေးတန်းဖြင့် ဦးသက်လွင်က ကားလေးဆီသို့ ပြေးကပ်သည်။ ကားတံခါးကို ရိုက်ချိုးနေသူတဦးကို မြင်သောအခါ ဦးသက်လွင်၏ နှုတ်မှ အသံထွက်သွား၏။

“သိန်းအောင်”

ဟုတ်သည်။ သိန်းအောင်။ ဟိုတလောကမှ အင်းစိန်ထောင်မှ လွတ်လာ သူ သိန်းအောင်။ မိမိကားပေါ် တင်ခေါ်လာခဲ့သော သိန်းအောင်။

သိန်းအောင်ကလည်း ထိတ်လန့်သွားဟန်ဖြင့် မျက်လုံးပြူးလျက် ဦးသက်လွင်ကို ကြောင်ကြည့်နေသည်။

ထိုအခိုက်တွင်ပင် ဦးသက်လွင်၏ခေါင်းမှာ သိမ့်သိမ့်ခါသွားပြီး ကမ္ဘာကြီး ပတ်ချာလည်သွား၏။ နောက်...

အမှောင် ...။ ပိန်းပိတ်သောအမှောင် ...။ အမှောင်..။

✳✳✳✳✳

အခန်း [၂၄]

ဥညြသံရှည်တချက် မှုတ်လိုက်ပြီး ပုသိမ်အမြန်သင်္ဘော "ဗန္ဓုလ" သည် ကမ်းမှခွာ၏။

အပေါ်ထပ်ဦးပိုင်း အိပ်ခန်းများရှေ့တွင် ထွက်ရပ်ကြလျက် မသင်းနှင့် မသင်းန၏ ဒေါ်လေးတို့က လက်ပြနှုတ်ဆက်ကြသည်။

ဆိပ်ခံထက်တွင်ရပ်လျက် ဦးမြင့်နွယ်။ မွန်မွန်တို့နှင့်အတူ ကိုသာစု မဟုတ်တော့ပြီဖြစ်သော ဦးသက်လွင်ကလည်း ပြန်လည်လက်ပြကျန်ရစ်သည်။

"ပြန်ဆုံတွေ့ကြမယ်၊ ကိုသာစုအဖြစ်နဲ့လည်း မဟုတ်ဘူး၊ ကိုသိန်းအောင် အဖြစ်နဲ့လည်း မဟုတ်ဘူး၊ ရှင့်ကို ရှင်အဖြစ်နဲ့"

ဝေးသွားသော သင်္ဘောပေါ်မှ မသင်းန၏ သဏ္ဌာန်လေး မပျောက်မချင်း လက်ကို မြှောက်ပြရင်းက ဦးသက်လွင်သည် ကလေးမ ပြောခဲ့သော စကားများကို ပြန်လည်ကြားယောင်နေ၏။ ကလေးမ ကတိတည်ခဲ့သည်။ ဩော်...တာဝန်လည်း ကျေခဲ့သည်။

ယခု သူ့တာဝန်ကျေ၍ ပြန်လေပြီ။ ဝေးရာဆီ။ ဝေးရာဆီကိုပါ။ သင်္ဘောသည် ဝေးသထက် ဝေးသွားသောအခါမှ ဦးသက်လွင်တို့ သုံးဦးသည် ကမ်းဆီ တက်လာခဲ့ကြ၏။

ဦးမြင့်နွယ်တို့ စုံတွဲက ဦးသက်လွင်ကို ဖိုးစိန်လမ်းအိမ်အထိ သူတို့ကားနှင့် လိုက်ပို့ပေးကြသည်။

မွန်မွန်က နပျိုလှပသည်။ ဦးမြင့်နွယ်က ခန့်ညားမွန်ရည်သည်။ တဦးနှင့် တဦးလည်း ချစ်လိုက်ကြပုံမှာ မြင်ရုံနှင့် သိသည်။

ပြန်သွားကြသော ဇနီးမောင်နှံကို ငေးကြည့်ကျန်ရစ်လျက် ဦးသက်လွင် မှာ ဝမ်းနည်းမိ၏။

ဩော်... အပြီးသတ်ကျတော့ မိမိမှာသာ တဦးတည်း။ အထီးကျန်။ သည်ပုံဆိုတော့ ကိုသာစုဘဝကမှ အကောင်းသား။ ကလေးမ၊ ဦးကြီး၊ ပြီးတော့ အောင်ငြိမ်းတို့၊ လှစိန်တို့၊ သူတို့နှင့် နေရသော သူတို့၏ ကိုသာစုဘဝကမှ အကောင်းသား။

ဦးသက်လွင်သည် မိမိ၏အိပ်ခန်းရှေ့၌ ခေတ္တရပ်သည်။ တဖက်တွင်

ယှဉ်လျက်ရှိသောအခန်းက လဲ့လဲ့၏အိပ်ခန်း။ သည်အခန်းကတော့ သော့ပိတ်လျက်နေသည်။

ဦးသက်လွင်သည် ဝမ်းနည်းစွာ ပြုံးမိ၏။

ယခု လူမရှိတော့ လဲ့လဲ့၏အခန်းက သော့ပိတ်ထားသည်။ သြော်... လူရှိတော့ကော ဘာထူးပါသနည်း။ မိမိနှင့် လဲ့လဲ့ကြားတွင် မေတ္တာတံခါးက သော့ပိတ်လျက်သာ ရှိနေသည်။

ဦးသက်လွင်သည် မိမိ၏ အိပ်ခန်းတွင်း ဝင်ခဲ့ပြီး ခုတင်ထက်၌ လျောင်းလှဲသည်။

သူသည် ပင်ပန်းနေ၏။ စိတ်ရောလူပါ ပင်ပန်းနေ၏။

ဝမ်းနည်းစိတ်အပြင် နာကြည်းစိတ်သည်လည်း ရင်မှာလွှမ်းလာ၏။ သာမန်ခရီးဝေးက ပြန်လာလျှင်ပင် ဇနီးသည်သည် အိမ်ဝက ဆီးကြိုနေဖို့ကောင်းသည်။ အတိဒုက္ခ မိုးမှောင်ကြီးတွင်းမှ ရုန်းထွက်ကာ ပင်ပန်းစွာ ပြန်ရောက်ရှိလာသော မိမိအတွက်ဆိုလျှင် ပို၍ဆီးကြိုနေဖို့ကောင်းသည်။

ယခုတော့ လဲ့လဲ့သည် အိမ်၌မရှိ။ ပေလီမှ ပြန်မရောက်သေး။ လေယာဉ်ပျံအခက်အခဲရှိသောကြောင့် ခရီးသည်များ ပေလီတွင် သောင်တင်နေကြောင်းတော့ မနက်က သတင်းစာတွင် ဖတ်ရသည်။ သြော်... ရှိစေတော့။ ပြန်သည့်အခါ ပြန်လာလိမ့်မည်။ သည်တော့မှပဲ မိမိက ဆီးကြိုရမည်။ အဟင်း...ဆီးကြိုရမည်။

ဦးသက်လွင်သည် မေ့ခနဲ ငိုက်မျဉ်းအိပ်ပျော်သွားသည်။ နားတွင်း၌ ကားဆိုက်သံလိုလို ကြားလိုက်ရသဖြင့် လန့်နိုးလာသည်။

လူသံသူသံများနှင့် ပစ္စည်းသယ်သံများကိုပါ ကြားရ၏။ လဲ့လဲ့ ပြန်ရောက်လာပြီလော။ လဲ့လဲ့ ပြန်ရောက်လာတော့ မိမိက ဆီး ကြိုရမည်။ သြော်... ဘယ်ပုံဆီးကြိုရမည်နည်း။

လူသံသူသံများက ပြန်လည်တိတ်ဆိတ်သွား၏။ လဲ့လဲ့၏ ခြေသံက ပေါ်မလာ။ တဖက်ခန်းကို ဖွင့်သံလည်း မကြားရ။ ဦးသက်လွင်သည် အိပ်ခန်းတွင်းမှ ထွက်လိုက်၏။ အိပ်ခန်းအပြင်ဘက်၌ သူ့တပည့်ကြီး ဦးဘတူက စောင့်နေသည်။ ဦးဘတူသည် နှုတ်ခမ်းထက် လက်ညှိုးကို ကန့်လန့်ဖြတ်တင်ကာ အသံမပြုရန် သတိပေးသည်။ ထို့နောက် ဧည့်ခန်းဆီသို့ ညွှန်ပြ၏။

ဦးဘတူ ဘာဆိုလိုသည်ကို ဦးသက်လွင် နားမလည်။ သို့ရာတွင် ဧည့်ခန်းဆီသို့ အသာလျှောက်လာခဲ့သည်။

ဧည့်ခန်း၏ ခန်းဆီးကို သူက အသာဖယ်၍ အတွင်းသို့ ကြည့်သည်။ သြော်... လွမ်းစရာပါတကား။ အင်း...အဟင်း...လွမ်းစရာပါတကား။ ငတီလေး၏ ဆံပင်က ရှည်သည်။ အရွယ်လေးက နသေးသည်။ ရုပ်ရည်လေးက သနားကမား။

သည်ငတီလေး၏ အဖက်အပွေ့တွင် လဲ့လဲ့က ကြော့ကြော့ကော့ကော့လေး ရှိနေ၏။

“လွှတ်တော့ကွယ်၊ ဟိုမှာလည်း တဝကြီး ချစ်ခဲ့ကြရသားနဲ့”

“ဟင့်အင်း…မဝဘူး၊ မမလဲ့နဲ့ မောင် မခွဲချင်ဘူး”

လဲ့လဲ့ မဖြေရမီ ဖြေသံတခုက ပေါ်လာ၏။

“မခွဲကြရပါဘူးကွယ်၊ မခွဲကြရပါဘူး”

ဦးသက်လွင်က အေးချမ်းစွာပြောပြီး အခန်းတွင်းသို့ ဝင်လာ၏။ သူ့နောက် မှ ဦးဘတူက ကပ်လိုက်လာသည်။

ကြောင်သွားရာမှ ငတိလေးသည် လဲ့လဲ့ကို လွှတ်လိုက်သည်။ သူက အခန်းတွင်းမှ ထွက်ပြေးရာ ဦးဘတူက ဆွဲဖမ်းထား၏။

“ဦးဘတူရေ…သူ့ကို လွှတ်လိုက်ပါ၊ ကျွန်တော် လဲ့လဲ့နဲ့ပဲ စကားပြောမယ်”

မကျေနပ်ဟန်ဖြင့် ဦးဘတူက ငတိလေးကို လွှတ်လိုက်သည်။ ငတိလေးက သူ့ကားဆီတက်ပြီး မောင်းပြေးသွား၏။ အငိုက်မိ ကြောင်သွားသောအဖြစ်မှ လဲ့လဲ့သည် နိုးလာ၏။ ဒေါသနှင့် ရှက်စိတ်ရောသော ဝင်းဝင်းတောက်သည့် မျက်လုံးများဖြင့် ဦးသက်လွင်တို့ကို ကြည့် ပြီးပြော၏။

“‘ဟင် … လက်စသတ်တော့ ဆရာတပည့် ကြိတ်ကြံကြတာကိုး၊ ဟုတ်လား”

ဦးသက်လွင်က လက်ဝါးကာပြပြီး ဆို၏။

“ထိုင်ပါဦး လဲ့လဲ့ရယ်၊ ကိုယ်တို့ အေးအေးဆေးဆေး စကားပြောကြ တာပေါ့၊ ဪ.. ဦးဘတူ၊ ခင်ဗျား သွားနိုင်ပြီ”

ဦးဘတူ ထွက်သွားသည်။ လဲ့လဲ့က မထူးတော့ပြီဟူသော မျက်နှာပေးနှင့် ကုလားထိုင်တလုံးတွင် ဝင်ထိုင်၏။ လဲ့လဲ့နှင့် မျက်နှာချင်းဆိုင်တွင် ဦးသက်လွင် လည်း ထိုင်လိုက်၏။

“မင်းက ကိုယ်တို့ဆရာတပည့်နှစ်ယောက် ကြိတ်ကြံတယ်လို့ ဆိုခဲ့တယ်။ မင်း ဘာဆိုလိုတယ်ဆိုတာ ကိုယ်နားလည်တယ်၊ ကိုယ် မရှင်းတော့ပါဘူး၊ ဒါပေမဲ့ မင်း ယုံချင်ယုံ၊ မယုံချင်နေ၊ ကိုယ်ဟာ ခရီးအဝေးကြီးက ပြန်လာခဲ့ပါတယ်၊ မင်း ထင်တာထက် သာ၍ဝေးတဲ့ ခရီးဆီက ကိုယ်ပြန်လာခဲ့တယ်၊ ကိုယ်ဟာ အဲဒီခရီးကို ဘယ်သူအဖြစ်နဲ့ သွားနေခဲ့တယ် ထင်သလဲ”

လဲ့လဲ့က သူ့ကို ကြည့်သည်။ ဘာမျှတော့ မပြော။

“ကိုယ်ဟာ အဲဒီခရီးကို လူသတ်ကောင်တယောက်အဖြစ်နဲ့ သွားနေခဲ့ တယ်၊ ကိုယ့်မယားကို ကိုယ်(သ)တ်ပြီး ပြေးနေခဲ့တဲ့ လူ(သ)တ်ကောင်တယောက် အဖြစ်နဲ့ ပြေးနေခဲ့တယ်၊ တော်သေးတာပေါ့ လဲ့လဲ့ရယ်၊ ကိုယ်ဟာ မင်းကို စိတ္တဇ ကမ္ဘာထဲမှာသာ (သ)တ်ခဲ့မိလို့၊ နို့မို့ဖြင့်ရင်တော့ ကယ်ဖို့ရာ ကိုယ် စရုံစနိုင်ခဲ့ပြီး တခြား ဝတ်လုံတဦးက ဆက်ကယ်သွားလို့ ကြိုးဒဏ်ကနေ ကျွန်းဒဏ် ခံသွားရ တဲ့ ကိုတင်မောင်ရဲ့ဘဝထက် ကျုပ်ဘဝ ဆိုးလိမ့်မယ်”

လဲ့လဲ့၏ အသွင်၌ တုန်လှုပ်ဟန် ပေါ်လာသည်။

"ရှင် ဘာတွေလျှောက်ပြောနေတာလဲ"

"နေပါဦးလေ၊ ကိုယ်ပြောပါဦးမယ်၊ မင်းက ကိုယ့်အမှုသည်တွေအပေါ် စိတ်မဝင်စားဘူး၊ ဒါပေမဲ့ အဲဒီကိုတင်မောင် (သ)တ်ခဲ့သူဟာ သူ့မိန်းမပဲ၊ (သ)တ်ခဲ့မိတဲ့ အကြောင်းက သစ္စာမဲ့လို့၊ မင်းလိုပဲ သစ္စာမဲ့လို့"

လဲ့လဲ့၏ကိုယ်လေး အနည်းငယ် ကြွသွား၏။ အေးအေးဆေးဆေးကြီး ပြောနေသော ဦးသက်လွင်ကို တဖြည်းဖြည်း လန့်လာ၏။

"ရှင်..ရှင်..ကျွန်မကို ခြိမ်းခြောက်နေတာလား"

"မကြောက်ပါနဲ့။ ကိုယ့်အလုပ်က လူ(သ)တ်တဲ့အလုပ် မဟုတ်ဘူး၊ လူ(သ)တ်မိလို့ သေရမယ့်လူကိုတောင် လိုက်ကယ်ရသူပါ၊ အခုလည်း ကိုယ့်ကိုယ်ကိုယ် ကယ်တော့မယ်လို့ ကိုယ်ဆုံးဖြတ်လိုက်ပြီ၊ လဲ့လဲ့၊ မင်းကို ကိုယ် စိတ္တဇကမ္ဘာထဲ မှာတောင် မသတ်ချင်ပါဘူး၊ ဒီတော့ မင်းအရင်က အကြိမ်ကြိမ် တောင်းခဲ့တာကို ကိုယ်ခွင့်ပြုပါပြီ၊ သွားပေတော့ လဲ့လဲ့၊ ကိုယ့်လောကထဲက မင်းသွားပေတော့၊ ကိုယ် ကြည်ကြည်ဖြူဖြူကြီး ခွင့်ပြုလိုက်တယ်၊ ဪ… ကိုယ် ကြည်ကြည်ဖြူဖြူ ကြီးလည်း ခွင့်လွှတ်လိုက်ပါတယ်"

လဲ့လဲ့၏အဖြေကို မစောင့်တော့ဘဲ သူက လဲ့လဲ့၏အပါးမှ ထထွက်ခဲ့လေသတည်း။

*****

အခန်း [၂၅-ဇာတ်သိမ်း]

နေ့၏ နိဂုံးပိုင်းအချိန်မှာ ဖြစ်သောကြောင့် မြစ်ရေသည် လှဲ့လှဲ့စီးပြာနေ ၏။ ဟိုတခါတုန်းကထက် ပိုမိုလှဲ့လှဲ့ စီးပြာနေသည်။

ရှေ့ဆီမှ ကမ်းပါးဖြူကြီးများက လှမြဲ လှနေသည်။ မြင့်မြဲ မြင့်နေသည်။ ဝိုက်ကွေ့သော မြစ်သည် လူသူဝေးရာ တနေရာဆီ ရှေးရှုဝင်သွားသယောင်ရှိသည်။ အဲသည်ဆီမှာတော့ လှပခြင်း၊ အဲသည်ဆီမှာတော့ သာယာခြင်း၊ ပြီးတော့ လွတ်လပ်ခြင်း။

ဪ... ဘဝတချို့ ကူးရပြန်ပြီ။ မော်တော်သည် အမှတ် ၂ ဆိပ်တွင် ဆိုက်ကပ်၏။ သားရေသေတ္တာကို လက်တဖက်၌ဆွဲလျက် ရေစပ်တွင် ဦးသက်လွင်က ရပ်လိုက်၏။

ဘယ်ကိုသွားမည်နည်း။ ကလေးမတို့အိမ်ဆီလော။ ကလေးမတို့အိမ်ဆီ မိမိက သွားသင့်ပါ၏လော။

ကူးတို့လှေလေးကတော့ အဆင်သင့် ရှိနေ၏။ ဦးသက်လွင်သည် ကူးတို့လှေလေးပေါ် တက်လိုက်၏။ ကူးတို့သမားသည် ဦးသက်လွင်ကို စေ့စေ့ကြည့်၏။

သားရေသေတ္တာ အကောင်းစားနှင့်။ ခန့်ညားသပ်ရပ်စွာလည်း ဝတ်ဆင်ထားသော ဤဧည့်သည်သည် မြို့ဆီ မတက်။ တဖက်ကမ်းသို့ ကူးမည်။ ဆန်းတော့ အဆန်းသား။ ဪ...သူ့မျက်နှာကိုလည်း မြင်ဖူးသယောင်ရှိသည်။ တဖက်ကမ်းအရောက်တွင် ဦးသက်လွင်က ကူးတို့သမားကို ငွေတကျပ် ထုတ်ပေးပြီး သောင်ပြင်ကိုဖြတ်လျက် ကမ်းထက်တက်ခဲ့၏။ သည်မှာတော့ မပြောင်း။ ဘာမျှမပြောင်း။ ရွက်သစ်တွေ စုံစုံဝေ၍ အပင်တိုင်း နုလွင်တောက်ပနေသည်သာ ထူး၏။

ဪ...တလင်းမြေအနီး သစ်လေးပင်ရိပ်မှာလည်း မပြောင်းလဲပါတကား။ သစ်လေးပင်ရိပ်မှာ ကလေးမက ပန်းချီဆွဲနေသည်။ တွေ့စဦး ဟိုတကြိမ်တုန်းကကဲ့သို့ပင် အင်္ကျီလေးကဖြူဖြူ။ ထဘီလေးက ဝါဝါ။

အသားလေးတွေကလည်း ဝါဝါ။ ကလေးမက မိမိကို မမြင်။ မိမိရှိရာဘက်သို့ ကျောတဝက်ပေးထားသည်။

ဦးသက်လွင်က ပြုံးလိုက်၏။

သူသည် ဆက်မသွားတော့ဘဲ ပြန်ကွေ့ကာ တဲ၏နောက်ဖေး မှ ခိုးကြောင်ခိုးဝှက် ဝင်ခဲ့၏။

မသင်းနုက ဘာမျှမသိ။ ပန်းချီကားထက်တွင် စိတ်ရှည်လက်ရှည် စုတ်ချက်မှုန်းနေ၏။

ထိုစဉ် ပတ္တလားသံက ပေါ်လာ၏။ မသင်းနုသည် ထိတ်လန့်တကြားနှင့် တဲဆီကို လှမ်းကြည့်၏။

"အို..."

ကိုသာစု။ ဟုတ်သည်။ ကိုသာစုမှ ကိုသာစုအစစ်။ ပတ္တလားနောက်မှာ ထိုင်နေသည်။ ကိုယ်မှာက စွပ်ကျယ်နှင့်။ ဆံပင် များက ပွရောင်းနေသည်။ ပါးမြိုင်းမွေးနှင့် နှုတ်ခမ်းမွေးတို့သာ မရှိ။

ကြောင်ငေးကြည့်နေရာမှ မသင်းနုသည် သူ့ထံသို့ ပြေးသွားသည်။

"ရှင်... ရှင်...၊ ရှင်.. ပြန်ရောက်လာပြီ"

"ကလေးမရဲ့ ရှင်က ဘယ်ရှင်တုံး"

"အို...ရှင်..ဦး...ဦး သက်လွင်"

"ကလေးမ လူမှားနေပြီး ကျုပ်နာမည် သာစု၊ ကိုသာစု"

မသင်းနု ထိတ်လန့်သွား၏။ ဘာဖြစ်လာပြန်သနည်း။ သူ ဘာဖြစ်လာ ပြန်သနည်း။

မသင်းနု၏ မျက်လုံးများက ကြမ်းပြင်တွင် ချွတ်ချထားသော တိုက်ပုံ အင်္ကျီနှင့် အစောက်ခံအင်္ကျီဖြူကို မြင်သွား၏။ မသင်းနုသည် သဘောပေါက်သွားသည်။ သက်ပြင်းလေးလွှတ်ပြီး ပြုံး၍ ဆို၏။

"ရှင် ဘာလာလုပ်တာလဲ ဟင်"

"ကျုပ် ထွက်ပြေးလာတာ"

"အို...ထွက်ပြေးလာတာ"

"ဟုတ်တယ်၊ ဟိုတကြိမ်တုန်းက ကျုပ် ထွက်ပြေးခဲ့တယ်၊ မလွတ်ဘူး၊ ဒီတကြိမ်တော့ ပိုပြီးဝေးရာဆီ ကျုပ် ပြေးလာရပြန်တယ်"

"ဘယ်လို... ပိုပြီးဝေးရာဆီကို"

"အမုန်းလောက,ကနေ ပြေးတဲ့လူဟာ ဘယ်ကိုပြေးမလဲ၊ အမုန်းလောကကနေဝေးရာ သာ၍ ဝေးရာဆီကိုပဲ ပြေးရမယ်၊ အမုန်းလောက,က ဝေးရာ သာ၍ ဝေးရာဟာ မေတ္တာနိုင်ငံပါ ကလေးမ၊ အဲဒီနိုင်ငံကနေ ကျုပ်ကို ကလေးမတို့ မောင်းထုတ်မှာလား"

မသင်းနုက ဝမ်းနည်းစွာ ခေါင်းခါလျက် ဆို၏။

"မဖြစ်နိုင်တာ ဦးသက်လွင်၊ ရှင့်မှာက တာဝန်နဲ့၊ ရှင် ဘယ်လောက်မုန်းမုန်း ရှင်မှာက.. ရှင့်မှာက..."

မသင်းနုက စကားမဆက်။ သို့ရာတွင် သူနားလည်သည်။ သူက ကြမ်းပေါ်ရှိ အင်္ကျီအိတ်တွင်းမှ သတင်းစာအပိုင်းလေးတပိုင်းကို ထုတ်ယူပြ၏။

"ဟင် ... ရှင်တို့ အိမ်ထောင်ကွဲခဲ့ပြီ၊ အို...ဖြစ်ရလေ"

"သူရွေးတဲ့လမ်းကိုသွားဖို့ ကျုပ်က ခွင့်ပြုလိုက်ရတာပါ ကလေးမ ကျုပ်ဟာ အသည်းနှလုံး ကင်းမဲ့တဲ့လူ မဟုတ်ပါဘူး။ အဲဒီအသည်းနှလုံးကြောင့် ကျုပ်ဟာ ကံကောင်းလို့ ဘဝမဆုံးခဲ့ရတယ်၊ ဒါပေမဲ့ ပြောပါ ကလေးမ၊ ကလေးမ တို့က ကျုပ်ကို ဒီကထွက်သွားစေချင်သလား၊ ကျုပ် ထွက်သွားပါ့မယ်"

"ရှင် ဘယ်ကိုထွက်သွားမလဲ"

"ဂနိုင်ကြီးဆီကိုလေ၊ ကလေးမကို ကျုပ်ပြောပြခဲ့တဲ့ ဂနိုင်ကြီးဆီကို၊ အဲဒီဂနိုင်ကြီးထဲမှာပဲ ကျုပ် သွားအိပ်လိုက်တော့မယ်"

မသင်းနုက သက်ပြင်းရှိုက်၏။

"ဦးသက်လွင်"

"ကျုပ်နာမည် ကိုသာခုပါလို့ ပြောနေတယ်"

"ကောင်းပြီ ကိုသာခု၊ ရှင် ဒီမှာနေချင်ရင်တော့ ဦးကြီးဆီ ခွင့်တောင်းရမယ်"

"ဦးကြီးဆီကတင်ပဲလား၊ ကလေးမဆီကကော"

"ကျွန်မဆီက ရှင် ဘာမှခွင့်တောင်းဖို့ မလိုတော့ပါဘူး"

သူက မသင်းနုကို မော့ကြည့်၏။

ကလေးမ၏ မျက်ဝန်းပြာတွင်းမှ ကြယ်မင်းများက စကားဆိုနေကြသည်။ ဪ...သူ့အသည်းကလည်း မအိုတော့ပါတကား။

သူသည် အားရပါးရ ပြုံးလိုက်ပြီး ပတ္တလားအိမ်တွင်းမှ စည်းလေးကို ထုတ်ပေး၏။

"ရော့...ရော့......ကလေးမ"

"ဘာလဲ၊ ဘာလုပ်ရမှာလဲ"

"ကျုပ် ဟိုအပိုဒ်လေး လည်သွားပြန်ပြီ၊ အဲဒါလေး တည့်ပေးဦး"

"လည်ရပြန်ပြီ၊ ဘယ်အပိုဒ်လဲ"

“ဟိုဟာလေ၊ ယွင်းစေ့ဝသုန်၊ လစန်းသော်တာယုန်သို့၊ အဲ…အဲ… နောက်အပိုဒ်”

“နောက်အပိုဒ်က ကမ္ဘာကုန်ကျယ်သရွေ့ငယ်မှာ ဘယ်မေ့လိမ့်လဲတဲ့”

“အဲ…ဘယ်မေ့လိမ့်လဲတဲ့၊ ကမ္ဘာကုန်ကျယ်သရွေ့ ဘယ်မေ့လိမ့်လဲတဲ့၊ ကဲ… ဆိုပါ ကလေးမရယ်”

သူက ပတ္တလားကို အသံပြု၍ တီး၏။

စည်းလေးကို မြှောက်ချီရင်းက မသင်းနုသည် သူ့ကို မျက်စောင်းလှဲ့လှဲ့ ထိုးလိုက်မိလေသတည်း။

မေတ္တာရည်၍

တက္ကသိုလ်ဘုန်းနိုင်

✳✳✳✳✳

အဆုံးထိ ဖတ်ပေးခဲ့လို့

ကျေးဇူးတင်ပါတယ်

Whispers of Words